၁၉၅၆ ခုနှစ် စာပေဗိမာန် ဝတ္ထုရှည်ဆုရ

# ကိုယ်တွေ့စုံထောက်မှု

( လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု )

## ပုလိပ်အရာရှိတစ်ဦး

တတိယအကြိမ် ဖြည့်စွက်ထုတ်ဝေခြင်း



“ဤ ကိုယ်တွေ့စုံထောက်ဝတ္ထုကို ရေးသားရာတွင် ကိုယ်တွေ့ စုံထောက်ခဲ့သော မှုခင်း အမှန်ဖြစ်ကြောင်း ဝန်ခံလိုပါသည်။ ထို့ပြင် ပုလိပ်တို့ ဆောင်ရွက်ရသည့် တာဝန်[illegible]များနှင့် ထိုစဉ်က ပုလိပ်အရာရှိ အရာထမ်း အမှုထမ်းများ၏ သဘောသရုပ်ကို [illegible] ဟုတ်သလောက် တင်ပြလိုခြင်း ဖြစ်၏။ ရပ်နေလူထုက ပုလိပ်များအား [illegible] မြင်ခဲ့ကြရသည်၊ ပုလိပ်များက လူထုအား အဘယ်ကဲ့သို့ သဘောထားကြသည်ကို သိသာထင်ရှားစေလိုပါသည်။”

စာရေးသူ၏ အမှာ … မှ။

---

နောက်ဆက်တွဲ အဖြစ် (၁) ထန်းပင်ရှည်ရှာ လူသတ်မှု၊
(၂) ဆီးတောရွာ ဓားပြမှု၊
(၃) ဓားပြမှုလော … တို့ကို
ထည့်သွင်းထားပါသည်။

---

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုလိပ်အရာရှိတစ်ဦး (၁၉၀၂–၁၉၇၄)

မြင်းမူမြို့၌ အဖ ဦးညွန့်၊ အမိ ဒေါ်ခင်သွဲ့ (ဒေါ်ခင်သွယ်) တို့က ၂ ဖေဖော်ဝါရီ ၁၉၀၂ တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဘသော် ဖြစ်သည်။
အင်္ဂလိပ်–မြန်မာ ၁၀ တန်း အောင်မြင်သည်။ မုံရွာ အထက်တန်းကျောင်းသားဘဝတွင် ဝံသာနုလှုပ်ရှားမှု ပေါ်ပေါက်ခဲ့သောအခါ ဖခင်နှင့်အတူ နေရှင်နယ်ကျောင်းကို ထူထောင်ခဲ့သည်။ နေရှင်နယ် ကျောင်းဆရာဘဝတွင် ပုလိပ်များနှင့် ပဋိပက္ခ ဖြစ်ခဲ့ဖူးသည်။ ပုလိပ်ကို မုန်းတီးမိရာမှ "ပုလိပ်အဖွဲ့ကို မျိုးချစ်လူငယ်များက ပြုပြင်နိုင်ရမည်" ဟူသော ယုံကြည်ချက်ဖြင့် ပုလိပ်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ရဲအဖွဲ့တွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ပြီးနောက် ခရိုင်ရဲဝန် အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။
၁၉၄၆ တွင် မုံရွာမြို့ ပုလိပ်သမဂ္ဂ ဥက္ကဋ္ဌ၊ ရဲကြေးမုံ စာစောင် တည်ထောင်သူ၊ ဂျာနယ်မဂ္ဂဇင်းအသင်း ဥက္ကဋ္ဌ၊ သတင်းစာဆရာ အသင်းနှင့် စာနယ်ဇင်း ကောင်စီတို့တွင် အမှုဆောင်၊ မှုခင်းနှင့် *ပြစ်မှု* မဂ္ဂဇင်းများ တည်ထောင်သူ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ် မှုခင်းစာပေနယ် တစ်ရပ်ကို ဦးဆောင်ခဲ့သူ ဖြစ်၏။
၁၉၅၁ ခု အောက်တိုဘာလ ရှုမဝတွင် "နွားခိုးမှု" ဝတ္ထုတိုကို 'ပုလိပ်အရာရှိတစ်ဦး' ကလောင်အမည်ဖြင့် ရေး၍ စာပေလောကသို့ ဝင်ခဲ့သည်။ 'ရဲအရာရှိတစ်ဦး'နှင့် 'ခင်မောင်သွင်' ကလောင်ခွဲများဖြင့်လည်း ရေးသားခဲ့သည်။ **ကိုယ်တွေ့စုံထောက်မှု** (၁၉၅၆)၊ **ကျွန်ုပ် စစ်ဆေးခဲ့သော ရာဇဝတ်မှုများ** အမှတ် ၁၊ အမှတ် ၂ (၁၉၆၇) တို့ကို ထုတ်ဝေခဲ့သည်။ ကျွန်ုပ် စုံထောက်ခဲ့သော မှုခင်းများ၊ ညဥ့်သုံးယံ၊ သခွတ်တနယ်ရှာ လုယက်မှု၊ လူဆိုးဂိုဏ်း၊ ရှေးက မှုခင်း၊ ကြက်ပေါင်စေး ဥပဒေ၊ နွားသူခိုး၊ အိုးဘို တောင်ရှာ လုယက်မှု စသည့် လက်ရာများမှာလည်း ထင်ရှားသည်။ "ကိုယ်တွေ့စုံထောက်မှု" [လက်ပံတောင်ရှာ မားပြတိုက်ရာတွင် လူသေဆုံးမှု] ဖြင့် ၁၉၅၆ ခု စာပေဗိမာန် ဝတ္ထုရှည်ဆု ရရှိခဲ့သည်။
၂ ဩဂုတ် ၁၉၇၄ တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**၂၀၁၁–၂၀၁၂ ထုတ်
ရာပြည့်စာအုပ်များ**

၃၂၇။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းခွေး
၃၂၈။ တင်မောင်မြင့်၏ နွေကန္တာ [DEEP SUMMER by Gwen Bristow]
၃၂၉။ ဂုဏ်ဝင်း ၏ တွမ်ဆောယား၏ စွန့်စားခန်းများ
[The Adventures of Tom Sawyer by Mark Twain]
၃၃၀။ တင့်တယ် ၏ ကမ္မဖလ
၃၃၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်း မြန်မာရာဇဝင်သစ်[ပထမတွဲ]
၃၃၂။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ
၃၃၃။ မင်းကြီး မဟာသီရိဇေယသူ၏ ပိဋကတ်တော်သမိုင်း
၃၃၄။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၅။ ဗန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ
၃၃၆။ ဖျာပုံ လှမိုးနွယ်၏ ကေသာရစ်ခွေ ပန်ပါလေ
၃၃၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဉ္ဇရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ နွေဦးကာလ မြူထသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင်၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ နေရီရီ
၃၄၂။ မောင်သိန်း၏ သီ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာနော [(ပ) တွဲ နှင့် (ဒု) တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (–နှင့် အခြား) ၏ ကံ့ကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို ၏ မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်)
[တတိယတွဲ]
၃၄၆။ မောင်ခင်မင် (ဓနုဖြူ) ၏ မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ
၃၄၇။ တင်မောင်မြင့် (မြန်မာပြန်) ပြစ်မှုနှင့် ပြစ်ဒဏ်
[ Crime and Punishment by Fyodor Dostoevsky ]
၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း

**၂၀၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၃၅၀။ ဦးတင်ဦး(ကျူရှင်)၏ ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန်ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ [ဖြည့်စွက်ပုံနှိပ်ခြင်း]
၃၅၂။ မင်းရှင် ၏ လမ်းပေါ်မှာ
၃၅၃။ မောင်စည်သူ ၏ ယုံတော့မေရယ်
၃၅၄။ တင်မောင်မြင့် (မြန်မာပြန်) ၏ နီဂိုး၏ အစိပ္ပာယ်
၃၅၅။ ကင့်ဇော် (မြန်မာပြန်) ၏ ဝေဒနာ ပန်းရိုင်းများကို ပွင့်လန်းစေသူ



# ကိုယ်တွေ့စုံထောက်မှု

## [လက်ပံတောင်းရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု]

### ပုလိပ်အရာရှိတစ်ဦး

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ – ၃၇၅၉၅၂ (ဆိုင်)

ပုံနှိပ်ခြင်း

ပထမအကြိမ် – (ဇန်နဝါရီ ၁၉၅၆) ရွှေမဝစာအုပ်တိုက်

ဒုတိယအကြိမ် – (ဇူလိုင် ၁၉၆၆) သောကြာစာအုပ်တိုက်

တတိယအကြိမ် – (စက်တင်ဘာ ၂၀၁၂) ရာပြည့်စာအုပ်တိုက်

(စက်တင်ဘာ ၂၀၁၂)၊

အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

မျက်နှာဖုံး ပန်းချီ

ဟင်မောင်မျှင် နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး

**၂၀၀၀ ကျပ်**

၈၉၅.၈၃

ပုလိပ်အရာရှိတစ်ဦး

ကိုယ်တွေ့စုံထောက်မှု/ ပုလိပ်အရာရှိတစ်ဦး။

– ရန်ကုန်၊ ရာပြည့်စာပေ၊ (၃) ကြိမ်၊ စက်တင်ဘာ ၂၀၁၂။

စာ – ၃၀၄၊ ၁၂ x ၁၈ စင်တီ။

(၁) ကိုယ်တွေ့စုံထောက်မှု

(၂) လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု

# မာတိကာ


– စာရေးသူ၏ အမှာ ၉

– ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက်
စာရေးဆရာ၏ နိဒါန်း ၁၄


၁။ **ကိုယ်တွေ့စုံထောက်မှု**
[လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု] ၁၆

– **နောက်ဆက်တွဲ**

[က] ထန်းပင်ရှည်ရွာ လူသတ်မှု ၁၈၀

[ခ] ဆီးတောရွာ ဓားပြမှု ၂၁၂

[ဂ] ဓားပြမှုလော ၂၄၃



"ရဲအဖွဲ့အပေါ် ပြည်သူလူထုက အမြင်မှန် ရစေလိုစိတ်နှင့် ဝတ္ထုများ စ၍ ရေးရာမှ ကာလပေါ် ဝတ္ထုရှည်ဆုကို ကိုယ်တွေ့စုံထောက်မှုနှင့် ဆွတ်ခူးခဲ့ပါသည်" ဟု (၈) ကြိမ်မြောက် စာပေဗိမာန် ဆုနှင်းသဘင်တွင် ပြန်ကြားနေသော ပုလိပ်အရာရှိတစ်ဦး။

## စာရေးသူ၏ အမှာ

ဤ ကိုယ်တွေ့စုံထောက်ဝတ္ထုကို ရေးသားရာတွင် ကိုယ်တွေ့ စုံထောက်ခဲ့သော မှုခင်း အမှန်ဖြစ်ကြောင်း ဝန်ခံလိုပါသည်။ ထို့ပြင် ပုလိပ်တို့ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားနှင့် ထိုစဉ်က ပုလိပ်အရာရှိ အရာထမ်း အမှုထမ်းများ၏ သဘောသရုပ်ကို မညှာမထောက် ဟုတ်သလောက် တင်ပြလိုခြင်း ဖြစ်၏။ ရပ်နေလူထုက ပုလိပ်များအား မည်ကဲ့သို့ မြင်ခဲ့ကြရသည်၊ ပုလိပ်များက လူထုအား အဘယ်ကဲ့သို့ သဘောထားကြသည်ကို သိသာထင်ရှားစေလိုပါသည်။

ဤသို့ တင်ပြရာတွင် စာရေးသူ၏ အာသီသကိုလည်း အနည်းငယ် ဖော်ပြရန် လိုမည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခု တင်ပြအံ့သော အမှုသွား အမှုလာနှင့် လည်းကောင်း၊ ထိုအမှုနှင့် ဆက်စပ်၍ ဖော်ပြအပ်သော လူတန်းစား အမျိုးမျိုးအား လည်းကောင်း၊ ပုလိပ်အဖွဲ့၏ တစ်စိတ်တစ်ဒေသ ဖြစ်သော မှုခင်းစစ်ဆေးသူနှင့် အခြားအခြားသော ဝတ္တရား ဆောင်ရွက်ရသည့် မှုထမ်းတို့သည် လည်းကောင်း၊ မြို့နယ်အုပ်ချုပ်သူ နယ်အရာရှိ အရာထမ်းတို့သည် လည်းကောင်း ကျွန်ုပ် မြင်ကွင်း မြင်ကွက်သည် ကျွန်ုပ်၏ဘာဝနှင့် ယှဉ်တွဲကြည့်ပါလျှင် ဖြစ်နိုင် မဖြစ်နိုင်ကို ချင့်တွက်ကြည့်ရှုရန် ဖြစ်ပါသည်။

ရာပြည့်စာအုပ်တိုက်

ကျွန်ုပ်သည် မိရိုးဖလာအားဖြင့် ပုလိပ်မျိုး ပုလိပ်နွယ် မဟုတ်ပါ။ ကုန်သည်နှင့် ရှေးကျသော တောင်သူကြီး မျိုးရိုးမှ ဆင်းသက်လျက် လခစား မိဘ၊ ခေတ်မီ ပညာတတ်လူတန်းစားမှ ပေါက်ဖွားခဲ့သူ တစ်ဦး ဖြစ်၏။ ခေတ်ပညာကို ဆည်းပူးခဲ့၏။ လောကဓံတရားကို မလွန်ဆန်နိုင်ရကား ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကိစ္စတွင် ပါဝင်ကူညီခဲ့သည်သာမက နေရှင်နယ် ကျောင်းများ မှိုလိုပေါက်သောအခါတွင် အခမဲ့လုပ်မည့် ကျောင်းဆရာ လိုနေရာ အခမဲ့ ကျောင်းဆရာအဖြစ် အမှုထမ်းရ၏။

မိဘဖြစ်ကြသူများမှာ ကုံလုံကြွယ်ဝသူများ ဖြစ်၍ မတောင့်မတ မကြောင့်မကြနှင့် နေနိုင်စွမ်းသော်လည်း နိုင်ငံရေး လှုပ်ရှားမှုများ တစ်နေ့တခြား လျော့ပါးပျော့ခွေသွားခြင်း၊ နိုင်ငံရေး ခေါင်းဆောင်များ အလုပ်တစ်မျိုး အပြောတစ်မျိုး လုပ်ခြင်းတို့ကို မနှစ်မြို့ရာ နိုင်ငံရေးနယ်ပယ်မှ ထွက်ခဲ့၏။

ဝံသာနု ဒဏ်ချက်ကြောင့် မြန်မာပြည်ရှိ အင်္ဂလိပ်ကုမ္ပဏီများ အလွန် ထိခိုက်နေချေပြီ။ အင်္ဂလိပ်ကုမ္ပဏီ လက်အောက်တွင် လခကြီးများများပေး၍ (တစ်လလျှင် ၈၀၀ ကျပ် ရသည်) ခန့်ထားအပ်သော ကျွန်ုပ်၏ဖခင်အား အင်္ဂလိပ် ကုမ္ပဏီများ အလိုမရှိတော့ပေ။ သို့နှင့် ကျွန်ုပ်၏ဖခင်သည် ထိုအလုပ်မှ အနားယူလိုက ခွင့်ပြုမည်ဟု အလိမ္မာကွန့်၍ အလုပ်မှ အနားယူစေ၏။

ကျွန်ုပ်တို့သည် ငွေအင်အား ရှိနေပြီဖြစ်၍ မိမိ မကျွမ်းကျင်မှုကို ပဓာနမပြုဘဲ ဝံသာနုစိတ် ပြင်းထန်စွာ ရှိနေချိန် ဖြစ်၍ သစ်ရိုင်း ထုတ်လုပ်ရန် ကုမ္ပဏီတစ်ခု တည်ထောင်ရန် ကြိုးစား၏။ သို့သော် အမြင်မကျယ်လှသေးသောခေတ်၌ ဘာမျှ လုပ်၍မဖြစ်။

မိမိ ငွေရင်းတစ်ခုသာ မြှုပ်နှံ၍ လုပ်ကိုင်ပါသော်လည်း ရည်ရွယ်ချက်မှာ အင်္ဂလိပ် ကုမ္ပဏီကြီးများအား တိုက်ခိုက်ရန်ဖြစ်၍ ငွေအား





လူအား၊ အာဏာအားနှင့် ပြည့်စုံသော အင်္ဂလိပ်တို့သည် ကျွန်ုပ်၏ဖခင်နှင့် ကျွန်ုပ်အား အပြုတ်တိုက်လိုက်ခြင်းဖြင့် အနိုင်ယူကြ၏။

ကျွန်ုပ်၏ဖခင်မှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်၍ အရှုံးနှင့်ပိုင်းလျက် လောကီအလုပ် ဟူသရွေ့မှ အနားယူလိုက်၏။

မကျွမ်းကျင်သော ကုန်သည်အလုပ်တွင် ကျွန်ုပ်၏ဖခင် အနားယူသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်လည်း ကုန်သည်အလုပ်ကို စွန့်ပစ်လိုက်၏။ အင်္ဂလိပ်စာကို ကျွန်ခံရန် သင်ခဲ့ရသည်။ ကျွန်မခံရလျှင် ကျွန်ုပ်၏ပညာကို အသုံးမပြုရသဖြင့် ဒေါင်းဒင်္ဂါး ဖြစ်ရချေတော့မည်။ သို့သော် ထိုခေတ်တွင် အလုပ်အလွန်ရှားသောခေတ် ဖြစ်ရကား အလုပ်လက်မဲ့ဘဝနှင့် အတော်ကြာ ရန်ကုန်၊ မန္တလေးတို့တွင် အချိန်ကုန်ခံလျက် လောကီဗဟုသုတ ရှာမှီးရ၏။

ကျွန်ုပ်၏ မိတ်ဆွေများက ကျွန်ုပ်အား ပုလိပ်လုပ်ရန် တိုက်တွန်းကြ၏။ ဝံသာနုခေတ်တွင် ပုလိပ်တို့အား အာပေါင်အာရင်း သန်သန်နှင့် တွင်တွင်ကြီး ဆူခဲ့သူဖြစ်၍ တစ်ကြောင်း၊ ယောကျ်ားဖျင်း ပုလိပ်ဆိုသော စကားလုံးများကြောင့် ပုလိပ်လုပ်ရန် အလွန် ဝန်လေးမိ၏။ သို့သော် အကြောင်းအားလျော်စွာ မြန်မာပြည် ပုလိပ် လက်သုံးကျမ်းစာအုပ် တစ်ခုကို ဖတ်ရှုရ၏။

ပြဋ္ဌာန်းထားရှိသော ဥပဒေသည် မဆိုး၊ လက်ရှိ လုပ်ကိုင်နေသူတို့သာ ဆိုးနေဟန်ရှိသည်ဟု ထင်မိ၏။ ထိုနောက် ပုလိပ်အဖွဲ့သို့ဝင်ရန် ဝါဒဖြန့် ရုပ်ရှင်ကား ဟောပြောပွဲများမှ မိကောင်းဖခင် သားသမီးများသာ အလိုရှိသည်ဟု ထပ်မံ သိရှိပြန်ရာ ကျေနပ်နှစ်သိမ့်သယောင်ယောင် ဖြစ်မိပြန်၏။ ပုလိပ်ဘက်၌သာ လစ်လပ်သောနေရာများများ ရှိသဖြင့် ပုလိပ်ဌာနသို့ ဝင်ရန် လွယ်ကူ၏။

သို့နှင့် ကျွန်ုပ်သည် ပုလိပ်အဖွဲ့ထဲသို့ဝင်ရန် ဆုံးဖြတ်ချက်ချကာ ဝင်ရောက်ခဲ့၏။

ဩဇာအာဏာ တန်ခိုးသည် လူကို ဖျက်ဆီး၏။ ထိုစကားသည် မှန်၏။

ကျွန်ုပ်ကဲ့သို့သော လူတစ်စု တချို့က ဆပ်ကျောင်းခေါ် ရဲ အတတ်သင်ကျောင်းတွင် တွေ့ခဲ့ရသည့် ပုလိပ်အဖွဲ့ကို ပြုပြင်လိုကြပေသည်။ ထိုသူများ အဘယ်မျှ အောင်မြင်သည်ကို ကျွန်ုပ် မသိပါ။ သို့သော် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချထားသော ပုလိပ်အဖွဲ့ ပြုပြင်မှုတို့သည် နယ်သို့ဆင်းလျှင် ရှေးပုလိပ်ကြီးများထံမှတစ်ဖန် ပညာရည်နို့ သောက်စို့ ချိန်ဝယ် တန်ခိုးအာဏာတို့၏ မာန်ဟုန်တို့ကို ရိုက်သွင်းကြခြင်းကို ခံကြရလျက် အမျိုးကို ချစ်သောစိတ်၊ ဘာသာ သာသနာကို ချစ်သော စိတ် အရင်းခံရှိသော ကျွန်ုပ်၌ပင် ဂယက်ရိုက်ခြင်း ခံရ၏။ လူဇာတိ စိတ် ပျောက်လျက် တစ်ပါးကျွန် ပုလိပ်စိတ် ရောက်မည်ပင် စိုးအံ့ လာ၏။

သို့သော် မိရိုးဖလာကပင် ဇာတိအားဖြင့် ပုလိပ် မဟုတ်သဖြင့် ဇာတိမျိုးရိုး မတိမ်ကော ဆိုဘိအလား ဗီဇစိတ်ဓာတ်သည် ကျွန်ုပ်အား ကြံ့ကြံ့ခိုင်စေခဲ့၏။ ကြံ့ကြံ့ခိုင်သည် ဆိုရမှုလည်း အကျင့်စာရိတ္တ ပျက်ပြားမှုကား ပျက်သင့်သလောက် ပျက်ပြားခဲ့ပါသေးသည်ဟု ဝန်ခံ ရပေမည်သာတည်း။

အထက်ပါ အကြောင်းများကို အရင်းခံထားလျက် အင်္ဂလိပ် ခေတ်တွင် နှမ်းတစ်လုံးကြောင့် ဆီမဖြစ်ခဲ့သော်လည်း၊ ကျွန်ုပ်နှင့် လုပ်ဖော် ကိုင်ဖက်တို့အား သွန်သင်ဆုံးမခဲ့သော အကြောင်းအရာများမှာ ရာဇဝင် တွင် ထင်ရှားမရှိခဲ့သော်လည်း အနည်းအများအားဖြင့် အကျိုးသက် ရောက်ခဲ့ပါသည်။

ကျွန်ုပ်၏ ရာထူးအဆင့်အတန်းအလျောက် ကျွန်ုပ်နှင့် ဆက်ဆံ ရသူများအား "ပုလိပ်" သည် ပြောသလောက် မဆိုးပါဟု သိမြင်စေနိုင် ခဲ့သော်လည်း ယေဘုယျအားဖြင့် ပုလိပ်သည် ဆိုးလျက်ပင် ရှိသော





ကြောင့် မလွတ်လပ်သေးသော ခေတ်တွင် ပြုပြင်ရန် တစ်ယောက်ထီး တည်း ဖြစ်သော်လည်း၊ ယခုအချိန်မှာ လူထုအစိုးရ ဖြစ်လာပြီဖြစ်၍ ထိုလူထု အစိုးရကပါ ဝိုင်းဝန်းကူညီ ပြုပြင်လျက်ရှိနေပြီ ဖြစ်ရကား ကျွန်ုပ်၏ သက်တမ်း၌ပင် လူထု ယုံကြည်ကိုးစားရသော ပုလိပ်အဖွဲ့ (ဝါ) ရဲအဖွဲ့ကြီး ပေါ်လာမည်ကို ရှေးရှု၍ ဤစာအုပ်ငယ်ကို စေတနာ သန့်သန့်နှင့် တင်ပြရခြင်း ဖြစ်ပါကြောင်း။

## ပုလိပ်အရာရှိတစ်ဦး

## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက်
## စာရေးဆရာ၏ နိဒါန်း

စာပေဗိမာန်မှ ဆုရခဲ့သော "ကိုယ်တွေ့စုံထောက်မှု" [လက်ပံတောင်းရှာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု] ဝတ္ထုစာအုပ်ကို ပြန်လည်ပုံနှိပ် ထုတ်ဝေပါရစေဟု သောကြာစာစောင် အယ်ဒီတာ ဦးမောင်ကလေးက ဆိုလာ၏။

ဤစာအုပ်မှာ ကိုယ်တွေ့စုံထောက်မှု ဝတ္ထုဇာတ်လမ်းငယ်များဖြင့် တန်ဆာဆင်၍ ရှုမဝတွင် တင်ပြလာခဲ့ရာမှ လုံးချင်းဝတ္ထုစာအုပ် တစ်အုပ် ဖြစ်မြောက်ရန် ကြိုးပမ်းပါဟု ရှုမဝ ပိုင်ရှင် ဦးကျော်က တိုက်တွန်းခဲ့၏။

ထိုသို့ဖြင့် ကျွန်ုပ် စစ်ဆေးခဲ့သော အကောင်းဆုံး မှုခင်းရပ်များထဲမှ စုံထောက်ဉာဏ် အများကြီးသုံး၍ ဖော်ထုတ်ခဲ့ရသော လက်ပံတောင်းရှာ ဓားပြမှုကို ရေးသားခဲ့သည်။

ဤအမှုသည် ကျွန်ုပ်အား ဌာနာပိုင် ယခုအခေါ် စခန်းမှူးအဖြစ် စတင် ခန့်အပ်ခြင်းခံရပြီး ပထမဦးဆုံး အမှုကြီး တစ်ခုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရသော အမှုကြီးတစ်ခု ဖြစ်သည်။

ထိုအမှုကို ခဲရာခဲဆစ် ဖော်ထုတ်နိုင်ခြင်းကြောင့် ခရိုင် ရာဇဝတ်ဝန် (ယခုအခေါ် ပြည်သူ့ရဲ ခရိုင်ကြီးကြပ်ရေးမှူး) က ဆု ငွေဖလားကြီး တစ်လုံး ချီးမြှင့် မြှောက်စားသည်ကို ခံခဲ့ရသည်။





ထိုနောက် ဝတ္ထုအဖြစ် ကျွန်ုပ် တိုင်းပြည်အား တင်ပြခဲ့ရာ စာပေရေးရာတွင် တိုင်းပြည်ကို ကိုယ်စားပြုသည့် စာပေဗိမာန်မှ တစ်ဖန်စိစစ် ရွေးချယ်၍ ဆုငွေ ၁၀၀၀ ကျပ်တိတိ အကောင်းဆုံး စုံထောက်ဝတ္ထုအဖြစ် ရွေးချယ် ဆုချီးမြှင့်ခြင်း ခံရပြန်၏။

ဤဝတ္ထုငယ်ကို ဖတ်ရှုလေ့လာသူတို့သည် ထိုစဉ်က ပုလိပ်အဖွဲ့၊ တောသူ တောင်သားတို့၏ အလေ့အထ အယူအဆများအပြင် အမှုတစ်ခုစစ်ဆေးသူတို့၌ ပင်ပန်းသည်၊ နေပူသည်၊ မိုးချုပ်သည် အစရှိသော ပျင်းတွဲတွဲ မဆောင်ရွက်ကြဘဲ စိတ်ရောကိုယ်ပါ လူထုလုံခြုံရေး အများဆုံး ပေးနိုင်ရန် ကြိုးပမ်းကြပုံများကို ဖော်ပြ လေ့လာနိုင်ကြပေမည်။

အမှုစုံထောက်သူတို့ တွေးခေါ်မှန်းဆမှုများ မှန်ကန်စွာ ပြုလုပ်နိုင်ပါက မည်မျှပင် သက်သေမရနိုင်အောင် ညဥ့်အချိန်တွင် ဓားပြတို့ ကြိုးပမ်းကြသည် ဆိုစေ အမှုစစ်များက ဖော်ထုတ်နိုင်စွမ်းရှိပုံများကို ဖော်ပြထားပေသည်။

ရာဇဝတ်မှု တိုက်ဖျက်ရေးတွင် အထောက်အကူပြုစေရန် ရေးသားမှုဖြစ်သဖြင့် ဤဝတ္ထု စာစောင်သည် ရာဇဝတ်မှု တိုက်ဖျက်ရာတွင် တစ်တပ်တစ်အား ပါဝင်စေလို၍ ဦးမောင်ကလေး၏ တောင်းပန်ချက်အား လက်ခံ၍ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ် ဖြန့်ချိရန် သဘောတူခဲ့ရပါသည်။

**ဘသော်**

ပုလိပ်အရာရှိတစ်ဦး စာရေးဆရာ

# ကိုယ်တွေ့စုံထောက်မှု

## [လက်ပံတောင်းရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု]

ကျွန်ုပ်သည် ဆပ်ကျောင်းခေါ် ရာဇဝတ်အုပ် အတတ်သင်ကျောင်းတွင် တစ်နှစ်တာမျှ သင်တန်းတက်ပြီးနောက် ကျောင်းမှ ထွက်လာပြီးလျှင် နယ်တွင် တစ်နှစ်မျှ တိုက်ပိုင်၊ အင်စပိတ်တော်၊ ဌာနာအုပ်၊ ဌာနာစာရေး၊ ရုံးအမှုလိုက်၊ လူဆိုးစစ် စသည့် ပုလိပ်အလုပ်တို့ကို လက်တွေ့ ကိုယ်တွေ့ အားဖြင့် လည်းကောင်း၊ အခြား ဝါရင့်ပြီးသူတို့ လုပ်နည်းကိုင်နည်း၊ ပြောနည်း ဆိုနည်း၊ အမှုစစ်ဆေးနည်းတို့ကို သင်အံလေ့ကျက်ရပါသည်။ ထိုစဉ်က ငါသည် ဌာနာအုပ် ဖြစ်လျှင် ဘာလုပ်မည်၊ ဘာကိုင်မည် စသဖြင့် စဉ်းစားခဲ့ဖူး၏။ ဌာနာအုပ် မလုပ်ရသေးလျှင်လည်း အင်စပိတ်တော်ရာထူး တိုးမြှင့်စေရန် မဖြစ်နိုင်ပေ။ သို့နှင့် ထိုစဉ်အခါက ရည်မှန်းချက်မှာ ဌာနာအုပ် လုပ်ရန်ပင် ဖြစ်၏။ ကံမကောင်းအကြောင်းမလှသော ကျွန်ုပ်အဖို့မှာကား စုံထောက်ဌာနဟု ဆိုအပ်သော နိုင်ငံရေးကိစ္စနှင့် ပတ်သက်သည့် သတင်းယူရေးတို့ကို ဆောင်ရွက်ရသော အလုပ်ကို အမြဲတမ်း ရသည့် နေ့မှစ၍ လုပ်ကိုင်နေရ၏။ စုံထောက် ရာဇဝတ်အုပ်အဖြစ် ၃ နှစ်၊ ၄ နှစ် ကြာမျှ လုပ်ခဲ့သော်လည်း





အမှုစစ်ဆေးခြင်းကို လက်တွေ့အားဖြင့် တစ်ခါမျှ စုံထောက်ခြင်း မပြုခဲ့ရသေး။ ဌာနာအုပ်အဖြစ် ခန့်အပ်ခြင်းကို ပထမ ခံရ၏။ ထိုစဉ်ကလည်း ဌာနာတွင် အခက်အခဲ တော်တော်များများပင် တွေ့ခဲ့ရ၏။ ဌာနာအုပ်အလုပ်၌ အတော်လုပ်သားကျမည့် အချိန်တွင် နိုင်ငံရေးကိစ္စအဝဝ ရှုပ်ထွေးလာသဖြင့် စုံထောက်ဘက်တွင်ပင် နိုင်ငံရေးသမားများ ခြေရှုပ်မှုတို့ကို စုံထောက်ရန် အမှုထမ်းရပြန်၏။

ယခုအမှုမှာ ဌာနာအုပ်လုပ်ရန် ဘုတလင် ဌာနာသို့ ဒုတိယအကြိမ် ဌာနာအုပ် အလုပ်ရချိန်တွင် ဌာနာကိုယူပြီးနောက် များမကြာမီတွင် တွေ့ရသောအမှု ဖြစ်ပါသည်။ အထက်ပါ အကြောင်းတို့ကို ဆင်ခြင်မည် ဆိုလျှင် ကျွန်ုပ်မှာ ထိုစဉ်ကာလက ပုလိပ်တို့တွင် ပြည့်စုံလိုအပ်သော အမှုစစ်ဆေးခြင်းများ၌ များစွာ ဝါရင့်သူ မဟုတ်သည်ကို တွေ့ရပေမည်။ သို့ရာတွင် ဆပ်ကျောင်း၌ ဥပဒေသင်ရခြင်း၊ နယ်တွင် ကိုယ်တွေ့အလုပ်သင်ခဲ့ရခြင်း၊ ဇွဲသတ္တိရှိခြင်းတို့သည် အခြေခံအုတ်မြစ်တို့ဖြစ်၍ ဤအမှုတွင် အခက်အခဲများစွာတို့ကို ကျော်လွှားနိုင်ခဲ့ပေသည်ကို ထင်ရှားစွာ တွေ့ရှိခဲ့ရလေသည်။

**အမှုတိုင်ခြင်း**

၁၉၃၆ ခုနှစ် ဆောင်းဦးပေါက် ညတစ်ည၊ ညဉ့်သန်းခေါင်ကျော်ကျော် အချိန်လောက်တွင် ဌာနာသို့ အမှုတိုင်လာကြောင်းနှင့် ဌာနာစာရေးက ကျွန်ုပ်အား လာရောက် နှိုးသဖြင့် အိပ်မှုန်စုံမွှားနှင့် ထပြီး–

'ဟေ့ ဘာလဲကွ'

စာရေး။ ။ 'ဆရာ၊ လက်ပံတောင်းရွာ ဓားပြတိုက်သွားလို့တဲ့ ဆရာ'

ကျွန်ုပ်။ ။ 'ဟေ ဟုတ်လား၊ တရားလို ပါသလား'

စာရေး။ ။ 'မပါဘူး ဆရာ၊ ခြေမြန်ရောက်လာတယ်'

ကျွန်ုပ်မှာ အိပ်၍ အလွန်ကောင်းသောအချိန်တွင် ထ ရမည်ကို စိတ်ဆိုးသလိုလို၊ စိတ်တိုသလိုလို ကိုယ့်အဖြစ်ကို ကိုယ်ဒေါပွကာ အိပ်ရာက လူးလိမ့်ပြီး မထချင် ထချင်နှင့် ထ ခဲ့ရပေတော့သည်။

ပုလိပ်တို့မှာ ဥပဒေအရ ၂၄ နာရီ အလုပ်ရှိသည်။ အလုပ်ဝတ္တရား ရှိပါက အိပ်ချိန် ဟူ၍ပင် မထားရဘဲ အလုပ်လုပ်ရမည်။ လခ ပေးထားသော "လူထု"၏ အကျိုးကို ဆောင်ရွက်ရမည်။ နေ့သော ညသော အချိန်မရွေးရ။ ဤမျှ မွန်မြတ်သော ဥပဒေကို ထမ်းရွက်ရသော လူတစ်စုကို အဘယ့်အတွက် တိုင်းပြည်က မုန်းရပါသနည်း။ အဖြေမှာ ဤဝတ္ထုတွင်ပင် တွေ့ရပါလိမ့်မည်။ ကျွန်ုပ်သည် ပုလိပ်အရာရှိ တစ်ဦးဖြစ်၍ ပုလိပ် အကောင်းချည်းသာ ရေးမည် မဟုတ်ဘဲ မှန်ရာကို ရေးမည် ဖြစ်ပေသည်။ ထိုထိုအချက်တို့သည် ပုလိပ်ကိုမုန်းရန် ဖန်တီးလျက်ရှိသည်၊ ထိုထိုအချက်တို့သည် ပုလိပ်တို့၏ မွန်မြတ်သောအလုပ် ဖြစ်သည်ကို ပိုင်းခြား ဝေဖန်ကြစေလိုပါသည်။

ကျွန်ုပ်သည် အိပ်ရာမှ ထ ပြီးနောက် ဌာနာ အောက်ထပ်သို့ ဌာနာစာရေးနှင့်အတူ လိုက်ပါသွားရလေသည်။

အမှုကြီးဆိုလျှင် အလွန် အရေးကြီးသည်။ အရေးပိုင်၊ ရာဇဝတ်ဝန်၊ ရာဇဝတ်ဝန်ထောက်၊ နယ်ပိုင်ဝန်ထောက်၊ မြို့အုပ်၊ တိုက်ပိုင်၊ အစရှိသော အထက်အရာရှိများကို ချက်ချင်း အမှုတိုင်စာနှင့်တကွ အခင်းဖြစ်ရာ အရပ်သို့ လှည်း၊ မော်တော်ကား၊ စက်ဘီး၊ ခြေကျင် ဘယ်နည်းနှင့် သွားနိုင်သည်ကိုပင် ညွှန်ပြသော အစီရင်ခံစာကို ခြေမြန်ချောနှင့်ပင် ပေးပို့ရသည်။

ဌာနာအုပ် လုပ်သူမှာကား အမှုတိုင်ပြီးနောက် ချက်ချင်းပင် နေ့ နေ့၊ ည ည ရရာယာဉ်ဖြင့် သော်လည်းကောင်း၊ အခင်း ဖြစ်ပွားရာ အရပ်သို့ အမှုကို စစ်ဆေးရန် သော်လည်းကောင်း၊ တရားခံများ ရှိသေး





ပါကလည်း လူထုနှင့် ပူးပေါင်းကာ ကာကွယ်ခုခံ တိုက်ခိုက် ဖမ်းဆီးရန် လိုက်ပါသွားရပေမည်။

ထိုကဲ့သို့ ချက်ချင်း အရေးမယူလျှင်ပင် အပြစ်ဖြစ်သည်။ ဌာနဆိုင်ရာက အရေးယူခြင်းကို ခံရပေမည်။

လက်ပံတောင်ရွာမှ ရွာသား ၄ ယောက်တို့သည် ဓား၊ တုတ်၊ မီးအိမ်တို့ဖြင့် ဌာနာရှေ့တွင် ထိုင်နေကြသည်ကို တွေ့ရသည်။ သူတို့အချင်းချင်းလည်း ဘာတွေ ပြောနေကြသည်ဟု သတိမပြုမိသော်လည်း ဆူဆူညံညံနှင့် စကားများနေခြင်းဖြင့် အချမ်းဘေးမှ သက်သာစေရန် ပြောဆိုနေကြဟန် တူပေသည်။

ကျွန်ုပ်။ ။ 'ကဲ ကဲ ဌာနာအောက် လာကြစမ်း၊ အမှုတိုင်မယ့်လူက ဒီနားတိုး၊ အမှုမတိုင်မယ့် လူက စကားမပြောနဲ့၊ ဟိုထောင့်နားမှာ ထိုင်နေ'

ရွာသား ၄ ယောက်တို့သည် ဌာနာအောက်သို့ အစုလိုက် အပြုံလိုက် ဝင်၍ထိုင်ကြလေသည်။ ကျွန်ုပ် ပေးသော အမိန့်ကို မလိုက်နာကြပေ။

ကျွန်ုပ်တို့ ပုလိပ်တွင် စည်းကမ်းသေဝပ်မှုမှာ အလွန် အရေးကြီးသည်။ အမိန့်ပေးလျှင် လိုက်နာရမည်။

ရွာသားများသည် ကျွန်ုပ် ပေးသော အမိန့်ကို မလိုက်နာဘဲ စုထိုင်နေသည်ကို မြင်ရသော ဌာနာစာရေးက –

'ဟေ့ ပြောတာ မကြားဘူးလား။ အမှုတိုင်မယ့်လူက ဌာနာပိုင်ကြီး အနားတိုးထိုင်၊ မတိုင်မယ့် လူက ဟိုထောင့်မှာ သွားထိုင်' ဟု ခပ်ငေါက်ငေါက်ပင် ပြောလိုက်သည်။

ရွာသား လေးယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ မည်သူ တိုင်မည်နည်း၊ မည်သူမျှ တာဝန်ခံ၍ မတိုင်ချင်ကြပါ။ ယခုလာရသည်ပင် သူကြီးက စေလွှတ်သဖြင့် မလွှဲသာ၍သာ

လာခဲ့ရသည်။ ပုလိပ်ဌာနာ ဆိုသည်မှာ မသွားအပ်သည့် အရပ်လေးပါး မဟုတ်ပါလား။ ကိုယ်နှင့် တိုက်ရိုက်ဆိုင်သော အမှုလည်း မဟုတ်သဖြင့် သာ၍ပင် တာဝန်ယူကာ ပုလိပ်နှင့် အဆက်မလုပ်ချင်ကြပေ။

သူတို့အချင်းချင်း ဟိုလူ တိုင်ပါ၊ သည်လူ တိုင်ပါနှင့် စကားများနေကြရာ ဌာနာစာရေးမှာ အလွန်အိပ်ကောင်းသော သန်းခေါင်ယံအခါတွင် လာရောက်၍ အနှောင့်အယှက် ပေးသည်ဟု အထင်ရောက်သွားကာ သည်းမခံနိုင်တော့ဘဲ 'ဟေ့ကောင်တွေ တော်တော်ဆူကြကွ၊ မင်းတို့ရှာ မှတ်နေသလား၊ ခွေးမသားတွေ။ ဟိုမှာ နင့်အမေ့လင် ဌာနာပိုင် ထိုင်နေတယ်။ မဆူနဲ့' ဟု ကျွန်ုပ်ရှေ့တွင် ပစ်၍ချည်း ကြိမ်းမောင်းနေလေသည်။

ကျွန်ုပ်မှာလည်း အိပ်ရာမှ ထ လာရသဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေ၍ အလိုလို စိတ်တိုနေရာ ဌာနာစာရေးက ဤလို ကြိမ်းမောင်းလိုက်သည်ကိုပင် သဘောကျသလိုလို ဖြစ်မိ၏။ ဤအခြေအနေအထိ သူတို့အထဲမှ တာဝန်ယူ တိုင်မည့်သူကို သူတို့အချင်းချင်း ရွေးချယ်၍ မရသေးပေ။ စကားသာ များနေသဖြင့် –

'ဟေ့ဆရာတို့ တော် တော်။ မင်းတို့ နာမည်တွေ ပြောကြစမ်း'

ရွာသားတစ်ယောက်။ ။ 'မောင်တုတ်ပေါ၊ မောင်ချစ်ခိုင်၊ ငလှ၊ ဘသွင်'

ကျွန်ုပ်လည်း ၎င်းတို့၏ နာမည်များကို မှတ်ယူလျက် မည်သူသည် စကားပြောတတ်ဆိုတတ်၊ အမှုတိုင်တတ် ရှိလိမ့်မည်ကို သူတို့အား တစ်ဦးချင်း အကဲခတ်ရတော့၏။

'မောင်တုတ်ပေါ ထစမ်း'

မောင်တုတ်ပေါ ဆိုသူက မတ်တတ်ရပ်ပြသည်။

ထို့အတူပင် မောင်ချစ်ခိုင်၊ ငလှနှင့် ဘသွင်တို့လည်း ထ၍ပြကြရသည်။





ထို ၄ ယောက်ထဲမှ မောင်တုတ်ပေါသည် အသက်လည်းများစွာ မကြီးလှသေး။ ငယ်လည်း မငယ်လွန်းလှသဖြင့် ၎င်းအား ကျွန်ုပ်ကပင် ရွေး၍ အမှုတိုင်ရန် ခိုင်းရလေတော့သည်။ သည်တော့မှပင် ၎င်းတို့ အချင်းများခြင်းကိစ္စ ပြီးဆုံးသွားလေတော့သည်။

ကျွန်ုပ်။ ။ 'ကဲ ပြောစမ်း၊ ဘယ်လိုဖြစ်တာလဲ'

တုတ်ပေါ။ ။ 'ဘယ်က စပြောရမှာလဲ ဆရာ'

ကျွန်ုပ်။ ။ 'မင်း စ သိတဲ့ အချိန်ကပေါ့ကွာ'

တုတ်ပေါ။ ။ 'ကျွန်တော် ဘယ်က စသိတယ်ဆိုတာ သတိမထားမိဘူး'

ကျွန်ုပ်။ ။ 'ဩော် ... တော်တော်ခက်တဲ့ အကောင်ပဲ။ ကဲ ကဲ ငါက မေးမယ်။ မင်းက ငါမေးတာကို ဖြေ'

တုတ်ပေါ။ ။ 'ဟုတ်ကဲ့ ဆရာ'

ကျွန်ုပ်။ ။ 'မင်း နာမည်'

တုတ်ပေါ။ ။ 'ခုနင်က ပြောပြီးပါကလား ဆရာရယ်'

ကျွန်ုပ်မှာ ထုံးစံအတိုင်း မေးမိရာ နာမည်ကို ၂ ခါ မပြောလိုသူနှင့် တွေ့ရသဖြင့် တော်တော်ပင် စိတ်တိုသွားမိပေသည်။ သို့သော် တောသား ဆိုသည်မှာ အတော်ပင် အပြောအဆို မရေလည်သည်ကို သိရှိထားသောကြောင့် သည်းခံလိုက်ရလေသည်။

ကျွန်ုပ်။ ။ 'အင်း တုတ်ပေါ၊ အသက်'

တုတ်ပေါ။ ။ '၄၀ ကျော်ကျော်လောက် ရှိပြီ'

ကျွန်ုပ်။ ။ 'ဟေ့ ဆရာ၊ ဘယ်လောက်ကျော်သလဲ'

တုတ်ပေါ။ ။ 'သေသေချာချာ ဇာတာ အတိုင်းတော့ မဟုတ်ဘူးပေါ့ ဆရာ။ ၄၃ နှစ်လောက် ထားလိုက်ပါ'

အတော် လူရည်လည်မည်ဟု ထင်ရသော တုတ်ပေါပင်လျှင် မေးရ၊ ဆေးရ မလွယ်ကူလှပေ။

ကျွန်ုပ်။ ။ 'ကဲ ကဲ ထားပါတော့။ မင်းအဖေ နာမည်'

တုတ်ပေါ။ ။ 'သေသွားတာတော့ ၃ နှစ်လောက်ရှိပါပြီ၊ ဆရာ သိချင်လည်း ပြောရတာပေါ့။ ဦးဘိုးတာတဲ့'

ကျွန်ုပ်။ ။ 'ဦးဘိုးတာ၊ အင်း ဘာကိုးကွယ်သလဲ'

တုတ်ပေါ။ ။ 'ဘိုးတော်ကြီး ခင်ဗျာ့'

ကျွန်ုပ်။ ။ 'မဟုတ်ဘူးကွ၊ မင်း ဗုဒ္ဓဘာသာ မဟုတ်ဘူးလား'

တုတ်ပေါ။ ။ 'ဟုတ်ပါတယ် ဆရာ၊ နတ်ကတော့ ဘိုးတော်ကြီးပေါ့ ဆရာ'

ကျွန်ုပ်။ ။ 'ငါက နတ်မေးတာ မဟုတ်ဘူး။ ကိုးကွယ်တာ မေးတာကွ။ ဘာသာတရားကို မေးတာ။ ဘာလူမျိုးလဲ'

တုတ်ပေါ။ ။ 'ဆရာကလည်း ဗမာပေါ့'

တော်တော်ခက်တဲ့ တုတ်ပေါ။

ကျွန်ုပ်။ ။ 'အေး ဗုဒ္ဓဘာသာ ဗမာလူမျိုး၊ ဘယ်မှာ မွေးသလဲ'

တုတ်ပေါ။ ။ 'လက်ပံတောင်ရွာ'

ကျွန်ုပ်။ ။ 'ဘာအလုပ် လုပ်သလဲ'

တုတ်ပေါ။ ။ 'မြောက်သူ'

ကျွန်ုပ် မေးသမျှ တုတ်ပေါမှာ ခွပြောနေသကဲ့သို့ပင် ရှိလှသော်လည်း သည်းခံနေရသည်။ သည်းခံသည် ဆိုသည်မှာလည်း တော်ရုံကောင်းသည်။ ကျွန်ုပ်အား သည်းခံတတ်သူ အရာရှိဖြစ်၍ တုတ်ပေါသည် "တောင်သူ" ဟု ပြောရမည့်အစား "မြောက်သူ" ဟု ပြောင်လှောင်ပြောသည် ထင်မိသဖြင့် –

ကျွန်ုပ်။ ။ 'နင့်အမေ့ မြောက်သူ၊ တောင်သူ မဟုတ်ဘူးလား' ဟု ခပ်ငေါက်ငေါက် မေးလိုက်မိ၏။

တုတ်ပေါ။ ။ 'မဟုတ်ဘူး ဆရာ၊ မြောက်သူ'

မြောက်သူ ဆိုသည့် စကားများ ရှိလေသလားဟု အတန်ကြာ





စဉ်းစားမှ "မြောက်သူ" ဆိုသည်ကား တောင်ယာ လုပ်ကိုင်စားသူကို "မြောက်သူ" ဟု ခေါ်ကြောင်း သိရပေသည်။

ကျွန်ုပ်။ ။ 'မင်း ဘယ်အချိန် အိပ်သလဲ'

တုတ်ပေါ။ ။ 'နေဦး ဆရာရေ့၊ ကျွန်တော်က စောစော အိပ်တတ်တဲ့လူ မဟုတ်ဘူး။ မနေ့ညနေက ဘူးသီးကလေးတွေ ခူး ...'

ကျွန်ုပ်။ ။ 'ဟေ့ တုတ်ပေါ၊ ဘူးသီးတွေ ထားလိုက်ပါဦး၊ ငါ မေးတာကို တိုတိုဖြေပါကွ၊ အချိန်မရှိဘူး'

တုတ်ပေါ။ ။ 'ကျွန်တော် မအိပ်ရသေးဘူး'

ကျွန်ုပ်။ ။ 'ဩော် ... တယ်ခက်တဲ့ အကောင်ပဲ'

တုတ်ပေါ။ ။ 'ဓားပြတိုက်နေပြီဆိုတော့ ထ သွားရတာပဲ။ အဲဒီအချိန်က စပြီး မအိပ်ရသေးဘူး'

ကျွန်ုပ်။ ။ 'အဲဒီအချိန်မှာ မင်းက မင်းအိမ်မှာလား၊ ဘယ်သူ့အိမ်မှာ စကားကောင်းနေလဲ'

တုတ်ပေါ။ ။ 'ကျွန်တော့်အိမ်မှာပဲ ဆရာရေ့၊ ဘဘိုးသာနဲ့ ထွေရာလေးပါးတွေ ပြောနေကြတယ်'

ကျွန်ုပ်။ ။ 'ဘယ်အချိန်လောက်ထိလဲ'

တုတ်ပေါ။ ။ 'နလင်ပြန် ကြက်တောင် မတွန်တတ်သေးပါဘူး ဆရာ။ ရွာခေါင်းအိမ်က တုံးခေါက်သံ ကြားရတယ်။ ထွက်ကြ ထွက်ကြ၊ ဓားပြကို ဝိုင်းကြဆိုတဲ့ အသံတွေ ကြားရတယ်'

ကျွန်ုပ်။ ။ 'ကဲ အစ ရပြီ၊ မင်း ပြောတော့'

တုတ်ပေါ။ ။ 'အမေဆင့် အိမ်ဆီကလည်း မဆိုင်သူ မချဉ်းနဲ့၊ မိန်းမ မုဆိုးမ ဖြစ်သွားမယ်။ သေနတ်ပါတယ်တဲ့'

'ဟ ရဲခေါင် ပစ်ပါတော့လား'

'ဒိုင်း ဒိုင်း ...'

ရွာခေါင်း။ ။ 'ဝိုင်းဟ၊ သေနတ် မဟုတ်ဘူးဟ၊ စိန်ရောင်ခြည် ပြောက်ဟ'

အသံတစ်သံ။ ။ 'ဟ ရဲခေါင်၊ လူတွေဘက် လှည့်ပစ်ဟ'

'ဒိုင်း'

'အော်ဟဲ့ အော်၊ မအော်ရင် သတ်ပစ်မယ်'

အမေဆင့် မိန်းမ မနန်းအသံ။ ။ 'လူမိနေပါပြီတော်၊ မဝိုင်းကြပါနဲ့'

ရွာခေါင်း။ ။ 'ဟေ့ ဟေ့ နေကြဦး၊ လူမိနေပြီတဲ့'

အသံတစ်သံ။ ။ 'လူမိ မိ၊ ချသာချဟ'

အသံတစ်သံ။ ။ 'သူကြီးဆီက သေနတ်ပြေးယူပါဟ'

ရွာခေါင်း။ ။ 'ဟေ့ တုတ်ပေါ၊ လူ သုံးလေးယောက်လောက်ခေါ်သွား။ ဌာနကို အမြန်သွားတိုင်ချည်'

တုတ်ပေါ။ ။ 'ကျွန်တော် ဘယ်လိုတိုင်ရမလဲ'

ရွာခေါင်း။ ။ 'ဖြစ်တဲ့အတိုင်း တိုင်ပေါ့'

'လက်နှိပ်ဓာတ်မီးကလည်း ငါးတောင့်ထိုးကြီး ဆရာ၊ ဓားပြတွေက လူတွေဘက် လှည့်ထိုးလိုက်ရင် စူးစူးသွားတာပဲ။ ကျွန်တော်တို့ရှိတဲ့ သုံးတောင့်ထိုး လက်နှိပ်မီး (ကျွန်ုပ်တို့ အရပ်တွင် တုတ်မီးဟုခေါ်သည်) ကလည်း ဓာတ်ခဲက သိပ်အားမရှိဘူး'

ကျွန်ုပ်။ ။ 'မင်း လူဘယ်နှယောက် မြင်သလဲ'

တုတ်ပေါ။ ။ 'ကျွန်တော် သေသေချာချာ မြင်တာတော့ သုံးယောက်၊ နို့မဟုတ် လေးယောက်ပဲ ဆရာ'

ကျွန်ုပ်။ ။ 'မင်း လူမြင်ရင် မှတ်မိပါ့မလား'

တုတ်ပေါ။ ။ 'ကျွန်တော်က နောက်ပိုင်း နည်းနည်းကျနေတယ်။ ရှေ့နားက အကောင်တွေကတော့ မြင်နိုင်တယ် ဆရာ'

ကျွန်ုပ်။ ။ 'ဘာဖြစ်လို့လဲကွ'





တုတ်ပေါ။ ။ 'ဓာတ်မီးရောင်တွေက ဝင်းနေတာပဲ ဆရာ'

ကျွန်ုပ်။ ။ 'နေပါဦးကွ၊ ပစ္စည်း ဘယ်လောက်ပါတယ်၊ လူက ဘယ်နှယောက်၊ သေနတ်ကလည်း အစစ်လား အတုလား၊ ဒါတွေကော မင်း သိခဲ့သေးသလား'

တုတ်ပေါ။ ။ 'မသိဘူး ဆရာ၊ ကျွန်တော်တို့ ထွက်လာတော့ တိုက်တုန်းပဲ ရှိသေးတယ်။ ရွာကလည်း ဝိုင်းဟ ဆီးဟ၊ ဓားပြကလည်း ပစ်ဟ ခုတ်ဟ၊ နင့်မိန်းမ မုဆိုးမ ဖြစ်သွားမယ်၊ မကပ်နဲ့။ ကောင်မကလေးကလည်း လူမိနေပါပြီလို့ တွင်တွင်အော်ပဲ။ ဒါနဲ့ ရွာခေါင်းက သွားဟ ပြေးဟ ဆိုတာနဲ့ လာခဲ့ရတာ'

ကျွန်ုပ်။ ။ 'ကဲ ကဲ ရှိစေတော့၊ မသိတာ မေးနေလို့တော့ အပိုပဲ၊ စာရေးကြီး ရေးယူဗျာ။ အခုနေတော့ ဓားပြမှုလား၊ လုယက်မှုလား မပြောနိုင်သေးဘူး။ လုယက်မှုလောက်ပဲ ပြထားဦးပေါ့၊ လုယက်မှု မဟုတ်လို့ ဓားပြမှုဆိုလည်း နောက်တော့ ပုဒ်မပြောင်းပေါ့'

ကျွန်ုပ်က ဤသို့ အမိန့်ပေးလျှင် ဌာနာစာရေးမှာ သဘောကျသွားလေသည်။ လုယက်မှုဆိုလျှင် တိုင်းအမှုကြီးသာ ဖြစ်၍ အမှုကြီး အစစ်လောက် အလုပ်မများလှ။ ကျွန်ုပ်လည်း အမှုစစ်ဆေးရန် ဖြည်းဖြည်း ဆေးဆေး နံနက်အချိန်မှ ထွက်သွားနိုင်သည်။

**ဓားပြတိုက်ရာတွင် လူသေဆုံးမှု**

ရွာတွင် ဓားပြတိုက်လျှင် အကျိုးလည်း ရှိတတ်၏။ အကျိုးလည်း ယုတ်တတ်၏။

အကျိုးရှိခြင်းတို့ကား ဓားပြကို ရမိအောင်ဖြစ်စေ၊ အစိုးရ ညွှန်ကြားအပ်သော ရွာကာကွယ်စောင့်ရှောက်မှု ကျကျနန ရှိခြင်းတို့ကြောင့် ဓားပြကို ခုခံသဖြင့် ဓားပြတွင် ဒဏ်ရာရသွားလျှင် အမှုစုံထောက်ရာတွင် လွယ်ကူ၍ ထိုရွာသူကြီးနှင့် ရွာသူရွာသားများသည် အစိုးရ ချီးမြှင့်

ခြင်းကို ခံရပေသည်။ အရေးပိုင်၊ ရာဇဝတ်ဝန်မင်း၊ နယ်ပိုင်၊ မြို့ပိုင် အစရှိသော အရာရှိ ကြီးငယ်မရွေးတို့ ရောက်လာကြမည်။ ထိုအရာရှိများ မရောက်လာမီ ကျောက်ဆေးထိုး ဆရာက အစ တိရစ္ဆာန် ဆေးကုဌာနမှ အရာရှိကြီးငယ်တို ရောက်လာတတ်ကြ၏။ အနှစ်နှစ်က ကျောက်ဆေးထိုးရန်၊ နွားတွင် လျှာနာ ခွာနာ ဖြစ်၍ လာရောက်ကြည့်ရှုပါရန် ခေါ်သော်လည်း မကြွလာခဲ့ကြသော အရာရှိများသည် အရေးပိုင် အစရှိသော နယ်အုပ်ချုပ်သူများ လာလျှင် တိုင်ပြောမည် စိုးရိမ်ကြသဖြင့် အလျှိုအလျှိုနှင့် မခေါ်မပင့်ဘဲ ရောက်လာတတ်ကြလေ၏။

အကျိုးယုတ်ခြင်းတို့ကား အရာရှိ ကြီးငယ်တို့ ဥဒဟို သွားလာကြရသဖြင့် ဓားပြတိုက်ခံရသော ရွာမှအစ အနီးအနား ရွာများတွင်ရှိသော လူများမှာ လှည်းအဆင့်ခံရ၊ ကြက်၊ ကြက်ဥ စသည်တို့မှာလည်း တစ်လလောက်တော့ဖြင့် အနည်းဆုံး ပေးကြရ၊ ကျွေးကြရသဖြင့် သူကြီးမှာ သူ ရသည့် ငွေကလေးတော့ ပြုတ်ပေတော့၏။ ထို့ပြင် ကာကွယ်ရေး လုပ်ထားသည်မှာ နည်းမကျ၊ စနစ်မဟုတ်သဖြင့် ဓားပြကို ရွာက ခုခံကာကွယ်ခြင်းမလုပ်ဟု ပုလိပ်က အစီရင်ခံပြန်လျှင်လည်း သူကြီးရော ရွာပါ ဒဏ်ရိုက်ခြင်း၊ အထွေထွေ အမှုတွဲဖွင့်၍ မြို့ပိုင်၊ နယ်ပိုင်တို့ စစ်ဆေးခြင်းများ ခံရတတ်ပြန်၏။ အကောင်းရှိလျှင် မကောင်းရှိစမြဲဖြစ်ပေသည်။

နံနက် ၄ နာရီ အချိန်လောက်တွင် ခြေမြန်များကို စစ်ဆေးပြီးဖြစ်၍ တရေးတော့ အိပ်ရမည်ဟု အောက်မေ့ပြီး အိမ်ပြန်သွားရာ လက်ပံတောင်ရွာမှ လှည်းတစ်စီး ရောက်လာပြန်သဖြင့် ဓားပြများ လက်ရဖမ်းမိလာသလားဟု ဝမ်းပန်းတသာ မေးမိသောအခါ၊ လက်ပံတောင်ရွာ ဓားပြ အတိုက်ခံရသော အမေဆင် (အိမ်ရှင် ပန်ချာပီလူမျိုး) ၏ မိန်းမမနန်း ဆိုသူ၏ အလောင်းကို ယူလာကြောင်းသာ သိရလေသည်။

ဌာနာစာရေးက ၃၉၄ ဆိုလျှင် အမှုကလေးတစ်ခုဖြစ်၍ နံနက်မှ





အေးအေးဆေးဆေး အခြားအလုပ်များ လုပ်နိုင်မည်ဟု ယူဆကာ အိမ်ပြန်သွားသော်လည်း ယခုမှု အလောင်းပါလာ၍ လူသေနေသောကြောင့် အမှုကြီး ဖွင့်ရပေတော့မည်။ နံနက် ၈ နာရီတွင် မီးရထား ရှိသည်။ မီးရထားနှင့် ခြေမြန်များ လွှတ်၍ အစီရင်ခံစာများ ပေးပို့ရမည်။

လက်ပံတောင်ရွာ ဆိုသည်မှာ မော်တော်ကား ရှိသူအတွက် မုံရွာမှ မိုင်ပေါင်း ၂၈ မိုင်သာ ဝေးသဖြင့် တစ်နာရီ အတွင်းတွင် ရောက်နိုင်ပေသည်။ ကျွန်ုပ်အဖို့မှာကား နွားဆွဲသော လှည်းတစ်စီးမျှ ဝယ်ထားနိုင်သော ဌာနာအုပ် မဟုတ်သဖြင့် ဆင့်သော လှည်းကို စီးရပေမည်။ နံနက်မှ သူကြီးထံ ဆင့်ရမည်။ သူကြီးက ရွာဆော်ကို အမိန့်ပေး၊ ရွာဆော်က တစ်ဖန် အကွက်ခေါင်း သို့မဟုတ် လှည်းခေါင်းကို ဆင့်၊ လှည်းခေါင်းက ရွာသား ဆင့်။ ကိုရွှေရွာသားကလည်း ညည်းညည်းညူညူနှင့် ဟိုတစ်ပတ်က သူ့လှည်း အဆင့်ခံကျပြီးပြီ ဖြစ်၍ လှည်းခေါင်းသည် သူ့ကိုမုန်း၍ သူ့အား ခဏခဏ လှည်းအဆင့်ခံရသည်ဟု သူကြီးထံ အယူခံဝင်ဦးမည်။ အယူခံဝင်သော လှည်းသမားတွင် သူ့အထင်နှင့်သာ ပြောနေသည်။ သူ ဘယ်နေ့က လှည်းအဆင့်ခံရ၍ ဘယ်ရွာ သွားရောက် ပို့ရသည်ကို သူ မသိပါ။ သူကြီးနှင့် လှည်းခေါင်းတို့က ရှင်းလင်း ပြောပြကြသော်လည်း အောင့်သက်သက်နှင့်ပင် လှည်းမပြင်သေးဘဲ မိန်းမအား "ထမင်း ချူးပေးပါဦးအေရယ် ... ဒီအစိုးရဘက်က အကောင်တွေကလည်း သူတို့လှည်း သူတို့နွား မဟုတ်တိုင်း ခဏခဏ တောသွားပြီး သူကြီး ကျွေးတဲ့ထမင်း သောက်ပင်း ဆို့နေကြတာပဲ" စသဖြင့် ပြောဆို ညည်းညူပြီး နံနက် ၆ နာရီလောက်က ဆင့်ဆိုလိုက်လျှင် ၈ နာရီ၊ ၈ နာရီခွဲလောက်မှ ရောက်လာတတ်ပေသည်။ (ဤကား ကျွန်ုပ်တို့ လှည်းဆင့်တိုင်း ကြားရသော ညည်းညူချက်များနှင့် သဘာဝစကားတို့တည်း။)

ကျွန်ုပ်တို့မှာ တောသွား၍ သူကြီး ကျွေးသော တောထမင်း

တောဟင်းတို့ကို မစားလိုကြပါ။ သွားလည်း မသွားချင်ကြပါ။ အိမ်တွင်ရှိသည့် ဟင်းနှင့်စားပြီး ကိုယ့်သားမယားတို့နှင့် ပျော်ပျော်ပါးပါး စကားပြောနေချင်ကြပါသည်။ သို့သော် လောကကြီးတွင် ကိုယ့်အလုပ်နှင့် ကိုယ်လုပ်ကြရမည်။ ကျွန်ုပ် အလုပ်ကား အမှုစစ်ရမည် ဖြစ်၍ မသွားဘဲ မနေနိုင်ပေ။ လှည်းဝယ်ထားနိုင်လောက်အောင်လည်း အစိုးရက လခပေးမထားပါ။ လှည်းနှင့်နွား တန်ဖိုးမှာ မများ၍ ဝယ်နိုင်သည်ထားဘိဦး၊ နွားနှင့် လှည်းကို စောင့်ရှောက်မည့်သူ၊ နွားစာ အစရှိသည်တို့ကို မိမိငွေနှင့် ဝယ်ရမည်။ လှည်းမောင်းသမားကိုလည်း လခပေးရမည် ဖြစ်၍ မတတ်နိုင်ပေ။ ဤသို့ ကိုယ့်လှည်း ကိုယ့်နွား ရှိပြန်လျှင်လည်း ညအချိန်မတော် အချိန်တော် လာရောက် အမှုတိုင်လျှင် ကိုယ့်တွင် လှည်းပိုင်ရှိ၍ ချက်ချင်း သွားရောက်ရမည်။ "လှည်းဆင့်ထားတာမလာသေးလို့ စောင့်နေပါတယ်" ဟူသော ထုချေချက်ဖြင့် ကျေတော့မည် မဟုတ်ပေ။ ငွေကုန်ခံပြီး ကိုယ့်ကိုယ်ကို အပြစ်ရှာသည်နှင့် တူနေပေသည်။ မြန်မြန်ဆန်ဆန် သွားရောက်သောကြောင့် အထက်လူကြီးများနှင့် ရပ်ရွာလူထုက ကျေးဇူးတင်ခြင်း၊ ချီးမွမ်းခြင်းကို ခံရဖို့ကား ဝေးစွ။ (ဤကား စကားအလျဉ်းသင့်သဖြင့် ကျွန်ုပ်တို့၏ ဘဝကို ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။)

အလောင်းတွင် သွေးများ လိမ်းကျံနေသဖြင့် ဘယ်နေရာတွင် ဒဏ်ရာရှိသည်ဟုပင် မပြောနိုင်ပေ။ သို့သော် လည်ပင်းတွင် ဟက်တက်ရာကြီး တစ်ခုကိုကား တွေ့မြင်ရပေသည်။ ကျွန်ုပ်နှင့် ဌာနာစာရေးတို့သည် ဒဏ်ရာများကို စစ်ဆေးကြလေသည်။ ထိုနောက် အနီးတွင်ရှိသော ဆေးရုံမှ ဆရာဝန်အား သွားရောက် တိုင်ကြားရာ ဆရာဝန်မှာလည်း ပုလိပ်များကဲ့သို့ပင် သိလိုဇောနှင့် သနားစရာကောင်းလှသော မနန်း၏ အလောင်းကို လာရောက် ကြည့်ရှုလျက် ကျွန်ုပ်အား အကူအညီ ပေးလေသည်။





လည်ပင်းတွင် ဓားဒဏ်ရာတစ်ခု၊ ကျောတွင် ဓားချွန်နှင့် ထိုးထားသော ဒဏ်ရာတစ်ခုနှင့် ဦးခေါင်းတွင် တုတ်နှင့်ရိုက်ထားသော ဒဏ်ရာ နှစ်ခုတို့ကိုလည်း တွေ့ရ၏။

အဘယ်ကြောင့် တုတ်ဒဏ်ရာ၊ ဓားဒဏ်ရာ၊ ဓားချွန်ဒဏ်ရာ အစရှိသဖြင့် ရှိနေပါသနည်း။ လူတစ်ယောက်လျှင် လက်နက်တစ်ခုသာ ကိုင်ချေမည်။ ထိုဒဏ်ရာအပေါ်တွင် ဆင်ခြင် စဉ်းစားကြည့်ကတစ်ယောက်လျှင် တစ်ချက်ကျ ထိုးကြနက်ကြ ရိုက်ကြသည်ကို သိနိုင်ပေသည်။ သတ်သူများမှာ ၃ ယောက်မှ ၄ ယောက် ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်တို့သည် ဒဏ်ရာကို ကြည့်ခြင်းအားဖြင့်ပင် သိနိုင်ပေသည်။

ဖိုးတုတ်တို့ ပြောပြချက်အရဆိုလျှင် လူမိနေပါပြီဟု အော်စေသည်။ ထိုသို့အော်လျှင် ရပ်သူရွာသားတို့သည် ဘယ်နည်းနှင့်မျှ ဓားပြများကို ဝိုင်းဝန်းကြမည် မဟုတ်ပေ။ သို့နှင့် အဘယ့်ကြောင့် သတ်သနည်းဟု တွေးရပေမည်။

အဖြေမှာ လွယ်ပါသည်။ ဓားပြ တစ်ယောက်ကို သော်လည်းကောင်း၊ နှစ်ယောက်ကို သော်လည်းကောင်း အိမ်ရှင် မနန်းသည် အသိအကျွမ်း ဖြစ်နေပေလိမ့်မည်ဟု တွေးထင်ရသည်။

သို့သော် အခင်းဖြစ်ပွားရာ နေရာတွင် စစ်ဆေးမှသာလျှင် ကျွန်ုပ်၏ ထင်မြင်ယူဆချက် မှန် မမှန်ကို သိရပေမည်။

ကျွန်ုပ်၏ တွေးထင်ချက်ကို ကျွန်ုပ် အလျင်အမြန်ပင် မှန် မမှန်၊ ဟုတ် မဟုတ် သိလိုလှ၏။ မနန်း၏ အလောင်းကို ရွာသားသုံးယောက်က လှည်းဖြင့် တိုက်ယူလာခဲ့သည်ဖြစ်ရာ ၎င်းတို့ထံမှ ရနိုင်သမျှ သတင်းကို ရယူခြင်းအားဖြင့်ပင် ကျွန်ုပ်သည် ဤအမှုကို ပေါ်နိုင်မည်၊ မပေါ်နိုင်မည်ကို ခန့်မှန်းနိုင်ပေသည်။

ဆောင်းတွင်းလည်း ဖြစ်သဖြင့် အတော်အေးသော နံနက်ခင်းဖြစ်ရာ လှည်းနှင့် လိုက်ပါလာကြသော လှည်းသမားနှင့် ရွာသားများ

အား ကျွန်ုပ်က လက်ဖက်ရည်ကြမ်း သောက်ရန် ခေါ်ယူခဲ့လေသည်။ သို့သော် လှည်းသမားနှင့် ရွာသားများမှာ ကျွန်ုပ်၏ နေအိမ်သို့လာရန် ဖင့်နွဲ့နေကြသည်။

ဌာနာအုပ် တစ်ယောက်က လက်ဖက်ရည်သောက် ခေါ်သည်ကို ၎င်းတို့ မယုံကြည်နိုင်ပေ။ ဟုတ်မှ ဟုတ်ပါလေစ။ ဌာနာအုပ် ဆိုသည်မှာ မိမိတို့ သိခဲ့ မြင်ခဲ့ ကြားခဲ့သမျှမှာ "ဟောကောင်တွေ၊ ခွေးမသားတွေ" စသဖြင့် ကြမ်းကြမ်းတမ်းတမ်း စကားအပြောအဆိုရှိ၍ လူများ ပေးသမျှ၊ ကျွေးသမျှကိုသာ ယူတတ် စားတတ်သည်။ သူကတော့ ပေးခဲလှသည်။ ယခုမူ လက်ဖက်ရည်ကြမ်း သောက်ရန်ပင် ခေါ်နေသည်။ "ဟုတ်မှ ဟုတ်ပါလေရဲ့လား" ဟု စဉ်းစားနေကြပေသည်။

စဉ်းစားစရာလည်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ထက် ရှေးကျသော ပုလိပ်အရာရှိများသည် သြဇာ၊ အာဏာကို သုံးကြရသည်။ မသုံးလျှင်လည်း ထိုစဉ်ကတော့ မဖြစ်ဟု ပြောသံကြားဖူးပေသည်။ အဘယ်ကြောင့်ဆိုသော် သြဇာ၊ အာဏာမပြလျှင် တောသူ တောင်သားများမှာ ခိုင်း၍ မရဟု သိရလေသည်။ အပြောအဆိုကိုလည်း ယဉ်ကျေးသိမ်မွေ့စွာ ပြောလျှင် အာဏာမရှိဟု ထင်တတ်ကြသည်။ အာဏာမရှိဟု ထင်လျှင် ကောင်းသောအလုပ်၊ မကောင်းသောအလုပ် ဟူ၍ မခွဲခြားဘဲ ဘာမျှ နားမထောင်တော့ကြောင်း ရှေးပုလိပ်ကြီးများ ပြောသံ ကြားရဖူး၏။ ရှေးက ဆရာကြီးများ လုပ်ထားခဲ့သော သြဇာ၊ အာဏာတို့၏ အရှိန်ကြောင့် ယခုကာလ ပုလိပ်များ အလုပ်လုပ်၍ ဖြစ်သည်ကိုလည်း တွေ့ရပါသည်။

ရှေးအခါက နယ်လှည့် ပတ္တရောင်များ ရှိသည်။ ၎င်းတို့သည် များစွာ ဘုန်းကြီးသူများ ဖြစ်သည်။ ကာကီအင်္ကျီတွင် အနီရစ်ကြီးများ တပ်ထားလျှင် (၁၉၁၅–၁၆ ခုနှစ် ခေတ်လောက်က) ဌာနာအုပ် လာသည်ထက် အရေးကြီးပေသေးသည်။ သူတို့ကို ဂရုစိုက်ရလေသည်။ "စာသင်





ကြီး စာသင်ကြီး" ဟု အများက ခေါ်ဝေါ်ကြရပေသည်။ ထိုစဉ်က အမှုမှာလည်း အတော်နည်းသဖြင့် ရာဇဝတ်အုပ် ရာထူးရှိသူ၊ ဌာနာပိုင် အစရှိသော အရာရှိများ ဆိုလျှင် ရွာငယ်များသို့ မကြာခဏ မရောက်ကြပေ။ ရောက်လာရန်လည်း ကိစ္စမရှိ။

ဖဲဝိုင်း၊ ကြက်ဝိုင်း၊ အရက်ရောင်းသူ၊ ထန်းရည် ရောင်းသူတို့သည် ထိုစာသင်ကြီးလာလျှင် အခွန်အတုတ်များ ဆက်ကြရ၏။ သူသည်လည်း ခဏခဏ လာသူ မဟုတ်ပေ။ လာသော အခါတွင်လည်း ကျွေးကြမွေးကြ၊ လက်ဆောင်ပဏ္ဏာများ ဆက်ကြရသည်။

ကျွန်ုပ်တို့ ခေတ်တွင်ကား ဤကိစ္စမျိုးများ မရှိတော့ပြီ။ လမ်းပန်းအဆက်အသွယ်မှာ ကောင်းလာပြီ ဖြစ်သည်။ ဝံသာနု တရားဟောဆရာတို့သည် ဝံသာနု အသင်းထောင်ရန် လာရောက် တရားဟောပြောကြသော နေရာများ အနှံ့အပြား ဖြစ်နေပေပြီ။ လှည်းဆင့်၍ စီးလျှင် လှည်းခတောင်းရမည်ကို သိလာပြီ။ သို့သော် ဆင်းရဲသားများမှာ ဝိုးတိုးဝါးတားလောက်သာ သိသေးသည်။ သူကြီးမှာ ဝံသာနုဆိုလျှင် ၎င်း၏ သြဇာကို ဖျက်သူတစ်စုဟု ယူဆကြသဖြင့် အားမပေးကြ။ ဝံသာနု အသင်းများကလည်း များသောအားဖြင့် သူကြီး၏ အာဏာလောက်ကိုသာ ဖျက်ဆီးနေသော အချိန်ဖြစ်ပြီး ၎င်းသူကြီး ရာထူးကျလျှင် ဝံသာနုအသင်း ဥက္ကဋ္ဌ လုပ်သူက သူကြီးယှဉ်ပြိုင် အရွေးခံကြသောအခါ ဖြစ်သည်။

သူကြီးအပြိုင်အဆိုင် ရွေးလျှင် ဝံသာနုနှင့် အစိုးရဘက်တော်သားများသာ ဖြစ်ကြသည်။ ဝံသာနုဘက်မှ သူကြီးဖြစ်လျှင်လည်း ရှေးသူကြီး လက်ထက်က လူများသည် အတိုက်အခံ ဆောင်ရွက်ကြပေတော့သည်။ သူကြီးရည် မလည်သေးသော သူကြီးသည် သူကြီးဖြစ်ကြောင်း ခေါင်းနားပန်း ကြီးသွားလျှင် ဟိုတစ်ဖက်မှ အမျိုးမျိုး အမှုအပေါက်ဆင်ကြတော့သည်။

လမ်းပန်း အဆက်အသွယ် ကောင်းလာပြီဖြစ်၍ ရှေးအခါက

ပုလိပ်များပင် ရောက်ရန် ခဲယဉ်းသော နေရာများသို့ ယခုအချိန်၌ အရေးပိုင်၊ ရာဇဝတ်ဝန်မင်းများ ရောက်ကြသည်။ မြို့ပိုင်၊ နယ်ပိုင် ဆိုသည်မှာ မကြာခဏ လာကြရသည်။ ရာဇဝတ်အုပ်၊ ဌာနာအုပ် ဆိုသူတို့မှာမူကား တစ်လမှာ အရက် ၂၀ မှ ၂၅ ထိ တောတွင် အိပ်ရမည်ဆို၍ အမှုရှိသည်၊ မရှိသည်ကို ပဓာန မထားဘဲ တောတက်ကြရသည်။ တောရွာများတွင် ညဥ့်အိပ်ကြ၍ အနီးအပါးရှိ ရွာအနှံ့အပြားသို့ ခဏခဏ ရောက်ကြရသည်။

လက်ပံတောင် ရွာသားတို့သည် ဆာလောင် မွတ်သိပ်နေပြီဖြစ်၍ ကျွန်ုပ် တိုက်ကျွေးသော လက်ဖက်ရည်ကြမ်းနှင့် ပဲပြုတ်တို့ကို ကောင်းစွာ အားရပါးရ စားကြ သောက်ကြပေသည်။

ကျွန်ုပ်ကလည်း လှည်းသမားတို့နှင့် အတူပင် ဝိုင်း၍ လက်ဖက်ရည်ကြမ်း သောက်လိုက်ရသည်။ သို့မှ စကားအလျဉ်းသင့်သလို ပြော၍ ၎င်းတို့ထံမှ ရတတ်သမျှ သတင်းကို ယူရပေမည်။

ကျွန်ုပ်။ ။ 'ကဲ အားလုံးပဲ အားမနာနဲ့နော်။ ပဲပြုတ်လည်း စား၊ လက်ဖက်ရည်လည်း သောက်ကြ'

လှည်းသမား အဘိုးကြီးက ကျွန်ုပ်အား အံ့အားသင့်သကဲ့သို့ ကြည့်နေပြီး မင်းစိုးဆိုလျှင် အရိုအသေဆုံးဖြစ်သော စကားလုံးများကို သုံး၍၊ များစွာ အလေးပြုထိုက်သူများဟု မြန်မာ့ယဉ်ကျေးမှု တစ်ရပ် အနေနှင့် မိမိအား ဆုံးမခဲ့ကြသည့် လူကြီးမိဘ စကားကို ကျင့်သုံးကာ 'မှန်လှပါ ဘုရား' ဟု ဖြေကြား၏။

အဘိုးကြီးကပင်စ၍ ရိုသေသမှုနှင့် ခေါ်ပြောမှု ရှိနေသောကြောင့် ကျွန်ုပ်ကလည်း ၎င်းအား ရိုသေလေးစားရပေမည်။ သို့နှင့် ကျွန်ုပ်က ၎င်းအား "ဘကြီး" ဟုခေါ်လျှင် အလွန်ကျေနပ်ပုံ လက္ခဏာရှိပါသည်။

ကျွန်ုပ်။ ။ 'ဘကြီးတို့တော့ တော်တော်ကလေး အိပ်ရေးပျက်လိမ့်မနော်'





ဘကြီး။ ။ 'ဟုတ်ပါ၊ လူဆိုတာကတော့ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ တွေ့ရ ဆိုသလိုပေါ့ ဘုရား။ ဒီလောက် ကိစ္စများတော့ ဒုက္ခရယ်လို့တောင် မထင်တော့ပါဘူး'

'ဘကြီးတို့ရွာက ခဏခဏ ဓားပြတိုက်ခံရတတ်သလား'

'မခံရပါဘူး ဘုရား၊ ခိုးမှု ဓားပြတိုက်မှုဆိုတာ ဖယ်ထား၊ မိန်းမချင်းချင်းတောင် ရန်ဖြစ်တဲ့ရွာ မဟုတ်ပါဘူး။ တော်တော်ပဲ အေးချမ်းတဲ့ရွာပါ'

'အင်း ... ရွာသူရွာသားက အေးအေးချမ်းချမ်း နေကြရုံနဲ့လည်း မပြီးသေးဘူးနော်။ တစ်နယ်လုံး၊ တစ်ခရိုင်လုံးက အေးချမ်းသာယာမှ အေးအေးချမ်းချမ်း ကိုယ့်အလုပ်ကိုယ် လုပ်နေနိုင်ကြမှာ'

'မှန်ပါ မှန်ပါ၊ အခုကြည့်ပါလား ဘုရား။ ကျွန်တော်မျိုးတို့ရွာ လာပြီး တခြားက ကောင်တွေက လာတိုက်တာနဲ့ ကျွန်တော်မျိုးတို့မှာ အလုပ်ပျက် အကိုင်ပျက်၊ အိပ်ရေးပျက် ဖြစ်ရတာ'

'ဟုတ်တာပေါ့ ဘကြီး၊ ကျွန်တော်တို့ ပုလိပ် ဆိုတာလည်း ကိုယ့်အလုပ် ကိုယ်လုပ်ပြီး အေးအေးချမ်းချမ်း နေချင်တာပေါ့။ လောကီ အလုပ် လုပ်တဲ့လူလည်း လုပ်နိုင်အောင်၊ လောကုတ္တရာ အလုပ် လုပ်တဲ့ လူလည်း အေးအေးချမ်းချမ်း လုပ်နိုင်အောင်နဲ့ နယ်ငြိမ်းချမ်း သာယာအောင် လုပ်ရတဲ့ အဖွဲ့ကြီးပဲ ဘကြီးရဲ့။ ဒီလို ဓားပြတိုက်တယ်၊ လုယက်မှု ဖြစ်တယ်ဆိုရင် ပေါ်ပေါက်အောင် မလုပ်နိုင်ရင်၊ လူဆိုး သူခိုးတို့ မထနိုင်အောင် ကျွန်တော်တို့ မဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ အပြစ်ပေါ့၊ ညံ့လို့ပေါ့။ နို့ပေမဲ့ ဘကြီးရေ၊ လူဆိုတာ တော်တော်ခက်တယ်။ ကိုယ်နဲ့မဆိုင်ရင် သိတာ၊ မြင်တာ၊ ဟုတ်တာကို တယ်မပြောချင်ကြဘူး။ အဲသည်လို မပြောချင်တော့ ကျွန်တော်တို့ လုပ်ငန်းဆောင်တာဟာ တယ် မအောင်မြင်ချင်ဘူး'

'ဟုတ်ပါ့၊ ကိုယ်နဲ့ မဆိုင်တော့လည်း ကိုယ့်အကျိုး မပါဘူး

ပေါ့လေ။ ကိုယ့်အကျိုး မပါတော့လည်း ဘယ်သူမှ ဒုက္ခခံပြီး ပြောလား ဆိုလား မလုပ်ချင်ကြဘူးပေါ့'

'ဒီလို စိတ်ထားကြလို့တော့ လက်ညှိုး မကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ ဆိုတဲ့သဘောနဲ့ မကိုက်ဘူး။ လူကောင်းက မှန်တာ ပြောဝံ့ ဆိုဝံ့ရင် တရားဥပဒေက လူဆိုးကို နှိပ်ကွပ်ပေးမှာပေါ့။ ကိုယ်နဲ့မဆိုင်လို့ ကြည့်နေကြရင်တော့ တစ်နေ့တခြား လူဆိုး လုပ်စားတဲ့ လူတွေ ပေါများလာမှာပေါ့ ဘကြီးရဲ့'

'ဌာနာပိုင်ကြီး အမိန့်ရှိတာတော့ မှန်ပါတယ်။ နို့ပေမဲ့ လူဆိုး ဆိုတာ ဆေးရှိတာ မဟုတ်တော့ ...'

ကျွန်ုပ်က စကားဖြတ်၍ 'မဟုတ်ဘူး ဘကြီး၊ ဒီလို မထင်ပါနဲ့။ ဘကြီးက ထောင်ကျဖူးတဲ့လူတွေ ရန်ဖြစ်တဲ့အခါ ပြောတဲ့စကားကို ကြားဖူးဟန် တူတယ်။ "ဟေ့ ထောင်ပြင် တန်းမရှိဘူး။ တို့က ထောင်ကို ခြင်ထောင် ထင်တယ်" ဆိုတာတွေဟာ အလကား ပြောတာပါ ဘကြီး ရယ်၊ ယုံမနေပါနဲ့။ ထောင်မကြောက်ရင် ဘာဖြစ်လို့ အမှုတစ်ခုအတွက် ရုံးမှာ ခုခံကာကွယ်ပြီး မဟုတ်တာတွေ ပြောနေသလဲ။ ဟုတ်ရင် ဟုတ်တယ်လို့ ပြောပြီး ထောင်ကျခံပါလား။ အလကား ကြွားလုံးတွေပါ ဘကြီးရဲ့'

'ဟုတ်တော့ ဟုတ်မှာပေါ့ ဌာနာပိုင် မင်းဘုရား။ ဒါပေမဲ့ လူကောင်း ကတော့ ဘာပြောပြော သူတို့နဲ့တော့ တတ်နိုင်ရင် မပတ်သက်ချင်တာ တော့ အမှန်ပဲ'

အလွန် အယူသီးသော အဘိုးကြီးနှင့် တွေ့နေပြီ ဖြစ်၏။

'ဘကြီး၊ လူကောင်းဘက်က ပုလိပ်အဖွဲ့ တစ်ဖွဲ့လုံး ရှိတယ်။ လူကောင်းကို နှိပ်စက်ရင် ပုလိပ်အဖွဲ့က မခံဘူး။ ဒါကြောင့် လူဆိုးကို လူကောင်းက မကြောက်ရဘူးဗျ။ ပြီးတော့လည်း ဘကြီး စဉ်းစားကြည့် စမ်း "မင်း သတိထား၊ ထောင်ကထွက်ရင် မင်း သိစေမယ်" လို့ ခဏ





ခဏ ကြိမ်းကြ မောင်းကြတယ်။ ကဲ ထောင်က ထွက်လာတဲ့ အကောင် က ဘယ်နှခါများ သူ့ကို သတင်းပေးတဲ့လူ၊ သက်သေဖမ်းတဲ့ ပုလိပ်ကို လက်စားချေတဲ့ သဘောနဲ့ ရန်မူတာ တွေ့ဖူးသလဲ'

ကျွန်ုပ် ဤသို့ပြောလျှင် ဘကြီးသည် အတော်ကြာကြာပင် တွေ နေပြီး တွေးနေလေသည်။ ထိုနောက် 'ဟုတ်ပါရဲ့၊ ဒီလိုတော့ ဘကြီး တစ်သက်နဲ့ တစ်ကိုယ်မှာ မကြားဖူးပါဘူး'

'ကဲ ... ဘကြီး ကျွန်တော် မပြောဘူးလား။ ဒီတော့ ရွာမှာ ပြောပြပါဗျာ၊ ဒီလို အမြင်မှားနေတာကြောင့် မဖြစ်သင့်တာတွေ ဖြစ်၊ ဖြစ်သင့်တာတွေ မဖြစ် ဖြစ်နေတာ'

'မှန်ပါ'

'အခုကိစ္စမှာ ကြည့်ဗျ၊ မနန်းတစ်ယောက် အလကားသက်သက် သေရရှာတယ်။ ရွာက လူဆိုးကလေး တစ်ယောက်ရှိလို့ လူဆိုးချင်းချင်း အပေါင်းအသင်း ဖြစ်ပြီး သူရင်လည်း ပါမယ်၊ နို့မဟုတ် သူကရင်လည်း လက်ထောက်ချလိမ့်မယ်။ ဒါမှ တခြားလူဆိုးတွေ လာပြီး ဓားပြတိုက်၊ ဓားပြတိုက်တော့ ဘကြီးရော၊ ရွာသားတွေရော ဘယ်လောက် ဒုက္ခ ရောက်ကြရသလဲ။ ကဲ ကြည့်စမ်း'

'ဟုတ်ပါ၊ မှန်ပါ'

'မပြောချင်ရင်သာ ရှိရမယ် ဘကြီးရဲ့၊ လက်နှိပ်မီးတွေနဲ့ ထိုး ကြည့်ကြတယ်ဗျာ၊ ဒီတော့ ဒီဓားပြကို သိလိုက်တဲ့လူတော့ ရှိမှာပဲ မဟုတ်လား။ ဒါက တွေးကြည့်တာလေ'

'ဟုတ်ပါ၊ ဒါတော့ ရွာမှာမေးရင် ရပါလိမ့်မယ် ထင်ပါရဲ့'

'ဘကြီးက ဓားပြတိုက်တော့ သွားကြည့်သေးသလား'

'မကြည့်ရဘူး၊ အိမ်ကနေ တုံးခေါက်ရတဲ့ တာဝန်ပေးထားလို့ တိုက်တဲ့နေရာ မရောက်ဘူး'

'ဩော် ဟုတ်လား၊ ဘကြီးတို့ရွာမှာ ကာကွယ်ရေး စည်းမျဉ်း ရှိတယ်ပေါ့'

'ခုနင်က ပြောသလိုပဲ၊ ဘကြီးတို့ရွာက လက်ထောက်တော့ ရှိမယ်။ မယ်နန်းတို့ အမေဆင်တို့အကြောင်း သိတဲ့လူပေါ့လေ။ အဲဒီ အထဲက မသင်္ကာစရာ ရှိတဲ့လူများ ဘကြီး မရိပ်စားမိဘူးလား'

'မပြောတတ်ပါဘူး ဘုရား၊ လူတွေကလည်း တော်တော် တရား ပျက်နေကြတာပဲ။ လူကောင်း လူဆိုး ဆိုတာလည်း ချိုပေါက်နေတာ မဟုတ်တော့ အခက်သားကလား။ အရှင်ဘုရား ထင်သလိုပဲ ဒီရွာက လက်ထောက်ချလို့သာ ဒီကုလားကြီး မုံရွာသွားပြီး ဆိတ်ရောင်းထားတဲ့ ငွေရှိနေတာသိပြီး တိုက်တာနဲ့ တူတာပဲ ဘုရား' ဟု ရိုးသားစွာ ဖြေကြား၏။

လက်ထောက် ဆိုသည်မှာ "Spy" ခေါ် သူလျှိုဟု ဆိုသည့် စကားကို ပုလိပ် အခေါ်အားဖြင့် ခေါ်ဝေါ်ထားခြင်း ဖြစ်သည်။ ဓားပြ၏ သူလျှိုကို ခေါ်သည်။

သူသည် ဤသို့ လက်ထောက်ချခြင်းအတွက် ကိုယ်တိုင်လိုက်၍ တိုက်ရန်မလိုဘဲ၊ တိုက်ရာပါ ပစ္စည်းမှ တစ်ပုံ ရထိုက်သူတစ်ဦး ဖြစ်ပေသည်။

လက်ထောက်ကို ကျွန်ုပ်တို့ သိအောင် လုပ်နိုင်လျှင်လည်း အမှု ပေါ်တော့သည်သာ ဖြစ်သည်။ သူသည် ဓားပြတိုက်ဝံ့သောသူလောက် သွေးမရှိပေ။ မြှောက်လိုက် ချော့လိုက် လုပ်လျှင်ပင် ၎င်း၏ အပေါင်းပါ များကို ဖွင့်ပြောတတ်၏။ သို့သော် ၎င်းလက်ထောက်ကို သိနိုင်ရန်ကား လွယ်ကူသောအလုပ် မဟုတ်ပေ။ အလွဲ လူတစ်ယောက်ကို အထင်နှင့် စစ်ဆေးသော် အမှန်လူက သိသွားလျှင် ၎င်းတို့အဖို့ အားတက်ဖွယ် ဖြစ်သွားတတ်ပေသည်။ သို့ဖြစ်၍ အမှုစစ်ဆေးသူသည် မည်သည့်ကိစ္စ မဆို အလျင်စလို မလုပ်သင့်ပေ။ မှန် မမှန်၊ ယုတ္တိယုတ္တာ ရှိ မရှိကို များစွာ စိစစ်ရန် လိုပေသည်။





'ဘကြီးတို့ရွာက လူရှုပ်လူပွေ ကလေးတွေထဲက ဖြစ်မှာပဲပေါ့ ဘကြီးရ၊ တခြားက လာပြီးတော့ဖြင့် လက်ထောက်ချမယ် မဟုတ်ပါဘူး'

'မဟုတ်ဘူး ဌာနာပိုင်မင်းဘုရား၊ ကျွန်တော်မျိုးတို့ရွာက မိရိုးဖလာ တောင်သူ လုပ်စားကြတယ်။ ဘုရားရေး တရားရေး ဂရုစိုက်ကြတယ်။ ကျွန်တော်မျိုးတို့ ရွာသားတွေဟာ အလှည့်ကျနဲ့ ရွှေဘိုတို့၊ ကသာတို့၊ မိုးကုတ်တို့ကို သွားပြီး ဆွမ်းတော်ကြီး ခံကြရတယ်။ ဘုရားစာ၊ တရားစာ သင်ရတယ်။ ဆုတောင်းများ ကျက်ရတယ်။ ဒီတော့ ဒီက ကောင်ကလေးတိုင်းဟာ ဘုရား တရား အလုပ် တကယ်တမ်း အားမထုတ်ဘူးဆိုတောင် ဒီလောက် မိုက်မဲတဲ့ အပြစ်ကြီးတော့ ကျူးလွန်မယ်လို့ ကျွန်တော်မျိုးဖြင့် မထင်ဘူး ဘုရာ့'

အဘိုးကြီးကား ရပ်ရွာထိ၍ ခံချင်ပုံ မရပေ။ တော အဘိုးကြီး ပီပီ မိမိရွာကို ကာကွယ်၍ ပြောလိုက်ချေသေးသည်။ ကျွန်ုပ်သည် အဘိုးကြီး ပြောသည်ကို အယုံအကြည် မရှိလှပါ။ သို့သော်လည်း ၎င်း၏ ထင်မြင်ချက်ကို ကျွန်ုပ် မှတ်သားရပေလိမ့်မည်။

'ဘကြီးတို့ရွာက ရွာခေါင်းက ဘယ်သူလဲ'

'ဘိုးတုတ်ကြီးဟာ ရွာခေါင်းပေါ့၊ ကျုပ်တို့ရွာက အုတ်ဖို သူကြီး ရဲ့ လက်အောက်ခံပဲ'

'အင်း ... ဘကြီးကလည်း ရွာက လူငယ်တွေ သူတော်ကောင်း လေးတွေ ဆိုတော့ တော်တောင် စဉ်းစားဖို့ ခက်တယ်'

'အို ... ဌာနာပိုင်ကြီးနယ် စဉ်းစားမနေပါနဲ့၊ ကျွန်တော်မျိုးတို့ ရွာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ တခြားတစ်ပါးကလူ ဖြစ်ရမယ် ဆိုတာသာ စဉ်းစားပါ'

ကျွန်ုပ်မှာ အဘိုးကြီးထံမှ ဤမျှထက် ပို၍ သိရတော့မည် မဟုတ်သဖြင့် စကားဖြတ်လိုက်ရတော့သည်။ ရွာသို့ရောက်လျှင် မည်သို့သော

သတင်း ရဦးမည် မသိ။ နောင်တွင် အမှုသွား အမှုလား တစ်မျိုး ပြောင်းလဲလာမည့် သတင်းများ၊ ထွက်ချက်များ သိရပြန်လျှင် ၎င်းတို့ကို လက်ခံလိုစိတ် မရှိတတ်ပေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ ပုလိပ်များကား ရတတ်သမျှ သတင်းကို အမြဲတစေ မျက်လုံး နားဖွင့်၍ ရှာဖွေကြရပြီး အစီအရီ ပြုလုပ်ထားကြရသည်။ နောက်မှ တစ်ခုစီ တစ်ခုစီ ဆက်စပ်ပြီး အဖြစ်နိုင်ဆုံး၊ အမှန်နိုင်ဆုံးကို တွေးဆယူရသည်။ နောက်ဆုံး အတိအကျဆုံးဟု မိမိက ဆုံးဖြတ်လိုက်သည့် အချက်အလက်ကိုမှ တစ်ဖန် မူတည်ပြီး အမှုမှန်ဖြစ်အောင် တည်ဆောက်ရသည်။

နံနက် (၈) နာရီပင် ထိုးလေပြီ။ ကျွန်ုပ်တို့ကား အသင့်ပင် ရှိနေပြီ ဖြစ်သော်လည်း ဆင့်ထားသည့်လှည်း မလာသေး။ ဓားပြတိုက်မှု ဖြစ်ပွားရာ လက်ပံတောင်ရွာကား ၄ တိုင် [(၈) မိုင်] ကျော်ကျော်မျှ ဝေးသဖြင့် အနည်းဆုံး ၄ နာရီခန့် လှည်းမောင်းရပေမည်။ ယခုအချိန်မှ မထွက်ရသေးလျှင် နေစောင်းမှပင် ရွာသို့ ရောက်တော့မည်။ ကျွန်ုပ်လည်း မစောင့်နိုင်တော့သဖြင့် မြို့တွင်းရှိ သူကြီးအိမ်သို့ အမှုထမ်း တစ်ယောက်ကို လွှတ်လိုက်ရတော့သည်။

မကြာမီပင် လှည်းရောက်လာသဖြင့် ကျွန်ုပ်က လှည်းသမားအား ဆီး၍–

'ဘယ့်နှယ့် ကိုယ့်လူ၊ ကြာလှချည်လား' ဟု ပြောလိုက်ရာ၊ လှည်းဆရာက 'ခင်ဗျားတို့ မာန်ဖို့ပဲ တတ်တယ်၊ နွားသွားကောက်ရသေးတယ်ဗျ' ဟု ကျွန်ုပ်အား မခန့်လေးစား ပြန်ပြောလိုက်ပါသည်။ ကျွန်ုပ်မှာလည်း နဂိုကတည်းက စိတ်တိုနေပြီဖြစ်ရာ ဤသို့ မမျှော်လင့်သည့် စကားမျိုး ကြားလိုက်ရသဖြင့် များစွာ ဒေါသထွက်သွားမိပေသည်။

'ဟော့ကောင် မင်း စကားပြောတာ ဘယ်လိုလဲ၊ နွားကောက်ရအောင်က ဘယ်အချိန် ရှိသေးလို့လဲ၊ မင်းတို့ နွားတွေက တောထဲ ရောက်နေပလား' ဟု မေးလိုက်ရာ ၎င်းက–





'တောထဲက ခေါ်ခဲ့ရတာပဲ၊ ခင်ဗျားတို့က မသိဘူး။ သူကြီးက ကျုပ်ဆိုရင် အားကြီး ညှဥ်းတယ်။ တစ်နေ့ကတင်ပဲ လှည်းအဆင့်ကျပြီး ခုတစ်ခါ ကျပြန်တယ်။ သက်သက် မတရားလုပ်နေတဲ့ သူကြီး' ဟု သူကပင် ဒေါနှင့်မောနှင့် ပြန်ပြောနေချေသေးသည်။

'မင်းနဲ့ သူကြီးနဲ့ မတည့်တာ ငါ မသိဘူး၊ ခုလည်းပဲ မင်းကို ငါ့မိန်းမက လှည်းစီးချင်လို့ ခေါ်တာ မဟုတ်ဘူး။ အစိုးရကိစ္စနဲ့ သွား မှာမို့ ခေါ်တာ၊ မင်း တော်တော် လူပါးဝ'

ကျွန်ုပ်မှာ ပြော၍သာ ပြောရသည်။ လှည်းသမားများအပေါ် များစွာ အာဏာရှိသူ မဟုတ်ပါ။ ၎င်းက လှည်းမလိုက်လို၍ ကျွန်ုပ်တွင် မည်သို့မျှ ဖမ်းဆီးချုပ်ချယ်နိုင်ခြင်း မရှိပေ။ သူကြီးများသာလျှင် ၎င်း တို့နှင့် တိုက်ရိုက် ဆက်ဆံနေ၍ ကျွန်ုပ်တို့ ဌာနာအုပ်ထက် ၎င်းသည် သူကြီးကို ပို၍ ကြောက်ကြလေသည်။ ကျွန်ုပ်တို့ ပုလိပ်ကိုကား ၎င်း သည် ရာဇဝတ်မှု ကျူးလွန်သူ မဟုတ်၍ ကြောက်ရန်လိုမည် မဟုတ် ပါပေ။

ထို့ထက် ဤလှည်းသမားကား မြို့ပိုင် ရုံးစိုက်ရာ တောမြို့ ကလေးမှ လှည်းဆရာ ဖြစ်၍ ကျွန်ုပ်လောက်ကို မှုသည် မဟုတ်ပါ၊

'တခြားလှည်းကို ငှားသွားနိုင်ရင် ငှားသွားကြပါလား။ ကျုပ် ပိုက်ဆံပေးလိုက်ပါ့မယ်'

ကျွန်ုပ် ကြားအောင် မဟုတ်သော်လည်း ၎င်းပြောသံကို ကျွန်ုပ် သဲ့သဲ့မျှ ကြားရလေသည်။

ခက်ပြီ၊ ဤလှည်းသမားအား ကျွန်ုပ်သည် အဘယ်ကဲ့သို့ ကျွန်ုပ်၏ ပါဝါကို ပြရပါမည်နည်း။ ကျွန်ုပ်ကား သူနှင့်အတူ ခရီး သွားရမည်ကိုပင် စိတ်လေးမိသေးသည်။ သို့သော် မတတ်နိုင်၊ သည်းခံ ၍သာ သွားရပေတော့မည်။ ဤလှည်းကို မလိုချင်၍ မဖြစ်၊ သူကြီးက သူ့အလှည့်ကျနှင့် ဆင့်ပေးသည် ဖြစ်၍ သူကြီး ပေးသည့် လှည်းကိုသာ

အသုံးပြုရပေမည်။ ကျွန်ုပ်လည်း ၎င်းပြောသည်ကို မကြားချင်ပြု၍ လှည်းပေါ်သို့ ပစ္စည်းများ တင်မည်ပြုသော် လှည်းပေါ်တွင် ဖျာစုတ်တစ်ခု ခင်းထားသည်ကို တွေ့ရပြီး၊ လှည်းပေါင်းမိုးမှာလည်း ဖရိုဖရဲဖြစ်နေသည်ကို မြင်ရသဖြင့် ကျွန်ုပ်မှာ လှည်းသမား၏ စေတနာမဲ့မှုကို သည်းမခံနိုင်တော့ပါ။

စေတနာကောင်းသည့် လှည်းသမား ဖြစ်ပါမူ ခရီးသည်များ မနာမကျင် စီးရစိမ့်သောငှာ လှည်းတွင်းဝယ် ကောက်ရိုးများ ထည့်သွင်းလာတတ်ပေသည်။ ယခုမူ ဤလှည်းဆရာကား ဖျာပင် အစုတ်ကိုသာ ခင်းလာပြီး၊ ပေါင်းမိုးကိုလည်း မီးနေခန်းအတွင်းမှ ဖျာတစ်ချပ်ကို ကောက်၍ တပ်လာခဲ့ပုံ ရလေသည်။

အကယ်၍သာ ကျွန်ုပ်တွင် အပြစ်မရောက်ပါက လှည်းသမားကို လိုမ့်၍ လိုမ့်၍ ကန်ချင်ပါသည်။ သို့သော် ၎င်းအား သူ၏ သူကြီးကိုသာ တိုင်ရမည်။ ငယ်နိုင်ကို ကိုင်မှ တော်တော့မည်ဟု ကြံစည်ပြီး အမှုထမ်းတစ်ယောက်အား သူကြီးကို အခေါ်လွှတ်လိုက်ရပြန်သည်။ သူကြီးကိုကား သူတို့ ကြောက်ကြသည်။ သူကြီးက ညှဉ်းလျှင် ခံရသည်။ သူကြီး လက်တွင်းဝယ် ချောပို့၊ ကင်းလှည့်၊ အဆင့်ခံ၊ အခွန်တော်ငွေ စသည်တို့ ရှိသည်။ သူကြီး ခိုင်းသမျှ မလုပ်လျှင် ဒဏ်တပ်ပင် ခံရသေးသည်။

သူကြီးလည်း အပြေးအလွှားပင် ရောက်လာပေသည်။ ကျွန်ုပ်ကလည်း လှည်းသမားရှေ့တွင်ပင် ၎င်းကြောက်ရသည့် သူကြီးမင်းအား သူ၏ လှည်းသမားလုပ်ပုံကို ပြောပြလိုက်ပြီး သူကြီးအားလည်း ဤလိုလှည်းသမားကို ကျွန်ုပ်တို့ထံ လွှတ်ရပါမည်လား ဟူ၍လည်း ထည့်သွင်း အပြစ်တင်လိုက်လေသည်။ သူကြီးကား ကျွန်ုပ်တို့နှင့် ခင်မင်ရင်းနှီးသူတစ်ဦး ဖြစ်၍ ကျွန်ုပ် ပြောပြီးလျှင်ပြီးချင်း လှည်းသမားကို ဆဲပါတော့သည်။





'ဟဲ့ကောင်၊ ခွေးမသား သွား သွား ခုသွား။ ကောက်ရိုး တင်ခဲ့၊ ပေါင်းမိုးလည်း အသစ်ထည့်ခဲ့၊ ဒီကောင် အားကြီး ဆင်ခြေထူတယ်။ သွား၊ မင်းမှာမရှိရင် တခြားက ငှားပြီး ဖျာရော ဘာရော ထည့်ခဲ့။ ဒီအကောင်က မနက်ကလည်း လှည်းခေါင်းက သူ့ကိုချည်းပဲ လှည်းချပါတယ် ဆိုပြီး လာတိုင်သေးတယ်။ တော်တော် ကြေးများတဲ့ အကောင်ပါပဲ ဥာနာပိုင်ကြီးရဲ့'

သူကြီး၏ စကားဆုံးလျှင်ပင် လှည်းဆရာသည် လှည်းကို မောင်းထွက်သွားပြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်လည်း သူကြီးအား လက်ပံတောင်ရွာတွင် ဓားပြမှု ဖြစ်ပွားကြောင်း၊ သူကြီး၏ လူဆိုးများကိုလည်း စစ်ဆေးကြည့်ရှုရန်နှင့် ဧည့်သည် အဝင်အထွက်ကိုလည်း ဂရုစိုက်ရန် မှာကြားရပါသေးသည်။

များမကြာမီပင် ကျွန်ုပ်တို့ လှည်းဆရာသည် အရွဲ့တိုက် လုပ်ခဲ့သလား မသိ၊ ပေါင်းမိုး အသစ်စက်စက်နှင့် လှည်းကို ကောက်ရိုးတစ်ထပ်ကြီး တင်ပြီး၊ နွားများကို ချူများတပ်လျက် အမြန်မောင်းနှင်ဝင်လာသည်ကို တွေ့ရလေသည်။

ကျွန်ုပ်လည်း ၎င်း မကျေမနပ် ဖြစ်နေသည်ကို သိသော်လည်း ခပ်မဆိတ်ပင် နေလိုက်ပြီး လှည်းပေါ်သို့ ထမင်းအိုး သေတ္တာ၊ လက်နှိပ်စက်၊ သေနတ်၊ အိပ်ရာလိပ် စသည်တို့ကို တင်ပြီးသော် သူကြီးအား နှုတ်ဆက်ပြီး နောက်ပါ အမှုထမ်း ၂ ဦးနှင့်အတူ ခရီးထွက်ခဲ့ကြတော့သည်။

**လှည်းသမား ချွတ်ခနဲ**

လက်ပံတောင်ရွာ ဆိုသည်မှာ ကျွန်ုပ်တို့ ဂါတ်ရှိရာ ဘုတလင်မှ အရှေ့တောင် အရပ်တွင် ရှိပြီး မုံရွာ–ရေဦးသွား မော်တော်ကား လမ်းမကြီးအတိုင်း ၃ မိုင်ခရီးမျှ သွားပြီးမှ တစ်ဖန် တောလမ်းတစ်လျှောက် သွားရ

လေသည်။ ၃ မိုင် ခရီးတွင် ပဲပြစ်တောဟူသည့် ရွာခေါင်း အုပ်သည့် ရွာငယ်ကလေး တစ်ရွာရှိပြီး ထိုရွာကို ဖြတ်၍ သွားရလေသည်။

ကျွန်ုပ်တို့ ပဲပြစ်တောသို့ ရောက်သည်ရှိလျှင် အချိန်မှာ (၁၀) နာရီ ကျော်ကျော်မျှရှိပြီး အတော်အတန်ပင် နေပူလျက် ရှိပေပြီ။ ကျွန်ုပ်တို့ ခရီးမှာ ရွာနံဘေးလမ်းကို ပတ်၍သွားလျှင် ဖြစ်နိုင်သော်လည်း လှည်းဆရာက ရွာတွင်းသို့ နွားကိုရိုက်ပြီး တရကြမ်း မောင်းနှင် ဝင်လိုက်သောကြောင့် ကျွန်ုပ်တို့လည်း ခပ်မဆိတ် လိုက်ပါလာကြရလေသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ရွာတွင်းသို့ဝင်ရန် စိတ်မကူးခဲ့သော်လည်း လှည်းသမားက ဝင်ရောက်ခဲ့ပြီ ဖြစ်၍ ကျွန်ုပ်လည်း ရွာခေါင်းအား တွေ့ပြမှုနှင့် ပတ်သက်၍ လူဆိုးများ အသွားအလာ၊ အနေအထိုင် စသည်တို့ကို ကြည့်ရှု စစ်ဆေးရန် မှာကြားမည်ဟု စိတ်ကူးထားလိုက်ရပေသည်။

လှည်းဆရာလည်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် ကျွန်ုပ်တို့အား ရွာခေါင်းအိမ်သို့ ခေါ်ဆောင် မောင်းနှင်သွားလေသည်။ ရွာခေါင်းအိမ်သို့ ရောက်သောအခါ ရွာခေါင်းက ကျွန်ုပ်တို့အား ဆီးကြိုသည်နှင့် ကျွန်ုပ်တို့လည်း လှည်းပေါ်က ဆင်းကြပြီး ရွာခေါင်းအိမ်အတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ကျွန်ုပ်တို့ အိမ်တွင်းသို့ရောက်၍ ရွာခေါင်းအား ပြောဖွယ်ဆိုဖွယ် ရှိသည်တို့ကို မှာကြားပြောဆိုလျက်ရှိစဉ်၊ ကျွန်ုပ်တို့ လှည်းဆရာသည် သူ့လှည်းမှ နွားများကို ချွတ်လျက်ရှိသည်ကို ကျွန်ုပ် သတိပြုမိလေသည်။ ကျွန်ုပ်လည်း နွားများ အပန်းဖြေ ရေတိုက်မည် အထင်ရှိနေ၍ အမှတ်တမဲ့ပင် ကြည့်နေမိရာက ၎င်းက ရွာခေါင်းအား လှမ်းပြီး–

'ဗျို့ ... ရွာခေါင်းမင်း၊ ဟောဒီက ဌာနာပိုင်ကြီးတို့အတွက် လှည်းတစ်စင်း ဆင့်ပါဗျို့' ဟု ပြောလိုက်မှ ကျွန်ုပ်တို့တွင် များစွာ အံ့အားသင့်သွားရပေသည်။

ဤလှည်းဆရာကား ကျွန်ုပ်တို့ အမိန့်မပေးဘဲ ရွာတွင်းသို့ ဝင်ခဲ့





သည်သာမက ရွာခေါင်းအိမ်သို့ပင် မောင်းနှင်ခဲ့သည်။ ဤမျှမကသေး၊ ရွာခေါင်းကိုပင် ကျွန်ုပ်တို့က တစ်စုံတစ်ရာ မပြောရဘဲ လှည်းဆင့်လျက် ရှိချေပြီ။ ဤမျှ စော်ကားသည့် လှည်းဆရာအား ကျွန်ုပ်မှာ သည်းမခံနိုင်လောက်အောင် ဒေါသထွက်မိသော်လည်း ရှေ့ဆက်လက်ပြီး ၎င်းဘာလုပ်မည်ကို သိလိုသဖြင့် ၎င်းပြောသည်ကို မကြားချင်ပြု၍ ကြည့်နေလိုက်မိသည်။

'ကဲ ... လုပ်ပါဗျို့၊ ဌာနာပိုင်ကြီးများ ခရီးဆက်သွားမယ် ထင်ပါရဲ့'

ကျွန်ုပ်နှင့် စကားမပြတ်သေးသည့် ရွာခေါင်းအား တကြော်ကြော် ခေါ်နေပြန်ချေပြီ။ ဤရွာခေါင်းကား ခေသူ မဟုတ်သည်ကို ၎င်းသည် နားလည်ပုံမရပေ။ သူကြီး မရှိဘဲ ရွာခေါင်း အုပ်ချုပ်ရသည့် ရွာ ဆိုလျှင် မည်သည့်ရွာမဆို အလွန်ရည်မွန်ရေးခြားရှိသည့် ရွာခေါင်းများသာ ထားစမြဲ ဖြစ်သည်။ ယခု ရွာခေါင်းကား ဤသို့ ရွာခေါင်းမျိုးသာမက မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည့် ရွာကို အုပ်ချုပ်ရသူ ဖြစ်၍ အခြားရွာခေါင်းတို့ထက် ပို၍ လူရည်လည်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မြို့နှင့်လည်းနီး၍ မော်တော်ကားဖြင့် ဥဒဟို ဖြတ်သန်းသွားလာနေသည့် ဌာနာတိုင်းမှ အရာရှိများနှင့် အမြဲမပြတ် ဆက်ဆံနေရသူ ဖြစ်သောကြောင့်တည်း။ ဤကဲ့သို့ လမ်းဘေးရွာများတွင် အ တတ ရွာခေါင်း ထားမိပါက အထက်လူကြီးလုပ်သူ သူကြီးတွင် များစွာ ခေါင်းကျိန်းခံရမည်။ မျက်နှာပန်းလှမည် မဟုတ်။ ထို့ကြောင့်လည်း လည်လည်ဝယ်ဝယ် ရှိသူကို ခန့်ရ၍ ထိုသူကိုယ်တိုင်လည်း အတွေ့အကြုံ များလာပြီး အရိပ်အကဲ နားလည်စွာ လည်ပတ်လာရသူ ဖြစ်ပေသည်။

ရွာခေါင်းလည်း လှည်းဆရာက ပြောဖန်များ၍ ကျွန်ုပ်တို့ရှိရာမှ လှည်းသမားထံ ထွက်သွားပြီး–

'ကိုယ့်လူ၊ ကိုယ့်လူက မြို့က လှည်းသမား ဆိုပြီး ကျုပ်ကို အမိန့်ပေးတာလား။ လူလည်း မလုပ်စမ်းပါနဲ့ကွာ။ တို့လည်း အဲဒီလောက်တော့ ပါးပါးသေးတယ်' ဟု ပြောပြီး ကျွန်ုပ်တို့ဘက်သို့ လှည့်၍ ကျွန်ုပ်အား 'အရှင်ဘုရား၊ ဒီလှည်းကို ဆက်စီးသွားမှာပဲ မဟုတ်လားဘုရား' ဟု လှမ်းမေးလိုက်လျှင် ကျွန်ုပ်ကလည်း လှည်းဆရာအား မခံချင်ဖြစ်နေခိုက်–

'ဟုတ်တယ်လေ ဘုတလင်ထဲက တောက်လျှောက်သွားဖို့ ဆင့်ခဲ့တာ။ ဒီလှည်းဆရာက ရှူးနေတယ်ဗျ။ တစ်လမ်းလုံး ကျုပ်တို့ကို ခွ လုပ်လာတာ' ဟု ပြောလိုက်လေသည်။

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ လှည်းဆင့်တဲ့ ထုံးစံကတော့ ခရီးလည်း ဝေးမယ်၊ လမ်းမှာလည်း ရွာရှိမယ်ဆိုရင် တစ်ဆင့်တစ်ဆင့် ပြောင်းဆင့်ရတယ် မဟုတ်လားဗျ။ ကျွန်တော်တို့ အဖို့တော့ ဒီရွာအထိ ပို့ဖို့သာ တာဝန်ရှိတာပဲ'

'ဟေ့ကောင် ... မင်းလှည်းကို တောက်လျှောက်စီးဖို့ ဆင့်လာတာ။ ဒီရွာမှာလည်း ခုချိန်မှာ ဘယ့်နှယ်လုပ်ပြီး လှည်းရမလဲ။ နွားတွေ လွှတ်ပြီး ဖြစ်နေရောပေါ့။ မင်းလည်း ကိုယ်ချင်းစာကြည့်ဦးမှပေါ့၊ လွှတ်ထားတဲ့ နွားကို ဘယ်သူ ပြန်ခေါ်ပေးချင်ပါ့မလဲ'

'ဒါတော့ မသိဘူးလေ။ လှည်းရအောင် လုပ်ဖို့ကတော့ ရွာခေါင်း တာဝန်ပဲ'

'ဟေ့ကောင် စကားများမနေနဲ့၊ လှည်းတပ်၊ ခု သွားမယ်' ဟု ကျွန်ုပ်က လှည်းတပ်ရန် ပြောသည်ကို လှည်းသမားက မတုန်မလှုပ်ပင် ရှိနေ၍၊ ကျွန်ုပ်၏ ပုလိပ်သားများက ရိုက်မည်တကဲကဲ လုပ်နေသောကြောင့် ကျွန်ုပ်က ၎င်းတို့အား ဟန့်တားလိုက်ရပြီး–

'ကဲ ဒီကောင်က ထုံပေပေ လုပ်နေတယ်။ ဟေ့ ထွန်းပွေ လှည်းတပ်ကွာ၊ တို့ဘာသာတို့ မောင်းသွားမယ်' ဟု ကျွန်ုပ်က ကျွန်ုပ်၏





ပုလိပ်သား တစ်ယောက်အား အမိန့်ပေးလိုက်ရာ၊ ထွန်းပွေ ဆိုသူကလည်း ချက်ချင်းပင် ကောက်ကာငင်ကာဖြင့် နွားများကို ဆွဲယူလာလေသည်။ ထွန်းပွေက ဤသို့ နွားများ ဆွဲယူလာသည်ကို လှည်းဆရာက လုရန် ကြိုးစားသည်တွင် ထွန်းပွေက တွန်းလွှတ်လိုက်သဖြင့် ယက်ကန်ယက်ကန်ဖြင့် လဲကျသွားလေတော့၏။ ထွန်းပွေမှာ ဗလကောင်းသူဖြစ်သဖြင့် ၎င်းသည် နောက်ထပ်လုရန် ကြိုးစားခြင်း မပြုတော့ပေ။

ထွန်းပွေ လှည်း က ၍ ပြီးသည်ရှိသော် ကျွန်ုပ်က–

'ကဲ လှည်းဆရာ၊ ခင်ဗျား လိုက်ချင်လိုက် မလိုက်ချင်နေ။ ကျွန်ုပ်တို့တော့ ခင်ဗျားလှည်းနဲ့ပဲ သွားမယ်။ မကျေနပ်ရင်လည်း မှုံရွာ သွားပြီး အရေးပိုင် တိုင်ချေ' ဟု ပြောပြောဆိုဆို လှည်းပေါ် တက်ခဲ့သဖြင့် ထွန်းပွေက မောင်း၍ ထွက်ခဲ့လေသည်။ ဤတွင်မှ လှည်းဆရာလည်း ဘာမျှ မပြောတော့ဘဲ နောက်မှ ယောင်ပေ ယောင်ပေဖြင့် လိုက်လာလေ၏။ ထွန်းပွေက လှည်းကို ခပ်ဆတ်ဆတ်ကလေး မောင်းသဖြင့် လှည်းဆရာသည် လှည်းပေါ်သို့ တက်ခွင့်မရဘဲ အပြေးအလွှား လိုက်ပါလျက် ရှိသည်။

ခရီးအတန်ငယ် ရောက်သော် ထွန်းပွေက 'ကိုယ်တော် လှည်းခဏ မောင်းခဲ့ပါ၊ ကျွန်တော်မျိုး ဆင်းပြီး ဒီကောင်ကို ဆုံးမစမ်းမယ်၊ ကိုယ်တော်က သဘောကောင်းနေလို့ မဖြစ်ဘူး' ဟု ပြောရာ၊ ကျွန်ုပ်တွင်လည်း စိတ်တိုနေပြီ ဖြစ်၍ 'ကြည့်လုပ်ကွာ၊ ဒါပေမဲ့ လက်မလွန်စေနဲ့' ဟုသာ ပြန်၍ ပြောလိုက်မိလေသည်။

ထွန်းပွေလည်း လှည်းပေါ်မှ ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်နှင့် အခြားပုလိပ်သားများက လှည်းပေါ်မှနေပြီး ထွန်းပွေ မည်သို့လုပ်မည်ကို တစေ့တစောင်းကြည့်ရင်း လှည်းကို ဆက်လက် မောင်းမြဲ မောင်းလာခဲ့ကြသည်။

ထွန်းပွေ ဆိုသူမှာ အရပ် ၅ ပေ ၉ လက်မခန့်ရှိပြီး တုတ်တုတ်

ခိုင်ခိုင်နှင့် အလွန်သန်မာသူ ဖြစ်ရာ၊ ၎င်းအား ကြည့်ရသည်ပင် ကြောက်မက်ဖွယ် ကောင်းသူတစ်ဦး ဖြစ်ပေသည်။ သူ့အား ကျွန်ုပ်တို့ တရားခံစစ်ဆေးရာတွင် များစွာ အသုံးဝင်သူတစ်ဦး ဖြစ်ပေသည်။ ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်ခဲ့သည့် များစွာသော တရားခံတို့မှာ မိမိ ကျူးလွန်ခဲ့သည့် အပြစ်ကို ခံယူရန် အလွန် ကြောက်ရွံ့သူများ ဖြစ်သည်ကို တွေ့ခဲ့ရပေသည်။ မိုက်မဲစွာ အပြစ်ပြုခဲ့ကြသလောက် အပြစ်ခံရန် ဦးလေးသူများပင်။ ထို့ကြောင့်လည်း အမှုစစ်ဆေးရသည့် ကျွန်ုပ်တို့ပုလိပ်မှာ တရားခံတစ်ဦး ဖြောင့်ချက်ပေးရန် အမျိုးမျိုး စစ်ဆေးရပေသည်။ ကြောက်တတ်ပုံရသည့် တရားခံအား ခြောက်လုံး လှန့်လုံးများဖြင့် စစ်ဆေးစေကာမူ ၎င်းသည် အပြစ်ကျမည်ကို ပို၍ ကြောက်သဖြင့် စစ်ဆေးရာ၌ အလွန်ခက်ခဲရပေသည်။ ဥပဒေကို အလွတ်ရနေသည့် လည်လည်ပတ်ပတ် တရားခံများကလည်း လည်လွန်းအားကြီး၍ အစစ်ရခက်ပြန်သည်။ ထို့ကြောင့် ပုလိပ်တို့သည် တရားခံများအား ရိုက်နှက်စစ်ဆေးကြရပေသည်။ ဤသို့ ရိုက်နှက်ရာတွင် ပုလိပ်များအဖို့ အပြစ်မကင်းသော်လည်း မိမိ စစ်ဆေးမည့် တရားခံသည် သေချာပေါက်အပြစ်ကျူးလွန်သူမှန်း သိကြ၍ လည်းကောင်း၊ ၎င်းတို့ဖြောင့်ချက်သည် မိမိအမှုတွင် များစွာ အရေးပါ အရာရောက်သောကြောင့် လည်းကောင်း ဤအမှုကို ပြုကျင့်ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ပုလိပ်များသည် အမှုစစ်ဆေးရာတွင် စိတ်မရှည်တတ်ကြသည်ကြောင့် တစ်ကြောင်း၊ ရိုက်ခြင်း၊ နှက်ခြင်းသာလျှင် လွယ်လွယ်ကူကူ ပြုလုပ်နိုင်ကြသည် ဖြစ်၍ တရားခံအား ရိုက်နှက်စစ်ဆေးတတ်ကြခြင်း ဖြစ်သည်။ သို့သော်လည်း ယခု ကျွန်ုပ် စစ်ဆေးမည့် ဤမြားပြမှုတွင်ကား မရိုက်မနှက်ရဘဲနှင့် စစ်ဆေးနိုင်သည့် နည်းလမ်းတစ်ခုကို ကျွန်ုပ်တွင် တွေ့ရှိကျင့်သုံးအောင်မြင်ခဲ့ရကြောင်း နောင်တွင် တွေ့ရှိကြလိမ့်မည် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ ထွန်းပွေကား တရားခံတိုင်း ကြောက်ရွံ့ကြရသူ





ဖြစ်ပေသည်။ ထို့ကြောင့်လည်း အမှုစစ်ဆေးသူ အရာရှိများက အမှုစစ်စရာရှိတိုင်း ခေါ်ယူအသုံးချတတ်သဖြင့်၊ ယခုလည်း ကျွန်ုပ်နှင့်အတူ လိုက်ပါလာခဲ့သည်တွင် တရားခံများ အစအန မတွေ့ရသေးမီပင် ကျွန်ုပ်တို့အား ကလန်ကဆန် လုပ်နေသည့် ဤလှည်းဆရာအား ပဏာမဆုံးမရန် ပွဲဦးထွက်လိုက်ခြင်းပင် ဖြစ်တော့သည်။

ထွန်းပွေကား ပထမ မည်သို့မျှ မလုပ်သေးဘဲ လှည်းဆရာနှင့်အတူ တွဲလျှောက်လာသည်ကို ကျွန်ုပ်တို့ လှမ်းမြင်နေရလေသည်။ ၎င်းက ရယ်ရယ်မောမောဖြင့် တစ်စုံတစ်ခု ပြောလိုက်သည်ကို လှည်းဆရာကလည်း ကျေနပ်စွာ ပြုံးလိုက်သည်ကိုလည်း ကျွန်ုပ်တို့သည် အံ့သြကြီးစွာ တွေ့ရလေသေးသည်။ ထို့နောက်တွင်လည်း လှည်းဆရာကို သူက ကျောတသပ်သပ်နှင့် ဖြစ်နေပြန်ပါသည်။ ကျွန်ုပ်တို့မှာလည်း ထွန်းပွေ မည်သို့ ဖြစ်နေသည်ကို မတွေးတတ်အောင် ဖြစ်နေမိသည်။ ခဏပင် ကျောသပ်ပေးနေသည့် သူ၏ ကြီးမားလှသည့် လက်ကို လွှဲ၍ လှည်းဆရာ၏ ကုပ်ပိုးကို တစ်ချက် ရိုက်ချလိုက်သည်ကို မြင်ရပြီး လှည်းဆရာမှာလည်း ရှေ့သို့ ဟပ်ထိုး ဟပ်ထိုး လဲကျသွားသည်ကို မြင်လိုက်ရလေသည်။ လှည်းသမားကို သူ သွားရောက်ထူသည်။ အပွန်းအပဲ့ ရှိသလားဟု လှန်လှောကြည့်နေသည်။ နောက် လှည်းသမားအား ပွေ့ထူကာ လမ်းပေါ်သို့ တွဲတင်၍ လမ်းလျှောက်လာကြပြန်သည်။

ခြေနှင့်ကျောက်လိုက်၊ လက်နှင့် ကုပ်ကိုရိုက်လိုက်၊ ရယ်ကာမောကာ စကားပြောလိုက်နှင့် ၃–၄ ချီ ထိုးသတ်ပြီးသည့်နောက်မှ ထွန်းပွေသည် လှည်းပေါ် ပြန်တက်လာပါသည်။ လှည်းသမားမှာ မျက်နှာငယ်ငယ်နှင့် နောက်မှ တကောက်ကောက် လိုက်လာသည်။ ကျွန်ုပ်စိတ်ဆိုးသည်လည်း ပြေစပြုနေပြီ။ ၎င်းအား သနား၍လည်း လာသည်။ လှည်းပေါ် ခေါ်တင်ပြီး အကျိုးသင့် အကြောင်းသင့် ပြောမည်ဟု

စိတ်ကူးမိသည်။ ထွန်းပွေအား ပြောပြရာ– 'ကိုယ်တော်ကလည်း နေပါစေ၊ နေပူလို့ သေသေ၊ နှမြောစရာရှိတဲ့ အကောင် မဟုတ်ပါဘူး'

ကျွန်ုပ်လည်း "ဟုတ်ပါရဲ့လေ၊ ဒီလောက် မိုက်တဲ့အကောင် ဒုက္ခတော့ ရောက်စေဦးမှပဲ" ဟု အောက်မေ့ကာ ဆိတ်ဆိတ် နေလိုက်တော့သည်။ ထိုနောက်မှ ကျွန်ုပ်က ထွန်းပွေအား ဘာတွေပြော၍ ရယ်သည်၊ ဘယ်လို ရန်ရှာလိုက်သည်ကို မေးကြည့်ရာ–

'ကျွန်တော်မျိုးက မြန်မာရှင်ဘုရင် လက်ထက်က ရှင်ဘုရင်များ ထွက်တော်မူမည်ဆိုရင် ရှေ့က အာဏာသားတွေကို လွှတ်လိုက်ပြီး မတ်တတ်ရပ်နေတဲ့လူတို့၊ မရိုမသေ ထိုင်နေတဲ့ လူတို့ကို ဒီလို ရိုက်သတဲ့ကွာ ဆိုပြီး လက်နဲ့ ကုပ်ကို ရိုက်ပြလိုက်တယ်။ ယိုင်ထိုးအသွားမှာ လိုက်ဆွဲပြီး တစ်ခါ ရိုက်ပြန်တယ်။ နောက်တစ်ခါ ယိုင်ထိုးတဲ့လူဆိုရင် ဒီလို ခြေနဲ့ကန်တယ် ဆိုပြီး ကန်ပြလိုက်တယ်။ လှည်းသမားက သူ့ကို သက်သက် ရိုက်တယ်လို့ ပြောတယ်။ ကျွန်တော်မျိုးက မဟုတ်ဘူးကွ၊ မင်းက ဗဟုသုတ သိပ်နည်းနေလို့ ဗဟုသုတရှိအောင် ငါက ကိုယ်ဟန်လက်ဟန်နဲ့ မှတ်မိအောင် လုပ်ပြတာကွလို့ ပြောပြရတယ်'

ရိုက်ပုံရိုက်နည်းမှာ အကြောင်းနှင့် မဟပ်မိ ဖြစ်နေရာ လှည်းသမားအား ၎င်း မခန့်လေးစားလုပ်၍ အရိုက်ခံရကြောင်း မသိဘဲ ကစားရိုက် ရိုက်သည်မှာ နာတော့ နာပေသည်။ သို့သော် ရည်ရွယ်ချက်နှင့် မကိုက်ညီလှပါ။ သို့နှင့် ကျွန်ုပ်မှာ–

'ထွန်းပွေရာ မင်းဥစ္စာ မဟုတ်သေးပါဘူး၊ ငါ့ကို မခန့်လေးစားလုပ်လို့ ဒီလို ခံရတယ်ဆိုတာ သိအောင် ပြောဦးမှပေါ့ကွ၊ မင်းရိုက်တာနည်းမကျဘူး' ဟု ညည်းညူ ပြောဆိုမိလေသည်။

ထွန်းပွေသည် လှည်းပေါ်မှ ဆင်းသွားပြန်လေသည်။ ကျွန်ုပ်မှာ သူ ရိုက်ပုံရိုက်နည်း လမ်းမမှန်သော်လည်း နောက်ထပ် ရိုက်နှက်ခြင်း





ကိုကား မလိုလားတော့သဖြင့် 'ဟော့ ... ဟော့ ... ထွန်းပွေ နေပါစေတော့ ကွာ၊ သူလည်း ရိပ်မိကောင်းပါရဲ့၊ တော်ပါတော့' ဟု တောင်းပန်မှ ထွန်းပွေ ပြန်လာလေတော့သည်။

## ခြေချုပ်လူဆိုး

ပွဲဖြစ်သောရွာတွင် (H.O.R.A.) ခေါ် ခြေချုပ်ဥပဒေ မဖျက်သိမ်းမီ အချိန်က ခြေချုပ်နှင့်ထားသော လူဆိုး ငမိုးသည် ကျွန်ုပ်တို့ ထွက်သွားကြပြီးမှ ရွာခေါင်းက ကျွန်ုပ်တို့လာကြောင်း ပြောသောကြောင့် လှည်းနောက်မှ အမြန်လိုက်လာ၏။ ရွာသာရွာ အရောက်တွင် သူ မီလာတော့သည်။ သူသည် လူဆိုး ဖြစ်သဖြင့် အနီးအနားတွင် ဓားပြမှု ဖြစ်နေ၍ ၎င်းအား မသင်္ကာမည်ကို စိုးရိမ်သည်။ ဘယ်လို သတင်းများ ရှိနေသည်ကို သိလိုသည်။ သို့နှင့် ကျွန်ုပ်တို့အား "မျက်နှာလုပ်" ထားမှ သင့်မည်ကို သဘောပေါက်သူ ဖြစ်သည့်အားလျော်စွာ ကြက်အသေ တစ်ကောင်နှင့် ကြက်ဥ ငါးလုံးတို့ကို ပုဆိုးလွယ်အိတ်နှင့် ထည့်ကာ ခပ်သုတ်သုတ် လိုက်လာခြင်း ဖြစ်သည်။

ကျွန်ုပ်။ ။ 'ဟော့ ငမိုး ဘာလဲကွ၊ သတင်းထူးများ ရှိသလား'

ငမိုး။ ။ 'သခင်တို့လည်း ထွက်သွားမှ ရွာခေါင်း ပြောတာနဲ့ အိမ်မှာလည်း မနက်က ကြက် ခွေးကိုက်လို့ သေလဲနေတော့ သခင်နဲ့ ထိုက်လို့ပဲလို့ ပေးချင်တာနဲ့ လိုက်ခဲ့တာပါပဲ ဘုရား။ ကျွန်တော်မျိုး တတ်နိုင်တာ ရှိရင်တော့ သိတော်မူတဲ့အတိုင်းပါပဲ၊ ဘယ်ဘက်က ထားထား ကူညီပါတယ်'

'အေး ... အေး ... အရှေ့ဘက်သားတွေများ လာသံ မကြားဘူးလားကွ'

'လာတယ်ကို မကြားမိပါဘူး ဘုရား'

'နည်းနည်းပါးပါးတော့ တောတဲတွေမှာ စုံစမ်းဦးကွာ၊ သတင်းစ

ရရင် ငါ့ပြောပဲဟော့။ မင်းကူညီလို့များ အမှုပေါ်ရင်တော့ လူဆိုးစာရင်းက မင်းကို ပယ်ဖျက်ပစ်မယ် သိလား'

လူဆိုးတို့သည် ပုလိပ်ကြည့် ရာဇဝင်လူဆိုး အဖြစ်ကို အလွန် မနှစ်မြို့ပေ။ အကြောင်းမှာ သူတို့သည် လွတ်လွတ်လပ်လပ် မနေရဘဲ ခဏခဏ ပုလိပ် လာလာမေးသည်က တစ်မျိုး၊ တစ်ရပ်တစ်ရွာ သွားလျှင်လည်း ရွာသူကြီးထံ ခွင့်ပန်ရသည်က တစ်မျိုး၊ ပုလိပ်က ရောက်ရာ အရပ်တွင် စစ်ဆေးခြင်း ခံရသည်နှင့် သူတို့သွားလိုသည့်ရွာ မရောက်သေးမီပင်လျှင် ပုလိပ်က ၎င်း၏ရာဇဝင်ကို လူဆိုး သွားမည့်အရပ်မှ ပုလိပ်အား အကြောင်းကြားထားသည်။ ထိုရွာသို့ ရောက်လျှင်လည်း လူဆိုးချင်းမှလွဲ၍ လူကောင်းများက အပေါင်းအသင်း မလုပ်ချင်ကြပေ။ ၎င်းပြင် ဌာနာပိုင်၊ အမှုစစ် ရာဇဝတ်အုပ်၊ ပုလိပ်သားများသည် ရွာနားရောက်တိုင်း ဝင်ရောက်လာတတ်ကြပြီး ကြက်၊ ကြက်ဥ၊ အရက် စသည်တို့ကိုလည်း ၎င်းတို့အား အခွန် ခဏခဏ ဆက်ရပြန်သည်။ လူဆိုးများမှာ အတော်အခက်အခဲများ တွေ့ရပေသည်။ ကျွန်ုပ်အား ယုံကြည်စိတ်ချသော လူဆိုးတစ်ယောက်၏ လူဆိုးစာရင်းဖျက်ရန် ပြောစကားကို ကျွန်ုပ် အမှတ်ရသေး၏။

'လူဆိုးစာရင်းကများ ကျွန်တော်မျိုးကို ဖျက်ပစ်မယ် ဆိုရင် ငွေ ၅၀ိ၊ ၁၀၀ိ တော့ ဖြစ်သလို ကြံဖန်ပေးဂါမယ်'

ကျွန်ုပ်က 'မင်းမှာ ၅၀ိ၊ ၁၀၀ိ မဆိုထားနဲ့။ ၅ ကျပ် ၁၀ိ တောင် မရှိဘဲ ဘယ့်နှယ်ပေးမလဲ။ ဘာဖြစ်လို့ ကြွေးအတင်ခံပြီး လူဆိုးစာရင်းက ဖျက်ချင်သလဲ'

'ကိုယ်တော်က သိမှ မသိဘဲနဲ့။ လာသမျှ လူဆိုးစစ် စုံထောက်၊ ပုလိပ်သားမှအစ သူကြီးကလည်း ဧည့်သည်လာတိုင်း ကျွန်တော်မျိုးအတွက် လာတယ်၊ စုံစမ်းကြတယ် ဆိုပြီး ကြက်ပေးဦး၊ ကြက်ဥပေးဦး၊ အရက်ရှာဦးနဲ့ဟာ ပြတ်တယ် လပ်တယ်ကိုမှ မရှိဘဲ ဘုရား။ ၁၀၀ိ၊ ၅၀ိ လောက်သာ ရှာပေးနိုင်လို့ စာရင်းက ဖျက်မယ်ဆိုရင် ဒီငွေလောက်





တော့ တစ်နှစ်လောက် အစိုးရဘက်က လူများ မလာရင် ကျေအောင် ဆပ်နိုင်ပါတယ်' ဟု သနားစဖွယ် ကျွန်ုပ်အား ဖွင့်ဟ ပြောဖူးရာသည်ကို ထောက်သော် စာရင်းဝင် လူဆိုးများ၏ ဒုက္ခကို သိလောက်ပေသည်။

ကျွန်ုပ်မှာ ပုလိပ်ပင် ဖြစ်သည်။ ကျွန်ုပ်လည်း ဒီပုတ်ထဲက ဒီပဲပင် ဖြစ်ပေသည်။ ဆင်းရဲသည်၊ ချမ်းသာသည် မဟူ တောရွာများသို့ ရောက်လျှင် လူဆိုးစာရင်းဝင်တို့သည် ပုလိပ်၏ ထမင်းအိုးများ ဖြစ်ပေသည်။ သူတို့သည် ပုလိပ်များ၏ ကြက်၊ ကြက်ဥ၊ အရက်များ တောင်းခံ၍ ရရှိကြရာတစ်ခု ဖြစ်ပေသည်။

ဆားပုလင်း (SURVELLANCE) ခေါ် လူဆိုးစစ်များမှာ တနင်္ဂနွေတစ်ပတ်လျှင် စနေနေ့နှင့် တနင်္ဂနွေနေ့များသာ တောမှ အိမ်သို့ပြန်၍ ဒိုင်ယာရီရေးရန် အမိန့်ရှိသည်။ လူဆိုး ရှိသည့် ရွာများသို့ ခဏခဏ ရောက်ရမည်မှာ ဥပဒေတစ်ရပ် ဖြစ်ပေသည်။ သူတို့မှာ ထမင်းအိုးနှင့် သွားနိုင်သူများ မဟုတ်ပေ။ ရွာများတွင် ထမင်းရောင်းသောဆိုင်လည်း မရှိပါ။ အချို့ အချို့သော သူကြီးများမှာ စေတနာ သဒ္ဓါတရားရှိရှိနှင့် ကျွေးချင်ကြ၊ မွေးချင်ကြ၏။ အချို့ အချို့မှာကား ပစ္စည်းဥစ္စာ ရှိသော်လည်း ပုလိပ်သား ရွာလာလျှင် ပုန်း၍ပင် နေတတ်၏။ ပုလိပ် လက်မှတ်ထိုး စာအုပ်ကိုပေးပြီး ဟိုရှောင် ဒီရှောင်နှင့် လုပ်နေတတ်ကြ၏။ ဆားပုလင်း လုပ်သူများသည် မိမိတို့အိမ်သို့ တောဧည့်သည်လာလျှင် သူကြီး၊ ရွာခေါင်း မဆိုထားနှင့်ဦး၊ လူဆိုးတို့ လာလျှင်လည်း အမြဲတမ်း ကျွေးကြမွေးကြရသည်။ သို့မှသာ ၎င်းတို့ရောက်သော ရွာများတွင် ကျွေးချင်မွေးချင် ရှိမည်ကို သိနားလည်စွာ ဆောင်ရွက်ကြရခြင်း ဖြစ်လေသည်။ ရသည့် လခကလည်း နည်း၊ ဧည့်စရိတ်က ကြီးသောကြောင့် ဘယ်နည်းနှင့်မျှ လောက်ငအောင် မလုပ်နိုင်ကြပေ။

လူဆိုးစစ်တို့၏ ခရီးစရိတ်မှာလည်း နည်းလှသည်။ သို့ဖြစ်၍ ပုလိပ်၊ စာသင်၊ ရာဇဝတ်အုပ်တို့သည် မြေတိုင်းစာရေး၊ မြေတိုင်း

အင်စပိတ်တော်တို့၏ အဆင့်အတန်းနှင့် ရရှိသော ငွေတို့မှာ တူမျှကြသော်လည်း ထိုမြေစာရင်းဌာန အမှုထမ်း၊ အရာထမ်း၊ အရာရှိတို့မှာ ပင်စင်ယူလျှင် မိမိတို့အိုး၊ မိမိတို့အိမ်နှင့် နေနိုင်လေသည်။ ပုလိပ်ဌာနတွင်မူကား အသက် ၅၅ နှစ်ပြည့်၍ ပင်စင်ယူရမည်ဟု ဥပဒေရှိလို့သာ ယူရမည်။ နေစရာအိမ် မရှိ၊ ပင်စင်လစာနှင့် မလောက်၊ စုပြီး ဆောင်းပြီးလည်း ဘာမျှမရှိ ဆိုသည့်လူမှာ ၁၀၀ လျှင် ၈၅ ယောက် ရာခိုင်နှုန်းလောက် တွေ့မြင်ခဲ့ရလေသည်။

သို့သော်လည်း ထိုစဉ်အခါက ငွေတန်ဖိုး အများကြီး ရှိလေသည်။ လူ မလိမ္မာလှသောကြောင့်သာ မဟုတ်ပါ။ အရနှင့် အကုန်မမျှတရန် ပုလိပ်တို့တွင် ဖြစ်နေသည့် ဤကဲ့သို့သော အချက်အလက်များ အများအပြား ပါဝင်ပါသည်။ အင်္ဂလိပ်များ ကြီးစိုးစဉ်က ဤကဲ့သို့ဖြစ်ခဲ့ရသော်လည်း လွတ်လပ်ပြီးသော မြန်မာပြည်ထောင်စုကြီးမှာကား ဤသို့ မဖြစ်ပါစေနှင့် ဟုသာ ဆုတောင်းရပေတော့သည်။ (ဤကားစကားချပ်တည်း။)

ကျွန်ုပ်သည် ငမိုးကို လိုက်မလာစေလိုပါ။ ကျွန်ုပ်တို့ သိသောအချက်အလက်တို့ကိုလည်း မပြောလိုပါ။ စစ်ဆေးနည်း၊ မေးမြန်းနည်းကိုလည်း မပြောချင်သောကြောင့် ၎င်းအား အရှေ့နယ်ဘက်သားများအကြောင်း၊ ဖဲဝိုင်းအကြောင်း စသည်တို့ကိုသာ စုံစမ်းရန် စေခိုင်းပြီးလျှင် ကျွန်ုပ်တို့သည် ရွာသာရွာထဲသို့ သူကြီးအား စုံစမ်းရန် ခေတ္တနားကြပေတော့သည်။

သူကြီးမှာ လူရိုးကြီးတစ်ယောက် ဖြစ်သည်။ သူကြီး မလုပ်လိုလှသော်လည်း ၎င်း၏မိန်းမက သူကြီးကတော် လုပ်ချင်သည်။ သို့နှင့် သူကြီး လျှောက်ရာ ပြိုင်ဘက် မရှိသဖြင့် ခန့်အပ်ခြင်းခံရသူ ဖြစ်သည်။ မိန်းမ ရှေ့ဆောင်မှု ပြီးသူတစ်ယောက် ဖြစ်၏။

'သူကြီးမင်း နေကောင်းပါရဲ့လား။ ကျွန်တော်လည်း မရောက်တာ





တော်တော် ကြာသွားပြီနော်။ သူကြီးကတော်ကြီးကော'ဟု ကျွန်ုပ်သည် အရေးပါ အရာရောက်သော သူကြီးကတော်အား မျက်နှာချိုသွေးရပြန်လေသည်။

'မှန်ပါ ကျန်းမာပါတယ်၊ သူကြီးကတော်လည်း ရှိပါတယ်၊ နေကောင်းကြပါတယ်'

အလိုက်သိသော သူကြီးကတော်သည် ကျွန်ုပ်အား နှုတ်ဆက်ပြီး လှည်းပေါ်မှဆင်းရန် ဖိတ်မန္တက ပြုလေသည်။ ထို့နောက် လက်ဖက်ရည်ကြမ်း၊ ငှက်ပျောတစ်ဖီး၊ ထန်းလျက် အမြည်း စသည်တို့နှင့် လောကွတ်ပျူငှာပြုလေသည်။

ကျွန်ုပ်လည်း လှည်းပေါ်မှဆင်းပြီး ဆာလည်း ဆာနေပြီဖြစ်၍ သဒ္ဓါကြည်ဖြူစွာ ကျွေးမွေးသော အစားအသောက်များကို စားကာ သောက်ကာနှင့် သူကြီးကတော်ဆီမှ သတင်းများ ရလိုရငြား တီးခေါက်လိုက်မိ၏။ ထိုသို့ တီးခေါက်လိုက်လျှင်ပင် သူကြီးကတော်က–

'မနေ့ညက ခြေမြန်တွေ အုတ်ဖိုက ရောက်လာပါတယ်။ ရောက်ရောက်ချင်းပဲ အစိုးရကင်းများ ဆင့်ထားတဲ့အတိုင်းပေါ့၊ မောင်းထုပြီး ကင်းချထားတယ်။ လမ်းမနဲ့ တောလမ်းတွေလည်း လူဆို့ အသွားအလာများ သိရအောင် စောင့်ခိုင်းတယ်။ သူတို့လည်း သွားကြပါတယ်။ ဘာမှတွေ့တယ် မပြောကြပါဘူး ဌာနာပိုင်ကြီးရယ်၊ ဒီဘက်ပိုင်းက လူဆိုးတော့ ဟုတ်မထင်ပါဘူး'

သူကြီးမင်းကား ပါးစပ်ပေါင်းလောင်းသားနှင့် ကျွန်ုပ်တို့အနီးတွင် ထိုင်လျက် သူကြီးကတော်က စည်းနှင့်ကမ်းနှင့် လုပ်သည်၊ မလုပ်သည်ကို အပထား၍ သူကြီးကတော် ပြောသွားသည့် စကားများကို အလွန်ကျေနပ်နေပုံ ရပေသည်။

ကျွန်ုပ်က သူကြီးအား ကျီစယ်လို၍ 'ဟုတ်ရဲ့လား သူကြီးရဲ့၊ သူကြီးမင်းကတော့ မယားငယ်အိမ် သွားအိပ်နေပြီး သူကြီးကတော်က

သူကြီးအလုပ်တွေ လျှော့က်လုပ်နေတာကို၊ အခု ပြောတော့ အံ့အားသင့်နေသလားဗျ၊ သူကြီးရဲ့'

'မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော်လည်း ရှိပါတယ်။ ရပ်သူရွာသားတွေ မောင်းထုလို့ လာကြတော့ ကျွန်တော်ပဲ မင်း ဘယ်သွား၊ မင်းက ဘယ်က စောင့်နေလို့ ခိုင်းလိုက်ရပါတယ်'

'အောင်မာ ဟုတ်လိုက်တာ၊ မောင်း ထထု ကတည်းက ကျုပ်၊ လူတွေလာတော့လည်း ကျုပ်ပဲ။ အစိုးရက ဆင့်တဲ့အတိုင်း ကင်းချဖို့၊ ခြေမြန်လွှတ်ဖို့ လူခွဲရတယ်။ သူဖြင့် ဘာမှလုပ်တာ မဟုတ်ဘူး။ သူခိုင်းလို့လည်း ရွာသူရွာသားက အရေးစိုက်မှာ မဟုတ်ပါဘူး။ ဌာနာပိုင်ကြီး သူကြီး အကြောင်းတော့ သိပြီ မဟုတ်လား'

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ သူ ကြွားတာပါ၊ ဘာမှ လုပ်မှာမဟုတ်ပါဘူး' ဟု ကျေးလိုက် မွေးလိုက် လုပ်နေသော သူကြီးကတော်အား မြှောက်ကာ ပင့်ကာနှင့် သူပေးသော ငှက်ပျောတစ်ဖီးနှင့် ထန်းလျက်များ ဝအောင် စားကာ ကျွန်ုပ်သည် သူကြီးကတော်ဘက်မှ အားပေးအားမြှောက် ပြောလိုက်သေး၏။

ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်ုပ်တို့ သူကြီးမှာ ရိုးလွန်းတော့အ ဆိုသလို ရိုးရိုး မှန်မှန် ပြောမှုကြောင့်ပင် တစ်ခါကပင် ထုချေလွှာအတောင်းခံရသည်ကို သတိရမိသေးသည်။

တစ်လ၊ နှစ်လလောက်က သူ၏အပိုင် တောထဲတွင်နေသော အိမ်တစ်အိမ်၌ ည ၈ နာရီ သာသာလောက်တွင် လုယက်မှု ဖြစ်ပွားရာ ထိုတော တဲရှင် လာရောက် တိုင်၏။ တိုင်လျှင်တိုင်ချင်း ထုံးစံအတိုင်း ဆိုလျှင် မောင်းထု၍ လူစုရမည်။ လူစုပြီး အခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်ရမည်။ ထိုလူဆိုးများ ထွက်သွားလျှင် ခြေရာခံရမည်။ ပထမဦးစွာ တရားလိုကို စစ်ဆေးရမည်။ တရားခံကို သိသည်ဆိုလျှင် မိမိ





ကိုယ်တိုင် သွားရောက် ဖမ်းဆီးရမည်။ အမှုကြီး ဖြစ်၍ ဌာနာကို တိုင်စေရမည်။

ကျွန်ုပ်တို့ သူကြီးရိုးကြီးက လုယက်မှု လာတိုင်လျှင် သူ ဘာမှ မလုပ်။ ဌာနာသွားတိုင်ရန် ခိုင်းသည်။ မောင်းထုပြီး လုစုသည်။ ထိုနောက် ရပ်သူရွာသားများကို အခင်းဖြစ်ပွားရာသို့ စေလွှတ်သည်။ သူကိုယ်တိုင် လိုက်မသွားပေ။

ကျွန်ုပ်တို့ ရောက်ရှိ၍ စစ်ဆေးလျှင် အမှုပေါ်ပေါက်ရန် ဘာမျှ မကြိုးစားဘဲ၊ မိမိအိမ်ကို ဆက်လက် စားပြတိုက်မည်ထင်၍ အချို့ရွာသားများအား သူ့အိမ်တွင် အစောင့်ခိုင်း၍ တခြားရွာသားများကို အခင်းဖြစ်ပွားရာသို့ စေလွှတ်ကြောင်းတို့ ပေါ်ပေါက်လာတော့၏။ အလုပ်ပျက်ကွက်မှု ဖြစ်၍ အရေးပိုင်အား တိုင်ရမည် ဖြစ်သည်။ သို့သော် သူကြီးနှင့် ဌာနာအုပ် ဆိုသည်မှာ တစ်ယောက် အကြောင်းရှိလျှင် တစ်ယောက် ကူကြစမြဲ ဖြစ်သည့်အပြင်၊ ထိုအမှုကို စစ်ဆေးစဉ်တွင် ၎င်းအိမ်မှာ အိပ်ကာစားကာနှင့် နေခဲ့ကြရကား စားစားသောက်သောက် နေခဲ့သော သူကြီးအား အရေးယူရန် အရေးပိုင်ထံသို့ တိုင်တန်းမည်ကို ကျွန်ုပ်အဖို့ များစွာ ဝန်လေးမိပေသည်။

ထိုသို့ မတိုင်လို၍ သူ့အား ကျွန်ုပ်က 'ကဲ ခင်ဗျား ဒီလိုပြောရင်တော့ ကျုပ်မှာလည်း တာဝန်ရှိတယ်။ အရေးပိုင် တိုင်ရလိမ့်မယ်။ အရေးပိုင်လည်း မတိုင်ချင်ဘူးဗျာ။ ဒီတော့ မြို့အုပ်တို့၊ နယ်ပိုင်တို့ စစ်ရင် ဒီလိုမပြောနဲ့။ ခင်ဗျား အခင်းဖြစ်ပွားရာကို သွားတယ်၊ ခြေရာခံလိုက်တယ်လို့ ပြောမှ ဖြစ်မယ်။ အမှုတရားစွဲ တင်ရင်လည်း ဒီအတိုင်းပဲ ခင်ဗျားက ရုံးမှာ အစစ်ခံပေတော့' ဟု သင်ပေးမိလေသည်။

သူကြီးက သူ လိမ်မပြောလိုကြောင်း၊ ရုံးတွင် ပြောရလျှင် သူ့တွင် ကျမ်းစူးလိမ့်မည်ဟု ငြင်းနေရာ ကျွန်ုပ်တို့မှာ သူကြီး ကြောက်သော သူကြီးကတော်၏ အကူအညီကို ယူရလေတော့သည်။ ကျွန်ုပ်တို့

သင်ကြားထားသည့်အတိုင်း ထွက်ဆိုပါမည်ဟု သူကြီးက သူကြီးကတော်အား ကတိပေးမှ ကျွန်ုပ်တို့မှာ စိတ်အေးရတော့သည်။

သို့သော်လည်း ထိုသူကြီးမှာ ကျွန်ုပ်တို့ သင်ကြားထားသည့်အတိုင်း ပြောရမည်ကို အလွန် ဝန်လေးနေသည်။ ထို့ကြောင့်ပင် ရုံးတော်၌ တရားစွဲဆိုရာတွင် ကျွန်ုပ်တို့ သင်ထားသည့်အတိုင်း မထွက်ဆိုဘဲ သူ လုပ်သမျှကိုသာ အမှန်အတိုင်း အစစ်ခံလိုက်တော့လေသည်။

ကျွန်ုပ်တို့ လုပ်ထားသော ချိတ်ဆက်တို့သည် သူကြီး ထွက်ချက်နှင့် လွဲကုန်လေပြီ။ တရားသူကြီးသည် ကျွန်ုပ်တို့ ပုလိပ်ဘက်မှ စစ်ဆေးချက်တို့ကို မယုံကြည်တော့ပေ။ တရားခံအား လွှတ်ပစ်ပြီး သူကြီးပေါ့လျော့၍ ဤတရားခံ အပြစ်မှ လွတ်သွားရကြောင်းကို စီရင်ချက်တွင် ရေးမှတ်ပြီး အရေးပိုင်အား အကြောင်းကြားရာ အရေးပိုင်က ထိုသူကြီးအား ထုချေလွှာ တောင်းတော့သည်။ အရေးပိုင်က ထုချေလွှာ တောင်းလျှင် ပေါ့လျော့မှု၊ ဝတ္တရား မကျေပွန်မှုတို့ဖြင့် အလုပ်က ပြုတ်သွားမည်ဆိုက သာသာကြည်ကြည်ပင် အလုပ်မှ ထွက်မည် ဟူသော တွက်ကိန်းနှင့် သူကြီးက အေးနေ၏။ ကျွန်ုပ်ထံသို့လည်း မလာတော့။ သို့သော် သူကြီး၏ ထုချေချက်ကို အထက်လူကြီးများက မကျေနပ်လျှင် ထောင်ပင်ကျမည် အထင်ရှိသောကြောင့် ကျွန်ုပ်ထံသို့ တိုင်ပင်ရန် လင်မယားနှစ်ယောက် လာကြလေသည်။

သူကြီးကတော်သည် ကျွန်ုပ်အား အားကိုးမှ ဖြစ်မည်။ ဤထုချေချက်ကို ကျွန်ုပ် ရေးပေးမှပင် အဆင်ပြေမည်ကို ပါးနပ်သူပီပီ သိရှိဟန်တူ၏။ ကျွန်ုပ်အတွက် လက်ဆောင်ပဏ္ဏာကိုလည်း ယူလာသည်။ လက်ဆောင်ပဏ္ဏာ ဆို၍ ကြီးကြီးကျယ်ကျယ် အဖိုးတန်ပစ္စည်းဟု မမှတ်ပါလင့်။ သနပ်ခါးတုံးနှင့် သူတို့ ထန်းတောက ထွက်သော ထန်းလျက်များသာ ဖြစ်သည်။

ကျွန်ုပ် သင်ပေးသည့်အတိုင်း ရုံးတော်တွင် သက်သေမခံသော





ကြောင့် အမှုရောက်လာသော သူကြီးအား ကျွန်ုပ်အနေနှင့် အသို့လျှင် ကျေနပ်နိုင်ပါမည်နည်း။ သူကြီး၏ ညံ့ဖျင်းမှု၊ ကျမ်းသစ္စာ ကြောက်မှုကြောင့် ကျွန်ုပ်၏တရားခံ လွတ်မြောက်သွားသည့်အပြင် ကျွန်ုပ်အားလည်း နောက်ဆက်တွဲ ရာဇဝတ်ဝန်က ပေါ့ပေါ့ဆဆ လုပ်သည်ဟု အပြစ်တင်ခြင်း၊ သက်သေဆင်တတ်သည်ဟု အထင်ရှိကာ အရေးယူခြင်းတို့ ပြုမည်ဆိုက ခံရပေဦးမည်။

သို့သော် တော်ပါသေး၏။ သူကြီးသည် သူ့သဘော သူ့အထင်အမြင်များနှင့် ထုချေပါက ကျွန်ုပ်အဖို့ ဆိုးနေကောင်း ဆိုးပေလိမ့်မည်။ ယခုမူ ကျွန်ုပ် အလိုကျ ဖြစ်စေရန် ကိုယ်တိုင်စီကုံး ထုံးဖွဲ့ကာ ရေးပေးနိုင်ခြင်းကြောင့် ကိုယ့်အတွက် ကာကွယ်နိုင်သော ထုချေချက်ကို ရေးပေးနိုင်ပေမည်။

သူကြီး။ ။ 'ဥာနာပိုင်ကြီးပဲ မ စ ပါဦး။ တော်တော်ကြာ အပြက် အပြက်နဲ့ နှာခေါင်းသွေး ထွက်နေပါဦးမယ်'

ကျွန်ုပ်။ ။ 'သူကြီးက အတော်ရှော်တာပဲ၊ တစ်ခါ ပြောတဲ့ စကားကို ပြင်လို့ မကောင်းဘူး ဆိုတာလောက်တော့ သိဖို့ကောင်းတယ်'

သူကြီးကတော်။ ။ 'အို မပြောချင်ပါဘူး ဥာနာပိုင်ကြီးရယ်။ တော်တော့ကို အ တဲ့ န တဲ့ လူရာမဝင်တဲ့ လူကြီးပါ၊ ကျုပ်မို့ သည်းခံပြီး ပေါင်းနေတာ။ သူလေ ကျုပ်သာသေသွားရင် ခက်မယ် ဥာနာပိုင်ကြီး၊ ကျုပ်ပြောတာ မှတ်သာထားပါ'

ကျွန်ုပ်လည်း သင့်လျော်သော ထုချေချက် တစ်ခုကို ရေးပေးလိုက်ပါသည်။ ထိုကိစ္စမှာ ကြီးလေးလှသောကိစ္စ မဟုတ်သဖြင့် ဒဏ်ငွေ ၂၅ ကျပ် တပ်ရိုက်ပြီး အမှုကို ပိတ်လိုက်ပါသည်။ ကျွန်ုပ်အား ထိုကိစ္စကို ဤမျှဖြင့်ပြီးအောင် ဆောင်ရွက်ပေးနိုင်သဖြင့် ယနေ့အချိန်အထိပင် ကျေးဇူးတင်လျက် ရှိကြပေသေး၏။

ဤမျှရိုး၊ ဤမျှ အ သော သူကြီး ဖြစ်ပါသည်။ သို့ကြောင့်ပင်

သူကြီးကတော်၏ ဩဇာကို ညောင်းရသူ ဖြစ်ပါသည်။ ထိုစဉ်ကလည်း သူကြီးကတော် ကြိမ်းမောင်းသမျှ သဘောကောင်းကောင်းနှင့် ငုံ့ခံနေသည်ကို တွေ့ခဲ့ရဖူးပေသည်။

နံနက်စာတော့ လွတ်သွားပြီ ဖြစ်လေသည်။ "ရွာသာ" သူကြီးအိမ်က ငှက်ပျောသီး၊ ထန်းလျက်တို့ဖြင့် အတော် ဗိုက်ဝသွားပြီ ဖြစ်၍ သတင်းများ ရရှိလျှင် အုတ်ဖိုသို့ မဆိုင်းမတွ လာရောက်ပြောကြားရန် မှာထားခဲ့ကာ ကျွန်ုပ်တို့သည် အုတ်ဖိုဘက်သို့ ထွက်ခဲ့ကြလေသည်။

"ရွာသာ" သူကြီးနှင့် တွေ့ရသဖြင့် အကျိုးထူးတစ်ခု ရလိုက်သည်မှာ လူဆိုးများ လမ်းမသို့ ထွက်မလာခြင်းပင် ဖြစ်ပါသည်။ လူဆိုးများ ထွက်မလာခြင်းအားဖြင့် လမ်းကို မှန်းဆနိုင်လေသည်။

ဆက်လက်၍ အုတ်ဖိုရွာသို့ လှည်းမောင်းသွားရာ နေ့ ၁ နာရီခွဲသာသာတွင် ရောက်ရှိပါသည်။

ယခုအမှုဖြစ်သည့် အချိန်တွင် အုတ်ဖိုသူကြီးမှာ အိုမင်းမစွမ်းရှိပြီဖြစ်၍ ၎င်း၏သမက်ဖြစ်သူက သူကြီး လုပ်နေသောအချိန် ဖြစ်လေသည်။ အင်္ဂလိပ် လက်ထက်တွင် အုတ်ဖိုသူကြီး ဦးသာအေး ဆိုသူမှာ ဗန္ဓကရသေ့ တိုင်းပြည်ပုန်ကန်မှု မဖြစ်ပွားမီ ကြိုတင်၍ တိုင်းပြည်ပုန်ကန်လိမ့်မည်ဟု အစိုးရများအား တိုင်တန်းဖူးပေသည်။ ထိုသို့ တိုင်တန်းသော်လည်း အရေးပိုင်၊ ရာဇဝတ်ဝန်တို့သည် များစွာ အယုံအကြည်မရှိလှပါ။ ယခုခေတ်ကဲ့သို့ ပုဒ်မ ၅ လည်း မရှိသဖြင့် လည်းကောင်း၊ ဗန္ဓကရသေ့ လုပ်ပုံကိုင်ပုံမှာ ဆေးရောင်းခြင်း၊ ငွေအလှူခံခြင်း၊ ဘုရားတည်ခြင်း၊ ကန်တူးခြင်းများသာ ဖြစ်၍ အရေးယူနိုင်ရန်လည်း ဥပဒေနှင့် ငြိစွန်းမှု မရှိသေးသဖြင့် လည်းကောင်း အရေးမယူခဲ့ပါ။

ဗန္ဓကသည် သာသနာ့ ဒါယကာ အမည်ကို ရလိုသောကြောင့် ရှင် ၉၉ ပါးကို သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်လေသည်။ ထိုစဉ်က ၎င်းအလှူတွင် ဘုန်းတော်ကြီး ၉၉ ပါး၊ လှည်း ၉၉ စီး၊





အလှူဝတ္ထု ၉ မျိုး အစရှိသဖြင့် တြင်းကျေ နဝင်းကျေ အလှူကြီးဟု အမည်ပေးပြီးလျှင် ဗန္ဓကသည် မိမိကိုယ်ကိုမိမိ "သာသနာ့ဒါယကာ" ဟူသော အမည်ပေးလေသည်။

ထိုနောက်မှ ဗန္ဓက ရသေ့ကတော်များ ပေါ်ပေါက်လာရာ ရပ်ရွာကလည်း အကြည်ညိုပျက်၊ ရသေ့ကတော်ချင်းလည်း ရန်ဖြစ်ကြ ဖြစ်နေစဉ် အစိုးရဘက်မှ စုံထောက်များကလည်း ဥဒဟို ဖြစ်နေသည်ကို ရိပ်မိသော ဆရာဗန္ဓကသည် မိဖုရားလောင်း ရသေ့မများနှင့် တိတ်တဆိတ် ပျောက်ကွယ်သွားတော့သည်။ ထိုသို့ ပျောက်ကွယ်သွားမှသာ အစိုးရများ မျက်လုံးပြူးတော့သည်။ ရွှေဘို၊ ကသာ၊ မြစ်ကြီးနားတို့တွင် ပိုက်စိပ်တိုက်၍ ရှာပါသည်။ မတွေ့ပါ။ ထိုနောက် (ရွှေဘိုနယ်) တပယင်း ဌာနာကို အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်သော အခါမှသာ ဗန္ဓက၏ တော်လှန်ပုန်ကန်ခြင်းကို ဒိဋ္ဌ သိရပေတော့သည်။

ထိုအခါကျမှ အုတ်ဖိုသူကြီး ဦးသာအေးအား မုံရွာ အရေးပိုင်၊ စစ်ကိုင်း ခရိုင်ဝန်မင်းတို့သည် ခေါ်ယူတွေ့ဆုံကာ ယင်းရှေ့က အစီရင်ခံစာပေါ်တွင် အရေးတယူ ပြုလုပ်ပြီး ဗန္ဓကအား ရမိရန် ဦးသာအေးအား စေခိုင်းလေတော့သည်။

ဦးသာအေးသည် ထိုစဉ်က အင်္ဂလိပ် အစိုးရအား ကြည်ညိုလေးစားသည်။ အားကိုးသည်။ ထိုကြောင့်ပင် လုံ့လ ဝီရိယ စိုက်ထုတ်၍ ဗန္ဓက၏ သတင်းကို စုဆောင်းပေးခဲ့သည်။ အုတ်ဖိုသူကြီး၏ သတင်းပေးမှုကြောင့် ဗန္ဓကအား ဖမ်းဆီးရမိသောအခါ အစိုးရကလည်း ကျေးဇူးတင်စွာဖြင့် ဦးသာအေးအား ဆုငွေ ၅၀၀ဝိ နှင့် နာမည်ကောင်း လက်မှတ်အပြင် ခြောက်လုံးပြူး တစ်လက်ကိုပါ ချီးမြှင့်ခြင်းကို ခံရလေသည်။

ခြောက်လုံးပြူး ဆိုသည်မှာ အင်္ဂလိပ်ခေတ်တွင် ကိုင်ဆောင်နိုင်ခွင့် ရရှိသူ နည်းလှ၏။ အရာရှိများမှလွဲ၍ ရပ်သူရွာသား ဆိုလျှင် သူဌေးသူကြွယ်များပင် လိုင်စင် မရကြပေ။ ကျွန်ုပ် မှတ်မိသမျှမှာ

ထိုစဉ်က မင်းတိုင်ပင် အမတ်များကိုပင် ခြောက်လုံးပြူး မပေး၍၊ မင်းတိုင်ပင် ဘတ်ဂျက်အစည်းအဝေးတစ်ခု၌ ငွေ ဒီ ဖြတ်တောက်ခြင်း အဆိုတစ်ခုကိုပင် တင်သွင်းသည်ဟု သိရ၏။ ထိုအဆိုနှင့် အကျပ်ကိုင်မှသာလျှင် အစိုးရက မင်းတိုင်ပင် အမတ်များအား လိုင်စင်နှင့် ကိုင်ဆောင်ခွင့်ကို ပြုသည်။

သို့ကြောင့်ပင် ခြောက်လုံးပြူး ကိုင်ဆောင်နိုင်သည် ဆိုလျှင် ဂုဏ်ယူကြသည်။ အလှူအတန်း ဖိတ်စာများတွင်ပင် ခြောက်လုံးပြူး လိုင်စင်ရ၊ ဆန်စက်ပိုင် စသည်ဖြင့် ထည့်သွင်း ရေးကြသည်ကို တွေ့ခဲ့ရဖူးပေသည်။ ယခုမူကား ခြောက်လုံးပြူးပင်မက စတင်းဂန်း၊ တော်မီဂန်း အစရှိသော စက်သေနတ်များကိုပင် ကိုင်ဆောင်နိုင်ကြသူ အများအပြား ရှိနေပေသည်။ ရှေးခေတ်က ခြောက်လုံးပြူး ခါးထိုးကြသော လူများမှာ ဂျပန်လက်ထက်မှ ယနေ့တိုင် ခြောက်လုံးပြူး မရှိလို့လားတော့ မသိပါ။ ခြောက်လုံးပြူး ခါးထိုးကြသည်ကို မတွေ့ရတော့ပေ။ ဂုဏ်မရှိတော့၍ မထိုးကြသလား ဟုလည်း မပြောနိုင်ပါ။

ဗန္ဓကမှာ ကျွန်ုပ် ဌာနာအုပ် လုပ်နေစဉ်တွင် ထောင်မှ လွတ်လာပြီး ရာဇဝင်လူဆိုး အဖြစ်နှင့် ၎င်း ကြီးစိုး တန်ခိုးထွားခဲ့သော ဘီရူးရွာတွင်ပင် ထားရှိခဲ့လေသည်။ ၎င်းအား ဆရာကြီးဟုပင် လူတိုင်းက ခေါ်ဝေါ်ကြလေသည်။ သူကိုယ်တိုင် ဘာမျှ အလုပ် မလုပ်ပေ။ မိန်းမ လုပ်ကျွေးသည်ကို စားသောက်နေသူတစ်ယောက် ဖြစ်လေသည်။

အုတ်ဖို သူကြီးမှာ အသက်အရွယ် အတော်ကြီးနေပြီ ဖြစ်၍ ၎င်း၏ သားအကြီးမှာလည်း ငပုရင်းရွာတွင် သူကြီး ဖြစ်နေသည်။ နောက် သားတစ်ယောက်မှာလည်း စက်ပိုင် ဖြစ်နေသဖြင့် သမက်အား သူကြီးရာထူး လွှဲထားချိန် ဖြစ်သည်။

အုတ်ဖို သူကြီး၏ သမက်သည်လည်း မြေပိုင်ရှင် တောင်သူကြီး တစ်ဦး ဖြစ်၍ သူကြီး မလုပ်လိုလှပေ။ သို့သော် မိဘဂုဏ်သိန် မချို့





စေ၍ တစ်ကြောင်း၊ သူကြီး လုပ်မှသာလျှင် နှစ်လုံးပြူးသေနတ် လိုင်စင် ရနိုင်မည် ဖြစ်၍ ၎င်းသည် သူကြီးလုပ်နေသူ ဖြစ်ပေသည်။ (သူသည် ဂျပန်ခေတ်တွင် သူကြီး မလုပ်ခဲ့ပါ။)

အဖေ၊ အဘိုးတို့သည် ထိုရွာတွင်ပင် သူကြီး လုပ်ခဲ့ကြရသဖြင့် ၎င်းတို့မှာ ဩဇာရှိလှလေသည်။ ၎င်းတို့၏ လယ်ယာကိုင်းကျွန်းများကို လုပ်ကိုင်သူများမှာလည်း ၎င်းတို့၏ ရွာသားများဖြစ်၍ တော်ရုံ အမှုအခင်း ဆိုလျှင် ရုံး၊ ဌာနာသို့ မရောက်ခဲ့ပေ။ သူကြီး၏ ဖျန်ဖြေမှု၊ အပြစ်ပေးမှုတို့ကိုသာ ခံယူကြလေသည်။

ယခု အမှုဖြစ်ပွားရာ လက်ပံတောင်ရွာမှာ အိမ်ခြေအားဖြင့် ၃၅၊ ၄၀ လောက်သာ ရှိသည်။ သူတို့သည် လက်ပံအရှေ့ရွာ၊ မြောက်ရွာတို့မှ ခွဲထွက်လာသူများ ဖြစ်သည်။ ထိုသို့ ခွဲထွက်ခြင်းမှာ မိမိတို့ လုပ်ခင်းနှင့် ဝေး၍ နီး၍ သင့်လျော်ရာ ရွှေ့ပြောင်းခဲ့ခြင်း မဟုတ်ဘဲ ထိုလက်ပံအရှေ့ရွာသူကြီး အုပ်ချုပ်မှုသည် တရားသည် မထင်၍ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်ဟု သိရလေသည်။

**အမှုဖြစ်ပွားရာ**

ကျွန်ုပ်တို့သည် လှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်းပင် သူကြီးက မဖြစ်ထိုက်ဘဲ ဖြစ်သွားရ၍ ဝမ်းနည်းကြောင်းအပြင်၊ အမေဆင်၏မိန်းမ သေရသည်ကို ၎င်းမှာ များစွာ သနားနေကြောင်း စသည်တို့ကို ပြောဆိုကာ ကျွန်ုပ်တို့အား ခရီးဦး ကြိုဆိုရှာလေသည်။

'သနားနေလို့တော့ မပြီးကြသေးဘူး သူကြီးမင်းရဲ့၊ ကျွန်တော်တို့ ဒီအမှုကို ပေါ်အောင် စစ်ရလိမ့်မယ်'

'ကဲပေါ့ ဌာနာပိုင်ကြီးရယ်၊ ကြိုးတော့ ကြိုးစားရမှာပေါ့'

'ဘယ်က ကဲရမလဲဗျ။ သူကြီးလည်း ဩဇာရှိတဲ့လူပဲ။ သတင်း အစအနရအောင် ရပ်သူရွာသားတွေက သိသမျှ ပြောကြရင် အမှုပေါ်ရ

မှာပေါ့။ ဒီမှာဗျ သူကြီးရဲ့၊ ဓားပြတိုက်ရင် လက်ထောက် ရှိရမယ်။ လက်ထောက် ဆိုတာ ဝေးဝေးက မဟုတ်ဘူး၊ အုတ်ဖို လက်ပံတောင်ရွာ မြောက်ရွာ အရှေ့ရွာတို့က ဖြစ်ရမှာပေါ့'

သူကြီးသည် လူရိုးတစ်ယောက် ဖြစ်သည်။ မြို့နှင့်မနီးသော တောသူကြီးမင်း ဖြစ်နေသောကြောင့် စကားကို ရေလည်အောင် မပြောတတ်ရှာပေ။ သို့နှင့် သူကြီးက –

'ဌာနာပိုင်ကြီးရဲ့၊ လက်ပံရွာသားနဲ့ အုတ်ဖိုရွာသားထဲကသာ လက်ထောက်ချတယ်လို့ အမှန်သိရရင်တော့ တရားစွဲမနေပါနဲ့၊ ကျွန်တော် သတ်ပစ်ပါ့မယ်'

'ဒီလောက်လည်း အာမခံ မရဲနဲ့လေ'

'ဟုတ်တယ် ဌာနာပိုင်ကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အုတ်ဖိုရွာမှာ ဆိုရင် ကျွန်တော်တို့ အမျိုးနဲ့ သူကြီးကြီး (သူ့ယောက္ခမ ကို ဆိုလိုသည်) အမျိုးပဲ ရှိတယ်။ တခြား ရပ်ရွာသား ဆိုရင် ကျွန်တော် တို့ ရွာသူကို လာ "မလည်" ရဘူး။ ဒီရွာက ယောက်ျားတွေ တခြားသွား အလုပ်လုပ်ပြီး မိန်းမ ပါလာရင် ရွာအဝင်မခံဘူး။ သူ့မိန်းမရွာ လိုက် သွားရတယ်။ မိန်းမ ဆွေမျိုးတွေဟာ လူရိုးလူကောင်းတွေ ဆိုတာ ကိုယ်တိုင် စုံစမ်းပြီးသိမှ ရွာနေခွင့်ပြုတယ်။ ကျွန်တော်တို့ဟာ ရွာသန့် အောင် ဒီလောက် လုပ်ထားပါတယ်။ လက်ပံတောင်ရွာ ဆိုရင်လည်း ဟိုသူကြီးနဲ့ မတည့်လို့ ရွာခွဲချင်တယ် ဆိုတော့ ရှုပ်ရှုပ်ယှက်ယှက်လူ မပါရအောင် ရွေးပြီးတော့မှ လက်ခံတယ်။ ရွာမိန့်ခံပေးတယ်။ ကျွန်တော့် လယ်တစ်ကွက်လည်း ရွာမြေအဖြစ် ပေးလိုက်တယ်။ အခု လက်ပံရွာသား တွေဟာ လယ်လုပ်တယ်။ အားရင် နိဗ္ဗာန်ဆော် လုပ်ပြီး ကသာ၊ ရွှေဘို၊ မြစ်ကြီးနားတို့ သွားပြီး အလှူခံကြရတယ်။ ဒီလောက် ကြပ်မတ်တဲ့ အထဲကမှ မကောင်းတဲ့လူ ပါလာရင်တော့ဖြင့် အံ့စရာပဲခင်ဗျ။ ကျွန်တော့် ရွာမှာ ထန်းရည်ရောင်းတဲ့လူ၊ အရက်ချက်တဲ့လူ မရှိဘူး။ ဌာနာပိုင်ကြီး





တို့ ပျော်တတ်ရင်တော့ တခြားမှာ ရှာကြပေတော့' ဟု ကျွန်ုပ်တို့ကိုပင် ထန်းရည်၊ အရက် မရနိုင်ကြောင်း ပြောချလိုက်သည်။

ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်ုပ် ကိုယ်တိုင်လည်း အုတ်ဖို ရွာသူ ရွာသား၊ လက်ပံတောင် ရွာသားများ ထန်းရည်၊ အရက် မရောင်း ကြကြောင်း သိပါသည်။ သို့သော် လမ်းတစ်ခုသာ ခြားသော ဘီရူးရွာ (ဇန္ဒက နေသောရွာ) တွင် လည်းကောင်း၊ လက်ပံတောင်ရွာနှင့် ယာ ၄ ခင်းလောက်သာ ခြားသော ရွာများတွင် လည်းကောင်း ထန်းရည်နှင့် အရက် ရနိုင်လေသည်။ ကျွန်ုပ်၏ လူဆိုးစစ်အဖွဲ့၊ နယ်လှည့်စုံထောက် များ ကောင်းကောင်း သိပေသည်။ ၎င်းတို့မှာ ဤသို့ ထန်းသမား၊ အရက်သမား မရှိသော နေရာဆိုလျှင် ကိုယ် ကြိုက်တတ်သော အရည် ဖြစ်၍ မရှိ ဆိုသည်ကို ၎င်းတို့ မကြိုက်နိုင်ပါ။ အရက် တိတ်တိတ်ပုန်း ရောင်းသူ၊ ထန်းရည် တိတ်တိတ်ပုန်း ရောင်းသူတို့သည်သာလျှင် သူတို့ ၏ မိတ်ဆွေစစ်၊ ထမင်းကျွေးမည့်သူများ ဖြစ်နေပေသောကြောင့် "မရှိ" ဟု မဆိုရအောင်ပင် သူတို့ အားပေးနေကြရပါသည်။

### လူဆိုးစစ်တို့ တာဝန်

လူဆိုးစစ်တို့ တာဝန်မှာ ဥပဒေအရဆိုလျှင် စနေနေ့နှင့် တနင်္ဂနွေနေ့မှ လွဲ၍ အိမ်သို့ပြန်ရသူများ မဟုတ်ပေ။ ရွာများတွင် အချို့သူကြီးများ သည် ပစ္စည်းရှိသော်လည်း စေတနာ မရှိ၍ လူဆိုးစစ်များကို ထမင်း မကျွေးချင်ကြပါ။ တချို့ကသာ စေတနာနှင့် ကျွေးချင်ကြလေသည်။ သို့သော် ၅၀ ရာခိုင်နှုန်းသာ ကျွေးချင်သူရှိ၍ ကျန်ရာခိုင်နှုန်းက မကျွေး ချင်ကြပါ။ ထိုမကျွေးချင်သော ရွာကိုလည်း သူ့မှာ တာဝန်ဖြစ်၍ သွားရ ပေမည်။ မသွားလျှင် မဖြစ်ပါ။ သွားရမည် ဆိုလျှင် ထမင်း မည်သူ ကျွေးမည်နည်း။ ထမင်းကျွေးမည့်သူ မရှိ၍ မသွားချင်သော်လည်း မဖြစ် သောကြောင့် ထန်းရည်ရောင်းသူ၊ အရက်ရောင်းသူ၊ ဖဲဝိုင်းခံတတ်သူ

တို့နှင့် အပေါင်းအသင်းလုပ်ရသည်။ ထန်းရည်သမား၊ အရက်သမားကလည်း ဥပဒေနှင့် မလွတ်သည့် အလုပ်ကို လုပ်စားရသဖြင့် ကိုရွှေပုလိပ်ကို ကြည်ကြည်ဖြူဖြူ ထမင်းကောင်း ဟင်းကောင်းဖြင့် ကျွေးကြမွေးကြ၊ ညှော်ခံကြပါသည်။

တစ်ခါတစ်ရံ ဌာနာပိုင်နှင့် အမှုစစ် ရာဇဝတ်အုပ်များနှင့် မိမိနယ်အတွင်းသို့ ကြွလာသော အခါများတွင် ကြက်၊ ကြက်ဥ၊ ထန်းရည်၊ အရက်တို့ဖြင့် ငယ်သားဖြစ်သော လူဆိုးစစ်က ထိုကြွရောက်လာသောအရာရှိများကို "မသာလက်ဖက်နှင့် မျက်နှာလုပ်" နိုင်ပါသည်။ ဌာနာပိုင်နှင့် ရာဇဝတ်အုပ်မင်းတို့ လာလျှင် ထိုသို့မှ ဝတ်မပြုနိုင်ပါက မျက်နှာကောင်းလည်းမရ ဖြစ်တတ်ပါသည်။ ထို့ကြောင့် လူဆိုးစစ်သည် ထန်းရည်သမား၊ ကြက်သမားနှင့် ပေါင်းတန်သမျှ ပေါင်းရခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ဤဌာနာသို့ ရောက်စအချိန်တွင် ဌာနာပိုင် အသစ်လည်း ဖြစ်၊ စေတနာ ဝေဖြာလျက် ဥပဒေနှင့် မညီညွတ်သည်တို့ကို ကွပ်ညှပ်မည်၊ အရက်ချက်သူ၊ ထန်းရည်ရောင်းသူ၊ ဖဲဒိုင်တို့ကို အရေးယူမည်ဟု ကြိမ်းဝါးခဲ့၏။ လူဆိုးစစ် ဒိုင်ယာရီတို့တွင် အမြောက်အမြားမှတ်ချက်ချခဲ့၏။ ဆုငွေပေးမည် ဟုလည်း ကြော်ငြာ၏။ ထုချေလွှာတောင်း၍ အရေးယူမည်ဟုလည်း ခြိမ်းခြောက်ခဲ့၏။ သို့သော်လည်း လက်အောက်ငယ်သားတို့တွင် များစွာ တုန်လှုပ်ခြင်း မရှိကြဘဲ တစေ့တစောင်းအားဖြင့် ကျွန်ုပ်ထံရောက်အောင် ပြောမည့်သူများကို ရွေး၍ ဌာနာပိုင်မှာ ဌာနာပိုင်ပါး မဝသေးဘူးဟု ထေ့တေ့တေ့ ပြောသံကို ကြားရပါသည်။

သို့သော် ကျွန်ုပ်ကား အကြောင်းစုံ မသိရမီ ကျွန်ုပ်၏ရည်ရွယ်ချက်ကို အပျက်မခံလိုပေ။ ကျွန်ုပ် ဌာနာမှ နှစ်ချုပ်တွင် အရက်မှုပေါင်းမည်မျှဖမ်းသည်၊ ဖဲဒိုင် ဘယ်နှမှု အရေးယူသည်ကို ပြလိုလှပေသည်။ ရာဇဝတ်ဝန်၏ ချီးကျူးခြင်းကို ခံလိုလှပေသည်။ ရာထူးတိုးချင်လှပေ





သည်။ ဤကဲ့သို့ မညှာမထောက် လုပ်လျှင် ရာထူးလည်း ခုန်၍ ခုန်၍ တိုးမည်ဟုလည်း ထင်မိပေသည်။ သို့သော် ဤသို့ကား မဟုတ်ပေ။

ကျွန်ုပ်သည် အရင်းကို စစ်ဆေး လေ့လာသည်။ လူငယ်များကို ပြောဆိုခွင့်ပေးသည်။ သူတို့ ပြောချင်တာ ပြောနိုင်ရန် နည်းလမ်းများကို ချပေးသည်။ ကိုယ်တိုင်လည်း ရာဇဝတ်ဝန်ကြီး၊ ဝန်ကလေး၊ တိုက်ပိုင်တို့အား ကိုယ့်အထင်အမြင်ကို မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ပြောတတ်သည်။ မှားသည်ဟု သိရလျှင် ဝန်ခံတတ်သည်။

ဌာနာတွင် ကျွန်ုပ် အတော်ကြာကြာ ကြီးမှူး အုပ်ချုပ်မိ၍ ငယ်သားဟူသမျှနှင့် ရင်းနှီးမိသောအခါ တစ်နေ့တွင် လူဆိုးစစ်နှင့် ဤကိစ္စနှင့် ပတ်သက်၍ စကားလက်ဆုံ ကျခဲ့ကြ၏။

လူဆိုးစစ်က–

'ပုလိပ်ဝတ္တရားဟာ အများသားပဲ ဆရာ။ ပုလိပ်နဲ့ မဆိုင်တဲ့ ကိစ္စရယ်လို့ မရှိပေမင့် ပုလိပ်တို့ရဲ့ လခ၊ ခရီးစရိတ်တို့ ဆိုတာက နည်းလည်းနည်း၊ အချုပ်အချယ်တွေကလည်း များတော့ ဒီလို အရက်ပုန်းရောင်းတဲ့လူ၊ ဖဲဒိုင်ခံတဲ့လူတို့ မရှိရင် ကျွန်တော်တို့မှာ စားရခက်၊ သောက်ရခက်၊ သွားရခက် ဖြစ်ပြီး အလုပ်တာဝန်ဟာ ကျေပွန်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ မဆိုထားပါနဲ့ ဆရာ၊ ဆရာတို့ လခ တစ်ရာကျော်ကျော် ရတာတောင် လောက်ရဲ့လား။ တောလည်း တစ်လ အရက် ၂၀၊ ၂၅ ရက် သွားရမယ်လည်း ပြောထားတယ်။ ၅ မိုင် အတွင်းလည်း ခရီးစရိတ် မရဘူး။ ပြန်တဲ့ရက်ဆိုရင် ၁၅ မိုင် ကျော်ကျော်က ပြန်မှ ခရီးစရိတ် သုံးမူး ရတယ်။ ဒီတော့ ထမင်းအိုး သေတ္တာလည်း ဌာနာပိုင်ကြီးများလို ယူမသွားနိုင်ဘူး။ ယူမသွားနိုင်တော့ သူကြီးအားလုံးကလည်း မြို့အုပ်ရုံးက ပျာတာကိုသာ စေတနာရှိရှိနဲ့ ကျွေးချင် မွေးချင်တာ၊ ပုလိပ်ကိုတော့ မကျွေးချင်ကြဘူး။ မကျွေးလို့ ဘယ်သွား ဝယ်စားမလဲ၊ ဝယ်စားစရာလည်း မရှိဘူး။ မသွားပြန်လည်း တောသွားရက် မရှိဘူး

ဆိုပြီး တွယ်ဦးမယ်။ ဒီတော့ အရက်ဖိုနဲ့ ဖဲဒိုင်သမားကို ပေါင်းပြီး စားရ သောက်ရတာပေါ့'

'အေး မင်းတို့ ပြောတာတော့ မှန်တယ်ကွာ။ ဒါကြောင့်မို့ပဲ ထင်ပါရဲ့၊ ဌာနာပိုင် လုပ်ဖူးတဲ့လူတိုင်း အရက်ဖမ်းတယ်၊ ဖဲဒိုင်ဖမ်းတယ် ဆိုတာ ငါဖြင့် မကြားဖူးဘူး။ ဒါကြောင့် ငါရောက်စက ဌာနာပိုင်ပါး မဝသေးဘူးလို့ ပြောကြတာပေါ့ ဟုတ်လား။

'တို့လည်း ထမင်းအိုး သေတ္တာနဲ့ သွားရပေမဲ့ စေတနာ ရှိတဲ့ သူကြီး၊ နို့မဟုတ် အမှုသည်တို့က ထမင်းအိုးပြည့် ထည့်မပေးရင် အခက်ပါပဲကွာ။ တို့လည်း တစ်လ ခရီးစရိတ် ၁၅ ကျပ် ပေးပြီး ၁၅ မိုင် ကျော်မှ ၁ ကျပ် ၈ ပဲလောက် ရတာ။ ၁၅ မိုင် ကျော်တဲ့ နေရာ ကလည်း ဌာနာတစ်ပိုင်အတွင်းတော့ တယ်မရှိလှဘူးကွ။ ဌာနာ နေရာ တွေက အလယ်ဗဟို ဆောက်ထားတော့ ခရီးစရိတ်ရအောင် သွားဖို့ လည်း မဖြစ်နိုင်ဘူးကွ။ ၁၅ မိုင် ကျော်ကျော် သွားရပြန်တော့လည်း မင်း စဉ်းစားကြည့်စမ်း၊ လှည်းခက တစ်မိုင် တစ်မူး ပေးရတော့ ၂ ကျပ် မူးတင်း ကုန်ပြီး ကုန်တဲ့ငွေ ဘယ်မှာ ပြန်ရလို့တဲ့လဲ။ တစ်လ ၄ဝ၊ ၅ဝ လောက် ခရီးစရိတ်ရရင် ရာဇဝတ်ဝန်က ခရီးစရိတ် ရှာစား တယ်လို့ အပြောခံရသေးတယ် မောင်ရေ့။ တို့လည်း ဟန်သာ လုပ် နေရတာ၊ လောက်တာတော့ မဟုတ်ဘူး။ ပုလိပ် ဖြစ်ဖြစ်၊ ရာဇဝတ်အုပ် ဖြစ်ဖြစ်ပဲကွ။ ကလေးမရှိရင် တော်ပါသေးရဲ့၊ သားသမီး များရင် တော့ ကြွေးဗရပျစ်နဲ့၊ ပင်စင်ယူတဲ့နေ့ထိရော နေဖို့အိမ်ကလေးတစ်လုံး ဆောက်နိုင်တဲ့လူလို့ ငါဖြင့် ပုလိပ်ထဲမှာ မတွေ့ဖူးသေးဘူးကွ'

ဤသည်တို့က အရက်၊ ဘိန်း၊ ကစားဒိုင်တို့ကို ပုလိပ်များ အရေးမယူခြင်းတို့၏ အကြောင်းရင်းကြီးတစ်ရပ် ဖြစ်နေပေတော့သည်။ ကျွန်ုပ်လည်း ၎င်းတို့ ပြောပြချက်သည် မှန်သည် ဖြစ်၍ ရာဇဝတ် ဝန်မင်းက အရက်မှု၊ ကစားမှုတို့ မဖမ်းကြ၍ စကားများလျှင် ငယ်သား





များဘက်မှ ခက်ခဲသော "လံကြုတ်" အကြောင်းခြင်းရာများကိုသာ ပြောဆို အစီရင်ခံပါသည်။ စာထဲတွင် ကောင်းရုံမျှဖြစ်သော မှတ်ချက် ကလေးများလောက်သာ ချမှတ်လျက် ရေလိုက်ငါးလိုက်ပင် မိမိအကျိုး၊ ငယ်သားအကျိုးတို့ကို မထိခိုက်စေရန် ပြုမူနေရလေတော့သည်။

**သို့သော် .....**

လွတ်လပ်သော မြန်မာပြည်ကြီးတွင် ဤသို့နှင်နှင်ပင် ဖြစ်နေဦးမည် လော၊ ပြုပြင်၍ ရနိုင်မည့် ကိစ္စပေလော၊ လောက်ငအောင် ပေးလျှင် ပုလိပ်များသည် အရက်၊ ဘိန်း၊ ကစားဒိုင်တို့ကို တကယ်တမ်း ဖမ်းကြ မည်လော။

ကျွန်ုပ်တို့ ပြည်ကြီးတွင် ငွေရေးကြေးရေး ကျပ်တည်းမှုကြောင့် မည်သူမျှ ရထိုက်သည့် အခကြေးငွေကို မရကြပေ။ ယခင် စစ်မဖြစ်မီ တွင် ပုလိပ်သားများ ၂ဝ မှ ၂၈ ကျပ် ရကြ၏။ ရာဇဝတ်အုပ်များ ၇၅ ကျပ်မှ ၁၃၅ ကျပ် အထိနှင့် ခရီးစရိတ် ၁၅ ကျပ် ရကြ၏။ ထိုစဉ်က ဆန်တစ်အိတ်လျှင် ၇ ကျပ် ၈ ပဲ၊ ၈ ကျပ် လောက် ပေးလျှင် ပထမ တန်းစား ဆန်ကို ရနိုင်၏။ ဆီမှာလည်း တစ်ပုံးမှ ၅ ကျပ်မှ ၈ ကျပ် အထိသာ ရှိ၏။ ငွေ တစ်ကျပ်ဖြင့် အဝတ်အထည် ဝယ်လျှင် စွပ်ကျယ် တစ်ထည်နှင့် လုံချည်တစ်ထည် ရနိုင်သောခေတ်တွင် ၂ဝ မှ ၂၈ ကျပ် ရသော ပုလိပ်သား၊ ရာဇဝတ်အုပ်တို့မှာ အသောက်အစား အကစားများ မရှိဘဲ ကလေးတစ်ယောက်၊ နှစ်ယောက် ရှိမည်ဆိုလျှင် မပိုလှသော် လည်း လောက်ရုံတော့ ရှိပေသည်။

ယခု ကျွန်ုပ်တို့ခေတ်တွင် ပုလိပ်သား လခရင်း ၄၅ ကျပ်နှင့် ရှားပါးစရိတ်ပါ ပေါင်းလျှင် ၈၅ ကျပ်လောက်သာ ရရှိသော်လည်း ၅ ပြားတန်အောက် ဝယ်စရာပစ္စည်း မရှိသည့်အပြင် ဆန်တစ်အိတ် ကုန် သောအိမ် ဆိုပါလျှင် ဆန်တစ်အိတ် ၃ဝ ဖြစ်နေပြီ ဖြစ်၏။ ဆီတစ်ပုံး

လည်း ၃၀ မှ ၃၅ ကျပ် ဖြစ်နေရာ ၎င်းရသော လခနှင့် ချွေချွေတာတာ သုံးပါသည်ဟု ဆိုစေကာမူ ဘယ်နည်းနှင့်မျှ မလောက်နိုင်ပါ။ ပစ္စည်းအားလုံးသည် ၃ ဆမှ ၄ ဆထိ တက်နေသည်။ ရသော လခမှာ ပုလိပ်သားအတွက် လေးဆမျှ ရှိသော်လည်း ၇၅ ကျပ် + ၁၅ ကျပ် ရသော ရာဇဝတ်အုပ်အတွက် လခရင်း ၁၁၀၊ ရှားပါးစရိတ် ၇၀ နှင့် ပေါင်း ၁၈၀ လောက်သာ ရရှိသော်လည်း လခမှာ တစ်ဆလောက်သာ ပိုမိုရရှိရာ၊ များစွာ ထိခိုက်လျက် ရှိကြပေမည်။ ၎င်းတို့အား လာဘ်မစားရန် ပြောကြားကြ၊ ဥပဒေ ထုတ်ကြသော်လည်း ဥပဒေအားဖြင့် တားမြစ်မရနိုင်သော အထက်ပါ လာဘ်စားနည်းများကား ပပျောက်ရန် ခဲယဉ်းပေမည်။

(ဤကား စကားချပ်တည်း။)

**လက်ပံတောင်ရွာ**

သူကြီးနှင့် ကျွန်ုပ်တို့သည် လက်ပံတောင်ရွာသို့ သွားရန် ခြေကျင်ပင်ထွက်လာကြပါသည်။

'သူကြီးမင်း ရွာကလေးကတော့ တောင်ရိပ်မယ် လောင်းရိပ်မိတယ်လို့ ဆိုရပေမဲ့ နေစောင်းချိန်မှာ ဆိုရင် အလွန် ကြည်နူးဖွယ်ကောင်းမယ်ဗျို့။ တောင်ပေါ်က ဘုရားကလေးကလည်း ထုံးတွေဖွေးလို့၊ ကျောင်းကလေးက သပ်သပ်ရပ်ရပ်၊ ဘုရားရဲ့ ဘေးတစ်ဖက်ကတယ်ပန်းရဗျာ'

'ဒါ ကျွန်တော်တည်တဲ့ ဘုရားပေါ့'

'ဩော် ဟုတ်လား၊ သာဓုဗျာ သာဓု၊ ဘုန်းကြီးကော ကျောင်းထိုင်လျက် ရှိရဲ့လား'

'ရှိပါတယ်၊ ကပ္ပိယ တစ်ယောက်လည်း ရှိပါတယ်'

'ဆွမ်းတော့ ချက်ပို့ရမှာပေါ့'





'အုတ်ဖိုကရော လက်ပံရွာကရော နေ့စဉ် ဆွမ်းဝတ် ရှိပါတယ်၊ ကျောင်းမှာလည်း ချက်ပြုတ်စားရအောင် ဆန် ဆီ ဆိုတာကို လှူထားရပါသေးတယ်'

'ဒီလိုမှ ဖြစ်မှာ၊ ဘုန်းကြီးသာ တစ်နေ့တစ်ခါက် ဆင်းတက်လုပ်ရမယ် ဆိုရင်လည်း သေရချည်ရဲ့'

လယ်ရိုးပြတ်များ ရှိနေသေး၍ အုတ်ဖိုနှင့် လက်ပံတောင်ရွာကူးဖို့ လူသွားလမ်းပင် မရှိသေးပါ။ သို့သော် ကန်သင်းပေါ်မှ ကျွန်ုပ်တို့လျှောက်သွားရလေသည်။

မြွေအလွန် ကြောက်ရသည်ဟု သူကြီးက ပြောရာ ကျွန်ုပ်မှာခြေများ တွန့်သွားမိပေသည်။

'ကျွန်တော်တို့ဆီက မြွေဆရာက သိပ်တော်ပါတယ်။ ဒီအနားမှာ မြွေကိုက်လို့တော့ သူ့ဆီသာ အသက်နဲ့ပါအောင် ယူလာခဲ့၊ မသေရဘူး'

'အင်း တယ်တော်ပါလား'

'သူဟာ ဆေးမဟုတ်ဘူး ဌာနာပိုင်ကြီးရဲ့၊ ဂါထာနဲ့ မန်းမှုတ်လုပ်တာနဲ့ပဲ အဆိပ်လျှောကျသွားတာပဲ'

'အင်္ဂလိပ်များမှာ အခုထိ မြွေအဆိပ်ကုဖို့ သုတေသန လုပ်တုန်းရှိသေးတယ်။ သူတို့ကို ဂါထာနဲ့ မန်းမှုတ်လို့ ပျောက်တယ် ဆိုရင်လည်း ယုံမှာ မဟုတ်ဘူးဗျ။ ဒီပညာတွေ ပြန့်ပွားအောင် လုပ်ဖို့ကောင်းတယ်'

'ကျွန်တော်တို့ ဗမာကလည်း တော်တော်ခက်ပါတယ် ဌာနာပိုင်ကြီးရယ်၊ လူချင်း ချစ်ရင် ဟင်းစားတော့ပေးမယ်၊ ပိုက်ချက်တော့ မပြဘူး ဆိုတာတွေက သိပ်များတယ်။ စကားစပ်မိလို့ ပြောရဦးမယ်။ ကျွန်တော်တို့ရွာမှာ ခွေးရူးကိုက်ကိုက်၊ ခွေးကောင်းကိုက်ကိုက် သူ့ဆေးကလေးသာ စားလိုက်၊ ယောင်တောင် မယောင်ဘဲ ပျောက်သွားတယ်။ ခွေးရူးမပြန်ဘူး။ နောက်လည်း ဘယ်လိုမှ ဒုက္ခမပေးဘူး။ အခု အဲဒီဆရာကြီးသေသွားပြီ၊ သူ့ဆေးနည်းကို သူ့သားသမီးတောင် မပေးခဲ့ဘူး။ သား

သမီးများကလည်း မိုက်လိုက်တာ၊ ဒီနည်းကောင်းကလေးကို မသင်ယူလိုက်ဘူး။ ဒီလိုနဲ့ ဆေးကောင်း၊ ဂါထာကောင်းတွေဟာ ကွယ်ပျောက်ကုန်ရတော့မှာပါပဲ ခင်ဗျာ၊ ဝမ်းနည်းစရာပါပဲ'

'ဟုတ်ပါရဲ့၊ ရန်ကုန်မှာဆိုရင် ခွေးတို့ ခွေးရူးတို့ ကိုက်ရင် ကုသရမယ့် ဆရာဝန်တွေနဲ့ ဆေးရုံကြီးတစ်ရုံ သီးသန့်ထားရတယ်။ အင်္ဂလိပ်ကတော့ ခွေးရူးကိုက်ကိုက်၊ ခွေးကောင်းကိုက်ကိုက် အဲဒီ ခွေးကိုက်ကုတဲ့ ဆေးရုံမှာ သွားကုရမတဲ့။ ဒီလိုမကုရင် ဒုက္ခဖြစ်မတဲ့'

'ကျွန်တော်တို့ဆီမှာတော့ဗျာ ခွေးရူးကိုက်ရင်သာ ဂရုတစိုက်ကုရတာပါ။ ဒါတောင် ငွေတစ်မတ် ဆန်တစ်ပြည် ဆိုရင် ပြီးတာပဲ'

'ကျုပ်တို့ ကုထုံး ကုနည်းကလည်း လူမရှိသေကြတော့ဘူး။ ကျုပ်တို့ ဗမာဆေးပညာလည်း မညံ့ခဲ့ပါဘူး။ နို့ပေမဲ့ အင်္ဂလိပ် အုပ်စိုးတယ် ဆိုတော့လည်း သူတို့ပညာသာ အားပေးတာပေါ့။ ကျုပ်တို့ ဗမာဆေးဆရာကိုတော့ ဘယ်သူမှ အားပေးမယ့်လူ မရှိဘူး။ ဒီတော့ ဗမာဆေးဆရာဟာ မြို့မှာ မနေနိုင်ဘူး။ တောရွာတွေမှာသာ အခုအခါစားပေါက်ချောင်နေတာ'

'ကျွန်တော်တို့ ဗမာ ဆေးပညာဟာလည်း မခေပါဘူး။ လေ့လာပြီး ချဲ့ချဲ့ထွင်ထွင် သုတေသန လုပ်ကြမယ်ဆိုရင် ကြီးပွားလာမှာပဲ'

'ဟုတ်တာပေါ့ဗျာ၊ ပညာအရင်းခံ ရှိပြီးသားပဲ။ ကြိုးစားမှု၊ လေ့လာမှု၊ အားပေးမှုရှိရင် ကြီးပွားထွန်းကားလာတာပေါ့။ ကျုပ်တို့လို အင်္ဂလိပ်စာ မတောက်တခေါက် တတ်တဲ့ လူတွေက ပြောရရင် သာခက်သေးသဗျို့။ ကျုပ်တို့ကလည်း ပိုက်ဆံတစ်မတ်နဲ့ ဆေးတွေ ဗုံးပေါလအောပေးလိုက်တော့ သိပ်ပေါပြီး မယုံဘူး။ တစ်ကြောင်း တစ်ခုကလည်း ဆေးကျောင်းနဲ့ ဆေးပညာသင်တဲ့ ဆရာကိုလည်း မတွေ့ရတော့ ဖော်နည်းကားနဲ့ ကုနေကြတာပဲလို့ ထင်တာပေါ့ဗျ။ အဆုံးမတော့ အားပေးမယ့်လူ မရှိတာ အရင်းခံပေါ့ဗျာ'





'အင်္ဂလိပ် ကုနည်းကတော့ ခွဲစိတ်ကုသနည်းကသာ ကောင်းတာပါ။ ပန်းနာတို့၊ အဆုတ်နာတို့ဆို မကုနိုင်ပါဘူး'

'မပြောတတ်ပါဘူးဗျာ'

'ဆရာတို့ မုံရွာမှာ လမ်းအရေးပိုင်ကြီး တစ်ယောက်ဟာ ဆရာဝန်နဲ့ ခေါ်ပြီး အနာပဆုပ်ကုတာ သေပါရောလား။ သူတို့ကတော့ ဒါကို ကင်ဆာ ဆိုလား၊ ဘာဆိုလား။ ပြောတာပဲ ဆရာ'

'ဟုတ်တယ် ကင်ဆာတဲ့၊ သေတာပဲ'

'အနာပဆုပ်ပါ ဆရာရယ်၊ ကျွန်တော်တို့နည်းနဲ့ဆိုရင် ပိုက်ဆံတစ်ပဲလောက် ကုန်မယ်၊ ပျောက်ရမယ်။ အာမခံနိုင်တဲ့ နည်းတွေ ရှိပါတယ်'

'အင်း ခင်ဗျားပြောလို့ သတိတစ်ခု ရလာတယ်။ ဟုတ်တယ်၊ စစ်ကိုင်းက အင်္ဂလိပ် ဆရာဝန်ကြီးတစ်ယောက် "အနာပဆုပ်" ပေါက်ရောတဲ့ဗျို့။ သူ့ဆေးနည်းနဲ့ သူကုတာ တော်တော်ကြာနေပတဲ့။ မပျောက်ဘူး။ ဒါနဲ့ သူ့စားပွဲထိုးက ဗမာဆရာတစ်ယောက် ခေါ်ပေးသတဲ့'

'ပျောက်သတဲ့လား ဆရာ'

'အင်္ဂလိပ် ဆရာဝန်ကြီးတစ်ယောက်ဟာ ဗမာဆရာနဲ့ ကုရမယ်ဆိုတော့ သူ့ဂုဏ်ကို အလွန်ထိခိုက်မပေါ့ဗျာ။ ဒီတော့ တိတ်တိတ်ပုန်းကုပေးရသတဲ့။ ၁၅ ရက်၊ အရက် ၂၀ လောက် ကုတော့ ပျောက်သွားရောတဲ့'

'ကောင်းပါလေဗျာ'

'ကောင်းပါလေ မလုပ်နဲ့ဦး။ ဗမာဆရာကို သူက ဘယ်လို ပြောတယ် မှတ်သလဲ။ "ခင်ဗျား ဒီလို အနာကုရင် ဘယ်လောက်များ ရဖူးသလဲ" လို့ မေးသတဲ့။ ဗမာဆရာကလည်း ရိုးရိုးပဲပေါ့။ "အို ၅ ကျပ်ဆိုတာ အများဆုံး ရဖူးပါရဲ့" လို့ ပြောလိုက်သေးသတဲ့။ ဒီတော့ ဆရာဝန်ကြီးက "မင်းကို ငါ ငွေ ၅၀ ကျပ် ပေးမယ်၊ ငါ့ကို ကုရတယ်လို့ မပြောနဲ့" ဆိုပြီး ငွေ ၅၀ ကျပ် ပေးလိုက်သတဲ့'

'ဩော် ခက်ပါဘိ၊ သူကတောင် ဒီလို အနာပေါက်သူကို ဒီဆရာ ကောင်းတယ်၊ သင်ကြ ကုကြဖို့ အစိုးရကို တိုက်တွန်းဖို့တောင် ကောင်းသေးတယ်'

'အို ဒါက သူတို့အတွက် ရှက်စရာကြီးပေါ့ဗျာ။ အင်္ဂလိပ် အစိုးရဆိုတော့ဗျာ ကျုပ်တို့ပညာကို အားမပေးလိုတာတော့ ထင်ရှားတာပေါ့လေ။ ဟော ရွာရောက်ပြီ၊ ရွာခေါင်း ခေါ်ဗျို့။ ရွာထဲ လှည့်ပတ်ကြည့်ရအောင်'

ကျွန်ုပ်တို့ လာသည်ကို မြင်လျှင် ရွာသားအချို့ ပြေး၍ ပြောကြသဖြင့် ရွာခေါင်းလည်း ရွာပေါက်အနီးတွင် ရောက်နေချေပြီ။

'ဟောဒါ ရွာခေါင်းကြီးပါပဲ' ဟု သူကြီးက ကျွန်ုပ်အား ရွာခေါင်းနှင့် မိတ်ဆက်ပေးလေသည်။

'ဩော် ရွာခေါင်းကြီးလား၊ မာပါရဲ့လားဗျ'

'မာပါ၊ မှန်ပါ'

'ရွာထဲ လျှောက်ကြည့်ရအောင်'

'ရွာက ခဲလမ်းတစ်ခုပဲ ရှိပါတယ်။ အိမ်ခြေကလည်း ၃၀၊ ၄၀ လောက်ပဲ ရှိပါတယ်။ ဒီလမ်းက ကြွပါ'

သေဆုံးသူ မနန်း၏ အိမ်ကလေးအား လှည့်ပတ် ကြည့်ရှုရန် ရွာအပြင်ဘက်သို့ ထွက်လိုက်လျှင် ရွာနှင့် ယာနှစ်ခင်းလောက် ခြားသောနေရာတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိ၏။ ရွာဦးကျောင်းဟု ခေါ်သည်။

လက်ပံတောင်ရွာနှင့် မြောက်ရွာသားတို့၏ သားသမီးများ ပညာရည်နို့ သောက်စို့ကြသော တက္ကသိုလ်ဟု ဆိုနိုင်ပါ၏။

ရွာကလေးမှာ ဆူးစည်း၊ ဆူးတံခါးများ ကျကျနန ကာထားသည်ကို တွေ့ရဖပသည်။ သို့သော် ကင်းများ ချထားခြင်း မရှိတော့ပေ။

ရွာတွင် ဆူးစည်း၊ ဆူးတံခါးများကို ကျကျနန ကာထားခြင်းမှာ





ဝံသာနုခေတ် မတိုင်မီက မလုပ်မနေရဟု အစိုးရများက ခိုင်း၍ လုပ်ထားကြခြင်း ဖြစ်၏။ ဝံသာနုများ ပေါ်ပေါက်လာသောအခါ ဆူးစည်း၊ ဆူးတံခါးများ မလုပ်ရအောင် ရွာသားများ အရေးဆိုကြသဖြင့် အစိုးရ၏ အာဏာအရ မလုပ်ကြရတော့ပေ။ သို့သော် လုပ်လိုကလည်း လုပ်နိုင်ကြပေသည်။ လိမ္မာပါးနပ်သော သူကြီးများက ရွာသားများနှင့် တိုင်ပင်၍ ဆူးစည်း တံခါးများ လုပ်ပါသေးသည်။ သို့သော် အလွန်ပျင်းသော ရွာသားများသည် နှစ်ပရိစ္ဆေဒ ကြာရှည်လာသောအခါ ဆူးစည်းတံခါး လုပ်ရန်ကို မလိုလားကြတော့ပေ။ ထိုသို့ မလုပ်သဖြင့် အစိုးရတွင်ကား မနစ်နာပါ။ နွား၊ ကျွဲ၊ ပစ္စည်း စသည်တို့ကို ဆူးစည်းတံခါး မရှိလျှင် လွယ်ကူစွာပင် ခိုးယူသွားတတ်ရာ ၎င်းတို့ပင် နစ်နာကြပေသည်။

သို့သော်လည်း ဝံသာနုခေတ်တွင် အဘယ်ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ အရေးတယူ လုပ်ကာ အစိုးရအား အရေးဆိုကြပါသနည်း။

အစိုးရက မခိုင်းလျှင် ဘာမျှ မလုပ်ချင်တတ်သော ကျွန်ုပ်တို့ လူမျိုးအကြောင်းကို သိရှိသော ဝံသာနု ဆရာများက ဤသို့ အသေးအဖွဲကိစ္စတွင် အစိုးရအား မနစ်နာစေသော၊ ရပ်သူရွာသားများသာ နစ်နာမည်ဖြစ်သော ဆူးစည်းတံခါး မလုပ်ရေးနှင့် ကင်းမချထားရေး ကိစ္စဖြင့် စစ်ဆင်မှုကို ပြုလုပ်ကြသည်မှာ အစိုးရအား ၎င်းတို့ ပြောလျှင် ရသည်၊ နိုင်သည်။ ယခု ဆူးစည်းတံခါး၊ ကင်းမထားရ၍ ဘယ်မျှ အေးသွားသလဲ ဆိုသည်ကို ဗန်းပြ၍ စည်းရုံးရေးရရန် ပြုမူသော ညစ်ပတ်မှုဟုသာ ဆိုချင်ပါသည်။

**အမေဆင့်အိမ်**

အမေဆင့်၏ တဲအိမ်ကလေးမှာကား ရွာ၏ အရှေ့မြောက်ထောင့်တွင် တည်ရှိ၍ မြေစိုက် ၁၅ ပေ ပတ်လည်ရှိ ထန်းလက်မိုး၊ ဝါးထရံကာ အိမ်ကလေးတစ်ခု ဖြစ်ပေသည်။ ကုလားကြီးခုတင် နှစ်လုံးရှိသည်။

သံသေတ္တာ အပျက်တစ်လုံးနှင့် ထင်းရှူးသေတ္တာ တစ်လုံး ရှိသည်။ အိမ်သားများမှာ "အမေဆင့်" ခေါ် ပန်ချာပီကြီး တစ်ယောက်၊ ဝမ်းတွင်းရူးနေသော ယောက်ဖတော် အသက် ၁၆ နှစ်ရွယ် ယောကျ်ားကလေး တစ်ယောက် ရှိသည်။ ထို ဓားပြတိုက်သည့် ညတွင် အမေဆင့်သည် မိုင်ပေါင်း ၂၈ မိုင်မျှ ဝေးသော မုံရွာသို့ ဆိတ်ရောင်းထားသောငွေ သွားတောင်းနေသည်။ ယောက်ဖလုပ်သူ ဝမ်းတွင်းရူးကလေးမှာ လျှောက်လည်နေသည်။ မိန်းမနှင့် ကလေး ၁၂ နှစ်သားသာ အိမ်တွင် ရှိသည်။ ဆောင်းဦးစ အချိန်ဖြစ်၍ မီးခွက်များ ထွန်းလေ့ ထွန်းထ မရှိသော တောရွာများတွင် မီးရောင်ရှိသော မီးဖိုကြီးများဖြင့်သာ ညဥ့်ကိစ္စများ ဆောင်ရွက်ကြသည်။

ငင်းအိမ်ဘေး ပတ်ပတ်လည်တွင် ဆူးစည်းများ ရှိသည်။ လှည်းနှင့် ဆိတ်များ ဝင်ရန် အပေါက်ကြီးတစ်ပေါက် ရှိ၏။ ရွာတံခါးပေါက်ကြီးနှင့်လည်း ကပ်နေသည်။ ဓားပြတိုက်ချိန်တွင် သေသွားသော အမေဆင့်၏ မိန်းမ (မနန်း) နှင့် သား ၁၂ နှစ်အရွယ် ကလေးတို့ မီးလှုံနေကြစဉ် ည (၈) နာရီ သာသာလောက်တွင် ဓားပြတိုက်ခံရသည်ဟု သိရ၏။ မနန်း သေသွားရှာသည်။ ကျန်ရှိနေသော ကလေးမှာ လူမမည် အရွယ်ကလေး ဖြစ်သည်။ ယောက်ဖ ကြေးမှာ ဝမ်းတွင်းရူး ဖြစ်၍ အူလည်လည်နှင့် ဘာပစ္စည်း ပါသွားသည်ဟုပင် ရေရေလည်လည် မပြောနိုင်ပေ။ သို့သော်လည်း မနန်း၏ အလောင်းတွင် ရွှေနားကပ် မရှိသဖြင့် ထိုရွှေနားကပ် တစ်ရန်နှင့် ကြေး၏ ဇမာ အပေါ်အင်္ကျီတစ်ထည် ပါသွားသည်ဟုသာ ရွာသားများ သိရသည်။ ဆင်းရဲသားလည်း ဖြစ်ပြန်၊ ကုလားမယားလည်း ဖြစ်သော မနန်းတွင် ပိုးလုံချည်ပင် မရှိကြောင်း သိရသည်။ ငွေတော့ ၂ ကျပ်၊ ၃ ကျပ်လောက် ရှိမည်ဟု ကြေး ပြောစကားအရ သိရသည်။ ကျွန်ုပ်တို့ ရောက်သော အချိန်တွင် ကြေးနှင့် ၁၂ နှစ်သားကလေးတို့ ပေုရင်းရွာသို့ ထွက်သွားနှင့်ကြပြီ။ ငင်း ၁၂





နှစ် သားကလေးမှာ တငိုတည်း ငိုနေသဖြင့် မည်သူမျှ မေးစမ်းခြင်း မပြုလိုက်ရဟုလည်း သိရသည်။ အမေဆင့်သည်လည်း မုံရွာမှ ပြန်မလာသေးဟု သိရလေသည်။

ကျွန်ုပ်တို့သည် ရွာထဲသို့ ဝင်လာသောလမ်း၊ ထွက်သွားသော လမ်းတို့တွင် ခြေရာများ ခံကြသည်။ သို့သော် တစ်နေ့လုံး လူသွားလူလာများ ရှိနေ၍ ရွာသားများ၏ ခြေရာများဖြင့် ရှုပ်ထွေးနေချေပြီ။ အခင်းဖြစ်ပြီးနောက် ခြေရာခံသူတို့ ပြောစကားဖြင့်သာ ဝင်သောနေရာ၊ ထွက်သောနေရာဟု သိရပြီး ကျေနပ်ရပေတော့သည်။ ရွာခေါင်းကြီး ဦးသာဓသည် မွန်မွန်ရည်ရည် ရှိသောသူတစ်ယောက် ဖြစ်သည်။ သူနှင့်ပင် စခန်းသွားရမည်။ ဓားပြများ ထွက်သွားရာ လမ်းကြောင်းအတိုင်း လိုက်သွားရာ နတ်တင်သော နေရာဟု ထင်ရန်ရှိသော သစ်ပင်ကြီး တစ်ပင်အောက်သို့ ရောက်သွားကြသည်။ ထိုသစ်ပင်မှာ အတော်ကြီးသော လက်ပံပင်ကြီး တစ်ပင် ဖြစ်၍၊ ဓားပြများ ဓားပြမတိုက်မီ နတ်တင်ရန် အကောင်းဆုံးသော နေရာတစ်ခု ဖြစ်ပေသည်။ ချုံနွယ်တို့ဖြင့် ဖုံးလွှမ်းနေသော နေရာများကို ကျွန်ုပ်တို့သည် ရှေ့ငွေ့ရှာသည့်အလား အစအနများ ကျန်ရစ်မည်ကို မျှော်မှန်းလျက် ရှာကြံကြရပေသည်။

**နတ်တင်သော နေရာဝယ် ...**

ထိုနေရာသည်ကား အမှန်ပင် နတ်တင်သော အရပ် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ငင်းသစ်ပင်ကြီး တစ်နေရာတွင် လက်ဖက်ထုပ်သော အင်ဖက်ရွက်ထုပ် ဟောင်းကလေးတစ်ခုကို တွေ့ရလေသည်။ လက်ဖက်အနည်းငယ် ရှိနေသေးသည်။ လက်ဖက်တွင် ဆီမဆမ်းထားခြင်းဖြင့် နတ်တင်ရန် ယူလာသော လက်ဖက်ဟု သေချာပေါက် ပြောနိုင်ခြင်း ဖြစ်ပေသည်။

ထို ဓားပြတိုက်သောနေ့ကို လောကီအလိုအားဖြင့် တွက်စစ်

ကြည့်လျှင် အရှေ့သို့ လာဘ်တိုက်လာသောနေ့ ဖြစ်၍ ရက်မှာလည်း ရက်ရာဇာ ဖြစ်ပေသည်။ ရက်ရွေးပုံနှင့် လာဘ်တိုက်လာပုံတို့ကို ထောက်ချင့်ခြင်းအားဖြင့် ဓားပြများသည် လူငယ်များ မဟုတ်ဘဲ ဓားပြ အကြီးစားများ ဖြစ်ကြောင်း သိနိုင်ပေသည်။ (မြန်မာပြည်တွင် အမှု စစ်ဆေးမည့် ပုလိပ် အရာရှိများသည် ဤလောကီနည်းကလေးများကို လည်း သိသင့် သိထိုက်လှပေသည်။) ဓားပြများသည် တချို့ နက္ခတ် အနေအထားကိုပင် ဂရုပြုကြသည်။ အင်္ဂါဂြိုဟ်များ ထွန်းလင်းတောက်ပ ချိန်တွင် ဓားပြတိုက်၍ အလွန်ကောင်းသည်ဟု ဓားပြကြီးများ ပြောသံကို ကြားဖူးသည်။

စနေဂြိုဟ် ထွန်းချိန်တွင် ဓားပြကြီးများသည် မတိုက်ကြဟု သိရပါသည်။ သို့သော် ဓားပြကလေးများမှာမူ နက္ခတ် အသွားအလာနှင့် ဂြိုဟ်အနေကို ဂရုမပြုတတ်ကြပေ။ သူတို့ တိုက်ချင်သောနေ့တွင် တိုက် ချင်သော နေရာကို တိုက်တတ်ကြသည်။

ထိုနေရာတွင် တွေ့ရှိသော လက်ဖက်ထုပ်၏ အစကြောင့် ကျွန်ုပ် တို့ အားတက်သရောဖြစ်၍ ရှာကြံကြရာ ငှက်ပျောသီး အညှာတစ်ခု တွေ့ရပြန်သည်။ ငှက်ပျောသီးများမှာ ခွါ၍ စားပြီးကြလေပြီ။ ဆက်လက် ရှာကြပြန်ရာ ချုံပုတ်တစ်ခုအတွင်းမှ မြန်မာ ချက်အရက်ပုလင်းနှင့် အရက် သောက်ရန် တရုတ်ပန်းကန်ငယ်တစ်ခု တွေ့ရပြန်သည်။ ထိုပန်းကန်၏ ဖင်တွင် “ပြော့” ဟု သေသေသပ်သပ် ထွင်းထားသည်ကို တွေ့ရသည်။ အရေးကြီးသော ပန်းကန်ကလေးပေ တကား။

ကျွန်ုပ်သည် ဤပန်းကန်ငယ်ကလေးကို မှောက်ချည်လှန်ချည်နှင့် အတော် သဘောကျစွာ ကြည့်နေစဉ် ရွာခေါင်း ဦးသာဇကော–

‘ဌာနာပိုင်ကြီး ကြည့်လှချည်လား၊ ဘာများ သဘောကျနေသလဲ’

‘အမှုပေါ်မယ့် အရိပ်နိမိတ်ရတော့ ကြည့်ရတာပေါ့ဗျာ’

‘ဘာများလဲ ကိုယ်တော်၊ ပြစမ်းပါဦး’





ကျွန်ုပ်၏ ငယ်သားများလည်း အတူပါလာကြသဖြင့် သူတို့ လည်း ပန်းကန်ကို တအံ့တဩ သဘောကျနေသည်ကို သိလိုကြပေ မည် တစ်ကြောင်း၊ ၎င်းတို့အားလည်း သင်လိုကြားလိုလှ၍ ကျွန်ုပ်က ‘ကဲ ... ကဲ ... ဒီအနား လာကြဦး၊ ကျုပ် ပြောပြမယ်၊ ဒီပန်းကန်ဖင်မှာ (ပြော့) လို့ မှတ်ထားတယ်၊ ဒါဟာ ပန်းကန်ပိုင်ရှင်ရဲ့ နာမည်နဲ့ တူ တယ်ဗျ။ ဒီတော့ ဓားပြတစ်ယောက်ရဲ့ အိမ်က ပန်းကန် ဖြစ်ရမယ်။ နာမည်ကတော့ ငပြော့လား၊ ဘိုးပြော့လား မသိဘူး။ တခြား ရတဲ့ ပစ္စည်းတွေကို ခတ်ခွဲကြည့်ရရင် ဓားပြ ဘယ်က လာတယ်၊ ဘယ် ရွာက ဖြစ်ရမယ်လို့ မှျော်မှန်းနိုင်တယ်။ ဒီတော့ မြန်မာပြည် တစ်ပြည် လုံးမှာ မရှာရဘဲ ကျဉ်းမြောင်းတဲ့ နေရာမှာရှာရင် ရနိုင်ရမယ် မဟုတ် လားဗျ’

‘ဟုတ်ပါပေတယ် ဘုရား’

‘ကဲ လက်ဖက်ထုပ် ပြစမ်း၊ ဒီလက်ဖက်ထုပ်ကို ကြည့်ဗျ။ ဘာများ ထူးထူးခြားခြား ရှိသလဲ’

ရွာခေါင်း၊ သူကြီးနှင့် အမှုထမ်းများ ဝိုင်းအုံပြီး လက်ဖက်ထုပ်ကို ကြည့်ကြသည်။ လက်ဖက် အနည်းငယ်ကို နမ်းကြည့်သူက နမ်းကြည့် သည်။ အဖြေကား မည်သူမျှ မပေးကြပါ။ ကျွန်ုပ်အား ၎င်းတို့ ဤ လက်ဖက်ထုပ်မှ ဘာသတင်းမျှ မရနိုင်ကြောင်း ပြောသောအခါ ကျွန်ုပ် က–

‘လက်ဖက်က အောက်လက်ဖက် မဟုတ်ဘူးဗျ၊ ကျွန်ုပ်တို့ အညာ လက်ဖက် ချင်းတွင်းမြစ်ထွက် လက်ဖက် ဖြစ်တယ်’

‘ဒါတော့ အသိသားပေါ့ ဘုရား’

‘အေးလေ ဒါ သိရင် ပြီးတာပဲဗျ၊ ကဲ ဒီလက်ဖက်မျိုး ဘယ်ရွာ များမှာ သုံးတတ်သလဲ၊ အများအားဖြင့် ပြောတာနော်’

‘ဒါတော့ ကျွန်တော်မျိုးတို့ ဆင်းရဲသားတွေ သုံးတာပဲ။ တောရွာ

တွေ မှန်သမျှ ချင်းတွင်း အညာလက်ဖက်သာ အသုံးများတာပဲ။ အလှူ အတန်း ရှိရင်တောင် ဘုန်းကြီးနဲ့ လူကုံထံ ဝိုင်းလောက်သာ အောက် လက်ဖက် ထည့်ပေးတတ်ကြတယ်'

'ဟုတ်ပြီ။ ကဲ တစ်ဆင့်တက် တွေးလိုက်ဦးဗျာ။ မြန်မာ အတွေး၊ ရှမ်းအပြေးတဲ့။ မြန်မာ တွေးတာလည်း မှန်တယ်၊ ရှမ်း ပြေးကြည့်တာ လည်း မှန်တယ် ဆိုတော့ ကျုပ်တို့ မြန်မာလူမျိုးဟာ တွေးလုံးတော့ မညံ့ဘူး မဟုတ်လား။ ဒီလက်ဖက်က တောရွာအများ သုံးကြတယ် ဆိုတော့ နယ်ကျယ်နေတာပေါ့ဗျာ။ အရာတော်လား၊ ဘုတလင်လား၊ တပုရင်းလား မသိနိုင်ဘူးပေါ့။ သို့ပေမဲ့ လက်ဖက်ထုပ်တဲ့ အင်ဖက်ဟာ ဘယ်မှာ သုံးသလဲ စဉ်းစားစမ်း။ ခင်ဗျားတို့ရွာမှာ သုံးသလား'

'ဟုတ်တယ် ဘုရား၊ ဒါ တူတယ်။ ကျွန်တော်မျိုးတို့ ရွာမှာတော့ အင်ဖက်က ရှားတယ်။ ငှက်ပျောရွက် ပေါတယ်။ ငှက်ပျောရွက်ဖက်နဲ့ လက်ဖက်ထုပ်ဖို့ သုံးမယ် ဘုရား'

'ဒါဖြင့် ဘယ်မှာသုံးမလဲ၊ စဉ်းစားစမ်း'

'အင်ဖက်ပေါတဲ့ နေရာ ဆိုတော့ ကန့်နယ်စပ်မှာ အင်ဖက် ပေါတယ်။ ဒီတော့ နွာနယ်များက ဖြစ်လိမ့်မယ်'

'ကဲ ကဲ နွာနယ်ဆိုရင် ဒီအင်ဖက်မျိုး အများအပြား သုံးတယ်။ ဒီတော့ နွာနယ်သား ပါမယ် မဟုတ်လားဗျ'

ဦးသာဓသည် အံ့သြစွာနှင့် 'ဟုတ်ပြီ ဘုရား၊ ကိုယ်တော်တို့က ဒီလို တွေးလုံးနဲ့ အမှုစစ်နေတာကို။ ကျွန်တော်မျိုးများတော့ ဒါလေး တွေ့ရုံနဲ့တော့ ဘာမှ ဂရုမစိုက်ဘူး၊ သတိလည်း ထားမိမှာ မဟုတ်ဘူး'

'ဒါက ကျုပ်အလုပ်ကိုဗျ။ ခင်ဗျားတို့ လယ်ထွန် လယ်စိုက် လုပ်တဲ့လူတွေက ဘယ်လိုအခါ၊ ကြယ် ဘယ်လိုပေါက်ရင် မိုးရွာမယ် မိုးနည်းမယ် များမယ် ပြောနိုင်သလို ကျုပ်တို့လည်း ကျုပ်တို့နဲ့ ဆိုင်တဲ့ အလုပ်တော့ သိရမှာပေါ့ဗျာ။ ချီးမွမ်းစရာ မဟုတ်သေးပါဘူး။ နောက်





တစ်ခုကတော့ ငှက်ပျောညှာကို ကြည့်စမ်း၊ ဖီးကြမ်း ငှက်ပျောဗျ။ အညှာငယ်တယ် ဆိုတော့ အသီးလည်း ငယ်မပေါ့ဗျာ။ အသီး ငယ်တယ် ဆိုရင် မြေသြဇာ ညံ့တဲ့အရပ်နဲ့ ကုန်းခေါင်ခေါင်မှာ စိုက်တဲ့ ငှက်ပျော ပင်က ရတဲ့ ငှက်ပျောဗျ။ ဒါကို ပေါင်းစပ်ကြည့်ရင် ကန့်နယ်ဘက်က ငှက်ပျောတော မဟုတ်ဘူး၊ အရာတော် နယ်စပ်က ငှက်ပျောနဲ့ တူရဲ့။ ကျုပ် မှတ်မိသလောက်ဖြင့် ကျုပ်တို့ ဒီအရပ်တွေရောက်လို့ ညှော်ခံ ကျွေးမွေးကြတဲ့ ငှက်ပျောကတော့ ဒါမျိုးတွေချည်းပဲ'

'ကိုယ်တော်ဟာ အရာတော် နယ်စပ်က တစ်ခု၊ ကန့်နယ် နွာစပ် က တစ်ခု ဖြစ်နေတော့ ဘယ်လိုယူဆရမလဲ ဘုရား'

'ဟိုက လူဆိုးနဲ့ ဒီက လူဆိုး ပေါင်းတွယ်ကြတာနဲ့ တူတာပဲ။ အရက်စုံထောက်ကျော် မေးဦးမှပဲ' ဟု ပြောကာ၊ ကျွန်ုပ်၏ အရက်ဝိဇ္ဇာ စာသင်ကြီးအား အရက်ပုလင်းအနံ့ အခံခိုင်း၏။ အင်းစိန် စုံထောက် ရုံးမှ ဓာတုဗေဒ ဓာတ်ခွဲခန်းသို့ မပို့ဘဲ ဘယ်အရပ်က အရက် ဖြစ် သည်ကို ဝေဖန်စေရာ၊ စာသင်ကြီးသည် အရက်ပုလင်းနှင့် ပန်းကန်ကို သေသေချာချာ အပြန်ပြန် အလှန်လှန် နမ်းပြီးလျှင် 'ဒီအရက်ဟာ အရာ တော်နယ် ရသစ်တို့၊ ဟင်းသမရွာတို့က ထွက်တဲ့ အရက်ပဲ ဆရာ' ဟု ဖြေလေသည်။

'စာသင်ကြီးကို အရက်ဝိဇ္ဇာ ဆိုတာနဲ့ ရမ်းလည်း မပြောနဲ့နော် စာသင်ကြီး၊ ခင်ဗျား အရင်တစ်ခါ အမှုတုန်းက အရက်ဓာတုဗေဒကို ကျုပ် သဘောကျလွန်းလို့ ခင်ဗျားပြောရင် ဟုတ်မယ်လို့တော့ ယုံပါရဲ့။ ဒါပေမဲ့ ဘာကြောင့် ရသစ်၊ ဟင်းသမ အရက် ဖြစ်ရတယ်ဆိုတာ ပြော ဦးဗျ'

'ကျွန်တော်က အရာတော်၊ ဘုတလင်၊ ကန့်၊ ယင်းမာပင်၊ ဆား လင်းကြီး၊ ပုလဲ ဆိုတဲ့ ဌာနာတိုင်းမှာ လူဆိုးစစ် လုပ်လာတယ်။ နယ် ခဏခဏ ပြောင်းရတာကတော့ အရက်မှုနဲ့ပဲ နယ်ခဏခဏ ပြောင်း

ရတယ်။ ဘယ်အရပ် အရက်က ဘယ်အနံ့ ဘာခပ်ပြီး ချက်တယ် ဆိုတာ ဆရာ့တပည့်ကလေး ဆရာကောင်းတပည့်ပီပီ စူးစမ်းတယ်။ အနံ့နဲ့ အရသာခံပြီးမှ သောက်တတ်တယ်။ ပြီးတော့ အရက်ချက်တဲ့ လူကိုလည်း ဘာတွေ ခပ်တယ်၊ ဘယ်လို လုပ်တယ် ဆိုတာ စုံစမ်းထားတော့ ဆရာ့တပည့် ပြောရင် ယုံပါ ဆရာ၊ မမှားပါဘူး'

'တယ်ဆိုတဲ့ စာပါလားကွ။ ဆိုစမ်းပါဦး၊ ဘာများ ထူးသလဲ'

စာသင်ကြီးက ပုလင်းကိုကိုင်လျက် ကျွန်ုပ်၏ နှာခေါင်းဝသို့ တေ့ပေးကာ နမ်းကြည့်ရန် ခိုင်းလေသည်။ ကျွန်ုပ်မှာ အရက်သောက်တတ်သော်လည်း ထူးထူးထွေထွေ အနံ့မခံတတ်ပါ။ မလေ့လာဖူးသဖြင့် ကျွန်ုပ် နှာခေါင်းထဲတွင် ဗမာချက် တောအရက်က လွဲ၍ ဘာမျှ ထူးခြားခြင်း မရှိပေ။

စာသင်ကြီးက ပုလင်းကို နောက်တစ်ဖန် ပြန်ယူလိုက်ပြီး နမ်းပြန်ပါသည်။ မထူးခြားလှပေ။ 'မပြောတတ်ဘူး၊ ကျုပ်က အနံ့ခံလေ့ မရှိတော့ သိပ်မသိဘူးဗျ'

စာသင်ကြီးသည် မကျေမနပ်ဖြစ်ကာ ရွာခေါင်းကြီးအား 'ကဲ ရွာခေါင်းကြီး ခင်ဗျားလည်း အရက်သမားပဲ၊ နမ်းစမ်းဗျာ' ဟု ပြောပြန်ရာ ရွာခေါင်းကြီးသည် အရက်ပုလင်းကို စာသင်ကြီး ခိုင်းသည့်အတိုင်း အပြန်ပြန် နမ်းရှာသည်။ အတန်ကြာမှ 'အင်း ဟုတ်တယ်ဗျို့၊ ကျုပ်တို့ဆီမှာ လုပ်တဲ့ အရက်နံ့မျိုးတော့ မဟုတ်ဘူး၊ ဆေးကူပုံရတယ်'

စာသင်ကြီးမှာ များစွာ သဘောကျလျက် 'အဲ ဟုတ်တယ်၊ ဆေးကူတယ်။ ဒီအရက်ဟာ အမူးကြမ်းတယ်။ သောက်ရင် အထဲမှာ ရှသွားရမယ်။ ဒါ ဆင်းရဲသား လူကြမ်း အကြိုက်ပေါ့။ ပြီးတော့လည်း အရာတော်နယ် အဲဒီ ရသစ်၊ ဟင်းသမတို့ဆီက လူတွေကလည်း ကြမ်းကြမ်း တမ်းတမ်း လူတွေ ဆိုတော့ ထန်းလျက် အသားချည်းချက်ရင် သူတို့ မကြိုက်ဘူးဆရာ၊ ဒါကြောင့် ဆေးကူထားတယ်လို့ ကျွန်တော်





ပြောတာ။ မဟုတ်မှလွဲရော ဆရာ၊ ရသစ် ဟင်းသမ ရွာသားတော့ ပါပြီ'

နတ်တင်ရာတွင် တွေ့သော ပစ္စည်းစုပေါ်တွင် ကျွန်ုပ်တို့ တွေးထင်ချက်များကို စုပေါင်းကြည့်လျှင် အရာတော်နယ် ရသစ်၊ ဟင်းသမ တစ်ဝိုက်မှ လူဆိုးများနှင့် ကန္နီနယ်စပ် နေ့ရွာများမှ လူဆိုးများ ပူးပေါင်း လုပ်ကြောင်းမှာ ထင်ရှားပေသည်။ ထိုလူဆိုးထဲတွင် (ပြော့) ဆိုသူ တစ်ယောက် ပါရမည်။ ဘိုးပြော့လား၊ ငပြော့လားတော့ မသိနိုင်ပေ။ ဤသည်တို့ကား နတ်တင်သောနေရာမှ ရရှိသည့် အမှုတစ်ခုလုံး ပေါ်ပေါက်နိုင်သော သဲလွန်စတို့ ပေတည်း။

ကျွန်ုပ်တို့သည် ၎င်းနတ်တင်ရာတွင် အထက်ပါတို့ကို ဆွေးနွေးကြပြီးနောက် လက်ပံတောင်ရွာသို့ ပြန်လာကြတော့သည်။

**အတိတ် တဘောင် စနည်း ဘဝေါ**

ကျွန်ုပ်နှင့် ပါလာသော ပုလိပ် အမှုထမ်းများသည် အမှုပေါ်ရန် စုံထောက်ခြင်း ကိစ္စမှာ ကျွန်ုပ်၏ကိစ္စ ဖြစ်သည်။ သူတို့၏ တာဝန်ကား ကျွန်ုပ်နှင့်တကွ အမှုတွင် ပါဝင်ကူညီ ဆောင်ရွက်သူများပါ ကောင်းကောင်းမွန်မွန် စားသောက်ကြရန် အရက်၊ ကြက်၊ ကြက်ဥတို့ကို သဒ္ဓါကြည်ဖြူ ပေးလျှင်ပေး၊ ပေးမည့်သူ မရှိလျှင်လည်း ညှဉ်းပေါက်ဖြင့် ရအပ်သော စားစရာ သောက်စရာများကို ရှာကြံစုဆောင်းကာ ပျော်ပွဲစား ထွက်လာသူများကဲ့သို့ပင် ပျော်ပျော်ပါးပါးနှင့် ချက်တဲ့လူက ချက်၊ သောက်တဲ့လူက သောက်နှင့် အတော်ပျော်နေကြပေပြီ။

အလုပ်ကား အလုပ်၊ တာဝန်ကား တာဝန် ဆိုသကဲ့သို့ အလုပ်ကိုလည်း လုပ်ရမည်၊ တာဝန်ကိုလည်း ကျေပွန်ရမည်။ အလုပ်ကား နောက်၊ တာဝန်ကား ရှေ့ဟု သဘောမထားကြပေ။ သူတို့ချည်းသာ လွှတ်ထားမည်ဆိုလျှင် စားစားသောက်သောက်နှင့်ပင် အချိန်ကုန်လွန်မည် ဖြစ်ပေသည်။

ရပ်သူ ရွာသားတို့သည် ပုလိပ်နှင့် နီးနီးကပ်ကပ် နေကြဖူးသည့်သူများ မဟုတ်သည့်အပြင် မိမိနေရင်းရွာမှ တစ်ဖဝါးမှ အကြောင်းမဲ့ သက်သက် သွားလာတတ်ခြင်း မရှိရာ ပုလိပ်များ မူးမူးနှင့် ပြောကြ၊ ဆိုကြသည်ကိုသာ နားထောင်နေတတ်ကြသည်။ သူတို့တွင် အခြားလူများနှင့် တန်းတူ ပြောဆိုနိုင်ရန် ဗဟုသုတ အခြေခံပညာ မရှိကြပေ။ ထို့ပြင် ပုလိပ်တို့၏ ထုံးစံလေ့မှာ သူတို့သာ ပြောချင်သည်။ သူတို့သာ လူသိ လူတတ် လုပ်ချင်သည့် ညဉ်ဆိုးကလေးကလည်း ရှိကြရာ၊ တဝါးဝါးနှင့် သောလုံးထုတ်ကာ အရပ်သားများကို ဖျော်ဖြေနေကြသည်။

ကျွန်ုပ်မှာ သူတို့ ပျော်သကဲ့သို့ မပျော်နိုင်ပါ။ အမှုပေါ်ရန် အကြံထုတ်ရမည်။ အတိတ် တဘောင် စနည်း ဘဝေါ ဆိုသော အကြောင်းတို့သည် ဘယ်အရာ ဘယ်အခါမဆို ရှိတတ်သည်။ အတိတ်အကြောင်းက ဘာလဲဟု ဆန်းစစ်ကြည့်လျှင် ကုလားကြီး ဆိတ်ရောင်းတဲ့ အတိတ်အကြောင်း ဖြစ်သည်။ ဆိတ်ရောင်းလျှင် ငွေရလာမည်။ ထိုငွေကို မျက်စိကျသည့် လူဆိုးက ဓားပြတိုက်ယူမည်။ ဤကား အတိတ်အကြောင်းတည်း။

သို့သော် ထိုအတိတ်အကြောင်းကို မည်သူ သိသနည်း။ ဤလက်ပံရွာသားတို့သည် သူကြီး ပြောသည့်အတိုင်းဆိုလျှင် လူရိုး လူကောင်းများ ဖြစ်ကြသည်။ သူတို့အထဲက လက်ထောက်ချမည့်သူကို ရှာဖွေရန် ခက်လှပေသည်။ သို့သော် လူဆိုး ဆိုသည်မှာ ချိုပေါက်နေသည် မဟုတ်ရကား လူကောင်းထဲကပင် လူဆိုး ဖြစ်နိုင်သည်။ လက်ပံတောင်ရွာမှ မဟုတ်လျှင် အရှေ့ရွာ၊ မြောက်ရွာတို့မှလည်း ဖြစ်နိုင်သည်။ ရွာသို့ နွားဝယ်၊ နွားလဲ လာကြသော သူများထဲမှ ဤသတင်းမျိုး ရယူနိုင်၍ လူဆိုးများ သိသွားသည်လည်း ရှိမည်။ ရွာနီးချုပ်စပ်တို့တွင် စုံစမ်းရမည်။ ညဉ့်အခါများ၌ ရွာတွင် လူစုသည်။ လူစုလူဝေးနှင့် ဆောင်းဦးပေါက် အချိန်တွင် တောရွာဓလေ့အတိုင်း မီးလှုံကြမည်။





ဟိုအကြောင်း ဒီအကြောင်း၊ သားရေး သမီးရေး၊ ရပ်ရေး ရွာရေး စသည်တို့ကို ကာလသားချင်းဆိုင်ရာ၊ လူကြီးပိုင်း၊ မိန်းမပိုင်း ဆိုင်ရာတို့ ပြောကြ ဆိုကြတတ်သည်။ ဤနေရာများတွင် စကားစုံ ပြောကြမည်။ သူတို့ချည်း လွတ်လွတ်လပ်လပ် ပြောနေသည်ကို တစေ့တစောင်း နားထောင်က ပို၍ အရသာရှိသည်။ မိမိ လိုချင်သော သတင်းလည်း ရနိုင်ပေမည်။ သို့နှင့် ကျွန်ုပ်သည် ပုလိပ်များ၊ စာသင်များအား ရပ်ရွာထဲတွင် မီးဖိုဝိုင်းများသို့ သွားရောက်လည်ပတ်ကာ တစေ့တစောင်း ချောင်းမြောင်း၍ တစ်မျိုး၊ ပြောင်ကျကျ တစ်နည်း ၎င်းတို့ ပြောဆိုကြသော စကားများကို နားထောင်ရန်၊ စူးစမ်းရန် ညွှန်ကြားလိုက်သည်။

သူကြီးသည် သူနေရာ အုတ်ဖိုရွာရှိ သူ့အိမ်သို့ ပြန်သွားပြီ။ ကျွန်ုပ်အား ရွာခေါင်းသို့ စောင့်ရှောက်ပြုစုရန် အပ်သွားပေသည်။ ရွာခေါင်းမှာ အရက်သောက်တတ်သည်။ သူကြီးကား အရက်မသောက်တတ်။ မသောက်ရုံတွင်မကပါ ရွာခေါင်း သောက်သည်ကိုပင် ခဏခဏ ကြိမ်းမောင်းလေ့ရှိရာ ရွာခေါင်းမှာ သူကြီး ရှိလျှင် မသောက်ဝံ့ပါ။ ကျွန်ုပ်သည်ပင် သူကြီး ရှိနေစဉ် အရက်မသောက်ဘဲ နေရပါသည်။ သူကြီး ပြန်သွားသည်နှင့် ကျွန်ုပ်နှင့် ရွာခေါင်းအပြင် အရက်ကြိုက်တတ်သော ကာလသားခေါင်းတို့သည် စုဝေး၍ ဝိုင်းဖွဲ့ကြပါတော့သည်။ အရက်သောက်လျှင် စကားများများ ပြောတတ်သည်။ စကား စကား ပြောပါများ၊ စကားထဲက ဇာတိပြ ဆိုသကဲ့သို့ ဇာတိ ပြစေရန် စုံထောက်ခြင်းတစ်မျိုးဖြင့် စုံထောက်ရင်း ကိုယ်က မူးနေလျှင် လူများ စကားကို နားမထောင်လိုဘဲ ကိုယ်ကသာ များများ ပြောချင်တတ်သည်။ (သတိထားပါ)

အရပ်ထဲတွင် တီးတိုးပြောကြ ဆိုကြသော စကားထဲမှ အဆက်အသွယ်ရအောင် ပုလိပ်သားများအား စေလွှတ်ခြင်းနှင့် ကိုယ်တိုင် စုံစမ်းခြင်းများကို ထိုညတွင် ပြုလုပ်ကြရလေသည်။

**နတ်ကတော်**

လက်ပံတောင်ရွာတွင် နတ်ကတော် တစ်ယောက် ရှိပါသည်။ ထို နတ်ကတော်က အတော်ပင် မှန်ကန်အောင် ဟောပြောနိုင်သည်ဟု အရက်ဝိုင်းတွင် တွေ့ကရာပေါက်သောက် စကားထဲမှ သိရပေသည်။ ကျွန်ုပ်ကား နတ်ကို ယုံကြည်လှသူ မဟုတ်ပါ။ သို့သော် အမှုပေါ်လျှင် ဘာမဆို လုပ်လိုလှပေသည်။ အမှုပေါ်လျှင် နာမည်ရမည်၊ လူကြီးများ၏ ချီးမွမ်းခြင်းကို ခံရမည် မဟုတ်ပါလား။ ထိုနတ်ကတော်အကြောင်း ပြောနေစဉ်ကပင် ပုလိပ်သား တစ်ယောက်က ကျွန်ုပ်အား နတ်ပူးနေကြောင်း လာရောက် ပြောသဖြင့် ကျွန်ုပ်နှင့် ရွာခေါင်းရော ကာလသားခေါင်းတို့ပါ အရက်ဝိုင်းမှ ထ လိုက်သွားကြလေသည်။

ကျွန်ုပ်တို့သည် ၎င်းနတ်ကတော် အိမ်သို့ ဝင်မသွားကြဘဲ လမ်းကပင် နားထောင်ကြရာ နတ်ပူးသူနှင့် တောင်းပန်သူတို့ စကားပြောသံများကို ကြားရလေသည်။ ဘိုးမင်းကျော် ပူးနေသည်ဟု သိရပေသည်။

နတ်ကတော်။ ။ 'နင်တို့ရွာ ဓားပြတိုက်တာ သိရဲ့လား'

မိန်းမကြီး။ ။ 'သိပါတယ်၊ သိလို့မှ အခု ပုလိပ်တွေတောင် ရွာထဲ ရောက်နေပြီ။ ကိုယ်တော်ကြီးကလည်း အဆန်းလုပ် ပြောနေပြန်ပြီ'

'ဒါ ငါလုပ်တာဟ၊ ငါ့ရီးတဲ့။ မိနန်းက ကုလားရလို့ ငါ့မေ့နေတယ်'

'ကိုယ်တော်ကြီး တော်တော် မပြောနဲ့၊ ပုလိပ် ကြားသွားရင် အဖမ်းခံရလိမ့်မယ်'

'ငါ့ရီး ဘယ် မအေ(--)က ငါ့ဖမ်းမှာလဲ၊ ငါက ဓားပြသာ အတိုက်ခိုင်းတာ၊ ခုတော့ ဒင်းတို့က မိနန်းကိုပါ သတ်သွားတယ်၊ ဒီကောင်တွေတော့ ငါ မကျေဘူး'

'ဒါဖြင့် ကိုယ်တော်ကြီး ပုလိပ် သွားပြောပါလား'





'ဟ ... သောက်ရူးမ ငါလည်း အပြစ်ပေးနိုင်တဲ့ အကောင်ပဲဟ၊ ငါက ပုလိပ် သတင်းပေးနေရဦးမှာလား'

'ကိုယ်တော်ကြီး ဆုံးမတာက လူမြင်ရတာ မဟုတ်ဘူး၊ တရားစွဲ ထောင်ကျ ကြိုးကျ ဆိုတာက လူအများ သိသွားတော့ ကောင်းတာပေါ့'

'ငါ သတင်း ပေးတော့ ပေးချင်ပါတယ်ဟာ၊ ဒါပေမဲ့ ပုလိပ်တွေက သူတို့ အခု အရက်သောက်နေကြတာတောင် ငါ့ကို တင်ရမှန်း မြှောက်ရမှန်း သိတာ မဟုတ်ဘူး'

'မသိလို့ပါ ဘုရား၊ ကိုယ်တော်ကြီး ခွင့်ပြုပါ၊ သူတို့က တစ်ရွာသားတွေ ဆိုတော့ မသိလို့ပါ။ အရှင်အား မခိုးမခန့် လုပ်တာ မဟုတ်ပါဘူး'

မိန်းမကြီးသည် ကျွန်ုပ်တို့အတွက် တောင်းပန်နေသည်။ ထိုနောက် နတ်ကတော်သည် အတော်ကြာကြာ စကားမပြောဘဲ ယိမ်းထိုးနေသည်။ ထိုမိန်းမကြီးလည်း 'သည်းခံပါ ဘုရား၊ သည်းခံပါ ဘုရား၊ မောလှပါပြီ ဘုရား' ဟု တောင်းပန်နေပြီး များမကြာမီပင် နတ်ထွက်သွားသည်ဟု သိရသည်။

နတ်ကတော်မှာ တသမ်းသမ်း တဝေဝေနှင့် အတော်မောနေပုံရသည်။

ကျွန်ုပ်တို့လည်း တက်ခေါက်၍ တဲအိမ်သို့ ပြန်လာကြသည်။ နတ်က သတင်းပေးလိမ့်မည်ဟု ကျွန်ုပ်၏စိတ်တွင် ယုံကြည်နေမိသည်။ ယုံကြည်ခြင်း အကြောင်းတစ်ရပ်ကား ထိုနတ်ကတော်အိမ်နှင့် ဓားပြအတိုက်ခံရသော (မနန်း) တို့အိမ်မှာ မျက်နှာချင်းဆိုင် ဖြစ်၍ လမ်းသာခြားသည်။ နတ်က မပြောတောင် သူ သိသမျှတော့ နတ်အပြောနှင့် ပြောတော့မည်ဟု ကျွန်ုပ် တွေးထင်မိပေသည်။

ထိုညတွင် အချိန်မရှိတော့ပြီ။ အတော်လည်း အရက်ဝ၍ မူးနေပြီ ဖြစ်ရကား အိပ်ရာသို့ ဝင်ခဲ့ကြလေသည်။

**နောက်တစ်ရက်**

'ရွာခေါင်းကြီး လာပါဦးဗျ'

ရွာခေါင်းကြီးသည် မီးလှုံနေရာမှ ကျွန်ုပ်ထံသို့ ထ လာလေသည်။

'မနေ့ညက နတ်ကတော် သတင်းတော့ ယူဦးမှပဲ'

'ခေါ်ပေးတာပေါ့'

'နတ်မေးတဲ့ အနေနဲ့ မေးမှ ဖြစ်မယ်ဗျ၊ ဒီ နတ်ကတော် တော်တော် အသက်ကြီးပြီလား'

'မကြီးသေးဘူး ဘုရား၊ ရှိလှမှ ၃၅ နှစ်လောက် ရှိဦးမယ်၊ နတ်နဲ့ လက်ထပ်တာ ၂ နှစ်လောက် ရှိသေးတယ်။ သူတို့အပြောဖြင့် နတ်ကတော်တော်သဘောကျသတဲ့။ ဒါကြောင့် သူ့ကို ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်တို့ ခဏခဏ မေးကြတယ်။ ရွာထဲမှာတော့ ထစ်ခနဲဆို သူ့ပဲ မေးကြတာပဲ။ လာဘ်ကလည်း ဆန်တစ်ပြည်နဲ့ ငွေတစ်မတ်ဆိုတော့ သိပ်ပြီး ဝန်လေးတာမှ မဟုတ်ဘဲ။ ကျွဲပျောက် နွားပျောက်တို့ မေးတဲ့ လူများကဖြင့် မှန်တယ်လို့ ပြောကြတာပဲ။ ဒီနတ်ကတော်ဆီများ မုံရွာကတောင် လာမေးကြတယ် ဘုရား'

'ကျွန်တော်ကတော့ တယ်အယုံအကြည် မရှိပါဘူးဗျာ၊ မေးချင်တဲ့ အကြောင်းကတော့ သူတို့အိမ်နဲ့ (မနန်း) အိမ်နဲ့ ကပ်နေတော့ သူက နတ်သံနှောပြီး ပြောချင်တာ ပြောတဲ့အထဲက ကျွန်တော် လိုချင်တဲ့ သတင်းတော့ ရမယ် ထင်လို့ပါ'

နတ်ကတော်သည် အသက်ကြီးသူ မဟုတ်သေး၍ ကျွန်ုပ်၏ တပည့်များ နောက်နောက်ပြောင်ပြောင် လုပ်ကြမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် သူတို့ မသိအောင် ကျွန်ုပ်နှင့် ရွာခေါင်းတို့သည် နတ်ကတော်အိမ်သို့ ထွက်ခဲ့ကြလေသည်။ နတ်ကတော်မှာ ရွာခေါင်းကြီး လာသည်ကို အရေးတယူ နှုတ်ခွန်းဆက်လျက် အိမ်တွင်းသို့ ကျွန်ုပ်တို့အား ခေါ်သွားလေသည်။





နတ်ကတော်မှာ ရုပ်ရည်ရူပကာယလည်း ချေသူ မဟုတ်သည်ကို တွေ့ရသည့်ပြင် ၎င်းရွာနေ တောသူများကဲ့သို့ ညစ်ညစ်ပတ်ပတ် မနေဘဲ အိမ်ဝင်း အတွင်းအပြင်မှ စ၍ သူ၏ကိုယ်မှာလည်း တော်တော် သန့်သန့်ပြန့်ပြန့် ရှိသည်ကို တွေ့ရပါသည်။ နတ်ကတော် ဖြစ်ပြီးကတည်းက မုံရွာ၊ မန္တလေး ထိအောင်ပင် နတ်ခေါ်၍ နတ်ပွဲများ တက်ရောက်ခဲ့ဖူးသည်ဟု သိရသည်။ နတ်ကတော် မဟုတ်မီကမူ ရွာက ဘယ်ကိုမျှ သွားဖူးသူ မဟုတ်ဟု သိရသည်။ နတ်ကတော် ဖြစ်မှ အတော်ပင် နံ့စပ်နေပြီ။ သို့ကြောင့်ပင် ၎င်းမှာ ဗဟုသုတ အတော်ပြည့်စုံနေသောကြောင့် ရွာသူတို့နှင့် အမူအရာ၊ အပြောအဆို၊ အနေအထိုင်မှ စ၍ ကွာချင်သလောက် ကွာနေသည်ကို ကျွန်ုပ် တွေ့ရပေသည်။

မနေ့ကလည်း ကျွန်ုပ်တို့ အရက်သောက်နေသည်ကို သူကိုယ်တိုင် သိ၍ပေလော၊ နတ်က တကယ်ပဲ ပြောလေသလော မသိပါ။ ကျွန်ုပ်တို့က အရက်မတင်သည်ကို သူ အပြစ်တင်သေးသည်။ နတ်က ပြောသည် ဖြစ်စေ၊ မပြောသည် ဖြစ်စေ ပုလိပ်ဆိုလျှင် အရက်သောက်မှာပဲဟု အတွေးအခေါ်နှင့်များ ပြောလေသလားလည်း မသိနိုင်ပါ။ သို့သော် ရွာခေါင်း ပြောပြချက်အတိုင်း ဆိုပါက ၂ နှစ်အတွင်းတွင် နတ်ကတော်မှာ အတော် အဆင့်အတန်း မြင့်နေပေပြီ။

သူ့တွင် ယောကျ်ား ဆုံးသွားသည်မှာ ၄ နှစ်လောက် ရှိပြီ ဖြစ်သည်။ ကလေး သားမြေး မရှိ၊ တစ်ခုလပ်တစ်ယောက် ဖြစ်သည်။ အမေအို အသက် ၆၀ ရွယ် တစ်ယောက်နှင့် အတူနေသည်။ မောင်နှစ်ယောက် ရှိသော်လည်း နှမ နတ်ကတော် ဖြစ်၍ အပေါင်းအသင်း မလုပ်ကြ ဟူ၍လည်း သိရသည်။

၎င်းဖိတ်ခေါ်ချက်အရ ကျွန်ုပ်တို့သည် ၎င်း၏ တဲအတွင်းသို့ ဝင်ရောက်ခဲ့၏။ ခင်းပေးသော သင်ဖြူးပေါ်တွင် ထိုင်မိကြသောအခါ

လက်ဖက်ရည်ကြမ်းနှင့် ငါးခြောက် အမြည်းများဖြင့် ဧည့်ခံပြီး 'ဘာကိစ္စများ ရှိလို့ပါလဲ' ဟု ကျွန်ုပ်အား ကြည့်၍ မေးလေသည်။

ရွာခေါင်းကြီးက 'ဒါ တို့ ဘုတလင်က ဌာနာပိုင်မင်းလေ၊ မနေ့ညက နင် နတ်ပူးနေတော့ တို့ လမ်းက နားထောင်နေတယ်ဟ၊ ဒီတော့ ဘိုးမင်းကျော်က ပုလိပ် သတင်းပေးချင်တယ်လို့ မနေ့ညက နင် ပြောတာ ကြားတာနဲ့ ဌာနာပိုင်မင်းက သွားမေးရအောင် ဆိုပြီး လာကြတာပဲဟာ' ဟု ၎င်းက မကွယ်မဝှက်ဘဲ တဲ့တိုးပင် ပြောလိုက်ရာ၊ နတ်ကတော်က 'သြော် ဒီလိုလား၊ ကျွန်မတော့ အရှင်သခင်များ မူးပြောတာလား မသိဘူး၊ အရှင်သခင် ဆိုတာလည်း သူ ပြောချင်သလောက်တော့ ပြောတတ်ပါရဲ့'

'ဟုတ်ပါတယ်၊ ဒီတော့ ခင်ဗျားကို အရှင်သခင်က မြတ်နိုးတယ်ဆိုတာလည်း ရွာခေါင်းကြီးက ပြောလို့ သိရတော့ ခင်ဗျားက ပင့်ပြီးမေးရင် ပြောမယ်လို့ပဲ စိတ်ချ ယုံကြည်ပါတယ်။ ဒါကြောင့် လာမေးတာပဲ။ လာဘ်လည်း တင်ပါ့မယ်။ အရှင်သခင်ကိုလည်း ညကျတော့ သောက်ပွဲပေးပါ့မယ်'

ကျွန်ုပ်သည် နတ်ကတော် သဘောကျ ဖြစ်ပါစေ ဆိုသည့်သဘောနှင့် ယင်းတို့ ကြိုက်မည် ထင်ရသော အချိုးအတိုင်း ပြောလိုက်ရာ၊ နတ်ကတော်မှာ ကျွန်ုပ်၏ ပြောဆိုချက်ကို အတော် သဘောကျသွားပုံ ရလေသည်။

'ကိစ္စမရှိပါဘူး၊ စေတနာ ရှိသလိုသာ လုပ်ပါ'

နတ်ကတော်၏ နာမည်မှာ မလှဟု သိရပါသည်။ ၎င်း၏ အိမ်အတွင်းတွင် ဘိုးမင်းကျော်၏ နတ်ရုပ်နှင့် အဆင်သင့် ပြင်ထားသော နတ်ပွဲတစ်ပွဲလည်း ရှိလေသည်။ သူသည် ပုဆစ်ဒူးတုပ်ထိုင်ကာ လက်အုပ်ချီလျက် ဘိုးမင်းကျော်အား ပင့်နေသည်ကို ကျွန်ုပ်တို့ တွေ့ရပေသည်။ တော်တော်နှင့် နတ်မဝင်ပါ။





'ဘိုးမင်းကျော် မနေ့ညက လာတုန်းက တော်တော် မူးနေတယ်၊ ခုမနက် မူးမူးနဲ့ အိပ်ပျော်နေဟန် တူတယ်' ဟုပင် ၎င်းက တော်တော်နှင့် မမူးသော နတ်၏ အကျင့်များကို ထုတ်ဖော်၍ ကျွန်ုပ်တို့အား ထုချေလွှာ ပေးနေပါသည်။

၁၀ မိနစ်ခန့်မျှ ၎င်းသည် ကန်တော့ပွဲကို မြှောက်ချည် ချချည် လုပ်ပြီးလျှင် နတ်ရုပ်အား ယပ်တောင်ဖြင့် ယပ်ခတ်ပေးနေပါသည်။ မကြာမီပင်လျှင် တဖြည်းဖြည်းနှင့် ၎င်း၏ နွဲ့နှောင်းသော ကိုယ်ကလေး ယိမ်းထိုးလာလေတော့သည်။ လာလျှင်လာချင်းပင် ရွာခေါင်းကြီးအား ပြုံးပြုံးကြည့်လျက်–

'ဘာလဲကွ မအေ(––) ရွာခေါင်းရ၊ မင်းက ငါ့နှမကို ပုလိပ်ပြပြီး ခြောက်နေသလား၊ မင်းကို ငါ့ရိုးထင်တယ်ကွ' ဟု အစချီကာ နတ်ဝင်လာတော့သည်ကို တွေ့ရပါသည်။

ရွာခေါင်းကြီးသည် ဤသို့ ဆဲဆိုပုံတို့ကို ကြားရပေါင်းများပြီ ဖြစ်၍လော မသိ၊ ဖြုသည့်ပုံ မပေါ်ပေ။

'ကိုယ်တော်ကြီးကလည်း မဟုတ်တာဘဲ၊ မလှဟာ တပည့်တော်ရဲ့ နှမ ဘုရား၊ ပြီးတော့ ကျွန်တော့်ကို ဘာခြောက်စရာ ရှိသလဲ၊ မနေ့ညက ကိုယ်တော်ကြီးက ဒီဓားပြတွေတော့ ငါ မကျေဘူးဆိုလို့ မေးချင်လို့ပါကပဲ'

'ငါ့နှမလေး နေတဲ့ရွာမို့ ဘယ်လောက် စောင့်ရှောက်တယ် ထင်သလဲ၊ နင်တို့ရွာက ခွေးကောင်တွေကဖြင့် ငါ့များ ကျေးဇူးတင်လို့ အရက်တစ်ခွက်တောင် မတင်ဘူး။ နင်တို့ရွာက နွားပျောက်ဖူးသလား၊ ကျွဲပျောက်ဖူးသလား၊ နင်တို့လုပ်ခင်းများ အဖျက်အဆီး ခံရသလား၊ စဉ်းစားစမ်း မအေ(––)တွေ'

'ဟုတ်ပါတယ် မပျောက်ဖူးပါဘူး၊ စောင့်ရှောက်တာလည်း ကျေးဇူးတင်ပါတယ်။ နွားတို့ ကျွဲတို့တော့ စောင့်ရှောက်ပါရဲ့၊ လုပ်မယ့်

လုပ်တော့လည်း ဓားပြကို အတိုက်ခိုင်းလိုက်တာပဲလား ဘုရား' ဟု ရှာခေါင်းက ငေါ့တော့တော့ ပြောလျှင် နတ်ကြီး ဒေါသထွက်လာလေတော့သည်။

'အေးအေး မအေ....တွေ၊ နှမ....တွေ နင်တို့ တို့ ဒီလို သတိပေးတာတောင် မမှတ်ဘူး၊ ငါ့နှမကလေးများ သူ့မောင်တွေ ဘိုးသတို့ ဘိုးခတို့က နတ်ကတော်မို့ ဆိုပြီး ပစ်ထားကြတယ်။ သိရောပေါ့၊ နင်တို့ရှာတော့ မီးနဲ့ ရှို့ဦးမယ်'

'သည်းခံပါ ဘုရား၊ အခုတစ်ခါ လုပ်လိုက်တာ ဘယ်လောက်လူတွေ ဒုက္ခရောက်နေပြီလဲ၊ ကိုယ်တော် စောင့်ရှောက်တယ် ဆိုတာ ဒါပဲလား'

ရှာခေါင်းသည် နတ်က ကြိမ်းသည် ဆိုသည်ကို အယုံအကြည် မရှိလှပါ။ ပြောင်ချော်ချော်နှင့် ပြောနေပြန်လေသည်။

'သယ် ... နင်က မလေးမခန့်နဲ့ ငါ့ကို ဒီလို ပြောသလား'

'ကိုယ်တော်ကြီးက ဒါဖြင့် မိနန်းတို့အိမ် ဓားပြ ဘာလို့ တိုက်ခိုင်းရတာလဲ ဘုရား'

'မိနန်းက ကုလား ရကတည်းက ငါ့ကို မေ့နေတယ်၊ သတိ ခဏခဏ ပေးလျက်နဲ့တောင် သူ ငါ့ကို ဂရုမစိုက်ဘူး၊ ဒါပေမဲ့ကွာ ခွေးမသားတွေ လက်လွန်သွားတာတော့ ငါ့လခွေးတဲ့ ငါ မကျေနပ်ဘူး'

ကျွန်ုပ်က 'ကဲ ဒါဖြင့် ကျွန်တော်တို့က အရှင်ကောင်း သခင်ကောင်းအတွက် အရေးယူပေးပါ့မယ်။ ဘယ်သူတွေလဲ ဆိုတာသာ အမိန့်ရှိပါ' ဟူ၍ ကြားဖြတ်ကာ လိုရင်းကို ဆွယ်လိုက်ရပေသည်။

'အောင်မာ ရာဇဝင်ရိုင်းလိုက်လေကွာ၊ မင်းတို့ကတစ်ဆင့် ငါ့လခွေး ခိုင်းနေရဦးမှာလားကွ၊ ငါ့ဟာငါ လုပ်မှာပေါ့'

'ကိုယ်တော်ကြီး ဘာသာလည်း တခြား လုပ်ပေါ့၊ ဒီက ဌာနာပိုင်ကြီးကလည်း သူ့နည်းနဲ့သူ ဒီကောင်တွေကို တွယ်မှာပေါ့ ဘုရား'





'မလိုချင်ဘူး၊ ငါ့လခွေးတဲ့ ငါ့ဟာငါ အပြစ်ပေးမယ်၊ နားသာထောင်'

'ကိုယ်တော်ကြီးကို ဌာနာပိုင်ကြီးက ယုံကြည်လို့ မေးနေတာ၊ သူက ဒီကနေ့ညပဲ သောက်ပွဲ ကျင်းပမယ်လို့ တာဝန်ခံထားတယ် ဘုရား'

'အောင်မာ မအေက ရှေ့နေလိုက်မနေပါနဲ့ကွာ။ မင်း ဌာနာပိုင်က မနေ့ညက သူ သောက်တဲ့ အရက်တောင် ငါ့မတင်ဘူး။ တို့လည်း ဂရုစိုက်တဲ့လူ မဟုတ်ပါဘူး။ ဟေ့ ဌာနာပိုင်၊ မင်းဆီကို အကြောင်းရှိမှ လာတဲ့ အကောင်ကို မင်း ကြိုက်သလားကွ။ ငါ့လည်း ခုမှ အရက် တင်မယ် ဘာမယ်နဲ့ လာချတာ ရီးမှ မပြောဘူး'

ရှာခေါင်းသည် နတ်ကတော်က အထက်ပါအတိုင်း ပြောလျှင် ကျွန်ုပ်အား အတော် အားနာသွားပုံ ရပေသည်။ သို့သော် ကျွန်ုပ်မှာ နတ်ကတော်က ဖြစ်စေ၊ အကယ်ပင် နတ်က ပြောသည် ဖြစ်စေ စိတ်မဆိုးကြောင်း သိစေလို၍–

'ကဲ ကဲ .. ကိုယ်တော်ကြီး နှမလည်း မောလှရှာရောမယ်၊ ကျွန်ုပ်တို့လည်း ကူညီပေးတဲ့ အရှင်ကောင်း သခင်ကောင်း ဆိုပြီး နောက်လည်း တင်မှာ သ မှာပါ။ အရင်က မယုံလို့ မတင်ပေမဲ့ အခုတော့ တင်ပါ့မယ်၊ ပ သ ပါ့မယ်၊ စိတ်မဆိုးပါနဲ့'

'ညီလေးက ဒီလိုတော့လည်း အတော်သားပဲ၊ အေးအေး ညီလေးက အစ်ကိုကြီးကို ချော့ကောင်းတော့ ပြောရဦးမှာပေါ့ကွာ၊ ဒီရှာခေါင်း ခွေးမသား ဆိုရင်တော့ ငါ မပြောဘူးဟေ့ မှတ်ထား'

ကျွန်ုပ်သည် ဘာကိုပြောမလဲဟု နားစွင့်နေမိသည်။ နတ်ကတော်က ဆက်လက်၍–

'ဒီမယ်ကွ ငါ့ညီရ၊ အရာတော်နယ်ထဲက အကောင်တွေနဲ့ နော ထဲက အကောင်တွေ ဓားပြတိုက်တာကွ' ဟု ပြောချလိုက်လေသည်။

ကျွန်ုပ်က 'ကိုယ်တော်ကြီးကလည်း တိတိကျကျ ဘယ်ရွာက ဘယ်သူပဲလို့ ပြောပါမှ သိရမယ့် ညီလေးပါဗျာ၊ တစ်ဆိတ် လင်းပါဦး' ဆိုလျှင်–

'ငါ့ရိုးတဲ့ မင်းကလည်း ဒီလောက်ပြော တော်ရောပေါ့၊ ငါ ပြောဦးမယ် နားထောင်၊ ဒီဓားပြထဲမှာ ဟောဒီရွာ နေသွားတဲ့ကောင်ကလေး ခေါင်းဆောင်လာတာ၊ ဒီလောက်ပြောရင် ဟိုခွေးမသား ရွာခေါင်း သိရောပေါ့'

ကျွန်ုပ်တို့သည် ဆက်လက်၍ ဥဏ်ရှိသလောက် အမျိုးမျိုး ချော့မော့ကာ သိချင်သမျှကို မေးကြလေသည်။ ဤမျှသာ ပြောဆိုနေရာမှ ရုတ်တရက် နတ်ထွက်သွားပြီဟု နတ်ကတော်က ပြောပါတော့သည်။

'ရွာခေါင်းကြီးရေ ညတော့ သောက်ပွဲကျင်းပကြဦးစို့ရဲ့၊ ရတတ်သမျှ သတင်းကိုတော့ နတ်ကတော်ဆီက ညစ်မှ ဖြစ်မယ်ဗျ'

ကျွန်ုပ်သည် နတ်ပြောသည်ဟု မထင်မိပေ။ မိန်းမတို့၏ လျင်မြန်သော အတွေးအခေါ်တို့နှင့် ဆက်စပ်၍ သူ ထင်တာကို ပြောသည်ဟု ပင် ထင်မိလေသည်။ နတ်တင်သော နေရာမှာ ကျွန်ုပ်တို့ တွေ့ရှိခဲ့ရသည့် ပစ္စည်းစုနှင့် စုစည်းလျှင် အရာတော်နယ် (ရွာသစ်) နှင့် နောရွာများမှ ရွာသားများပင် အမှန်ဖြစ်မည်ဟု ကျွန်ုပ် တွေးထင်မိခဲ့လေသည်။

အမှုမှာ အတော်ခက်ခဲသော အမှုတစ်ခု ဖြစ်ပေသည်။ ဓားပြ အတိုက်ခံရသော အိမ်တွင် အမှုအကြောင်း သိရှိမှတ်မိသူ ဟူ၍ တစ်ယောက်မျှ မရှိ။ ၁၂ နှစ်သားအရွယ် လူမမည် ကလေးတစ်ဦးသာ ရှိသည်။ ၎င်းမှာလည်း ဝမ်းတွင်းရူး ဖြစ်နေ၍ ဤအမှုအကြောင်းကို မည်သို့မျှ အမှတ်မရပေ။ ဓားပြထဲ၌ ဤရွာတွင် နေဖူးသူတစ်ယောက် ပါသည်ဟု နတ်ပြောသည်မှာ ဟုတ်ပေမည်။ မနန်းကို သတ်ရခြင်း အကြောင်းမှာ လူသိနေ၍ ပေါ်မည်စိုးသဖြင့် သတ်သွားကြခြင်း ဖြစ်ပေမည်။





ရွာခေါင်းကြီးနှင့် ကျွန်ုပ်သည် နတ်ကတော်အိမ်တွင် ကြာကြာ မနေဘဲ ထ ပြန်လာကြတော့သည်။

ကျွန်ုပ်က 'ကဲ ရွာခေါင်းကြီးရေ့၊ နတ်ကလည်း ထွက်၊ ကျုပ် ထင်တာနဲ့လည်း ကိုက်နေတယ်။ ဒီတော့ ဘယ်သူဘယ်ဝါ ဆိုတာကို သိတောင် ပါသွားတဲ့ ပစ္စည်းကလည်း နည်း၊ ပြန်ရလှမယ် မဟုတ်တော့ တိုက်တဲ့ ဓားပြအားလုံးက ကျွန်တော်တို့ တိုက်ပါတယ်လို့ ပြောမှပဲ အမှုပေါ်မလို ဖြစ်နေပြီဗျ'

'ဟုတ်တယ် ဘုရား'

'ရွာခေါင်းကြီးရေ့ ကျုပ်တော့ ဒီလောက် အစအနရရင် ဘယ်သူ ဘယ်ဝါ ဆိုတာ သိဖို့ မခဲယဉ်းတော့ဘူး။ တရားစွဲတင်နိုင်အောင် သက်သေရမယ် မရမယ်ဘဲ ပူတယ်။ ဒီတော့ ခင်ဗျား သူကြီး သွားခေါ် ချေဗျာ'

ကျွန်ုပ်သည် အစကောင်းမှ အနှောင်း သေချာမည် ဖြစ်၍ အိမ်ရှင် မရှိလျှင် ရွာသားများ ကူညီခြင်းဖြင့် ရအောင် ကြံဆောင်ရမည်။ ရွာခေါင်း ဆိုသူကို ကျွန်ုပ် အခုမှ မြင်ဖူး သိဖူးသူ ဖြစ်၍ ယုံကြည် အားကိုးရမည် လော၊ စိတ်ချရမည်လောဟု မသိရသေးပေ။ သူကြီးမှာကား သိကျွမ်း ဖူး၏။ စိတ်ချရသူ တစ်ဦးလည်း ဖြစ်ပေသည်။ ကျွန်ုပ်သည် ထိုသူကြီး နှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်၏။ ထို့ကြောင့် ရွာခေါင်းကြီးအား သူကြီးကို သွားရောက်ခေါ်ရန် စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

သူကြီးလည်း သူ၏ကိစ္စ ပြီးလျှင်ပြီးချင်း ကျွန်ုပ်တို့ထံ လာမည် ဖြစ်သော်လည်း ကျွန်ုပ်တို့ကိစ္စက အရေးကြီးသည်။ ရွာသားများထံမှ လည်း ကျွန်ုပ် သိလိုသော အချက်ကလေးများ မေးရမည်။ သူတို့အချင်းချင်း မေးခြင်းက သာ၍ မကွယ်မထောက် ပြောတတ်သည်။ ကျွန်ုပ်တို့ မေး လျှင် ကွယ်ဝှက် ပြောတတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ သိသမျှ ပြောလျှင် သက်သေခံရန် ရုံးသွားရမည်။ ရုံးသွားရသော ဒုက္ခကို

မခံလို။ ငွေလည်း ကုန်သည်၊ လူဆိုး၏ အမုန်းထားခြင်းကိုလည်း ခံရဦးမည်၊ အိမ်က အလုပ်လည်း ပျက်သေးသည် စသည်တို့ကြောင့် မိမိနှင့် မပတ်သက်လျှင် သက်သေလိုက်ချင်သူ နည်းလှသည်။ ရိုက်မှု ဆိုလျှင် တရားလို၏ ဆွေမျိုး မိတ်ဆွေတို့သည် သက်သေခံရန် မခဲယဉ်းကြပါ။ ခိုးပြမှု၊ လုယက်မှု တို့မှာမူကား နောက်ရန်ကြောက်သည် အစရှိသော ဆင်ခြေများဖြင့် မည်သူမျှ သက်သေမခံလိုကြပေ။

သူကြီး ရောက်လာပေပြီ။ ကျွန်ုပ်၊ ရွာခေါင်းကြီးနှင့် သူကြီးတို့သည် အထူး တိုင်ပင်ကြရမည်။ တိုင်ပင်ရန်မှာ အမှုပေါ်ရန် အကြောင်းရင်းကို ရည်ရွယ်လေသည်။

သက်သေ သာဓက အထောက်အထား ရှိမှသာ အမှုပေါ်အောင် ရုံးတင် တရားစွဲနိုင်ပေမည်။ လိုအပ်သော သက်သေခံချက်တို့မှာ–

ခိုးပြ အတိုက်ခံရသည့် အိမ်ရှင်က မည်သူမည်ဝါ ဖြစ်ပါသည်၊ မည်သူက မြင်လိုက်ပါသည်၊ မည်သူ့အသံ ကြားလိုက်ပါသည်ဟု ဆိုလျှင် အမည်ကိုသိက ချက်ချင်း အမည်နှင့် တိုင်ရမည်။ အမည်မသိသော် ပုံပန်း သဏ္ဍာန်တို့ကို တိကျနိုင်သမျှ တိကျအောင် ပြောဆိုရမည်။

ပုလိပ်က မသင်္ကာဟု ဖမ်းဆီးထားသော လူဆိုးများကို အလားတူ လူများနှင့် ရောနှောပြီး တရားသူကြီး သို့မဟုတ် သူကြီးများရှေ့တွင် ပြရမည်။ တရားလိုနှင့် သက်သေများက စွဲဆိုနိုင်က တရားစွဲတင်နိုင်လောက်သော သက်သေခံချက်ဟု ဆိုရပေမည်။

ထို့ပြင် သက်သေခံပစ္စည်း ရလျှင် လူကိုမှ မစွဲနိုင်က တိုက်ရာပါ ပစ္စည်း လက်ခံမှုလောက်သာ ဖြစ်သည်။ တရားခံ တစ်ဦးတစ်ယောက်က ဖြောင့်ချက်ပေးလျှင် အမှုစွဲတင်နိုင်မည်။ သို့သော် သက်သေခံပစ္စည်း ဖြစ်စေ တရားလိုက မှတ်မိပါသည်ဟု စွဲနိုင်မှသာ တရားစွဲတင်လျှင် အပြစ်ကျကြပေမည်။

ယခုအမှုမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း တရားလို သေ





သွားသည်။ ပါသော ပစ္စည်းများမှာလည်း အနည်းငယ်သာ ဖြစ်၍ ဖျောက်ဖျက်ရန် လွယ်ကူသော ပစ္စည်းများ ဖြစ်၏။ တရားခံကပင် ခိုးပြတိုက်ပါသည်ဟု ဖြောင့်ချက်ပေးစေကာမူ အပြစ်ရနိုင်လောက်သော သက်သေခံချက်များ မရှိသောအမှု ဖြစ်ပေသည်။

ကျွန်ုပ်၏တိုက်ပိုင် အင်စပိတ်တော်မင်းလည်း ကျွန်ုပ်အား ကူညီစုံထောက်ရန် ကြွလာလေသည်။ ကျွန်ုပ် သူ့အား အမှုအကြောင်းကို အစီရင်ခံရာ ၎င်းက 'မင့်အမှုဟာ အပြစ်ရနိုင်အောင် သက်သေရဖို့ အတော်ခဲယဉ်းတယ်' ဟု မှတ်ချက် ချလိုက်လေသည်။ ကျွန်ုပ်ကလည်း 'ဟုတ်တော့ ဟုတ်တာပေါ့ ဆရာရယ်၊ ဒါပေမဲ့ သူကြီးနဲ့ ရွာခေါင်းများ ကူညီရင် ဖြစ်အောင်လုပ်ပါ့မယ်' ဟု ကျွန်ုပ်က ပြောလျှင် သူက ခေါင်းကလေး ယမ်းကာ ယမ်းကာနှင့် 'ဖြစ်မယ် မထင်ပါဘူးကွာ' ဟု ညည်းညူရှာပေသည်။

ကျွန်ုပ်အား အားပေးရန်လာသော အရာရှိကပင် ကျွန်ုပ်အမှုကို အစီရင်ခံလျှင် စိတ်ပျက်ရှာသည်။ ကျွန်ုပ်အား ဌာနာပိုင် အလုပ် ခန့်အပ်သည်မှာ မကြာသေးပေ။ မနေမနား ကြိုးစားက တရားခံအစစ် ရပေမည်။ သို့မှသာ ဌာနာပိုင်ရာထူးတွင် မြဲမည်။ သို့နှင့် တိုက်ပိုင်မင်းအား ကျွန်ုပ်က အစွမ်းကုန် ကြိုးစားပါမည်ဟု ကတိပြုသည်။

တိုက်ပိုင်မင်းက 'ဖြစ်အောင် လုပ်နိုင်ရင်တော့ကွာ မင်း လူတော်ပဲဟေ့၊ ရာဇဝတ်ဝန်ကို အထူးဆုပေးဖို့ အစီရင်ခံမယ်'

ကျွန်ုပ်သည် ဤအခါမျိုးတွင် ရာဇဝတ်ဝန်ကိုယ်တိုင် လက်ပံရွာ အခင်းဖြစ်ပွားရာသို့ လာရောက် စစ်ဆေးမည်ကို စိုးရိမ်မိသည်။ ရာဇဝတ်ဝန်သည်ကား အမှုပေါ်သည်၊ မပေါ်သည်ကို ပဓာနထားမည် မဟုတ်ပေ။ ကျွန်ုပ်တို့ အမှုဆင်မည်ကိုကား တရားခံများ အပြစ်ကျမည် ဖြစ်သော်လည်း မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်မည် ဖြစ်၍ သဘောတူမည် မဟုတ်ပါ။ သို့သော်လည်း တပည့်လိမ္မာ ဆရာ အာပတ်လွတ်

ဆိုသလို ဆင်မှန်း သိသော်လည်း မသိဟန်ဆောင်တန် ဆောင်နေပေမည်။ သူ့အား မလာပါနှင့် ဆို၍လည်း ရမည် မဟုတ်ပါ။ မော်တော်ကားလမ်းလည်း ကောင်းသည်။ မော်တော်ကားလမ်းပေါ်တွင် မဟုတ်သော်လည်း ခရီး တစ်မိုင်လောက်တော့ လမ်းလျှောက်ကာ ရောက်လာပေမည်။ အမှု မကောင်းလှဟုသိလျှင် သင့်လျော်သော အချိန်တွင် သူလာနိုင်သည်။ သို့နှင့် သူ မလာဘဲနေရန် ကျွန်ုပ်နှင့် တိုက်ပိုင်တို့ တိုင်ပင်၍ သူ့ထံသို့ အမှုမှာ အတော်ခက်ခဲနေကြောင်း၊ သို့သော် တတ်နိုင်သမျှကြိုးစား စစ်ဆေးမည် ဖြစ်ကြောင်းတို့ဖြင့် အစီရင်ခံစာ ရေးပို့လိုက်လေသည်။

အမှုကြီး ဖြစ်လျှင် ရာဇဝတ်ဝန်မင်းများ အမှု ဖြစ်ပွားရာသို့ သွားရောက်လျက် စစ်ဆေးသူ၊ သူကြီး၊ သက်သေတို့နှင့် အဆင်ပြေစေရန် အားပေးအားမြှောက် စကားများအပြင် မေ့လျော့ ပေါ့ဆခြင်း မရှိစေရန် အမှု၏ အချက်အလက်များကို လေ့လာပြီး အကြံဉာဏ်များ ပေးရလေသည်။ သို့သော်လည်း များသောအားဖြင့် ရာဇဝတ်ဝန်လုပ်သူမှာ စာသဘောသာ သင်ကြားခဲ့၍ ကိုယ်တွင် အမှုစစ်ဆေးဖူးခြင်း မရှိရကား လက်တွေ့ အလုပ်လုပ်နေသူအား ဘာမျှ အကူအညီ မပေးတတ်ကြပေ။ လူငယ်များကိုသာ အမှုပေါ်ပေါက်ရန် ဟောက်တတ်ကြသည်သာများလေသည်။ အလုပ်ကို ပိုမိုဂရုပြုစေရန် အားပေးအားမြှောက် လာရောက်ပြောတတ်သော လိမ္မာပါးနပ်သည့် ရာဇဝတ်ဝန်များလည်း ထိုအထဲတွင် ရှိပေသည်။

**တိုက်ပိုင် အင်စပိတ်တော်**

ကျွန်ုပ်၏ တိုက်ပိုင် အင်စပိတ်တော်မင်းမှာ အောက်သား ဖြစ်သည်။ အင်းစိန် စုံထောက်ကျောင်းမှလည်း စုံထောက်အတတ် သင်ခဲ့သည့်အပြင် အနှစ် ၂၅ နှစ်ကျော်မျှ ပုလိပ်ဘက်တွင် ရာဇဝတ်အုပ်၊ ဌာနာအုပ်





စသည့် အလုပ်များ လုပ်ခဲ့ပေသည်။ ဓားပြမှုပေါင်း များစွာ စစ်ဆေးခဲ့ဖူးသည်။ လူရိပ်လူကဲ အတော်မှန်အောင် ခတ်တတ်သည်။ စိတ်ရှည်သည်၊ သည်းခံတတ်သည်၊ အရက်မသောက်တတ်ပါ။ အရက်သောက်သော လက်အောက် အရာရှိများကိုလည်း မိမိ မကြိုက်၍ မသောက်သော်လည်း မဟန့်တားပေ။ သူ့အကျင့်ဆိုးမှာ ပိုကာဆွဲခြင်း ဖြစ်လေသည်။ နေ့ရောညပါ မအိပ်မနေ သူ ကစားချင်သည်။ သူ့မှာ ထိုဥဥ်ကလေးတစ်ခုသာ ရှိသည်။ တောလာလျှင် သူ ပိုကာ မဆွဲရပေ။ သို့နှင့် တောတွင် သူ ကြာကြာမနေလိုလှ။ ရာဇဝတ်ဝန်သည် ထိုမျှအမှုစုံထောက်ကောင်းသည့် တိုက်ပိုင်အား ဖဲရိုက်တတ်သည်ကို မကြိုက်ပေ။ သူ ပြောသည်ကိုလည်း အယုံအကြည် မရှိပေ။ ယခုလို သူက ကျွန်ုပ်အား ဆုရအောင် ပြောပေးမည် ဆိုသည်ကို ကျွန်ုပ်မှာ ဝမ်းမြောက်လှသော်လည်း ရမည် မထင်လှပေ။

ရာဇဝတ်ဝန်နှင့် မတည့်သော တိုက်ပိုင်အောက်တွင် နေရသော ဌာနာအုပ်များမှာ များစွာ နစ်နာကြရလေသည်။ အလုပ်ကောင်း၍ တိုက်ပိုင်က ကောင်းသည်ဟု ထောက်ခံချက်ပေးလျှင် ရာဇဝတ်ဝန်က မယုံကြည်၊ မယုံကြည်၍ အရေးမပေး။ တိုက်ပိုင်သည် အထက်အရာရှိတစ်ယောက် ဖြစ်၍ ဌာနာပိုင်တို့ကို အုပ်ချုပ်ရသူ ဖြစ်ရာ၊ သူ့စကားကို အကောင်းမထင်၍ သူ့ထောက်ခံချက်ကို အသိအမှတ်မပြုလျှင် မည်သူ၏ ထောက်ခံချက်ဖြင့် ဌာနာပိုင်များ တိုးတက်မှု ရနိုင်တော့အံ့နည်း။

တိုက်ပိုင်မင်းမှာ အောက်မြန်မာပြည်က ပြောင်းလာစပင်ရှိရာ ကျွန်ုပ်နှင့်လည်း အတော် ခင်မင်ရင်းနှီးပါသည်။ သို့နှင့် ကျွန်ုပ်အား ကူညီလိုလှသည်။ သူ၏ ပိုကာပွဲကိုပင် စွန့်မစ်၍ ကျွန်ုပ်အား ကူညီမည်ဟု ကတိပေးပါသည်။

ကျွန်ုပ်၏ အယူအဆများနှင့် နတ်ကတော် ဟောပြောချက်တို့ကို လောကီပညာတို့ဖြင့် ဆုံးဖြတ်ရာ အမှုပေါ်ရန် လမ်းစများ ရှိနေပေသည်။

နတ်ကတော်အား ထပ်မံ၍ နှုးရဦးမည်။ သို့သော် အထက်က ကျွန်ုပ်ပြောခဲ့သည့် အတိုင်းပင် သက်သေခက်နေသည်။

နတ်ကတော်က သက်သေခံမည်လား၊ သူ သိသည်ကို နတ်ပြောလုပ်နေဟန် ရှိသည်။ တစ်ယောက်လောက် ဆွဲမိလျှင် အကုန် ရနိုင်မည်။

သူကြီးနှင့် ရွာခေါင်းတို့အား ကျွန်ုပ်၏ ခက်ခဲမှုများ၊ ဥပဒေများကို ရှင်းပြရလေသည်။ သူတို့လည်း ငိုင်နေကြသည်။ ကျွန်ုပ်ကလည်း ဖွင့်ပြောရမည်မှာ တော်တော်ခက်နေသည်။ သူကြီးကမူ–

'ဆရာ ကျွန်တော် ပြောပါရစေ၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ၊ တည့်တည့်သာ ပြောပါ'

'ဒီအမှု ပေါ်မယ် ဆိုတာတော့ ကျုပ်စိတ်ထဲမှာ တွက်ချက်ပြီးပြီဗျ သူကြီးရဲ့၊ သက်သေဖြစ်တဲ့ အိမ်ရှင်ကလည်း သေနေတော့ ဘယ်သူက သက်သေခံမလဲ။ ကဲ … ကြည့်လေ၊ မနန်းကို သတ်ရတာဟာ တခြားကြောင့် မဟုတ်ဘူး။ ဓားပြထဲက တစ်ယောက် မဟုတ်ရင် နှစ်ယောက်တော့ မနန်းကို သိတယ်။ သူ့သတ်ပစ်ရင် ပြောမယ့်သူ မရှိတော့ဘူးမဟုတ်လား။ ပစ္စည်းကလည်း ဖြစ်ဖြစ်မြောက်မြောက် မရတော့ အမှုပေါ်ဖို့မှာ ဝေးသတဲ့ဝေးရော မဟုတ်လားဗျ။ ဓားပြထဲမှာ မနန်း သိတဲ့အကောင် ပါတယ်ဆိုရင်ပဲ ခင်ဗျားတို့ ရွာသားထဲက သိတဲ့လူလည်း ရှိရမယ် မဟုတ်လား။ အဲဒီလူက ဓားပြတိုက်နေမှာ သူ မြင်လိုက်တယ်။ မြင်လိုက်တာကို အမှန်အတိုင်း ပြောအောင် လုပ်ရမယ်'

'ဟုတ်ပါပြီ ဆရာ၊ အဲဒီလူက ဘယ်သူလဲ'

'ရွာထဲမှာ ရှိတာပေါ့ဗျ၊ ဓားပြတိုက်တုန်းက ဝိုင်းတဲ့ ဆီးတဲ့ထဲမှာ ပါတဲ့လူထဲကပေါ့'

'ရှိတော့ ရှိမှာပဲ၊ ဒါပေမဲ့ သက်သေခံရမှာများ စိုးနေသလား။ နို့မဟုတ်ရင် သူတို့နဲ့ အမျိုးတော်နေမလားမှ မပြောတတ်တာ'





'ဟုတ်တယ်၊ အမျိုးတော်ချင်လည်း တော်မယ်၊ သက်သေလည်း ခံရမယ်၊ ရွာသားထဲက သိတဲ့လူ ရှာရမှာပဲ'

ရပ်သူရွာသား၊ ရွာခေါင်း၊ သူကြီး ဆိုသူတို့မှာ သူတို့အကျိုး မပါလျှင် ရုံးသွားရခြင်း ဒုက္ခကို ရှောင်ကွင်းလိုကြသည်။ သို့သော် သူတို့ အကျိုးရှိမည်၊ သို့မဟုတ် သူတို့အကျိုးကို ထိခိုက်မည်ဆိုလျှင်ကား ကျမ်းစူးရုံမက ဖြစ်ချင်ရာ ဖြစ်စေတော့၊ သူတို့ သက်သေခံမည်မှာ ကျွန်ုပ် ပုလိပ်အရာရှိအတွက် ထူးဆန်းသောကိစ္စ မဟုတ်တော့ပေ။

သူကြီးနှင့် ရွာခေါင်းသည် အင်တင်တင် လုပ်နေသည်။ သို့နှင့် ကျွန်ုပ်က –

'ဒီလိုဗျ၊ ခင်ဗျားတို့ရွာ ဓားပြတိုက်ခံရတယ်။ ခင်ဗျားတို့ရွာနဲ့လည်း သိပ်ဝေးတာ မဟုတ်ဘူး။ ခင်ဗျားမှာလည်း နှစ်လုံးပြူး သေနတ်ရှိတယ်။ ခင်ဗျားယောက္ခမမှာလည်း ခြောက်လုံးပြူး ရှိတယ်။ ဓားပြမှာ သေနတ် ဟန်ဆောင်သာ ပါတယ်။ ဒီဓားပြကို ခင်ဗျားတို့ ခုခံခြင်း မရှိဘူး။ အရေးပိုင်မင်း ထုတ်ဆင့်ထားတဲ့ အမိန့်ကို မလိုက်နာဘူး။ ဒီတော့ အရေးပိုင်မင်း ထုတ်ဆင့်ထားတဲ့အတိုင်း လိုက်နာရင် ဒီဓားပြတွေ လွတ်မသွားနိုင်ဘူး။ အနည်းဆုံး ဓားပြထဲက တစ်ယောက်ယောက်ကို မီးတုတ်တွေ ထွန်းကြည့်ရင် မြင်လိုက်ကြရမယ်။ ခုတော့ ခင်ဗျားရွာသားတွေ ခုခံတယ် ဆိုပေမယ်လို့ ခုခံရာ မရောက်ဘူး။ လူတစ်ယောက် သေသွားရတယ်။ အကယ်လို့ ခင်ဗျားတို့ ရွာသားတွေကသာဝိုင်းပြီး ခုခံရင် မနန်းကိုသတ်ဖို့ အချိန်ရမှာ မဟုတ်ဘူး။ ဒါတွေကို ကျုပ်က အစီရင်ခံရင် ခင်ဗျားတို့ရွာ ဒဏ်ကျမယ်။ သူကြီး သေနတ်ပြန်သိမ်းလိမ့်မယ်၊ ခင်ဗျားယောက္ခမ ခြောက်လုံးပြူးလည်း အသိမ်းခံရမလား မသိဘူး' ဟု သူတို့ကို ထိခိုက်မည့် လေသံပစ်လိုက်လျှင် သူကြီးနှင့် ရွာခေါင်းတို့သည် မျက်လုံးပြူးသွားပြီး အကြံဉာဏ်ထုတ်ဖို့ အချိန်ပေးရန် ကျွန်ုပ်အား တောင်းပန်၍ ထွက်သွားကြလေတော့သည်။

သူတို့ ထွက်သွားသည်ကို ကျွန်ုပ်လည်း အခွင့်ကောင်းယူ၍ နတ်ကတော် မလှ အိမ်သို့ တစ်ယောက်တည်း ထွက်ခဲ့လေသည်။

နတ်ကတော် မလှမှာ ကျွန်ုပ် အလာကို မျှော်နေသည့်အလား အိမ်ပေါက်ဝတွင် တွေ့ရပေသည်။ ၎င်းကပင် ကျွန်ုပ်အား 'ဘယ်လဲ' ဟု နှုတ်ဆက်လေသည်။ 'မလှဆီ လာတာပဲ' ဟု ပြောရာ၊ ၎င်းက အိမ်အတွင်းသို့လာရန် ဖိတ်မန္တက ပြုလေသည်။ သူကိုယ်တိုင်ကလည်း ကျွန်ုပ်နှင့်အတူ အိမ်ရှေ့ လူမြင်ကွင်းတွင် စကားပြောရန် လိုလားဟန် မတူပါ။

အိမ်အတွင်းသို့ ရောက်ခါမှ ကျွန်ုပ် တွေးထင်သည့်အတိုင်းပင် မှန်သည်ကို တွေ့ရလေသည်။

'ဘာကိစ္စပါလဲရှင်'

'နတ်ထွက်တာ ကျုပ် မကျေနပ်တာတွေရှိလို့ မေးချင်လို့ပါ'

'အရှင်သခင်ဟာ သူ စိတ်ကောင်းရှိနေတဲ့အခါဆိုရင် မှန်မှန် ပြောပါတယ်'

'မလှကို ကျုပ် တိတိလင်းလင်း ပြောချင်တယ်။ ကျုပ်ဟာ နတ်ကို မယုံခဲ့ဘူး။ ဒါပေမဲ့ ခင်ဗျား ဟောလိုက်တာတော့ ကျုပ်တို့ ရထားတဲ့ အထောက်အထားတွေနဲ့ ဆိုရင် ကိုက်နေတယ်။ မှန်တယ်လို့ ဆိုချင်တယ်'

'ကျွန်မကတော့ အရှင်သခင် ပြောတာကို ပြောရတာပဲ။ ဟုတ်တယ်၊ မဟုတ်ဘူး ဆိုတာတော့ မသိဘူး။ ကျွန်မကို ချစ်နေတဲ့ အရှင်သခင်ကတော့ ကျွန်မ နာမည်ပျက်အောင်တော့ မဟုတ်တာ ပြောမယ် မထင်ပါဘူး'

'ဟုတ်ပါတယ်၊ ကျုပ် ဒါကြောင့် ထပ်မေးချင်တယ်။ ပူးတော့ မပူးပါနဲ့တော့ဗျာ၊ ပင့်ပြီး ပြောတာပေါ့'

'ဟုတ်ကဲ့၊ အရှင်သခင် ပူးမှဖြင့် သိပ်ကို မောတာပဲ၊ ပင်လည်း ပင်ပန်းတယ်'





'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ဒါကြောင့်လည်း မပူးစေချင်ပါဘူး။ မေးချင်တာကတော့ သိနိုင်အောင် ညွှန်ပြစေလိုပါတယ်ဗျာ။ အရာတော်နဲ့ နေ့ထဲက ဆိုတော့ သိပ်နယ်ကျယ်လွန်းတယ်။ ဒီဓားပြနေတဲ့ ရွာ ဖြစ်စေ၊ အဆက်အသွယ် ဖြစ်စေ ရွာခေါင်း သိမှာပေါ့ ဆိုတာလည်း ရွာခေါင်း မေးကြည့်တော့ သူလည်း ဘာမှမသိဘူး ပြောနေတယ်'

'ဩော် အရှင်ကောင်း သခင်ကောင်းက ရွာခေါင်း သိမှာပေါ့လို့ ပြောသလား'

'ဟုတ်တယ်၊ အစမရှိ အဆုံးမရှိ ဆိုတော့ ဘယ်လို ရွာခေါင်းနဲ့ စပ်နေတယ် ဆိုတာလောက် သိရရင် တော်ပါပြီ'

မလှသည် ကန်တော့ပွဲကို မ သည်။ ပါးစပ်မှ တွတ်တွတ်နှင့် ရွတ်နေသည်။ နောက် ၃၊ ၄ မိနစ်ခန့် အကြာလျှင် ကျွန်ုပ်အားကြည့်၍ 'ဒွာနာပိုင်ကြီး အမှုပေါ်ပါလိမ့်မယ်တဲ့၊ သူ လမ်းညွှန်မယ်လို့ ပြောပါတယ်'

'အစသာ ဖော်ပေးပါ'

'ဓားပြမတိုက်ခင် ၄၊ ၅၊ ၆ ရက်က လူစိမ်းတွေ ရွာကို လာတယ်တဲ့။ ဒီကောင်တွေထဲမှာ အရာတော် နယ်သားနဲ့ နေ့နယ်သားက လူတွေ ပါတယ်တဲ့။ နေ့အရှင်ကြီး ပိုင်တဲ့နယ်က လူတွေ ငါ့နယ်ထဲ လာစော်ကားတာ မိနန်းကို မုန်းလို့ ငါ ခံလိုက်တာတဲ့။ ဒီလူတွေကို စုံစမ်းရင် သိမှာပေါ့တဲ့'

'မလှ တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်။ ကျုပ် ဒီလောက် သိရရင် အစ ရှာရပါပြီ'

ထိုနောက် ကျွန်ုပ်က အမှုအကြောင်းကို မလှအား မေးကြည့်သည်။ ဓားပြတိုက်ပုံ တိုက်နည်းတို့ကို သူက ပြောပြသည်။

'ပထမတော့ မိနန်းတို့ အိမ်ထဲက တိုးတိုး တိုးတိုးနဲ့ စကားပြောသံတွေ ကြားတယ်။ နောက်တော့ ဗုန်းဗုန်းနဲ့ ရိုက်သံ ကြားတယ်။

ဒီလိုကြားပြီးတဲ့နောက် ဓားပြ ဓားပြနဲ့ အရှေ့ဆီက အော်သံ ကြားတယ်။ ရွာခေါင်းအိမ်က တုံးခေါက်တယ်။ ဓားပြက မဆိုင်သူ မကပ်နဲ့၊ နင်တို့ မိန်းမ မုဆိုးမ ဖြစ်သွားမယ်၊ သေနတ်ပါတယ် ဆိုပြီး ခြောက်နဲ့ တူပါတယ် တစ်ချက်ဖောက်တယ်။ မိနန်းက လူမိထားပါတယ်၊ မကူပါနဲ့လို့ အော်သံ ကြားရတယ်။ ရွာသားတွေလည်း ရုံးစု ရုံးစုနဲ့ ဝေးဝေးကပဲ ဝိုင်းဟား၊ ဆီးဟနဲ့ အော်နေကြတယ်။ တုတ်မီး (လက်နှိပ်မီးကို ခေါ်သည်) ကလည်း ဟိုထိုး ဒီထိုးနဲ့၊ ကျွန်မလည်း ကြောက်ကြောက်ရှိတာနဲ့ အိမ်ကို ကွယ်ပြီး ဝပ်နေရတယ်။ မိနန်းကို ဆွဲထုတ်သွားတယ်။ ရွာနဲ့ လယ် တစ်ကွက်ခြားလောက်မှာ ရိုက်သံ ခုတ်သံ ကြားတာပဲ' ဟု မလှက ပြောပြ၏။

ထိုနောက် စပ်မိစပ်ရာ ပြောဆိုကြရာတွင် ရွာခေါင်းကို မေးမှ သိရမည် ဆိုသော စကားကိုပင် သူ ကွယ်ဝှက်မှု မရှိတော့ဘဲ ကျွန်ုပ်အား ပြောပြဆိုသည်မှာ–

'ဌာနာပိုင်ကြီးတို့တော့ သိရောပေါ့၊ ဒီရွာကို ဓားပြ မတိုက်ခင်က နွားပျောက်ရှာ ဆိုပြီး လာလိုက်ကြတာ၊ ကျွန်မဆီတော့ နွားပျောက်တဲ့ လူတွေက နတ်မေးဖို့ လာကြပါရဲ့။ နွားဝယ်တဲ့ လူတွေကတော့ မလာကြလို့ သေသေချာချာ မသိဘူး။ ဒါပေမဲ့ ရွာကလေး ဆိုတော့ ဘယ်သူ့အိမ်မှာ ဧည့်လာတယ် ဆိုတာ ဧည့်ရောက်လို့မှ ကွမ်းတစ်ယာ မညက်ခင် တစ်ရွာလုံး သိကြတာပဲ။ မိနန်းတို့အိမ်မှာ ဆိတ်ကျောင်းနေတဲ့ ငပြူး ဆိုတဲ့ ကောင်ကလေးနဲ့ နွားဝယ် ဆိုပြီး နောပင်ရွာသား တစ်ယောက် ပါလာတယ်။ မိနန်းတို့အိမ် ဝင်လာကြတယ်။ ရွာထဲမှာ ကြာကြာတောင် မနေဘူး။ နောက် ဒီငပြူးနဲ့ပဲ နွားဝယ် ဆိုပြီး ရွာသစ်ရွာက လူကြီးတစ်ယောက် လာကြသေးတယ်။ သူတို့တော့ ရွာထဲ ဟိုအိမ်ဝင်၊ ဒီအိမ်ဝင်နဲ့ နေတာပဲ။ ရွာခေါင်းအိမ်တောင် သူတို့ ဝင်သွားသေးတယ်။ ရွာခေါင်းက ဒါတွေ မပြောဘူးလား'





'ဟုတ်ကဲ့ ကျုပ်ကလည်း အမှုအကြောင်းနဲ့တော့ ဘာမှ မမေးရသေးပါဘူး။ ခင်ဗျား နတ်ပူးပြီး ပြောနေတာကြားတော့ ကျုပ်အမှုတော့ နတ်ကောင်း နတ်မြတ်တို့က မနေသာလို့ လာပြောနေပြီလို့ စိတ်ချယုံကြည်ပြီး နတ်မေးတာနဲ့ အချိန်ကုန်နေတာပဲ' ဟု မလှ သဘောကျမည် ထင်ရသော စကားလုံးများဖြင့် ကျွန်ုပ်က ပြန်ပြောလျှင်၊ မလှမှာ သိသိသာသာပင် ဝမ်းသာသွားပုံ ရ၏။

နတ်ကတော် မလှမှာ အသက်ကလည်း မကြီးလှသေးသည့်အပြင် တောသူတို့ အမူအရာ မရှိတော့ဘဲ တောထဲတွင် ပွင့်နေသော နှင်းဆီပန်းပမာ တူလှပေသည်။

ကျွန်ုပ်လည်း မလှနှင့် အတော် ရင်းနှီးလာပေပြီ။ ညနေ လာလည်ဦးမည့် အကြောင်းနှင့် ည နတ်တင်မည် ဖြစ်ကြောင်းတို့ကို ပြောပြီးလျှင် 'ည နတ်တင်တဲ့ ရည်ရွယ်ရင်းက မလှကို ကျေးဇူးတင် ဂုဏ်ပြုတာပါပဲ' ဟု ကျွန်ုပ်က နှုတ်ဆက်ရင်း ပြောလိုက်မိ၏။ မလှက 'ဘယ်တော့မဆို ဘယ်အချိန်မဆို ဌာနာပိုင်မင်းက ကျွန်မတို့လို ဆင်းရဲသားတစ်ယောက်အိမ် လာလည်မယ် ဆိုရင်တော့ မိလှမှာ မရှိတာ ရှိတာ အပထားပြီး ဝတ်ပြုဖို့ အဆင်သင့်ပါပဲ' ဟု သူက ကျွန်ုပ်အား မထေ့တထေ့ကလေး ပြောလိုက်သည်ကို ယခုတိုင် မြင်ယောင်သေး၏။

ကျွန်ုပ်လည်း ရွာခေါင်းအိမ်သို့ ဝမ်းပန်းတသာနှင့် ပြန်လာပြီး ကျွန်ုပ်၏ အမှုထမ်းများအား သူတို့ ရရှိသော သတင်းများ ပြောကြရန် မေးသောအခါ–

စာသင်ပုက 'ကျွန်တော် သိရသမျှတော့ နွားဝယ်လာတဲ့ အကောင်တွေကို မသင်္ကာစရာ ဖြစ်နေတယ် ဆရာ၊ သူတို့ ဒီရွာကို နွားဝယ် ဆိုသလို လာပြီး ဓားပြတိုက်တဲ့အိမ် လာကြည့်တာနဲ့ တူတာပဲ။ ဆိတ်ဝယ်လာတဲ့ လူတစ်စုလည်း ရှိတယ်။ ဒီလူတစ်စုဟာ ငပြူးက ခေါင်းဆောင်လာတယ်လို့ စုံစမ်းသိရတယ်'

'ဩော် ... မင်း ဒီသတင်း ရပြီးပြီလား၊ တော်တယ်ဟေ့'

'ရတာပေါ့ ဆရာ၊ ကျွန်တော်တို့ နတ်တင်ရာက ရတဲ့ပစ္စည်းနဲ့ ဆရာ့ထင်ကြေးနဲ့ ပေါင်းကြည့်တော့ ဒီကောင် ၂ သိုက်နဲ့ဟာ ကိုက်တော့နေတာပဲ။ ဒါပေမဲ့ သက်သေတော့ ဘယ်လိုရမယ် မပြောတတ်ဘူး'

'ဒါက ငါ့တာဝန်ပါကွာ၊ ကိစ္စမရှိပါဘူး၊ ရွာခေါင်းနဲ့ သူကြီးကို သွားခေါ်ကွာ၊ မေးရအောင်'

စာသင်ပုသည် သူကြီးနှင့် ရွာခေါင်းအား ခေါ်ယူလာသဖြင့် ကျွန်ုပ်နှင့် အမှုအကြောင်း ဆွေးနွေးကြလေသည်။

'ကျုပ်တို့ အခု ၂ ရက်လောက် စုံစမ်းချက်ကတော့ ဒီရွာကို ငပြူး ခေါင်းဆောင်ပြီး ဓားပြမတိုက်မီ ၆ ရက်၊ ၇ ရက်လောက်က ဆိုပါတော့ဗျာ။ ဆိတ်ဝယ် နွားဝယ်တွေ လာတယ်ဆိုတာ ဟုတ်တယ် မဟုတ်လား'

သူကြီး။ ။ 'ဟုတ်လားဟေ့'

ရွာခေါင်း။ ။ 'ဟုတ်တယ်၊ ညမအိပ်လို့ ဧည့်စာရင်းတော့ မရေးဘူး'

ဧည့်စာရင်း ဆိုသည်မှာ ဥပဒေအားဖြင့် ညဥ့်အိပ်ညဥ့်နေ ရွာသို့ လာရောက်တည်းခိုသော ဧည့်သည် ဟူသမျှကို အမည်၊ အဘအမည်၊ နေရပ်၊ ဘယ်အရပ်က လာသည်၊ ဘယ်အရပ် သွားမည်၊ ဘာကိစ္စနှင့် ဖြစ်သည်၊ ကုန်ပါလျှင် ကုန်၏ အမျိုးအစား၊ လှည်းနှင့် သွားပါလျှင် အမှတ်အသား စသည်တို့ပြင် မည်သူ့အိမ်တွင် ဘယ်နှရက် နေသည် ကိုပါ ဖော်ပြရသည်။ ဤဧည့်စာရင်းကို ကောင်းစွာ အသုံးချတတ်လျှင် နွားခိုးမှု၊ ဓားပြတိုက်မှု စသည့် အမှုကြီးများတွင် အတော် အထောက် အပံ့ ရ၏။ စုံစမ်းရန် လွယ်၏။ သို့သော်လည်း တစ်ရာတွင် ၇၅ ရာခိုင်နှုန်းရှိ သူကြီးနှင့် ရွာခေါင်းတို့မှာ ပျင်းရိ၍ သော်လည်းကောင်း၊ အလုပ်ကို မရိုသေသောကြောင့် သော်လည်းကောင်း မရေးမမှတ်ဘဲ နေတတ်ကြသည်ကို တွေ့ရသည်။





ဤဧည့်စာရင်းကိုကား မြို့ပိုင်၊ နယ်ပိုင်တို့က စစ်ဆေးရန် တာဝန် ရှိသည်။ သို့သော်လည်း မြို့ပိုင်၊ နယ်ပိုင်တို့မှာ အခွန်တော်ငွေလောက် ၎င်းစာရင်းများကို ဂရုမပြုကြပေ။ ကျွန်ုပ်တို့က တိုင်ကြားလျှင်လည်း အရေးယူလေ့ယူထ မရှိပါ။ ကျွန်ုပ်တို့ကိုပင် "ကြီးကျယ်တဲ့ ဌာနဘိုင်" ဟု ပြောဆိုကြသည်။ ဤဧည့်စာရင်း ဆိုသည်မှာ မြို့ပိုင်၊ နယ်ပိုင်တို့နှင့် များစွာ ပတ်သက်ခြင်း မရှိလှပေ။ ပုလိပ်နှင့်ကား များစွာ အသုံးဝင်သော ရွာမှတ်တမ်း ဖြစ်ပါသည်။ သို့သော် ဘယ်ကဲ့သို့သော အကြောင်းကြောင့် ဟုတော့ ကျွန်ုပ် မသိပါ။ ထိုဧည့်စာရင်း ရေးမှတ်ခြင်းကား ပုလိပ်ထုတ် ဥပဒေမှ မဟုတ်သဖြင့် သူကြီးအပေါ်တွင် ဥပဒေအရ ကျွန်ုပ်တို့က အရေးမယူနိုင်ပါ။ သူကြီးကလည်း ကျွန်ုပ်တို့ မှတ်ချက်များ ရေးလိုသမျှ ရေးသော်လည်း ဧည့်စာရင်းကို ကျွန်ုပ်တို့အား ပြပြီးနောက် သူကိုယ်တိုင် ဖွင့်၍မကြည့်သဖြင့် ကျွန်ုပ်တို့၏ မှတ်ချက်၊ သွန်သင်ချက်များသည် အချည်းအနှီးသာ ဖြစ်ကြသည်ကို တွေ့ရတတ်လေသည်။

အချို့ အချို့သော ဧည့်စာရင်းများတွင် သီချင်းများ၊ ဆေးမြီးတို များ၊ လက်ဆော့သော ကလေးတို့၏ အရုပ် စသည်တို့ကို ရေးခြစ် မှတ်သားထားသည်ကို တွေ့ရတတ်ကြ၏။

လက်ပံရွာ ဧည့်စာရင်းကား ကျကျနန ရေးထားသော စာအုပ် ဖြစ်လေသည်။ ညဥ့်အိပ် ညနေ လာသောဧည့် မဟုတ်သဖြင့် ရေးမှတ် ထားခြင်း မရှိသော်လည်း "ငပြူး" လာကြောင်းကို ရွာခေါင်းနှင့်တကွ အားလုံး သိကြလေသည်။

ရွာခေါင်း။ ။ 'ငပြူး ဆိုတာ အသက် ၂၀ လောက် ရှိပါသေး တယ်။ မိနန်းတို့နဲ့လည်း အမျိုးတော်တယ်။ ဒီကောင်ကလေး ဒီအိမ်က ထွက်သွားတာတောင် ၆ လ လောက် ရှိဦးမယ်။ အခု အရာတော်ပိုင် ရွာသစ်မှာလား၊ ဟင်းသမရွာမှာလား မဆိုနိုင်ဘူး၊ လယ်ကူလီ လုပ်နေ တယ်။ သူနဲ့ပါတဲ့ လူကလည်း ရွာသစ်ကပါ။ လူတော်တော်ကြီးပါပြီ။

၅၀ နီးနီးလောက် ရှိပြီ။ နောပင်ရွာက ဆိုတဲ့လူကလည်း မွန်မွန်ရည်ရည်ပဲ။ သူတို့နာမည်တော့ မမေးလိုက်ဘူး'

ဤသို့ ကျွန်ုပ်တို့ တွေးထင်ချက်နှင့် သူကြီး၊ ရွာခေါင်းတို့၏ ကိုယ်တွေ့ ထင်မြင်ချက်ချင်း ကွာနေကြသည်။ သို့သော် ဘာပဲဖြစ်ဖြစ် "ငပြူး" ကို ရှာရမည်။ သူနှင့် ပါလာသောလူသည် မည်သူမည်ဝါ ဖြစ်သည်ကို စစ်ဆေးရမည်။ ငပြူးကို နှစ်နေရာ ရှာရမည်။ နောပင်နှင့် ရွာသစ်၊ ဟင်းသမ ရွာများတွင် ရှာရမည်။ "ငပြူး" ကို မေးပြီးလျှင် ထိုလူများကို ခေါ်ယူစစ်ဆေးရမည်မှာ ပထမတာဝန် ဖြစ်ပေသည်။ အမြန်ဆုံး ဆောင်ရွက်မှ ကောင်းမည်။ သို့သော် သူကြီးနှင့် ရွာခေါင်း အား ကျွန်ုပ် ပြောထားသော သက်သေရနိုင် မရနိုင်သည်တို့ကို မေးလျှင် ဖြစ်ပါစေမည်ဟု အာမခံကြသည်။ အာမခံရခြင်း၏ အကြောင်းရင်းကား သူတို့ရွာ ဒဏ်တပ်ခံရမည်ထက် သူကြီး နှစ်လုံးပြူး ပါသွားမည်ကို လည်း သူကြီး စိုးရိမ်သည်။ ထို့ပြင် ပေါ်ပေါက်မည် ဆိုသည်ကိုလည်း သူတို့ ဒွိဟ ဖြစ်ကြသည်။

ကျွန်ုပ်၏အကြံမှာ "ငပြူး" မှတစ်ဆင့် သိသင့် သိထိုက်သော အချက်အလက်များရလျှင် ၎င်းတို့ လူစုထဲမှ ဖြောင့်ချက် ရမည်။ ထို ဖြောင့်ချက်ကို ထောက်ခံချက်သက်သေ ရွာက ရရမည်။ သက်သေခံ ပစ္စည်းလည်း ရနိုင်သမျှ ရအောင် လုပ်ရမည်။ ဤသို့ ရလျှင် အမှုမှာ များစွာ သေချာနေပြီဟု ဆိုနိုင်ပေသည်။

သို့နှင့် ကျွန်ုပ်၏ စာသင်ပုနှင့် ပုလိပ်သား ၂ ဦးအား အရာတော် နယ်သို့ မနက်စောစောလွှတ်ပြီး၊ စာသင်မောင်ကြီးနှင့် ပုလိပ်သား ၂ ဦး အား နောပင်ရွာသို့ စေလွှတ်ပါသည်။ ၎င်းတို့အား ဆယ်ကြီးတောရွာသို့ ငပြူးအား စစ်ဆေးရန် ခေါ်လာရမည်။ ငပြူးနှင့် ပါသူကိုလည်း ငပြူး အား မေး၍ ခေါ်လာရန်လည်း မှာလိုက်သည်။

ထိုညတွင် ကျွန်ုပ်၏ ကတိရှိသည့်အတိုင်းပင် နတ်ကတော်





မလှကိုခေါ်၍ ဘိုးမင်းကျော်အား အရက်၊ ကြက်သားကြော်တို့ဖြင့် တင်ကြ ပါသည်။ မလှမှာ အရက်များ သောက်သည်။ ဘိုးမင်းကျော် သောက် သည်ဟု ပြောသည်။ ကျွန်ုပ်တို့အားလည်း မကြာ မကြာ ဆဲသည်။ စကားတစ်ခွန်း ပြောလျှင် နှစ်ခွန်းမှာ ဆဲသောစကားသာ ဖြစ်သည်။ ကျွန်ုပ်တို့အားလည်း ဤအမှုကို သူ စောင့်ရှောက်၍ ပေါ်မည်ဖြစ်ကြောင်း တို့အပြင် နံနက်တွင် တရားခံ သွားရှာမည်၊ တရားခံများကိုလည်း တွေ့အောင် မိမိ ဆောင်ရွက်မည် ဖြစ်ကြောင်းတို့ကိုပင် မလှက ဘိုး မင်းကျော် ပူး၍ ပြော၏။ ကျွန်ုပ်တို့လည်း မူးမူးနှင့် ဘိုးမင်းကျော်အား နောက်ပြောင်ကာ ထိုညကို လွန်စေလျက် နောက်နေ့နံနက်တွင် ဆယ်ကြီး တောရွာ ခေါ်သောရွာသို့ ဇာတ်အိမ်သစ် တီထွင်ကာ ပြောင်းရွှေ့ကြပါ တော့သည်။

**ခရီးဆက်ထွက်ကြခြင်း**

အုတ်ဖိုရွာမှ ဆယ်ကြီးတောရွာသို့ ရဲတွက်ရွာမှဆိုလျှင် ၅ မိုင်ကျော် ကျော်သာ ဝေးပေသည်။ ရဲတွက်ရွာမှာ မြေအိုး အမျိုးမျိုး လုပ်သော အရပ်တစ်ခု ဖြစ်သည့်အပြင် သဲဆပ်ပြာများလည်း ရပါသည်။ ရဲတွက် ရေအိုးဟု ထိုနယ်တစ်ဝိုက်တွင် ကျော်ကြားသော လက်ရာကောင်းအိုး ဖြစ်သည်။

အောက်အရပ်တွင် သဲဆပ်ပြာ မရပါ။ အလကားကျုံး၍ ရသော် လည်း တစ်ပြည်လုံး သုံးလောက်အောင် ရမည်မထင်ပါ။ ဤဆပ်ပြာ မျိုးမှာ တောသူတောင်သားများ အဝတ်လျှော်ခြင်း၊ ကိုယ်တိုက်ရန်အဖြစ် အသုံးပြုခြင်းနှင့် အိုးခွက်တို့ကို ဆေးကြောရာတွင် များစွာ အသုံးဝင်၊ အသုံးကျသော သဘာဝ ဆပ်ပြာတစ်မျိုး ဖြစ်လေသည်။ အချို့အရပ် များတွင် ၎င်းဆပ်ပြာမျိုး မရနိုင်လျှင် နှမ်းများကိုစု၍ မီးရှို့ကာ ၎င်းမှ

ကျသော ပြာကို ရေနှင့်ရောလိုက်လျှင် ဆပ်ပြာအကောင်းစားတစ်ခု ဖြစ်ပေသည်။ ရှေးမြန်မာလူကြီးများသည် မိမိတို့တိုင်းပြည်ထွက် ကုန်ကြမ်းများမှသာ မိမိတို့ အသုံးအဆောင် ပြုလုပ်ကြသည်။ ယခုအခါတွင်မူကား တောရွာများမှာပင်လျှင် ကော့စတစ်ဆိုဒါ စသည်တို့နှင့် လုပ်သော ဆပ်ပြာများကို သုံးစပြုလာကြလေသည်။ ရဲတွက်ရွာနယ်တွင် ဝါများ မထွက်သော်လည်း ရွာထဲတွင် ရက်ကန်းစင်များလည်း ရှိကြသည်။ ၎င်းတို့သည် မိမိတို့အိမ်တွင် အဝတ်များ၊ စောင်၊ တဘက် အစရှိသည်တို့ကို ကိုယ်တိုင် ဝါကိုယူ၍၊ ဝါဂွမ်းများလုပ်၍ ချည်အထိ ကြိုးပမ်းပြီး ကိုယ်တိုင် ရက်လုပ်ကြသည်။ ဤရွာမှ ရွာသူရွာသားများသည် အိုး၊ သဲဆပ်ပြာတို့ကို ရွှေဘိုနယ်၊ မုံရွာမြို့နယ်အတွင်းများသို့ သွားရောက်ရောင်းချ စားသောက်ကြသည်။ တရုတ်နှင့်ကုလား မရှိ၊ ကလေးများ၏ ပညာရေးအတွက် မြန်မာစာသင်ကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းများ ရှိ၏။

ထိုစဉ်က သူကြီးလုပ်သူမှာ မြန်မာမင်းလက်ထက်ကပင် သူကြီးလုပ်ဖူးသော ဘိုးဘေးမှ ဆင်းသက်လာသည့် သူကြီးရိုးရာကလေး ဖြစ်ပေသည်။ ထိုခေတ် ပညာတတ် သူကြီးကလေး အုပ်ချုပ်သော်လည်း ရွာတွင် ထူးထူးထွေထွေ တိုးတက်မှု မရှိပေ။

သူကြီး၏ အဘိုးမှာ အနည်းငယ် ခေါင်းဖြူ၊ ခါးကိုင်းနေသော်လည်း သွားနှင့် မျက်စိများ အလွန်ကောင်းနေသည်ကို တွေ့ရပေသည်။ ကျွန်ုပ်က ဘကြီးတွင် ဆေးကောင်းများ ရှိသလားဟု မေးလျှင် ရှိသည်ဟု ဖြေသည်။ ကျွန်ုပ်က ကျွန်ုပ်အား ဘကြီး မှီဝဲသော ဆေးကို ပေးပါက ကျေးဇူးတင်ပါမည်ဟု ပြောသောအခါ သူကြီး အဘိုးက 'မင်းဆီက အဖိုးအခ မယူပါဘူးဗျာ၊ ကျုပ်ပြောတဲ့ဆေးကို စားမယ်ဆိုရင် ကျုပ်ကတောင် ငွေပေးပါ့မယ်' ဟု ပြောလေသည်။

"မင်း" ဆိုသည်မှာ ရိုင်းရိုင်းစိုင်းစိုင်း ပြောသော စကား မဟုတ်ပါ။ အရှည်ပြောလျှင် "မင်းဘုရား" ဖြစ်၍ အတိုခေါ်လျှင် "မင်း" ဟု ခေါ်ခြင်း ဖြစ်ပါသည်။





သူတို့သည် ယဉ်ကျေး၏။ ကျွန်ုပ်တို့ခေတ် လူများနှင့်ဆိုလျှင် ကွာချင်တိုင်း ကွာ၏။ သို့ကြောင့်ပင် မဟုတ်တုံလော။ ကျွန်ုပ်တို့ခေတ် လူများမှာ အသက် ၆၀ ပြည့်အောင်ပင် မနေကြရဘဲ အသက်အရွယ်ငယ်ငယ်နှင့်ပင် သေကြရ၏။

သူ၏ဆေးမှာ တခြား မဟုတ်ပါ။ မိရိုးဖလာ အစားအသောက်မှ လွဲ၍ ဘာမျှ မစားကြောင်း၊ အမဲသား၊ ကျွဲသား စသော အသားများကို မနှစ်သက်ကြောင်း၊ မစားကြောင်းအပြင် အရက်သောက်ခြင်း၊ ထန်းရည်သောက်ခြင်း အစရှိသော ဖဲရိုက်၊ ကြက်တိုက် ကစားခြင်းများ မလုပ်ဘဲ အချိန်မှန်မှန်စားခြင်း၊ အချိန်မှန်မှန်အိပ်ခြင်း၊ ကာမအရာ၌ ခြိုးခြံခြင်းပင် ဖြစ်သည်ဟု သူကြီး အဘိုးက ပြောပါသည်။

ကျွန်ုပ်က ဘယ်အရွယ်လောက်ကစ၍ ဤအတိုင်း နေခဲ့ပါသနည်းဟု မေးလျှင် ငယ်ငယ်တုန်းကတော့ အစားအသောက် အအိပ်အနေတို့သည် မမှန်ခဲ့ကြောင်း၊ သို့သော် အသက် ၄၀ ရွယ်လောက်မှ စ၍ အားလုံးကို ခြိုးခြံခဲ့သည်ဟု ပြောပြပါသည်။ ရှေးလူကြီးတိုင်းပင် ဤသို့ ပြောကြသည်ကို ကြားရဖူး၏။ ၎င်းတို့သည် ခြေကျင်သွားခြင်းကို အလွန်သဘောကျသည်။ မီးရထား၊ မီးသင်္ဘော၊ မော်တော်ကား အစရှိသည်တို့သည် ၎င်းတို့အယူအဆအားဖြင့် လူ၏အသက်ကိုပင် တိုစေသည်ဟုပင် ၎င်းတို့ ထင်ကြောင်း၊ ကျွန်ုပ်နှင့်မတွေ့မီ ၃၊ ၄ နှစ်လောက်ကပင် ဘုတလင်၊ ဆယ်ကြီးတော၊ အုတ်ဖို ဆိုလျှင် လှည်းမစီးလို၊ ခြေကျင်သွားခဲ့သည်ဟု ပြောပါသည်။ ကျွန်ုပ်တို့ လက်ထက်တွင်ကား ခြေကျင်သွားရမည်ဆိုလျှင် တစ်မိုင်လောက်ကိုပင် ဝေးသည် ထင်သည်။ စက်ဘီး၊ လှည်း၊ မြင်း၊ ရရာယာဉ်တို့ဖြင့် သွားလိုကြသည်။ အသက်ရှည်လိုလျှင် ခြေကျင်များများသွား၍ အစားအသောက် ခြိုးခြံရန် သွန်သင်လိုက်၏။

ကျွန်ုပ်မှာ ထိုစဉ်က အရက်လည်း သောက်သည်။ ခြေကျင် ဆိုလျှင် တစ်ဖဝါးမှ မသွားပါ။ သွားလေ့မရှိသောကြောင့်လည်း မသွားချင်ပါ။ မသွားချင်သောကြောင့်လည်း အကြောအခြင်များ ဆိုင်းတွနေသည်။ သွားလျှင် မောသည်၊ ပန်းသည်။ မိမိကိုယ်ကို သက်သာရန် ကြံဖန်လုပ်ခြင်းဖြင့် ချည့်နဲ့သော ဘဝသို့ တဖြည်းဖြည်း ရောက်လာစေခဲ့၏။

သို့သော် ဂျပန် အရှင်ကောင်းတို့၏ ကျေးဇူးတော်ကြောင့် မော်တော်ကား၊ မီးရထား အစရှိသော ယာဉ်များ ရှားပါးလာရာ အများအားဖြင့် ခရီးတိုများကို ခြေကျင်များများလျှောက်ရန် ဖန်လာခဲ့သောကြောင့် ယခုအခါတွင် ၅ မိုင်၊ ၆ မိုင်လောက် ဆိုလျှင် "အို ဘာအရေးလဲ၊ ခြေကျင်သွားမှာပေါ့" ဟု ပြောဝံ့သော ဘဝသစ်သို့ တိုးတက်လာပြန်သည်။

ရဲတွက်သူကြီး မောင်စိုးနှင့် တွေ့၍ လက်ပံရွာ ဓားပြတိုက်မှု အကျိုးအကြောင်းများကို စုံစမ်းလျှင်၊ ၎င်းက နှောပင်ရွာဘက်မှ လူဆိုးများ လှုပ်ရှားနေကြောင်းကို ပြောဆိုသိရှိခဲ့သော်လည်း မည်သူမည်ဝါများ ဖြစ်ကြသည်ကို အတိအကျ မပြောနိုင်ပေ။

ကျွန်ုပ်တို့သည် ရဲတွက်သူကြီး၏ သဒ္ဓါကြည်ဖြူစွာနှင့် ကျွေးမွေးသော ထမင်းဟင်းများကို စားသောက်ပြီးလျှင် "အိုး" လုပ်နေသည်ကို သွားရောက်ကြည့်ရှုရင်း နေခိုကြရလေသည်။ ဆယ်ကြီးတောမှာ ၃ မိုင်လောက် ဝေးသဖြင့် ထိုနေရာ၌ နေခိုပြီး ညနေမှပင် ဆယ်ကြီးတောသို့ သွားရောက်ကြလေသည်။

**ဆယ်ကြီးတောရွာ**

ဤရွာကား မုံရွာမှ ရေဦးသို့သွားသော မီးရထားလမ်းတွင် တည်ရှိ၍ ရွှေဘိုနှင့် မုံရွာ နယ်ခြားရွာတစ်ခု ဖြစ်ပေသည်။ မုံရွာမှ မိုင်ပေါင်း





၃၀ မျှ ဝေး၍ ရေဦးသို့ ၂၄ မိုင်မျှ ဝေးသည်။ ကုလားပိုင် ဆန်စက် ၂ လုံးနှင့် မြန်မာပိုင် ၂ လုံး ရှိသည်။ စပါးထွက်သော နယ်ထဲတွင်ရှိ၍ အတော်စိုပြည်သည်။ ကုလားဆိုင်များ၊ မြန်မာဆိုင်များ ရှိသည်။ ထန်းရည်ဆိုင် တစ်ခုလည်း ရှိသည်။ တပုရင်းနယ်မှ လူအများပင် ဆယ်ကြီးတောရွာသို့ ဈေးဝယ်လာကြရသည်။ ဆယ်ကြီးတောတွင် မီးရထားလမ်းဆုံးအဖြစ် အတော်ကြာကြာနေရာ မုံရွာ၊ အလုံနှင့် ရေဦးမှ ဈေးသည်အများအပြားပင် လာရောက် ရောင်းဝယ် ဖောက်ကားကြ၏။ သို့သော် ရေဦးသို့ မီးရထားလမ်း ဆက်လက်ပွင့်သွားလျှင် ဆယ်ကြီးတောရွာမှာ ယခင်ကလောက် စည်ကားလှခြင်း မရှိတော့ပေ။

ထန်းရည်ဆိုင်ရှိသောရွာတွင် သူကြီး ဖြစ်သောကြောင့်လားတော့ မသိပါ။ သူကြီး ဦးကံရမှာ ထန်းရည်တော်တော်သောက်သူ ဖြစ်လေသည်။ ကျွန်ုပ်တို့ ရောက်လျှင် ၎င်းမှာ အတော်မူးနေပေပြီ။

မြို့ပိုင်၊ နယ်ပိုင်၊ ဌာနာပိုင် အစရှိသည်တို့သည် မကြာခဏ လာရောက်တတ်သော နေရာတစ်ခု ဖြစ်သော်လည်း "ဗိုလ်တဲ" မရှိပေ။ သို့သော် သူကြီးသည် သူ ထန်းရည်သောက်သည်ကို အနှောင့်အယှက် မဖြစ်စေရန် သဘောထားလျက် ထိုအရာရှိများလာလျှင် တည်းခိုရန် အိမ်ငယ်တစ်လုံးကို ၎င်းအိမ်နှင့် မနီးမဝေး ၎င်း၏ ဝင်းခြံအတွင်းတွင်ပင် ဆောက်လုပ်ထားလေသည်။ "ဗိုလ်တဲ" မရှိလျှင် သူကြီးအိမ်မှာပင် တည်းခိုကြရသည်။ အရာရှိများ တည်းခိုနေချိန်တွင် ၎င်း ထန်းရည်သောက်စားခြင်းကို အနှောင့်အယှက် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် သီးသန့် တည်းအိမ် ဆောက်ပေးထားသည်ဟု သူကြီးက ကျွန်ုပ်အား ထန်းရည်သမားချင်း ဖြစ်၍ ထန်းရည်သောက်ရင်း ပြောပြ၏။ ထို့ပြင် ထန်းရည်သောက်ခြင်း၏ ကျေးဇူးများပုံ၊ ဖိမ်ရှိပုံတို့ကိုလည်း ပြောဆိုသိရှိခဲ့ရပေသည်။

ဆယ်ကြီးတောရွာ၌ လက်ပံရွာ ဓားပြတိုက်ရာတွင် လူသေသွား

ကြောင်း သိနှင့်ကြပြီ။ ထိုသတင်း၏ နောက်ဆက်တွဲ သတင်းကား ဆယ်ကြီးတောရွာကိုပင် ဓားပြတိုက်လိမ့်မည်ဟု သတင်းဖြစ်ပွားနေပြန်၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စေလွှတ်လိုက်သော အဖွဲ့များ ယနေ့ညနေ ပြန်မရောက်နိုင်ကြသည်ကိုသိ၍ အခြား ပုလိပ်ကိစ္စများကို ဆောင်ရွက်လျက် ထိုညတွင် ဆယ်ကြီးတောရွာတွင်ပင် အိပ်ကြရပါသည်။

**တရားခံ ထင်ရသူ**

ငပြူးနှင့် ကိုပြော့ ဆိုသူ ၂ ဦးကို အရာတော်နယ် ရွာသစ်ရွာအနီး လယ်တောတွင်းရှိ တဲမှ ခေါ်လာကြပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အပေါ်၌ သက်သေခံချက် တိုက်ရိုက်မရှိ၍ ဥပဒေအရ မဖမ်းဆီးနိုင်သေးပေ။ သို့သော် ခေါ်ယူစစ်ဆေးခြင်းကား ပြုနိုင်လေသည်။ ငပြူးကို ကိုပြော့အိမ်၌ တွေ့ကြရသည်။ ၎င်းတို့နှစ်ယောက်နှင့် နှောပင်ရွာသားတစ်ယောက်တို့ လက်ပံရွာသို့ ဆိတ်ဝယ်၊ နွားဝယ် လာကြောင်းကို ဝန်ခံကြသည်။ ကျွန်ုပ်၏ ပုလိပ်များသည် အတော် ညံ့ဖျင်းကြပေသည်။ ကိုပြော့ဟု အမည်ရှိသော လူတစ်ယောက်ကို တွေ့သော်လည်း ၎င်း၏ အိမ်ကို မရှာခဲ့ပေ။ ပုလိပ်များ မိမိတာဝန်ကို ကျေပွန်စွာ ထိုကိုပြော့၏ အိမ်ကို ရှာခဲ့ပါမူ ဓားပြမတိုက်မီတွင် ၎င်းတို့ နတ်တင်သော နေရာတွင် တွေ့ခဲ့သည့် လက်ဖက်ရည်သောက် တရုတ်ပန်းကန်ကလေးတွင် "ပြော့" ဟု အမှတ်အသား ပါသည်ကို ကျွန်ုပ်ကိုယ်တိုင် ပုလိပ်သားများအား ပြထားသည်။ ကိုပြော့ကိုတွေ့လျှင် ၎င်းအိမ်၌ ရှာခဲ့သော် ထိုပန်းကန်မျိုး တစ်လုံး တွေ့ပါက ကိုပြော့၏ ပန်းကန်ဟု စွပ်စွဲနိုင်သည်။ ကိုပြော့ကို စစ်ဆေးရန် အလွန်ကောင်းပေမည်။ လူငယ် ဆိုသည်မှာ ပေါ့ပေါ့ဆဆ လုပ်တတ်ပေသည်။ ကျွန်ုပ်ကလည်း အထူး မမှာလိုက်မိသောကြောင့် တစ်ကြောင်း၊ ယခုမှ အပြစ်တင်နေလျှင်လည်း အပိုဖြစ်နေပေသော





ကြောင့် အပြစ်မဆိုဘဲ ၎င်းတို့၏ ညံ့ဖျင်းမှုကိုသာ အံ့ဩမိပေတော့သည်။

သို့သော် ကျွန်ုပ်အဖို့ကား များစွာ ဝမ်းသာနေပေပြီ။ တရားခံအစစ်ကို ရပြီ။ တရားခံအစစ်ကို ရလျှင် အမှုပေါ်ပေါက်ရန် စစ်ဆေးခြင်းမှာ များစွာ မလွယ်ကူလှသော်လည်း အမှုရတော့မည်ဟု တထစ်ချ ကျွန်ုပ် ယုံကြည်ရင်းစွဲ ရှိ၏။

တရားခံဟု အထင်ခံရလျှင် ရှေးရိုးအတိုင်း စစ်ဆေးရမည် ဆိုပါက ရိုက်စစ်ရမည်ဟု သဘောထားကြသည်။ ရိုက်စစ်၍ရသော ဖြောင့်ချက်တို့သည် ရုံးတော်သို့ရောက်လျှင် ဖြောင့်ချက် မပေးကြဘဲ ကွယ်ဝှက်တတ်ကြသည်။ ယုံကြည်အောင် ပြော၍ရသော ဖြောင့်ချက်ကား အားလုံး မဟုတ်သော်လည်း အများအားဖြင့် အစိုးရသက်သေ ဖြစ်မည် ဆိုပါက ဖြောင့်ဆိုချက်အတိုင်း ထွက်ဆိုတတ်ကြပေသည်။

ကျွန်ုပ်ကား တရားခံကို ရိုက်၍ စစ်ဆေးသောနည်းကို ပုလိပ်ဘက် ဝင်စက ပုလိပ်သားဘဝမှ တက်ခဲ့သူ ဖြစ်၍ ရာဇဝတ်အုပ်၊ ဌာနာအုပ် ဖြစ်သူများထံမှ သင်ကြားခဲ့ဖူးပေသည်။ သို့သော် ရိုက်လွန်း၍ ကြောက်သောကြောင့် ပြောရသော ဖြောင့်ဆိုချက်တို့သည် အမှန်နည်း၍ လုပ်ကြံပြောသော "လံကြုတ်" ဖြောင့်ချက်များသာ ဖြစ်တတ်လေသည်။ ထို "လံကြုတ်" ဖြောင့်ချက်တို့ကို အရေးပေး၍ စစ်ဆေးခြင်း ပြုမိပါမူ မမှန်သော လူဆိုးများ ဒုက္ခရောက်ရှာကြသည်ကို မကြာခဏ တွေ့ရဖူး၏။ မမှန်သော တရားခံကို ရိုက်၍စစ်ပါမူ မဟုတ်တရုတ်တို့ကို ပြောကြသဖြင့် အမှုတစ်ခုလုံး ကိုးရိုးကားရား ဖြစ်ကြရသည်။

ကျွန်ုပ်၏ တိုက်ပိုင် အင်စပိတ်တော်သည်လည်း ခေတ်နောက်ပြန်ဆွဲနေသော ရိုက်နှက်စစ်ဆေးခြင်းကို မပြုလုပ်လိုပါ။ ရိုက်နှက်စစ်ဆေးခြင်းသည် ဥပဒေအရလည်း တားမြစ်သည်။ လျှာရှည်သော တရားခံနှင့်တွေ့လျှင် မိမိကိုယ်တိုင်လည်း ဒုက္ခရောက်တတ်သည်။ ထို

ဒုက္ခရောက်တတ်သည်ကို သိကြသော်လည်း ပုလိပ် ဆိုသည်မှာ အမှုစစ်ဆေးရာတွင် အမှုပေါ်စေချင်သည်။ သို့ မရအရ မိမိကိုယ်ကို မိမိဒုက္ခဖြစ်လိုက ဖြစ်ပေစေ ဆိုသော သဘောနှင့် လုပ်တတ်ကြသည်။

အခြား အခြားသော တိုင်းပြည်များတွင် တိုးတက်နေသလောက် ကျွန်ုပ်တို့တိုင်းပြည်တွင် လှည်းကြမ်းစီးပြီး တရားခံကို ရိုက်စစ်နေမည်ဆိုလျှင် ဘယ်သောအခါမှ တစ်ဆင့်တက်ကြအံ့နည်း။ ရိုက်သင့်သောအခါများလည်း ရှိပေသေးသည်။ သို့သော် အမှုတိုင်း၊ တရားခံတိုင်းကိုကား ရိုက်စစ်ဆေးရန် ကျွန်ုပ် အနည်းငယ်မျှ သဘောမတူနိုင်ပေ။

ငပြော့၏အိမ်တွင် ပစ္စည်းမရှာခဲ့သည်ကို ကျွန်ုပ်က အပြစ်ဆိုလျှင် စာသင်ပုတို့ လူစုသည် ကျွန်ုပ် ပြောသည်ကို မခံချင်ကြ၍ တရားခံကို သူတို့ စစ်မည်၊ ဖြောင့်ချက်နှင့်တကွ တရားခံကို အပ်မည်ဟု သဘောထားကာ ထန်းရည်မူးလျှင် ကျွဲခိုးပေါ်သည့်ထုံးကို နှလုံးထားလျက် ငပြူးအား အလကားရသော ထန်းရည်ဆိုင်က ထန်းရည်ကိုတိုက်၍ ၎င်းတို့ စတင်စစ်ဆေးကြသည်။

ကျွန်ုပ်နှင့် တိုက်ပိုင်မင်းမှာ ညကျလျှင် ကျွန်ုပ်တို့ကိုယ်တိုင် စိတ်ရှည်လက်ရှည်နှင့် စစ်မည်ဟု ၎င်းတို့အား ညစာထမင်းမကျွေးဘဲ ထားရန် မှာထားပြီး ရပ်ရွာထဲသို့ အလည်အပတ် ထွက်ခဲ့ကြလေသည်။

ည (၈) နာရီအချိန်လောက် ကျွန်ုပ်တို့ လာသောအခါ ငပြူးမှာ ထန်းရည်မူးနေသည်ဟု သိရသည့်အပြင် စာသင်ပုတို့ စစ်ဆေး၍လည်း ဘာမျှမရကြောင်း သိရသည်။ ထိုညက ကျွန်ုပ်တို့သာ ငပြူးအား စစ်ဆေးမည်ဟု ခေါ်ယူလျှင် စာသင်ပုတို့ ရိုက်နှက်ကြောင်း တိုင်တန်းမည်မှာ မလွဲပေ။ ၎င်းအား ညတွင် ထွက်မပြေးစေရန် အစောင့်အရှောက်များကို သတိပေးလျက် ငပြော့ကို စစ်ဆေးရန် ပြင်ဆင်ကြပါသည်။

ငပြူးမှာ အသက်ငယ်၍ ကိုပြော့မှာ အသက် ၄၀ ကျော် ငါးဆယ်ခန့် ရှိပြီ။ တောသား တောင်သူတစ်ယောက် ဖြစ်သည်။ သူ´နေသော





အရပ်မှာ "ထားဝယ်ရိုး ကြက်ခိုးတတ်" ဆိုသကဲ့သို့ မြန်မာမင်း လက်ထက်ကပင် အလုံနယ်၊ တပုရင်းနယ်၊ ကန္နီနယ်၊ ဗဂျီနယ်ဟု ရှိရာ တပုရင်းနယ်မှာ စစ်သား စုဆောင်းပေးရသောနယ် ဖြစ်၍ မြန်မာ စစ်သည်တော်များ၏ အဆက်အနွယ်များ ဖြစ်သောကြောင့် စစ်မတိုက်လျှင် ဓားပြတော့တိုက်သော မျိုးရိုးဇာတိ ရှိသူတစ်စု ဖြစ်ပါသည်။ တပုရင်းသား၊ ရွှေဘိုသား ဆိုလျှင် မည့်တတ်ပေ။ ဓားပြ မတိုက်ရလျှင် လူ့တိုက်လေသည်။ ဤမျှ အတိုက်တော့ ဝါသနာထုံကြသည်။ မုံရွာခရိုင် အရာတော်နယ်ထဲသို့ များမကြာမီကပင် ရွှေဘိုခရိုင် တပုရင်းနယ်မှ ဟင်းသမရွာ၊ ရွာသစ် စသော ရွာများကို မုံရွာခရိုင် အတွင်းသို့ ထည့်ပေးရာ၊ ၎င်းရွာသားများသည် တော်တော်ဆိုးသော ဓားပြများကို မုံရွာနယ်မှ အမွေရလိုက်လေသည်။ ကိုပြော့မှာ ၎င်းရွာသား ဖြစ်၍ တောင်သူ ဆိုသော်လည်း ရိုးသားသော လူတစ်ယောက်ဟု ကျွန်ုပ်တို့ မထင်မိပေ။ သို့သော် ဓားပြတိုက်စားသော လူဆိုးတစ်ယောက် မဟုတ်ဟူ၍ကား ထင်မိပေသည်။ သူ၏ရုပ်ရည်၊ ရူပကာယကို ကြည့်ရခြင်းနှင့်ပင် ပုလိပ်တို့၏ အလွန်စူးရှသော မျက်စိဖြင့် အနူးကောင်းလျှင် ဖြောင့်ချက်ပေးမည့်သူဟု တထစ်ချ သိနိုင်ပေသည်။

တိုက်ပိုင်မင်းသည် ပျော်ရွှင်လာပုံ ရပါလေသည်။ တရားခံအား စစ်ဆေးရန် ကောင်းသောအခါနှင့် ကြုံကြိုက်နေပုံကား လပြည့်ကျော် ၅ ရက်၊ ၆ ရက် ဖြစ်နေ၍ စောစောတွင် မှောင်နေသော်လည်း ၁၀ နာရီ၊ ၁၁ နာရီ လူခြေတိတ် အချိန်တွင် လ သာလာပြီ ဖြစ်၍ လွမ်းမှုဆွေးမှုကို ဖန်တီးနိုင်သော ညတစ်ည ဖြစ်နေပေသည်။ မိုးတိမ်များသည်လည်း ကျွန်ုပ်တို့၏ အမှုကို ကူညီနေသည့်အလား တစ်ခါတစ်ရံ လ၏ ကြည်လင်သော အလင်းရောင်ကလေးကို ဖုံးကွယ်ပေးလိုက်၊ အလင်းရောင် ပေးလိုက်နှင့် စစ်ဆေးခံရသော တရားခံ၏စိတ်ကို နှိုးဆွပေးနေသည်နှင့် တူလှပေသည်။

တိုက်ပိုင်မင်းက သူ စပြီး စစ်မည်၊ ကျွန်ုပ်အား ဘေးမှနေ၍ အချို့ အချက်အလက်များကို မှတ်သားထားရမည်။ နောက်တစ်ဖန် ထိုအချက်တို့ကို တစ်မျိုး ပြန်မေးမည်။ ကိုက် မကိုက် မှတ်ရမည်ဟု ကျွန်ုပ်အား ခန့်ခွဲထားလေသည်။

**ငပြော့ စစ်ဆေးခြင်း**

'ဟေ့ ... ထွန်းပွေ၊ ကိုပြော့လား ကိုပြားလား ... ဟိုရွာသစ်သား ဟာကွာ၊ ခေါ်ခဲ့ဟေ့ စကားပြောရအောင်' ဟု တိုက်ပိုင်မင်းက ပြောလိုက်၏။

ကျွန်ုပ်လည်း လက်နှိပ်စက်၊ စက္ကူ၊ ခဲတံ၊ မင်တံတို့ဖြင့် စားပွဲတစ်နေရာတွင် ထိုင်နေလေသည်။ တိုက်ပိုင်ကြီးကား ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးပြင်းလိပ်ကြီးကို ခဲပြီး အတော်သစ်လွင် ကောင်းမွန်သော အဝတ်အစားများကို ဝတ်လျက် ထိုင်နေလေသည်။ ထိုစဉ်တွင် သူကြီးနှင့် ဦးထင်ကြီးတို့ တဲပေါ်သို့ တက်လာပါသည်။ ကျွန်ုပ်က 'သူကြီးမင်း ကြွပါ၊ ကြွပါ၊ ဒီမှာ ထိုင်ပါ' ဟု ဆို၍ ဖျာပေါ်တွင် ထိုင်စေပါသည်။

'ဩော် ... ဘုရားဒကာ ဦးထင်ကြီးလည်း ပါလာသကိုး'

ဦးထင်ကြီးက 'ဟုတ်ပါ ဌာနာပိုင်မင်း ခင်ဗျား၊ ရွာသစ်တို့ ဟင်းသမရွာတို့ ဆိုတာတော့ ကျွန်တော့် မွေးရာဇာတိပါ။ မသိတဲ့လူ၊ ဆွေမျိုးမတော်တဲ့လူရယ်လို့တော့ မရှိသလောက် ရှားပါတယ်။ ရွာသစ်ရွာသားတစ်ယောက် ဓားပြမှုနဲ့ ဖမ်းလာတယ် ဆိုတော့ ရပ်တာဝန်၊ ရွာတာဝန် ဆိုတာလို မဟုတ်မဟတ် မဖြစ်ရအောင် စောင့်ရှောက်တဲ့ သဘောနဲ့ လာခဲ့ရပါတယ် ဌာနာပိုင်မင်း ခင်ဗျား'

'ဟုတ်ကဲ့၊ ကောင်းပါပြီ ထိုင်ပါ ထိုင်ပါ။ ကျွန်တော်တို့က ဦးထင်ကြီးကို လူကြီးလူကောင်း တစ်ယောက်၊ သစ္စာသမာဓိရှိတဲ့ လူတစ်ယောက်လို့ ယုံကြည်လို့သာ ကျွန်တော်တို့ စစ်ဆေးတဲ့ နေရာကို





အလာခံတာ၊ တခြားလူ ဆိုရင်တော့ အလာခံမှာ မဟုတ်ဘူးဗျ' ဟု ကျွန်ုပ်ကလည်း ဦးထင်ကြီးအပေါ် ကိုပြော့ အထင်ကြီးသွားစေရန် အချိအချ ညီညီနှင့် ပြောလိုက်ရလေသည်။

တိုက်ပိုင်မင်းက 'ဟုတ်တယ်ဗျာ၊ ကျုပ်တို့ဟာ ဘယ်တော့မှ မတရား မလုပ်ဘူးဆိုတာ ကျုပ်နဲ့ ဦးထင်ကြီးနဲ့ အခုမှ တွေ့ဖူးကြတာ မဟုတ်တော့ အထူးပြောစရာ မလိုပါဘူး။ ဒါပေမဲ့ ပုလိပ်ဆိုတာ ဦးထင်ကြီး သိတဲ့အတိုင်းပဲ၊ အနုနဲ့မရ အကြမ်းကလေးတော့ ကိုင်ရစမြဲမို့ သက်သေမရနိုင်အောင် တခြားသူတစ်မ်းတော့ မရှိစေချင်ဘူးဗျာ'

ဤစကားရပ်များသည် တရားခံ ကိုပြော့ရှေ့တွင် အမှတ်မထင် ပြောဆိုကြသော်လည်း ကိုပြော့ကို ထိခိုက်နားလည်စေလိုသောကြောင့် ပြောခြင်း ဖြစ်ပါသည်။

'မှန်လှပါ။ ကျွန်တော်မျိုး အရပ်သားများဟာ ပုထုဇဉ်မို့ အပေါင်းအသင်းကြောင့် မှားတဲ့အခါလည်း ရှိချင်ရှိမှာပါ ဘုရား။ မှားမိရင်လည်း မှားကြောင်း ဝန်ခံလွယ်ပါတယ်။ ကျွန်တော်မျိုးများလည်း မှားလာမိခဲ့သော် အရှင်ဘုရားများပဲ အားထား အားကိုးပြုပြီး တတ်နိုင်တဲ့ဘက်က အကူအညီပေးပါလို့ တောင်းပန်ဖို့ ရပ်ဆွေရပ်မျိုး ဆိုတော့ မနေသာလို့ လာခဲ့ရပါတယ် ဘုရား' ဟု ခယဝယ တောင်းပန်လေသည်။ တိုက်ပိုင်မင်းက 'ကဲ ခင်ဗျား ဟိုဘုရားဒကာကို ကြည့်စမ်းပါဦးဗျ၊ သိရဲ့လား'

ဦးထင်ကြီး။ ။ 'ကျွန်တော်မျိုးက မျက်စိကလည်း နည်းနည်း မှုန်တယ်။ အင်း (တရားခံဘက်လှည့်၍) မင်းနာမည် ဘယ်သူကွယ့်'

'မောင်ပြော့'

'ဟင် ... မောင်ပြော့ မောင်ပြော့၊ မောင်ပြော့တဲ့။ မင်းအဖေက ဘယ်သူလဲ'

'ဦးဘိုးငါးတဲ့'

'အင်း အင်း ဦးဘိုးငါး၊ မင်းက ဦးဘိုးငါး သားလား'

'ဟုတ်ကဲ့'

'မင့်အဖေတော့ ငါ သိသားပဲ၊ ငါနဲ့ ဦးသောဘိတ ကျောင်းမှာ ကိုရင် အတူတူ ဝတ်ကြတာပေါ့ကွ။ ငါကလည်း ကိုရင် လူထွက်ပြီး ကတည်းက ဆယ်ကြိမ်းတော ရောက်နေတော့ မင်းတို့က လူငယ်ဆိုတော့ မသိတော့ဘူးပေါ့'

'ဟုတ်ကဲ့'

'မင်းအဖေနဲ့တော့ ကိုရင်ဝတ်ဘက်တင် မဟုတ်သေးဘူးကွ၊ ငါ့ မိန်းမနဲ့ ဆိုရင် မောင်နှမ နှစ်ဝမ်းကွဲလောက် တော်သေးတယ်' ဟု ပြောပြီးနောက်–

'တိုက်ပိုင်မင်းဘုရား၊ ကျွန်တော်မျိုးရဲ့ တူကလေးပါ။ မိန်းမနဲ့ စပ်တော့ သူငယ်ချင်းသား မိန်းမရဲ့တူ တော်သေးတယ် ဘုရား'

'သြော် ... ဟုတ်လား၊ ခင်ဗျားတို့ အမျိုးလည်း မခေဘူးဗျ၊ ဓားပြလည်း ရှိသကိုး'

'ဒီလို အပြောခံရတာတော့ နာသဘုရား၊ ဒီ ဘိုးငါး ဆိုတာ ဘုရား၊ လက်ညှိုး ပါးစပ်ထဲထည့်တောင် ကိုက်တတ်တဲ့အကောင် မဟုတ်ပါ ဘုရား၊ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသလိုများ ဖြစ်နေပြီလားတော့ မပြောတတ်ပါဘူး'

'ဦးထင်ကြီး ကိုယ်တိုင်ကလည်း ခေတဲ့လူမှ မဟုတ်ဘဲ' ဟု သူကြီးက ဝင်ထောက်လိုက်ရာ–

ဦးထင်ကြီးက 'ကျွန်တော်ကတော့ လူကြီးလူကောင်းတွေနဲ့ ပေါင်းတယ်။ ကိုယ့်ရပ်ကိုယ့်ရွာကလူ တစ်စုံတစ်ခု ဖြစ်ရင် ကိုယ် စောင့်ရှောက်တယ်။ ကျုပ်ကတော့ ဒါပဲ စွမ်းတာပါပဲဗျာ။ ဒီပြင်တော့ ကိုယ့်နွားတောင် အခိုးခံရဖူးပါသေးတယ်'

ကျွန်ုပ်။ ။ ကဲ ကဲ၊ ညဥ့်လည်းနက်ပြီ၊ အမှုစစ်ဦးမှ ဖြစ်မယ်၊ တိုက်ပိုင်ကြီး အိပ်ချင်နေလိမ့်မယ်'





တိုက်ပိုင်ကြီး။ ။ 'ဟုတ်တယ်ဗျို့၊ ကျုပ်တောင် တော်တော် အိပ်ချင်နေပြီ။ မှန်မှန်ပြောဖို့ ဦးထင်ကြီးတို့ မျက်နှာနဲ့ ကြည့်လုပ်ရတာပေါ့။ မှန်မှန် မပြောရင်တော့ ဦးထင်ကြီးကို အခုက ပြောထားမယ်နော်။ တောင်းပန်လို့တော့ မရဘူး'

ကျွန်ုပ်လည်း တိုက်ပိုင်မင်း စစ်ဆေးသောအခါတွင် တရားခံ၏ မျက်နှာကို မြင်စေရန် မီးရောင်နှင့် ဟပ်ထားလေသည်။ တိုက်ပိုင်ကြီး၏ မျက်နှာကို မမြင်နိုင်စေရန် မီးရောင်ကို ကွယ်ထားရလေသည်။

ဤသို့ စီမံထားခြင်းတို့ကို အမှုစစ်ဆေးသူများသည် သတိပြုသင့်ကြပေသည်။ (စကားချပ်)

တိုက်ပိုင်မင်း။ ။ 'ကိုပြော့ ဒီမှာကွယ့်၊ ငါ မေးတာကို မှန်တာ ပြော၊ မလိမ်နဲ့၊ မင်း လိမ်လို့လည်း မရဘူး။ သိလား'

ကိုပြော့။ ။ 'မှန်ပါ၊ မှန်တာ ပြောပါ့မယ် ဘုရား'

'မင်းအသက်က ဘယ်လောက်လဲကွ'

'၄၅ နှစ် ဘုရား'

'ဘုရားတွေ ဘာတွေ လုပ်မနေနဲ့၊ ဒါတွေ အပိုတွေကွ၊ ငါက ဘုရား ဆိုတာ မင်းတို့မထူးလည်း သတိအစဉ်ရနေတဲ့အကောင်၊ သတိပေးစရာ မလိုဘူး။ သတိမရနိုင်တဲ့ လူတွေသာ ဘုရားထူးထူးပြီး သတိပေးစရာလိုတာ မှတ်ထား၊ သိလား'

'တင်ပါ့'

'တင်ပါ့ ဆိုတာ ဘုန်းကြီးနဲ့ပြောမှ ပြောရတာကွ'

'မှန်ပါ'

'မင်း ကလေး ဘယ်နှယောက် ရှိသလဲ'

'သုံးယောက်ပါ'

'မင်းနဲ့ အိပ်သလား'

'အလတ်ကလေးက အိပ်ပါတယ်'

'ဒီကလေးက အသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ်နှစ်၊ ဆယ့်နှစ်နှစ်လောက် ရှိပါပြီ'

'ကဲ ... မင်း ပြောနဲ့ လက်ပံတောင်ရွာ ဘာကိစ္စ သွားသလဲ'

'နွားကလေး ဝယ်ချင်လို့ သွားပါတယ်'

'နွား ရခဲ့ရဲ့လား'

'နွား မရခဲ့ပါ ဘုရား'

'လာပြန်ပလား ဒီဘုရားက၊ နွားဝယ်သွားတာ လက်ပံတောင်ရွာ တစ်ရွာပဲ ရောက်သလား'

'မှန်ပါ'

'နောက် ဘယ်သွားသေးသလဲ'

'ရွာသစ် ပြန်သွားကြပါတယ်'

'နွားဝယ်လာတုန်းက ငွေဘယ်လောက် ယူလာသလဲ'

'မယူခဲ့ပါ'

'နွားရှာလာတာ အိမ်က ထွက်တာနဲ့ အိမ်ပြန်ရောက်တာနဲ့ ဆိုရင် ဘယ်လောက် ကြာသလဲ'

ဒီအမေးကို ကိုပြော့ တော်တော်ကြာကြာ မဖြေဘဲ နေသည်။ သူ တွေးနေသည်။ စဉ်းစားနေဟန် ရှိသည်ကို တိုက်ပိုင်မင်း သတိပြုမိသည်။ ကျွန်တော့်အား မှတ်ထားပါဟု အင်္ဂလိပ်လို သတိပေးသည်။ ကျွန်ုပ်လည်း ထူးခြားချက်ကို သတိပြုမိသည်။

ကိုပြော့သည် အတန်ကြာ စဉ်းစားနေပြီးမှ 'နေ့ချင်းပြန် ရောက်ပါတယ်' ဟု ဖြေပါသည်။

"နေ့ချင်းပြန် ရောက်သည်" ဆိုသည်ကို ကျွန်ုပ်တို့ မယုံကြည်နိုင်ပေ။ သို့သော် သူနှင့် ငြင်းရန် မဟုတ်ပေ။

'အိမ်က နွားဝယ် မထွက်လာခင်က ခင်ဗျားတို့အိမ်ကို နှောပင်ကလူ လာတယ် မဟုတ်လား'





ကိုပြော့ တွေသွားပြန်ပြီ။ သူသည် ဓားပြမှုအတွက် မေးမည် ထင်သည်။ ဓားပြမှုနှင့် မဆိုင်သည်ကို မေးနေသည်။ ဓားပြမှုနှင့် ဘယ်လို ဆက်စပ်နေသည်ကို သူ မဖြေတတ်ဟန် တူသည်။

ကိုပြော့ထံမှ ထွက်လာမည့် ဤစကား၏ အဖြေကို တိုက်ပိုင်မင်းက စောင့်မနေပေ။ ခဏမျှစောင့်ပြီး အဖြေမပေးမီပင်–

'မင်းမိန်းမ နာမည် ဘယ်သူကွ'

'ဖွားရှင်ပါ'

'မင်းနဲ့အိပ်တဲ့ သားကလေးနာမည် ဘယ်လိုခေါ်သလဲ'

'ဘိုးဝပါတဲ့'

'ဩော် ... ဘိုးဝတဲ့လား၊ ဝကော ဝရဲ့လား'

'သိပ်တော့ မဝပါဘူး'

'နှောပင်က လူက သူ နွားဝယ်ချင်တယ်လို့ ပြောတော့ ငပြူးက သူ လိုက်ဝယ်ပေးမယ်လို့ ဆိုတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ငပြူးနဲ့ ဒီလူနဲ့ နွားရှာသွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဟုတ်ပါတယ် ကိုချည်းလည်း လိုက်မနေနဲ့ဦး၊ ကျုပ်က ရမ်းပြောနေတာ'

ကိုပြော့မှာ ငေးနေပြန်သည်။ သူ စဉ်းစားနေသည်။ ဘာပြန်ပြောရမည် မသိ ဖြစ်နေသည်။

'မင်းနဲ့ ငပြူး နွားရှာ သွားကြသလား။ ဒါက ဘယ်သူ့ဖို့ကွ'

'ဒါက ကျွန်တော်မျိုး လိုချင်လို့ပါ'

'မင်းမှာ နွားဘယ်နကောင် ရှိသလဲ'

'ခိုင်းနွား တစ်ရှဉ်းနဲ့ နွားသားအမိ နှစ်ကောင် ရှိပါတယ်'

'နို့ရရဲ့လား'

'ရပါတယ်'

'ကျုပ်တို့လာရင် နွားနို့ ရမလား'

'အဆင်သင့်ရင်တော့ နွားနို့ ရနိုင်ပါတယ်'

'နေပါဦးဗျ၊ ခင်ဗျား နွားဝယ်သွားတယ်ဆိုတာ ဘာနွား ဝယ်မှာလဲ၊ နွားမလား နွားထီးလား'

'နွားထီးပါ'

'ဘာလုပ်ဖို့လဲ'

'နွားတစ်ရှဉ်းထဲ ဆိုတော့ အားပျော့လို့ပါ'

'နေ့ာပင်ကလူတွေ ဘာနွားမျိုး လိုချင်တာလဲ'

ကိုပျော့ ငေးသွားပြန်ပြီ။ အတော်ကြာမှ "နွားမ ရှာတာပါ" ဟု ပြောသည်။ နေ့ာပင်ကလူ လာ မလာ မေးစဉ်က သူ အဖြေမပေးခဲ့ပါ။ ယခု နေ့ာပင်ကလူ လာကြောင်း ဝန်ခံနေပြီ။ သူ နွားဝယ်ချင်တယ် ဆိုသော စကားသည်လည်း ယုတ္တိမရှိပေ။ နွားဝယ်သွားသည်။ ငွေမပါ ဟုလည်း အစစ်ခံသည်။

'ကဲ မောင်ပြော့၊ ဒီလောက် ပြောရရင် ငါ မင်းအကြောင်း သိပြီကွာ။ ငါတို့ကိုတော့ မလိမ်ပါနဲ့တော့။ ဟုတ်တာ မှန်တာသာ ပြောပါတော့'

ကိုပြော့ ငေးနေသည်။ စဉ်းစားနေသည်။ ဟိုကြည့် ဒီကြည့် လုပ်နေသည်။ ဦးထင်ကြီးကို မော့ကြည့်နေသည်။ ဦးထင်ကြီး ကယ်ပါ ဟု စိတ်ထဲတွင် တ သ နေဟန် တူသည်။

ဤသို့ ဇဝေဇဝါ ဖြစ်နေချိန်ကို တိုက်ပိုင်မင်းသည် အခွင့်ကောင်း အခါကောင်း ယူတော့သည်။

'ဟော့ မောင်ပြော့၊ ဓားပြတိုက်မှု စစ်လာတာ များလှပြီကွ။ ပါးစပ်ဟာရင် အူမ ထိ မြင်ဆိုတာ တို့ပဲကွ သိလား၊ ဓားပြကိုတော့ ချော့မော့ပြီး မေးနေမှာ မဟုတ်ဘူး။ ပြောရင်ပြော၊ မပြောရင် ပုလိပ်တို့ ထုံးစံအတိုင်း ပေါ့ကွာ'





တိုက်ပိုင်မင်းသည် ငပြော့အား သွေးတိုးစမ်းလိုက်သည်။ ငပြော့ မှိုင်နေရာမှ အားယူနေသည်။ ဦးထင်ကြီးကို ကြည့်နေသည်။

သူကြီး။ ။ 'မောင်ပြော့၊ တို့ အိမ်ရေးပျက်တယ်ကွာ။ မင်းဟာ တိုက်ပိုင်ကြီး မဆိုထားနဲ့၊ တို့တောင် မင်းပြောနေတာ မယုံဘူးဟေ့။ နွားဝယ်သွားတဲ့လူဟာ ငွေမပါဘူး။ နေ့ာပင်က လူကလည်း မင်းဆီ နွားဝယ်လာတယ်၊ ငပြူးနဲ့ လက်ပံတောင်ရွာကို နွားသွားကြည့်ကြတယ် ဆိုတာဟာ မဟုတ်ဘူး။ မင်းတို့ ဓားပြတိုက်မယ့်အိမ်ကို သွားကြည့် တာပဲကွ။ ဒါ ငါ မင်းအစစ်ခံနေတာ ကြားတာနဲ့ ဒီလို ထင်လာတာပဲ။ တိုက်ပိုင်မင်းတို့ ဆိုတာကတော့ကွာ ဓားပြမှုပေါင်း စုံနေအောင် စစ်ဖူးတော့ ချက်ဆို နားခွက်က မီးတောက်တဲ့ လူတွေပါကွာ။ ပြောသာ ပြောပါ၊ မင်းဦးလေးက မင်းအတွက်တော့ အာမခံပါလိမ့်မယ်' ဟု သူကြီးက ဘေးတီး၍ ပေးလိုက်သည်။

ဦးထင်ကြီး။ ။ 'တိုက်ပိုင်မင်း သည်းခံတော်မူပါ ဘုရား။ ဟုတ်တာကိုတော့ ပြောပါစေ့မယ်။ ကျွန်တော်မျိုး တိုးတိုးမေးပါရစေဦး'

အချိန်မှာလည်း ၁၂ နာရီကျော်ကျော် ရှိနေပြီ။ ဘေးနားက ပုလိပ်သား တစ်ယောက်မှာ နှစ်နှစ်ခြိုက်ခြိုက် ဟောက်ပြီး အိပ်နေသည်။ ညနေစာ စားထားသော ကျွန်ုပ်တို့ပင် လက်ဖက်ရည်၊ ငှက်ပျောသီး၊ အမြည်း စသည်တို့ စားနေလျက်နှင့်ပင် အတော် ဆာနေပေပြီ။ ဘာမျှ မစားရသေးသော ကိုပြော့မှာ ဘယ်လိုနေမည်ကို စဉ်းစားကြည့်ရန်သာ ရှိပေသည်။

ထမင်းဆာမည်။ အားငယ်နေမည်။ အိပ်ချင်နေမည်။ မင်းရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေရသောကြောင့်လည်း စိတ်ကျဉ်းကျပ်နေမည့်အပြင် လွတ်လွတ်လပ်လပ် ပြောချင်ရာ မပြောရဘဲ စကားကို ဆင်ဆင်ခြင်ခြင် ပြောနေရခြင်းကြောင့် ကိုပြော့မှာ ဒုက္ခအကြီးအကျယ် ဖြစ်နေပေပြီ။ အမှုအကြောင်း မမေးသေး။ မေးလျှင် ဘာပြောရမည်နည်း

ဟုလည်း သူ စဉ်းစားရသေး၏။ သူ၏စိတ်တွင် အတော် ရှုပ်နေပေလိမ့်မည်။ ထိုပြင် အပြောမတတ်က ပုလိပ်တို့ ရိုက်ကြပေဦးမည်။

ညဥ့်နက်လှပြီ ဖြစ်၍ စိတ်ငယ်နေပေပြီ။

တိုက်ပိုင်ကြီး။ ။'ကောင်းပါပြီ၊ ခင်ဗျားတူ ခင်ဗျားပဲ မေးပါဦး' ဟု ဦးထင်ကြီးအပေါ် ပုံချလိုက်ပြန်သည်။

ဦးထင်ကြီးနှင့် ကိုပြေ့ာတို့သည် ကျွန်ုပ်တို့နှင့် မနီးမဝေး တစ်နေရာတွင် တိုးတိုး တိုးတိုးဖြင့် ဦးထင်ကြီးက ပြောနေသည်။ ကိုပြေ့ာ ပြောသံကို မကြားရပေ။

ဦးလေး တော်သည်ဟု ပြောသော ဦးထင်ကြီးကို ယုံရကောင်းမလား၊ မကောင်းဘူးလားလည်း တွေးနေဟန် တူသည်။ နောက် ဦးထင်ကြီးလည်း စိတ်မရှည်ဟန်နှင့် ခပ်ကျယ်ကျယ်ကလေးပင် 'ကဲ ... ကဲ မင်းထိုက်နဲ့ မင်းကံပဲ၊ နေရစ်ပေတော့။ ငါပြန်ရင် မင်းတော့ ပုလိပ်ရိုက်လို့ သေမှာပဲ' ဟု ပြောပြောဆိုဆိုနှင့် ထ လျှင် ကိုပြေ့ာမှာ အားနည်းသံနှင့် 'နေပါဦး ဦးလေးရဲ့' ဟု တောင်းပန်ပြန်သည်။

ကျွန်ုပ်တို့သည် ဤသို့ တောင်းပန်သံ ကြားရလျှင် ကိုယ့်လူဖြစ်ပြီဟု သိသည်။ ပြောတော့ ပြောတော့မည်။ သို့သော် သူ တကယ်မှန်တာကိုတော့ ပြောလိမ့်ဦးမည် မဟုတ်သည်ကို ကျွန်ုပ်တို့ ရိပ်စားမိသည်။

ကျွန်ုပ်က 'တော် တော်၊ ဒီလောက်ရှင်းပြောရ တော်ရောပေါ့ဗျာ၊ ဦးထင်ကြီး နေပါစေ၊ ကျုပ်တို့ဘာသာ ကျုပ်တို့ မေးပါတော့မယ်'

ဦးထင်ကြီးလည်း စိတ်မရှည်ဟန်နှင့် ကိုပြေ့ာထံမှ ထ လာသည်။

ကိုပြေ့ာလည်း ကျွန်ုပ်ရှေ့ကို ရောက်လာပြန်ပြီး ဒူးတုပ် ထိုင်နေသည်။

တစ်ရေးနိုးလာသော ပါးကွက်သား ထွန်းပွေသည် ကျွန်ုပ်အနီးသို့ ထ လာပြီး ကျွန်ုပ်တို့အား 'ကိုယ်တော် ကျွန်တော်မျိုး စစ်စမ်းပါရစေ၊





ဒီကောင်က လူပါးဝလို့၊ ပုလိပ်အကြောင်း မသိသေးဘူး ထင်တယ်၊ နင်က ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲ ဆိုတာ မှတ်ထားပြီး လူလည် လုပ်နေသလား။ နင့်ဘူးကို ငါ ရိုက်ခွဲပြမယ်၊ လာ ထ၊ သွားမယ် အောက်ကို' ဟု ဆိုကာ ကိုပြေ့ာလက်ကို ဆောင့်ဆွဲလိုက်ရာ အားနည်းသော ကိုပြေ့ာမှာ ယိုင်လဲသွားတော့သည်။

ကျွန်ုပ်။ ။'ဟေ့ ... ဟေ့ ထွန်းပွေ၊ မင်းအလှည့် မရောက်သေးဘူး။ နေပါဦးကွာ၊ ပြောမှာပါ'

'ကြာပါတယ် ကိုယ်တော်၊ ဘူးကို ရိုက်ခွဲလိုက်ရင် အန်ထွက်လာမှာပါ'

ကိုပြေ့ာသည် ထွန်းပွေကို ကြည့်လိုက်၊ ကျွန်ုပ်မျက်နှာ ကြည့်လိုက်နှင့် လုပ်နေပြန်သည်။ ကယ်မည့်သူ ရှာနေဟန် တူသည်။

'ဟေ့ မောင်ပြေ့ာ၊ မင်းအကြောင်းကို အကုန် ငါသိပြီး ဖြစ်နေပြီ၊ မင်း မှန်တာကို အစစ်ခံရင် မင်းအပေါ် ငါ စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်မယ်၊ မင်းက ဓားမနောက်ပိတ် ခွေးပါကွာ၊ မင်းထက် အရေးကြီးတဲ့လူကို တို့ လိုချင်တာပါ။ မင်းက ငပြူးကို လက်သင့်ခံမိလို့ မင်း ပါနေတာပါ' ဟု တိုက်ပိုင်ကြီးက ရတ်တရက် အစ်လိုက်လေသည်။

ဤစကားကို ကိုပြေ့ာ အတော်သဘောကျပုံ ရသွားသည်။ ကျွန်ုပ်က ဆေးလိပ်တစ်လိပ် သောက်ရန် ပေးလိုက်သည်။ လက်ဖက်ရည်ပန်းကန်လည်း ငှဲ့ပေးလိုက်သည်။ ကိုပြေ့ာသည် ကျွန်ုပ်ကို ကျေးဇူးတင်သော အမူအရာ ပြနေ၏။

'မောင်ပြေ့ာရဲ့၊ မင်းက နွားဝယ် သွားမယ် ပြောတယ်၊ မင်းမှာ ငွေမပါဘူး ဆိုတယ်၊ ဒီတော့ မင်း နွားဝယ်သွားတယ် ဆိုတဲ့စကားဟာ မဟုတ်နိုင်ဘူး မဟုတ်လား။ နောက် မင်းဆီကို နွားပင်ကလူ လာတယ် ဆိုတာဟာလည်း မင်းကို တစ်ချီတစ်ပွဲ စမ်းရအောင် လာနှုးတာပဲ။

မင်း နော့ပင်ကို လိုက်သွားသေးတယ်။ အသေးစိတ် ဆွေးနွေးကြတယ်။ ဒါကြောင့် နွားဝယ် သွားမယ်ဆိုပြီး အိမ်က လိမ်ထွက်လာတယ်။ နော့ပင်မှာ မင်း အိပ်နေတယ်။ ဒါကြောင့် မင်းအိမ်ကို နေ့ချင်းပြန် မရောက်ဘူး။ နောက် မင်းတို့ သေချာပြီဆိုပြီး နော့ပင်ကလူတွေ မင်းတို့ အိမ် လာအိပ်ကြတယ်။ နောက်နေ့ ဓားပြတိုက်ထွက်တော့ မင်းတို့ အိမ်က ထွက်ကြတယ်။ မင်းအိမ်က လက်ဖက်ရည်ပန်းကန်တောင် အရက်သောက်ရအောင် ယူလာတယ်။ ဟောဒီမှာ ကြည့်စမ်း၊ မင်းအိမ်က ယူလာတဲ့ လက်ဖက်ရည်ပန်းကန်' ဟု ဆိုကာ တိုက်ပိုင်ကြီးသည် ပြော ပြော ဆိုဆိုနှင့် ၎င်းတို့ နတ်တင်ရာတွင် ကျန်ခဲ့သော လက်ဖက်ရည် ပန်းကန်ကို ပြလျှင် ကိုပြော့မှာ အူကြောင်ကြောင်နှင့် ကျွန်ုပ်တို့ တွေ့ရှိ ခဲ့သော ပန်းကန်ကို ယူကြည့်သည်။

ကျွန်ုပ်တို့လည်း သူ၏မျက်နှာပေါ်သို့ မီးရောင်ကျနေစေ၍ အကဲခတ်နေကြသည်။ ပန်းကန်ဖင်တွင် သူကိုယ်တိုင် ရေးထားသည့် "ပြော့"ဆိုသော စာကို ရှာတော့သည်။ တွေ့ပြီ၊ ဟုတ်တယ် သူ့ပန်းကန်ပဲ၊ ဘယ်လို ငြင်းမလဲ။

တိုက်ပိုင်။ ။'ကဲ မောင်ပြော့၊ မင်းအပြစ်တွေကို ငါဟာ ကိုယ် စောင့်နတ်လို သိနေပြီ မဟုတ်လား၊ ဒီတော့ မင်း သက်သာခွင့် လိုချင် ရင် တောင်းပါ၊ မလိုချင်ဘူး ဆိုရင် ဟော ထွန်းပွေကို ကြည့်၊ သူက မင့်အသားကို စားချင်နေတယ်'

ထွန်းပွေလည်း လက်ထဲတွင် တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ တစ်နေရာတွင် ဆောင့်ဆောင့်ကြီး ထိုင်နေသည်မှာ မြန်မာမင်း လက် ထက်က ပါးကွက် အာဏာသားကြီးများနှင့်လည်း တူလှပေသည်။

ကိုပြော့သည် စကား နည်းနည်းပြောတတ်သော တရားခံ အမျိုး အစား ဖြစ်သည်။ များများပြောလျှင် အမှားပါမည်ကို စိုးရိမ်ဟန် တူသည်။





'ဟော့ ငပြော့၊ ငါက မင်း ငါ့တူရယ်လို့ ဒီလောက်ကြီးတဲ့ အမှုမျိုး ကျူးလွန်မယ် မထင်ခဲ့ဘူး၊ မင်း အခုတော့ အမှန်ဖြစ်နေပြီ၊ မင်းထိုက်နဲ့ မင်းပဲကွာ။ ငါလည်း မင်းလိုအကောင် ထောင်ကျတာပဲ ကြည့်ချင်ပါ တယ်။ ဟော့ ငပြော့၊ မင်းဟာ အတောင်နှစ်ဆယ်ဝတ် ယောကျ်ားပါကွ၊ ဘုရားဆုပန် ယောကျ်ားပါကွ၊ ကိုယ် မဟုတ်တာ လုပ်ပြီးရင် ပြောဝံ့ ရမပေါ့ကွာ။ အခုတော့ မင်းဟာက ဘာလဲ၊ မြုံစိစိနဲ့။ ကိုထွန်းပွေ ကြည့် တာ စိမ့်ပါတော့ဗျာ။ ကျုပ်လည်း ပြန်တော့မယ်။ ကျုပ် ခုနက မေးတော့ မဟုတ်ရပါဘူးတဲ့၊ နွားဝယ်တော့ သွားမိပါတယ် တဲ့။ တိုက်ပိုင်မင်း ဘုရား၊ ဒီကောင့်ကိုတော့ ပြုချင်သလို ပြုပါတော့၊ ကျွန်တော်မျိုးကို လည်း ခွင့်ပြုပါ' ဟု ဦးထင်ကြီးက ဟန်ပါပါ ပြောလိုက်လျှင် ကိုပြော့ မှာ မျက်နှာငယ်လေးနှင့် ဦးထင်ကြီးကို တောင်းပန်သော မျက်နှာနှင့် ကြည့်နေလေသည်။ ဦးထင်ကြီးက ထ ၍ လုံချည်ပြင်ဝတ်ပြီး သွားမည့် ဟန် ပြုသည်နှင့် ကိုပြော့က 'ဦးလေး နေပါဦး' ဟု ငိုသံပါပါနှင့် ပြောလေသည်။

ညဥ့်လည်း အတော်နက်လာပြီ။ ကျွန်ုပ်တို့မှာလည်း အိပ်ချင် လှပြီ။ သို့သော် ကိုပြော့အား ဆေးလိပ်ပေးခြင်း၊ လက်ဖက်ရည်ပေးခြင်း တို့ အပြင် သူ အင်မတန် ကြိုက်သော လက်ဖက်ကလေးများကိုပင် ကျွန်ုပ်က ထပ်ပေးပြန်သည်။ ကျွန်ုပ်သည် သူ့အပေါ်တွင် စိတ်ကို ရှည် နိုင်သမျှ ရှည်အောင်ထားသည်။

ဦးထင်ကြီးသည် အကင်းပါးသူ ဖြစ်သည်။ သို့နှင့် တိုက်ပိုင် ကြီးအား ခွင့်ပန်၍ သူနှင့် သူကြီးက မေးပါမည်ဟု ဝန်ခံကာ တဲအိမ်၏ ထောင့်တစ်ထောင့်တွင် ခေါင်းချင်းဆိုင်ကာ ထိုင်ကြသည်။

ကိုပြော့သည် သူကြီးနှင့် ဦးလေး ဦးထင်ကြီးအား သူ မပါပါ၊ နော့ပင်ရွာသား ငလှ၊ ဘိုးထောင်၊ ကိုရှိန်နှင့် ငပြူးတို့ တိုက်ကြကြောင်း၊

သူ့အိမ်မှ ထ သွားကြသည်မှာ မှန်ကြောင်းတို့ကို အတိုချုပ် အစစ်ခံလိုက်သည်။

သူကြီးနှင့် ဦးထင်ကြီးတို့မှာ ဤမျှပြောလျှင် အတော်ကျေနပ်နေလေပြီ။ တရားခံ ဆိုသည်မှာ ကိုယ်လွတ်အောင် ရုန်းချင်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ သို့သော် သူ ပြောလိုသော အခြေကမှ တစ်စတစ်စ ကျွန်ုပ်တို့ ဆွဲဆောင်ယူရပေမည်။ ဤမျှလောက်သော ဖြောင့်ချက်ကလေးကို ရဖို့ရာမှာ ညဥ့်ဝက်ကျော်အောင် အချိန်ဖြုန်းခဲ့ရပေပြီ။

ခေတ်နောက်ပြန်သော ရိုက်နှက်စစ်ဆေးခြင်းကို အသုံးပြုလျှင် ပြောပြီးပေရော့မည်။ ဤနည်းကား ရိုးလှပြီ။ ကျွန်ုပ်တို့ ခေတ်သစ်ပုလိပ်နှင့် မလျော်တော့ပြီ။

ဦးထင်ကြီးကိုလည်း ကိုပြော့က ကျွန်ုပ်တို့အား တောင်းပန်ခိုင်းသည်။ အမှုပေါ့အောင် လုပ်ပေးပါ ဆိုသည်။ သို့နှင့် ဦးထင်ကြီးက ကျွန်ုပ်တို့အား–

'မောင်ပြော့က ဖြောင့်ချက်ပေးပါလိမ့်မယ် ဘုရား၊ အစိုးရသက်သေလုပ်ပေးပါ' ဟု တောင်းပန်လာပြီး ကျွန်ုပ်တို့အား ပြန်အပ်သည်။

တိုက်ပိုင်မင်း။ ။ 'မောင်ပြော့၊ မင်းကို ငါပြောတယ် မဟုတ်လားကွ၊ မင်းတို့ ဘာလုပ်တယ်ဆိုတာ ငါ အကုန် သိပြီးပါပြီလို့။ မင်း အခုပြောပုံမျိုးနဲ့ ဆိုတော့ မင်း ထောင်ကျကောင်းရုံလောက်သာ မင်းပြောနေတာ။ (ကျွန်ုပ်ဘက်သို့ လှည့်၍) ဒီမှာ ဌာနာပိုင်မင်း၊ ဟို အစိုးရသက်သေ ထုတ်ယူနိုင်တဲ့ ဥပဒေကလေး ဖတ်ပြလိုက်စမ်းပါဗျာ၊ (ဆက်လက်၍) ဒီမှာ မောင်ပြော့၊ ငါက လုပ်ချင်တိုင်း လုပ်နိုင်တာ မဟုတ်ဘူး၊ ဥပဒေရှိမှ လုပ်နိုင်တာ။ မင်း အစိုးရသက်သေ ဖြစ်ချင်ရင် မှန်တဲ့အကြောင်း အကုန်ပြောမှ အစိုးရသက်သေ ဖြစ်တယ်။ ကဲ ကဲ ဌာနာပိုင်ကြီး၊ ဖတ်ပြလိုက်စမ်းပါဗျာ'

ကျွန်ုပ်သည် ဥပဒေစာအုပ်ကြီးကို ထုတ်ပြီး ရာဇဝတ်ကျင့်ထုံး





ဥပဒေပုဒ်မ ၃၃၇ ကို ဖတ်ပြသည်။ ဤပုဒ်မတွင် အရေးကြီးသော အမှုကြီးများတွင် တရားခံ တစ်ဦးတစ်ယောက်အား အဖြစ်အပျက် အမှန်အကန်ကို ထွက်ဆိုမည် ဆိုလျှင် အစိုးရသက်သေအဖြစ် စစ်ဆေး၍ အပြစ်မှ ချမ်းသာပေးနိုင်သည်ဟု ဆိုထားသည်။

ကိုပြော့ အားတက်လာပုံ ရသည်။

ကျွန်ုပ်။ ။ 'ကိုပြော့ နားလည်ရဲ့လား၊ ကျုပ် ပြန်ပြောမယ်၊ နားထောင်' ဆိုပြီးလျှင် ဥပဒေ၏ လိုရင်းအချက်မှာ အမှုကို မှန်မှန်ကန်ကန် ပြောသူအားသာ သက်သာခွင့်ပေးရန် ဖြစ်သည်ကို ရှင်းလင်းပြောပြပါသည်။

'အမှန်အတိုင်း အစစ်ခံတာပါပဲ၊ ကျွန်တော်မျိုး ဒါပဲ သိတာပါပဲ'

တိုက်ပိုင်ကြီး။ ။ 'မဟုတ်ဘူး၊ ဓားပြတိုက်ရာမှာ ငါးယောက်ပါတယ်၊ မင်းပြောတာ မင်း မပါတော့ လေးယောက်ပဲ ရှိတယ်။ မင်း တစ်ယောက်လိုနေတယ်'

ကျွန်ုပ်။ ။ 'ဟော့ ကိုပြော့၊ ဒီလို စကားမျိုးကတော့ ပြောနေကျတွေပါဗျာ။ ကျုပ်တို့ ဓားပြတိုက်မှုစစ်တိုင်း ဒီအတိုင်း ပြောကြတာပဲ။ သို့ပေမဲ့ ထွန်းပွေတို့နဲ့ လွှတ်ပေးလိုက်ရင်တော့ "ဟုတ်ပါတယ်၊ ကျွန်တော်မျိုး တိုက်တာမှ ရှေ့ကပါ" လို့တောင် ခင်ဗျားတို့ ပြောချင်လာလိမ့်မယ်။ ဟော့ ထွန်းပွေ ခေါ်သွားကွာ၊ ဟိုအိပ်နေတဲ့ အကောင်တွေ နှိုးလိုက်၊ မင်းတို့အလှည့် ရောက်ပြီ'

ကျွန်ုပ်က ဤသို့ ဒေါနှင့်မောနှင့် ပြောလျှင် တိုက်ပိုင်ကြီးက 'နေပါဦးလေ၊ ကျုပ် မေးပါရစေဦး၊ ဒီ ကိုပြော့ဟာ သိပ်ရိုးတာဗျ၊ ခင်ဗျားလူတွေနဲ့ လွှတ်ပေးလိုက်ရင် သူ စကားအပြော မတတ်တာနဲ့ သေနေလိမ့်မယ်' ဟု ကျွန်ုပ်အား တောင်းပန်ပြန်လေသည်။ ထိုအခါကျမှ ငပြော့သည် တိုက်ပိုင်ကြီးအား ကြည့်၍ 'ဟုတ်ပါတယ် ဘုရား၊ ကျွန်တော်မျိုး ပြောပါမယ်၊ မှန်တာ ပြောပါ့မယ်'

ဤသို့ အဖန်ဖန် ပြောသော်လည်း မှန်ရာတော့ မပြောပေ။ ငါးယောက် ဖြစ်အောင် လူတစ်ယောက် ရှာထည့်သည်။ ထိုသူမှ အဓိပတိ လူဆိုးတစ်ယောက် ဖြစ်သည်။ မောင်ပြော့တို့လို၊ ငပြူးတို့လို လူစားမျိုးနှင့် ဘယ်တော့မှ လိုက်တိုက်မည် မဟုတ်သည်ကို ကျွန်ုပ်တို့ သိသည်။

ကျွန်ုပ်။ ။ 'ဟ ကိုပြော့ရ၊ ခင်ဗျားတို့လူနဲ့ ဒီလိုလူစားက ဓားပြ ဘယ်တော့မှ လိုက်မတိုက်ဘူး။ ဒီတော့ ခင်ဗျား ကျုပ်တို့ကို မလိမ်ပါနဲ့။ ဟိုလူလည်း ဒုက္ခရောက်မယ်။ ဟိုလူ ဒုက္ခရောက်တာ ကိစ္စမရှိဘူး၊ သူ မဟုတ်ဘဲနဲ့ ဆွဲထည့်ရမလား ဆိုပြီး အချုပ်ခန်းထဲကျမှ ဆော်ထားလို့ မင့်းမှာ အရှင်လတ်လတ် နတ်ပြည် ရောက်နေဦးမယ်။ သိလား'

ကိုပြော့သည် ငေးနေပြန်ပြီ။ သူ စဉ်းစားရပြန်ပြီ။

တိုက်ပိုင်ကြီးသည် ထိုငေးနေသော ကိုပြော့ကို မကြည့်ဘဲ 'အခု အချိန်မှာ သူ့သား ဘိုးဝ နိုးနေမယ့် အချိန်ပဲ။ နိုးလာရင်တော့ ဖေဖေ၊ ဖေဖေ၊ သေးပေါက်ချင်တယ်လို့ ပြောနေရှာလိမ့်မည်။ ကလေးက "အမေ၊ အဖေ နွားသွားဝယ်တာ ပြန်မလာသေးဘူးလား။ ဖေဖေကလည်း ကြာ လိုက်တာ" လို့များ အမေ့ကို ပြောနေမလား။ ကလေးအမေကလည်း ကိုပြော့ ပုလိပ်တွေ ခေါ်သွားတယ်၊ မင်းဖေဖေတော့ မပြောတတ် မဆို တတ်နဲ့ ပုလိပ်တွေရိုက်လို့ သေပြီလို့များ ကြားရမလားလို့ တွေးပြီး အိပ်မပျော်ဘဲ နေမှာပဲနော်' ဟု ညည်းညူရင်း ကိုပြော့၏ လွမ်းစကို ဖော်ပေးနေသည်။

တိုက်ပိုင်ကြီးက ထိုသို့ ညည်းညူပြီးနောက် ဆက်လက်၍ 'မောင်ပြော့ ငေးမနေနဲ့ကွာ၊ ဟုတ်တာကိုသာ မင်းပြောလိုက်၊ မင့်းကို အစိုးရသက်သေ ငါ လုပ်ပေးမယ်၊ မင့်းကလေး ဘိုးဝကို သတိမရဘူး လားဟင် ... ခုနေ တစ်ရေးနိုးလို့ မင်းကို မင့်းသားက မေးနေတော့မယ်။





မင့်းကလေးကို မသနားဘူးလားဟင်။ မင်း ဟုတ်တာသာ ပြော၊ ငါ မနက်ဖြန် မိုးလင်းရင်လင်းချင်း မင့်းကို ပြန်လွှတ်မယ်။ မင့်းမိန်းမကလည်း ဘုမသိ ဘမသိနဲ့ မင်းကို ပုလိပ်ခေါ်သွားတော့ ဘယ်လောက် စိတ်ပူ နေရှာမလဲ။ မင်း စဉ်းစားစမ်း၊ ဒီတော့ အစိုးရသက်သေ ဖြစ်အောင်သာ မင်း မှန်တာကို ဖွင့်ချလိုက်။ ကဲ ... ဦးထင်ကြီးနဲ့ သူကြီးက ကျုပ်တို့ အတွက် တာဝန်ယူလိုက်ပါဗျာ'

သူကြီး။ ။ 'တို့တိုက်ပိုင်နဲ့ ဌာနာပိုင်ကတော့ အစိုးရသက်သေ ဖြစ်အောင် လုပ်ပေးမယ်ဆို အမှန်လုပ်ပေးမှာပဲကွ။ ဟို ရဲတွက်ရွာ ဓားပြမှုတုန်းက ကင်းစမ်းရွာက အကောင်များ သက်သေဖြစ်ပြီး လွှတ် နေပြီ၊ ဒါလည်း မင်း သိသားပဲ'

ဦးထင်ကြီး။ ။ 'ဟုတ်တာပေါ့၊ ကျုပ် လိုက်ပြီး လုပ်ပေးရတာ ပေါ့။ ဒီဌာနာပိုင်နဲ့ တိုက်ပိုင်ကြီးတို့ ကောင်းလွန်းလို့ပေါ့။ ဒီကောင်များ အဲဒီအမှုမှာ သူ ခေါင်းဆောင်ပေါ့ဗျ'

'ဟာ ဦးထင်ကြီးနှယ်၊ ကျုပ်တို့ ဒီလို ကယ်ရပေါင်း များပါပြီ ဗျာ။ ကျေးဇူးသိမယ် သိမယ်နဲ့ လွှတ်သွားတော့ ဆီတစ်ပုံးတောင် လာ မကန်တော့ဘူးဗျ'

'ဟုတ်ပါရဲ့ တယ်ရိုင်းတဲ့အကောင်၊ ဌာနာပိုင်ကြီးက သက်သေ လုပ်ပေးတုန်းက ငွေယူလိုက်ဖို့ ကောင်းတာ'

'ဒါ ပုလိပ် စားပေါက်ပေါ့ဗျာ၊ ခင်ဗျားတို့ မျက်နှာနဲ့ လုပ်ပေး လိုက်ရတာ၊ ခုတော့ သူတို့က သတိမရကြတော့ဘူးဗျ'

ထိုသို့ ကျွန်ုပ်နှင့် ဦးထင်ကြီးတို့ အချီအချ ပြောနေချိန်၌ ကို ပြော့သည် အိမ်ကို လွမ်းလာပြီ။ ဖွင့်ပြောရင် မနက်ဖြန် အိမ်ပြန်ရမည် ပြောသည်။ အိမ်ပြန်ချင်သည်။ အိမ်ပြန်ရလျှင် တော်ပါပြီ။ ဘာဖြစ်ဖြစ် ပြောတော့မည်ဟု စိတ်ပိုင်းထားဟန် တူသည်။ သူ နေရာပြင်ထိုင်သည်။ သောက်နေသော ဆေးလိပ်ကို ချထားသည်။ မျက်လုံးအိမ်တွင် မျက်ရည်

များ စိုနေသည်။ လ ကလေးသည်လည်း မိုးသားတို့မှ ကင်းစင်လျက် ဖြူဖွေးသော အရောင်တို့သည် ဖွင့်ထားသော တံခါးမှ အိပ်ခန်းတွင်းသို့ ဝင်ရောက်နေသည်။ စောစောက တိုက်ပိုင် ညည်းညူသံကို သုံးသပ်၍ ကလေးနှင့် မိန်းမတို့ကို စိတ်ပူနေပုံသည် သူ့မျက်နှာပေါ်၌ ထင်းနေသည်။ ဦးထင်ကြီးဘက်သို့ လှည့်၍ 'ဦးလေး၊ ကျွန်တော် မှန်တာပြောရင် လွတ်မှာလား'

'လွတ်မှာပေါ့ကွ။ မင်းကို ခုနင်က ဌာနာပိုင် ဖတ်ပြတယ် မဟုတ်လား၊ ဥပဒေ ရှိတယ်ကွ' ဟု တိုက်ပိုင်ကြီး ကြားဖြတ်၍ ဖြေလိုက်သည်။

ဦးထင်ကြီး။ ။ 'ဒါတော့ မောင်ပြော့ရာ၊ မင်းကို တိုက်ပိုင်မင်းလို လူကြီးတစ်ယောက်က တာဝန်ခံနေမှ မင်း ဘာတွေ စိုးရိမ်နေသလဲ။ နောက်ကြောင်းတွေ တွေးမနေနဲ့။ ဖြစ်ပြီးမှတော့ ငါ့တူ၊ ကိုယ့်ကိုယ်ကိုသာ လွတ်အောင်ရုန်း။ ဘုရားဟောမှာ အရှိသားပဲကွ၊ "အတ္တသမံ - ပေမံနတ္ထိ" တဲ့၊ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားကိုးတဲ့၊ ကိုယ်ချမ်းသာကြောင်းကိုသာ ကိုယ်ရှာ၊ ဘာမှ ပူမနေနဲ့။ မိုးလင်းရင် မင့်အိမ်အထိ လိုက်ပို့လိုက်မယ်။ ကဲ ... တိုက်ပိုင်ကြီးက ခုလို မရိုက်မနှက်ဘဲ မေးနေတာကို ထောက်ရင် သူတော်ကောင်းကြီး အစစ်တွေ ဆိုတာ မင်း သိနိုင်ပါတယ် ငါ့တူရယ်၊ ပြောသာပြောပါ၊ ဦးလေးကလည်း မင်းကို ပစ်မထားပါဘူး'

ကိုပြော့။ ။ 'ကျွန်တော် ပြောပါ့မယ် ခင်ဗျာ။ ဒီလိုပါ ဘုရား၊ ဒီငပြူးဟာ အဲဒီရွာက ထွက်လာတာ (၆) လလောက် ရှိပြီ။ ကျွန်တော်မျိုးကို ကူညီညာပြီး လယ်လုပ်နေတယ်။ လူက လူငယ် ဆိုတော့ သိပ်ပြီး ဂနာမငြိမ်ဘူး။ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ လုပ်နေတယ်။ သူ့မေးရင် နွားအရောင်းအဝယ်၊ ဆိတ်အရောင်းအဝယ် လုပ်နေတယ်လို့ ပြောတယ်။ တစ်နေ့ နွှေပင်က လူတစ်စု ရောက်လာတယ်။ ဆိတ်ဝယ် ဆိုပြီး ထွက်သွားကြတယ်'





တိုက်ပိုင်ကြီးက ကြားဖြတ်၍ 'နွှေပင်ကလူ နာမည်က ဘယ်သူတဲ့လဲ ကွ'

'ငလှ၊ ဘိုးထောင်၊ ဘိုးရှိပါ ဘုရား။ သူတို့ ခဏခဏ ကူးချည်သန်းချည် နေကြပါတယ် ဘုရား။ နောက် ဓားပြမတိုက်မီ ၇ ရက် ၈ ရက်လောက်က ကျွန်တော်မျိုးကို လက်ပံရွာက မိန်းမတစ်ယောက်မှာ ကြွေးပူလို့တဲ့၊ သူ့နွားပေါက်ကလေး သွားဝယ်ရအောင် လိုက်ကြည့်ပါလို့ ဆိုတော့ ကျွန်တော်မျိုးလည်း အချောင်ရရင်တော့ လိုချင်ပါတယ်လို့ ပြောလိုက်မိပါတယ်။ သူ ရအောင် လုပ်ပေးမယ်လို့ ဆိုတာနဲ့ ကျွန်တော်မျိုး လိုက်သွားပါတယ်။ လက်ပံတောင်ရွာက အခု ဓားပြတိုက်ခံရတဲ့ အိမ်ကို သွားကြတယ်။ နွားလည်း ဘယ်ကမှ မရဘူး။ နွှေပင်က ငလှက သူ နွားလာပြီး ပြမယ် ဆိုပြီးတော့ ဓားပြမတိုက်ခင် ညနေ အရောက်လာခဲ့မယ်လို့ ချိန်းလိုက်တယ်။ ကျွန်တော်မျိုး တဲကို သူတို့ သုံးယောက် လာကြတယ်။ ညနေမှာ အရက်နဲ့ ကြက်သား ချက်ပြီး ငပြူးက ဝတ်ပြုတယ်။ ညနေစောင်းလောက်ကျတော့ လက်ပံရွာ သွားရအောင် ဆိုပြီး ထွက်ခဲ့ကြတယ်'

ကျွန်ုပ်။ ။ 'ဟော့ ကိုပြော့၊ အဲဒီအချိန်ထိအောင် မင်း ဓားပြတိုက်မယ် ဆိုတာ မသိသေးဘူးလား'

'မသိသေးဘူး ဘုရား။ နောက်ပြီး အရက်၊ ငှက်ပျောဖီးနဲ့ လက်ဖက်တွေ သူတို့အိတ်ထဲမှာ ပါလာတယ်။ ပန်းကန်ကတော့ ကျွန်တော်မျိုး ပန်းကန်ပါ၊ ဟုတ်ပါတယ်။ နတ်တင်မယ့်နေရာကို နေဝင်ဖျိုးဖျ ရောက်ပါတယ်။ ဒီတော့မှ ဓားပြတိုက်မယ့်အကြောင်း ပြောတော့ ကျွန်တော်မျိုးက တားပါတယ်။ သူတို့က ခင်ဗျား မလိုက်ရင် သတ်ပစ်မယ်တဲ့။ ဒီထိအောင် လိုက်လာပြီးမှ ပြန်သွားရင် ခင်ဗျားကစ ပေါ်မယ်တဲ့။ ဒီတော့ လိုက်ခဲ့ရမယ်လို့ အတင်းပြောနေတယ်။ ကျွန်တော်မျိုး လိုချင်တဲ့ နွားလည်း တစ်ခါတည်း ရမယ်တဲ့။ ခင်ဗျား ဆင်းရဲတာ မကြည့်နိုင်လို့

ပြေူး စီစဉ်တာလို့ ပြောတော့ မလိုက်ရင်လည်း ဒုက္ခပေးလိမ့်မယ်ဆိုပြီး လိုက်သွားရပါတယ်'

ကျွန်ုပ်။ ။ 'ငှက်ပျောက ဘယ်က ငှက်ပျောလဲ'

'ကျွန်တော်မျိုးခြံက ငှက်ပျောပါ ဘုရား'

'နို့ ... အရက်ကကော'

'အရက်ကတော့ ပြေူး ရှာလာတဲ့ အရက်ပါ'

'လက်ဖက်ကကော'

'လက်ဖက်ကတော့ ငလှတို့ ယူလာတာနဲ့ တူပါတယ်'

'အဲဒီနေရာ မရောက်ခင် လမ်းမှာ ဘယ်သူနဲ့များ တွေ့သေးသလဲ' ဟု သက်သေရအောင် မေးသည်။

'ဒီလမ်းက သိပ်တောကျတဲ့ လမ်းပါ ဘုရား။ ဘယ်သူနဲ့မှ မတွေ့ပါဘူး'

'နို့ မင်းတို့ ဝိုင်းထိုင်ပြီး နတ်တင်တဲ့ နေရာမှာကော။ လူတစ်ဦး တစ်ယောက်နဲ့ တွေ့သေးသလား'

'မတွေ့ပါဘုရား'

'ဆက်ပါဦး၊ မင်းတို့မှာ လက်နက် ဘာတွေပါသလဲ'

'ဘိုးထောင်က နတ်တင်ပါတယ်။ နတ်တင်ပြီး အရက်သောက်ကြတယ်။ ပါလာတဲ့ ပစ္စည်းကတော့ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီး နှစ်လက်၊ သေနတ် ဟန်ဆောင်တစ်ခု၊ ဓားမြှောင် တစ်ချောင်း၊ ဓား နှစ်ချောင်း ပါလာတယ်။ ကျွန်တော်မျိုးကတော့ "ဘူး" ချုံတစ်ခုက ခုတ်လာတဲ့ တုတ်တစ်ချောင်း ကိုင်ရပါတယ်။ လက်နှိပ်မီးနဲ့ သေနတ် ဟန်ဆောင်ကို ငလှက ကိုင်ပါတယ်။ ဘိုးထောင်မှာက လက်နှိပ်မီးနဲ့ ဓားမြှောင်တစ်ချောင်း ကိုင်ပါတယ်'

'နေပါဦးဗျ၊ အခါပေးဆရာက ဘယ်သူလဲ။ ခင်ဗျားတို့ လာဘ် တိုက်တော့ လာပါ်ရဲ့၊ နတ်နဲ့တော့ ရင်ဆိုင်နေတာ သတိမထားမိဘူးလား'





'ဘိုးရှိက ဆရာယောင်ယောင် သမားယောင်ယောင်ပါ ကိုယ်တော်။ သူက နေ့လွတ်တယ်၊ နတ်ကူမယ် ဆိုပြီး သွားကြတာပဲ။ ဓားပြ တိုက်ရမယ့် အိမ်ကလည်း ရွာအစွန် ဆိုတော့ အဝင်မှာ လူခြေမတိတ် မီကလေး ဝင်သွားကြတယ်။ ကျွန်တော်မျိုးကတော့ ရွာတံခါးမှာ နေရစ် ခဲ့တယ်။ သူတို့ အိမ်ထဲမှာ ဘယ်လိုလုပ်ကြတယ်တော့ မသိဘူး။ ဘေး နားက အိမ်က "လူပါတော်၊ လူပါတော်" လို့ အော်တော့ တုံးခေါက်ကြ၊ ဝိုင်းဟ၊ ဆီးဟလည်း ဆိုရော ကျွန်တော်မျိုးလည်း နောက်ဆုတ်လာခဲ့ တယ်။ ဘိုးရှိက မဆိုင်သူ မကပ်နဲ့၊ နင်တို့မယား မုဆိုးမ ဖြစ်သွားမယ်၊ ဒီမှာ သေနတ်ပါတယ် ဆိုပြီး စိန်ရောင်ခြည် ဗြောက်တစ်ခု မီးရှို့ဖောက် ပါတယ်။ ရွာကလည်း ဝိုင်းကြဟန် တူပါရဲ့။ သူတို့ အိမ်ရှင် ကောင်မ ကလေးကို ဆွဲခေါ်ပြီး ထွက်လာကြတယ်။ ပြေူးက သူ့တော့ သိသွား ပြီတဲ့။ ဘိုးရှိက သိသွားရင် မဖြစ်ဘူး၊ စီရင်မှ ဖြစ်မယ်တဲ့။ ကျွန်တော် မျိုးကတော့ မလုပ်ပါနဲ့ကွာလို့ တောင်းပန်ပါရဲ့။ သူတို့လေးယောက်က ဝိုင်းခုတ်ကြ၊ သတ်ကြတော့တာပါပဲ။ ကျွန်တော်မျိုးလည်း ကြောက်ကြောက် နဲ့ ရှေ့က ပြေးတာ ငုတ်တိုက်မိလို့ လဲတာနဲ့ ဒူးတောင် ပဲ့သွားပါတယ်'

ဒူးတွင် အနာရှိနေသည်။ ဆရာဝန်ကို ပြရမည်။ ဤသည် လည်း သက်သေခံတစ်ချက် ရသည်။

'ရွာပြန်ရင် မဖြစ်ဘူး၊ တို့အားလုံး နောင်ပေင်ကို ပြန်ကြမယ်လို့ ဘိုးရှိက ပြောတယ်။ ဒါနဲ့ နောင်ပေင်ကို ပြန်ကြတယ်။ နောက်တစ်နေ့ နေ့လယ်မှ ကျွန်တော်မျိုးနဲ့ ပြေူး အတူပြန်လာကြတယ်'

ကိုပြော့သည် သူ့စကားကို အဆုံးသတ်လိုက်သည်။ ဓားပြမှု သည် မိမိတို့ ရခဲ့သော ပစ္စည်းကို မပြောလိုကြပါ။ ထုတ်ပေးရမည် ဆိုလျှင် များစွာ နှမြောကြသည်။ သက်သေခံပစ္စည်း ရမှသာလျှင် ၎င်း၏ ဖြောင့်ဆိုချက်သည် တရားရုံးတော်က ယုံကြည်ပေမည်။ သက်သေခံချက် မရလျှင် အမှုမှာ ကောင်းမည် မဟုတ်ပါ။ ဖြောင့်ချက် တစ်ခုလုံးတွင်

အရေးအကြီးဆုံးက ၎င်းဖြောင့်ချက်ကို ထောက်ခံရမည့် အချက်အလက်များ ပါရမည်။ သက်သေခံ မရနိုင်လျှင် အပြစ်ကျရန် ခဲယဉ်းပေသည်။

'ကိုပြော့ ပို့မယ့်ပို့ရင် ကူးတို့ထိအောင် ပို့ဗျာ၊ မြွေမှန်ရင် တွင်းဝင်ဖြောင့်ရမတဲ့နော်၊ ခင်ဗျားက တိုက်ရာပါ ပစ္စည်းကော အဝေမခံရဘူးလား'

'ဘာမှ မပါပါဘူး ဘုရား၊ သူတို့ဟာ ဘယ်လောက်ရတယ်လို့လည်း မပြောပါဘူး။ ကျွန်တော်မျိုးလည်း ဘာမှ မပေးပါဘူး'

'ဘယ်ဟုတ်မလဲ ကိုပြော့ရယ်၊ ရသမျှတော့ ဝေယူရမှာပဲ။ မပေးဘဲနေရင် မကျေနပ်လို့ ဖော်ကြတဲ့ အမှုက အများသားကလားဗျ၊ မပေးဘဲတော့ မနေဘူးဗျာ၊ ကဲ ပြောစမ်း'

'မပေးလို့ မရဘူး ပြောတာပါ ဘုရား၊ မရတာ အမှန်ပါ'

'ဒီလိုဆိုရင် ခင်ဗျား ပြောတာ ယုံစရာမရှိဘူး၊ ကျုပ်တို့ ပေးတဲ့ကတိကို ကျုပ်တို့ မလိုက်နိုင်တော့ဘူး'

'မင်းကလဲကွာ မဟုတ်တာပဲ၊ ငါတောင် မယုံဘူး။ တစ်ခုခုတော့မင်း ရရမယ်။ ဘယ်လောက် တိုက်လို့ရသွားသလဲ ဌာနာပိုင်ကြီး' ဟု ဦးထင်ကြီးက ကြားဝင် ထောက်ပေးလေသည်။

'ကျုပ်က မပြောချင်ဘူးဗျ။ ကျုပ် ပြောရင် ကျုပ်သံယောင်လိုက်ပြောနေမယ်။ ဖြောင့်ချက်ပေးရင် လွတ်မယ်ထင်ပြီး မဟုတ်တာကိုလည်း တရားခံ ဆိုတာ လုပ်ကြံပြောတတ်တယ်'

ဦးထင်ကြီး။ ။ 'ဟော့ မင်းကလည်း ထစ်မနေနဲ့။ ကိုယ့်ကိုယ်ကိုသာ သက်သာရာရှာ။ မင်း ဒီလောက် ပြောပြီးမှတော့ မထူးဘူး။ တော်တော်ကြာ ဟိုကောင်တွေကို လိုက်ဖမ်းလို့ မိရင် ဟိုကောင်တွေကော ဖြောင့်ချက်မပေးဘူးလို့ ဘယ်သူ ပြောနိုင်သလဲ' ဟု ဦးထင်ကြီးက ကိုပြော့အား တစ်ဖက်လှည့်နှင့် ဖျောင်းဖျလေ၏။

'ဟုတ်တယ်လေ၊ ဟိုကောင်တွေက သူတို့စကား မှန်ပါတယ်





ဖြစ်အောင် ဓားပြတိုက်ရာက ရတဲ့ပစ္စည်းပါ ထုတ်ပေးရင် သူ့ဖြောင့်ချက်ကို ကျုပ်တို့ အရေးမထားဘဲနဲ့ ဟိုကောင်တွေ ဖြောင့်ချက်နဲ့ပဲ သူတို့ကို အစိုးရသက်သေ လုပ်ပြီး ချမှာပေါ့ဗျ'

ကိုပြော့ ငိုင်နေပြန်ပြီ။ သူ တစ်ညလုံး အပင်ပန်းခံပြီး ပြစ်မှုအကြီးကြီးကို ကျူးလွန်ပြီးမှ ရထားသော ပစ္စည်းကလေး ပေးရဦးမည်ဆိုလျှင် သူ အလွန်မှ နှမြောသည်။ သက်သေခံပစ္စည်းကြီး ပေးလိုက်ရသောကြောင့်လည်း အပြစ် ပိုနေမလားဟုလည်း သူ စဉ်းစားနေဟန်ရှိသည်။ တွေဝေနေသည်။

ဦးထင်ကြီးကလည်း အမျိုးမျိုး ဖျောင်းဖျရှာသည်။ သူကြီးကလည်း ဥပဒေ အချက်အလက်တို့ကို တောသား နားလည်နိုင်သော စကားများဖြင့် ပြောရှာသည်။ ကိုပြော့မှာ တော်တော်နှင့် မလှုပ်မယှက်ဖြစ်နေသည်။

ကျွန်ုပ်လည်း စေတနာရှိရှိနှင့် ကျွန်ုပ်တို့အပေါ် ယုံကြည်မှုရှိစေရန် လက်ဖက်ရည်၊ မုန့် စသည်တို့ကို ပေးနေ၏။

တိုက်ပိုင်ကြီးကလည်း အိမ်ပြန်ချင်သော ကိုပြော့ကို အိမ်ရှင်မနှင့်ကလေးများ အကြောင်းကို ပြောပြနေသည်။ နောက်ဆုံးတွင် ကိုပြော့ပြောတော့သည်။ သူ့မှာ မြန်မာဝတ်တိုက်ပုံအင်္ကျီ တစ်ထည်သာ ရသည်။ ငွေ သုံးလေးကျပ် ရသည်ဟု သူတို့ ပြောကြသည်။ ထို သုံးလေးကျပ်မှာ အရက်ဖိုး၊ ကြက်သားဖိုးနှင့် နတ်ယူရာ ဘာမျှ မကျန်တော့ပြီ။ နားကပ်ကလေးမှာ နှောပင် ရွာသားများအတွက် ယူလိုက်သည်။ ဘယ်လို ဝေသည်ကို သူ မသိဟု အစစ်ခံသည်။

ဤကား ဟုတ်နိုင်လောက်သော ကိုပြော့ ထွက်ချက်တို့တည်း။

မိုးလည်း လင်းလုပြီ။ တစ်ညလုံးလည်း မအိပ်ကြရသေးပေ။ သို့သော် ခရီးဖင့်နွှဲနေ၍ ပုလိပ်အလုပ် ဆိုသည်မှာ မပြီးနိုင်ပေ။ ကျွန်ုပ်နှင့် တိုက်ပိုင်ကြီးတို့သည် လူစုခွဲ၍ အလုပ် လုပ်ကြရမည်။ နှောပင်ရွာ

ဆိုသည်မှာ ဆယ်ကြီးတောရွာမှ များစွာ မဝေးလှပါ။ ခြောက်မိုင်လောက် ရှိမည်။ ရွာသစ်ရွာရှိ ကိုပြော့ လယ်တဲကား မိုင်ပေါင်း ၁၅ မိုင်လောက် ရှိမည်။ တိုက်ပိုင်ကြီးသည် လူကြီး ဖြစ်၍ ၆ မိုင် ခရီးကို သွားရောက်၍ တရားခံဖမ်းလျှင် ကောင်းမည်။ ကျွန်ုပ်ကား ရွာသစ်သို့သွား၍ ကိုပြော့ ထံမှ အကျိုးသိမ်းရမည်။ အလားတူ ပန်းကန်မျိုး ရှာရမည် ဖြစ်သည်။

ကျွန်ုပ်နှင့် တိုက်ပိုင်ကြီးသည် အထက်ပါအတိုင်း သဘောတူညီကြပြီးလျှင် တရားခံများ မိလျှင် ဘုတလင်သို့ ခေါ်သွားရန်နှင့် ကျွန်ုပ်အား ညအချိန် ပြန်အရောက်လာမည်ဖြစ်၍ မော်တော်ကားနှင့် လာရောက်ကြိုဆိုရန် မှာထားပြီး နံနက် ၄ နာရီ အချိန်တွင် ကိုပြော့ ပြောချက်အရ တုတ်ခုတ်သော နဘူးပင် ရှိရာသို့ သွားရောက်၍ ကျွန်ုပ်တို့သည် အငုတ်ကို တူးဖော်ယူခဲ့သည်။ အခင်းဖြစ်ပွားရာ မနန်း အိမ်အနီးမှ ရထားသည့် နဘူးပင်မှ ခုတ်ထားသော တုတ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဤနဘူးပင်မှ ခုတ်သည်ဟု ပြောနိုင်လောက်အောင် ထိုကျန်နေသော အငုတ်မှ ဖြတ်ထားရာသည် တတိုင်းတည်း ဖြစ်နေလေသည်။

ဦးထင်ကြီးသည်လည်း သူ၏ တူတော်မောင်နှင့်အတူ ကျွန်ုပ်တို့ လှည်းတွင် ပါလာပါသည်။ သူ့အား ရှာဖွေရာတွင် လူကြီးအဖြစ် ပါဝင်ရန် ခေါ်လာခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် နံနက်စာအဖြစ် ထမင်းများ ကြော်၍ စားသောက်သွားကြရသည်။ ၁၅ မိုင် ဝေးသော ရွာသစ်ရွာ လယ်တဲသို့ ၁၀ နာရီ၊ ၁၁ နာရီလောက်မှ ရောက်ချေမည်။ သို့နှင့် ဝမ်းမပူရအောင် စောစောစီးစီးပင် ထမင်းကြော်၊ လက်ဖက်ရည်ကြမ်းများ စားသောက်၍ ထွက်ရခြင်း ဖြစ်လေသည်။

၎င်းတို့လာသော လမ်းအတိုင်း ကျွန်ုပ်တို့လှည်းသည် တအိအိနှင့် မောင်းနှင်လာရာ နေထွက်စပြုလာသော အချိန်တွင် ခရီးလေးပုံ တစ်ပုံလောက် ရောက်ပေပြီ။ လှည်းသမားမှာ နွားမောင်း ဖျင်းသဖြင့် ကျွန်ုပ်





တို့ ကိုယ်တိုင် လှည်းမောင်းလာကြသည်။ ကျွန်ုပ်၏ အမှုထမ်းများမှာ လှည်းမစီးကြဘဲ နောက်က ခြေကျင်လျှောက်လာကြလေသည်။

လမ်းတစ်ဝက်လောက် ရောက်သောအခါ မမျှော်လင့်ဘဲ လူနှစ်ယောက်ကို တွေ့ရလေသည်။ သူတို့သည် စိုက်စိုက် စိုက်စိုက်နှင့် ကျွန်ုပ်တို့လှည်းကို မရှောင်ချင် ရှောင်ချင် ရှောင်သည်။ တစ်ယောက်က လွယ်အိတ်တစ်လုံး ပါသည်။ ကျွန်ုပ်၏ စူးသော ပုလိပ်မျက်စိသည် ထိုသူ၏ လွယ်အိတ်ဘေးတွင် ထွက်နေသော အရာတစ်ခုကို မြင်လိုက်သည်။ ၎င်း၏ အသုံးဝင်မှုကို ရုတ်ခြည်း သိစေနိုင်သည်။ ၎င်းတို့ လွယ်လာသော လွယ်အိတ်များကို ကြည့်လျှင်ပင် မသင်္ကာစရာ ကောင်းသော အချက်အလက်များ တွေ့နိုင်ပေသည်။

ကျွန်ုပ်သည် နောက်ပိုင်းမှ လိုက်လာကြသော ပုလိပ်များအား–

'ဟေ့ ဟိုလူနှစ်ယောက် ရပ်လိုက်စမ်း' ဟု လှမ်းပြောလျှင် ခြေကျင် လျှောက်လာသော ပုလိပ်များသည် ထိုလူနှစ်ဦးအား ရပ်စေပါတော့သည်။ ကျွန်ုပ်လည်း လှည်းကိုရပ်၍ အိပ်ချင်နေသောကြောင့် ဖန်နေသော မျက်လုံးတို့ကို ပွတ်ကာ ၎င်းတို့ လွယ်အိတ်များကို ရှာရလေသည်။ လွယ်အိတ်တစ်လုံးထဲတွင် ကြက်သားဟင်းနှင့် ထုပ်ထားသော ထမင်းထုပ် လေးထုပ် တွေ့သည်။ နောက်တစ်ထုပ်တွင်မှကား ကျွန်ုပ် ပထမဆုံး မြင်လိုက်ရသည့် မသင်္ကာဖွယ် ပစ္စည်းမှာ မြန်မာလုပ် သေနတ်ပြောင်းတစ်ခု ဖြစ်သည်။ အိတ်ထောင်အတွင်းတွင် ၎င်းတို့ ပြုပြင်ထားသည့် ၁၂ ဗို့ သေနတ်နှင့် ယမ်းတောင့် ငါးတောင့်အပြင် ဓားမြှောင် နှစ်ချောင်း၊ အကျီနက်ပြာ တစ်ထည်၊ ကြိုးတစ်ချောင်းတို့ကို တွေ့ရသည်။ သေနတ်ဒင်သဖွယ် လုပ်ထားသော သစ်သားတစ်ခုကိုလည်း တွေ့ရှိရသည်။ မြန်မာလုပ် သေနတ်များထဲတွင် ထိုသေနတ်သည် အတော်ပေါ့ပေါ့ပါးပါးနှင့် အချက်ကျကျ စွမ်းနိုင်သော သေနတ်တစ်ခု ဖြစ်ပေသည်။

ထိုသူများကား မည်သူမည်ဝါ ဖြစ်သည်ကို ကျွန်ုပ် ပထမ မသိပါ။ သို့သော် ကိုပြော့အား ကပ်၍ တိုးတိုး မေးကြည့်သည်နှင့် ထိုလူများမှာ ရာဇဝင်လူဆိုး ငမဲ့နှင့် ရွှေရတို့ ဖြစ်ကြောင်း သိရပေသည်။

ကျွန်ုပ်တို့ ဆယ်ကြီးတောတွင် ရောက်စဉ်က ကုလား ဟာမက်အိမ်ကို ဓားပြတိုက်လိမ့်မည်ဟု သတင်းဖြစ်နေကြောင်း ကျွန်ုပ်တို့ သိရှိခဲ့ရပေပြီ။ ထိုသတင်းကား မှန်ခဲ့ပေသည်။ ယခု ငမဲ့နှင့် ရွှေရတို့သည် ဓားပြတိုက်ရန် သွားနေကြသည်။ ဓားပြတိုက်မည့် ကိရိယာ အစုံအလင်နှင့် တွေ့နေရသဖြင့် အမှုကြီးတစ်ခုကို တားမြစ်နေပြီး ဖြစ်၍ ကျွန်ုပ်မှာ များစွာ ဝမ်းသာမိလေသည်။ ကျွန်ုပ်အား တိုက်ပိုင်နှင့်တကွ ရာဇဝတ်ဝန်ကြီးများက ချီးကျူးကြပေမည်။ ချီးကျူးစကားကိုလည်း ကျွန်ုပ် အမှန် ခံယူလိုသည်။

ထမင်းထုပ် လေးထုပ်မှာ နောက်ထပ် အနည်းဆုံး လူနှစ်ယောက်အတွက် ထည့်ခဲ့သော ထမင်းထုပ်များ ဖြစ်ဟန်တူသည်။ ထိုနှစ်ဦးမှာ တခြားတစ်လမ်းက သွားလေသလော။ သို့မဟုတ် တစ်နေရာရာတွင် ချိန်း၍ တွေ့ကြမည်လော။ ထိုသူတို့တွင် ဘာမှု ဖြစ်သနည်း။ ဓားပြတိုက်ရန် ကြံစည်မှု ဖြစ်လေသလော။

ဥပဒေတွင် ဓားပြတိုက်ရန် ကြံစည်မှု မဖြစ်နိုင်သေးပေ။ လူနှစ်ယောက်သာ တွေ့ရသေး၍ ၎င်းတို့အပေါ်တွင် သေနတ် ကိုင်ဆောင်မှုနှင့် ဓားမြှောင် ကိုင်ဆောင်မှုတို့မှာ ဥပဒေအရ အရေးယူနိုင်ကာ တခြား ဘာမှ မလုပ်နိုင်သေးပေ။

လက်နက်ဥပဒေ ဆိုသည်မှာ ယခုအခါတွင် သေဒဏ်နှင့် တစ်ကျွန်းပို့ ဒဏ်များအထိ ပြင်ဆင်ထားသော်လည်း ရှေးအခါကမူကား ပြင်ဆင်ပြီး ဥပဒေအရ ထောင်ဒဏ် ၃ နှစ်ထိပင် အပြစ်ပေးလာကြသည်ကို တွေ့ရပေသည်။

သို့သော် ၎င်းတို့မှာ ရာဇဝင်လူဆိုးများ ဖြစ်သည့်အပြင် ဓားပြ





တိုက်ရန် ရည်ရွယ်ချက် ရှိကြောင်းတို့ကိုပါ ဖော်ပြ အစစ်ခံလျှင် ၂ နှစ်လောက် ထောင်အပြစ်ပေးလိမ့်မည်ဟု ကျွန်ုပ် အထင်ရှိမိသည်။ ထိုသူတို့သည် အခြားပြစ်မှုများနှင့် အခြား ဌာနာများမှ ထိုသူတို့အား အလိုရှိမရှိလည်း ကျွန်ုပ်မှာ မေးရန်တာဝန် ရှိသေးသည်။

ကျွန်ုပ်တို့တွင် ဘူးလေးရာ ဖရုံဆင့် ဆိုသည့်အလား တစ်မှုကို ဆောင်ရွက်နေစဉ် တစ်မှု တွေ့နေရပြန်ပြီ။ ကိုပြော့အား ခတ်လာသော လက်ထိပ်ကိုဖြုတ်၍ ငမဲ့နှင့် ရွှေရတို့အား ခတ်ထားပြီးလျှင် ၎င်းတို့ ရွာကိုပင် ခေါ်သွားရန် ကျွန်ုပ် အမှုထမ်းများအား စေခိုင်းလိုက်ရ၏။ ကျွန်ုပ်တို့ကား ကိုပြော့၏ တဲသို့ သွားရောက်ကြရလေသည်။

(တောလမ်းတွင် ဖြစ်စေကာမူ လူဆိုးနှင့် ပစ္စည်းများကို ဥပဒေအရ သက်သေများ ရှေ့မှောက်တွင် ရှာရမည်ဖြစ်ရာ၊ ကျွန်ုပ်တို့တွင် ဦးထင်ကြီးနှင့် လှည်းသမားတို့အား သက်သေအဖြစ် ထား၍ ရှာကြရသည်။)

ကိုပြော့ တဲသို့ ရောက်သွားကြသည်။ ကိုပြော့ မိန်းမသည် ပြူးတူးပြဲတဲ ဖြစ်နေသည်။ ကိုပြော့နှင့်အတူ ပုလိပ်တစ်စု ရောက်လာကြပြန်သည်၊ ဘာကိစ္စများပါလိမ့်ဟု တွေးတောကာ တွေဝေနေဟန်ရှိသည်။ ကိုပြော့၏ အသည်းစွဲ ကလေးမှာ ကိုပြော့ကိုမြင်လျှင် 'အဖေ' ဟု ခေါ်ကာ ပြေးထွက်လာသည်။ ပုလိပ်များကို မြင်သော်လည်း သူ မကြောက်နိုင်ပါ။ သူ့အဖေ ရင်ခွင်သို့ ပြေးဝင်သွားသည်။ ကိုပြော့မှာ မျက်ရည်လည်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့လည်း ထိုအခြင်းအရာများကိုကြည့်၍ များစွာ ကြေကွဲဝမ်းနည်းမိပေသည်။ သို့သော် ကျွန်ုပ်တို့ ဝတ္တရားကား ဝတ္တရား ဖြစ်၍ ဝမ်းနည်းနေရန် အချိန်မရှိပေ။

ကိုပြော့အား ဝေစုအဖြစ် ရထားသော တိုက်ရာပါပစ္စည်း ဖြစ်သည့် အင်္ကျီကိုပေးရန် ကျွန်ုပ်တို့က သတိပေးလိုက်သည်နှင့် အိမ်ထဲသို့

ဝင်သွားပြီးလျှင် တန်းပေါ်တွင် တင်ထားသော ပေါပလင် အပေါ်အင်္ကျီကို အပ်လေသည်။ ထုံးစံအတိုင်းပင် ကျွန်ုပ်တို့လည်း တဲအောက်တဲပြင် ရှာဖွေကြသည်။

"ပြော့" အမှတ်ပါသော ပန်းကန်တစ်လုံးလည်း သိမ်းခဲ့သည့် အပြင် ကြက်သားချက်၍ နောပင် ဓားပြများကို ကျွေးရသည်ဟု ထွက်ဆိုချက်ကို အထောက်အခံ ရစေခြင်းငှာ ကြက်မွေးများကိုပင် ကျွန်ုပ်တို့ သိမ်းဆည်းပြီး ရှာဖွေရန် ပုံစံတွင် ရေးမှတ်ရလေသည်။

ကျွန်ုပ်က ကိုပြော့မိန်းမအား ကိုပြော့မှာ နောပင် ရွာသားများနှင့် ဓားပြတိုက်ကြောင်း၊ ယခု ဖြောင့်ချက်လည်း ပေးထားပြီ ဖြစ်ကြောင်း၊ ယခု သိမ်းသော ပစ္စည်းမှာ ဓားပြတိုက်ရာတွင် ဝေစုရခဲ့သော အင်္ကျီ ဖြစ်သောကြောင့် သိမ်းကြောင်း၊ သို့သော် ကိုပြော့မှာ အစိုးရသက်သေ ဖြစ်မည်ဖြစ်၍ များမကြာမီပင် အိမ်ပြန်လာမည် ဖြစ်ကြောင်းတို့ကို ပြောလျှင် ကိုပြော့မိန်းမမှာ မြေကြီးတွင် ပစ်လှဲကာ ငိုလေပါတော့သည်။ ၎င်းမိန်းမကြီးမှာ ကိုပြော့နှင့် ရွယ်တူလောက်ပင် ရှိမည်။ သူ ငိုသည်မှာ ဓားပြမှုကို ထောက်ခံနေပေသည်။

'မောင်ပြော့ မင်း ငါ့ကို လိမ်တယ်၊ မင်း ငါ့ကိုလိမ်လို့ ဒုက္ခ ဖြစ်ရပြီ။ နွားဝယ်မသွားပါနဲ့၊ နွားဘာလုပ်စရာလဲ၊ အပိုပဲ ဆိုတာ မရဘူး။ မင်း ဒါ နွားဝယ်တာလား ဟင်၊ ဒါလောက် ကြီးကောင် ကြီးမားကျခါမှ မင်းမိုလို့ လုပ်ရက်တယ်၊ ကြံရက်တယ်၊ ခုတော့ ကောင်းနိုင်ကြသေး လား ဟင်၊ နင့်ကလေးတွေတော့ ငတ်လို့ သေရတော့မယ်။ ငါ့မှာတော့ တစ်ကောင်ကြွက် တစ်မျက်နှာမို့ ဘယ်သူက လာပြီး စောင့်ရှောက်မလဲ' စသဖြင့် ဖွဲ့ကာ နွဲ့ကာ ငိုနေသည်။

ကိုပြော့ကား သူ့မိန်းမကို ချော့လည်း မချော့၊ ဘာမျှလည်း မပြောဘဲ အိမ်ထဲတွင်ရှိသော ကြက်ဥ ၄၊ ၅၊ ၆ လုံးကို ယူလာပြီး ဆီ ရှိသလားဟု ဆီပုလင်းကို ထောင်ကြည့်သည်။ ဆီတစ်စက်မျှ မရှိပါ။





သို့နှင့် မီးမွှေးပြီး ရေနွေးအိုးတစ်လုံး တည်ကာ ကြက်ဥများကို ပြုတ်၊ လက်ဖက်ရည်ကြမ်းအိုး တစ်လုံး တည်ကာ ကျွန်ုပ်တို့အား ဧည့်ခံရန် ပြင်ဆင်နေသည်။ သူ့သားချစ်ကလေးကား သူ့နောက်မှ တကောက်ကောက်။

သူ အုပ်ထားသော ငှက်ပျောသီး ရှိ မရှိကို အိုးကြီးတစ်လုံးထဲ တွင် သူ ရှာသည်။ ငှက်ပျောသီးမှာ ပိန်ညှော်ညှော် ဖြစ်၍ ဓားပြတိုက် ရာတွင် နတ်တင်သော ငှက်ပျောသီး အစားမျိုးပင် ဖြစ်မည်။

ကိုပြော့သည် ကျွန်ုပ်တို့ နှုးသမျှကို ယုံကြည်နေသည်။ သူ့ကို ထားပစ်ခဲ့မည်ဟုပင် အထင်ရောက်နေသည်။ ကျွန်ုပ်တို့လည်း ထမင်း ဆာနေချိန် ဖြစ်၍ သူ ပေးသော ကြက်ဥပြုတ်နှင့် လက်ဖက်ရည်ကြမ်း များကို အားရပါးရ ဝေငှ၍ စားသောက်ကြရသည်။

ကျွန်ုပ်တို့ လှည်းက ကြပြီ။ ကိုပြော့ကို သွားရန် ခေါ်သောအခါ သူ ထင်သည့်အတိုင်းပင် ရိုးသားစွာ 'ကျွန်တော်မျိုး လိုက်ခဲ့ရဦးမှာလား' ဟု မေးတော့သည်။

'ဟုတ်ကဲ့ လိုက်ခဲ့ဦးမှပေါ့၊ ကျုပ်တို့ လမ်းမှ မသိဘဲ' ဟု ကျွန်ုပ် က သူ၏စိတ်မှ သက်သာရာ ရပါစေတော့ဟု ပြောလိုက်လေသည်။

'ဦးလေး လမ်းမမှတ်မိတော့ဘူးလားဗျာ' ဟု ဦးထင်ကြီးအား ကိုပြော့က မေးပြန်သည်။

'ငါက မရောက်တာ ကြာပြီကွာ၊ ဘယ်မှတ်မိတော့မလဲ၊ လာတာ ကလည်း တောလမ်းဖြစ်၊ ပြီးတော့ သွားနေကျလမ်းလည်း မဟုတ်တော့'

ဤတွင် ကိုပြော့သည် သူ့မိန်းမအား ထမင်းချက်ထားရန် မှာ နေသည်။ သူ့မိန်းမက အော်ကြီးဟစ်ကျယ်နှင့် ငိုရင်း–

'ဒီလို လူစားက ဓားပြတိုက်တယ် ဆိုတာ ရယ်ချင်ပါရဲ့၊ မင်းကို များ လွှတ်ကြမယ် ထင်သလားဟင်'

ဟုတ်ပေသည်။ ကိုပြော့ကား အတော် အ လွန်းလှပါသည်။

ကျွန်ုပ်တို့လည်း အတော် မျက်နှာပူကြရသည်။ သားကလေး ဘိုးဝမှာလည်း သူ့အဖေနား ကပ်နေသည်မှာ ခွာမရလောက်အောင်ပင် ရှိနေလေသည်။

သူ့အမေက ဆွဲ၍ 'ဟဲ့ သေခြင်းဆိုးကလေး၊ အမျိုးယုတ်၊ ဓားပြမျိုး၊ နင့်အဖေ လူစွမ်းကောင်းနောက် ကပ်မနေနဲ့' ဟု ပြောဆိုကာ ကလေးအား တဖုန်းဖုန်းနှင့် ရိုက်တော့၏။ ကျွန်ုပ်ကိုယ်တိုင် မရိုက်နှက်ရန် ပြောပြီး ကလေးအား မုန့်ဖိုး ဆိုပြီး ငွေ ၁ ကျပ်ပင် ထုတ်ပေးခဲ့ရသေး၏။

ကျွန်ုပ်တို့ လမ်းတွင် ဖမ်းဆီးရမိသော တရားခံ ၂ ဦးအား ရွာသစ်ရွာတွင် အပ်ထားစေလျက် ကျွန်ုပ်တို့သည် အုတ်ဖိုရွာသို့ ပြန်လာကြလေသည်။

**အုတ်ဖိုရွာတွင် အမှုပြင်ခြင်း**

ကျွန်ုပ် အထက်က ဖော်ပြခဲ့သည့်အတိုင်းပင် တရားခံများ ရသည့်တိုင်အောင် အခင်းဖြစ်ပွားသော နေရာတွင် မည်သူက မြင်ပါသည်ဟု ပြောမည်နည်း။ သက်သေရှာရန် သူကြီးနှင့်တော့ မိတ်ဆက်ထားခဲ့ပေပြီ။ ကျွန်ုပ် နောက်တစ်ခေါက် ပြန်လာရမည်မှာ သေချာလှပေသည်။ သို့သော် တရားခံများ ရပြီးသည့်နောက်မှ သက်သေ မရလျှင် ဘယ်ကဲ့သို့ လုပ်ရမည်နည်း။ သူကြီးက သက်သေရှာနိုင်ပါမည်လား။

သိနိုင်သူ၊ မြင်နိုင်သူ သက်သေများ ဆင်ထည့်ဦးမည်လား။ သူကြီးအား တကယ်ရ မရ ကျွန်ုပ် မေးရဦးမည်။ သူ မတတ်နိုင်လျှင် သူ၏ ယောက္ခမမှာ အလွန်သြဇာရှိသည်ဖြစ်၍ သူနှင့် တိုင်ပင် စီမံရပေမည်။ သက်သေ မှန်မှန်ကန်ကန် ခံခြင်းအားဖြင့် ရွာသူ ရွာသားများ ဆုရကြမည်။ သူကြီးလည်း သူ အလွန်ကိုင်ချင်သော ၂ လုံးပြူးသေနတ်လည်း အသိမ်းခံရမည် မဟုတ်။ စသည်တို့ကို ထောက်ထားလျှင် မဖြစ်





နိုင်မည် ဟူ၍တော့ ကျွန်ုပ် မထင်မိပေ။ ဘယ်နည်းနှင့်မဆို သူကြီးနှင့် ရွာသားများ ကြိုးစားကြမည် မဟုတ်ပါလော။

တိုက်ပိုင်ကြီးသည်လည်း ကျွန်ုပ်နှင့် ခွဲခွာစဉ်က ကားလွှတ်လိုက်မည်ဟု ကတိထားသွားရာ၊ ကျွန်ုပ်တို့ ခရီးပြင်း နှင်လာကြလေသည်။

အုတ်ဖိုသို့ ည ၈ နာရီလောက်တွင် ရောက်လေသည်။ သူကြီးနှင့် အဆင်သင့်ပင် တွေ့ရလေသည်။ အုတ်ဖို သူကြီးအား ကျွန်ုပ်ပြောကြားခဲ့သည့်အတိုင်း ဓားပြများအား မြင်လိုက်သော သက်သေရှာရ မရ မေးလျှင် တကယ်ပင် အမှုအကြောင်း သိသူများ ရထားကြောင်း သိရသည်။ သို့သော် တောသားများ ဖြစ်၍ မပြောဝံ့ မဆိုဝံ့ ဖြစ်နေကြသည်ဟု သူကြီးက ကျွန်ုပ်အား ပြောကြား၏။ ကျွန်ုပ်က မစိုးရိမ်ရန် မှာကြားထားခဲ့သည်။ ကျွန်ုပ်လည်း ဝမ်းသာ၍မဆုံး ဖြစ်နေပေပြီ။

သူကြီးထံမှလည်း တိုက်ပိုင်ကြီးများ နှောပင်ရွာမှ အလိုရှိသော တရားခံများကို ရမိခဲ့ကြောင်း၊ သက်သေခံ ပစ္စည်းများလည်း သိမ်းလာကြောင်း အစီရင်ခံသည်။ ဝမ်းသာစွ။

**ဌာနသို့ ပြန်နဲ့ခြင်း**

တိုက်ပိုင်ကြီးလည်း ကျွန်ုပ်အား စောင့်နေရှာသည်။ ကျွန်ုပ်တို့လည်း တရားခံ ကိုပြော့နှင့်တကွ လမ်းမှာ ရမိခဲ့သော သက်သေခံပစ္စည်းများ အပြင် ကိုပြော့အိမ်မှ ရခဲ့သော ကြက်မွေး၊ ပန်းကန်နှင့် ဝေစုရသည့် အကျီတို့ကို ယူဆောင်လျက် လာကြရာ ည ၁၀ နာရီသာသာမှပင် ဌာနသို့ ရောက်ကြ၏။

'ဌာနပိုင်ကြီး နေရာကျလားဗျ' ဟု တိုက်ပိုင်ကြီးက ကျွန်ုပ်အား အမှုအကြောင်း ထောက်လှမ်းလေသည်။

'နေရာကျပုံတော့ မပြောနဲ့တော့ ဆရာ၊ ပြောစရာ မရှိဘူး။ ကျွန်

တော်တို့ တောလမ်းဆိုမှ တကယ့် တောလမ်း ဆရာ၊ အဲဒီလမ်းက သွားကြတော့ လမ်းမှာ ရွာသစ်ရွာသား လူဆိုး ငမှဲ့နဲ့ ရွှေရတို့ သူတို့ အကြံနဲ့ သူတို့ စိတ်ကူးယဉ်ပြီး လာလိုက်ကြတာ လှည်းကိုတောင် ရှောင်တယ်ဆိုရုံ ရှောင်တယ်' ဟု အစချီပြီး ငမှဲ့နှင့် ရွှေရတို့ အိတ်ထဲမှ တွေ့ရှိခဲ့ရသော လက်နက်ကိရိယာများနှင့် အကြံအစည်များကို အစီရင်ခံ၍ သူတို့အား ဖမ်းဆီးထားကြောင်းတို့ကို ကျွန်ုပ်က ပြောပြလျှင်၊ တိုက်ပိုင်ကြီးမှာလည်း ပြုံးပြုံးကြီးနှင့် သဘောကျနေသည်ကို ယခုတိုင် မြင်ယောင်မိသေးသည်။

'ဒီတရားခံတွေ စစ်လိုက်ရရင်တော့ သူတို့အဖွဲ့ သိရမှာပဲ၊ ခင်ဗျား မစစ်ခဲ့ဘူးလား' ဟု တိုက်ပိုင်ကြီးက ဆက်မေးသည်။

'မစစ်ခဲ့ရဘူး ဆရာ၊ စစ်လည်း ရမယ့်အကောင်စား မဟုတ်ပါဘူး၊ ရာဇဝင်လူဆိုး ပဂေးတွေပဲ။ ကျွန်တော်တို့ ဆယ်ကြီးတောရွာမှာ နေတုန်းက အာမက်အိမ် ဓားပြတိုက်လိမ့်မယ် ဆိုတဲ့ သတင်းနဲ့တော့ အံကိုက်ပဲ ဆရာ'

'အင်း ဟုတ်တယ်ဗျို့၊ တစ်မှု မပြီးခင် တစ်မှု ရောက်တော့မလို့၊ ကုလားများ သိပ်ကံကောင်းတာပဲနော်'

'ဩော် ... ဆရာ့နှယ် ကြည့်ပါလား၊ ကုလားလည်း ဒီသတင်း ရပြီးသားမို့ ကျွန်တော်တို့ ရောက်တယ်ဆိုရင်ပဲ ဌာနာ မြန်မြန် ပြန်မသွားရအောင် ဆိတ်သားတို့၊ နွားနို့တို့ လာပို့တာ။ သူက ဘရားဆပ်တို့ မပြန်မချင်း ဟင်းကျွေးအတွက် မပူပါနဲ့တဲ့၊ သူ ဒကာခံပါ့မယ်လို့တောင် လာပြောတယ် မဟုတ်လား။ ကျွန်တော်တို့ မြန်မာလူမျိုးများ ဆိုရင်တော့ ဒီပုလိပ်တွေကလည်း လာနိုင်ရန်ကောဗျာလို့ ညည်းညူကြတယ်။ ကျွန်တော်တို့ နယ်လှည့်လာတာတောင် သူတို့ မကြိုက်ကြဘူး မဟုတ်လား။ စေတနာချင်းက သိပ်ကွာတယ် ဆရာ။ အလျဉ်းသင့်လို့ ပြောလိုက်ရဦးမယ် ကုလား ကောင်းကြောင်း၊ ကျွန်တော်တို့ဦးလေး





ဟာ တော်တော် ပိုက်ဆံရှိတယ်။ သူ တိုက်ဆောက်လိုက်တာ ငွေ တစ်သောင်းကျော် နှစ်သောင်းလောက် ကုန်တယ်။ သံရောင်းတဲ့ ကုလားနဲ့ သူနဲ့ မိတ်ဆွေ ဆိုတော့ ဒီကုလားဆိုင်မှာပဲ ဝယ်တယ်။ နောက် သူ ဘာလုပ်လုပ် ဒီကုလားဆိုင်မှာပဲ ဝယ်ခဲ့တယ်။ ၁၀ နှစ်၊ ၁၅ နှစ် လောက် ရှိသွားပြီ။ နောက် ကျွန်တော်တို့ ဦးလေးဟာ အလုပ်အကိုင် နေရာမကျတာနဲ့ ဆင်းရဲသွားတယ်။ ကုလား ကြွေးလည်း ၁၀၀၀ိ၊ ၁၅၀၀ိ လောက် ကျန်နေသတဲ့။ ဒီဆိုင်က ကုလားကြီး ရှိတုန်းကတော့ လာမတောင်းဘူးတဲ့။ နောက် သူ့တူကို ထားပြီး ဘင်္ဂလား ပြန်သွားတယ်။ သူ့တူက ကျွန်တော်တို့ဦးလေးကို တရားစွဲတယ်။ တရားစွဲတော့ ပေးစေ ကျတာပေါ့လေ။ အိမ်လေလံပစ်မယ် ဘာမယ်နဲ့ ဖြစ်နေတုန်းပဲ ဆရာရေ့၊ ကုလားကြီး ပြန်ရောက်လာတယ်။ ကုလားကြီးလည်း ဒီ အကြောင်း သိရော၊ ဦးလေးအိမ် ချက်ချင်း လာတာပဲ။ ကျွန်တော်တို့ ဦးလေးကလည်း ငွေတောင်းလာသလားလို့ မျက်နှာပူပူနဲ့ စကားပြော ဧည့်ခံနေတော့ သူ ဘာပြောသလဲ သိလား ဆရာ၊ ကုလားကြီးက ကျွန်တော် ဘင်္ဂလား မရောက်ရတာ ကြာလို့ ပြန်သွားတယ်၊ အခု မြန်မာ ပြည်ကို ပြန်လာတာ ၇ ရက်လောက်ပဲ ရှိသေးတယ်တဲ့။ ကျွန်တော့်တူ ဘင်္ဂလားက လာပြီး ကျွန်တော့်နေရာမှာ လာတယ်။ သူ ဘာမှ မသိဘူး၊ ခင်ဗျားကို တရားစွဲတယ်၊ ဒုက္ခပေးတယ်၊ ဒါကို သည်းခံပါတဲ့။ ကြွေး တရားစွဲတာလည်း ငွေ ၁၀၀ိ လောက် ရုံးမှာ ကုန်သွားတယ်။ တယ် မိုက်တဲ့ ကောင်ကလေးပဲတဲ့။ သူ အခု ငွေ ၅၀၀ိ ယူလာပါတယ်တဲ့။ အဲဒီ ငွေ ၅၀၀ိ ယူပြီးတော့ သူ့ကို ငြိုငြင်နေတဲ့စိတ်ကို ပယ်ဖျက်ပေးပါတဲ့၊ သည်းခံပါလို့ အမျိုးမျိုး တောင်းပန်ရှာတယ်'

'ဒါ ဘာဖြစ်လို့လဲဗျ၊ မရှင်းပါဘူး'

'ဒီလိုလေ ဆရာ၊ ကျွန်တော့်ဦးလေးက လုပ်ပေးလို့ သူ ရတဲ့ အမြတ်ဟာ ဘင်္ဂလားမှာတောင် တိုက်တည်ထားရပါပကော။ မြန်မာ

ပြည်မှာလည်း သူ့ဆိုင်ခွဲတွေ ဆိုင်ခွဲတွေ ဖွင့်ပြီး အလုပ်လုပ်နိုင်တာဟာ
ကျွန်တော့်ဦးလေးကျေးဇူး မကင်းဘူးပေါ့ ဆရာ၊ ဒါကြောင့် ငွေ ၁၅၀ဝ
သာ မကဘဲ နောက်ထပ် ဆင်းရဲနေတဲ့ ကျွန်တော့်ဦးလေးကို ငွေသား
၅၀ဝ တိတိ ပေးပြီး တောင်းပန်တာကိုး ဆရာ'

'ဩော် ... ဒီလိုလား'

'ကြည့်တော့ ဆရာ၊ ကုလားက ဘုရားဒကာတော် အတိုင်း
ကျင့်သုံးလိုက်တာ ကျွန်တော့်ဦးလေးလည်း ငေးပြီး ဘာပြန်ပြောရမယ်
တောင် မသိတော့ဘူးတဲ့။ ခုလည်းကြည့်လေ၊ ဆယ်ကြီးတောရွာက
အာမက်က ကျွန်တော်တို့ကို ဝတ်ပြုရလို့ သူ့မှာ ငွေ နှစ်ဆယ် အစိတ်
ကုန်တော့မပေါ့ ဆရာ၊ စားပြအတိုက်ခံရရင် သူလည်း နာဦးမယ်၊
ရှိစုမဲ့စုကလေးလည်း ပါသွားဦးမယ် မဟုတ်လား၊ သူတို့က ဒီလို လာဘ်
မျိုးတော့ တော်တော်မြင်တယ်'

**နော့ပင်နှင့် ရွာတရားခံများ**

တိုက်ပိုင်ကြီး။ ။ 'ကဲ ကျုပ်တို့ တရားခံနဲ့ ကျုပ်တို့ အဖြစ်အပျက်
ပြောဦးမယ် နားထောင်။

'ကျုပ်တို့လည်း နော့ပင်ကို နေကလေး အတော် ကြွလာတော့
ရောက်တယ်။ ရွာကလည်း သိပ်ဆင်းရဲတဲ့ရွာနဲ့ တူပါတယ်။ အိမ်ကြီး
အိမ်ကောင်းဆိုလို့ တစ်အိမ်မှ မတွေ့ခဲ့ဘူး။ နော့ပင် သူကြီး ဆိုတာ
ကလည်း အသက် ၆၀ ကျော် ၇၀ နီးပါး ရှိနေပြီ။ ဘာမှ မလုပ်နိုင်တော့
ဘူး။ အစိုးရများကလည်း ဒီလောက်ကြီးတဲ့ သူကြီးကြီးကို ဘာလုပ်
ထားကြပါလိမ့်ဗျာ။ ရွာခေါင်း လုပ်တဲ့လူကလည်း လူနုံ လူအပဲဗျ။
ခင်ဗျား "ဆားဘေးလင်းစ်" လူဆိုး စုံထောက်များလည်း ရောက်မယ်
မထင်ဘူး။ သူတို့ဟာ ပုလိပ်ဆိုတာတောင် ဘာအလုပ်လုပ်တဲ့ လူလို့
မသိကြဘူး။ သစ်တောဘက်ကလားလို့ မေးတယ်ဗျ'





'သူတို့က သစ်တောဘက်က လူနဲ့သာ အလုပ်များတာကို ဆရာ။
သစ်ခုတ်၊ လွတိုက်၊ အသားခိုး ဆိုတော့ သူတို့ကို ဆိုးကျိုးကောင်းကျိုး
ပေးနိုင်တဲ့လူ ဆိုတော့ သူတို့ သိရမှာပေါ့။ ပုလိပ်ဘက်က အမှုထမ်း
များလည်း တခြား အလုပ်တွေက များလွန်းတော့ သစ်တောကိစ္စဟာ
သူတို့နဲ့ ဆိုင်ပေမဲ့ ဘာမှ ဝင်မစွက်ချက်ကြဘူး။ ပုလိပ်များကလည်း
သစ်တောဥပဒေ ကျူးလွန်သူကိုတော့ ဖမ်းနိုင်တယ် ဆိုတာတောင်
သူတို့ သတိမပြုမိကြတော့ဘူး။ ကျွန်တော်တို့ ဆပ်ကျောင်း နေတုန်း
ကတောင် ပုလိပ်နဲ့ဆိုင်တဲ့ ဥပဒေအားလုံး သင်ပေးတယ် ဆိုပေမဲ့ ဒီလို
သစ်တောဆိုင်ရာတို့၊ ဆားဥပဒေတို့ ဆိုတဲ့ ဥပဒေမျိုးကို မသင်လိုက်ဘူး
ဆရာ။ တစ်နှစ်သာ ကြာတယ်၊ အိုင်-ပီ-စီ၊ စီ-ပီ-စီ၊ ဘီ-ပီ-အင်နဲ့
ပြီးတာပဲ။ အမှန်ဆိုတော့ ပုလိပ်နဲ့ မဆိုင်တဲ့ ဥပဒေလည်း မရှိတော့
နည်းနည်းတော့ သင်ပေးဖို့ကောင်းတယ်။ ကျွန်တော်တို့တောင် ဘယ်လို
လုပ်ရမယ် မသိရင် ဆားဘေးလင့်စ်တို့တော့ ဝေးရောပေါ့'

'ကျောင်းမှာ သင်တော့ မသင်ခဲ့ရဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ်နဲ့
ဆိုင်တဲ့ အလုပ်ဆိုတာ သိသင့် သိထိုက်တာတော့ မုဆိုး စိုင်သင် ဆို
သလို တဖြည်းဖြည်းတော့ သိလာရတာပေါ့။ ခင်ဗျားလူဆိုးစစ် ဒီရွာ
ဘယ်နခေါက် ရောက်ရမလဲဗျ၊ ကြည့်ပါဦး'

ကျွန်ုပ်သည် စာအုပ်ကို လှန်ကြည့်ပြီး 'တစ်လ ၂ ခေါက်တဲ့
ဆရာ၊ ဝေးလည်းဝေး လူဆိုးလည်း မရှိတော့ ရောက်ဖို့ အခေါက်နည်း
တာပေါ့ ဆရာ'

'မဟုတ်ဘူးဗျ၊ လူဆိုး ရှိတာနဲ့ ပိုက်ဆံရှိတဲ့လူ ပေါတာကိုသာ
ကြည့်ပြီး မစီစဉ်သင့်ဘူး။ ဒီကောင်တွေ သစ်တောဥပဒေ အမြဲ ကျူး
လွန်နေတော့ အစိုးရ ဘဏ္ဍာတော် ထိခိုက်တယ်။ တစ်လ ၄ ခေါက်လို့
ပြင်ဗျာ။ နောက်ပြီး သစ်တောမှုများ ဖမ်းရမယ်လို့ အမိန့်ချဗျာ'

'ဟုတ်ကဲ့ဆရာ'

ကျွန်ုပ် အထက်က ပြောခဲ့သည့်အတိုင်းပင် ထမင်းကျွေးမည့်သူရှားပါးသော နေရာသို့ ဘယ်ပုလိပ် အမှုထမ်းမျှ ဘယ်လို အမိန့်ထုတ်ထုတ် သွားချင်လှမည် မဟုတ်ပေ။ တစ်ခေါက် သွားလျှင် ၃ ခေါက်၊ ၄ ခေါက် ဖြစ်နိုင်လေသည်။ သစ်တောအနီးတွင်ရှိသော ရွာတိုင်းပင် သစ်တောဥပဒေကို သိကြသည်။ သူတို့ ကျူးလွန်ကြပေမည်မှာ ဓမ္မတာအတိုင်းပင် ဖြစ်လေသည်။ ကျွန်ုပ်တို့ တာဝန်ကား ဥပဒေကို စောင့်ရှောက်ရမည်ကား မှန်၏။ သို့သော် စောင့်ရှောက်နိုင်လောက်အောင်ကား မည်သူမျှ လုပ်မပေးသဖြင့် အင်္ဂလိပ် တစ်ခေတ်လုံး ဖြစ်သလိုနှင့်ပင် စခန်းသွားခဲ့ကြပြီ။ နောင်လည်း သွားကြပေလိမ့်ဦးမည်လားမပြောတတ်ပေ။

သစ်တောဥပဒေကို မဆိုထားနှင့်။ ယခုခေတ်ကား ဓားပြတိုက်၊ လူသတ်၊ မုဒိမ်းကျင့်၊ အစိုးရကို ပုန်ကန်သည့်တိုင်အောင် ဘာမှ မလုပ်နိုင်ဘဲ လက်ပိုက်၍သာ ကြည့်နေကြရပြီ။ တိုင်းပြည် ငြိမ်းချမ်းသာယာမှသာ ဤလိုသော ဥပဒေများကို အရေးပေးကာ အလုပ်လုပ်နိုင်ကြပေမည်။

တိုက်ပိုင်ကြီးသည် ဤသို့ အမိန့်များ ထုတ်ဆင့်နေခြင်းမှာ အမှုထမ်းများ နှောပင်ရွာ အကြောင်းကို မသိခြင်းကြောင့် ဖြစ်ပေသည်။ ပုလိပ်ကို အမြဲတစေ ဝတ္တရားအရ ကူညီသူ သူကြီးမှာ သက်ကြီးရွယ်အိုဖြစ်၍ သူ့ထံမှ ဘာမျှ ကူညီမှု မရရှိသောကြောင့် ပုလိပ်များ ထိုရွာသို့ အရောက်နည်းခြင်း ဖြစ်ပေသည်။

တိုက်ပိုင်ကြီးက ဆက်လက်၍ 'ဘိုးထောင်နဲ့ ဘိုးရှိက တစ်အိမ်တည်း နေတယ်ဗျ။ ငလှကလည်း သူတို့အိမ်နဲ့ မနီးမဝေးမှာ နေတယ်။ ဘိုးရှိနဲ့ ဘိုးထောင်တို့အိမ် ရှာနေတုန်း ငလှတို့အိမ်က ရှိစုမဲ့စု ပစ္စည်းကလေး ပျောက်သွားမှာလည်း စိုးရသေးတယ်။ ကျုပ်တို့အားလုံး အဆင်သင့်လုပ်ပြီး ဘိုးထောင်နဲ့ ဘိုးရှိတို့အိမ် ရှာတော့ ရှမ်းလွယ်အိတ်၊





ခေါင်းပေါင်းတဲ့ မွေးစုတ် တဘက်တစ်ထည်၊ ပိုးလုံချည် တစ်ပတ်နွမ်းတစ်ထည်၊ သစ်ရွေတဲ့ ဓားမကြီး ၂ ခု ရခဲ့တယ်'

'ဆရာ့ဟာ တိုက်ရာပါ ပစ္စည်းလည်း မဟုတ်ပါလား ဆရာရဲ့'

'တိုက်ရာပါတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဒီပစ္စည်းတွေဟာ ဓားပြတိုက်ရာမှာ သုံးတဲ့ပစ္စည်းလို့ မသင်္ကာလို့ သိမ်းလာတာ။ ငပြော့ ပြောတုန်းက သူတို့ ဘာပစ္စည်း ပါသလဲ ဆိုတော့ ဒါမျိုးပါတယ် ပြောတယ် မဟုတ်လားဗျ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ နို့ ဆရာ သွေးစက် သွေးစများ ရှာခဲ့သေးသလား'

'ကြည့်တော့ ကြည့်ခဲ့တယ်။ လုံချည်၊ တဘက်နဲ့ လွယ်အိတ်မှာ သွေးစသွေးနတွေ တွေ့တယ်ဗျ။ ရေတော့ လျှော်ထားပြီးပေါ့ဗျာ။ ဒါပေမဲ့ လူသွေးဟာ တော်တော်စွဲတယ်။ တစ်ခါ နှစ်ခါ လျှော်ရုံနဲ့ မပျောက်ဘူးဗျ'

'ဆရာ ဓားကိုတော့ ကြည့်မိသေးသလား'

'ဓားက သွေးတော့ မတွေ့ဘူးပေါ့ဗျာ။ သို့ပေမဲ့ တစ်ပိဿာ နှစ်ပိဿာလောက် ရှိတဲ့ ဓားနဲ့ခုတ်မှ ဖြစ်မယ့်ဒဏ်ရာလို့ ဆရာဝန်က ပြောတယ် မဟုတ်လားဗျ။ ဒီဓားတွေဟာ ဒီလောက် ရှိတာပဲ။ ချုံဖျင်တဲ့ ဓား ဆိုရင် ဒီလောက် မရှိဘူးဗျ။ သစ်ဆိုတော့ လေးတယ်၊ ထက်တယ်'

'ဆရာ ဓားရိုးထဲ ချွတ်ကြည့်ခဲ့ရင် ကောင်းမယ် ဆရာ၊ သွေးစီးပြီး ဝင်ချင် ဝင်နေမယ်'

'ဟုတ်တယ်ဗျို့၊ ကျုပ် မေ့သွားတယ်၊ မနက်ဖြန်မှပဲ ကြည့်ရဦးမယ်။ ဆယ်ကြီးတောရွာက သူကြီးနဲ့ ဟိုရွာသားကို မနက်ဖြန်မနက် မပြန်ကြနဲ့ဦးလို့ ပြောထားဦးဗျို့။ သူတို့ပဲ ဟိုမှာ ရှာရာပါ လူကြီး၊ သူတို့ရှေ့မှာ မနက်ဖြန် ပြကြည့်လိုက်မယ်'

တိုက်ပိုင်ကြီး သတိလစ်သွားပေပြီ။ သို့သော် သက်သေလူကြီး

များ ပါလာသဖြင့် တော်ပေသေး၏။ ဤအချက်ကို ရုံးတော်တွင် မပေါ်ပေါက်အောင် သတိထားပါဟု သူကြီးနှင့် သက်သေအား ပြောထားရသေးသည်။ ဌာနာမှ ဓာတုဗေဒ သွေး ပါသည်ဟု အကြောင်းပြ၍ သူတို့ မြင်ရလျှင် ပုလိပ်က ဆင်ပြီး သွေးထည့်သည် ဖြစ်နေဦးမည်။

'ငလု အိမ်ကတော့ ဓားမြှောင်တစ်ချောင်း ရခဲ့တယ်။ သူ့အဝတ်ကလည်း တစ်ထည်မှ အပိုင်မရှိတော့ သူ့လုံချည်လည်း သိမ်းချင်သေးတယ်။ ခင်ဗျားဆီက လုံချည်တစ်ထည်ပေးပြီး မနက်ဖြန် အဲဒီလုံချည်လည်း လူကြီးတွေ ပြရမယ်။ သွေးစက်နဲ့ တူတာတွေ ပါတယ်'

'ဟုတ်ကဲ့ ဆရာ'

**တရားခံထံမှ သိမ်းသောပစ္စည်း**

နောက်နေ့နံနက်တွင် ကျွန်ုပ်တို့သည် သက်သေများရှေ့တွင် ငလု၊ ဘိုးထောင်နှင့် ဘိုးရှိတို့၏ လုံချည်များ၊ တဘက်၊ လွယ်အိတ်များကို စစ်ဆေးကြသည်။ နေရောင်တွင် ထောင်ကြည့်လျှင် သွေးကွက်နှင့် အကွက်များ အထင်းသား မြင်ရသည်။

မှတ်ရန်။ ။ (တောနယ်တွင် Infra Red ဟူသော မီးရောင်နှင့် မကြည့်စွမ်းနိုင်သဖြင့် နေတွင် ထောင်ကြည့်ကလည်း သိသင့်သလောက် သိနိုင်ပေသည်။)

လူကြီးများရှေ့တွင် ထိုပစ္စည်းများ အားလုံးကို သိမ်းဆည်းပြီး ဓာတုဗေဒသို့ သွေး ဟုတ် မဟုတ်၊ သွေး ဟုတ်ပြန်လျှင်လည်း လူသွေး ဟုတ် မဟုတ်တို့ စစ်ဆေးရမည်။ သို့သော် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် သွေးဟုသာ စစ်ဆေး၍ ရပါသေးသည်။ လူသွေး ဟုတ် မဟုတ် သိလိုလျှင် ကာလကတ္တားသို့ ပို့ရလေသည်။ သို့သော် ကျွန်ုပ်တို့ ရမိထားသော သွေးစွန်းအဝတ်များမှာ ရေလျှော်ပြီး ဖြစ်နေ၍ လူသွေး စစ်ဆေး





ခြင်း ဖြစ်နိုင်တော့မည် မဟုတ်သဖြင့် ဓာတုဗေဒရုံးကိုသာ သွေး ဟုတ် မဟုတ် ပို့ရသည်။ ထိုမှလည်း သွေးဟုတ်ကြောင်း ပြန်စာရလေသည်။

သွေးကွက်များတွေ့ခြင်း၊ ဖြောင့်ချက်များရှိခြင်း၊ ဖြောင့်ဆိုချက်ကို ထောက်ခံသော သက်သေခံပစ္စည်း တစ်ခု နှစ်ခု ရရှိခြင်းတို့ဖြင့် တရားခံ အားလုံးလည်း ရမိပြီဖြစ်၍ တရားရုံးတော်သို့ ပို့ရန် လုံလောက်ပါပြီ။ သို့သော် အတိုက်ခံရသော အိမ်မှ သော်လည်းကောင်း၊ ရွာမှ သော်လည်းကောင်း ထိုတရားခံများကို တွေ့မြင်သူ မရှိက အချည်းနှီး ဖြစ်ရချေတော့မည်။ ကျွန်ုပ်တို့ အထက်တွင် ဖော်ပြခဲ့ပြီးသော သူကြီးမင်းအား ၎င်း၏ သေနတ်များ အသိမ်းမခံစေလိုလျှင် သက်သေ ရအောင် ရှာရမည်။ ၎င်းကလည်း သက်သေရှာပေးပါမည်ဟု ဆိုစကားနှင့်ပင် ကျွန်ုပ် ကြိုးစားခဲ့ရာ အမှုကြီး ပေါ်ပေါက်လာလေပြီ။

တရားခံကို တရားသူကြီး၏ "ရမန်" ခေါ် "ချုပ်ဝရမ်း" မရှိက မချုပ်ထားနိုင်။ တရားသူကြီးကလည်း ပုလိပ်ဒိုင်ယာရီ သက်သေခံချက်များ မပြနိုင်က "ရမန်" ပေးမည် မဟုတ်။ ကျွန်ုပ်တို့မှာ များစွာ အချိန်မရ ရှိရကား ညတွင်းချင်းပင် အုတ်ဖိုရွာသို့ ပြန်လည် ထွက်ခွာလာခဲ့ကြရပြန်သည်။

**အုတ်ဖိုရွာ**

ထိုရွာသို့ တစ်ဖန် ပြန်ရောက်လျှင် သူကြီးမင်းအား အကျိုးအကြောင်း ပြောလျက် သက်သေများ စစ်ဆေးရန် အမြန် စီစဉ်ရပါတော့၏။

မြန်မာလူမျိုးတို့သည် ကိုယ်ကျိုးအတွက်ဆိုလျှင် ဘာမဆို လုပ်ဝံ့သည်၊ လုပ်တတ်ကြသည်။ ကိုယ်ကျိုး မရှိက ဘာမျှ မလုပ်ချင်ကြပေ။ ဤဥပဒေသကို လက်ကိုင်ထားကာ ကျွန်ုပ်သည် ရွာသားများအားလုံးအား ဆင့်ဆို၍ ကျေးရွာကာကွယ်မှု ညံ့ဖျင်း၍ မိမိတို့ရွာ ဓားပြအတိုက်ခံရသည်ဟု ရုံးမင်းက ယူဆပါမူ ၎င်းတို့ရွာအား အရေးပိုင်က ဒဏ်တပ်

လိမ့်မည်။ ကျေးရွာကာကွယ်မှု ကောင်းခြင်းကြောင့် ဖြစ်စေ၊ ကျေးရွာသားတို့၏ လုံ့လဥဿာဟကြောင့် ဖြစ်စေ၊ ၎င်းတို့ ကူညီမှုကြောင့် ဖြစ်စေ အမှုတစ်ခုလုံး ပေါ်ပေါက်ရသည်ဆိုလျှင် ရွာသားများအား ဆုပေးခြင်း၊ ကျေးရွာအခွန် လွတ်ငြိမ်းချမ်းသာခွင့်များ ပေးတတ်ခြင်း အပြင် သူတို့များစွာ ချစ်ခင်လေးစားသော သူကြီး၏သေနတ်ကို သိမ်းဆည်းခြင်းမှ ကင်းလွတ်မည့် အရေးကို ပြောပြလျှင် သူကြီး၏ ကူညီတိုက်တွန်းမှုဖြင့် အမှန်ကို သက်သေခံမည့် ရွာသား ၄–၅ ယောက် ရရှိတော့သည်။

ထိုသူတို့ကား ဓားပြတိုက်စဉ်က ရှိကြသော်လည်း မိမိနှင့် မဆိုင်သူကို ဓားပြတိုက်သဖြင့် ဝတ်ကျေတမ်းကျေ ကာကွယ်သူတို့သာ ဖြစ်လေသည်။ သို့သော် ယခုမူကား သူတို့၏အကျိုး၊ သူကြီး အကျိုးတို့ကြောင့် အရင်က မပြောလိုကြသော သက်သေခံချက်တို့ကို ပြောပါတော့မည်ဟု ကတိပြုကြပေသည်။

ငပြူး ဆိုသူမှာ မိမိတို့ရွာတွင် နေသွားဖူး၍ မိမိတို့ သိ၏။ ထိုညက လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ ငပြူး အပြင် ဓားပြ မတိုက်မီက နွားဝယ်လာသူများလည်း ပါလာကြသည်ကို သေသေချာချာ မြင်လိုက်ရကြောင်း အမှန်အတိုင်း ထွက်ဆိုကြ၏။ ထိုတရားခံများကို မြင်လျှင် မှတ်မိပါသည်ဟု တရားခံ၏ ပုံသဏ္ဍာန်များနှင့်တကွ ပြောပြကြ၏။ ယခု ဖမ်းထားသော လူတစ်စု၏ ပုံသဏ္ဍာန်နှင့် ကိုက်ညီလျက် ရှိသည်ကို တွေ့ရပါသည်။

**ကုလားကလေး**

အမေဆင် (အမီရဆင်) နှင့် မနန်းတို့၏ သားကလေးမှာ ဓားပြတိုက်ပြီး ကြောက်ရွံ့သဖြင့် ရွာမှာ မနေဝံ့တော့ဘဲ နောက်နေ့နံနက်တွင် ငပုရင်း ဆိုသောရွာတွင် သွားရောက်နေလေသည်။ ထိုကလေးမှာ အသက်အားဖြင့် ၁၀ နှစ်၊ ၁၁ နှစ်လောက်သာ ရှိသေးသည်။ သို့သော် သူ၏





ထွက်ဆိုချက်မှာ အရေးပါ အရာရောက်လှသည်။ ကျွန်ုပ်တို့လည်း ဤမျှအရေးပါမည်ဆိုလျှင် အမှုစစ်ဆေးစကပင် ထိုကလေးကို ရှာ၍ စစ်ဆေးပါက ငပြူးဟု သိနိုင်ပေလိမ့်မည်။ အကြောင်းသော်ကား ထိုကလေးကို စစ်ဆေးမိသည်နှင့် သူ့အမေက "ငပြူးရယ် ... မင်းနှယ် လုပ်မှ လုပ်ရက်ပေတယ်" ဆိုသည်။ သူ့အမေ စကားနှင့် ငပြူးဟု သူကိုယ်တိုင် မြင်လိုက်ပုံ၊ မှတ်မိပုံတို့ကို အစစ်ခံခဲ့၏။ ဤသည်ကို ထောက်ချင့်လျှင် ကျွန်ုပ်တို့သည် ဦးဆုံး ထိုကလေးအား စစ်ဆေးမိပါက ငပြူးတို့ကို အစောဆုံး ဖမ်းဆီးနိုင်ပေလိမ့်မည်။ သို့သော် ထိုစဉ်က ၎င်းကလေးမှာ ရွာတွင် အလွယ်မရှိခြင်းကြောင့် တစ်ကြောင်း၊ ထိုကလေးထံမှ ဤမျှအရေးကြီးသော စွပ်စွဲချက်ရမည် မထင်မှတ်မိသောကြောင့် တစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့မှာ ကလေးဆီ စိတ်မရောက်ခဲ့ဘဲ ကိုယ်တိုင် စုံစမ်းစစ်ဆေးရသည်နှင့် များစွာ ပင်ပန်းခဲ့ရပေသည်။

ထို့ကြောင့် ဘယ်လောက်ပင် အရေးမပါ၊ သေးငယ်သည်ဟု ထင်စေကာမူ အမှုစစ်ဆေးသူသည် စပ်ဆိုင်ရာတို့ကို မလွတ်တမ်း စစ်ဆေးသင့်၊ စစ်ဆေးထိုက်လှ၏။

**ဌာနာပြန်**

သက်သေအားလုံးတို့အား ဥပဒေ စည်းမျဉ်းနှင့် ညီညွတ်စေရန် စီစဉ်စစ်ဆေးပြီး ဌာနာသို့ ပြန်လာကြလေသည်။

ဌာနာသို့ရောက်လျှင် အနားမှ မယူနိုင်ကြဘဲ တရားခံရနိုင်ရန် ကြိုးပမ်းချက်တို့ကို မှတ်တမ်းများ၊ နေ့စဉ် ဒိုင်ယာရီများကို တရကြမ်း ရေးရလေသည်။ နောက်နေ့တွင် ရမန်ခံခြင်း၊ ဖြောင့်ချက်ယူခြင်းများ ပြုလုပ်ရမည်။ ရာဇဝတ်ဝန်မင်းအား နှုတ်ဖြင့် သွားရောက်အစီရင်ခံလျှင် ဒိုင်ယာရီ မရေး၍ အပြစ်တင်ခံရမည်ကို ကြောက်ရပေသေးသည်။ သို့နှင့် မအိပ်မနေ ညတွင်းချင်း အပြီး ရေးသားရ၏။

ကျွန်ုပ်နှင့် တိုက်ပိုင်မင်းတို့သည် ရာဇဝတ်ဝန်မင်းအား အစီရင်ခံရန် ရာဇဝတ်ဝန်မင်း ရှိရာ မုံရွာမြို့သို့ အားရဝမ်းသာစွာ ပြန်လာကြလေသည်။

မုံရွာသို့ရောက်၍ ရာဇဝတ်ဝန်မင်းနှင့် တွေ့လျှင်တွေ့ချင်းပင် ရာဇဝတ်ဝန်မင်းက 'မင်း ဌာနာအုပ် အလုပ်နဲ့ မတော်သေးဘူး' ဟု ကျွန်ုပ်အား ဆီး၍ ကြိမ်းလေတော့သည်။

ကျွန်ုပ်မှာ အံ့သြဝမ်းနည်းစိတ်နှင့် ရာဇဝတ်ဝန်မင်းအား အကြောင်းသား ကြည့်နေမိလေသည်။ အတန်ကြာမှ ရာဇဝတ်ဝန်မင်းက 'အမှုဖြစ်တာ လေးငါးရက် ရှိပြီ၊ ခုထိ ဒိုင်ယာရီ မရေးရသေးဘူး။ မင်း တစ်ခုမှ မရေးရသေးဘူး မဟုတ်လား' ဟု ကျွန်ုပ်အား ဆက်၍ ခပ်ထန်ထန် မေးလေသည်။

'ကနေ့ ဒိုင်ယာရီအားလုံး ယူလာပါတယ် ဘုရား၊ တရားခံများလည်း မိပါပြီ'

"တရားခံများလည်း မိပါပြီ" ဟု နောက်ဆက်တွဲ ထည့်လိုက်ခြင်းမှာ ရာဇဝတ်ဝန်မင်း ဝမ်းသာစေရန် ရည်ရွယ်၍ ပြောလိုက်မိခြင်း ဖြစ်လေသည်။

'တရားခံ မိတယ်၊ အမှုပေါ်တယ် မပေါ်ဘူး ဆိုတာ ကျုပ်နဲ့ မဆိုင်ဘူး။ အမှုဖြစ်ရင် တိုင်ချက် "ကော်ပီ" မြန်မြန်ပို့ရမယ်၊ နေ့စဉ် ဒိုင်ယာရီ ရေးပြီး ကျုပ်ဆီ ပို့ရမယ်။ ဒါပဲ အရေးကြီးတယ်'

ကျွန်ုပ်တို့၏ အမြင်နှင့် သူ၏အမြင်ကား ကွာခြားလှတော့သည်။ ကျွန်ုပ်တို့ကား တရားခံ ရမိနိုင်ရန်၊ အမှုပေါ်ရန်၊ သက်သေရရန်နှင့် တရားစွဲတင်လျှင် အပြစ်ရရှိစေရန်တို့ကိုသာ တွေးလျက် လုပ်ကိုင်ကြသည်။ ကျွန်ုပ်တို့ ရာဇဝတ်ဝန်မင်းကား ဒိုင်ယာရီ ဖတ်ရန်သာ အရေးကြီးပါတကား။ ပြေးကာ လွှားကာဖြင့် နေ့မအိပ်ရ ညမအိပ်ရ ထမင်းပင် ဖြောင့်ဖြောင့်တန်းတန်း မစားရဘဲ သေလုမြောပါး ဆောင်ရွက်ခဲ့ရခြင်း





တို့ကား ရာဇဝတ်ဝန်မင်းထံမှ ကြိမ်းသံများကိုသာ ဆုလာဘ်အဖြစ် ရရှိပေသည်။

'ကျွန်တော်မျိုးနဲ့ အတူတူ ဆောင်ရွက်နေပါတယ်။ တရားခံရမိဖို့ အလွန် ကြိုးစားရပါတယ်' ဟု တိုက်ပိုင်မင်းက ကျွန်ုပ်ဘက်မှ ဝင်ထောက်ပေးသည်။

'အမှုအကြောင်း ပြောစမ်းပါ' ဟု ရာဇဝတ်ဝန်မင်းက ပြော၏။

ယခုနေ အမှုအကြောင်းကို အမှန်အဖြစ်အပျက်အတိုင်း ပြောရလျှင် နားရှုပ်အောင် ပြောရပေမည်။ သို့သော် အမှုပေါ်ပေါက်ပြီးမှ ပြန်ပြောရလျှင် လွယ်လှပေသည်။ ကျွန်ုပ်မှာ ဘာကို ပြောရမည်နည်းဟု အခက်ကြုံနေမိ၏။ တွေနေမိ၏။ တိုက်ပိုင်မင်းမှာ အမှုထမ်းရေ ဝနေပြီဖြစ်၍ ကျွန်ုပ်၏အကဲ ခတ်မိဟန် ရှိသည်။ ထို့ကြောင့်လည်း ရာဇဝတ်ဝန်မင်းအား ကျွန်ုပ်အစား သူက ကြားဖြတ်၍ အစီရင်ခံလိုက်လေသည်။

'အမှုကတော့ အခင်းဖြစ်ပွားတဲ့ညက "အမေဆင်" ဆိုတဲ့ ပန်ချာပီကုလားကြီး မရှိခိုက် သူ့မယား မနန်းနဲ့ ကလေးသာ အိမ်မှာရှိနေတုန်း ဓားပြလာတိုက်တယ်။ ည ၁၀ နာရီ၊ ၁၁ နာရီ လောက်ပဲ ရှိမယ်။ လူကိုသိတော့ ပေါ်မှာစိုးလို့ ဓားစာခံခေါ်သွားပြီး သတ်ပစ်ကြတယ်။ ပါသွားတဲ့ ပစ္စည်းကလည်း နည်းတယ်၊ အိမ်မှာရှိတဲ့ လူထဲကလည်း သက်သေခံမယ့်သူမရှိ ဖြစ်နေတော့ အမှုဟာ တော်တော်ခက်သွားတယ်။ ပြီးတော့လည်း သခင်ကြီး သိတော်မူတဲ့အတိုင်းပဲ၊ ဘယ်သူပဲဖြစ်ဖြစ် အမှန်းခံပြီး သက်သေခံဖို့ ဆိုတာ တော်တော် ခဲယဉ်းကြလေတော့ ဘယ်သူကမှ သိမြင်သမျှကို ရုတ်ခြည်း ဖော်မပြတတ်ကြပါဘူး။ အခု ဌာနာပိုင်ရဲ့ လုံ့လဥဿာဟကြောင့်သာ ဒီအမှု လွယ်လွယ်နဲ့ ပေါ်လာတာပါပဲ'

'အမှုရတာ မှန်ပါတယ်။ ဒါပေမဲ့ ဒိုင်ယာရီ တစ်စောင်မှ မရေးဘူး။ ဒိုင်ယာရီ အားလုံးကို ခုမှတွေးပြီး စုရေးတယ်ဆိုရင် အမှုမှန်မှန် ဘယ်ရနိုင်မလဲ'

ရာဇဝတ်ဝန်မင်း အမိန့်ရှိသည်ကား မှန်ပါပေသည်။ သို့သော်လည်း လက်တွေ့ အလုပ်လုပ်ရသော ကျွန်ုပ်တို့တွင်ကား အမှု ပေါ်ပေါက်စေခြင်းငှာ ပြောဆိုရ၊ ကြိမ်းရ ခြောက်ရနှင့် ထမင်းပင် ဝအောင် မစားရဘဲ နေ့ရောညပါ ဆောင်ရွက်ကြရသည်။ ဒိုင်ယာရီ မရေးနိုင်ခဲ့ပါ။ ဒိုင်ယာရီ ရေးရန်ပင် အချိန်မရခဲ့ပါ။

ဒိုင်ယာရီ ဆိုသည်မှာ အမှု၏ တစ်နေ့လုပ်ငန်းစဉ်တို့ကို ရေးသား မှတ်တမ်းတင်ထားရသဖြင့် သက်သေ လိမ်လည်၍တင်ခြင်း အစရှိသည့် ဥပဒေနှင့် မညီညွတ်သော ကိစ္စများကို မပြုလုပ်စေရန် ပြဋ္ဌာန်းထားသော ပညတ်ချက်တစ်ခု ဖြစ်ပေသည်။

သို့သော်လည်း လက်တွေ့ လုပ်ရာမှာကား အတော် ခက်ပေသည်။ ဒိုင်ယာရီကို တိတိကျကျသာ ရေးမှတ်ကြရမည် ဆိုလျှင် အမှု ၁၀၀ လျှင် ၉၅ ရာခိုင်နှုန်းမျှ အမှုပေါ်ရန် သော်လည်းကောင်း၊ တရားစွဲတင်သဖြင့် အပြစ်ကျရန် သော်လည်းကောင်း ခက်ခဲပေမည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်တွင် မိမိနှင့် အကျိုး၊ အပြစ် ဆက်ဆံသူတစ်ယောက်၏ကိစ္စ မဟုတ်ပါက သက်သေခံလိုသူ၊ သတင်းပေးလိုသူ ဆိုသည်မှာ ရှာမှ ရှားပေသည်။

ယခုအမှုတွင် သိမြင်သူ ရှိပါလျက်နှင့်ပင် ပြောချင်သူ မရှိပေ။

ကျွန်ုပ်တို့သည် ဤအမှု ပေါ်ပေါက်ရေးအတွက် အခက်အခဲများစွာကို ကျော်နင်းခဲ့ရသည်ကို ရာဇဝတ်ဝန်မင်း မသိလေရော့သလား မသိပါ။ အမေဆင်၏ သားကလေးကို စစ်ဆေးရာတွင် တွေ့ခဲ့ရသော အခက်အခဲကိုလည်း ကြည့်ပါဦး။

အမေဆင်၏ သားကလေးမှာ ၁၀ နှစ်၊ ၁၁ နှစ်မျှသာ ရှိသေးသည်။ ထိုကလေးကို စစ်ဆေးရာတွင် ကလေးမှာ ဘာမျှ မပြောပြဘဲ "ကြောက်တယ် ပုလိပ်ကြီး ... ကြောက်ပါတယ် ပါပါ၊ သူတို့ မလာပါစေနဲ့" ဟု အော်ငိုနေရှာသည်။ ဤလိုနှင့် လေးငါးရက် စစ်မရ ဆေးမရ





နှင့် ဖြစ်နေ၏။ နောက်မှ ကလေးအကြိုက် မုန့်ပဲသရေစာတို့နှင့် မြူချော့လျက် ယဉ်အောင် လုပ်ရလေသည်။ ဤမျှ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသော ကျွန်ုပ်တို့အား ရာဇဝတ်ဝန်မင်းကသာ မသက်မညှာ ကြိမ်းရက်လေသည်။ ယခုအထိ သူသည် ကျွန်ုပ်တို့အား ဒိုင်ယာရီ မရေးသည်ကို ခွင့်မလွှတ်သေးဘဲ 'နောက်ကို ဒီလို မဖြစ်စေနဲ့' ဟု ခပ်တည်တည်ပင် သတိပေးရင်း ပြန်ခွင့်ပြုလိုက်လေသည်။

ကျွန်ုပ်တို့လည်း ခရီးစရိတ်နှင့် အသေးသုံး ဘီလ်များ တင်ထားသော ငွေများကို ကြံ့တုန်း ထုတ်ယူရန် ဌာနာ စာရေးကြီးထံသို့ သွားကြလေသည်။ တွေ့လျှင်တွေ့ချင်းပင် ဌာနာစာရေးကြီးက ပြုံးပြုံးရွှင်ရွှင်နှင့် 'ဘယ့်နှယ်လဲဗျို့ ... ဆုအဖြစ် ဘာယူကြမှာလဲ၊ အခုကတည်းက ပြောထားကြနော်' ဟု ကျွန်ုပ်တို့နှင့် ရာဇဝတ်ဝန်မင်း ဘုကျလာသည်ကို မသိသော ဌာနာစာရေးကြီးက ဝမ်းသာအားရ မေးရှာလေသည်။

'စာရေးကြီးရယ် ဆုမပြောနဲ့၊ ဌာနာအုပ် ရာထူးကလေးတောင် ပြုတ်မသွားအောင် အတော် ပြောခဲ့ရတယ်'

'ဘာဗျ၊ ဒီလောက်ခက်ခဲတဲ့ အမှုကို ပေါ်အောင် စစ်လို့လား'

'ဒိုင်ယာရီ မရေးပေးလို့တဲ့ဗျာ'

'ဒီလို ဗူးရို (ဗိုလ်ရှူး) တွေ ဒိစတြိတ် အကိုင်ခိုင်းရင်တော့ ပျက်စီးပါပြီ' ဟု စာရေးကြီးက မှတ်ချက်ချလေသည်။

စာရေးကြီးကား ဝါရင့်သူ ဖြစ်သည်။ အမှုတစ်ခုအကြောင်း အစီရင်ခံစာကို ဖတ်မိလျှင် မည်မျှခက်ခဲသည်ကို သူ သိသည်။ ရာဇဝတ်ဝန်ပေါင်း များစွာ၏ လက်အောက်၌ အလုပ်လုပ်ခဲ့သူတစ်ယောက် ဖြစ်၍ ရာဇဝတ်ဝန်များ၏ သဘော၊ စည်းကမ်းနှင့် အလုပ်ကို နားလည်သူ ဟုတ် မဟုတ် သူ ချင့်ချိန်နိုင်စွမ်း ရှိသည်။

'သူတို့ ခေတ်ကိုးဗျ၊ ဆေးစက်ကျရာ အရုပ် ဖြစ်တဲ့သူတွေပဲ။ ဘာပြောပြော တင့်တယ်တာပေါ့' ဟု တိုက်ပိုင်က ဝင်ထောက်လိုက်သည်။

စာရေးကြီးကမူ 'ရာဇဝတ်ဝန်ပါး မဝသေးတော့ စာအုပ်ကြီး အတိုင်း ဒီလိုပဲ လုပ်ချင်ကြတယ်။ တယ်ခက်တယ်ဗျာ' ဟု ညည်းညူ ရှာလေသည်။ ၎င်းကပင် ဆက်လက်၍ 'ခင်ဗျားတို့ ဒုတိယတန်း ခရိုင် လေးတွေဆီတော့ ဒီလို အလုပ်သင် ဗိုလ်ကလေးတွေပဲ လာကြမှာပဲ။ ခင်ဗျားတို့တော့ အလုပ်လုပ်ဖို့ တော်တော် ခက်တယ်။ ရာထူးတိုးဖို့ စာရင်းထဲမှာဆို ခင်ဗျားတို့ ခရိုင်က တစ်ယောက်မှ မရှိဘူး။ အောက်ပိုင်း ခရိုင်က လူတွေချည်းပဲ ရာထူးတိုးဖို့ စာရင်းထဲမှာ ရှိတယ်။ ဒီလောက် ညံ့တဲ့ ရာဇဝတ်ဝန်တွေ လက်အောက်မှာ လုပ်ရတဲ့ လူတွေများတော့ သေတောင် ရာထူးတက်မှာ မဟုတ်ဘူး၊ တခြားသာ မြန်မြန်ပြောင်းကြ'

'ဟုတ်တာပေါ့ဗျာ ... အလုပ်သင် ရာဇဝတ်ဝန်လေးများဆို ကျုပ်တို့ ခရိုင်ငယ်လေးတွေ ပို့တာပဲ။ သူတို့ကိုယ်တိုင်က ဘာမှ မလုပ် တတ် မကိုင်တတ်နဲ့မို့ ဘယ်သူ တော်လို့ ဘယ်သူ့ကို ချီးမြှောက်ရမယ် မှန်း မသိတော့ နှစ်စဉ် အထက်က ရာထူးတိုးပေးသင့်တဲ့လူ ရှိသလား လို့ အထက်ကမေးရင် "မရှိဘူး" ပဲ ဖြေလိုက်တာပဲ။ ရှိပါတယ်လို့ သူက အစီရင်ခံပြန်တော့လည်း အထက်က မင်းကြီးများဟာ သူဟာ ရာဇဝတ် ဝန် အငယ်ပေါက်စ ဆိုတော့ သူ့စကားလည်း သိပ်မယုံနိုင်ပြန်ဘူးပေါ့ ဗျာ။ ကျုပ်တို့တော့ ဒီလိုနဲ့ပဲ ရာဇဝတ်အုပ်၊ ဌာနာအုပ် ဘဝနဲ့ပဲ ကိစ္စ ပြီးရမှာပါပဲဗျာ'

ဟုတ်လည်း ဟုတ်ပေသည်။ ကျွန်ုပ်တို့ ခရိုင်တွင် ရာဇဝတ်အုပ် ရာထူးမှ အင်စပိတ်တော် ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသူ အနှစ် နှစ်ဆယ်အတွင်း မရှိသေးပေ။ အရည်အချင်း မရှိ၍တော့ ဟုတ်မည် မထင်ပါ။ ၁၀ တန်း သမားများသာ ဖြစ်ကြ၍ ဆပ်ကျောင်းဆင်းသူ အများအပြား ရှိသည့်အပြင် အမှုစစ်ဆေးရာတွင်လည်း အမှုအမျိုးအမည် မှာ ပုလိပ်နှင့် သက်ဆိုင်သော အမှုအမျိုးချင်း တစ်ခရိုင်နှင့် တစ်ခရိုင် အတူတူ မည်သည့်ခရိုင်က ပိုသည်၊ လိုသည်ဟု ရှိလှမည် မဟုတ်ပေ။





ဤလို အဆင့်တူလျက် တခြားခရိုင်က အမှုထမ်းတွေ တိုးတက်ခန့်ထား ခြင်း ခံရသလောက် ကျွန်ုပ်တို့ခရိုင်က အမှုထမ်းများမှာ အထက်က ဆိုခဲ့သည့် ရာဇဝတ်ဝန် ပေါက်စလေးများ၏ အလုပ်နားမလည်မှုကြောင့် ဤမျှ နိမ့်ကျနေသည်ဟု ဆိုလျှင် မှားနိုင်မည် မဟုတ်ပေ။

**ဖြောင့်ချက်ယူခြင်း**

ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့သော အမှုမှာ ရှင်းရှင်းကြီး ပေါ်နေပြီဟု ဆိုရ မည် ဖြစ်သော်လည်း ကြိုတင် စီစဉ်ခဲ့သည့်အတိုင်း သက်သေ အထောက် အထားများက အစ အဆက်ဆက်မှ ညီညွတ်ပါမှ တရားခံများ အပြစ် ကျပေမည်။ အပြစ်ကျမှသာလျှင် စုံထောက်ကောင်းတစ်ယောက် ဖြစ် ပေသည်။

ကိုပြော့ကို နှုးထားပြီး ဖြစ်သဖြင့် ကိုပြော့က ဖြောင့်ချက်ပေး မည်။ ဖြောင့်ချက် ဆိုသည်မှာ ဥပဒေအရ ဆိုလျှင် ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းများ ကင်းရှင်းရမည်။ သို့မှသာလျှင် ဖြောင့်ချက် မည် ပေသည်။

ဥပဒေသဘောနှင့် ကိုက်ညီရန်ကား မြန်မာပြည်တွင် မည်သည့် အခါတွင်မှ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် ကိုပြော့ထံမှ ဖြောင့်ချက် ရနိုင်စေရန် ချော့လိုက်၊ ခြောက်လိုက်၊ ကတိပေးလိုက်နှင့် အထက်က ပြုမူခဲ့ပေပြီ မဟုတ်ပါလား။ ဤသို့ဆိုလျှင် ကိုပြော့၏ ဖြောင့်ချက်သည် အရေးမပါ ဖြစ်တော့မည်လော၊ မဖြစ်စေရပါ။ မချော့ကြောင်း၊ မခြောက် ကြောင်း၊ ကတိမပေးကြောင်း ကိုပြော့ ထွက်ဆိုရန် ကျွန်ုပ်တို့ ကြိုတင် စီစဉ်မှု ရှိထားရသည်။

ကျွန်ုပ်လည်း အချိန်မီ ဖြောင့်ချက်ယူနိုင်ရန် ခရိုင် ရာဇဝတ် တရားသူကြီးထံ ကျွန်ုပ်၏ တရားခံကို ဖြောင့်ချက်ယူစေဖို့ တရားသူကြီး တစ်ဦးဦးအား အမိန့်ပေးပါဟု လျှောက်ထားလိုက်သည်။

ထိုအတွင်း ကျွန်ုပ်ထံသို့ စာသင် မောင်ပု ရောက်လာပြီး 'အခွန်ဝန်မင်းက ခဏကြွပါတဲ့' ဟု လာခေါ်လေသည်။

'ဘာကိစ္စလဲကွ'

'မသိဘူး ဆရာ'

'အေး ... ဒါဖြင့် ငါ သွားလိုက်ဦးမယ်၊ မောင်ပု တရားရုံးစာရေးကြီးဆီ မင်း သွားပြောလိုက်ပါကွာ၊ မြန်မြန်ကလေး မှတ်ချက်ချပေးပါလို့၊ မှတ်ချက်ချရင် ဘယ်တရားသူကြီး ဖြောင့်ချက်ယူမလဲလို့ ငါ့ လာပြောဟေ့'

'ဟုတ်ကဲ့'

ကျွန်ုပ်လည်း အခွန်ဝန်မင်းထံသို့ ကတိုက်ကရိုက် သွားရောက်ရလေသည်။ အခွန်ဝန်မင်းက ကျွန်ုပ်အား မြင်လျှင်မြင်ချင်း 'လာဗျို့ ... လာ ... လာ' ဟု ဆီးကြိုလေသည်။

ကျွန်ုပ်ကမူ 'ဘာကိစ္စများပါလိမ့်၊ ထူးထူးဆန်းဆန်း အခေါ်လွှတ်လိုက်တာ' ဟု လိုရင်းကို ခရီးရောက်မဆိုက် မေးလိုက်မိလေသည်။

'ကိစ္စတော့ မရှိပါဘူးဗျာ၊ ခင်ဗျားဟို့ အမှုအကြောင်း သိချင်လို့ပါပဲ၊ နို့ ဒီဓားပြမှုဟာ တော်တော်လေး ခက်ခက်ခဲခဲ ကြိုးပမ်းရဆိုဗျ၊ ဟုတ်လား'

ကျွန်ုပ်မှာ ကျွန်ုပ် ဖော်ထုတ်ခဲ့သော အမှုကို စိတ်ဝင်စားနေသူနှင့် တွေ့ရ၍ ဝမ်းပန်းတသာ ဖြစ်ရကား လက်ဖက်ထုပ်၊ ငှက်ပျောညှာ အစရှိသော ဓားပြများ ကျန်ရစ်ခဲ့သည့် သဲလွန်စများ၊ နတ်ကတော် မလှက ပြောပုံ၊ တရားခံ ဖြောင့်ချက်ပေးပုံ စသည်တို့ကို ပြောပြလိုက်လေ၏။

အခွန်ဝန်မင်းကမူ ကျွန်ုပ်အား လက်ဖက်ရည်နှင့် ဧည့်ခံရင်း ကျွန်ုပ် ပြောသမျှကို နားထောင်ကာ 'တော်ပါပေဗျာ၊ တယ်ဟုတ်ဗျာ' နှင့် ထပ်ကာ ထပ်ကာ ချီးမွမ်းလေ၏။





အတန်ကြာမှ ကျွန်ုပ်နှင့် သူ စကားဖြတ်ကြကာ ကျွန်ုပ်လည်း ကျွန်ုပ် တရားခံကို မည်သည့် တရားသူကြီးက ဖြောင့်ချက်ယူရန် အမိန့်ချမှတ်သည်ကို သိလို၍ ရုံးသို့ ပြန်ခဲ့လေသည်။

သို့သော် ကျွန်ုပ် တရားခံကို ဖြောင့်ချက်ယူရန် တစ်ရက် နောက်ကျသွားရ၏။ အကြောင်းမှာ ယခုလသည် အခွန်ဝန်မင်း ဖြောင့်ချက်ယူမည့်လ ဖြစ်ပေသည်။ ခရိုင် ရာဇဝတ် တရားသူကြီးက အခွန်ဝန်မင်းအား ကျွန်ုပ် တရားခံထံမှ ဖြောင့်ချက်ယူစေရန် အမိန့်ချမှတ်လိုက်လေသည်။ ကြိုတင်မြင်ထားသော အခွန်ဝန်မင်းကား ကျွန်ုပ်ထံမှ သတင်းများကို နှုးနပ်၍ ယူသွားပြီးလေပြီ။ ရာဇဝတ် တရားသူကြီးထံမှ အခွန်ဝန်မင်းထံ အမိန့်ရောက်လာလျှင် "ဤအမှု အဖြစ်အပျက်များ သူ သိပြီးဖြစ်နေ၍ အခြား တရားသူကြီး တစ်ဦးတစ်ယောက်အား လွှဲပေးပါ" ဟု အစီရင်ခံလိုက်လေသည်။ စာရေးကြီးကလည်း အခွန်ဝန်မင်း ဖြောင့်ချက် မယူနိုင်၊ နောက်တစ်ယောက်အား လွှဲပေးရန် ထပ်မံ၍ အမိန့်ခံထားလိုက်လေသည်။

ကျွန်ုပ်လည်း အခွန်ဝန်မင်း ရှေ့ဉာဏ်တော် ကွန့်မြူးလိုက်သည်ကို ယခုမှပင် ရိပ်စားမိပါတော့သည်။

ရှင်းဦးအံ့။ ။ တရားသူကြီး တစ်ဦးတစ်ယောက်သည် ဖြောင့်ချက် ယူရမည့် အမှု၏ အကျိုးအကြောင်းကို (ဘယ်နည်းနှင့် မဆို) သိထားနှင့်ပါက ဖြောင့်ချက်မယူစေရဟု ဥပဒေတွင် တားမြစ်ချက်ပါရှိလေသည်။

ကျွန်ုပ်တို့ကား တောတွင်နေသော တောဌာနာအုပ် ဖြစ်၍ မည်သည့် လတွင် မည်သည့်ပုဂ္ဂိုလ် ဖြောင့်ချက်ယူမည်ကို ကြိုတင် မသိကြပေ။

ကျွန်ုပ်တို့ ဖြောင့်ချက်ယူ လာနေသည်၊ ခရိုင် ရာဇဝတ် တရားသူကြီးထံ အမိန့်ခံနေသည်ကို အခွန်ဝန်မင်းက ကြိုတင် သိထားနှင့်

လေသည်။ အခွန်ဝန်မင်းသည် ဖြောင့်ချက်မယူလိုပေ။ ဖြောင့်ချက်ယူပြီး နောက် သက်သေခံရသည့် ဒုက္ခကိုလည်း သူ မနှစ်မြို့ပေ။ သို့နှင့် ဥပဒေအရ ရှောင်ကွင်းနိုင်ရန် အမှုအကြောင်းကို ကျွန်ုပ်ထံမှ မလိမ့်တပတ်နှင့် သူ သိအောင် လုပ်ခဲ့လေသည်။

ကျွန်ုပ်အပေါ်၌ ဤမျှလောက်သာ ညစ်ပတ်သည်ကို တစ်နည်းတစ်လမ်းအားဖြင့် စဉ်းစား၍ ကျေးဇူးတင်မိပေသည်။ တစ်ခါက ဖြောင့်ချက် ပေးမည့် တရားခံကိုပင် ၎င်းက ဖြောင့်ချက်မပေးရန် တိတ်တဆိတ် ပြောကြားဖူးကြောင်း သိခဲ့ရပေသည်။ ကျွန်ုပ်အပေါ်၌ ဤမျှ မညစ်လိုက်သည်ကို ကျေးဇူးတင်ရသေး၏။

'ညနေလည်း စောင်းသွားပြီ ဆရာ၊ ရုံးချိန်လည်း မရှိတော့ဘူး၊ ဘယ်လို လုပ်မလဲ။ တရားခံကို ဌာနာ ပြန်ယူသွားရမလား' ဟု မောင်ပုက သတိပေးမှ ကျွန်ုပ်လည်း တွေဝေနေရာမှ ဖျတ်ခနဲ သတိဝင်လာပေသည်။

'အင်း ... အချိန် အတော်ကြာမှ တရားသူကြီးဆီက ဖြောင့်ချက်ယူတယ်၊ ပုလိပ်အချုပ်မှာ အကြာကြီး ထားပြီးမှ ဖြောင့်ချက် ယူတယ်ဆိုရင် ဖြောင့်ချက်ရဲ့တန်ဖိုး လျော့သွားတယ်၊ တယ်လည်း ခက်တဲ့ လူကြီးတွေပဲကွ' ဟူ၍သာ ကျွန်ုပ်မှာ ညည်းညူနိုင်တော့၏။ သို့သော် ညည်းညူနေရုံနှင့် မပြီးနိုင်သေး၍ တရားဌာန စာရေးကြီးဆီသို့ တက်ရောက်သွားပြီး ဘယ်တရားသူကြီး ဖြောင့်ချက်ယူမလဲဟု မေးရသေးသည်။

'အမိန့်မချသေးဘူးဗျ၊ ခင်ဗျားကလည်း အခွန်ဝန်မင်းကို ဘာ့ကြောင့် သွားပြီး အစီရင်ခံရတာလဲဗျာ'

'ဩော် ... စာရေးကြီးရယ်၊ သူက စကားပြောရအောင် ဆိုပြီး အခေါ်လွှတ်တယ်။ နောက် ဒီအမှုအကြောင်း မေးတော့ ရိုးရိုးပဲမှတ်ပြီး ပြောလိုက်တာပေါ့'





'ဟာ လုပ်ပြီ၊ အခွန်ဝန် ညစ်ပတ်တာပဲဗျ၊ ခင်ဗျားလျှောက်လွှာ ရတော့ သူ ကျွန်တော့်စားပွဲမှာ ရှိတယ်။ ဒီလ သူ ဖြောင့်ချက်ယူရမယ့်လ ဗျ။ ဒီတော့ ခင်ဗျားကို မလိမ့်တပတ်နဲ့ခေါ်ပြီး အမှုအကြောင်း မေးတာနဲ့ တူတယ်။ အခုတော့ ကြည့်စမ်း၊ သူက အမှုအကြောင်း သိနေလို့ ဆိုပြီး ဖြောင့်ချက် မယူနိုင်ဘူးတဲ့။ သိပ်ရှုပ်တဲ့ အဘိုးကြီးပဲဗျာ'

'သူ သိပ်ရှုပ်တာ ကိစ္စမရှိဘူး၊ ကျုပ်တို့မှာ ဖြောင့်ချက် နောက်ကျတယ် ဖြစ်ဦးမယ်။ လုပ်ပါဦးဗျာ၊ အရေးပိုင်မင်းဆီ အမိန့်ချမှတ်ပေးဖို့ ပြောစမ်းပါဦး'

စာရေးကြီးလည်း ကျွန်ုပ် နားပူသည်နှင့် အရေးပိုင် ရုံးခန်းသို့ သွားရောက်သော်လည်း မဝင်ဝံ့ပါ။ အရေးပိုင်၏ ပြာတာကိုသာ စာများ လက်မှတ်ထိုးပြီးလျှင် ယူခဲ့ပါဟုသာ မှာဝံ့လေသည်။

ညနေ ၄ နာရီ ထိုးမှပင် မြို့ပိုင်မင်းကြီးက ဖြောင့်ချက်ယူရန် အမိန့်ချမှတ်ချက်ကို ရပါတော့သည်။ မြို့ပိုင်မင်းကား ဌာနာအုပ် ကဲ့သို့ပင် လူတစ်ကိုယ် မြားတစ်ရာ ကိုင်ရသော အငယ်စား အရာရှိ ဖြစ်ပေသည်။ မည်သူမှ မလုပ်ချင်သမျှ သူပဲ လုပ်ရသူ ဖြစ်လေသည်။

ကျွန်ုပ်တို့လည်း အမိန့်ရလျှင် ရချင်းပင် မြို့ပိုင်မင်းထံသို့ သွားရောက်၍ တောင်းပန်စကား ပြောသည်နှင့် မြို့ပိုင်မင်းက ထိုနေ့ညတွင်ပင် တရားခံ၏ ဖြောင့်ချက်များကို ရေးမှတ်ပေးလေသည်။

ညနေ ၆ နာရီ အချိန်တွင် ရေးမှတ်ခြင်း ပြီးဆုံးသွားလေသည်။ သို့သော် ဘတ်စ်ကားလည်း မရ၊ မီးရထား အချိန်လည်း မဟုတ်သဖြင့် ကျွန်ုပ်တို့မှာ ဌာနာသို့ မပြန်နိုင်တော့ဘဲ မုံရွာမြို့မှာပင် ရပ်နားကြရတော့၏။

**ပုလိပ် အနားယူနည်း**

ဌာနာသို့ ပြန်လျှင် အလုပ်လုပ်ရန် ရှိပေဦးမည်။ တခြား ဌာနာတွင်

လာရောက် နေထိုင်စဉ်တွင် အနားရပေသည်။ အခွန်ဝန်မင်းကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေပေသေးသည်။ မုံရွာမြို့တွင်မူကား ရုပ်ရှင် နေ့တိုင်း ပြသည်။ နိုင်ငံခြား အရက်ဆိုင် ရှိသည်။

ကျွန်ုပ်မှာ ရာဇဝတ်ဝန်၏ အကြိမ်းအမောင်းခံရ၍ မကျေမနပ် ဖြစ်နေသည်။ ကျွန်ုပ်သည် ဝမ်းသာလျှင် ဖြစ်စေ၊ ဝမ်းနည်းလျှင် ဖြစ်စေ၊ လူကြီးက ကြိမ်းမောင်းလျှင် ဖြစ်စေ၊ မိန်းမနှင့် စကားပြော မတည့်လျှင် ဖြစ်စေ အရက်သောက်ချင်သည်။ အရက်သောက်မှ ပြေပျောက်သည် ထင်သည်။ သို့နှင့် တပည့်ဖြစ်သူ မောင်ပု၊ ထွန်းပွေတို့နှင့်အတူ အရက် သောက်ရန် ဆုံးဖြတ်ကြသည်။

ခေါက်ဆွဲဆိုင်တွင် အရက်မူးမူးနှင့် ရာဇဝတ်ဝန်၏ အတင်း အဖျင်းတို့ကို ဖိမ်ခံ၍ ပြောကြသည်။ ကျွန်ုပ်၏ တပည့်များကား ကျွန်ုပ် ဘာပြောပြော မူးမူးနှင့် ထောက်ခံကြသည်။ သို့နှင့် အရက်ဆိုင်မှ ထွက် လာကာ ရုပ်ရှင်ဝင်ကြည့်ကြသည်။ ဤသည်ပင်လျှင် ကျွန်ုပ်တို့ ပုလိပ် များ၏ အပန်းဖြေနည်း ဖြစ်၏။

## လက်ပံရွာသို့

အမှုကား ပြီးဆုံးပြီဟု ဆိုနိုင်သော်လည်း တာဝန်ကား မပြီးသေးပေ။ သက်သေများကို ပြန်လည်၍ အချောကိုင်ရပေဦးမည်။ မြေပုံဆွဲရမည်၊ တရားရုံးတော်တွင် ပိပိရိရိနှင့် တရားသူကြီး အပြစ်ပေးနိုင်စေရန် ယုံ ကြည် စိတ်ချရသော သက်သေခံချက်များ စီရင်ရပေမည်။

တောသား ဆိုသည်ကား စကားကို လူရာဝင်အောင် ပြောတတ်သူ ရှားလှသည်။ မိမိကိုယ်တွေ့ကိုပင် အပေါက်တည့်အောင် ပြောတတ်သူများ မဟုတ်ပေ။ သူတို့အား ရုံးတော်တွင် ထိုသို့ မဖြစ်စေရန် ကြိုတင် သင်ပြထားရဦးမည်။

တရားခံအား အပ်ပြီးလျှင် ကျွန်ုပ်တို့သည် မုံရွာမှ ဘုတလင်





ဌာနသို့ ဘတ်စ်ကားနှင့် ပြန်လာကြလေသည်။ ဘုတလင်သို့ ယနေ့ ညနေ (၄) နာရီ အချိန်မှ ရောက်လာကြသဖြင့် နောက်နေ့နံနက်မှပင် လက်ပံရွာသို့ သွားရန် စီမံရသည်။

နောက်နေ့နံနက် မီးရထားဖြင့် ငပုရင်း ဘူတာသို့ သွားကြ ရသည်။ ထိုမှတစ်ဖန် လက်ပံရွာသို့ လှည်းဖြင့် သွားရမည်။ ငပုရင်း ဘူတာတွင် အမေဆင်၏ သားငယ်ကလေးကို ချော့မော့ရဦးမည်။ ကလေးဖြစ်၍ သူ၏ထွက်ချက် ဘယ်မျှ တန်ဖိုးရှိမည်ကိုလည်း ကျွန်ုပ် တို့ မခန့်မှန်းနိုင်။ ငပုရင်းဘူတာ ရောက်၍ ကလေးဆီ သွားကြရာ အမေဆင် ကုလားမှာ ကျွန်ုပ်တို့အား ခရီးဦး ကြိုဆိုကာ–

'လာပါ ဆပ်၊ လာပါ'

'အမိ(ရ်)ဆင် ကလေးကော'

'ရှိပါတယ် ... ရှိပါတယ်၊ အခု ခေါ်ပေးပါမယ်၊ နွားနို့ သောက် ပါဦး'

သူ ပေးသော နွားနို့မှာ အလွန်ကောင်းပေသည်။ နွားမှာ ကိုယ် တိုင် ညှစ်၍ ကိုယ်တိုင် သုံးစွဲရန် ဖြစ်သဖြင့်လည်း ပိုမိုကောင်းမွန် သည်။

ကျွန်ုပ်တို့တွင် အများအားဖြင့် နွားနို့ကို ဝယ်သောက်ကြရသော ကြောင့် ရေရောသော နွားနို့များကို သောက်ခဲ့ဖူးရာ၊ ယခုအကြိမ် သောက် ရသော နွားနို့ကို အလွန် ထူးကဲသော အရသာရှိပါပေသည်ဟု ယနေ့ တိုင် သတိရလျက် ရှိပေသည်။

အမေဆင်၏ ကလေးမှာ ရွာတွင်မွေး၊ ရွာတွင် ကြီးသဖြင့် တစ် ကြောင်း၊ ကလေးကစားဖော် မရှိသဖြင့် တစ်ကြောင်းကြောင့် ကလေး မှာ သွက်လက်ခြင်း မရှိလှပေ။ လူမြင်လျှင် များစွာ ကြောက်တတ် သည်။ ၎င်း၏ဇာတိ ကြောက်တတ်သောစိတ်ကို ပိုမို ဆိုးဝါးစေသည့် အချက်ကား ၎င်း၏မိခင် သေဆုံးရခြင်းပင် ဖြစ်ပေသည်။

ထိုကလေးအား ခေါ်လာလျှင် ကျွန်ုပ် မျက်နှာချိုသာစွာ ဘယ်လောက်ပင် ထားစေကာမူ 'ပါပါ … ပုလိပ်ကြီး ကြောက်တယ်' ဟု ငိုရှာလေသည်။

မြန်မာ ကလေးများကို မိဘများက ငိုသော်၊ ပြောဆိုမရသော် ကုလားကြီး ဖမ်းလိမ့်မည်ဟု ခြောက်လှန့်တတ်ကြ၍ ကုလားကိုမြင်လျှင် မြန်မာ တောကလေးများ ကြောက်တတ်ကြသည်။

အမေဆင်၏ ကလေးမှာ သူ့အမေက ကုလားကြီးနှင့် မခြောက်ဘဲ ပုလိပ်ကြီးနှင့် ခြောက်ထားဟန် ရှိသည်။ ကျွန်ုပ်တို့အား မြင်တိုင်းမြင်တိုင်း "ပုလိပ်ကြီး ကြောက်တယ်" ဟု အော်၍ အော်၍ ငိုတတ်လေသည်။ ဖြစ်မှ ဖြစ်ရပလေ။

'လူကလေး၊ တို့က မင်းကို ဘယ်နှယ်မှ မလုပ်ပါဘူးကွယ်။ မင်းကို မုန့်ပေးမလို့ လာတာပါ၊ ရော့ ရော့ လာယူလှည့်' ဟု ကျွန်ုပ်သည် အနီးတွင် တွေ့ရသော ကုလားပဲမုန့်ကိုပြ၍ ခေါ်ပေးလေသည်။

ကလေးနှင့် ယဉ်ပါးအောင် အတော်ကြာကြာ စကားပြောရလေသည်။ အမေဆင်အား ဘုတလင်သို့ လည်းကောင်း၊ မုံရွာသို့ လည်းကောင်း ကလေးအား ခေါ်ယူသွားစေရန် တိုက်တွန်းရလေသည်။ တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များကို ပွဲမဝင်မီ အပြင်က ကျင်းပ ဆိုသည် အလား ကလေးအား ပြစေရလေသည်။

(ဘယ်မျှ ပုလိပ်တို့မှာ ကြီးလေးသော တာဝန်ဝတ္တရား ရှိသည်ကို ဆင်ခြင်ကြစေလိုပါသည်။)

ကလေးနှင့် အမေဆင်အား ယခင် ထွက်ဆိုချက်တို့ကို ပြန်လှန်ပြောဆိုပြီးနောက် ကလေးကိုလည်း သတိမမေ့စေရန် ခဏ ခဏ မေးပါရန်လည်း ပြောကြားခဲ့ရသေး၏။

ငပုရင်း ဘူတာရုံမှ အုတ်ဖိုသို့၊ အုတ်ဖိုမှ လက်ပံတောင်ရွာသို့ တစ်ဖန် လှည်းဖြင့် သွားကြရ၏။





လမ်းတွင် ရသေ့ ဗန္ဓက ဆောက်လုပ်ထားသော ဇရပ်နှင့် ရေကန်တို့ကိုလည်း တွေ့နိုင်သည့်အပြင်၊ ဘီရူးဘုရား အဖူးမသွားလျှင် ဘီလူးစားမည်ဟု တဘောင်နှင့် ပေါ်လာသော ထိုဗန္ဓက တည်ထား ကိုးကွယ်သော ဘုရားနှင့် ရသေ့ကျောင်းကိုလည်း တွေ့မြင်ရပေသည်။

ထိုစဉ်က ဗန္ဓကရသေ့၏ ဣစ္ဆာသယ ဆေးစွမ်းကောင်းများမှာ တစ်ဘူးလျှင် ၂ ကျပ် ကျနှင့် ဘူးပေါင်း ၈၄၀၀၀ သာ ရောင်းမည်ဟု ကြေညာခဲ့သော်လည်း ထိုမျှမက ဝယ်မည့်သူ ပေါသောကြောင့် ၈၄၀၀၀ ကို ၂ ပြန်ဆောင်၊ ပို၍ အောင်ရမည်ဟု တစ်ဖန် တဘောင် ထွက်လာပြန်ရကား ၁၆၈၀၀၀ ဖိုးမျှ ရောင်းရသည်ဟု ကြားဖူး၏။

ထိုမျှ ရောင်းရသော ငွေတို့သည် မင်းလောင်းလုပ်ရန် ကိစ္စအတွက် သုံးရ၊ ဖြုန်းရ၊ ပေးရ၊ ကမ်းရ လုပ်ကြရသဖြင့် ငပုရင်း ဘူတာအနီးတွင် ဇရပ်နှင့်ရေကန်၊ ဘီရူးတွင် ကျောင်း၊ ကန်၊ ဘုရား (ကြီးကြီးကျယ်ကျယ် မဟုတ်လှပါ) သာ ကျန်ရှိပြီး ယခုအခါ မင်းလောင်းထောင်ထွက် ဗန္ဓက ရသေ့ကြီးမှာ ပုလိပ်ကြည့် လူဆိုး စားရမဲ့ သောက်ရမဲ့ ဖြစ်နေသည်ကို တွေ့ခဲ့ရပေရာ များစွာ သံဝေဂယူဖွယ် ကောင်းလှပေ၏။

လက်ပံရွာတွင် ကျွန်ုပ်တို့ ရောက်ရှိလျှင် သူကြီး၊ ရွာခေါင်း၊ သက်သေတို့ဖြင့် မြိုင်လှ၏။ ကျွန်ုပ်တို့၏မိတ်ဆွေ နတ်ကတော် မလှမှာလည်း ဝတ်ကောင်းစားလှများဖြင့် ကျွန်ုပ်တို့အား ကြိုဆိုနှုတ်ဆက်ရန် တည်းအိမ်သို့ ရောက်ရှိနေပေသည်။

'မလှ ကျေးဇူးတော့ ကြီးလှပါပေတယ်ဗျာ၊ ဘယ်လို ဆပ်ရမလဲတောင် မသိပါဘူး'

'အို … ဒီလို ကျေးဇူးရှိတယ် ဆိုတာ သိရင် တော်ပါပြီ ဌာနာပိုင်ကြီးရယ်၊ ဆပ်ဆပ် မဆပ်ဆပ် ကိစ္စမရှိပါဘူး'

'မဟုတ်တာပဲဗျာ၊ ဆပ်ရမှာပေါ့'

'ဌာနာပိုင်ကြီး အိမ်လာလည်ဦးမယ် မဟုတ်လား'

'ဟုတ်ကဲ့ လာမှာပေါ့၊ မလာဘဲ နေပါ့မလား၊ ကျေးဇူးရှင်ပါ ဆိုမှပဲ'

မလှ အတော် သဘောကျသွားလေသည်။ ဘေးတွင် ရှိသော ရပ်ရွာရှိ လူကြီးလူကောင်းတို့က မလှအား တယ်စွာတဲ့ နတ်ကတော်ဟု ထင်ကြသည်။ ဌာနာပိုင်ကလည်း အရေးပေးလှတယ်ဟုလည်း သူတို့ ထင်ကြပေလိမ့်မည်။ သို့သော် မတတ်နိုင်ပါ၊ ထင်ချင်သလို ထင်ပါစေ။ မလှ၏ ကျေးဇူးကား အမှန်ပင် ကြီးလှ၏။

မလှ ပြန်သွား၍ ကျွန်ုပ်တို့ချည်းသာ ကျန်ရစ်သောအခါ ကျွန်ုပ်က သူကြီး၊ ရွာခေါင်းနှင့် လူကြီးများအား 'ခင်ဗျားတို့ သိပ်မကောင်းတဲ့ လူတွေပဲဗျာ၊ ခင်ဗျားတို့ဟာ ငပြူးတို့လူစု လုပ်တယ်ဆိုတာ သိလျက်သားနဲ့ ကျုပ်ကို မပြောကြဘူး'

'မပြောဆို ဒီလိုပါ ဌာနာပိုင်ကြီးရယ်၊ စိတ်လည်း မဆိုးပါနဲ့၊ မြင်လိုက်တဲ့ လူတွေက ငပြူးနဲ့ အမျိုးတော်နေတယ်။ ပြီးတော့လည်း လက်နှိပ်မီးနဲ့ ထိုးကြည့်ရတော့ တခြားလူတွေ ဆိုရင်လည်း နွားဝယ်လာတဲ့ လူတွေပဲလို့ ဝိုးတိုးဝါးတားသာ မြင်လိုက်ရတယ်။ ဒီ့ပြင် ဘယ်သူမှ မပြောနိုင်ကြတော့ အခက်သားကလား၊ မတော်လို့ မှားသွားရင် အတော် နစ်နာမယ်လို့ ထင်ကြလို့ပါ' ဟု သူကြီးက ဆင်ခြေပေးလေသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ အနည်းဆုံး ထင်ကြေးတော့ ပြောဖို့ ကောင်းတယ်၊ အခုတော့ မလှကလွဲလို့ ဘယ်သူမှ မပြောချင်ကြဘူး'

ကျွန်ုပ် အပြစ်တင်နေခြင်းမှာ ယခု အမှုအတွက် မဟုတ်ပေ။ နောင်သောအခါများတွင် ဖြစ်ခဲ့သော် ပုလိပ်ကို ကူညီစေလို၍သာ ပြောရခြင်း ဖြစ်လေသည်။

'ကဲ ... ကဲ သူကြီးမင်း ရှိပါစေ၊ သို့သော်လည်း မှတ်ထားကြဗျ၊ ဒီနည်းဟာ မကောင်းဘူး။ သွေးတောင် မကောင်းရင် ဖောက်ထုတ်





ရသေးတယ်။ အမျိုးရယ် အဆွေရယ် လုပ်မနေနဲ့။ ရှေးတုန်းကတော့ လက်ညှိုး မကောင်းရင် လက်ညှိုး မဟုတ်ဘူး၊ တစ်မျိုးလုံး ထိခိုက်တော့ မပြောကြဘူး။ ဖုံးထားရင် အမျိုးတစ်စုလုံးအတွက် ကောင်းတယ်ဆိုရပေမဲ့ အခုအခါမှာတော့ လက်ညှိုး မကောင်းရင် လက်ညှိုးပဲ၊ လက်မ မကောင်း လက်မပဲ၊ သူ့ထိုက်နဲ့ သူပေါ့။ ကျုပ်ကတော့ အနာဂတ် မထားပါဘူးဗျာ၊ ကျုပ်အလုပ် အောင်သွားပြီ၊ တော်ပါပြီ။ ခင်ဗျားတို့ ရွာအကျိုး ရပ်အကျိုးလည်း ကျုပ်က ဆောင်ရွက်ရဦးမပေါ့'

'ဘယ်လိုများပါလိမ့်'

'ခင်ဗျားတို့ ရွာသားတွေ အရေးပိုင်မင်း ထုတ်ဆင့်တဲ့ အမိန့်အတိုင်း ဆောင်ရွက်ကြလို့ ဓားပြတိုက်မှုမှာ သက်သေနှင့်တကွ တရားခံများကို ရမိကြတယ်လို့ ကျုပ် အစီရင်ခံမယ်၊ နယ်ပိုင်တို့ မြို့ပိုင်တို့ လာစစ်ဆေးလိမ့်မနော်။ ဒီတော့ကို ကျုပ်ဆီမှာ ထွက်တဲ့အတိုင်း ထွက်ကြပေတော့။ အခွန်တော် သုံးနှစ်လောက် လွတ်ငြိမ်းခွင့်ရအောင် ကျုပ်ရေးမယ် သိလား'

သူကြီးနှင့်တကွ ရပ်ရွာရှိ လူအများကပင် ကျွန်ုပ် ပြောသော စကားကို ကြားရလျှင် များစွာ နှစ်ထောင်းအားရ ရှိကြလေသည်။

ဤသို့အားဖြင့်လည်း ကျွန်ုပ်၏ သက်သေများ ပိုမို ခိုင်လုံစေခဲ့သည်။ ကျွန်ုပ်၏အမှုမှာ ပထမ ၎င်းတို့ ပြောပြကြသည် မဟုတ်သဖြင့် ဤအတိုင်းသာ ဒိုင်ယာရီတွင် ရေးသားထားခဲ့ပါမူ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ကျွန်ုပ်၏အမှုမှာ များစွာ ကောင်းလှမည် မဟုတ်ပါ။ ယခုမူကား ဒိုင်ယာရီ နောက်ကျရေးသောကြောင့် သက်သေ ကွင်းဆက်များ တရားခံ ရမိသည့်တိုင်အောင် အဆက်မပြတ် ဖြစ်လာရသဖြင့် ရွာသူရွာသားများကပါ ကူညီသည်။ လက်နှိပ်ဓာတ်မီး၊ မီးကွင်းများ ထွန်းညှိကြည့်ရှုသဖြင့် လူမြင်က မှတ်မိသည်ဆိုသော သက်သေ ထွက်ချက်တို့ကို များစွာ အထောက်အထား ရလာစေပါသည်။

**မလုနှင့် ကျွန်ုပ်**

သက်သေများ၊ လူကြီးများနှင့် တွေ့ဆုံ စကားပြောပြီးလျှင် ညနေပိုင်း၌ မလုတို့အိမ်သို့ ကျွန်ုပ် သွားရောက်လေသည်။

မလုသည် မနန်း၏အိမ်နှင့် အနီးဆုံး ဖြစ်၍ မလု ကြားသမျှ၊ မလု မြင်သမျှတို့ကို နတ်ပြော မဟုတ်ဘဲ မလု ပြောပြစေရန် ကြံဖန်ရပေဦးမည်။ သို့မှသာ ပိုမို ခိုင်လုံစေမည်။ ဥပမာ "ငပြူးရယ် ... လုပ်ရက်ပေ့ကွယ်" ဟု မနန်းက ပြောသည်ကို မလု ကြားသည်။ ကြားရသည့်အတိုင်း မလု ပြောစေမှ သင့်မည်။

ကျွန်ုပ်တွင် မလု၏ နတ်အားဆက်ရန် ဖောင်းတော် (ဂျပန်ပဝါ တစ်ပိုင်း) ပါခဲ့ပါသည်။ ဂျပန်ပဝါမှာ ထိုစဉ်က ငါးမတ်၊ တစ်ကျပ်ခွဲသာ ပေးရသည်။ အမေရိကန် ပဝါမှာ နှစ်ကျပ်ခွဲ၊ သုံးကျပ်သာ ပေးရသည်။

'ဌာနာပိုင်ကြီး၊ လာပါ ... လာပါ'

ကျွန်ုပ် လာမည်ကို မျှော်လင့် စောင့်ငံ့နေသော မလုမှာ လက်ဖက်ရည်၊ အမြည်း၊ ဆေးလိပ် အစရှိသည်တို့ဖြင့် ပြည့်ပြည့်စုံစုံကြီး ပြင်ဆင်ထားလေသည်။

'အို ... မလုကလဲ၊ ဘာ့ကြောင့် ဒါတွေ ဒီလောက် လုပ်ထားရတာလဲ၊ ကျုပ်တစ်ယောက်တည်း ဒီလောက် မစားနိုင်ပါဘူး၊ ပြီးတော့လည်း မလုကို ကျုပ်ကသာ ကျွေးရ မွေးရမှာပါ'

'မဟုတ်တာပဲ၊ ဧည့်သည်ကို အိမ်သည်က ပြုစုရမှာပေါ့၊ အားနာမနေပါနဲ့၊ ကုန်လည်း ဘာဖြစ်သလဲ'

'ဩော် ... မလုမှာ ဒါတွေ လုပ်ရတာ ကျုပ်လည်း မစားနိုင်တော့ ပင်ပန်းတာပေါ့၊ စားရင်တော့ ပင်ပန်းကျိုးနပ်တယ် ဆိုရမပေါ့' ဟု ရယ်ကာမောကာ ပြန်ပြောပြီး ကျွန်ုပ် အသင့်ယူလာသော ဖောင်းတော်ကို ပေးပါသည်။





'ဖောင်းတော် ဆက်ဖို့လား'

'ဟုတ်ပါတယ်'

'အမေရိကန် ပဝါပဲ ဝယ်ပါတော့တော်၊ ဌာနာပိုင်ကြီး လုပ်နေပြီး ဒီလောက် နှမြောမနေပါနဲ့'

ကျွန်ုပ်မှာ အတော်ရှက်သွားသဖြင့် 'အိမ်မှာရှိတဲ့ အသစ်ပဲ ယူလာရတာ၊ တမင် ဝယ်လာခဲ့ရတာ မဟုတ်လို့ပါ။ နောက်တော့လည်း ပဝါကောင်းကောင်း မလုဖို့ သက်သက် ဝယ်ခဲ့ပါဦးမယ်' ဟု ကတိပေးလိုက်ရပြန်သည်။

'အို ... ကျွန်မအတွက်တော့ ကိစ္စမရှိပါဘူး၊ ကျေးဇူးရှင်အတွက်သာ အရေးကြီးတာပါ'

'မလုရယ်၊ ကျုပ်အမှုကတော့ မလုရဲ့ ကျေးဇူးကြောင့် တရားခံတွေလည်း ရပြီးပါပြီ။ နို့ပေမဲ့ ရုံးတော် သက်သေခံချက်ကလေး နည်းနည်း လိုနေတယ်။ မလု အကူအညီပဲ တောင်းဦးမှာပဲ'

'ဘယ်လိုပါလဲရှင်၊ မိလုတို့ကတော့ တောသူပီပီပဲ ကိုယ် မေတ္တာရှိတဲ့လူက ခိုင်းရင် ဘာပဲဖြစ်ဖြစ် ကူညီပါ့မယ်၊ နောင်တော့သာ ဂျပန်ပဝါနဲ့တော့ ကျေးဇူးမပြန်လိုက်ပါနဲ့'

မလုကား အတော် စကားတတ်ပေသည်။ ကျွန်ုပ်၏ ဂျပန်ပဝါမှာ မျက်နှာမရ ရှိနေရချေပြီ။ ကျွန်ုပ်သည်လည်း မနှမြောရမည့်နေရာတွင် နှမြောရမလားဟုပင် ကိုယ့်ကိုယ်ကို အပြစ်တင်မိပေတော့သည်။ မလုမှာ ကျွန်ုပ်အပေါ်တွင် မေတ္တာတွေ ပိုနေပေပြီ။

ကျွန်ုပ်ကလည်း မလု၏ ရေစီးကမ်းပြို လိုက်နေသော သဒ္ဓါကို အခွင့်အရေးယူကာ ခင်မင်ရင်းနှီးသော စကားဖြင့် ပိုမိုရင်းနှီးစေရန် ပြောကြားရတော့သည်။

'မလုကလဲကွယ် ... ဂျပန်ပဝါပဲ စာချိုးနေတယ်၊ သည်းခံပါလို့ တောင်းပန်လျက်ကနဲ့'

'ကျွန်မကတော့ မတောင်းပန်ခင်က ကျေနပ်ပြီးပါ၊ ဒါပေမဲ့ အရှင်သခင် ကျေးဇူးရှင်ကိုတော့ ကောင်းတဲ့ ဗောင်းတော်ကလေးများ ဆက်သစေချင်တာပေါ့၊ ဒါကလည်း ကျွန်မအတွက် မဟုတ်ပါဘူး၊ ဌာနာပိုင်ကြီးမှာ လာဘ်လာဘ ပေါအောင် များအောင်၊ အရှင်သခင် မ စ အောင်လို့ ပါပဲ'

'ဒီလိုဆိုလည်း မလှက ကျုပ်အတွက် ဖေးဖေးမမနဲ့ အရှင်သခင်ကို တောင်းပန်ပေးပါဦးလေ၊ စိတ်မရှိပါနဲ့'

မလှသည် ဗောင်းတော်ကို နတ်ရုပ်ရှိရာသို့ ယူသွားပြီးလျှင် ကျန်းမာ ချမ်းသာစေရန်၊ လာဘ်လာဘများ ပေးပါရန် စုံနေအောင် ဆုတောင်း၍ ဗောင်းတော်ကို နတ်ရုပ်ပေါ်သို့ တင်လိုက်လေသည်။ ကျွန်ုပ်မှာ နတ်ကို များစွာ ယုံကြည်လှသည် မဟုတ်သော်လည်း တောင်းတဲ့ ဆုအတိုင်း ပြည့်စုံရပါလို၏ဟု မလှ သဘောကျစေရန် ဆုခံယူလိုက်ရသည်။ ဤမျှဖြင့် မလှ စေတနာတွေ ပိုနေသည်ကို ကျွန်ုပ် သိရလျှင် ကျွန်ုပ် အမှုတွင် သက်သေလိုက်ပါရန် တောင်းပန်ရလေသည်။

'အို ... လိုက်ရတာပေါ့ရှင်၊ ဌာနာပိုင်ကြီးအလို ပြည့်စေရမပေါ့'

'ကျေးဇူးတင်ပါတယ် မလှရယ်'

ကျွန်ုပ် ဆန္ဒတော့ ပြည့်စုံပါပေပြီ။ လက်ပံရွာတွင် ၂ ရက်တာမျှ အမှုနေ့စဉ် ဒိုင်ယာရီရေးခြင်း၊ သက်သေထွက်ချက်များ အချောကူးရေးခြင်း၊ မြင်လျှင် မှတ်မိပါသည် ဆိုသော သက်သေများနှင့်တကွ မလှတို့ပါ ခေါ်ယူလျက် ကျွန်ုပ်တို့သည် ဘုတလင်သို့ ပြန်လာကြလေသည်။

## လူ စိတန်းပြခြင်း

ကြိုတင် စီမံထားမှုကြောင့် နောက်တစ်နေ့တွင် မုံရွာသို့ သွားရောက်ပြီး ထောင်အတွင်းတွင် လူစီတန်းပြကြရန် သွားကြရလေသည်။

ကျွန်ုပ်၏ အမှုမှ တရားခံကို ဖြောင့်ချက်မယူလို၍ ညစ်လိုက်





သော တရားသူကြီး (အခွန်ဝန်မင်း) ပင် တရားခံများအား လူစီတန်းပြသရာတွင် အုပ်ချုပ်ရန် ဝတ္တရားကျလေသည်။ ၎င်းမှာ ထိုဝတ္တရားဆောင်ရွက်ရသည်ကိုလည်း မနှစ်ခြိုက်ပေ။ အမှုမှန်၊ သက်သေမှန် ဖြစ်၍သာ ကျွန်ုပ်၏သက်သေများ စွဲဆိုနိုင်ပေသည်။ သက်သေများ မစွဲဆိုနိုင်ရန် တရားခံများအား များစွာ အခွင့်အရေးပေးလျက် ကျွန်ုပ်၏သက်သေများကိုလည်း ပုလိပ် မြှောက်ပေးတိုင်း မလုပ်ကြနှင့်၊ ကျမ်းစူးကုန်မည်ဟုပင် ခြိမ်းခြောက်သည်ကို သက်သေများကတစ်ဆင့် ပြန်ပြောပြ၍ ကျွန်ုပ် သိရလေသည်။

ထိုတရားသူကြီးက ကျွန်ုပ်တို့နှင့် တွေ့လျှင် ကျွန်ုပ်အား 'ကျုပ်ကတော့ မမှန်တာ လုပ်ထားရင် မမှန်တာ ဖြစ်သွားအောင် လုပ်တတ်တယ်၊ ခင်ဗျားအမှုကတော့ မှန်ပုံရပါတယ်' ဟု သူ့ညစ်ပေါက်ကိုပင် ကျွန်ုပ် အထင်ကြီးအောင် ပြောပေသေးသည်။

သို့သော် ကျွန်ုပ်မှာ ၎င်းနှင့် များစွာ ဆက်ဆံခဲ့ဖူးသူ ဖြစ်၍ သူ ညစ်သမျှကို သိပြီး ဖြစ်လေသည်။ သူ့ကိုယ်သူ ဘယ်မျှ အမွှမ်းတင်သော်လည်း ကျွန်ုပ်တို့က သူ၏ သိက္ခာသမာဓိကို ယုံကြည်မှု မရှိကြပေ။

နတ်ကတော် မလှအား ကျွန်ုပ်က အမျိုးမျိုး ပြုစုလိုက်သဖြင့် ဂျပန်ပဝါအတွက် မကျေမနပ် ဖြစ်ခဲ့သော မလှမှာ ယခုအခါ အကျေနပ်ကြီး ကျေနပ်နေပေပြီ။

သက်သေများအား တစ်ယောက်လျှင် နေ့တွက် ၆ ပဲ၊ ၂ ရက်တွက် ၁၂ ပဲ၊ မီးရထားခ အသွားအပြန် ၂ ကျပ် ၄ ပဲ၊ ပေါင်း ၃ ကျပ်ကျစီ အစိုးရက ပေးလေသည်။ ၁၂ ပဲမှာ ထမင်း ၄ နပ်မျှ ဝယ်ယူစားရမည်ဖြစ်၍ အဝစားလျှင် ၃ ပဲ ပေးကြရသဖြင့် ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုးပင် မိမိတို့ အိတ်ထောင်မှ စိုက်ကြရပေမည်။ သို့နှင့် ၎င်းတို့ သက်သေခံရန် မလိုက်ချင်ကြပေ။ အိမ်က အလုပ်လည်း ပျက်မည်။ မပျက်စေလိုလျှင် ငှားထားခဲ့ကြရဦးမည်။

သို့သော် ... ဤကဲ့သို့ အမှုကြီးများတွင် လိုက်ပါကူညီ ဆောင်ရွက်ကြသော သက်သေများ မငြီးငြင်ကြစေရန် ဌာနာပိုင်ကပင် ငွေကုန်ကြေးကျ ခံကြရလေသည်။ လာသမျှ အခေါက်တိုင်း ဌာနာပိုင်အိမ်မှာ ၎င်းတို့ စားစရိတ်ကို လုံးဝ တာဝန်ယူကြရလေသည်။

တစ်ခါတစ်ရံတွင် လူရည်လည်သော ရာဇဝတ်ဝန်နှင့် တွေ့ရပါက လျှို့ဝှက်သုံးရန် ရန်ပုံငွေမှ ပေးတတ်ကြလေသည်။ သို့သော် .. အများအားဖြင့် ခရိုင်များတွင် မပေးပါ။ ထိုလျှို့ဝှက်သုံးငွေမှာ ဘယ်ကဲ့သို့ သုံးသည်ကိုပင် ကျွန်ုပ်တို့ မသိပါ။

ရာဇဝတ်ဝန်အား အရဲစွန့်၍ လျှို့ဝှက်သုံးငွေ ပေးပါရန် လျှောက်လျှင်လည်း မေးခွန်းပေါင်း သောင်းခြောက်ထောင် ဖြေရသည်။ ကျွန်ုပ်အထက်က ပြောခဲ့သော သက်သေများကို ကျွေးရမွေးရသည်ဟု ပြောလျှင် သူတို့မှာ ရုံးမှ နေ့တွက်ရသည်ဟုပင် ပြန်ပြောလေ့ရှိပါသည်။

**အစိုးရသက်သေ**

ဦးပြော့ ဆိုသော တရားခံမှာ အားလုံးသော ဓားပြများထက် အသက်အားဖြင့် ကြီးပါပြီ။ သူ့အား ကျွန်ုပ်တို့ အစိုးရသက်သေ (ဖော်ကောင်) လုပ်ရလျှင် သက်သေခံချက် ပိုမို ခိုင်လုံပေမည်ဟု ရာဇဝတ်ဝန်မင်းအား ကျွန်ုပ်တို့ အစီရင်ခံသည်။ တိုက်ပိုင်မင်းကလည်း ကျွန်ုပ်၏ အစီရင်ခံချက်ကို ထောက်ခံသည်။

ရာဇဝတ်ဝန်မင်းက အစိုးရ ရှေ့နေအား ၎င်း၏ ထင်မြင်ချက်ကို တောင်းဆိုရာ ကျွန်ုပ်၏ အမှုက သက်သေခံချက်တို့သည် များစွာ ခိုင်လုံနေပြီ ဖြစ်ရကား၊ အစိုးရသက်သေ ထုတ်နုတ် မစစ်သော်လည်း အပြစ်ကျနိုင်သည်ဟု မှတ်ချက်ပေးရာ ကျွန်ုပ်တို့မှာ ဦးပြော့အတွက် ကယ်ဆယ်လိုလှသော်လည်း ဘာမျှ မတတ်နိုင်တော့ပေ။





**သက်သေခံချက်**

အမှုတစ်ခုလုံး အပေါ်တွင် တင်ပြရသော သက်သေအချက်အလက်များမှာ–

၁။ မနန်း အိမ်တွင် ဓားပြတိုက်ခြင်း။

၂။ ဓားပြတိုက်ရာတွင် ပစ္စည်းများ ပါသွားခြင်း။

၃။ မနန်းအား သတ်ပစ်ခြင်း။

၄။ သက်သေခံ သိမ်းဆည်းထားသော ပစ္စည်းများမှ အမှုနှင့် ပတ်သက်သည်တို့ကို သက်သေပြရခြင်း။

(က) မနန်း အိမ်မှ ယူသွား၍ တရားခံ ကိုပြော့ အိမ်မှ ရသော ဝေစုအကျီ။

( ခ ) တရားခံ ကိုပြော့ ဖြောင့်ချက်အရ ၎င်းအိမ်မှ သိမ်းခဲ့သော ကြက်မွေး၊ လက်ဖက်ရည်ပန်းကန် "ပြော့" အမှတ်အသားနှင့် နတ်တင်ရာတွင် ရမိသောပန်းကန် "ပြော့" အမှတ်အသားတို့ တူညီခြင်း။

( ဂ ) တရားခံများ ဝတ်လျက် တချို့၊ အိမ်မှာ တချို့ တွေ့သော သွေးပေနေသည့် အဝတ်များ။

(ဃ) ဓာတုဗေဒ အစစ်ခံချက်နှင့် ထင်မြင်ချက်။

( င ) အတိုက်ခံရသော အိမ်မှ ရသော နဘူးသား တုတ်နှင့် ဖြောင့်ဆိုချက်အရ နဘူးသား ခုတ်သော နေရာ ကြည့်သူ အရပ်လူကြီးများ။

( စ ) ရှာဖွေရာပါ လူကြီးများ။

၅။ လူစီတန်းပြရာ ဖွဲ့ဆိုနိုင်သော သက်သေများ။

၆။ ငပြူးရယ် ရက်စက်ပါပေ့ကွယ်ဟု မနန်းက ပြောဆိုသံ ကြားသူ မလှနှင့် အမေဆင်၏ သားကလေး။

၇။ ဆေးဆရာဝန်။

၈။ မြေပုံဆွဲသူ မြေတိုင်းစာရေး။

၉။ လူစီတန်းပြရာတွင် စီမံအုပ်ချုပ်သူ အရာရှိ။

၁၀။ ဖြောင့်ချက်ယူသော အရာရှိ။

၁၁။ အင်္ကျီရွေးပြရာတွင် အုပ်ချုပ်သော သမာဓိမြို့ဝန်။

၁၂။ အလောင်းပို့သူ ပုလိပ်။

၁၃။ သူကြီး။

၁၄။ အမှုစစ်ဆေးသူ။

အစရှိသော သက်သေပေါင်း ၃၀ ကျော်ကျော်နှင့် အမှု စွဲတင်ရန် အမိန့်နာခံလေသည်။

အစိုးရရှေ့နေက ပြည့်စုံ လုံလောက်ပြီဟု ဆိုရသော်လည်း ကျွန်ုပ် အမှုတွင် အလွန် ညံ့ဖျင်းနေသော အချက်တစ်ခု ရှိပေသေးသည်။

ထိုအချက်ကား ဓားပြတိုက်ရာတွင် ဝိုင်းဝန်း ကူညီကြသဖြင့် ယခုမှ ငပြူးကို မြင်လိုက်ပါသည်ဟုဆိုသော သက်သေက ဟိုစဉ်က ချက်ချင်း မပြောကြားခြင်းပင် ဖြစ်လေသည်။ သူကြီး တိုင်စဉ်ကလည်း သူ မပြော၊ သူကြီးကတစ်ဆင့် အတိုင်ခိုင်းသူကလည်း ဌာနာတွင် မတိုင်ပြောခဲ့ခြင်းပင် ဖြစ်လေသည်။

ထိုကိစ္စသည် သေးငယ်သည်ဟု ဆိုရမည် ဖြစ်သော်လည်း ပုလိပ် အပေါ်တွင် နောင်အခါ တာဝန်မကင်း ရှိလာမည်။ သို့နှင့် ထိုမပြောခဲ့ကြခြင်းကို ဆွေမျိုးတော်စပ်ခြင်းနှင့် အကာအကွယ် ယူစေလျက် မြို့ပိုင်နှင့် နယ်ပိုင်တို့အား စက်ရှင်ရုံးတွင် စစ်ဆေးသောအခါ သက်သေ အဖြစ် ကျွန်ုပ် ထပ်မံပြရသည်။

မြို့ပိုင်၊ နယ်ပိုင်တို့သည် မြို့နယ်အရာရှိအဖြစ် စစ်ဆေးကြရာ မြို့ရွာမှ ကင်းနှင့် ကာကွယ်ရေး သမားများ၏ ဆောင်ရွက်ချက်တို့ကို





ပြည့်စုံ လုံလောက်သည်ဟု ယူဆကြသဖြင့် အခွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းတို့ဖြင့် ကာကွယ် ဖြည့်စွက်ထားရာ အမှုမှာ အလွန်ကောင်းသွားပေသည်။

စက်ရှင်တရားသူကြီးက အပြစ်ပေးရာတွင် စစ်ဆေးသူအား ချီးကျူးစကား ရေးသားလျက် ဖြောင့်ချက်ပေးသူ ကိုပြော့ တစ်ယောက်ကိုသာ ထောင်ဒဏ် ၅ နှစ် ကျခံစေပြီး၊ ကျန်တရားခံ ၄ ယောက်အား တစ်သက်တစ်ကျွန်းဒဏ် အပြစ်ပေးလိုက်လေသည်။

ကျွန်ုပ် ရခဲ့သည့် ယနေ့တိုင် မမေ့နိုင်စေသော ဆုလာဘ်ကား နာမည်ကောင်းလက်မှတ်ဟု ခေါ်သော စာရွက်ကလေး တစ်ရွက်နှင့် လက်ပံတောင်ရွာ ရွာသူရွာသားတို့၏ ချစ်ကြည် လေးစားမှုတို့ပင် ဖြစ်ပါသည်။ ။

# ထန်းပင်ရှည်ရှာ လူသတ်မှု

"လေယူရာတိမ်းလို့ ယိမ်းနွဲ့ဟန်ချီ၊ မေသူဇာ နှမက စိမ်းနိုင်ရက်သည်" ဆိုသော အဆိုကျော်မြကြီး သီချင်းကို လည်းကောင်း၊ "မိန်းမဆိုတာ ဆောင်းလေပမာညီ၊ အတွင်းသဘော မတည်ကြည်၊ ပြောင်းလဲတတ်သည်" ဆိုသော ခင်မောင်ရင် သီဆိုခဲ့သော သီချင်းကို လည်းကောင်း ကြားရတိုင်း ကျွန်ုပ်တွင် အခံရခက် အောင့်သက်သက် ဖြစ်လှသည်။

မိန်းမများကား အသိခက်၊ အကဲခတ် ခက်လှပါပေသည်။ ဝတ္ထုများကို ဖတ်ရလျှင် ဘယ်ဝတ္ထုမဆို မိန်းမတို့၏ မာယာ၊ မိန်းမတို့၏ လှည့်စားခြင်းများ၊ ဆန်းကြယ်သော စိတ်များကို အထူးပေါ်လွင် ထင်ရှားစေနိုင်စွမ်းသော ကလောင်ရှင်သည် ထင်ပေါ်ကျော်စောခြင်းသို့ ရောက်ကြ၏။

ရှေးလူကြီးတို့သည် ဣတ္ထိဝဏ်၊ နဒီဝဏ်၊ ဗြဟ္မဏောဝဏ် ဟုလည်း မိန်းမတို့၏ ကောက်ကွေ့သော သဘောကို မြစ်နှင့်အလား ထင်ရှားစေခဲ့ကြ၏။ မြစ်ကောက် မြစ်ကွေ့ကား ထင်ရှားစွာ မြင်စွမ်းနိုင်၏။ သို့သော် မိန်းမတို့၏ အတွင်းသဘောကို သိရန်မှုကား ဘုရားရဟန္တာများမှလွဲ၍ အလွန် သိခဲလှ၏။

"မိန်းမ မိန်းမ၊ မရှိမကောင်း ရှိမကောင်း" ဟုလည်း တစ်မျိုးတစ်ဖုံ ဖွဲ့ဆိုကြ၏။ "မိန်းမဖျက်က ပြည်ပျက်သည်" အစရှိသော ဆိုရိုး





တို့ကို မေ့ပျောက်ကာ မိန်းမတို့ လျှာဖျားမှ ပျားသကာလို ချိုသောအသံ၊ ရူပါရုံ ဗန်းပြလျက် ဖမ်းစားတတ်သော သတ္တိထူးတို့ကို သတိမထားကြပါမူ ရာဇဝတ် အဖွဲ့ဝင်တို့ လုပ်ငန်းတွင် အထမြောက် အောင်နိုင်ဦးမည် မဟုတ်ချေ။

ထန်းပင်ရှည်ရှာ လူသတ်မှုကို ဖော်ပြရာတွင် မာယာ တစ်သိန်း၊ အပလိန်း အနန္တတို့ကို ပိုင်နိုင်လှသော မိန်းမတစ်ဦးကြောင့် လူတစ်ယောက် သေရ၏။ ထိုအမှုသည်ပင်လျှင် လက်သည်တရားခံ အချိန်မီ ပေါ်ပေါက်ခြင်းငှာ မဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ ကျွန်ုပ်တွင် မကျေမချမ်း ရှိမိသည်။ ခင်မောင်ရင်တို့၊ မြကြီးတို့ ဆိုသော သီချင်းသံကို ကြားရတိုင်း ဤအမှုကို သတိရမိသည်။ မိမိ ညံ့ဖျင်းမှုကြောင့် တရားခံတစ်ယောက် လွတ်မြောက်သွားရသည်။ အခံရခက်လှပါဘိတောင်း။

ကျွန်ုပ် တိုင်းပြည်သို့ တင်ဆက်လာသော ကိုယ်တွေ့အမှုများသည် အများအားဖြင့် ခက်ခက်ခဲခဲ ရှိလှသော်လည်း ရာဇဝတ် အဖွဲ့ဝင်တို့ လုံ့လဥဿာဟကြောင့် ပေါ်ပေါက်ခဲ့သည်များကို ထင်ရှားစေသော်လည်း ဤအမှုတွင်မူ ကျွန်ုပ်တို့၏ ညံ့ဖျင်းမှု၊ မိန်းမတို့၏ အတွင်းသဘော မသိမှု၊ သိနိုင်ရန် မကြိုးစားမှု၊ နိယာမ တရားကို လွန်ဆန်၍ အတွေးအခေါ် ချော်မှုတို့ကြောင့် ပေါ်သင့်ပါလျက် မပေါ်ခဲ့ပေ။ မိန်းမလက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ရသော သူအား ရည်စူး၍ ဤဝတ္ထုကို ဝမ်းနည်းစွာဖြင့် တင်ပြလိုက်ရပေသည်။

*

**၁၉၃၄ ခု**

ကျွန်ုပ် ဌာနာအုပ် ရာထူးသို့ ပထမဦးစွာ ရရှိသောနှစ်က ဖြစ်ပါသည်။ ရာထူးရခါစ လူများ၏ သဘာဝအတိုင်းပင် အလွန် တွင်ကျယ်ချင်၏။

အလွန် အလုပ် လုပ်လို၏။ အမှု ဆိုလျှင် ဘာမှုမဆို ကိုယ်တိုင် စစ်ဆေးလို၏။

သို့သော် ကျွန်ုပ်မှာ ရာဇဝတ် အဖွဲ့ဝင်တစ်ဦး၌ ရှိအပ်သော ပညာအရည်အချင်းများ ချို့ငဲ့လျက်ပင် ရှိပါသေးသည်။ ဌာနာ ထိန်းရသူတစ်ဦးတွင် အလွန် အလုပ်များလှပေသည်။ ရာထူးနှင့် မလိုက်အောင်ပင် တာဝန်ကြီးလေးလှ၏။ ဘယ်သို့ပင်ဆိုစေ ရာထူးရခါစ အရာရှိ တစ်ယောက်တွင်မူ ဘယ်မျှ အလုပ်များများ၊ ဘယ်မျှ တာဝန်ပိုပို ဌာနာဝင်း သန့်ရှင်းစင်ကြယ်ရေးတွင် ကိုယ်ဖိရင်ဖိ လုပ်လိုလှ၏။

ဌာနာစာရေးအလုပ်၊ စာသင်အလုပ်၊ ပုလိပ်သား စန္ဒရီအလုပ်တို့ကို ဝင်ရောက် လုပ်ကိုင်ချင်၏။ ထိုသို့ လုပ်ကိုင်လိုသော စိတ်များ ပထမတွင် တက်တက်ကြွကြွပင် ရှိသော်လည်း နောင် နေသားတကျရှိ၍ အလုပ်သက် ဝလာသော အခါများတွင်မူ ပျင်းမှုပျင်းရာနှင့် တာဝန်လွှဲချင်တတ်သော သဘော၊ အောက်လူကို အဆမတန် ခိုင်းလိုသော သဘောများ သက်ဝင်လာကြတတ်၏။

မကျွမ်းကျင်သေးသော အချိန်တွင် ဘယ်မျှပင် ကြိုးစား ဆောင်ရွက်သော်လည်း မိမိတွင် လိုအပ်သော (Experience) ကျွမ်းကျင်မှု၊ မှုဆိုးကို စိုင်သင်သော သဘော မရှိသေးသမျှ ကာလပတ်လုံး အောင်မြင်ခြင်း အလွန် နည်းသည်။ လုံ့လဥဿာဟ အကျိုးလောက်သာ ထင်ရှားတတ်သည်။

*

**အမှုတိုင်ခြင်း**

ရာဇဝတ်အဖွဲ့တွင် တိုင်းပြည် အေးချမ်းသာယာမှုတို့ကြောင့် တစ်ကြောင်း၊ အစိုးရနှင့် အတိုက်အခံ ဘက်သားတို့၏ ဆူပူမှုတို့ကြောင့် တစ်ကြောင်း၊ ဤအကြောင်း ထိုအကြောင်းများကြောင့် လူဆိုးစစ် ရာဇဝတ်အုပ်များ





ဖြုတ်၍ စာသင်များကို ထားခြင်း၊ အမှုလိုက် ရာဇဝတ်အုပ်များအစား စာသင်များကို အမှုစစ်ဆေးစေခြင်းတို့ကြောင့် အမှုကြီးများ စစ်ဆေးရာတွင် အလွန်လျှင် ဖင့်နွဲ့စေလျက် မနိုင်မနင်း တော်အောင် လျော်အောင် လုပ်ရကြသော အချိန်လည်း ဖြစ်နေသည်။

ကျွန်ုပ်သည် ထိုအချိန်က ဓားပြမှုတစ်မှု စစ်ရန် ကျွန်းအိုပင်ရွာသို့ ရောက်ရှိနေချိန် ဖြစ်သည်။ ကျွန်ုပ်၏ အမှုစစ် စာသင်တွင်လည်း ဓားပြမှုတစ်မှု စစ်ဆေးနေရာ နောက်ထပ် အမှုကြီး မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေစဉ် တစ်နေ့သော ညနေအချိန်၌ ကျွန်ုပ်ရှိရာသို့ ဌာနာမှ အမှုထမ်းတစ်ဦး လိုက်လာပါသည်။

ကျွန်ုပ်။ ။ 'မောင်စိန် ဘာစာလဲဟေ့'

မောင်စိန်။ ။ 'အမှုကြီး တိုင်စာပါပဲ ဆရာ'

ကျွန်ုပ်။ ။ 'အင်း စိုးရိမ်နေရင်းပဲ ရောက်လာပကိုးကွ၊ ပေးစမ်းပါဦး'

မောင်စိန်သည် ဌာနာမှ ကျွန်ုပ်ထံ ပေးပို့လိုက်သော စာအိတ်တွင် မင်နီဖြင့် အမှုကြီးတိုင်စာဟု ပါရှိသော အစိုးရစာအိတ်ရှည် (အနီ) ကို ပေးအပ်ပါသည်။

ရှေးအခါက ဆိုလျှင် အမှုကြီးစာ၊ အရေးကြီးသော အမိန့်ဆိုလျှင် မင်နီနှင့်ရေး၍ အနီရောင်ရှိသော စာအိတ်ကြီးများဖြင့် ပေးပို့တတ်ကြပါသည်။ ဤသို့ အမှုကြီးတိုင်စာ ဆိုလျှင် **အလျင်အမြန်** ဟု လိပ်စာတပ်လျက် ကျွန်ုပ်ထံတွင်မက အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင်၊ ရာဇဝတ်ဝန်၊ နယ်ပိုင် ပုလိပ်အရာရှိ၊ တိုက်ပိုင် အင်စပိတ်တော်တို့အားလည်း မိတ္တူ ပေးပို့ရသည်။

ထိုသို့ ပေးပို့ခြင်းခံရသော ပုလိပ်ဘက်ဆိုင်ရာ အရာရှိတို့သည် အခင်းဖြစ်ပွားရာသို့ သွားကြရ၏။ တိုက်ပိုင် အင်စပိတ်တော်မှာ ကိုယ်ဖိရင်ဖိ အမှုစစ်ဆေးခြင်းကို စီမံခန့်ခွဲရန် ဖြစ်၍၊ နယ်ပိုင် ပုလိပ်အရာရှိနှင့်

ရာဇဝတ်ဝန်တို့သည်လည်း အမှုပေါ်စေရန်၊ သက်သေရစေရန်၊ အမှုဖြစ်ပွားရာ အကြောင်းများ လေ့လာရန် ဖြစ်ပွားရာသို့ အလျင်အမြန်လိုက်လာကြရပါသည်။

ဌာနာပိုင် ဆိုသူမှာကား အမှု တိုင်ပြီးသည်နှင့် တစ်ပြိုင်နက် အခင်းဖြစ်ပွားရာသို့ နေ့နေ့ ညည သွားရမည် ဖြစ်သည်။

ထိုသို့ အခင်းဖြစ်နေရာသို့ ဆောလျင်စွာ ရောက်ရှိပါက အကျိုးကျေးဇူး အများအပြားပင် ရရှိနိုင်သည်။ သဲလွန်စများ၊ အမှုကို မသမာသူတို့က ဆင်ပြင်မှုများ မပြုလုပ်နိုင်ကြသဖြင့် အမှုမှန်၊ တရားခံမှန်ကို ရရန် လွယ်ကူစေပါသည်။

အမှုကြီးများ ဖြစ်ရာ အရပ်ဒေသသို့ ကြွရောက်ကြသော ရာဇဝတ်ဝန်သည် အချို့မှာ အမှုကို လေ့လာ၍ မိမိ ဉာဏ်ရှိသမျှ ကူညီ အားပေးစကား ပြောကြားခြင်းအပြင် မိမိ၏ ဩဇာနှင့် မပြောလိုသူအား ပြောကြားစေရန်၊ ပြောလိုသူအား မှန်မှန် သိသမျှ ဖုံးအုပ်ကွယ်ဝှက်ခြင်း မရှိစေဘဲ ပြောကြားရန် ကူညီလေ့ ရှိကြသည်။ သို့သော် အချို့ အချို့သော ရာဇဝတ်ဝန်များမှာ အောက်လက်ငယ်သားအား အမှုကြီး အဖြစ်ခံရသဖြင့် ပေါ်ပေါက်ရန် ခဲယဉ်းကြောင်း သိရလျှင် ကြိမ်းတတ် မောင်းတတ်ကြရာ၊ အမှုကြီး ဖြစ်လျှင် မိမိ အထက်အရာရှိ လာမည်ကိုပင် စိုးရိမ်နေကြသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် အမှုကြီး တိုင်စာကို ဖတ်ကြည့်ရာ အောက်ပါ အတိုင်း တွေ့ရှိရသည်။

> ကျွန်တော် ထန်းပင်ရှည်ရွာ သူကြီး အစီရင်ခံပါသည်။ မနေ့ညက အလျူတွင် ဇာတ်ပွဲကရာ၊ ဇာတ်ပွဲနှင့် ကိုက် ၅၀၀ လောက် ဝေးသော ဝါခင်းအတွင်းတွင် ကျွန်တော်၏ရွာနေ ထန်းတက်စားသူ ဘိုးခမှာ ဓား၊ တုတ် မခွဲခြားနိုင်သော လက်နက် ဒဏ်ရာဖြင့် သေဆုံးနေသည်ဟု နံနက် ဆွမ်းခံဝင်ချိန်





> လောက်တွင် ရွာသား ဘိုးအေး လာရောက် တိုင်တန်းသဖြင့် အလောင်းပါ ဌာနာသို့ ပို့အပ် တိုင်ကြားပါသည်။
> သင့်ဘလို အရေးယူပါရန် ခင်ဗျား။
>
> ဘိုးလှ
>
> သူကြီး

တိုင်စာမှာ မပြည့်စုံလှသော်လည်း ကျွန်ုပ်တို့ မြန်မာသူကြီးဟူသမျှထံမှ ဤတိုင်စာထက် ကောင်းသော တိုင်စာ ဟူ၍ မရရှိဖူးခဲ့ပေ။ တိုင်စာအရ ဆိုလျှင် တရားခံကို ညွှန်ပြခြင်း၊ တရားခံ မိနိုင်ရန် သဲလွန်စ ဟူ၍ ဘာတစ်ခုမျှ မပါ။ ဗလာနတ္ထိ ဖြစ်ရကား ကျွန်ုပ်တွင် အမှုသွားအမှုလာကို မတွေးတတ်အောင် ရှိနေမိသည်။

ဌာနာစာရေးက ဤတိုင်စာအရ လူဆိုးစစ် စာသင်အား အခင်းဖြစ်ပွားရာသို့ စေလွှတ်ပြီးကြောင်း၊ အလောင်းကိုလည်း ဆေးရုံသို့ ပို့ပြီးကြောင်းအပြင် ဒဏ်ရာမှာ ဓားခုတ်ရာများ ဖြစ်၍ ဦးခေါင်းနှင့် လည်ပင်းတွင် လေးချက်လောက် ရှိမည် ဖြစ်ကြောင်းတို့ကို မိမိနှင့်ဆိုင်ရာ အစီရင်ခံချက် တစ်စောင်လည်း ပေးပို့လိုက်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ကျွန်ုပ်၌ အမှုကြီးတစ်ခု လက်ဝယ်တွင်ရှိ၍ စစ်ဆေးနေရာ တရားခံ ဖမ်းနိုင်ရန်ပင် သဲလွန်စများ ရရှိနေချေပြီ။ သို့သော် မိမိကိုယ်တိုင် မိမိ၏ အပေါင်းအသင်း မိတ်ဆွေတို့နှင့် စီစဉ်နိုင်ပါမှ သက်သေသက္ကာယ လုံလောက်စွာ ရချေမည်။ ဤအတိုင်း ပစ်သွားခဲ့သော် လည်းကောင်း၊ အခြားလူ တစ်ဦးတစ်ယောက်သို့ လွှဲပေးလျှင်သော် လည်းကောင်း ကျွန်ုပ်ကိုယ်တိုင် ခဲရာခဲဆစ် စစ်ဆေးစုံထောက်ထားချက်များသည် သဲထဲ ရေသွန်ရဘိအလား အကုန်ပျက်စီးကုန်ပေတော့မည်။

ကျွန်ုပ်တွင် စိုင်သေကို ပစ်၍ စိုင်ရှင်ကို လိုက်ရမည့်ပုံ ကျနေ

ချေပြီ။ လူသတ်မှုမှ တရားခံပေါ်လျှင် တော်ပေဦးမည်။ နှစ်မှုတွင် တစ်မှု ပေါ်သည် ဆိုလျှင် ၅၀ ရာခိုင်နှုန်း ကိုက်ပေဦးမည်။ နှစ်မှုစလုံးများ ပေါ်ပေါက်ခြင်း မရှိပါက မျောက်သစ်ကိုင်းလက်လွတ် ဖြစ်နေမည်ကို လည်း စိုးရိမ်မိသည်။

သို့သော် ခရိုင်စုံထောက်အဖွဲ့မှ စေလွှတ် စစ်ဆေးပါရန် ရာဇဝတ် ဝန်ထံ အကျိုးအကြောင်း စာဖြင့် အစီရင်ခံမည်။ အကယ်၍ စုံထောက် အဖွဲ့မှ လွှတ်၍ မစစ်ဆေးနိုင်ပါမူ နွားနှစ်ကောင် ဖမ်းသကဲ့သို့ အားလုံး လွတ်သွားမည်ကို စိုးရိမ်ရကြောင်းတို့ကိုပါ ဖော်ပြမည်။ သို့မှသာ နောက်တွင် ကျွန်ုပ်၌ အပြစ်တင်ခံရခြင်းမှ ကင်းလွတ်ပေမည်။ ထို ကြောင့် ကျွန်ုပ်သည် အောက်ပါ အစီရင်ခံစာကို ရေးသား၍ ရာဇဝတ် ဝန်ထံသို့ ပို့လိုက်ရလေသည်။

ညောင်ပင်သာစခန်း

၁၉၃၄ ခု ဖေဖော်ဝါရီလ

ဘုရား

ယနေ့ပင် ထန်းပင်ရှည်ရွာမှ လူသတ်မှုတစ်မှု တိုင်တန်းသဖြင့် အမြန် ချောစာ ..... ဌာနာနံပါတ် ...... နေ့စွဲဖြင့် ရရှိပါသည်။ ဝန်ကြီး သခင်ဘုရား ရုံးတော်သို့လည်း ဌာနာ ချောစာနံပါတ် ...... နေ့စွဲ ..... နှင့် ရလောက်ပါပြီ။

ထိုအထက်ပါ အမှုကို ရည်ညွှန်း၍ အစီရင်ခံလိုသည်မှာ ကျွန် တော်မျိုးတွင် ဓားပြမှု တစ်မှု စစ်ဆေးနေရာ ညောင်ပင်သာစခန်းသို့ (မိုင် ၁၈ မိုင်မျှ ဝေးသည်) ရောက်ရှိနေသဖြင့် ချက်ချင်း သွားရောက် စစ်ဆေးခြင်းငှာ မပြုလုပ်နိုင်သော်လည်း ဌာနာမှ အမှုစစ်ဆေးသူ တစ်ဦး တစ်ယောက်မျှ မရှိသဖြင့် လူဆိုးစစ် စာသင်ကိုပင် စေလွှတ်ထားကြောင်း သိရပါသည်။





ဓားပြမှုမှာ ယခုအချိန်တွင် အတော်ပင် အရေးတကြီး ဆောင် ရွက်ရန် ကိစ္စများ ရှိနေပါသည်။ တရားခံများ ရမိနိုင်ရန် အလွန်ကောင်း သော သဲလွန်စများ ရရှိထားပါပြီ။ ဤအမှုကို ဆက်လက် စစ်ဆေး သွားရမည် ဆိုပါလျှင် ထန်းပင်ရှည်ရွာ လူသတ်မှုကို ကျွမ်းကျင်သူ ရာဇဝတ်အုပ်တစ်ယောက်ကို မြို့မမှ စေလွှတ်စစ်ဆေးစေပါက သင့် လျော်မည် ထင်ပါသည်။

သို့သော် ရာဇဝတ်အုပ် မရောက်မီ ကျွန်တော်မျိုး ကိုယ်တိုင် သွားရောက်၍ တတ်နိုင်သမျှ စစ်ဆေးထားနှင့်ပါမည်။ ရာဇဝတ်အုပ် တစ်ယောက်ကို လွှတ်ပေးနိုင်ပါက အမြန်ဆုံး လွှတ်ပေးရန် တောင်းပန် အပ်ပါသည် ဘုရား။

မောင် ......

ဌာနာအုပ်

..... ဌာနာ။

*

ယခုအခါ ရေးကြသော အစီရင်ခံစာများနှင့် မတူပါ။ ရှေးက ကျွန်ုပ်တို့ အစီရင်ခံစာ အရေးအသားများသည် လူကြီးအား ကြောက်၍ အရိုအသေ ဆုံး အဖွဲ့အနွဲ့များနှင့် ရေးသည်ထက် ဂါရဝတရား၊ နိဝါတ တရား တို့ဖြင့် လေးလေးစားစား ရေးသားကြခြင်း ဖြစ်သည်ကို သတိချပ်စေ လိုပါသည်။

လူလူချင်းပဲ၊ အဆင့်အတန်း တစ်တန်းတည်းပဲဟု ဆိုပင် ဆိုကြ ငြားသော်လည်း ပုဗ္ဗေစ ကတပုညတာ ဟု မင်္ဂလသုတ်တွင် ဘုရား ဟောတော်မူခဲ့သည့် အတိုင်းပင် ဘဝကုသိုလ် ကောင်းမှု အကျိုးဆက် (ကံ)တရားကြောင့် မည်သည့်အခါမှ လူတန်းစား တစ်စားတည်း ရှိနိုင် ကြသည် မဟုတ်ပေ။ သို့နှင့်ပင် ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ အစရှိသော ဂုဏ်ရှင် တို့အား ဂါရဝတရား၊ နိဝါတ တရား တည်းဟူသော ရိုသေခြင်း၊ ကိုင်း

ညွှတ်ခြင်း၊ ရှိခိုးခြင်း၊ ဆည်းကပ်ခြင်းတို့ ရှိကြရပေမည်။ ရှိမှသာလျှင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံပေမည်။ လူ၏အလယ်တွင် တင့်တယ်ပေမည်။

မင်္ဂလာတရားအား ပြစ်ပယ်ကြပါမူ အရှင်လတ်လတ်တွင်ပင် အ မင်္ဂလာ ဖြစ်နေမည်ဖြစ်၍ မင်္ဂလာရှိလိုသူတို့ သတိပြုဖွယ်ရာပင် ဖြစ်ပါသည်။

*

**အခင်းဖြစ်ပွားရာ**

အစီရင်ခံစာ ရေးပြီးနောက် ဌာနာမှ လာသော ပုလိပ်သားကိုပင် မြို့မသို့ စေလွှတ်ပြီး ကျွန်ုပ်တို့လည်း တောဌာနာ ဖြစ်၍ တစ်ကြောင်း၊ ဌာနာသုံး မော်တော်ကား စသည်လည်း ပေးထားခြင်း မရှိ၍ လည်းကောင်း အရပ်သူ အရပ်သားများ၏ လှည်းကိုသာ ဆင့်ဆိုလျက် လိုရာခရီးသို့ သွားကြရပါသည်။

ယင်းသို့ လှည်းဆင့်စီးရာ၌ တစ်မိုင်လျှင် တစ်မူး (၂ ပဲ) နှုန်း ပေးရမည်ဟု ကန့်သတ်ထားသော်လည်း ကျွန်ုပ်တို့အား ဘယ်လှည်းသမားကမျှ ပိုက်ဆံ မတောင်းရဲကြ။ တောင်းရမှန်းလည်း မသိ။ ကျွန်ုပ်တို့က ပေးပြန်ကလည်း မယူကြချေ။ ထမင်းဟင်း ကျကျနန ကျွေးလိုက်လျှင်ပင် မိုင်နှစ်ဆယ် ဝေးသော အရပ်သို့ မိမိအလုပ် ပျက်ချင် ပျက်ပစေ အရောက်ပို့ပေးကြပါသည်။ ထိုခေတ်က ပုလိပ်များ၊ အစိုးရ အရာရှိများသည် များသောအားဖြင့် လှည်းကို အခမဲ့ ဆင့်စီးကြသည်သာ များသည်။ ၎င်းကို ဝံသာနု အသင်းများက လှည်းခ တောင်းရန် တိုက်တွန်း နှိုးဆော်ကြသော်လည်း တောလက် ကျေးရွာသားတို့သည် အစိုးရ အဖွဲ့ဝင်များ လာလျှင် လှည်းဖြင့် ပို့ခြင်း၊ ဆန်ပေးခြင်း၊ ဆီပေးခြင်း၊ အစစတွင် မ စ ခြင်းတို့မှာ မိရိုးဖလာ တာဝန်ကဲ့သို့ လည်းကောင်း၊





မိမိတို့၏ ညှော်သည်အား ပြုအပ်သော ဝတ္တရားတစ်ခု ဟူ၍ လည်းကောင်း မညည်းမညူ ပြုစု ထောက်ပံ့တတ်ကြသေးသည်။ ဤကား မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရပေမည်။

ထန်းပင်ရှည်ရွာသို့ အမှုဖြစ်ပြီး နှစ်ရက်အကြာတွင် ကျွန်ုပ်တို့ ရောက်သွားပါသည်။ အလောင်းတွေ့ရာ အရပ်သည် ပွဲခင်းနှင့် ယာနှစ်ခင်း ကွာဝေးသည်။ ကိုက် ၅၀၀ ခန့် ရှိပေမည်။ ပွဲခင်းသည် ရွာနီးယာထဲတွင် ဖြစ်သည်။

သေသူ ဘိုးခနှင့် ၎င်း၏ထန်းတဲကား ကိုက် ၆၀၀ ခန့်ရှိ၍ ဘိုးခ သေနေသော နေရာ ဝါခင်းမှာ ကိုက် ၁၀၀ လောက် ရှိမည်။ ရွာမှ လာရောက် ထန်းရည်သောက်သူတို့ သွားရာ လူသွားလမ်းကလေး ရှိ၍ ၎င်းလမ်းဘေး ဝါးနှစ်ရိုက်လောက် အကွာအဝေးတွင် ဘိုးခ အလောင်းကို တွေ့ရသည်။

သို့သော် ပွဲခင်းမှ ယာတစ်ခင်း ဖြတ်လိုက်လျှင် ဝါခင်း ဝါရိုးပြတ်များတွင် သွေးများ ပေကျံနေသည်ကိုလည်း တွေ့ရသည်။ အလွန်ခြောက်သွေ့သယောင်းနေသော ယာကွက်များတွင် ခြေရာ လက်ရာ ဟူ၍ကား ဘာမျှ မတွေ့ရ။

သူကြီး၏ ပြောပြချက်အရ သိရသမျှမှာ အနီးအနားတွင် ၎င်းတို့က လက်နက် ရလိုရငြား ရှာသော်လည်း ဓား သော်လည်းကောင်း၊ တုတ် သော်လည်းကောင်း မတွေ့ရဟု ဆိုသည်။ သို့သော် ဝါးနှစ်ရိုက် အကွာတွင်မူ သွေးစွန်း သွေးကွက်နှင့် စောင်တစ်ထည်၊ ရှစ်တောင်ခန့် ရှည်သော ဝါးမာမာ တစ်ချောင်းကို တွေ့ရသည်ဟု သိရသည်။

ကျွန်ုပ်လည်း အမှုတွင် စိတ်ဝင်စားလာပြီး ပွဲခင်းရွာ၊ လယ်တော၊ ထန်းတဲလမ်း အစရှိသည်တို့ကို စစ်ဆေးကြည့်ရှု မြေပုံများ ဆွဲယူပြီး ရွာသို့ ပြန်ခဲ့ကြ၏။

ကျွန်ုပ်။ ။ 'သူကြီးမင်း စုံစမ်းရသလောက် ပြောစမ်းဗျာ'

သူကြီး။ ။ 'ဘိုးအေးက လာပြောတာကတော့ မနေ့ညက တော်တော်ကလေး မှူးသွားတာနဲ့ ခေါင်းကိုက်နေလို့ ပွဲပြီးပြီးချင်းပဲတဲ့၊ ဘိုးခတို့ ထန်းတဲကို တဲခွက်ကလေးများ (Pick me up–ဖြေဆေး) သောက်ရအောင် ဆိုပြီး သွားသတဲ့။ အလောင်း တွေ့တဲ့ နေရာနားရောက်တော့ ကြက်သီး တဖြန်းဖြန်းထပြီး ညီစို့စို့ အနံ့လည်း ရတာနဲ့ ရပ်ပြီး ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ လူသေကောင်လိုလို မည်းမည်းတုံးလုံးကြီး တွေ့တော့ သူ သွားကြည့်တော့ ဘိုးခ အလောင်းကို တွေ့ရသတဲ့။ လုံချည်ကလေး မလုံ့တလုံ ဖုံးလို့တဲ့။ ဒါနဲ့ သူ့တဲ ရောက်အောင် မသွားတော့ဘဲ ရွာပြန် လာပြီး ကျွန်တော့်ကို တိုင်တယ်။ ကျွန်တော် သွားကြည့်တော့ ဆွမ်းခံ ဝင်ချိန်လောက်ပဲ (၈ နာရီအချိန်)။ ရွာလူကြီးတွေခေါ်ပြီး အနီးအနား လျှောက်ပြီး တုတ်တို့၊ ဓားတို့ သက်သေခံ ပစ္စည်းများ ရမလားလို့ ရှာကြတယ်။ ဘာမှ မတွေ့ဘူး။ စောင်တစ်ထည်၊ ဝါးလုံးတစ်လုံးပဲ တွေ့တယ်။ သွေးတွေ စွန်းနေတယ်။ အလောင်းက ဒဏ်ရာကို ကြည့် ပါတယ်။ ခေါင်းမှာ နှစ်ချက်၊ လည်ပင်းမှာ တစ်ချက်၊ ပခုံးမှာ တစ်ချက်၊ ဓားကတော့ တော်တော် ထက်ပုံရတယ်။ ခေါင်းက ဒဏ်ရာတော့ တုတ်၊ ဓား မသိဘူး။ လည်ပင်းနဲ့ လက်မောင်းအုံက ဒဏ်ရာကတော့ ဓား ဒဏ်ရာပဲ။ တော်တော် နက်တယ်။ လည်ပင်းဒဏ်ရာကြောင့် သေတယ် လို့ ထင်တယ်။ အလောင်း နေရာမှာလည်း သွေးတွေ့တယ်။ နောက် ရွာပြန်၍ လှည်းဆင့်ပြီး ရွာက "သာဝ" လှည်းနဲ့ ဌာနကို တိုင်စာနဲ့ ပေးလိုက်တာပါပဲ'

ကျွန်ုပ်။ ။ 'ဒါပဲလား သူကြီးမင်းရဲ့'

သူကြီး။ ။ 'ဒါပါပဲ'

ဒဏ်ရာဒဏ်ချက် ပြောပြရုံနှင့် တရားခံကို စုံထောက် ဦးစံရှားကဲ့သို့ အရပ်ပုပုလူ၊ လက်သည်း ရှည်တယ်၊ အသား နီနီ စသဖြင့် တွေးကြည့်၍ မရပါ။ တကယ်တမ်း အလုပ် လုပ်ရာတွင် တွေးခေါ်လို့





မရပါ။ ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် ဘယ်သန်တဲ့လူ ခုတ်သည်၊ ညာသန်သူ ခုတ်သည်ဟုကား ပြောနိုင်စွမ်းပါ၏။ ခွန်အား ကောင်းသည်၊ ဓားထက်သည်၊ တုံးသည်ကိုလည်း သိနိုင်၏။ သို့သော် ဆရာဝန်၏ အစစ်ခံချက် ရမှသာလျှင် တိကျမှန်ကန်ပေမည်။

ခြေရာများ မရနိုင်သဖြင့်လည်း တရားခံ၏ အရပ်အမောင်း၊ ပုံပန်းသဏ္ဍာန်ကိုလည်း မပြောနိုင်ပေ။

ကျွန်ုပ်။ ။ 'နေစမ်းပါဦး သူကြီးရဲ့၊ သူကြီး ဆိုတာ ကိုယ်တိုင်လည်း ရပ်သတင်း ရွာသတင်း ကလေးများ စုံစမ်း မေးမြန်းမထားဘူးလား'

သူကြီး။ ။ 'စုံစမ်းစရာ မရှိလှပါဘူး' ဟု ပြောပြီး သူကြီးမင်းသည် ငေးနေသည်။ ကျွန်ုပ်လည်း သူကြီးကို အားမလိုအားမရ ဖြစ်ကာ–

ကျွန်ုပ်။ ။ 'ဒါဖြင့် သူကြီးက တရားခံ သိပြီပေါ့'

သူကြီး။ ။ 'တရားခံ သိပြီဆို ဒီလိုပါ၊ ဘိုးခဟာ ထန်းတက်သမား၊ ထန်းရည်ခါးလည်း အင်မတန် ကြိုက်တယ်။ ထန်းရည် သောက်တဲ့ လူချင်း စကားများပြီး သတ်ပစ်ကြတယ် ထင်တာပဲ'

ကျွန်ုပ်။ ။ 'ခင်ဗျားဟာ နယ်ကျယ်လှတယ်ဗျာ။ ဟိုနေ့ညက ဘယ်သူတွေနဲ့ ထန်းရည်သောက်တယ်၊ ဘယ်သူနဲ့ စကားများတယ်၊ ဘယ်သူနဲ့ ရန်ငြိုးရှိတယ် ဆိုတာတွေ သိထားပြီး စုံစမ်းမှ ဘယ်သူ ဘယ်ဝါ သိနိုင်မှာပေါ့။ ခုတော့ ထန်းသမားမို့ ထန်းရည်မူးချင်း ရန်ဖြစ်ပြီး သတ်ကြတယ် ဆိုရုံနဲ့ မပြီးဘူးဗျ'

သူကြီး။ ။ 'ဒါတော့ ... ဌာနာပိုင်မင်းများ စစ်ပေါ့'

ကျွန်ုပ်။ ။ 'ကောင်းပါပြီ၊ မည်သူ့ကို စစ်ရမလဲ ပြောစမ်းပါ'

ဤသို့ မေးလိုက်လျှင် သူကြီးမှာ မဖြေတတ်ဘဲ အူကြောင်ကြောင် ဖြစ်သွားသည်။ ကျွန်ုပ်က ဆက်လက်၍ 'သူကြီးမင်းရဲ့၊ သေသူ၊ သတ်သူ၊ သက်သေတို့ဟာ အဝေးက မဟုတ်ဘူး၊ ထန်းပင်ရှည်ရွာနဲ့ ရွာနီးချုပ်စပ်က

ဖြစ်တော့ သူကြီး ဆိုတာ ရွာမိရွာဖ ဆိုတော့ ခင်ဗျားပဲ သတ်တဲ့လူကို အပြစ်ရအောင် သက်သေနဲ့ ဘာနဲ့ လုံလောက်အောင် လုပ်ပါမှပေါ့။ ဒါမှလည်း ခင်ဗျားဝတ္တရား ကျေမှာပေါ့'

သူကြီး။ ။ 'ကျွန်တော်က ပယောဂ မစိုက်နိုင်ဘူး။ သတ်တဲ့ အကောင်ကို ကျွန်တော်က ကြိုးပေးအောင် သက်သေသာခေ ရှာပေးရင် ကျွန်တော့်မှာ ဘယ်လောက် အကုသိုလ် ဖြစ်သွားသလဲ။ ဒီတော့ ဌာနာ ပိုင်ကြီးဘာသာ စစ်ဆေးပါတော့။ ကျွန်တော့်ကိုတော့ ချမ်းသာပေးပါ'

ကျွန်ုပ်တို့၏ လုပ်ငန်း အရပ်ရပ်များတွင် ဤနည်းနှင်နှင်ပင် တွေ့ရတတ်သည်။ မိမိတွင် အကုသိုလ် ဖြစ်မည် ဟူ၍ လည်းကောင်း၊ တရားခံနှင့် ဆွေနည်းမျိုးစပ် တော်၍ လည်းကောင်း၊ မိမိတွင် အကျိုး ဖြစ်ထွန်းရာ မရှိ၍ သော်လည်းကောင်း အမှုကို ပေါ်စေရန် ကူညီသူ သူကြီးများ အတော် ရှားပေသည်။ သူကြီးများတွင် တာဝန် ဝတ္တရားများ ရှိလင့်ကစား အနိုင်ရမှုတွင်လောက်သာ ပိုမိုဂရုပြုကြ၍ ရာဇဝတ်အမှု များတွင် တရားလိုဘက်က သော်လည်းကောင်း၊ တရားခံဘက်က သော်လည်းကောင်း "ပင်း" တတ်ကြသည်ကို အများအားဖြင့် တွေ့ရ တတ်သည်။

မိမိသည် ရွာရပ်၏မိဘ ဖြစ်သဖြင့် မတိမ်းမစောင်းဘဲ ကျောက သား၊ ရင်ကသား မခြား အုပ်ချုပ်သင့်သည်ဟုတော့ သိသူ၊ ကျင့်သုံးသူ ရှာမှ ရှား၏။ ရာဇဝတ်အဖွဲ့ဝင်များတွင် ဘယ်မျှ သတိကြီးစွာထား၍ မှန်ရာကို ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ကို စဉ်းစားချင့်ချိန် ကြည့် ရန်ပင် လိုပါသည်။

ကျွန်ုပ်။ ။ 'ကဲ ... ကဲ ... ရှိစေ၊ ခင်ဗျား အကုသိုလ် ကြောက် လို့ မကူညီချင်နေ၊ ကျုပ် မေးတာကလေးတော့ ဖြေပါဦး'

သူကြီး။ ။ 'ဟုတ်ကဲ့၊ သိသမျှတော့ ပြောပြပါ့မယ်'





ကျွန်ုပ်။ ။ 'ရွာမှ ပွဲကမယ်ဆိုရင် ထုံးစံကတော့ သူကြီးက ပွဲကြပ်ဖို့ ကာလသားခေါင်းကို အပ်တယ် မဟုတ်လား'

သူကြီး။ ။ 'ဟုတ်ပါတယ်'

ကျွန်ုပ်။ ။ 'ဘယ်သူတွေလဲ၊ အဲဒီ ခေါင်းနာမည် ပြောစမ်းပါဦး'

သူကြီး။ ။ 'တုတ်ကြီးပါ'

ကျွန်ုပ်။ ။ 'ဘိုးအေးကော ပွဲကြပ်တဲ့ အထဲမှာ ပါတယ် မဟုတ် လား'

သူကြီး။ ။ 'ပါပါတယ်၊ ဘာဖြစ်လို့လဲ ဌာနာပိုင်ကြီး'

ကျွန်ုပ်။ ။ 'ဘိုးအေး ပါတယ် ဆိုတာက ရှင်းသားပဲဗျ၊ ပွဲမှာ မူးတဲ့လူ၊ လူတွင်ကျယ် လုပ်တဲ့လူတွေဟာ အများအားဖြင့် ပွဲကြပ်ထဲက ချည်းပဲ။ သူတို့ပဲ အလွန်အကျွံသောက်ပြီး မူးတတ်တယ်။ ပွဲကြပ် မူး တော့ ဖမ်းမယ့်သူ မရှိဘူး။ ဒီကောင်တွေက အမူးလွန်လို့ တစ်ခွက် သောက်ရအောင် ဘိုးခတို့ ထန်းတဲကို မနက်စောစော ထ သွားတယ်လို့ ပြောတယ် မဟုတ်လား'

သူကြီး။ ။ 'ဟုတ်ပါတယ်'

ကျွန်ုပ်။ ။ 'ဘိုးအေး ခေါ်ဗျာ၊ သူ့ကို စစ်ဦးမှပဲ'

ဘိုးအေးမှာ အလောင်းကို ပထမဦးစွာ တွေ့ရှိသူ ဖြစ်လည်းဖြစ်၊ ပွဲကြပ်တဲ့ ကာလသားထဲတွင်လည်း ပါသူ ဖြစ်ရာ ပြောလိုက သတင်း ကောင်း၊ သတင်းမှန်များ ရနိုင်မည်။

မြန်မာလူမျိုးတို့၏ သဘာဝမှာ ကိုယ်နှင့် အကျိုးအပြစ် မသက် ဆိုင်ပါမူ မည်သည့် မှုခင်းတွင်မဆို သက်သေခံလိုကြ၊ သတင်းပေးလို ကြသည် ဟူ၍ မရှိပါ။ ခပ်ရှောင်ရှောင် နေတတ်ကြသူချည်းသာ ဖြစ် ပါသည်။

ဘိုးအေး ရောက်လာလျှင် စကားပလ္လင်ခံသော သဘောဖြင့် ကျွန်ုပ်က–

'ဘိုးအေး၊ မင်းကိုမေးတာ မှန်မှန်ပြောကွာနော်။ မလိမ်နဲ့၊ လိမ်တာဟာ ပထမတော့ ယုံလောက်စရာ ကောင်းတယ်လို့ ထင်ပေမဲ့ နောက်တခြားလူတွေ စစ်ဆေးလိုက်ရင် မင်းလိမ်ပြောတာတွေ သိလာတယ်၊ ဒီတော့ မကောင်းဘူး၊ အပြစ်ရှိတဲ့ လူကိုလည်း မကာကွယ်နဲ့၊ အပြစ်မဲ့တဲ့ လူကိုလည်း မသက်သေ မဖြစ်စေနဲ့'

ဘိုးအေး။ ။ 'ဟုတ်ပါ ခင်ဗျာ၊ ကျွန်တော် မှန်တာ ပြောပါမယ်၊ မေးပါ'

ကျွန်ုပ်။ ။ 'ငါ သိချင်တာက မင်းတို့ရွာ ပွဲရှိတဲ့ညက ညနေအချိန်က စ ပြီးပေါ့ကွာ။ နောက်တစ်နေ့ နံနက် မိုးလင်းထိ၊ မိုးလင်းက မင်း အလောင်းကို တွေ့တဲ့အချိန်ထိ မင်း လုပ်ပုံကိုင်ပုံ မြင်ရပုံတွေ ငါ သိချင်တယ်ကွာ'

ဘိုးအေး။ ။ 'ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိသလောက် ပြောပါ့မယ်'

ကျွန်ုပ်။ ။ 'အေး ပြောစမ်း'

ဘိုးအေး။ ။ 'မေးပါ ဆရာ၊ ကျွန်တော် ဖြေပါ့မယ်'

ကျွန်ုပ်။ ။ မင့်းဟာမင်း အစီအစဉ်နဲ့ ပြောပြပါကွ'

ဘိုးအေး။ ။ 'ကျွန်တော် မပြောတတ်ဘူး'

ဩော် တော်တော်ခက်တဲ့ လူတွေပဲ။ အစက စ ပြောပါ ဆိုတာတောင် ဘာပြောရမှန်း မသိ။ သုံးရက်မျှသာ ကြာသေးသည်၊ မိမိ ဘာလုပ်သည်၊ ဘာကိုင်သည်ကို မပြောတတ် တဲ့။

ကျွန်ုပ်။ ။ 'ကဲ ... ကဲ ... ပွဲကမယ့် ညနေက မင်း ဘာဟင်းနဲ့ ထမင်းစားလာသလဲကွာ'

ဘိုးအေး။ ။ 'အလှူမှာ စားတယ် ဆရာ။ ငါးခြောက်ထောင်း၊ သရက်ချဉ်၊ မှန်ရောင်ဟင်းချို၊ ငရုတ်သီးကြော်နဲ့'

ကျွန်ုပ်။ ။ 'ဒါပဲလား'





ဘိုးအေး။ ။ 'ဝက်သားလည်း ပါသေး ထင်ပါရဲ့၊ ဝက်သားကတော့ မနက်က ဘုန်းတော်ကြီးတွေ ကျွေးတာ ကျန်တာပါ၊ စားပဲ စားရသေးသလား မပြောတတ်ပါဘူး'

ဤမျှ စကားပြောကြည့်ရလျှင် ဘိုးအေးသည် မည်သို့လူစားဟု ကျွန်ုပ် ခန့်မှန်းနိုင်ပေပြီ။

ကျွန်ုပ်။ ။ 'ထမင်းစားပြီးတော့ ဘာလုပ်သလဲ'

ဘိုးအေး။ ။ 'လက်ဆေးပြီး ရေသောက်တယ် ဆရာ'

ကျွန်ုပ်။ ။ 'အေး ... ပြီးတော့ လက်သုတ်၊ ဆေးလိပ်သောက်ပေါ့ကွာ'

ဘိုးအေးကား ကျွန်ုပ်ကို မဆီမဆိုင် ကတ်သီးကတ်သတ် မေးသည်ဟု ထင်ကောင်း ထင်ပေမည်။ သို့သော် ကျွန်ုပ်ကား လိုရင်းကို ရောက်အောင် မေးရပေမည်။ ဘိုးအေး အဖြေများသည် ခွတီးခွတ နိုင်လှသည်။ တစ်ခါက မြို့ပိုင်မင်းတစ်ယောက် ပြောသော သက်သေ အမယ်ကြီးတစ်ယောက် အကြောင်းကို သွား၍ သတိရမိသည်။ ထို အမယ်ကြီး သက်သေသည် အဆိုပါ မြို့ပိုင်ရုံးသို့ သက်သေခံရန် ရောက်လာ၏။

မြို့ပိုင်။ ။ 'မယ်မင်း နာမည် ဘယ်သူလဲ'

'ဒေါ်မယ်မပါ ဘုရား'

'ဘာကိုးကွယ်သလဲ'

'ဘိုးတော်ကြီးပါ ဘုရား'

ဘိုးတော်ကြီး ဆိုသည်မှာ နတ် ဖြစ်ပါသည်။

မြို့ပိုင်။ ။ 'မိန်းမကြီး၊ ဘိုးတော်ကြီး ဆိုတာ နတ် ပြောတာ၊ ဘာ ဘာသာလဲ၊ ဘာသာကို မေးတာ'

ဒေါ်မယ်မ။ ။ 'ဘာသာ ဆိုတာ မသိပါဘုရား၊ နတ်ကြီးကိုတော့

နှစ်စဉ် နှစ်စဉ် တပေါင်းလပွဲတော်မှာ ရေစင်သောက်ရပါတယ်၊ ပွဲဖြည့် သွားရပါတယ်'

အမယ်ကြီးသည် နတ်ပွဲနှင့်ဆိုင်သော ကိစ္စများ လေရှည်ရှည်နှင့် ပြောနေပြန်သဖြင့်–

မြို့ပိုင်က စိတ်ဆိုးပြီး 'တော် ... တော် ... မဆိုင်တာ မပြောနဲ့၊ ဆိုင်တာသာ ပြော' ဟု ငေါက်လိုက်ရာ၊ ဒေါ်မယ်မက 'မှန်ပါ၊ ဘိုးတော်ကြီး ဆိုင်ပါတယ် ဘုရား' ဟုပင် နောက်ထပ် ဆက်သေးသည် ဟူ၍ ဖြစ်၏။ ယခုလည်း ဘိုးအေးက "ထမင်းစားပြီး၊ လက်ဆေး ရေသောက်ပါတယ်" ဟု အစစ်ခံသည်။

စိတ်တိုတို အမှုစစ်နှင့် တွေ့လျှင်ဖြင့် အဆဲခံရမည့်သူပင် ဖြစ်သည်။

ကျွန်ုပ်။ ။ 'ဘိုးအေး ထမင်းစား၊ ရေသောက်၊ လက်ဆေး၊ ကွမ်းစား၊ ဆေးလိပ်သောက်တာတွေ ဖယ်ထားပြီး မင်း ဘာလုပ်သေးသလဲ'

ဘိုးအေး။ ။ 'ပွဲကြပ်ရမယ်ဆိုလို့ ကာလသားခေါင်းထံ သွားပါတယ်'

ကျွန်ုပ်။ ။ 'ဘိုးအေး ... နေဦး၊ မင်း ဘယ်အချိန် သွားပြီး ထန်းရည်သောက်သလဲ'

ဘိုးအေး။ ။ 'ထန်းရည် မသောက်ရပါဘူး'

ကျွန်ုပ် အလွန် စိတ်ဆိုးမိသည်။ သူကြီးကို ပြောစဉ်က မိမိမှာ ညက ထန်းရည်မူး လွန်သွားသဖြင့် နံနက်မှ "တဲ" ခွက်မော့ရအောင် ထန်းတဲသွားသည်ဟု ပြောပြီးပါမှ ကျွန်ုပ်ကို ဘာမဟုတ်တဲ့ ကိစ္စကလေးကိုပင် လိမ်နေပြန်ပြီ။ ကျွန်ုပ်က သူကြီးအား လှမ်း၍ 'သူကြီး ... ဘယ့်နယ်လဲဗျ၊ ဘိုးအေးက သူ ထန်းရည် မသောက်ဘူး ပြောပါလား'





သူကြီး။ ။ 'ဟေ့ ... ဘိုးအေး မင်း ဘာလိမ်နေတာလဲ၊ မှန်မှန် ပြောပါဆို၊ မင်း မူးနေတာ အမြင်သားပဲ'

ဘိုးအေး။ ။ 'ကျွန်တော် ကြောက်လို့ ပြောတာပါ'

ကျွန်ုပ်။ ။ 'ဒါ မင်းကြောက်တာလား၊ ကြောက်ရင် မှန်မှန် ပြောမှပေါ့ကွ။ ဘိုးအေး ... မင်း သတိထားနော်၊ လူသေအလောင်း မင်း တွေ့တယ် ပြောတယ်။ မင်း လူသတ်မှု တရားခံ ဖြစ်နေဦးမယ် သိလား။ လူရည်မလည်ဘဲနဲ့ လူလည် မလုပ်နဲ့' ဟု ကျွန်ုပ်မှာ စိတ်မရှည်နိုင်သဖြင့် ကြိမ်းမောင်းရတော့၏။

ဤသို့ ကြိမ်းမောင်း လုပ်မှပင် ဘိုအေး ဖြောင့်ဖြောင့်မတ်မတ် ထွက်လာတော့သည်။ တောသားများကား ရိုးလွန်း၊ အ လွန်း၊ အကြောက်ကြီးလွန်းကြသည်။

ဘိုးအေးနှင့် တစ်နေ့လုံး ထန်းရည်ခါး သောက်သူများမှာ လူပေါင်း သုံးဆယ်၊ လေးဆယ်လောက် ရှိမည်။ အားလုံး ဘိုးခ ထန်းတဲတွင် သောက်ကြသည်။ တောပွဲ ဆိုလျှင် ထန်းရည် မသောက်ဖူးသူကလည်း ထန်းရည်သောက်သည်။ တစ်နှစ်မှာ တစ်ခါ၊ နှစ်နှစ်မှာ တစ်ခါမျှ ပွဲကြည့်ကြရသော တောသား၊ တောသူများမှာ ပွဲတွင်းတွင် အကြီးအကျယ် ပျော်ကြ ပါးကြတတ်သည်။

တောသူများမှာ ပွဲရက်ကို မျှော်ရ၊ ပွဲတွင် အဝတ်အစားဝတ်ရန် ဝယ်ရ၊ ပွဲကမည့် ဇာတ်သမားများအား ထမင်းအုပ်များ ပို့ရန် ဟင်းကောင်းကျွေးကောင်းများ ကြံစည်ရ၊ ချက်ပြုတ်ကြရသည်မှာလည်း အမော တကောပင်။

ဘိုးအေးကို စစ်ပြီးနောက် ဘိုးအေးနှင့်အတူ ထန်းရည်သောက်သူများ၊ ပွဲကြပ်များ၊ ဘိုးခတို့ အကြောင်း သိသူများကို ဆက်လက် စစ်ဆေးသည်။ သို့သော် အစအန သဲလွန်စကို သော်လည်းကောင်း၊ ညွှန်ပြသော သက်သေကို သော်လည်းကောင်း မရသေး။ သေသူဘိုးခ

မှာ ထန်းတက်စားသူ ဖြစ်၍ ကိုက် ၅၀၀ ကျော်ကျော် ရွာနှင့်ဝေးသော ထန်းတောတွင်း၌ မိမိတို့ လင်မယားနှစ်ယောက် တဲကလေး တစ်လုံးနှင့် နေသူဖြစ်၍ ရွာသို့ လာရောက်ခဲလှ၏။ ၎င်း၏ ဆွေမျိုးသားချင်းများလည်း များများစားစား မရှိ။

ဘိုးခ၏မိန်းမ လှတင် ဆိုသူမှာလည်း တစ်ရပ်တစ်ရွာသူ ဖြစ်၍ ထန်းပင်ရှည်ရွာတွင် ဆွေမျိုး ဟူ၍ မရှိ။ ရွာထဲ၌ အပေါင်းအသင်းလည်း မရှိလှသဖြင့် သူတို့နှစ်ယောက်အကြောင်း ကောင်းကောင်း သိနိုင်သူကား ၎င်းတို့ ထန်းတဲသို့ အမြဲလာရောက်၍ ထန်းရည်သောက်သူတစ်စုသာ ဖြစ်ပေသည်။

ပွဲအခါတွင် ထန်းရည်သောက်သူ ပေါများလှသော်လည်း ကြိုက်သောက် မဟုတ်၊ ပျော်သောက်သမားများသာ ဖြစ်သည်။ သို့သော် ဘိုးခ ထန်းတောမှ ထန်းရည် များများစားစား ကျသည် မဟုတ်။ ဘိုးခ သောက်ရန်နှင့် ၎င်း၏ ဖောက်သည်တစ်စု သောက်နိုင်ရုံမျှသာ ရသည်။ ၎င်းဖောက်သည်များလည်း လေးငါးခြောက်ယောက်ခန့်မျှ ရှိသည်ဟု စုံစမ်းသိရသည်။

ဤလူ လေးငါးခြောက်ယောက်သော လူတစ်စုကို စစ်ဆေးသည်။ ထန်းရည်သမားတို့သည် ညနေ ၃ နာရီ အချိန်လောက်မှ ည ၇ နာရီ လောက်အထိ ထန်းရည် သောက်ကြသည်။ မူးကြသည်။ ဆူကြသည်။ ရွာနှင့် ဝေးသောနေရာ ဖြစ်၍ မိမိတို့ချည်း ဖြစ်ရကား အားမနာတမ်း ကကြ ခုန်ကြ၊ သီချင်း ဟစ်ဆိုကြနှင့် နေတတ်ကြသည်။ ထိုနေ့ညကမူ ထန်းရည်သောက်သူ အလွန်ပေါများရကား ထန်းရည်ကြိုက်သောက် အသောက်သမားတို့ပင် လျှော့၍ သောက်ကြရသည်ဟု တညီတညွတ် တည်း ထွက်သည်။ အမူးသမား၊ အရူးသမားတို့အား အာရွှင်စကား ပြောစေရန်မှာ သူရာရည်ကလေးများ သွင်းထားမှသာ သဘာဝကျကျ စကားပြောကြသည်။ အစိမ်းတိုက် မေးမြန်း၍ကား လိုရာခရီးသို့ မရောက်





နိုင်သည်ကို အလုပ်သဘော အနေအားဖြင့် သိရှိ ရိပ်စားမိသော်လည်း ယခုအချိန်တွင် အခက်အခဲ မတွေ့ရသေး၍ ဤနည်းကို မသုံးသေးပါ။

ဘိုးခတွင် အထက်က ပြောခဲ့သည့်အတိုင်းပင် ဆွေမျိုးအင်အား နည်းလှ၏။ သို့သော် ဘိုးခကို အချစ်ဆုံး၊ အခင်ဆုံး၊ ဘိုးခ သေလျှင် ပူမဆုံး ဖြစ်ရမည့်သူ ရှိပါသေးသည်။ ၎င်းကား အခြား မဟုတ်၊ ဘိုးခ၏ မိန်းမပင် ဖြစ်ပါသည်။ မိမိလင်သည်ကို ရက်ရက်စက်စက် ခုတ်သတ်သော တရားခံကို ဖမ်းမိနိုင်ရန် အစွမ်းကုန် ကူညီပေလိမ့်မည်။

*

**ဘိုးခ ဇနီး**

ကျွန်ုပ်မှာ တစ်နေ့လုံး ထန်းရည်သမားများအား စစ်ဆေးခြင်း၊ ရပ်ကွက်လူကြီး ရွာလူကြီးတို့အား စစ်ဆေးခြင်း၊ မေးမြန်းခြင်းတို့ဖြင့် မောလည်း နေချေပြီ။ နေဝင်ဖျိုးဖျ အချိန်တွင် လမ်းလျှောက် အပန်းဖြေရန်နှင့် ဘိုးခ၏မိန်းမကို စစ်မေးရန် ဘိုးခ၏ ထန်းတဲသို့ ထွက်ခွာလာခဲ့ပါသည်။

ကျွန်ုပ် ဘိုးခ တဲသို့ ရောက်သွားသော် ဘယ်သူကိုမှ မတွေ့ သေးဘဲ အတန်ကြာမှ ဘိုးခ၏ဇနီး လှတင်၊ လှည်းသမား မောင်ထင်နှင့် ဒေါ်အေးကြီး ဆိုသူ ဘိုးခ၏ အဒေါ်တစ်ဝမ်းကွဲတို့ တဲသို့ ရောက်လာကြ၏။ ဘိုးခ၏အလောင်းကို သင်္ဂြိုဟ်ပြီး ပြန်လာကြသည်ဟု သိရသည်။

တဲရှေ့ရှိ ကွပ်ပျစ်တစ်ခုပေါ်တွင် ဖျာစုတ်တစ်ခုကို ခင်းပြီး ဖျာစုတ်အပေါ်၌ မိမိတို့တွင်ရှိသော၊ အလွန်ဟောင်းနွမ်း၍ ချေးအထပ်ထပ် ဖြင့် ပေကျံနေသော စောင်ကလေးကို ကျွန်ုပ် ထိုင်ရန် "နေရခင်း" သဖွယ် ပြုလုပ်လျက် 'ထိုင်ပါ ထိုင်ပါ၊ အကျွန်ုပ်တို့လည်း အခုပဲ ရောက် လာပါတယ်' ဟု ဒေါ်အေးကြီးက ပျူပျူငှာငှာပင် ခရီးဦးကြိုဆို၏။

ကျွန်ုပ်မှာ ခင်းပေးအပ်သော စောင်နွမ်းပေါ်တွင် ထိုင်လိုက်ပြီး

ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်လျက် ဘိုးခ၏မယားကို ကြည့်မိ၏။ ဘိုးခ၏ မယားမှာ အသက်အားဖြင့် ၂၅ နှစ် ကျော်ကျော်လောက် ရှိမည် ထင်ရပြီး အလွန် ချောမောသူတစ်ဦး ဖြစ်သည်ကို တွေ့ရသည်။ သနပ်ခါး မလိမ်း၊ ဆံပင် ကပိုကရိုကလေးနှင့် ပူပုံပန်းရုပ် ပေါ်နေသည်။ တစ်ပတ်နွမ်း မဲလုံချည်နှင့် ပဒုမ္မာ အင်္ကျီဖြူကို ဝတ်ဆင်ထားရာ အတော်ပင် သနားကမား ရှိသူတစ်ဦး ဟုပင် ဆိုရပေမည်။

မိန်းမတို့တွင် အလှသည် ဥစ္စာဟု လောကနီတိတွင် ပါရှိစေကာမူ တောသူ ရုပ်ချော ဘိုးခ မယားမှာကား ဘိုးခလို ထန်းသမား လယ်ယာကိုင်းကျွန်း လုပ်စားသူထက် သာသူ ရနိုင်ရန် ခဲယဉ်းဘိတောင်း။

ဒေါ်အေးကြီးကပင် ကျွန်ုပ်အား ဘာများ အလိုရှိပါသလဲ၊ အမိန့်ရှိပါဟု စတင်ပြောရှာသည်။ ထိုအတောအတွင်းတွင် ဘိုးခ၏မယား လှတင်က လက်ဖက်ရည် အကြမ်းအိုး တည်နေသည်။

ကျွန်ုပ်။ ။ ‘ဘိုးခ သေတဲ့အကြောင်း မေးမလို့ပါ၊ တယ်နစ်နာတာပဲဗျာ။ ဘိုးခမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုဖြစ်ရ ဆိုတာ’

ဒေါ်အေးကြီး။ ။ ‘ဟုတ်ပါရဲ့တော် ... ကျုပ်တူပါပဲ။ ထန်းရည်ကလေး သောက်တတ်တာက လွဲလို့ ဘာမှ မလုပ်တတ်ရှာပါဘူးတော်၊ ဖဲလည်း မရိုက်၊ ကြက်လည်း မတိုက်ပါ၊ လူများနဲ့ ရန်ဖြစ်ရမှာလည်း တော်တော် ကြောက်တတ်ရှာပါတယ်။ ခုတော့ ဘယ်လိုလူက ဘယ်လို လုပ်လိုက်တယ်ကို မသိပါဘူးတော်’

ကျွန်ုပ်။ ။ ‘ကျွန်တော်တို့မှာ အမှုဖြစ်တယ် ဆိုရင် အမှုစစ်တာဟာ တာဝန်ဝတ္တရားပဲပေါ့ဗျာ။ ဆွေများ မျိုးများကလည်း တတ်နိုင်သလောက် တရားခံကို ဖော်ထုတ်ဖို့ရာ ကူညီကြဦးမှပဲ၊ ဒါကတော့ ဆွေမျိုးဝတ္တရားပေါ့။ ကျွန်တော်တို့ကတော့ ထန်းပင်ရှည်ရွာနဲ့ အတော်ဝေးတဲ့အရပ်က လာရတော့ ထန်းပင်ရှည် ရွာသားတို့ရဲ့ ဓလေ့ထုံးစံ ဆိုတာလည်း မသိဘူး။ ရန်ငြိုးရန်စ ဘယ်လိုရှိတယ် ဆိုတာလည်း





မသိဘူး။ ဒီတော့ ဒေါ်ကြီးတို့က ဒါတွေပြောပြမှ ကျွန်တော်တို့ စစ်ဆေးရခြင်းဟာ လွယ်ကူသွားမယ်။ ဒီတော့ ဒေါ်ကြီးရယ်၊ မလှတင်တို့က အစုံ ပြောပြကြမယ် ဆိုရင် ဒီအမှုဟာ ပေါ်မှာပါပဲ’

ဒေါ်အေးကြီး။ ။ ‘အမှုဖြစ်တဲ့ ညကလည်း အကျွန်ုပ်တို့က ပွဲကြည့်နေကြတယ်။ မနက် မိုးလင်းမှပဲ သိရတယ်။ အခု အကြောင်းရှိလို့သာ အကူအညီ လာရတာပါ။ သူတို့က တောထဲမှာ နေကြတော့ သူတို့ကလည်း ရွာမလာ၊ အကျွန်ုပ်တို့ကလည်း သူတို့ဆီ တစ်လကိုးသီတင်းနေလို့ တစ်ခေါက် မရောက်မိတော့ တော်တော် အပြောရခက်ပါသတော်’

ကျွန်ုပ်။ ။ ‘ဒါတော့ ဒေါ်ကြီးရယ် လူ့သတင်း လူချင်းဆောင်၊ ပန်းသတင်း လေညင်းဆောင် ဆိုသလို တစ်မြေရပ်ခြား နေကြတာမှ မဟုတ်ဘဲ။ သိသလောက်တော့ သိမှာပေါ့’ ဟု ကျွန်ုပ်က ဒေါ်အေးကြီး ပြောလိုသောစိတ် မရှိလှသည်ကို ရိပ်စားမိ၍ ခပ်ထေ့ထေ့ ပြောလျှင်–

ဒေါ်အေးကြီးက။ ။ ‘အကျွန်ုပ်တို့မှာ အားရတယ် မရှိလှပါဘူးတော်၊ မနက် မိုးလင်းကတည်းက ဆွမ်းတော်အတွက် ချက်ရပြုတ်ရ၊ မောင်းထောင်းရ၊ ရက်ကန်း ရက်ရနဲ့ အားတယ်ကို မရှိလှပါဘူး။ ဒီတော့ ဘယ်အိမ်မှ အလည်အပတ်လည်း မရောက်ဘူး။ စကားပြောစရာလည်း အချိန်မရှိလှပါဘူး’

ကျွန်ုပ်မှာ လက်ရှိနည်းဖြင့်တော့ လိုရာခရီးကို ရောက်နိုင်ပေမည် မဟုတ်သည်ကို သိရပေပြီ။ သူကြီးက အစ ရပ်သူရွာသားတို့ အားလုံးကပင် အကယ်ပင် မသိ၍ ထွက်ဆိုနေကြပေသလော၊ အကြောင်းတစ်ခုခုကြောင့် ဖုံးကွယ်ဝှက်၍ ထွက်ဆိုနေသလောပင် ယခုအခါ မခန့်မှန်းနိုင်လောက်အောင် ဖြစ်နေပါပြီ။

ကျွန်ုပ်။ ။ ‘မလှတင်များ ရိပ်စားမိမလား မသိဘူး၊ မေးကြည့်ရဦးမယ်’

ဒေါ်အေးကြီး။ ။ 'မလှတင် .... သမီး လာစမ်း၊ ဟောဒီက နင့်ကို မေးချင်လို့တဲ့။ လာခဲ့စမ်း'

ကျွန်ုပ်။ ။ 'မလှတင်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမတစ်ယောက် ဖြစ်သွားရတာကို ဝမ်းနည်းမိပါတယ်။ မလှတင် ဘိုးခကို သတ်တဲ့လူအပေါ် စိတ်မကျေမချမ်း ဖြစ်ရသလို ကျုပ်တို့ကလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီတရားခံတော့ မရ ရအောင် ကြိုးစားရှာမှာပါပဲ။ မလှတင် သိသမျှ ဘိုးခရဲ့အကြောင်း ပြောပြစမ်းပါ'

မလှတင် ခမျာမှာ ကျွန်ုပ်က စကားပျိုးလိုက်လျှင်ပင် မရှင်သော မျက်နှာမှ ချုံးပွဲချ ငိုကြွေးလေတော့သည်။ ပြီးလျှင်–

'အဲဒီ သေမယ့်ညက အတိတ်တော့ ပြပါတယ်။ မြူအိုး (ထန်းရည် ထည့်သောအိုး) တစ်လုံးဟာ ခါးမှ ချိတ်ထားရာက အလိုလို ကွဲကျ သွားတယ်တော့။ ဒါနဲ့ အကျွန်ုပ်ကလည်း စိတ်မကောင်းလို့ ကိုဘိုးခ ရယ် ဒီကနေ့တော့ ထန်းရည်လည်း မသောက်ပါနဲ့၊ ပွဲလည်း မသွားပါနဲ့ လို့တောင် ပြောမိသေးတယ်။ သူကတော့ မူးရင် ဖွတ်တရွတ်ကြီးပဲ။ မူးအောင်လည်း သောက်တော့ သောက်ခဲ့ပါတယ်။ ည သက်ကြီးခေါင်းချ ကြက်တွန်ကတည်းက ထွက်သွားလိုက်တာ မနက် အလောင်းတွေ့တော့ မှပဲ သေရှာပြီကိုးလို့ သိရတော့တာပါပဲ။ ဘယ်လို ဖြစ်ကြတယ်တော့ အကျွန်လည်း ပွဲမသွားလို့ မသိဘူး'

ကျွန်ုပ်။ ။ 'မလှတင်က ပွဲသွားမကြည့်ဘူးလား'

လှတင်။ ။ 'မကြည့်ပါဘူး'

ကျွန်ုပ်။ ။ 'တစ်နှစ်မှ တစ်ခါ၊ နှစ်နှစ်မှ တစ်ခါ ကိုယ့်ရွာမှာ ပွဲရှိတာပဲ၊ အိမ်ရှိလူကုန် ကြည့်ကြတယ်၊ မလှတင်ကို ကိုဘိုးခက မကြည့် ရဘူး တားလို့လား'

တင်။ ။ 'အစတော့ အတူတူ သွားကြဖို့ပါပဲ။ နောက် ကိုဘိုးခ





အမူးလွန်အားကြီးနေတော့ ပြောမကောင်း ဆိုမကောင်းနဲ့မို့ မသွားဘူးလို့ စိတ်ပိုင်းဖြတ်လိုက်တယ်'

ကျွန်ုပ်။ ။ 'နို့ သူသွားတော့ကော လိုက်မသွားဘူးလား'

တင်။ ။ 'လိုက်မသွားဘူး'

ကျွန်ုပ်။ ။ 'သူနဲ့ ဘယ်သူနဲ့ သွားသလဲ'

တင်။ ။ 'သူတစ်ယောက်တည်းပဲ စောင်တစ်ထည်ခြုံပြီး သွား ပါတယ်'

ကျွန်ုပ်။ ။ 'သူ့လက်ထဲမှာ ဘာပါသွားသလဲ။ ဓားတို့၊ တုတ်တို့ ပါသွားသလား'

တင်။ ။ 'ဘာမှ မပါပါဘူး၊ ထန်းရည် ပုလင်းတော့ တစ်ပုလင်း လား၊ နှစ်ပုလင်းလား ပါသွားတယ်'

ကျွန်ုပ်။ ။ 'ညနေကရော မနက်ကရော လူပေါင်း ဘယ်လောက် များများ လာပြီး သောက်ကြသလဲ။ ပြီးတော့ ဘယ်အချိန်လောက်မှာ သောက်တဲ့လူတွေ ပြန်ကြသလဲ'

တင်။ ။ 'မနက်ကစပြီး ညနေ သူငယ်အိပ်ဆိတ်ချိန်ထိပါပဲ။ သောက်ကြ စားကြ ကြက်သားချက်ကြနဲ့ ဆူနေတာပဲ'

ကျွန်ုပ်။ ။ 'မလှတင် ယောကျ်ားနဲ့ ရန်ဖြစ်တဲ့လူ အဲဒီနေ့ကရော အရင့်အရင်ကရော ရှိဖူးသလား'

တင်။ ။ 'အကျွန် သိသမျှဖြင့် မရှိပါဘူးတော်။ ကိုဘိုးခက ထန်းရည်သာ သောက်တတ်တာပါ၊ ရန်ဖြစ်ရမှာတော့ တော်တော် ကြောက်ပါတယ်။ သူ့ထန်းရည် ပိုက်ဆံမပေးဘဲ သောက်တောင် သူ့မှာ စိတ်မဆိုးဘူး။ ရန်တော့ အတော်အေးတဲ့လူပါ'

ကျွန်ုပ်။ ။ 'ရန်အေးတယ် ဆိုပေမဲ့ သူ့ကိုမုန်းတဲ့လူက သတ်တာ ဖြစ်မှာပေါ့။ ဒဏ်ရာကလည်း နည်းတာ မဟုတ်ဘူး။ ဒီတော့ သူ့မုန်းနေ မယ့် လူများရှိရင် ပြောစမ်းပါဦး'

တင်။ ။ 'ကျွန်မနဲ့ရတာ ၇ နှစ် ရှိပါပြီ၊ တစ်ခါမှ ကိုဘိုးခကို ရန်လိုတဲ့လူ၊ ကိုဘိုးခက စော်ကားလာလို့ အတိုင်အတော ခံရဖူးတယ် မရှိပါဘူး။ သူကြီးအိမ်တောင် ရောက်ဖူးတဲ့လူ မဟုတ်ပါဘူးတော်'

ကျွန်ုပ်။ ။ 'စဉ်းစားလေ၊ ဒီလိုလူများ ဘယ်သူက လာသတ်မလဲ'

တင်။ ။ 'ဟုတ်ပါတယ်တော်၊ စဉ်းတောင် မစဉ်းစားတတ်တော့ပါဘူး'

ဤသို့ပြောပြီးလျှင် မလှတင်သည် ဟစ်၍ ငိုပြန်သည်။ ကျွန်ုပ်မှာ ကျွန်ုပ်ကြောင့် အဟောင်းက အသစ် ဖြစ်ရသည် ဆိုပြီး စိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် အခြား သင့်လျော်သော အချိန်တွင်မှ စစ်မေးတော့မည်ဟု စိတ်ကူးပြီး ရွာထဲသို့ ပြန်ခဲ့ပါသည်။

*

**နောက် အမှုစစ်**

ကျွန်ုပ်၏ အစီရင်ခံချက်အရ ရာဇဝတ်ဝန်မင်းက ဤအမှုကို စစ်ဆေးရန် စုံထောက် စာသင်တစ်ယောက်ကို စေလွှတ်လိုက်ပါသည်။ စုံထောက်စာသင်ဟု ဆိုရသော်လည်း အပြစ်တစ်ခုကြောင့် ရာထူးလျှော့ထားသူဖြစ်ပါသည်။ ဆပ်ကျောင်းဆင်း ရာဇဝတ်အုပ်တစ်ယောက် ဖြစ်၍ ရာထူးသာ အချမခံရလျှင် အင်စပက်တော်ပင် ဖြစ်ရန် အချိန်သင့်နေသူတစ်ဦးဖြစ်ပါသည်။

ရာထူးချထားခြင်း ခံနေရသောကြောင့် အမှုစစ်ဆေးခွင့် ရသည့်အချိန်တွင် လက်စွမ်းပြပေလိမ့်မည်ဟု ကျွန်ုပ် တွေးထင်မိခဲ့သည့်အပြင်၊ ကျွန်ုပ်၏ မိတ်ဆွေလည်း ဖြစ်သဖြင့် ဤအမှုတွင် ကြိုးစားပမ်းစားပင် စစ်ဆေးမည်ဟု ထင်မိပေသည်။

ထိုစာသင်အား ကျွန်ုပ်တို့က ရာဇဝတ်အုပ်မင်းဟုပင် ခေါ်ကြပါသည်။





ကျွန်ုပ်။ ။ 'ရာဇဝတ်အုပ်မင်း လာဗျာ၊ ကျွန်တော်လည်း အထင်သားပဲ၊ ခင်ဗျားပဲ လာမှာပဲလို့'

ရာဇဝတ်အုပ်။ ။ 'အမယ် ... ရာဇဝတ်ဝန်က မလွှတ်ချင်ဘူးဗျ'

ကျွန်ုပ်။ ။ ဟုတ်တယ်လေ၊ ရုံးအလုပ်တွေကလည်း အများသားပဲ။ ရုံးမှာဆို ခင်ဗျားပဲ လုပ်ရတာ'

ရာဇဝတ်အုပ်။ ။ 'ဒါကြောင့် မဟုတ်ဘူး၊ ဒီနယ်ဟာ ကျွန်တော့်နယ်ဗျ၊ အားကြီး သမင်ပေါတယ်။ ကျွန်တော် တောလိုက်နေတာနဲ့ပဲ အချိန်ကုန်မယ်လို့ ထင်နေတယ်'

သူ၏နယ် ဆိုသည်မှာ မှန်ပါသည်။ တောပစ် ဝါသနာပါသော တောသားများမှာ သူ၏တပည့်များ ဖြစ်သဖြင့် သတင်းကောင်းလည်း ရစွမ်းနိုင်ပါသည်။ ထိုရာဇဝတ်အုပ်မှာ အားအားရှိလျှင် ဤနယ်စပ်ကို လာ၍ သမင်ပစ်တတ်ပါသည်။

ကျွန်ုပ်။ ။ 'ဟုတ်တယ်ဗျို့၊ နို့ပေမဲ့ ခင်ဗျား ဒီအမှုတော့ ကြိုးစားပြီး တရားခံရအောင် လုပ်စမ်းပါနော်၊ ကောင်မကလေးက သနားစရာ၊ ဆွေမရှိ မျိုးမရှိတော့ ကူညီချင်တဲ့လူက နည်းတယ်'

ရာဇဝတ်အုပ်။ ။ 'ကြိုးစားမှာတော့ စိတ်ချပါဗျာ၊ ခင်ဗျား သိသမျှလည်း ပြောပြပါဦး'

ကျွန်ုပ်။ ။ 'ဒီလိုဗျ၊ ပွဲညက ဘိုးခကို သတ်တယ်။ ဒဏ်ရာက ဓားဒဏ်ရာ လေးချက် ရှိတယ်။ ခေါင်းရယ်၊ ပခုံးရယ်၊ လည်ပင်းရယ်။ ခေါင်းမှာ နှစ်ချက်တဲ့။ သတ်တဲ့နေရာတော့ အတိအကျ မသိဘူး။ တွေ့တဲ့နေရာကတော့ ပွဲဆီက ယူလာတဲ့လမ်းပဲ။ ဝါခင်းထဲမှာ သွေးစတွေ ဝါပင်တွေမှာ ကပ်နေတယ်။ ခုတ်သတ်ခဲ့တဲ့ နေရာက ယူလာတယ် ထင်ရတယ်။ သွေးတော်တော်များများကတော့ ဝါခင်း အဆုံးနားမှာ ရှိတယ်။ အဲဒီနေရာဟာ သတ်တဲ့နေရာ ဖြစ်တော့ ဖြစ်နိုင်တယ်။ မြေက သွေ့ခြောက်သယောင်းနေတော့ တော်တော်ခက်တယ်။

'အလောင်းကိုထုပ်တဲ့ ဘာဘူစောင် အဟောင်းကလည်း သေသူရဲ့ အိမ်က ပစ္စည်းဗျ။ ဝါးကလည်း ဘယ်သူ့ဝါးလဲ မသိဘူး။ ပွဲကြပ်တဲ့ ကာလသားခေါင်း၊ အလောင်းတွေ့တဲ့ ငနဲ၊ သူကြီးတို့ကိုလည်း စစ်လည်း စစ်၊ မေးလည်း မေးတယ်။ ပွဲမှာ ရန်ဖြစ်တာ မကြားရဘူးတဲ့။ ဘိုးခနဲ့ ရန်ဘက် မရှိဘူးတဲ့။ ဘိုးခ မိန်းမ လှတင်ကလည်း ဒီလိုပဲ ပြောတယ်။ ဘိုးခ ပွဲလာတာ တွေ့တဲ့လူ မရှိဘူး။ လှတင်လည်း မလာဘူးတဲ့။ လှတင် ပြောပုံကတော့ ည ၉ နာရီ၊ ၁၀ နာရီ လောက်မှာ ထန်းရည်ပုလင်း တစ်ပုလင်းလား နှစ်ပုလင်းလား မသိဘူးတဲ့ ယူပြီး အခု အလောင်းထုပ်တဲ့ စောင်ခြုံပြီး ထွက်သွားလိုက်တာ မိုးလင်းမှပဲ သိရတော့သတဲ့။ ရွာကတော့ဗျို့ တော်တော်လုံတဲ့ ရွာပဲ။ ဘိုးခတို့ အကြောင်းလည်း သူတို့က တောထဲမှာနေလို့ ဘာမှ မသိဘူးတဲ့။ အမှုရာဇဝင် အကျဉ်းချုပ်ကတော့ ဒါပါပဲဗျာ။ သက်သေခံ ဓားလည်း မရှာရသေးဘူး။ အခင်းဖြစ်ပွားတဲ့ နေရာတောင် သေသေချာချာ ကျွန်တော် တော့ မရှာရသေးပါဘူး။ ကြည့်သာ လုပ်ပါတော့၊ ကျွန်တော့် ဓားပြမှုကလည်း ပေါ်ခါနီးနေတော့ မနက်ဖြန် မနက်ပဲ ကျွန်တော် သွားတော့မယ်။ ဟုတ်လား'

ရာဇဝတ်အုပ်။ ။ 'ကောင်းပါပြီဗျာ၊ ကျွန်တော့် လူယုံတွေ မေးကြည့်ဦးမယ်။ သက်သေတော့ အတော် အရခက်မယ်။ သေတဲ့ လူကလည်း ဘာမှ ပြောမသွားနိုင်ဘူး ဆိုတော့ ...'

ကျွန်ုပ်။ ။ 'ဟုတ်တယ်ဗျို့၊ ထန်းရည်မူးချင်း ရန်ဖြစ်တယ် ဆိုရအောင်လည်း ရန်ဖြစ်တာ ဘယ်သူမှ မသိဘူး။ ရန်လည်း ဖြစ်ပုံ မရဘူး။ တော်တော် စဉ်းစားရကျပ်တယ်'

ရာဇဝတ်အုပ်။ ။ 'သတ်သူရဲ့ (Motive) ဓာတ်မြစ်ကို ဖော်နိုင်မှ ဖြစ်မယ်။ ဒီလိုဆိုရင် အခက်ပဲ။ လူသတ်မှုတိုင်းမှာ အကြောင်းရှိရစမြဲပဲဗျ။ ရန်ဖြစ်သူကို ရုတ်တရက် ဒေါသထွက်စေလို့၊ သို့မဟုတ် ရှေးက ရန်စရှိလို့ ဆိုတဲ့ အကြောင်းပေါ်မှာ မူတည် စစ်ရ၊ သဲလွန်စ ရှာရမှာဗျ'





ကျွန်ုပ်။ ။ 'ဟုတ်တယ်၊ ဒါကြောင့် (Theory) တွေးဆချက်ကတော့ ရှေးက ရန်စကြောင့်လို့ တွက်ရမှာပဲ။ ဘာရန်စလဲ ဆိုတာ ရှာရမယ်။ ရန်ဖြစ်ဖူးခြင်းလည်း မရှိ ဆိုတော့ ရှေးကရန်စလို့ ဆိုရခက်နေပေမဲ့ သတ်တဲ့နေရာက အိမ်မှာ မဟုတ်ဘူးဗျ။ လူသွားတဲ့ လမ်းနံဘေးမှာ။ သတ်တဲ့နေရာမှာ ရုတ်တရက် ရန်ဖြစ်ပြီး သတ်၊ သတ်ပြီး အလောင်းချည်း ထားပစ်ခဲ့တယ် ဆိုရင်လည်း ရန်ဖြစ်တယ်လို့ ဆိုရလိမ့်မယ်။ အခုတော့ လူနှစ်ယောက်က (Planned murder) သေသေချာချာ စီမံပြီး သတ်တဲ့သဏ္ဌာန်ပဲ။ အလောင်းကို ဖျောက်ပစ်မလို့လား၊ သို့မဟုတ် တစ်မျိုးတစ်မည် အထင်သက်ရောက်အောင် ဆင်မလို့လား တော့ မသိဘူး။ သတ်တဲ့နေရာကနေပြီး တခြား ယူသွားရသေးတယ်'

ရာဇဝတ်အုပ်။ ။ 'အလောင်း ပထမတွေ့တဲ့ အကောင်က ဘာပြောသလဲ'

ကျွန်ုပ်။ ။ 'ဒီကောင်က လူရိုး လူအ ရင်လည်း ဖြစ်ရမယ်၊ နို့မဟုတ်ရင်လည်း ရှူးကြောင်ကြောင် အကောင်ပဲ။ ဘာမှ ရေရာတဲ့ အကောင် မဟုတ်ဘူး။ မနက် ထန်းရည်သောက်ချင်တာနဲ့ သွားတယ်၊ လမ်းမှာ အလောင်းတွေ့တော့ သူကြီးတိုင်တယ်။ ဒါပါပဲ'

အုပ်။ ။'ဒီကောင် ရိုက်စစ်ဖို့ ကောင်းတယ်'

ကျွန်ုပ်။ ။ 'ရိုက်လည်း ရိုက်ရိုက် နေမှာပဲ၊ ထူးမယ်တော့ မထင်ဘူး။ ပြီးတော့လည်း သူကြီးက အစ ရွာသား အားလုံးက သိတဲ့ အကြောင်း မပြောချင်ကြဘူးဗျ။ ဒါက ခက်တယ်'

ရာဇဝတ်အုပ်။ ။ 'ဒါကတော့ဗျာ ... မြန်မာပြည်မှာဖြစ်တဲ့ လူသတ်မှုတိုင်းရဲ့ သဘာဝပါပဲ။ သေတဲ့လူ သေပြီ၊ နောက်လူအသက် ဘာလို့ ငါ့ပယောဂနဲ့ သေစေရမလဲ ဆိုတဲ့ သဘော ရှိကြတယ်။ တစ်ကြောင်းကလည်း တရားခံဟာ ပိုက်ဆံရှိတဲ့ အကောင် ဖြစ်ချင် ဖြစ်နေမယ်'

ကျွန်ုပ်။ ။ 'ဒီလိုသာဆို ခင်ဗျား ဒီအမှု စစ်ရတာ ကော်တာပေါ့'

ရာဇဝတ်အုပ်။ ။ 'အင်း ကော်ပဲ ကော်မလား၊ ရာထူးပဲ နောက်ထပ် လျှော့ခံရဦးမလားဗျာ၊ ဟား ... ဟား ... ဟား'

*

သို့နှင့် အမှုကို သိသမျှ အကြောင်းရင်းများ၊ စစ်ဆေးပြီး စစ်တမ်းများကို လွှဲအပ်ပြီးလျှင် ကျွန်ုပ်၏ မူရင်း ခေါင်းပြမှုကို စစ်ဆေးရန် ထွက်ခွာခဲ့ပါသည်။

နောက် ၁၀ ရက်ခန့် ကြာသော်လည်း ကျွန်ုပ် ထားပစ်ခဲ့သော ထန်းပင်ရှည်ရွာ လူသတ်မှုမှာ လူသတ်မှု စစ်ဆေးသူ ရာဇဝတ်အုပ်၏ ဒိုင်ယာရီကို ဖတ်ခြင်းအားဖြင့် တရားခံ ရမိရန် ဘာမျှ တိုးတက်မှု မရှိဘဲ ကျွန်ုပ် စစ်ဆေးထားခဲ့သည့် အတိုင်းပင် ရှိနေသည်ကို တွေ့ရပါသည်။

သို့သော် ကျွန်ုပ်၏အမှုလည်း ရုံးသို့ တရားစွဲတင်ပြီးပြီ ဖြစ်၍ ရာဇဝတ်အုပ်အား ကူညီရန် လိုက်သွားပြန်ပါသည်။

ကျွန်ုပ်၏ စုံထောက် ရာဇဝတ်အုပ်မှာ သမင်ပစ် ထွက်လိုက်၊ ထန်းရည်ကလေးများ သောက်လိုက်နှင့် ထိုရွာနှင့် အနီးချုပ်စပ်တွင် အတော် ပျော်ရွှင်နေသည်ကို တွေ့ရပါသည်။

ကျွန်ုပ်။ ။ 'ဘယ်လိုလဲဗျို့'

ရာဇဝတ်အုပ်။ ။ 'ဟာ ... အမှုကတော့ ဘဲဥ အစ ရှာမရသလိုပဲ။ ကျွန်တော်တော့ ရွာကို ဒဏ်ရိုက်ပါလို့ အစီရင်ခံပြီး အမှုပိတ်တော့မယ်'

ကျွန်ုပ်။ ။ 'ရွာထဲ ဖြစ်တာမှ မဟုတ်ဘဲ၊ ဘယ်မှာ ရွာဒဏ်ရိုက်လို့ ရမလဲဗျ'

ရာဇဝတ်အုပ်။ ။ 'ရွာက သိတာကို မပြောဘူး၊ ဘယ်ကောင် ဖြစ်နိုင်တယ်လို့တောင် မခန့်မှန်းနိုင်ဘူး'

ကျွန်ုပ်။ ။ 'ဩော် ခင်ဗျားမှာတော့ မိတ်ဆွေ ပေါလို့ အတွင်းစကားများ ရမလားလို့ဗျာ'





ရာဇဝတ်အုပ်။ ။ 'ဒါကျတော့ မရဘူးဗျို့၊ တော်တော်လုံတယ်'

ကျွန်ုပ်။ ။ 'ကျွန်တော်တို့ (Line of Investigation) ရေလိုက်လွဲနေတယ်လို့ ကျွန်တော် ထင်တယ်'

ရာဇဝတ်အုပ်။ ။ 'ဘယ်လိုလဲ'

ကျွန်ုပ်။ ။ 'ဘိုးခ မိန်းမမှာ လင်ငယ် ရှိနေတယ်။ အဲဒီ လင်ငယ်နဲ့ ဘိုးခ မိန်းမ သတ်တာ ဖြစ်ရမယ်'

ရာဇဝတ်အုပ်။ ။ 'သီအိုရီကတော့ ရှိတာပဲ။ ဒါကြောင့် ဒီလောက် လုံနေတယ် ထင်တာပဲ'

ကျွန်ုပ်။ ။ 'နို့ပေမဲ့ အမှုပေါ်ဖို့ကတော့ ဘိုးခ မိန်းမ လှတင်ကို ရိုက်စစ်မှ ပေါ်မယ်။ ရိုက်ပေမဲ့ မိန်းမ ဆိုတာ တော်တော် နှုတ်လုံတယ်၊ ဇွဲကောင်းတယ်။ ဒီတော့ အမှုပိတ်တော့ ငိုက်ရမှာပဲ။ အဲဒီ စစ်ဆေးခြင်းလမ်းကြောင်း ပြောင်းပြီး စစ်ဆေးပြီး ကျွန်တော့်ထံ စာရေးစမ်းပါဗျာ' ဟု မှာကြားပြီးနောက် ကျွန်ုပ် ဌာနသို့ အခြားကိစ္စများ ဆောင်ရွက်ရန် ပြန်ခဲ့ရပြန်ပါသည်။

ကျွန်ုပ် တွေးထင်သော စစ်ဆေးမှုလမ်းကြောင်းသို့ ရာဇဝတ်အုပ်မင်း လိုက်လံစစ်ဆေးသည်ဟု သိရ၏။

သို့သော် ၁၅ ရက်ခန့်မျှ ကြာလျှင် ကျွန်ုပ်ထံသို့ အစီရင်ခံစာ တစ်ခု ပို့လိုက်သည်မှာ အောက်ပါအတိုင်း ဖြစ်၏။

ထန်းပင်ရှည်ရွာစခန်း
နေ့စွဲ၊ ၁၆ မတ်လ ၁၉၃၄။

ဌာနာပိုင်ကြီး

ကျွန်တော်တို့ တွေးထင်ချက် မှန်ကန်သည်ကိုတော့ အထောက်အထား အများပင် ရရှိပါသည်။ သို့သော် တရားစွဲ တင်ရာတွင် အသုံးဝင်မည့် သက်သေခံချက်များတော့ မရရှိပါ။

တရားလို ရိုက်စစ်ရမည့် အမှုမျိုး ဖြစ်ပါသည်။ ဌာနာပိုင်ကြီး မစစ်ဆေးခဲ့သေးသော သက်သေ မောင်ထင် ဆိုသူကို စစ်ဆေးရာ၊ လှတင် စစ်ဆေးချက်များနှင့် ကွဲလွဲနေပါသည်။

ထိုသူငယ်မှာ ဘိုးခ သေပြီးသည့်အချိန်မှ ယနေ့ထိ ဒေါ်အေးကြီး နှင့်အတူ လှတင်တို့ ထန်းတဲမှာပင် ရှိနေပါသေးသည်။ သူသည် လှတင် ၏ လင်ငယ်ပင် ဖြစ်ပါသည်။

ကျွန်တော် ညဥ့်နက်သန်းခေါင်တို့တွင် ၎င်းတို့ တဲသို့ တိတ်တဆိတ် ချောင်းမြောင်းနားထောင် ကြည့်ရှုရသော ကြားကွင်းများ၊ မြင်ကွင်းများမှာ လှတင်နှင့် မောင်ထင်တို့၏ ရုပ်လုံးကို ဖော်စေပါသည်။

မောင်ထင်နှင့် မလှတင်အား ရိုက်စစ်လျှင် အမှုတော့ ပေါ်မည် ဖြစ်သော်လည်း သက်သေခံချက် တင်ပြရန် ခက်လှ၏။ မောင်ထင်နှင့် မလှတင်တို့ သမီးရည်းစားမက လင်မယားမကျ ဖြစ်နေပါသည်ဟု ဆိုသော သက်သေကိုပင် ထန်းပင်ရှည်ရွာတွင် မရနိုင်ပါ။ အမှုပိတ်၍ အေးသည်နှင့် တစ်ပြိုင်နက် မလှတင်နှင့် မောင်ထင်တို့ လင်မယား အဖြစ် ထင်ထင်ပေါ်ပေါ် နေကြမည်မှာ မလွဲပါ ခင်ဗျား။

သို့ဖြစ်၍ ဤအမှုကို "စုံထောက်မှု" ဟု ပြသ ပိတ်ရန် သဘော တူပါမည့်အကြောင်း တောင်းပန်ရပါသည်။

**မောင်မေခင်**

အမှုစစ်

ကျွန်ုပ် အမှုစစ်ထံမှ အစီရင်ခံမှုပင် ကျွန်ုပ်သည် ဘိုးခ အသတ် ခံရပုံကို တည်ဆောက်ကြည့်မိ၏။ ၎င်းမှာ မောင်ထင်နှင့် လှတင်တို့က ဘိုးခအား ပွဲသွားရန် ခေါ်မည်။ ပွဲအသွား ပွဲမရောက်မီ လမ်းတစ်ဝက် အရောက်တွင် ဘိုးခအား မောင်ထင်နှင့် လှတင်တို့က ဓားနှင့် ခုတ်





ကြမည်။ ဘိုးခသည် ထိုဒဏ်ရာဖြင့် သေလျှင် စောင်နှင့်ထုပ်၍ တဲသို့ ပြန်ယူကြသော်လည်း လမ်းတစ်ဝက်တွင် မထမ်းနိုင်၍ ချထားခဲ့ကြမည်။ အကယ်၍ ထမ်းသွားနိုင်၍ အလောင်း တဲသို့ ရောက်လျှင် ဘိုးခသည် ၎င်း ပွဲသွားကြည့်နေစဉ် ထန်းတဲ၌ လူဆိုးများ ဝင်သတ်သွားသည်ဟု ထွက်ဆိုလိမ့်မည်။

ဤကား ကျွန်ုပ် တွေးဆ၍ တည်ဆောက်ထားသော အမှု ရာဇဝင် မျှသာ ဖြစ်ပေသည်။ သို့သော် လုံလောက်သော သက်သေ မရနိုင်တော့ပြီ ဖြစ်၍ အမှုစစ် ရာဇဝတ်အုပ် အစီရင်ခံသည့်အတိုင်း "စုံထောက်မှု" ဖြင့် ပိတ်သိမ်းလိုက်ရလေသည်။

ထိုမှ အချိန်ကာလ ကြာညောင်း၍ ဂျပန်ခေတ်သို့ အရောက်တွင် ကျွန်ုပ်သည် ထိုထန်းပင်ရှည်ရွာသို့ တစ်ခေါက် ရောက်သွားသည်။ ဤတွင် ကျွန်ုပ်တို့ တွေးဆချက် မှန်ကန်နေကြောင်း တွေ့ရသည်။ အကြောင်းသော် မောင်ထင်နှင့် လှတင်တို့သည် လင်မယားအဖြစ် လူသိနတ်ကြား ပေါင်းသင်းနေထိုင်လျက် ကလေးသုံးယောက်ပင် ရရှိနေသည်ကို တွေ့ရသောကြောင့်တည်း။

"မိန်းမ ဆိုတာ ဆောင်းလေပမာညီ" ဟူသော တေးသီချင်းသံကို ကြားတိုင်း ကျွန်ုပ်တွင် ဤထန်းပင်ရှည်ရွာ လူသတ်မှု အကြောင်း ပေါ်ပေါ်လာပြီး ဩော် ... မိန်းမ ... မိန်းမ အကြံပက်စက် အသိ ခက်လှပါတကားဟု ညည်းတွားမိရင်း ရှိနေရပါသတည်း။

[ ရှုမဝ မဂ္ဂဇင်း၊ ဩဂုတ် ၁၉၅၄ ]

## ဆီးတောရွာ ဓားပြမှု

အထက်မြန်မာပြည် အောက်ချင်းတွင်းခရိုင်တွင် ကျွန်ုပ်သည် စုံထောက်ရာဇဝတ်အုပ် အလုပ်နှင့် လုပ်ကိုင်နေစဉ်၊ ခရိုင်မြို့ကြီး၏ မြို့မဌာနာအပိုင် ဆီးတောရွာတွင် ပစ္စည်းဥစ္စာ အတော်ခိုင်လုံသော မုဆိုးမ သားအမိနှစ်ဦးနေသော အိမ်ကို ဓားပြတိုက်ပြီး ရွှေငွေ စုစုတန်ဖိုးပေါင်း ၈၀၀ဝိကျော်မျှ လုယူသွားလေသည်။

ထိုအမှုကို မြို့မဌာနာပိုင် တစ်ဦးဖြစ်သူ ဦးဘိုက စစ်ဆေးသည်။ တစ်လမျှကြာသော် အစအန မရသဖြင့် စုံထောက်မှု ပိတ်ခဲ့သည်။

ထိုနောက် ကျွန်ုပ်အား ထိုအမှုကို စစ်ဆေးရန် မကျေမနပ် ဖြစ်နေသော ရာဇဝတ်ဝန်က လွှဲပြန်ပါသည်။ တစ်လရှိပြီးနောက်မှ အမှုစစ်ဆေးရန် ခိုင်းသဖြင့် ကျွန်ုပ်မှာလည်း ပေါ်ပေါက်မည်ဟု အထင်မရှိခဲ့ပါ။ သို့သော် ကျွန်ုပ်အား တော်သည်ထင်၍ အစစ်ခိုင်းခြင်း ဖြစ်သဖြင့် ကြိုးစားရပေမည်။

ရာဇဝတ်ဝန်။ ။ 'ဒီအမှုကို မင်း ထပ်ပြီး စစ်စမ်းပါ။ ပစ္စည်းတွေ အများကြီး ပါသွားတယ်။ ဒီအမှု မပေါ်တာ ကျွန်ုပ် စိတ်မကောင်းဘူး'

ကျွန်ုပ်။ ။ 'မှန်ပါ၊ ထပ်ပြီး စစ်ဆေးပါမယ်'

ဤသို့ ဝန်ခံခဲ့သော်လည်း ပေါ်မည်ဟုကား လုံးလုံး မထင်ခဲ့ပါ။ ပုလိပ် စက္ကူစာတမ်းများ ကြည့်လျှင် ပုလိပ်များ လုပ်သင့်လုပ်အပ်သည့်





ကိစ္စများအားလုံး လုပ်ပြီး ဖြစ်နေပါပြီ။ ခြေရာကောက်ရန်လည်း မဖြစ်နိုင်။ လက်မ နှိပ်လည်း မရ။ ကျန်ရှိမည့် သဲလွန်စလည်း မတွေ့ခဲ့။ ယခုအချိန်တွင် ထပ်၍ မရှာနိုင်။ ရှာလျှင်လည်း တွေ့မည် မဟုတ်ပါ။ ပစ္စည်းပုံသဏ္ဌာန်များလည်း အရပ်ရပ် အနယ်နယ် ပို့ပြီးလေပြီ။ လူဆိုးထဲကလည်း စစ်ဆေးသော လူပေါင်း၊ ရှာသော အိမ်ပေါင်းမှာလည်း အတော်များနေပေပြီ။ နောက်ထပ်ရှာရန်ပင် အိမ်မရှိသလောက် ဖြစ်နေပေပြီ။ သို့သော် အားခဲရပေမည်။ ကြိုးစားရပေမည်။ ကြိုးစားမှုရှိလျှင် ပေါ်နိုင်ကောင်းပါရဲ့ဟုသာ အားတင်းရပေသည်။ ကျွန်ုပ်က ဌာနာစာရေးကြီးအား 'ကျုပ်ကို မနက်ဖြန် ဆီးတောရွာကအမှု သွားရအောင် လူဆိုးစစ်နဲ့ အမှုထမ်း ရေရေလည်လည် တစ်ယောက် ထည့်လိုက်စမ်းပါဗျာ'

စာရေး။ ။ 'လူဆိုးစစ်တွေ မနက်ဖြန် တနင်္ဂနွေနေ့ ဆိုတော့ ထွက်ကြလိမ့်မယ် ဆရာ၊ ညကတည်းက ကျွန်တော် ပြောထားမယ်။ ဟိုဘက်ပိုင်း လည်တဲ့ အမှုထမ်းကတော့ ဘိုတုတ်နဲ့ ရဲကြပ်မောင်ပုတဲ့ ဆရာ၊ ဒီအနီးတစ်ဝိုက်တော့ သူတို့ တော်တော်သိတယ်။ ဒီကောင်တွေက အဲဒီ အရပ်သားပဲ'

ကျွန်ုပ်။ ။ 'အင်း၊ ကောင်းသားပဲ'

ခရိုင်တစ်ခု၏ ရဲအဖွဲ့မှာ လူပေါင်းစုံလှသည်။ ခရိုင်အတွင်းရှိ ရွာသားများ ရဲအဖွဲ့ထဲသို့ ဝင်ရောက် အမှုထမ်းသူ လူစုံ၊ ရွာစုံမှ ရှိသည်။ အနည်းငယ်လောက်သော အမှုထမ်းများသာ တခြားခရိုင်မှ ပြောင်းရွှေ့၍ သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ကျွန်ုပ်တို့ခရိုင် ရောက်လာပြီးမှ ရဲအဖွဲ့သို့ ဝင်သူများလည်း ရှိခဲ့ကြ၏။ ထိုရဲသားများမှာ ထူးချွန်သော ပညာရပ်များ ပါလာတတ်၏။ ၎င်းတို့ကား ဘောလုံးကစားတတ်ခြင်း၊ အတီးအမှုတ်တတ်ခြင်း၊ အမှုစုံထောက်ရာတွင် အရပ်သားအဖြစ် ထူးချွန်စွာ သတင်းပေးပို့နိုင်ခြင်းတို့ အပေါ်တွင် မူတည်၍ ရဲအဖွဲ့ထဲသို့ ရောက်လာတတ်ကြပေသည်။

ဆူးနေရာဆူး၊ ဆောက်နေရာ ဆောက် ဆိုသည့်အလား ရဲအဖွဲ့ထဲတွင် သင့်လျော်ရာ သင့်လျော်ရာ ခိုင်းရန် အမြဲရှိတတ်လေသည်။ လူကြီးလုပ်သူ၏ အမြော်အမြင်ရှိမှုပေါ်မှာသာ မူတည်၍ လိုသည့်နေရာတွင် သင့်လျော်သည့်သူကို ရွေးချယ်တတ်ရပေသည်။

သို့နှင့် ဘောပွဲတွင် လည်းကောင်း၊ ကစားခုန်စား၊ လက်ဝှေ့ပွဲ၊ အဆိုအက၊ အတီးအမှုတ်၊ အချက်အပြုတ်တို့တွင် သူတို့သာလျှင် လူတွင်ကျယ် လုပ်ကြလေသည်။

**အခင်းဖြစ်ရာ**

ထိုဆီးတောရွာမှာ အောက်ချင်းတွင်း ခရိုင်မြို့ကြီး၏ နယ်နိမိတ် အဆုံးတွင်ရှိ၍ အခြားဌာန ၂ ခုဖြစ်သော ဘုတလင်နှင့် အရာတော် နယ်စပ်တွင် တည်ရှိပေသည်။ ဥစ္စာကြေးငွေ ပေါများသူများ နေထိုင်ရာ ဖြစ်သဖြင့် လည်းကောင်း၊ နယ်စပ်ရွာတစ်ရွာဖြစ်၍ မြို့သို့လာရန် ဖြတ်သန်း သွားလာရသော ရွာဖြစ်ရကား အရောင်းအဝယ် တော်တော် စည်ကားသော တောမြို့ကလေးသဖွယ် ဖြစ်လေသည်။

ထိုရွာ၏ အရှေ့မြောက်အရပ်ပိုင်းတွင် တရားလို ဒေါ်ဖွား၏ အုတ်တိုက်တစ်ခု ရှိပေသည်။ ၎င်းတရားလို၏ အိမ်နီးချုပ်စပ်တွင်လည်း အိမ်ကြီး အိမ်ကောင်းများ ရှိပေသည်။ မုဆိုးမတိုက် ဆိုရသော်လည်း ညဥ့်အချိန်တွင် အစောင့်အရှောက်များလည်း ရှိကြသည်။ သူတို့ သားအမိ ၂ ဦးသာ တိုက်အတွင်းတွင် အိပ်ကြသည်။ တံခါးများမှာ ၂ ထပ် တံခါးများဖြစ်၍ အတော် ခိုင်လုံအောင် ပြုလုပ်ထား၏။ တောရွာ အုတ်တိုက် ဖြစ်သဖြင့် လေဝင်ရန် နေရောင်ဝင်ရန်တို့ကို ဂရုမပြုဘဲ လုံခြုံမှုကိုသာ ဂရုပြု၍ လုပ်ထားဟန်၊ လက္ခဏာ ရှိပေသည်။ ပြတင်းပေါက်များကား နည်းလှ၏။ နေ့အခါ၌ပင် မီးခွက်နှင့် သွားရမလောက် မှောင်





လှ၏။ ပစ္စည်းအထားအသိုမှာကား ခြေချရန်ပင် မရှိသလောက် ပြန့်ကျဲလျက် ရှိ၏။

ဒေါ်ဖွားမှာ အသက် ၆၀ ရွယ်ရှိ၍ သမီးမှာ အသက် ၃၅ နှစ်ခန့်မျှရှိသော အပျိုကြီးတစ်ယောက် ဖြစ်ပေသည်။ သမီးအမည်မှာ မစိန်ခင်ဟု ခေါ်သည်။

ကျွန်ုပ်တို့သည် ဒေါ်ဖွားအိမ်သို့ ရှေ့နောက်ဝဲယာ ပတ်ချာလှည့်၍ အနေအထိုင်တို့ကို ကြည့်ရှု စစ်ဆေးကြသည်။ အိမ်ဘေးတွင် ဝင်းခြံမြေနေရာမှာ ၃ တောင်လောက်သာ ရှိသည်။ အိမ်ရှေ့ဝင်းမှာကား ပေ ၂၅ ပေလောက် ရှိပေသည်။ တံခါးကြီးများမှာ လှည်းဝင်နိုင်အောင် ပြုလုပ်ထားသည်။ သစ်သားဝင်းခြံ ခတ်ထားသည်။ အမြင့်အားဖြင့် ၆ ပေ ကျော်ကျော် ရှိပေမည်။ ထိုသစ်သားဝင်းခြံ အပေါ်တွင် သံဆူးကြိုးများ ထပ်မံ တပ်ဆင်ထားသည်။ အိမ်ရှေ့ ဥပစာတွင် တစ်ဖက်တစ်ချက်မှ ကျိုင်ယ်တစ်ခုစီ ရှိသည်။ တိုက်ရှေ့ ပရပ်တွင် ခုတင် တစ်လုံးရှိသည်။ ထိုခုတင်ပေါ်တွင် ညဥ့်အစောင့်များ အိပ်ကြသည်။ နံနက်၊ နေ့နှင့် ညနေခင်းများတွင် ထိုခုတင်ပေါ်မှာ ထမင်းစားသည်။ ဧည့်ခံသည်။ အပန်းဖြေ နားနေကြသောနေရာ ဖြစ်သည်။

ဒေါ်ဖွားကို ကျွန်တော်သည် နောက်ထပ် ၎င်းအိမ်တွင် ဓားပြတိုက်မှုနှင့် ပတ်သက်၍ စစ်ဆေးရန် လွှဲအပ်သူ အရာရှိတစ်ဦး ဖြစ်ကြောင်း ပြောပြပါသည်။

ဒေါ်ဖွား။ ။ 'ဟုတ်ကဲ့ မောင်ရယ်၊ အမေတို့ တစ်သက်လုံး စုထားတဲ့ ရွှေငွေတွေတော့ ကုန်တာပါပဲ။ ဒါကြောင့် ဓားပြတော့ မမိချင်နေပါစေ၊ ပါသွားတဲ့ အချို့အဝက် ပစ္စည်းလောက်တော့ ရအောင် ဆောင်ရွက်ပေးရင်တော့ အတိုင်းထက် အလွန်ပါပဲ။ အမေတို့က ကျေးဇူးသိတတ်ပါတယ်'

ကျွန်ုပ်။ ။ 'အမေကြီး ကျွန်တော်တို့တော့ တတ်နိုင်သမျှ ဆောင်ရွက်

မှာပါပဲ။ ကျွန်တော်တို့ပစ္စည်း ပါသလိုပဲ နှမြောလှပါတယ်။ ဒါကြောင့် ကြိုးစားပါ့မယ်။ ကျွန်တော်တို့အလုပ်က အမှုပေါ်အောင် စစ်ဆေးရမယ့် တာဝန် ရှိပါတယ်။ ကျေးဇူးတင်စရာ မလိုပါဘူး'

ဒေါ်ဖွား။ ။ 'တာဝန်တော့ တာဝန်ပေါ့ကွယ်၊ အမေတို့ကလည်း ကျေးဇူးသိတတ်ရမပေါ့'

ဤသို့ပြောခြင်းမှာ ရေလယ်တွင် လေလှိုင်းနဲ့တွေ့သော လှေငယ်စီးသူတို့ ဘုရားကို ကမ်းရောက်အောင် မ ပါက ရွှေ ၁၀ ဆိုင်း လှူပါမည်ဟု အဓိဋ္ဌာန်ပြုသလို ကိစ္စမျိုး ဖြစ်ပေ၏။ ကျွန်ုပ်တို့ တွေ့ခဲ့ရပေါင်း များပြီဖြစ်၍ မက်လုံး မရှိလှပါ။ သို့သော် ကျွန်ုပ်တို့မှာ တာဝန်ဝတ္တရားအလျောက် ပေါ်ပေါက်ရန် ကြိုးစားရမည်မှာ ဝတ္တရားပင် မဟုတ်ပါလော။

ဒေါ်ဖွားက ဆက်လက်၍ 'အရင်ဟာစ်ခါ ဌာနာပိုင် ဆိုလား၊ တိုက်ပိုင် ဆိုလား ၂ ယောက် လာကြပြီး မေးစမ်း လုပ်တာပါပဲ။ နောက်တော့ ဘာမှ မသိရတော့ပါဘူး မောင်ရယ်။ သူတို့လည်း အမေတို့က ဧည့်ဝတ်စောင်ဝတ်လည်း ကျေပွန်အောင် ပြုစုလိုက်ပါတယ်။ သစ်ကျားကြီးရွာ အရောက်တောင် လှည်းခ ခံလိုက်ပါသေးတယ်'

ရှေ့ဆက်မေးလျှင် ကျွန်ုပ် အလျင် စစ်ဆေးသော အရာရှိများအကြောင်း အတော်များများ ပြောနေပေဦးမည်။ ထိုစဉ်က ပုလိပ်အရာရှိတို့သည် တေးပြမှုစစ် သွားလျှင် သူကြီးများက တေးပြ အတိုက်ခံရသော အိမ်မှပင် သူတို့အတွက် အစားအသောက်များ တောင်းခံကာ သူတို့အိမ်မှာ ချက်ပြုတ်၍ သူတို့ ကျွေးသကဲ့သို့ ကျွေးမွေး ပြုစုကြပါသည်။ လှည်းကိစ္စမှာလည်း ထိုနည်းအတူပင် သူကြီးက လှည်းဆင့်ပြီး တေးပြ အတိုက်ခံရသူကပင် လှည်းခများ ပေးစေသည်ကို ကိုယ်တွေ့ ဖြစ်ခဲ့ပါသည်။

သို့ကြောင့်ပင် မဟုတ်ပါလော၊ တေးပြမှု တိုင်လျှင် ပုလိပ်က အေးတေးပြ တစ်ခါတိုက်သည်ဟု ပြောစမှတ် ဖြစ်လာလေသည်။





ယခင် အင်္ဂလိပ်လက်ထက်က ပုလိပ်အရာရှိ ဆိုသော ရာဇဝတ်အုပ်များ၊ ဌာနာပိုင်များမှာ အများအားဖြင့် ထမင်းချက်ရန် ယူသွားနိုင်စွမ်း မရှိပါ။ အင်စပိတ်တော် (တိုက်ပိုင်) များသာ ယူလေ့ယူထ ရှိပါသည်။ သို့သော် ၁၉၃၄ ခု၊ ၃၅ ခုနှစ်လောက်တွင် ရာဇဝတ်အုပ်၊ အမှုထမ်းများပင် ထမင်းအိုး သေတ္တာ ဆောင်ကြရပေသည်။ ဤသို့ မဆောင်၍ ထမင်းငတ်သည်မှာ များလှပေပြီ။

အဘယ့်ကြောင့်ဆိုသော် ဝံသာနုခေတ်တွင် ပုလိပ် ထမင်းမကျွေးနဲ့၊ လှည်းဆင့်လျှင် ပိုက်ဆံတောင်း ဆိုသော ဝံသာနု ကြွေးကြော်သံများကြောင့် ထမင်းကျွေးမည့် အရပ်သူ အရပ်သားများ၊ သူကြီးများပင် ပါးရှားလာသည်ကို တွေ့ရပါသည်။

အချို့ တောရွာများတွင် သူကြီးမှာ တော်တော် ခိုင်လုံပါက မိမိအိမ်မှာ ချက်ပြုတ် ကျွေးကြသည်။ တချို့ဒေသတွင် ရွာကို ဆင့်ဆိုကျွေးမွေးကြသည်။ ခေတ်ပညာတတ်များ ရာဇဝတ်ဘက်တွင် ဝင်ရောက်အမှုထမ်းလာကြသည့်အလျောက် ရပ်ရွာသို့ ဆင့်ကျွေးသော ထမင်းများကို ဓာတ်သမားများသဖွယ် မစားကြတော့ဘဲ မိမိ ထမင်းအိုးနှင့် တောတက်ကြသည်ကို တွေ့ရပါသည်။

ပုလိပ်ကို ထမင်းကျွေးလိုသောသူများလည်း ရှိတတ်ပါသည်။ ထိုသူများကား ထန်းရည်၊ အရက် လိုင်စင်စီများသာ ဖြစ်ကြပေသည်။ ထိုဆီးတောရွာ၌ကား ထန်းရည်၊ အရက်လိုင်စင်စီလည်း မရှိပါ။ သူကြီးမှာလည်း ပစ္စည်းရှိသူတစ်ဦး ဖြစ်သော်လည်း ကျွေးမွေးလေ့မရှိဟု သိရပါသည်။ သို့နှင့် တရားလို မိန်းမကြီး ပြောပုံထောက်ရလျှင် အမှန်ပင် သူကြီးက "မသာလက်ဖက်နှင့် မျက်နှာလုပ်" ဆိုသော စကားပုံနှင့် တူပေသည်။

ကျွန်ုပ်။ ။ 'အမေကြီးရယ် ကျွန်တော်တို့အတွက်တော့ ဂရုမစိုက်ပါနဲ့နော်။ ကျွန်တော်တို့မှာ စားစရာသောက်စရာ အပြည့်အစုံ

ပါလာပါတယ်။ ပြီးတော့ အမှုစစ် အရာရှိဆိုတာ အမှုပေါ်ဖို့သာ အရေးတကြီး စုံထောက်ရပါတယ်။ ဆုတို့၊ လာဘ်တို့ဆိုတာ မမျှော်လင့်ရပါဘူး'

ဤသို့သာ ပြောလိုက်သော်လည်း ကျွန်ုပ်တို့တွင် ဘာမျှ မပါလာပါ။ သို့သော် ကြိုတင်၍ပင် အငှား မော်တော်ကား မောင်းစားသူနှင့် ချစ်ကျွမ်းတဝင် ရှိနေသောကြောင့် ထိုအိမ်မှ ညစာထမင်းစားရန် ဖိတ်ထားခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်။ ။ 'ကဲ ရှိပါစေ အမေကြီး၊ ကျွန်တော် မေးတာကလေးများ နည်းနည်း ပြောပြစမ်းပါနော်၊ စိတ်လည်း မရှိပါနဲ့'

ဒေါ်ဖွား။ ။ 'မေးပါ မေးပါ။ ပြောပါ့မယ် မောင်ရယ်၊ အမှုသာ ပေါ်အောင် လုပ်ပေးပါ'

ကျွန်ုပ်။ ။ 'ကြိုးတော့ ကြိုးစားမှာပေါ့ အမေကြီးရယ်၊ အမေကြီးတို့ သားအမိက ကုန်ရောင်းကုန်ဝယ်များ လုပ်သေးသလား'

ကျွန်တော်က မဆီမဆိုင်ဟု ထင်ရသော မေးခွန်းကို ပထမဦးစွာ မေးလျှင် အမေကြီးမှာ အံ့အားသင့်သွားပုံ ရသည်။ ကျွန်တော် အမှန်အတိုင်း ပြောရလျှင် ဓားပြများ ဆဲဆိုဝင်တယ်၊ အမေကြီးနှင့် သမီးများက အိမ်ရှေ့က ခုတင်တွင် ည ၈ နာရီလောက်ထိ ထိုင်ပြီး စကားစမြည် ပြောနေကြစဉ် ဓားပြများ အိမ်ရှေ့ပေါက်မှ ဝင်လာပြီး ပထမ အမေကြီးနဲ့ သမီးကိုဖမ်း၊ အိမ်ရှေ့ ဝင်းတံခါးကြီးပိတ်၊ နောက် အိမ်ထဲဝင်၊ ပစ္စည်းတွေ ရှာ၊ အမေကြီးကို ဓားပြားနဲ့ ၃–၄ ချက်လောက် ရိုက်တော့ မြှုပ်ထားတဲ့ ပစ္စည်းတွေ ဖော်ပေးရတယ်။ ဓားပြများကို မမှတ်မိ၊ ကိုယ့်အိမ်ထဲတွင် ပစ္စည်းရှာတာက ၄ ယောက်၊ အပြင်မှာ ၃ ယောက်၊ တစ်ယောက်ကတော့ သေနတ်နဲ့တူတဲ့ လက်နက်တစ်ခု ကိုင်လို့၊ နောက် ဝင်းတံခါးကို ဖွင့်ပြီး ၁ နာရီ မရှိတရှိလောက် ကြာတော့ ထွက်သွားကြတယ် ဆိုတဲ့ ထွက်ချက်များမှာ ကျွန်ုပ် အရင် စစ်ဆေးသူ စစ်ဆေးပြီးလျှင် ကျကျနန ရေးထားပြီး ဖြစ်သောကြောင့် ထပ်ခါတလဲလဲ မေးနေလျှင်





အပိုသာ ဖြစ်ပါသည်။ သို့နှင့် ကျွန်တော်က မမေးတော့ဘဲ မည်သူများ ဖြစ်နိုင်သနည်း ဆိုသော လိုရင်းအချက်ကို သိလို၍ ၎င်းတို့နှင့် အဆက်အသွယ်၊ ၎င်းတို့ နေပုံထိုင်ပုံ၊ လုပ်ကိုင်ပုံတို့ကိုသာ ကျွန်တော့်တွင် အရေးကြီးနေပါသည်။ အမှုဖြစ်စဉ်မှာ အရေးမကြီးလှပါ။

ဒေါ်ဖွား။ ။ 'အရောင်းအဝယ်လေ၊ ကိုယ့်လယ် ကိုယ့်ယာက ထွက်တဲ့ နှမ်း၊ မြေပဲ၊ ပြောင်းတို့ ရောင်းပါတယ်။ လာရောင်းရင်လည်း ဝယ်တယ်။ အခု ဒီမှာ (စည့်) ခေါ် (ဂိုဒေါင်) ၂ လုံးရှိတယ်။ ဒီထဲမှာ လှောင်ပြီး ကြိုက်တဲ့ဈေး ရတဲ့အခါမှာ ရောင်းတာပေါ့လေ'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့၊ ငွေတိုးကော ချေးသေးသလား'

ဒေါ်ဖွား။ ။ 'ငွေတိုးလည်း ရွှေပေါင်နဲ့၊ နို့မဟုတ် အသီးအနှံ ဆိုရင်လည်း ပေါ်ကာ ပေးများလည်း ပေးပါတယ်'

ကျွန်ုပ်။ ။ 'အမေကြီး ယာတွေလယ်တွေက ဘယ်မှာ ရှိပါလဲ'

ဒေါ်ဖွား။ ။ 'လယ်တွေ ယာတွေကတော့ အရာတော်မြို့ အပိုင်ထဲမှာ များများရှိပါတယ်ကွယ်။ မိုးလေဝသကလည်း တယ်မကောင်း၊ လုပ်သားတွေကလည်း အရင်ကလို သိပ်ပြီး ကတညုတ၊ ကတဝေဒီတရားကလည်း သိပ်မရှိလှဘူး။ ဒီတော့ ရသင့်ရထိုက်သလောက် မရပါဘူးကွယ်။ သူတို့ ပေးသလောက်နဲ့ပဲ ကျေနပ်နေရတာ တော်တော်ကြာပါပြီ'

ကျွန်ုပ်။ ။ 'အဲဒီ လယ်ယာလုပ်တဲ့ လုပ်သားတွေကော ဘယ်မှာ နေကြသလဲ'

ဒေါ်ဖွား။ ။ 'အနံ့ပါပဲ၊ သစ်ကျင်းကြီးရွာ၊ ရသစ်ရွာ၊ ဟင်းသမရွာတွေမှာ ရှိတယ်'

ကျွန်ုပ်။ ။ 'သူတို့ တစ်နှစ်မှ တစ်ခါလောက် လာသလား၊ ဘယ်နှခါ လာကြသလဲ။ ခဏခဏ လာတဲ့လူများ ရှိသလား'

ဒေါ်ဖွား။ ။ 'တစ်နှစ်ကို အနည်းဆုံး ၂ ခေါက် ၃ ခေါက်လောက်

တော့ လာကြတာပါပဲ။ မျိုးယူရင်း၊ ငွေချေးရင်း၊ နောက် ထင်းကလေး ဘာကလေးများလည်း လာပို့ပေးတဲ့ အခါလည်း လာကြပါတယ်'

ကျွန်ုပ်။ ။ 'အမေကြီး စဉ်းစား ပြောစမ်းပါ။ ဒီ ၂ ရွာ ၃ ရွာက ခဏခဏ လာတဲ့ အလုပ်သမားကို သိချင်ပါတယ်'

ဒေါ်ဖွား။ ။ 'အင်း ... ဟင်းသမရွာသားများတော့ ခဏ ခဏ ဆိုတာလို လာတတ်ပါရဲ့။ အမေကြီးတို့နဲ့လည်း ဆွေရိပ်မကင်း မျိုးရိပ်မကင်းတွေ ဆိုပါတော့'

ကျွန်ုပ်။ ။ 'အမေကြီး အမှုမဖြစ်ခင် ဘယ်လောက် အကြာတုန်းက သူတို့ နောက်ဆုံး ရောက်သလဲ ဟင်'

ဒေါ်ဖွား။ ။ 'အမှုမဖြစ်ခင် ၇ ရက် ၈ ရက်လောက်က ထင်းလာပို့ကြတယ်'

ကျွန်ုပ်။ ။ 'ဘယ်နှရက်လောက် နေသွားသလဲ'

ဒေါ်ဖွား။ ။ '၂ ရက်လောက် ကြာသွားတယ်'

ကျွန်ုပ်။ ။ 'အမေကြီး အိမ်မှာ လာလာ အိပ်ဖန်စောင့်တဲ့ လူဟာ ဘာတော်သလဲ၊ သူ ဒီကို လာလာအိပ်တာ ဘယ်လောက်ကြာပြီလဲ'

ဒေါ်ဖွား။ ။ 'အမေကြီးရဲ့ တူပါပဲကွယ်၊ လာအိပ်နေတာတော့ ၃-၄ နှစ်လောက် ရှိပါပြီ'

ကျွန်ုပ်။ ။ 'ခါတိုင်း သူ အိမ် ဘယ်အချိန် ရောက်သလဲ'

ဒေါ်ဖွား။ ။ 'ခါတိုင်းဆိုရင် သက်ကြီးခေါင်းချ (၉ နာရီအချိန်) လောက် ရောက်တယ်။ တစ်ခါ တစ်ခါလည်း စောပါတယ်'

ကျွန်ုပ်။ ။ 'အမေကြီးတို့ သားအမိက သူလာမှ တိုက်ထဲ ဝင်အိပ်သလား။ အိမ်ရှေ့က ဝင်းတံခါးပေါက်ကော သူလာမှ ပိတ်သလား'

ဒေါ်ဖွား။ ။ 'တစ်ခါတစ်ခါလည်း သူလာမှ သားအမိ ၂ ယောက် ဝင်အိပ်တယ်။ တစ်ခါတစ်ခါလည်း သူမလာခင်ဘဲ ဝင်အိပ်ကြတယ်။ ဝင်းတံခါးကတော့ အများအားဖြင့် တူကလေး လာမှပဲ ပိတ်အိပ်တယ်'





ကျွန်ုပ်။ ။ 'ဟို ... ဟင်းသမက လူတွေ လာတုန်းက လူစိမ်း တစ်ယောက်များ ပါမလာဘူးလား'

ဒေါ်ဖွား။ ။ 'လူစိမ်းရယ်လို့တော့ မဆိုနိုင်ပါဘူးကွယ်၊ ပါတော့ လာတယ်။ သူကတော့ အရင်က မလိုက်လာခဲ့ဖူးဘူး။ ဒါပေမဲ့ အမေကြီးတို့ လုပ်သားတစ်ယောက်ပါပဲ'

ကျွန်ုပ်လည်း ခရေစေ့တွင်းကျပင် သူတို့ နေ့စဉ် နေပုံထိုင်ပုံ၊ ကူးလူးဆက်ဆံပုံတို့ကို မေးရသည်။ အဆက်အသွယ် ရှိသူများသာ လျှင် လက်ထောက်ချ၍ ဓားပြတိုက်နိုင်သဖြင့် အစအနရအောင် မေးမြန်း၍၊ မသင်္ကာဖွယ်ကောင်းသော အချက်အလက်ကလေးများ မှတ်သား ထားပါသည်။

ဓားပြများမှာ အမေကြီး၏တူ ငထွား အိမ်မရောက်မီ အမေကြီး နှင့် သမီး ၂ ယောက်ထဲ နေသောအချိန် ရွေးပြီးတိုက်သဖြင့် ဒေါ်ဖွားတို့ အနေအထိုင်ကို လေ့လာရပေမည်။ တိုက်အိုကြီးတွင် နေသူများဖြစ်၍ ဤမျှ ရွှေငွေရှိနိုင် မရှိနိုင်ဆိုသည်မှာလည်း ၎င်းတို့နှင့် ဆက်ဆံသူများ မှသာ အတွင်းအပြင် သိနိုင်ပေမည်။

ကျွန်ုပ်တွင် စုံစမ်းရန် အစအနများ ရပေပြီ။ သို့သော် ညနေနှင့် ညများတွင် လေ့လာရန် ကျန်ရှိနေသေးသဖြင့် ၎င်းတို့နှင့် အာလာပ သလ္လာပများ ပြောကြားပြီး တည်းအိမ်သို့ ပြန်လာပါသည်။

**ညဦးအချိန်တွင် လေ့လာခြင်း**

ထိုနေ့ ညနေ ၇ နာရီလောက်တွင် ဒေါ်ဖွား အိမ်သို့ ကျွန်ုပ် သွားပြန်ပါသည်။ ဝင်းရှေ့တံခါးကြီးမှာ သော့ခတ်လျက် ပိတ်ထားသည်ကို တွေ့ရပါသည်။ ကျွန်ုပ်က ဒေါ်ဖွားအား 'အမေကြီး၊ သူခိုးနောက်မှ အကြံရ ဆိုတာလို ဖြစ်နေပြီ' ဟုပြောလျှင်၊ အမေကြီး ဒေါ်ဖွားမှာ ပြုံးလျက် 'ဟုတ်ပါရဲ့၊ အစကသာ ဒီလို နေ့တိုင်း သော့ခတ်ခဲ့မယ်ဆိုရင် ဓားပြ တွေ လွယ်လွယ်ဝင်နိုင်မှာ မဟုတ်ဘူး'

ကျွန်ုပ်။ ။ 'အမေကြီး တံခါးကို ပိတ်ထားလို့ သူတို့ ကျော်တက်ဝင်ရမယ်ဆိုရင် ဘယ် ဒီကောင်တွေ တိုက်နိုင်မှာလဲ။ ကျော်ဝင်ပြီ ဆိုကတည်းကပဲ အမေကြီးတို့ အော်ပြီး နောက်ဖေး မလွယ်ပေါက်က ထွက်ပြေးနိုင်တာပေါ့'

ဒေါ်ဖွား။ ။ 'ဟုတ်ပါရဲ့ မောင်ရယ်၊ အိမ်က လူကတော့ ဆယ်ရေး တစ်ရေး ကိုးရေးတစ်ရာ ဆိုတာလို စီမံထားတာပါပဲ။ အမေကြီးတို့က ပေါ့ပေါ့ဆဆ နေမိလို့ပဲ'

ကျွန်ုပ်တို့တွင် ဘယ်အမှု ဘယ်ကိစ္စမဆို ပထမတွင် မပေါ့မလျော့သော လုံ့လနှင့် ပြုခဲ့ကြသော်လည်း တဖြည်းဖြည်း မေ့ပျောက်ကာ လျစ်လျူရှုတတ်စမြဲ ဖြစ်သည်။ ရဲဥပဒေများ၊ စည်းကမ်းသေဝပ်မှုများကို ကျွန်ုပ်တို့ ဆပ်ကျောင်း (ရဲသိပ္ပံ) တွင် တင်းကျပ်စွာ သင်ယူလေ့လာခဲ့သော်လည်း နယ်ရောက်သောအခါများတွင် ထိုစဉ်က ကျင့်သုံးသကဲ့သို့ မကျင့်သုံးကြဘဲ ပေါ့ပေါ့ဆဆ နေတတ်ကြသည်။ အထက်လူကြီး၏ ဂရုပြုမှု၊ မပြုမှုပေါ်တွင် မူတည်၍ ကျွန်ုပ်တို့ ပေါ့လျော့မှုများ ဖြစ်ပေါ်လာတတ်ကြသည်။

ခရိုင် ရဲဗိုလ်ချုပ်မှူးတို့သည် အများအားဖြင့် မိမိတို့ အပေါ်တွင် ကျရောက်မည့်ဘေးကို ကာကွယ်လိုသော သဘောဖြင့်သာ အမိန့်များ ထုတ်ဆင့်ကြသည်။ ထိုအမိန့်ကို လိုက်နာမှုရှိ မရှိကိုကား မစူးစမ်းကြပေ။

ဥပမာ "တရားခံ ထွက်မပြေးနိုင်ရန် ဥပဒေအရ ထုတ်ဆင့်သော အမိန့်များအပြင်၊ ထွက်ပြေးခဲ့သော် မိမိ ပေါ့လျော့မှု မပါစေရန် မည်သူက ညဘယ်အချိန်၊ စန္ဒြီစောင့်သူအား စစ်ဆေးရမည်" ဟု အမိန့်များ ထုတ်ဆင့်ကြ၏။ သို့သော် ထိုအမိန့် ထုတ်ဆင့်ပြီးသည့် နောက်ကွယ်တွင် ထိုအမိန့်ကို လိုက်နာသည်၊ မလိုက်နာသည်ကိုကား မည်သူမျှ ဂရုမပြုတော့ပေ။ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် ၎င်း ထုတ်ထားသော အမိန့်ကိုပြ၍ အကာအကွယ် ယူတတ်ကြသည်ကို တွေ့ရှိခဲ့ရပေသည်။





ရပ်ရွာ ကင်းများလည်း ဤနည်းနှင်နှင် ဖြစ်တော့သည်။ (ဤကား စကားချပ်)

ထိုညတွင် တရားခံများ ပြေးဝင်လာပုံ၊ စောင်နှင့် အုပ်ထားပုံ၊ ဓားပြားနှင့် ရိုက်နှက် ငွေတောင်းပုံ၊ ထွက်သွားပုံ၊ ပထမဆုံး ၎င်းတို့ တွေးထင်ပုံတို့ကို သေချာ စေ့ငစွာ စုံစမ်းပါသည်။

ထိုသို့ စုံစမ်းခြင်းအားဖြင့် သိရသော အချက်ကား ဓားပြပေါက်စလော၊ ဓားပြကြီး တိုက်နေကျလော ဆိုသည်ကို သိရှိနိုင်သည့်အပြင် ဘယ်နည်းကို ဘယ်လို လူဆိုးက ပြုလုပ်တတ်သည်ကို ကျွန်ုပ်တို့ မှတ်တမ်း ရာဇဝင်တို့တွင် ရှိပေသည်။

ငထွားကိုလည်း တွေ့ရပေသည်။ ငထွားကား လူရိုးသက်သက် ဖြစ်ရပေမည်။ သူ ထိုနေ့ညက အနည်းငယ် နောက်ကျမှ ရောက်လာခြင်းကား ဓားပြနှင့် အဆက်အသွယ်ကြောင့် မဟုတ်ဘဲ ရိုးရိုး လူပျိုတို့ ဘာဝ အလည်ကြူးနေခြင်းပင် ဖြစ်ကြောင်း သိရပေသည်။

ဒေါ်ဖွားက ထင်းပို့လာသော လုပ်ဘားထဲတွင် အရင်က ပါမလာဖူးသူ၊ လူစိမ်းဟု မဆိုသာသော်လည်း တစ်ခါသာ လာဖူးသူ ဟင်းသမ ရွာသားတစ်ယောက် အကြောင်းကို ငထွားအား စုံစမ်းရာ၊ ဘိုးထူးဟု ခေါ်ကြောင်း၊ အသက် ၂၀–၂၅ နှစ်လောက် ရှိမည် ထင်ရ၍ လူစုံ တစ်ယောက် ဖြစ်ကြောင်းများလည်း သိခဲ့ရပေသည်။

ကျွန်ုပ်တို့ ရဲအဖွဲ့၏ ရာဇဝင်အရဆိုလျှင် ဟင်းသမ၊ ရသစ်၊ တောင်ကုန်း စသော ဒေသများကား ဓားပြထွက်ရာ အရပ်များ ဖြစ်သည်။ ဘိုးထူးသည် တစ်စိတ်တစ်ဒေသအားဖြင့် လက်ထောက်ချသူ၊ သို့မဟုတ် ပါဝင်သူ ဖြစ်ရမည်ဟု ယူဆရန်ရှိပေသည်။ ကျွန်ုပ်အလျှင် စစ်ဆေးသူ ဘာပြောထားသည်ကို ကျွန်ုပ် ထိုညက ၎င်း၏ အမှုနေ့စဉ်မှတ်တမ်းများကို ကြည့်ရှုသော် ဘိုးထူး အကြောင်း မပါပေ။ ဘိုးထူးတို့ ဓားပြ မတိုက်မီ ရောက်သော အချက်ကလေးကိုပင် ၎င်း၏ မှတ်တမ်းများတွင်

မတွေ့ရှိပါ။ သို့သော် ဟင်းသမ၊ ရသစ် ရွာများကိုကား သူ ရောက်ခဲ့ပြီ။ မသင်္ကာသူများ၏ အသွားအလာများ စစ်ဆေး မှန်ကန်သည်ဟု ဖော်ပြထားပါသည်။

ဘိုးထူးကို စစ်ရပေမည်။

ဒေါ်ဖွား။ ။ 'ဌာနာပိုင်ကြီးရယ်၊ အရင် အမှုစစ်တဲ့လူ လာတုန်းကတော့ မတွေ့ခဲ့မိလို့လား၊ အိမ်က ကြိုး မှတ်လို့ပဲလားတော့ မပြောတတ်ပါဘူး။ အမှုစစ်တဲ့ လူကိုလည်း မပြောမိဘူး။ အခုတော့ အိမ်က ကြိုး မဟုတ်တာ အမှန်ပဲ။ ဟို ဓားပြတိုက်တုန်းက ကျုပ်လက်ကို ချည်တဲ့ကြိုးဟာ ဒီမှာရှိတယ်'

ကျွန်ုပ်။ ။ 'ဟာ အမေကြီးနှယ် နေရာကျလိုက်တာ၊ ပြပါဦးဗျာ၊ ကြည့်ရအောင်'

ဒေါ်ဖွားနှင့် သမီးမှာ ထိုကြိုးကို အသိမ်းလွန်နေကြသောကြောင့် အတော် ရှာရပေသည်။

ထိုကြိုးမှာ ထန်းသမားများ ကိုင်သော မြူအိုးကြိုး ဖြစ်သည်ကို တွေ့ရပေသည်။ ထိုကြိုးကို သိမ်းဆည်းခဲ့ပေသည်။ အလွန် အသုံးကျ၍ အဖိုးတန်သောကြိုး ဖြစ်ပေသည်။ ညဥ့်တော်တော်နက်သည့်တိုင်အောင် လက်ဖက်ရည်ကြမ်း တစ်အိုးပြီး တစ်အိုး ငုံ့ငုံ့သောက်လျက် စကားပြောနေကြသည်။ အမယ်ကြီးနှင့် သမီးအကြောင်း ကျွန်တော် သိလိုသမျှ အချက်တွေ သိရှိခဲ့ရပေပြီ။

**ထန်းသမားကြိုး**

တည်းအိမ်သို့ ပြန်လာကြသော်လည်း အိပ်မပျော်နိုင်။ ရရှိခဲ့သော သဲလွန်စကလေးကို တွေးလျက် ဟိုစောင်း ဒီလှန်နှင့် ဝိတက်တွေ ပွားနေရာ၊ ဘေးနားတွင် အိပ်သူ စာသင်ကြီး ကိုပုက–

'ဆရာ၊ အိပ်မပျော်သေးဘူးလား'





ကျွန်ုပ်။ ။ 'မောင်ပုရယ် ... ဘယ်အိပ်လို့ ရမလဲကွာ။ အမှုက အမှုဟောင်းကြီး၊ တခြား ရဲအုပ်က မပေါ်နိုင်တော့ဘူး ဆိုတော့မှ ငါ့ပေးတယ်ကွာ။ ပြီးတော့ ခရိုင်ရဲပိုလ်မှူးကလည်း မင်းကြိုးစားပြီး ပေါ်အောင် လုပ်ပါတဲ့။ ဒီအမှုနဲ့ပဲ ငါနာမည်ကောင်း ရလာလေသမျှ ပျက်ရတော့ မလောက် ဖြစ်နေပြီ မဟုတ်လားကွ'

ရဲကြပ်ပု။ ။ 'ဆရာရယ် ဒီလောက်လည်း မပူစမ်းပါနဲ့၊ မရလည်း ဘယ်တတ်နိုင်မလဲ။ ဒါပေမဲ့ ဆရာ့ကုသိုလ်ကလေးကတော့ ကောင်းတယ် ဆရာ'

ကျွန်ုပ်။ ။ 'ဘယ်လိုလဲကွ၊ မင်း သတင်းစပ်စုခဲ့တာများ ပြောစမ်းပါဦး'

ရဲကြပ်ပု။ ။ 'အရင်စစ်တဲ့ လူတွေတုန်းက မီးအိမ်တို့၊ အိမ်ကထုပ်တို့သာ သက်သေခံအဖြစ် သိမ်းကြပေမယ်လို့ တရားခံ ညွှန်ပြတဲ့ တရားခံပစ္စည်းက ဘာတစ်ခုမှ မရဘူး မဟုတ်လား ဆရာရဲ့။ ဆရာ့ကျတော့မှ သူတို့ပစ္စည်း မဟုတ်၊ တရားခံ ကျန်နေတဲ့ ကြိုးတစ်ချောင်း ရတယ် မဟုတ်လား'

ကျွန်ုပ်။ ။ 'အေး ဒါလည်း ဟုတ်တယ်။ ဒါနဲ့ မင်းကတော့ ထန်းရည်သမား တစ်ယောက်ပဲ။ ထန်းတဲ ပေါင်းစုံလည်း ရောက်တဲ့ ဆားပုလင်းပဲ။ ကဲ မင်းနဲ့ငါ ဒီကြိုးပေါ်က အသားထုတ်ရအောင်။ ထ ကွာ၊ မီးထွန်းပါဦး'

ဆားပုလင်း ဆိုသည်မှာ အင်္ဂလိပ်စကား (SURVEILLANCE) က လာသောစကား ဖြစ်ပါသည်။ လူဆိုးစစ်ဟု မြန်မာလို ခေါ်နိုင်ပါသည်။ သို့သော် မခေါ်ကြပါ။ အကြောင်းကတော့ "ဆား" ဆိုသည်မှာ ဟင်းအိုးတိုင်းတွင် သူ မပါ မပြီးသလို အမှုကိစ္စဖြစ်စေ၊ အခြားကိစ္စ ဖြစ်စေ ဘာမဆို လူဆိုးစစ်များ မပါလျှင် ရဲအဖွဲ့တွင် မပြီးသလောက် ရှိခြင်း

ကြောင့် ၎င်းတို့ အလုပ်နှင့် ၎င်းအင်္ဂလိပ် စကားကို မြန်မာဆန်ဆန် အမည်ပေးခြင်းများ ဖြစ်ဟန်တူပါသည်။

ကျွန်ုပ်တို့ နှစ်ယောက်လည်း မအိပ်ရသေးသော်လည်း တစ်ရေးနိုးအကြံပေါ်၊ ပေါ်တဲ့အကြံ တစ်သောင်းတန် ဆိုသည့်အလား လူဆိုးများ ကျန်ရစ်ခဲ့သော ကြိုးပေါ်မှ အတွေးအခေါ်များ ပြုလုပ်ကြရန် ထ ကြပါသည်။

ကျွန်ုပ်သည်လည်း သိမ်းဆည်းလာသော ထန်းရည်မြူအိုး ချသော ကြိုးကို ကြည့်ရှုလျက် 'ဟေ့ မောင်ပု၊ ဒီကြိုးဟာ ရသစ်၊ ဟင်းသမက ကြိုးပဲကွ'

ရဲကြပ်မောင်ပု။ ။ 'ဟုတ်တယ် ဆရာ၊ သူတို့ဆီက ထန်းလျှော်ကြိုးပေါ့။ ဝယ်တာ မဟုတ်ဘူး ဆရာ၊ အိမ်ကျစ်ပဲ'

ကျွန်ုပ်။ ။ 'ဟုတ်ပြီဟေ့'

ရဲကြပ်မောင်ပု။ ။ 'ကျွန်တော် သေသေချာချာ ပြောရမှာဖြင့် ဟင်းသမ၊ ထန်းသမား ကြိုးအစစ်ပဲ ဆရာရေ့'

ကျွန်ုပ်။ ။ 'ဘယ်လိုကြောင့်လဲကွ'

ရဲကြပ်။ ။ဒီမယ် ဆရာ၊ လျှော်ကြိုး၊ ပိုက်ဆံချည်ကြိုး၊ နာနတ်ချည်ကြိုး ဆိုတာ သူတို့အပိုင်းမှာ မသုံးဘူး။ ထန်းလျှော်ပဲ သုံးတယ်။ ဒါကြောင့် တစ်ကြောင်း၊ ပြီးတော့ ကျွန်တော်တို့လည်း ထန်းတဲစုံ ရောက်နေတဲ့ အကောင်တွေပဲ ဆရာ၊ ဒါလောက်တော့ မျက်စိစူးပြီးသားပါ'

ကျွန်ုပ်လည်း သေသေချာချာ ကြည့်ရှု စစ်ဆေးပြီးနောက် 'ဟေ့ မောင်ပုရေ၊ ဟောဒီကြိုးဟာ ခါတိုင်း ကြိုးများနဲ့လည်း မတူဘူးကွ။ ဘယ်လိမ် ကျစ်ထားတယ်၊ မင်း ကြည့်စမ်း'

ရဲကြပ်။ ။ 'ဟုတ်တယ် ဆရာရေ့၊ ဒီလိုဆိုရင် ကျွန်တော်တို့ ရှာရ လွယ်တာပေါ့ဆရာ။ ဟင်းသမ သွား၊ ထန်းတဲတွေ လျှောက်ပြီး ဘယ်လိမ်ကျစ်တဲ့ ကြိုးရှင် ရအောင်ရှာပေါ့'





ကျွန်ုပ်။ ။ 'အေး ဒါ တို့အလုပ်ပဲ၊ သဲလွန်စမှာ တို့ တွေးလုံးမှန်ရင်တော့ အမှုပေါ်ဖို့ လွယ်တာပေါ့ကွာ'

ဆရာတပည့် နှစ်ယောက် ကိုယ့်အတွေးနှင့်ကိုယ် တော်တော်သဘောကျပြီး စကားပြောနေသည်မှာ မိုးပင် လင်းလုပြီဖြစ်၍ တစ်ရေးအိပ်ကြပေတော့သည်။

## ခရီး ဆက်ထွက်ခြင်း

နံနက် ၇ နာရီလောက်တွင် ထ ကြပြီး ဟင်းသမ၊ ရသစ်ရွာသို့ လိုက်ရမည်ဟု သဲလွန်စက ညွှန်ပြနေရာ ကျွန်ုပ်တို့လည်း မဆိုင်းမတွဘဲ ထွက်လာခဲ့ကြသည်။ တောခရီး သွားရမည့်အပြင် လမ်းမှာ ဖြူးဖြောင့်ခြင်း မရှိသဖြင့် နောင်ကြီးအိုင်ရွာသို့ ပထမ နံနက်စာစားရန် ထွက်ခဲ့ကြပါသည်။

ထိုနောင်ကြီးအိုင် ဆိုသောရွာမှာ အတော်ကြီးသော ရွာကြီးတစ်ခု ဖြစ်ပေသည်။ သူကြီးမှာ ဝံသာနုခေတ်တွင် ဝံသာနု ဩဇာအာဏာဖြင့် သူကြီး ဖြစ်လာသူဖြစ်၍ အတော်ရိုးသား ဖြောင့်မတ်သည့်အပြင် ရဲအဖွဲ့အားလည်း အကူအညီပေးသူ တစ်ယောက် ဖြစ်ပေသည်။ ဥစ္စာကြေးငွေလည်း တောင့်သူတစ်ယောက် ဖြစ်၍ လာသမျှ ရဲအဖွဲ့၊ မြို့နယ်အဖွဲ့ကို ဒိုင်ခံ၍ ဧည့်ခံကျွေးမွေးလေ့ ရှိသူတစ်ဦး ဖြစ်၍ အားမနာတမ်း စားနိုင်သော အိမ်တစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့မှာလည်း အိုးခွက် ဆောင်နိုင်သော ရဲအရာရှိ မဟုတ်သဖြင့် နံနက်စာအတွက် အကွက်ရိုက်၍ ထွက်လာခြင်းပင် ဖြစ်ပေသည်။

ထိုရွာတွင် အရာတော် ဌာနာပိုင်နှင့် တိုက်ပိုင်မင်းများလည်း အဆင်သင့် ရောက်ရှိနေကြပြီ။ ကျွန်ုပ်က ဆီးတောရွာ ဓားပြတိုက်မှုကို လိုက်လာကြောင်း၊ ရရှိခဲ့သော အစအနကို ပြောပြ ကူညီပေးပါရန် တောင်းပန်လျှင် –

အရာတော်ဌာနာပိုင်။ ။ 'အဲ အဲ ... ဒီအမှုက မပြီးသေးဘူးလား'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့။ ရာဇဝတ်ဝန် (ခရိုင်ရဲပိုလ်မှူး) က ဒီလောက် ပစ္စည်းများများ ပါသွားတဲ့အမှု ဖြစ်တယ်တဲ့။ ဒီတော့ ပစ္စည်းက စပြီး တောင် ပေါ်နိုင်တယ်ပေါ့လေ။ ကျွန်တော်တို့ ရဲအဖွဲ့က ညံ့လို့ မပေါ်တာ တဲ့။ ဒီတော့ စုံထောက်ဌာနာက ထပ်မံစစ်ဆေးပါလို့ဆိုပြီး ကျွန်တော့် အစစ်ခိုင်းတယ်'

တိုက်ပိုင် ရဲပိုလ်မှာ ကျွန်ုပ်တို့ ဌာနာကိုလည်း ကြည့်ရှုရသူ ဖြစ်ရာ ၎င်းက 'ဟုတ်တယ်ဗျ၊ ခင်ဗျားလည်း တတ်နိုင်တဲ့ဘက်က ကြည့်ကူလိုက်ပါဦး။ ဒါဟာ ရဲအဖွဲ့ အတော် နာမည်ပျက်နေပြီ'

အရာတော် ဌာနာပိုင်။ ။ 'ဆရာရယ် အမှုမပေါ်တာ ဘာထူးဆန်းလို့လဲ။ ခိုးပြတိုက်ခံရတဲ့ အိမ်က လူလည်း မသိ၊ ပုံသဏ္ဌာန်မှလည်း မပေးနိုင်၊ အစအနလည်း မကျန်ရစ်။ ဒီလိုဆိုတော့ ကျွန်တော်တို့က ဘယ်လိုရအောင် လုပ်ရမှာလဲ ဆရာရယ်၊ စဉ်းစားပါဦး'

ကျွန်ုပ်။ ။ 'ဌာနာပိုင်ကြီးရယ်၊ အစအန ဆိုတာကတော့ အခု ကြိုးတစ်ခု ရခဲ့တယ်။ ဒီကြိုးရဲ့ အကြောင်းပေါ်မှာ စဉ်းစားတော့ ဒီ ဟင်းသမ၊ ရသစ်ကို ခြေရာကျနေတယ်'

အရာတော် ဌာနာပိုင်။ ။ 'အင်း ... ခင်ဗျားတို့ ဌာနာက လာမှတော့ ဒီရသစ်နဲ့ ဟင်းသမပဲ၊ တောင်ကုန်းပဲ ကျားကန် ပြောနေတော့တာပဲ။ အရင်လူ စစ်တုန်းကလည်း ကူညီခဲ့ပါတယ် ဆရာ။ ရသစ်၊ ဟင်းသမ၊ တောင်ကုန်းတွင် ဘယ်ကမလဲ၊ မူးရိုးတစ်လျှောက်က အုပ်ရှစ်ကြီး၊ အုပ်ရှင်းကြီး စတဲ့ နေရာက လူဆိုးရှိသမျှ စစ်လိုက်ကြ၊ ဆေးလိုက်ကြ၊ မေးလိုက်ကြနဲ့ဟာ။ ဆရာ့နှယ် ပြောင်းဆန်သွားတာပေါ့'

ကျွန်ုပ်။ ။ 'ဟုတ်မှာပါပဲ၊ ဒါပေမဲ့ အရင်က အရမ်းလုပ်ကြတာတွေပဲ၊ အခုတော့ သဲလွန်စနဲ့ လိုက်ရမှာတော့ သိပ်ခက်မယ် မဟုတ်ပါဘူး ဌာနာပိုင်ကြီးရယ်'





ဌာနာပိုင်။ ။ 'ခင်ဗျားက ရှားလော့ဟုမ်း စတိုင်တွေ ထုတ်မနေ စမ်းပါနဲ့ဗျာ။ ဟိုဟာက ဝတ္ထု စိတ်ကူးယဉ်ယဉ်နဲ့ ရေးထားတာတွေပါ။ တကယ် လက်တွေ့ကျတော့ ဒီလို ဘယ်ရမလဲ။ ကျွန်တော် ခါးပြမှု ပေါင်း ဘယ်လောက်များပလဲ စစ်ခဲ့တာ၊ ဒါမျိုးနဲ့တော့ ဘယ်တော့မှ မရခဲ့ဖူးပါဘူး။ မနက်ဖြန် ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်ခဲ့၊ အုပ်ရှစ်ကြီး သွားမယ်။ အဲဒီက ဟင်းသမကိုတော့ သိပ်လည်း မဝေးပါဘူး။ ၁ တိုင်ခွဲ၊ ၂ တိုင်လောက်ပဲ ရှိမယ်။ ပြီးတော့ ကျွန်တော့် (အင်ဖောမား) သတင်းပေးနဲ့ တွေ့ပေးမယ်။

'ကဲ ဟုတ်လား'

ကျွန်ုပ်မှာ "သူသည် ဌာနာပိုင် ဖြစ်ပေတယ်။ သူ့နယ်အတွင်းမှာလည်း ဖြစ်တယ်။ သူပြောတာပဲ ငါလိုက်လုပ်ရဦးမှာပဲ၊ ငါ့ထက်လည်း လုပ်သက်ရင့်ပေတယ်" ဆိုတဲ့ သဘောနှင့်ပင် "အင်း" လုပ်ခဲ့ရပေတော့သည်။

သူ၏ ယူဆချက်နှင့် ကျွန်ုပ်တို့၏ ယူဆချက်များ မကိုက်လှပါ။ တိုက်ပိုင်မင်းကလည်း သူ့ဘက်ကပင် ပါနေပြီ။ ကျွန်ုပ်တို့မှာ သူတို့နှင့် တွေ့နေရသဖြင့် တစ်ကြောင်း၊ တိုက်ပိုင်မင်းကြောင့် တစ်ကြောင်း သူတို့ ခေါ်ရာသာ ကျွန်ုပ်တို့ လိုက်ရပေတော့မည်။ သို့သော် တစ်နည်း တစ်လမ်းအားဖြင့် ကိုယ့်တပည့်ကို ကိုယ်ခိုင်းမည်ဟုလည်း စိတ်တွင် တွေးထင်ထားရသည်။

သို့နှင့် ကျွန်ုပ်၏တပည့် ရဲကြပ် မောင်ပုအား 'မောင်ပုရေ တို့တော့ ချောက်ပဲကွာ။ ဌာနာပိုင်နဲ့ တိုက်ပိုင်နဲ့ကတော့ ငါ့ကို အုပ်ရှစ်ကြီး ခေါ်နေပြန်ပြီ။ မလိုက်လို့လည်း မဖြစ်ဘူးကွ။ ဒီတော့ မင်း ရသစ်ကိုသွား၊ ဟင်းသမ မသွားနဲ့ဦး။ ပြီးတော့ အဲဒီ ရွာသူကြီးက တို့ ၂ လုံးပြူးဆု တောင်းပေးထားတော့ သူ ကူညီပါလိမ့်မယ်ကွာ။ ငါနဲ့လည်း တော်တော်ခင်ပါတယ်။ သူ့ကို ရခဲ့တဲ့ ကြိုးကို ပြကြည့်ပေါ့။

သူက တို့ထင်သလို ထင်တယ်ဆိုရင် ဘိုးထူးကို ခေါ်စစ်ခဲ့ကွာ၊ သိလား။ ပြီးတော့ မင်း လိုက်ခဲ့'

ဤသို့ ဆရာတပည့် ၂ ယောက် တိုင်ပင်ထားပြီး နောက်တစ်နေ့တွင် ကျွန်ုပ်တို့က အုပ်ရှစ်ကြီးရွာသို့ ထွက်သွားကြပါသည်။

## အုပ်ရှစ်ကြီးရွာ

ထိုရွာမှာလည်း အတော်ကြီးသော ရွာကြီးတစ်ခု ဖြစ်ပေသည်။ ၎င်းရွာသူရွာသားတို့ကား စပါးစိုက်ပျိုးနိုင်စေရန် မူးလက်တက်များရှိ၍ ဆည်မြောင်းများ ရှိသောကြောင့် တစ်ကြောင်း၊ ဆန်စက်လည်း ရှိသောကြောင့် တစ်ကြောင်း၊ မြို့ကြီးများနှင့် ဝေးလင့်ကစား သာယာသော တောရွာတစ်ရွာ ဖြစ်သည့်အပြင် နေစေချင့်ဖွယ် ရှိလှပေသည်။

ရဲအဖွဲ့ဝင်တို့ မှီခိုအားထားစရာအဖြစ် လက်ဖက်ရည်၊ ကော်ဖီမှအစ ဟင်းကောင်း ထမင်းကောင်းနှင့် ဧည့်ခံကျွေးမွေး ပြုစုတတ်သည့် ရွာလူရည်တတ် တစ်ယောက်လည်း ရှိသည်။ သူကား ရာဇဝတ် အဖွဲ့ဝင်များနှင့်သာ အကျွမ်းတဝင် နေတတ်သည်။ တရားမဘက် မြို့နယ်အရာရှိနှင့်ကား မပေါင်းမသင်းတတ်။ သို့နှင့်သက်သက် ရဲအဖွဲ့သားတစ်ယောက် ဖြစ်ပေသည်။ သူ့ထံမှ သတင်းမျိုးစုံ ရနိုင်ပေသည်။ ၎င်း၏တပည့်များကား တောင်သူလယ်သမားများ ဖြစ်၍ သတင်းပေါင်းစုံ ရနေပေရကား ရဲအဖွဲ့ဝင်တို့အား ကူညီစောင့်ရှောက်နိုင်စွမ်းအား ရှိပါပေသည်။

ကျွန်ုပ်တို့ ဌာနာပိုင်ကြီးနှင့်ကား ပုထိုးမနိုင် ညောင်မနိုင် ဆိုဘိအလား များစွာ အလွန်းသင့်ပေသည်။ အရာတော် မြောက်ပိုင်းရှိ လူဆိုးသူဆိုး သတင်းပေါင်းစုံ ရနိုင်သည့်အပြင် စားရေးသောက်ရေး ချောင်ချိသဖြင့် လူဆိုးစစ်များ၊ သမ္မန်ချ ဝရမ်းဖမ်းလာသော ရဲအဖွဲ့ဝင်တို့၏ မှီခိုအားထားရာတစ်ခု ဖြစ်ပေသည်။ ထိုကုန်သည် ပွဲစားကြီးမှာ "ဦးတင်လှ" ဟု ခေါ်ပါသည်။ ဦးတင်လှကား ကျွန်တော့်အား မြင်လျှင်–





'အလို စုံထောက်ကြီးပါ တောထွက်လာသလား၊ ဘာများ အရေးတော်ပုံ ပေါ်နေပြန်ပြီလဲ။ ကျွန်တော်တို့ဘက်ပိုင်းက ငွေပုလဲ ဆရာတော်တို့လည်း အခုတော့ အတော်ငြိမ်နေကြပါတယ်'

ကျွန်ုပ်။ ။ 'ကျွန်တော် ဝံသာနုခေါင်းဆောင် ကိစ္စနဲ့ လာတာမဟုတ်ပါဘူး ခင်ဗျာ၊ အမှုနဲ့ လာတာပါ' ဟု ကျွန်တော်က ပြန်ပြောလျှင်၊ ဌာနာပိုင်မင်းက 'ဝံသာနုသတင်း စုံစမ်းရတာ ပျင်းလို့ လူဆိုးထွက်ဖမ်းလာတာဗျ၊ သူ အခု စုံထောက်မောင်စံရှား ဖြစ်လာပြီ

ဦးတင်လှမှာ ရယ်လျက် 'ဪ ... ဟုတ်လား၊ ကောင်းပါတယ်၊ ကောင်းပါတယ်'

ငွေပုလဲ ဆရာတော် ဆိုသည်မှာ ဝံသာနုခေါင်းဆောင် ဘုန်းတော်ကြီးတစ်ပါး ဖြစ်ပေသည်။ သက်ပန်း ဂျီ၊ စီ၊ ဘီ၊ အေ တွင်ကျွန်ုပ်တို့နယ်မှ ဗဟိုအမှုဆောင် ဘုန်းတော်ကြီး ဖြစ်၍ အတော် ဩဇာတိက္ကမ ရှိပေသည်။ ကျွန်ုပ် ခါတိုင်းလာလျှင် ၎င်းငွေပုလဲ ဆရာတော်ကိစ္စနှင့်သာ လာရသည်ကား များ၍ ဦးတင်လှက ငွေပုလဲ ဆရာတော်အကြောင်း စတင် ပြောလိုက်ခြင်းပင် ဖြစ်ပေသည်။

ဌာနာပိုင်မှာ သူ့အလုပ်ကိုသာ လုပ်နေသည်။ ကျွန်ုပ်အား လိုက်ခဲ့ပါ ခေါ်ပြီး ဘာမျှ သူ ကျွန်ုပ်အတွက် လုပ်ပေးသည်ကို မတွေ့ရပါ။

နောက်တစ်ရက်မျှ ကြာလျှင် ကျွန်ုပ်၏ရဲကြပ် မောင်ပု ပြန်လာပါတော့သည်။ ၎င်းက ကျွန်ုပ်အား တိုးတိုးကပ်၍ 'ဆရာ၊ ကျွန်တော်တို့ ရတဲ့ ကြိုးဟာ ဟင်းသမက မြူအိုးကြိုး ဆိုတာတော့ ဟုတ်တယ်တဲ့ ဆရာ၊ ဘယ်ကျစ် ကျစ်တတ်တဲ့ ကြိုးရှင်ကို သူကြီးက သူ ရှာပါမယ်လို့ အာမခံတယ်'

ကျွန်ုပ်။ ။ 'မောင်ပုရေ၊ ဒီအမှုတော့ ရတော့မှာ အမှန်ပဲကွ။ ဒါပေမဲ့ ခက်နေတာက ကိုရွှေတိုက်ပိုင်နဲ့ ဌာနာပိုင် ခက်နေတယ်၊ ဘယ်လို

ခွဲထွက်ရမလဲ မသိဘူး၊ ငါ့မလဲ သူတို့ အကဲခတ်နေရတာနဲ့ တစ်နေကုန်သွားပြန်ပြီ'

ရဲကြပ်။ ။ 'ကျွန်တော် ပြန်သွားမယ် ဆရာ၊ သူကြီးနဲ့ စုံစမ်းပြီး ဘယ်သူ့ကြိုး ဆိုတာ ရအောင် ကျွန်တော် လုပ်ခဲ့မယ်။ ဆရာကသာ သူတို့နဲ့ တိုင်ပင်နေသလို နေတာပေါ့'

ကျွန်ုပ်။ ။ 'အေး ... ဟုတ်ပြီ၊ မင်း မနက်ဖြန် ပြန်ပေဦးတော့'

**၃ ရက်မျှ ကြာသော်**

ကျွန်ုပ်။ ။ 'ဌာနာပိုင်ကြီးရယ် .... ဘယ့်နှယ်လဲ၊ ဘာများ သတင်းရသလဲ'

ဌာနာပိုင်။ ။ 'ခင်ဗျား အသာနေပါ။ ထမင်းကို ခူးပေးလိုက်ရင် စားသွားပေါ့ဗျာ'

တိုက်ပိုင်မင်း၏ ရှေ့တွင် သူက ဤသို့ ပြောလျှင်–

တိုက်ပိုင်မင်း။ ။ 'ဟုတ်တယ်၊ ခင်ဗျား အသာသာနေ။ ဒီနယ်တော့ ဘုရားပဲ၊ သူ အားလုံး သိပါတယ်' ဟု ဌာနာပိုင်အား ထောက်ခံနေရာ ကျွန်ုပ်မှာ အတော် အကြံရကျပ်နေပါသည်။

ထိုနေ့မှာပင် ရုံးတော်ကြီးမှ ကျွန်ုပ်နှင့်အတူ ထိုအမှုကို စစ်ဆေးရန် ရဲအုပ်တစ်ယောက်ကို စေလွှတ်လိုက်သည်။ ရဲအုပ်ကြီး ဦးဘကြီးမှာ ခေတ်ပညာတတ်တစ်ဦး ဖြစ်သည့်ပြင် လုပ်ရည်ကိုင်ရည် ဝသောကြောင့် အများသော ရဲအုပ်တို့၏ ဆရာဟုပင် ဆိုရပေမည်။ ဆပ်ကျောင်းမှ ဆင်းလာသူတိုင်း သူ၏လက်အောက်တွင် လုပ်ခဲ့ဖူးသူများသာ ဖြစ်၏။ ထို့ပြင် ၎င်းမှာ နယ်နှံ့သူတစ်ယောက် ဖြစ်သည်သာမက စုံထောက်မှုများတွင် များစွာ ကျွမ်းကျင်လိမ္မာ ပါးနပ်လှသည်။ သူ့မှာ ပျင်းတဲ့ ဉာဉ်ကလေး တစ်ခုကြောင့် ရဲဗိုလ်ချုပ် ရာထူးမှ လျော့ကျခြင်း ခံရပြီးနောက် ရဲအုပ် အလုပ်နှင့်ပင် အတော်ကြာကြာ အမှုထမ်းနေရသူ ဖြစ်





ပါသည်။ သူ့တပည့်များပင် ရဲဗိုလ်များ ဖြစ်လှပေပြီ။ သူ့မှာကား ပျင်းသည်၊ အောက်လူကို အမြဲညှာတာသည် ဆိုသော ကိစ္စတို့ကြောင့် အမှုစုံထောက်ခြင်းပင် ကောင်းလင့်ကစား သူ့အား ရာထူးတိုးမြှင့်ပေးရန် ခရိုင် ရဲဗိုလ်မှူးများက မထောက်ခံကြပါ။

ကျွန်ုပ်မှာ များစွာ အားတက်မိပေသည်။ ၎င်းအား ကျွန်ုပ်တို့ ဝိုင်းဝန်း နှုတ်ဆက်ကြသည်။ ၎င်းမှာ ရန်ကုန်မြို့သို့ လက်မဖွေနိုပ် အတတ်သင်ရန် သွားနေရာ ခရိုင်သို့ ပြန်ခဲ့သည်မှာ ၄ ရက်လောက်ပင် ရှိသေးသည်။ ရဲကျောင်းမှ ဆင်း၍ ရဲအလုပ်ကို လုပ်နေရသော်လည်း မပြီးသေး။ ရဲအရာရှိတို့၏ တတ်အပ် သင်အပ်၊ သိအပ်သော လက်မဖွေ နှိပ်နည်း၊ စုံထောက် အတတ်သင်ရန်ကျောင်း၊ လက်ရေးတိုသင်ရန် ပညာ အစရှိသည်တို့လည်း ရှိပေသေးသည်။

ကျွန်ုပ်။ ။ 'ဘာကိစ္စနဲ့ အခု လိုက်လာခဲ့တာလဲ'

ဦးဘကြီး။ ။ 'မင့်းအမှု ကူညီ စုံထောက်ရမတဲ့ကွာ။ ငါ့မှာ ရန်ကုန်ကရောက်လို့မှ ဖင်ပူအောင် မထိုင်ရသေးဘူး၊ ခရိုင်ရဲဗိုလ်မှူးက ခေါ်ပြီး ဒီအမှု ကူညီစစ်ခိုင်းတယ်၊ ငါလည်း အမိန့်ရပြီး လာခဲ့တာပဲ'

ကျွန်ုပ်မှာ သူ့ထက် ငယ်သည့်အပြင် သူ့တပည့် ဖြစ်ခဲ့ဖူးပါသဖြင့် ကျွန်ုပ်အား "မင်း နှင့် ငါ" နှင့်ပင် ပြောလေ့ ရှိပါသည်။ ဦးဘကြီးကပင် ဆက်လက်၍ 'ဒီမင်းဘုရားများ (တိုက်ပိုင်နှင့် ဌာနာပိုင်ကို ပြ၍) ရှိနေသားနဲ့ဟာဗျာ၊ ဗိုလ်မှူးကလည်း လွန်ပဲ လွန်တယ်၊ တို့က သူတို့ ထက် ဘာသာဦးမှာလဲ'

ဌာနာပိုင်သည် သူ့ထံတွင် ဆပ်ကျောင်းဆင်းစက တပည့်ခံခဲ့ ရဖူးသူ ဖြစ်၍၊ ဤသို့ ဦးဘကြီး ပြောလျှင် ရှက်သွေးများ ဖြန်းလာသည်ကို တွေ့မြင်ရပါသည်။

ကျွန်ုပ်သည် ကျွန်ုပ် စစ်ဆေး၍ သိရသော အချက်အလက်တို့ကို ဌာနာပိုင်နှင့် တိုက်ပိုင် ကွယ်ရာတွင် ပြောပြပါသည်။ ၎င်း၏ အကြံ

ညဏ်များ တောင်းခံရာ ဦးဘကြီးက ရသစ်၊ ဟင်းသမကို လိုက်မှ ဖြစ်မည်ဟု ဆုံးဖြတ်ပါသည်။ သို့နှင့် ညနေတွင် ဌာနာပိုင်နှင့် တိုက်ပိုင်တို့အား ကျွန်ုပ်တို့ ဘာမျှ ထူးထူးထွေထွေ မပြောတော့ဘဲ နှုတ်ဆက်ကာ ထွက်ခဲ့ကြပါတော့သည်။

**ရသစ်ရွာတွင်**

ကျွန်ုပ်၏တပည့် မောင်ပုသည် သတင်းပေါင်းစုံနှင့် စောင့်နေပါသည်။ ဦးဘကြီးကလည်း ဆာပုလင်းပု ပါလာသည်ကို အားတက်သယောင် ဖြစ်ပါသည်။

ရဲကြပ်ပုမှာ ကျွန်တော်နှင့် အတွေးအခေါ် အတော် ညီညွတ်ခဲ့သည်။ ကျွန်ုပ်နှင့်လည်း အမှုပေါင်းများစွာ လိုက်လံ ကူညီဖူးသည်။ ဦးဘကြီးနှင့် ရင်းနှီးပါသည်။

ဦးဘကြီး။ ။ 'ဟော့ ရဲကြပ်ကြီးရဲ့၊ ဘယ့်နှယ်နေသလဲ ပြောစမ်းပါဦး'

ရဲကြပ်ပု။ ။ 'ဌာနာပိုင်ကြီးရယ်၊ ကြိုးတစ်ချောင်းပေါ်မှာ မူတည် မေးမြန်းချက် အရတော့ ဟင်းသမက ကြိုးတော့ ဟုတ်နေပါပြီ။ မည်သူ့ကြိုး ဆိုတာတော့ သေသေချာချာ မသိရသေးဘူး။ ဒါပေမဲ့ တရားလိုဒေါ်ဖွားတို့အိမ် လာလည်တဲ့ လုပ်သား ဘိုးထူးက ထန်းတက်တယ်။ သူ့ကြိုးနမူနာ ဒီကနေ့ည ရမယ်။ ဒါ တိုက်ကြည့်ရအောင် စီစဉ်ထားတယ်'

ဦးဘကြီး။ ။'ဒါဖြင့် စောင့်ဦးပေါ့ကွာ၊ ဒီကနေ့ ညနေ ရမှာပဲ မဟုတ်လား'

ရဲကြပ်ပု။ ။ 'ဟုတ်ပါတယ်၊ နေဝင်ရင် ရမှာပါပဲ'

ကျွန်ုပ်တို့အား အမြဲတစေ ကူညီတတ်သော မောင်ကျောက်ခဲသည် မြူအိုးကြိုးနှင့် လာပါတော့သည်။





ကျွန်ုပ်ကပင် 'ဟော့မောင်ကျောက် လာပါကွ၊ ဒီကို မင့်းကြိုးယူခဲ့ပါ'

ဦးဘကြီး။ ။ 'ကဲ ... ဆိုစမ်းဟော့၊ မင့်းကြိုးနဲ့ ဟိုကြိုးနဲ့ မင်းတို့အမြင် ပြောစမ်း'

ကျောက်ခဲ။ ။ 'ပြောစရာ မလိုပါဘူး ဆရာ၊ ဒီဟာ ဘိုးထူးကြိုးမှ အစစ်ပေါ့။ ဟော ဘယ်လိမ်ကြိုး ဆရာ၊ နောက်တော့ လျှော်ကြိုး၊ ကဲ ဘာပြောစရာရှိလဲ'

ဦးဘကြီးလည်း ကြိုးကို သေသေချာချာ ကြည့်ပြီးလျှင် ကျောက်ခဲ ပြောသည့်အတိုင်းပင် ဟုတ်မှန်သည်။ ထို့ပြင် ကျောက်ခဲကပင် ထိုကဲ့သို့ ဘယ်ကျစ်ကြိုးမျိုး တခြား ထန်းသမားများ ထန်းတဲတွင် မရှိကြောင်းပါ ထပ်လောင်း၍ ပြောပြန်ပါသည်။

ဦးဘကြီး။ ။ 'ဒီလိုဆိုရင် အမှုက ပေါ်သလောက် ကောင်းနေပါပြီကွာ၊ ဘိုးထူးသာ ခေါ်ပေးပါ၊ ငါ စစ်မယ်'

ဘိုးထူးကို ထိုညတွင်ပင် စစ်ဆေးကြသည်။ ဘိုးထူးကား မငြင်းကွယ်နိုင်ပါ။ သူ့ကြိုး ၂ ချောင်းကို မြင်လျှင် သူ့ကြိုး ဖြစ်ကြောင်းကို သူ ဝန်ခံပါသည်။ ထိုပြင် ဘိုးထူးအား ဓားပြများက ၎င်းတို့ အလိုရှိသော သတင်းပေးမှုအတွက် ငွေ ၈၀၀ဝိ ကျော်ကျော် ရလာခဲ့သော်လည်း ငွေ ၁၀ဝိ သာ ပေး၍ မကျေမနပ် ဖြစ်နေချိန် ဖြစ်ပါသည်။

အချိန်အခါ၏ သင့်လျော်ခြင်း၊ ဦးဘကြီး၏ အပြောကောင်းခြင်းတို့ကြောင့် ငအေး၊ စံလှ၊ ဘအုံး တို့နှင့် ဘိုးထူး မသိသော လူ ၄ ယောက်လည်း ပါသေးသည်ဟု ကျွန်ုပ်တို့ ၎င်း၏ ပြောပြချက်အရ သိရသည်။

ကျွန်ုပ်တို့လည်း မည်သူ့အား ကျွန်ုပ်တို့ စစ်က လွယ်လွယ် မေးရနိုင်မည်ကို သူကြီး ဦးတိုးအောင်နှင့် တိုင်ပင်ရာ၊ ငအေးမှာ ဓားပြမှုတွင် ၃-၄ ခါလောက် ပါဖူးသည်ဟု ထင်ရသော်လည်း တစ်ခါမျှ ရဲ

အဖွဲ့လက်တွင် မရောက်ဖူးသေးကြောင်း၊ စံလှနှင့် ဘအုံးမှာ သံမဏိ လူဆိုးများ ဖြစ်ကြောင်း သိရရာ၊ ထိုနေ့ညတွင်ပင် ဟင်းသမရွာသို့ သူကြီးအား စေလွှတ်၍ ကျွန်ုပ်တို့ အလိုရှိသူ ငအေးအား သွားရောက်ခေါ်စေပါသည်။

**ငအေး**

ငအေးမှာ ဗိုလ်ဆံတောက်နှင့် အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ခါးနွဲ့နှင့် အတော် သပ်သပ်ရပ်ရပ် ရှိသော အသက် ၂၅ နှစ်ရွယ် လူငယ် တစ်ယောက် ဖြစ်ပါသည်။ မြို့ကြီးသား တစ်ယောက်ကဲ့သို့ ဝတ်စားထားလျက် အင်္ဂလိပ်စာတတ် မြို့ကြီးသား တစ်ယောက်ဟုပင် အထင်လွဲနိုင်သော ရုပ်အင်္ဂါ လက္ခဏာ ရှိပါပေသည်။ ဓားပြတိုက်ရာတွင် ၃–၄ ခါလောက် ပါဖူးလိမ့်မည်ဟု ပြောလျှင် ယုံကြည်နိုင်ဖွယ် မရှိပါ။ သို့သော် ၎င်း၏ ရုပ်လက္ခဏာကို သေသေချာချာ စူးစမ်းလျှင် ၎င်းတွင် ဆင်ကဲ့သို့သော မျက်လုံးအစုံများ ရှိရကား အတော် ကြောက်စရာကောင်းသော ရုပ်မျိုးဟု ဆိုရပေမည်။ စကား နည်း၏။ ပြောမည့် စကားကို စဉ်းစားပြီးမှ ဖြည်းဖြည်းနှင့်လေးလေး ပြောတတ်သည်။

သူ့အား ကျွန်ုပ်တို့ တစ်ညလုံး မေးကြသည်။ ကျွန်ုပ် မေးလျှင် ဦးဘကြီး၊ ဦးဘကြီး မေးလျှင် မောင်ပု၊ သူကြီး အစရှိသည့် ရပ်ရွာ လူကြီးမိဘ ၂ ဦးတို့သည်လည်း ကျွန်ုပ်တို့အား ကူညီကြလေသည်။

လူဆိုးများ ပေါကြွယ်ဝသော အရပ်တွင် သူကြီး လုပ်နေသူမှာလည်း ခေသူတစ်ယောက် မဟုတ်ပေ။ ငယ်ငယ်က ၂ ချီလောက် ဓားပြတိုက်ခဲ့ဖူးသည့်အပြင် ဓားမြှောင်ကိုင်မှုဖြင့် တစ်ခါ၊ လူရိုက်မှုဖြင့် တစ်ခါ၊ ဒဏ်တပ်ရိုက်ခြင်း ခံရဖူးသူ တစ်ယောက် ဖြစ်သည်။

နံနက် လင်းအားကြီးတွင် ငအေး မနေနိုင်တော့ပြီ။ သူကြီးမင်း





ပြောလိုက်သော စကားတစ်ခုကို သူ အတော် နှစ်ခြိုက် သဘောကျသွားသည်။ ထိုစကားမှာ–

'ယောက်ျား ဆိုတာ အတောင် ၂၀ ဝတ် ဖြစ်တယ်ကွ မောင်အေးရ၊ ဘုရားဆု ပန်နိုင်တယ်။ ယောက်ျားတို့ရဲ့ ဓာနည်သွေးဟာ လုပ်ရဲရင် ခံရဲရမယ်၊ လုပ်ပြီးပြီ၊ အစိုးရ သိသွားပြီ။ တခြားလူတွေ ဒုက္ခပေးမနေချင်နဲ့တော့။ မှန်ရင် မှန်တယ်ပြောလိုက်။ ထောင်အပြင် တန်းမရှိပါဘူး။ ယောက်ျား ပီသစမ်းပါ'

၎င်းစကားသည် အတော် ထိရောက်ပေသည်။ တစ်ညလုံး မအိပ်ရဘဲ ဒုက္ခကြီးစွာဖြင့် မဖြေချင် မနေရ။ အိပ်ချင်လို့လည်း မအိပ်ရဖြစ်နေစဉ် "ယောက်ျား ပီသစမ်းပါ၊ လုပ်ဝံ့ရင် ခံဝံ့ရမယ်" ဟူသော အားပေးစကားတွေကို နှစ်ခြိုက်သဘောကျကာ သူ ဖွင့်ပြောပါတော့သည်။

သူသည် ရွက်ပုန်းသီးတစ်ယောက် ဖြစ်သည်။ သံမဏိ ဆိုသော ထောင်ပြန် ရဲစာရင်းဝင် လူဆိုးကြီးများကပင် သူ့အား ရိုသေအားထားရသည်။ ထိုအမှုတွင် သူ ခေါင်းဆောင်လုပ်၍ တိုက်ခဲ့သည်။ သူ၏ အပေါင်းအသင်း ဓားပြတိုက်ရာပါတို့မှာ စံလှ၊ ဘအုံး၊ ငမဲ၊ ငတင်၊ လှဘော်၊ ဘိုမှတ်ကြီးတို့ ဖြစ်ကြသည်။ သူနှင့် ငမဲတို့မှာ ဟင်းသမရွာသားများ ဖြစ်၍၊ ဘအုံးနှင့် ငတင်မှာ ကန်ကြီးရွာက ဖြစ်သည်။ စံလှနှင့် လှဘော်မှာ ရသစ်နှင့် ဘိုမှတ်ကြီးမှာ ရွာသစ်ကလေးက ဖြစ်၏။ ဘအုံး၊ ငတင်နှင့် လှဘော်တို့မှာ ရဲစာရင်းဝင် ရာဇဝင်လူဆိုးများဖြစ်ကြလျက် ဘိုမှတ်ကြီး၊ စံလှမှာ ၁၀၉ နှင့် အပြစ်ခံရဖူးသူတို့ ဖြစ်၍ ရဲစာရင်းဝင်ဟုပင် ဆိုရပေမည်။ ငအေးနှင့် ငမဲမှာ လူဆိုးများ ဖြစ်ကြသော်လည်း ရဲစာရင်းဝင်များ မဟုတ်ကြသေးပါ။ ရွက်ပုန်းသီးဟု ခေါ်ရသူများ ဖြစ်ပါသည်။ ငအေးမှာ ဟင်းသမတွင် လူချစ်လူခင် ပေါများပေသည်။ ကာလသားခေါင်း တစ်ယောက်လည်း ဖြစ်သည့်အပြင် ရုပ်ရည်

ရူပကာယကလည်း မြို့ကြီးသားပမာ ရှိရကား တောရွာ အပျိုများ၏ အသည်းစွဲ တစ်ယောက်လည်း ဖြစ်ပေသည်။ ရိုက်ဝံ့ သတ်ဝံ့သူ ဖြစ်၍ ရွာကို လည်းကောင်း၊ ရွာသူများကို လည်းကောင်း ပွဲလမ်းသဘင်များ တွင် အခြား ကာလသားများမှာ ငအေးကို ကြောက်ရွံ့ရ၍ စော်ကား ဝံ့ခြင်း မရှိကြပေ။

သူ၏ ဝန်ခံ ဖြောင့်ချက်ပေးမှုကြောင့် သူ့ထံမှပင် ငွေ ၃၀၀ဝိ ဖိုးခန့် ပစ္စည်းများ ရမိသည်။ အခြား အခြားသော တရားခံများထံမှ လည်း ၂၀၀ဝိ ဖိုးလောက် ပြန်လည်ရရှိပေသည်။ ထိုသို့ ရရှိရခြင်း အကြောင်းရင်းကား မောင်အေး ပြောပြချက်အရ အမှုရှိက သုံးစွဲရန်နှင့် "ဘုံ" ငွေ အဖြစ် ငမဲထံ ထားသော ရွှေများ ပြန်လည်ရရှိခြင်းကြောင့် ဖြစ်ပေသည်။

ငအေး၏ ဖြောင့်ချက်နှင့်သာ သက်သေခံချက် အများအပြား ရရှိခဲ့၏။ တိုက်ရာတွင် အိမ်ရှင် ဒေါ်ဖွား တို့က လူမမှတ်မိလိုက်ကြ သဖြင့် အမှုမှာ ခဲခဲယဉ်းယဉ်းပင် တရားစွဲဆိုရမည် ဖြစ်၍၊ ၎င်းအား အစိုးရသက်သေ အဖြစ် ယခုခေတ်စကားနှင့် ဆိုလျှင် "ဖော်ကောင်" လုပ်ရပေသည်။

နောက်တွင်ကား တရားခံ ဖမ်းခြင်း၊ အမှု ဆက်လက် စစ်ဆေး ခြင်းတို့ကား လွယ်ကူသွားပေပြီ။ သက်သေခံများ ဟုတ် မဟုတ်၊ တရားလို ဒေါ်ဖွားနှင့် သမီး အပြင် အခြား သိရှိမှတ်မိသူ ရွှေပန်းထိမ်ဆရာတို့ကို စစ်ဆေးရမည်။ တရားသူကြီးတစ်ဦး ရှေ့တွင် ပစ္စည်းများ ပြရပေမည်။ ကျွန်ုပ်တို့ မသက်ာ၍ ဖမ်းဆီးထားသော လူဆိုးများနှင့် ငွေ ၈၀၀ဝိ ကျော်ဖိုးမျှ ရွှေထည်များကို အပေါင် ခံယူထားသူများထံက သိမ်းဆည်း ထားပါသည်။ ထိုရွှေထည်ပစ္စည်းများကို ပြသရန်မှာ လွယ်ကူသည့် အလုပ် မဟုတ်ပေ။





ကြောင်း သစ္စာထားကြသည်ကို နောင်သောအခါတွင် ကျွန်ုပ်တို့ သိရ ပေသည်။ သို့နှင့် ကျွန်ုပ်အား မကူညီဘဲ သင့်လျော်သလို ပြောခဲ့သည်ကို ကျွန်ုပ် သတိရမိနေသည်။ ကျွန်ုပ်နှင့်ပင် ၎င်းငအေးမှာ ကျွန်ုပ် ဌာနာ နယ်အတွင်း ဓားပြ မတိုက်ပါဟု သစ္စာပြုဖူး၍ မတိုက်ဘဲ သစ္စာတည်ခဲ့ သည်ကို တွေ့ခဲ့ရပါသည်။ သို့သော် ကျွန်ုပ်ကား ၎င်းအား တခြားမှ ပြစ်မှုကျူးလွန်လာလျှင် ကျွန်ုပ် ပယောဂဖြင့် ဖမ်းဆီးခြင်း မခံရပါ ဟုတော့ သစ္စာမပြုခဲ့ဖူးပါပေ။

**တရားစွဲတင်ခြင်း**

အမှုကို တရားစွဲတင်ပြီးနောက် ရဲကြပ်မောင်ပုတွင် မရှင်းမလင်း ဖြစ် နေသော ကိစ္စတစ်ခု ရှိနေသည်။ တစ်နေ့သော နေ့တစ်နေ့တွင် ကျွန်ုပ်ထံ လာ၍–

'ဆရာ ... ဘိုးထူးကို ဘယ်လိုကြောင့် တရားမစွဲဘဲ သက်သေ ထားသလဲ ဆရာ'

ကျွန်ုပ်။ ။ 'ဘိုးထူးက ဓားပြတိုက်ရာမှာ မပါဘူးကွ၊ ပြီးတော့ လည်း သူက သူ့ထန်းတဲမှာ ထန်းရည်သောက်ရာမှ ဒေါ်ဖွားတို့ကို ဓားပြတိုက်ရရင် လွယ်မယ့်အကြောင်း မူးမူးနဲ့ သူပြောတာကွ။ သူ တကယ် လက်ထောက်အစစ်ကြီးတော့ မဟုတ်ဘူး။ အဲဒီအရပ်က လူတွေ ကတော့ကွာ အလကားနေရင်း ဓားပြတိုက်ဖို့လောက် စိတ်ကူးနေတော့ သူ့စိတ်ကူးကို ဓားပြ ငအေးတို့ကို ပြောပြဖူးတာပဲ ရှိတယ်။ နောက် တိုက်တယ် ကြားတော့ ငအေးတို့ ဖြစ်မှာပဲ ဆိုတာ သူ သိတယ်။ ဒါကြောင့် ငအေးတို့က နှုတ်ပိတ် ငွေ ၁၀ဝိ ပေးတယ်။ ငအေးတို့က အဲဒီ ညနေစောင်းမှာ ဘိုးထူး ပြောနေကျ ဒေါ်ဖွားတို့ နေပုံ ထိုင်ပုံ၊ ဘယ်လိုဝင် ဘယ်လိုထွက်ရမယ်ကို မသွားခင် မသိမသာ မေးသွားပြီး သူ့မြူအိုးကြီးကို နောက်ဆုံး သူတို့ ယူသွားပြီး ဓားပြတိုက်လေတော့

သူက တိုက်ရာမှာ မပါဘူး။ သူ့သက်သေခံချက်ကလည်း အတော်ကောင်းနေတော့ သူ့ကို သက်သေထည့်တာ မမှားဘူးပေါ့ကွာ။ သူဟာ Accomplice လောက်ပဲ ရှိတယ်။ Abettor မဖြစ်သေးဘူး ဆိုရမယ်။ ဒါဟာ ဥပဒေအရလည်း အပြစ်မပေးနိုင်ဘူး'

အစိုးရသက်သေ ငအေး တစ်ယောက်သာလျှင် လွတ်ပါသည်။ တခြား တရားခံအားလုံးပင် အပြစ်ကျကြသည်။ ငအေးကား ကျွန်ုပ်တို့အပေါ်တွင် ဂျပန်ခေတ်၌ အတော် သစ္စာရှိစွာပင် ကူညီခဲ့သည်ကို အဆင်သင့်သောအခါ အစီရင်ခံပါဦးမည်။

**[ရှုမဝ မဂ္ဂဇင်း၊ မတ် ၁၉၅၃ တွင် ပါသည့် "သစ္စာရှိသော စားပြနှင့် သစ္စာရှိသော ပုလိပ်" ဝတ္ထုမှ ထုတ်နုတ်ယူသည်။]**

## ဓားပြမှုလော

### အပိုင်း (က)

'ဟော့ ... ဟော့ ... စားပွဲတော့ မထုလိုက်ပါနဲ့ကွာ' ဟု ဌာနာပိုင်က ကျွန်ုပ်အား ပြောကြားလိုက်လေသည်။

ကျွန်ုပ်သည် ထိုနေ့ညနေ လူစစ်ပြီးချိန်တွင် ဌာနာအောက်ထပ်ရှိ စာရေးစားပွဲကြီးကို ဝိုင်းထိုင်လျက် အမှုအကြောင်း၊ နယ်အခြေအနေ၊ ဘောလုံးပွဲ အစရှိသော ထွေရာလေးပါး စကားများကို ရာဇဝတ်အုပ်ပေါင်းစုံတို့နှင့် ပြောနေကြချိန်ဖြစ်၏။ ကျွန်ုပ်သည် ဒေါမာန်ပါပါ လက်သီးလက်ရုံး တန်း၍ ပြောနေသဖြင့် လူတိုင်းကပင် စားပွဲကို ဘယ်အချိန်တွင် လက်နှင့် ထုလိုက်မလဲဟု အာရုံပြုနေသည့် အချိန်ဝယ် ဌာနာပိုင်က စိုးရိမ်တကြီးနှင့် စားပွဲကို မထုမိစေရန် သတိပေးလိုက်ခြင်း ဖြစ်၏။

စားပွဲကိုထုလျှင် အမှုကြီး တိုင်တတ်သည်ဟု ကျွန်ုပ်တို့ အောက်ချင်းတွင်းခရိုင် မုံရွာဌာနာတွင် အယူရှိကြ၏။ ဌာနာတစ်ခုလျှင် ဉဉ်တစ်ခုစီ ရှိတတ်ကြသည်။ ဥပမာ ဘုတလင် ဌာနာတွင် ဌာနာ ခေါင်မိုးပေါ်မှ ဇီးကွက်မြည်လျှင် ငွေရမည့်အမှု တိုင်တတ်သည်။ ဇီးကွက် ၂ ကောင် အချီအချ အော်မြည်လျှင် အမှုကြီး တိုင်လာတတ်သည် စသည်ဖြင့် ယူဆကြ၏။ ယင်းမာပင် ဌာနာတွင် အချုပ်ခန်းကို ခြေနှင့် ကန်လျှင် အချုပ်နှင့် တရားခံ ရောက်တတ်သည်ဟူ၍ လည်းကောင်း၊ အရာ

သူက တိုက်ရာမှာ မပါဘူး။ သူ့သက်သေခံချက်ကလည်း အတော်ကောင်းနေတော့ သူ့ကို သက်သေထည့်တာ မမှားဘူးပေါ့ကွာ။ သူဟာ Accomplice လောက်ပဲ ရှိတယ်။ Abettor မဖြစ်သေးဘူး ဆိုရမယ်။ ဒါဟာ ဥပဒေအရလည်း အပြစ်မပေးနိုင်ဘူး'

အစိုးရသက်သေ ငအေး တစ်ယောက်သာလျှင် လွတ်ပါသည်။ တခြား တရားခံအားလုံးပင် အပြစ်ကျကြသည်။ ငအေးကား ကျွန်ုပ်တို့အပေါ်တွင် ဂျပန်ခေတ်၌ အတော် သစ္စာရှိစွာပင် ကူညီခဲ့သည်ကို အဆင်သင့်သောအခါ အစီရင်ခံပါဦးမည်။

**[ ရှုမဝ မဂ္ဂဇင်း၊ မတ် ၁၉၅၃ တွင် ပါသည့် "သစ္စာရှိသော စားပြနှင့် သစ္စာရှိသော ပုလိပ်" ဝတ္ထုမှ ထုတ်နုတ်ယူသည်။ ]**

## ဓားပြမှုလော

### အပိုင်း (က)

'ဟော့ ... ဟော့ ... စားပွဲတော့ မထုလိုက်ပါနဲ့ကွာ' ဟု ဌာနာပိုင်က ကျွန်ုပ်အား ပြောကြားလိုက်လေသည်။

ကျွန်ုပ်သည် ထိုနေ့ညနေ လူစစ်ပြီးချိန်တွင် ဌာနာအောက်ထပ်ရှိ စာရေးစားပွဲကြီးကို ဝိုင်းထိုင်လျက် အမှုအကြောင်း၊ နယ်အခြေအနေ၊ ဘောလုံးပွဲ အစရှိသော ထွေရာလေးပါး စကားများကို ရာဇဝတ်အုပ်ပေါင်းစုံတို့နှင့် ပြောနေကြချိန်ဖြစ်၏။ ကျွန်ုပ်သည် ဒေါမာန်ပါပါ လက်သီးလက်ရုံး တန်း၍ ပြောနေသဖြင့် လူတိုင်းကပင် စားပွဲကို ဘယ်အချိန်တွင် လက်နှင့် ထုလိုက်မလဲဟု အာရုံပြုနေသည့် အချိန်ဝယ် ဌာနာပိုင်က စိုးရိမ်တကြီးနှင့် စားပွဲကို မထုမိစေရန် သတိပေးလိုက်ခြင်း ဖြစ်၏။

စားပွဲကိုထုလျှင် အမှုကြီး တိုင်တတ်သည်ဟု ကျွန်ုပ်တို့ အောက်ချင်းတွင်းခရိုင် မုံရွာဌာနာတွင် အယူရှိကြ၏။ ဌာနာတစ်ခုလျှင် ညဉ့်တစ်ခုစီ ရှိတတ်ကြသည်။ ဥပမာ ဘုတလင် ဌာနာတွင် ဌာနာ ခေါင်မိုးပေါ်မှ ဇီးကွက်မြည်လျှင် ငွေရမည့်အမှု တိုင်တတ်သည်။ ဇီးကွက် ၂ ကောင် အချီအချ အော်မြည်လျှင် အမှုကြီး တိုင်လာတတ်သည် စသည်ဖြင့် ယူဆကြ၏။ ယင်းမာပင် ဌာနာတွင် အချုပ်ခန်းကို ခြေနှင့် ကန်လျှင် အချုပ်နှင့် တရားခံ ရောက်တတ်သည်ဟူ၍ လည်းကောင်း၊ အရာ

တော်၊ ပုလဲ၊ ကန္တီ ဌာနာများတွင်လည်း ဌာနာအုပ် အစဉ်အဆက် ပြောစမှတ်ပြုရအောင် ညဉ်တစ်ခုစီ ရှိကြ၏။

ခေတ်နောက်ကျသည် ဆိုရမည်လား မသိပါ။ ကျွန်ုပ်တို့ မြန်မာလူမျိုးများတွင် ဤသို့သော အစွဲအလမ်းကလေးများမှာ ခေတ်ပညာပင်တတ်လင့်ကစား အနည်းနှင့်အများ ရှိတတ်ကြ၏။

ပုလိပ်အရာရှိကြီး တစ်ဦးက မိမိခေါင်းယားလျှင် အမှုကြီး တိုင်တတ်သည်။ တိုင်လျှင်လည်း ပေါ်ပေါက်တတ်သည်ဟု မိမိ၏ ရာဇဝင်ကို ပြောပြတိုင်း "အင်း ... ဒီကနေ့တော့ ခေါင်းက တော်တော် ယားတယ်။ အမှုကြီးလာလိမ့်မယ်ထင်တယ် ဆိုရုံရှိသေး၊ စာအိတ်နီ ရောက်လာတတ်တာပဲ" ဟု ပြောလေ့ရှိ၏။ ကျွန်ုပ်သည်လည်း မျက်ခုံးလှုပ်လျှင် အမှုကြီး တိုင်တတ်သည်ဟု အထင်ရှိခဲ့၏။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်ချင်ဖြစ်ပေမည်။ သို့သော် အများအားဖြင့် သတိထားတတ်သူများအား တစ်စုံတစ်ခု ဖြစ်မည်ဆိုလျှင် အတိတ်နိမိတ် တစ်ခုခု ပြတတ်သည်ဟု ထင်မိ၏။

အမှုကြီးဆိုလျှင် ဌာနာပိုင်၊ အမှုစစ်၊ လူဆိုးစစ်၊ အမှုထမ်းများမှအစ ရာဇဝတ်ဝန်၊ တိုက်ပိုင် အစရှိသော အရာရှိအားလုံးတို့ ပူပင်သောက ရောက်ကြရ၏။ အအိပ်အစားပင် မမှန်၊ နေ့နေ့ညည မဟူ သဲလွန်စ ရလျှင် ရသလို၊ မရလျှင်လည်း ရနိုင်ရန် ကြိုးပမ်းကြရသည်မှာ အလွန်ပင်ပန်းလှ၏။

အမှုကြီးဟု ခေါ်ဆိုရသော လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု အစရှိသော အမှုများသည်လည်း အလွန်ရှားလှ၏။ တစ်လလျှင် တစ်ကြိမ်၊ များလျှင် ၂ ကြိမ်လောက်သာ ဖြစ်တတ်၏။ ခရိုင် အမှုကြီး စာရင်းအရဆိုလျှင် (၇) ဌာနာပေါင်း လူသတ်မှု၊ လုယက်မှု၊ ဓားပြတိုက်မှု စသည်များမှာ တစ်နှစ်လျှင် အမှု ၅၀ မှ ၆၀ ထိခန့်လောက်သာ ရှိတတ်ပါသည်။ (ယခုခေတ် တစ်လစာမျှ ဖြစ်မည်)





ရှေးခေတ်တွင် အမှုကြီး ဖြစ်မည်ကိုလည်း စိုးရိမ်ပူပန်ကြသည်။ အမှုကြီး မဖြစ်ရန်လည်း ကာကွယ်မှု အစီအစဉ်များ ကြိုတင် ပြုလုပ်ကြရ၏။ လူဆိုးစာရင်း ထားရှိခြင်း၊ ရာဇဝင်ဖွင့်၍ ကြည့်ရှုခြင်း၊ လူဆိုးစစ် ရဲအဖွဲ့က အစဉ် စောင့်ကြပ် ကြည့်ရှုခြင်း၊ အပြစ် ကာကွယ်မှု ဥပဒေဟု ဆိုအပ်သော ကျင့်ထုံး ၁၀၉–၁၁၀ အစရှိသည့် သက်ဆိုင်သော ဥပဒေများဖြင့် အရေးယူ ထားလေ့၊ ထားတတ် ရှိ၏။

ဤသို့ ဆောင်ရွက်ရာတွင်လည်း သက်သေ ခိုင်လုံမှုပေါ်တွင် တည်ရှိပေသည်။

ထိုခေတ်ကပင်လျှင် ၁၀၉–၁၁၀ နှင့် အရေးယူမည်ဆိုလျှင် သူကြီး၊ ရွာခေါင်းမှလွဲ၍ အခြား ခေါင်းတိမ်းနိုင်သူတို့က ခေါင်းရှောင်ကာ သက်သေမခံလိုကြပါ။ ပုလိပ်ကို မကူညီချင်ကြပါ။ ပုလိပ်သည်သာလျှင် မိမိနှင့် ခင်မင်မှု၊ ရင်းနှီးမှုရှိသော သူများကို သက်သေအဖြစ် ရှာကြံရပါသည်။

သို့ဖြစ်၍ ပုလိပ် ဥပဒေတစ်ရပ် ဖြစ်သည့် "အမှုမဖြစ်မီ ကြိုတင်ကာကွယ်မှု လုပ်ရမည်" ဟူသော တာဝန်ဝတ္တရားများကို လူထု၏ အကူအညီ မရရှိမှုကြောင့် မလုပ်နိုင်ကြပါ။

ယခုခေတ်တွင်မူ ဆိုဖွယ်ရာ မရှိပေ။ လက်နက်လည်း ပေါ၊ လူဆိုးလည်း များသည့် အချိန်ဝယ် ပုလိပ်ဘက်မှ သက်သေခံဝံ့သူ ရှာမှရှားလှ၏။ ၁၀၉–၁၁၀ အမှုဟူ၍ မရှိသလောက် ရှား၏။ ရာဇဝင်သည်ပင်လျှင် ဖွင့်လှစ်ထားခြင်း နည်းလှ၏။ ရာဇဝင် ဖွင့်ထားရမည်၊ စစ်ဆေးရမည် ဆိုလျှင်လည်း ယခုလို လုယက် ဖျက်ဆီးမှု များနေကြချိန်ဝယ် တစ်နေရာ တစ်ဌာနာတွင် မည်မျှ များပြားပေလိမ့်မည်ကို စဉ်းစားကြည့်က သိရှိနိုင်ပေလိမ့်မည်။

ကျွန်ုပ်တို့ စကားပြောနေသော ဌာနာအောက်ထပ်သို့ တိုက်ပိုင်မင်းသည် လူစုစု မြင်သဖြင့် ဝင်လာပြီးလျှင် –

'ဘာဖြစ်နေကြတာလဲဗျို့'

'အလကားပါ ဆရာ၊ ထွေရာလေးပါး ပြောနေကြတာပါ။ ဌာနာပိုင်ကြီးကလည်း သူ့စားပွဲခုံကို မထုပါနဲ့၊ ထုရင် အမှုကြီး လာတတ်တယ် ဆိုတာ သူ ယုံသတဲ့ ဆရာ'

တိုက်ပိုင်။ ။ 'ခေတ်နဲ့ လျော်တဲ့ အယူအဆ မဟုတ်ပါဘူးဗျာ'

ဌာနာပိုင်။ ။ 'ခေတ်နဲ့ လျော်တာ မလျော်တာတော့ ကျွန်တော် မသိဘူး။ နို့ပေမဲ့ စားပွဲထုရင် အမှုကြီး လာတိုင်တယ် ဆိုတာတော့ ဟုတ်တယ်'

တိုက်ပိုင်။ ။ 'တကယ် ယုံသလား'

ဌာနာပိုင်။ ။ 'တကယ် မဟုတ်ဘူး ဆရာ၊ နှစ်ကယ် ယုံတယ်'

တိုက်ပိုင်။ ။ 'ကဲ ယုံရင် ထုတယ်ဗျာ'

ဤသို့ ပြောပြောဆိုဆိုပင် စားပွဲခုံကို ၂ ချက် ဆက်၍ ထုလိုက်လေသည်။

ဌာနာပိုင်မှာ တိုက်ပိုင်အား မိမိ အထက်လူကြီးတစ်ဦး ဖြစ်၍သာ ခံလိုက်ရသည်။ တော်တော် စိတ်ဆိုးနေဟန် လက္ခဏာရှိသည်။

ဌာနာပိုင်။ ။ 'အမှုကြီး လာတိုင်ရင်တော့ ဘယ်အချိန်မဆို ဆရာ့ လာနှိုးမှာပဲ။ အမှုပေါ်ရင်ပေါ်၊ မပေါ်ရင်တော့ ဆရာပဲ တာဝန်ယူရမယ်'

တိုက်ပိုင်။ ။ 'ကောင်းပါပြီဗျာ၊ အမှုကြီး ခုနစ်ရက်အတွင်းမှ လာမတိုင်ရင်တော့ ခင်ဗျားက ကျုပ်ကို ထမင်းကျွေးရမယ်နော်'

ဌာနာပိုင်။ ။ 'ကောင်းပါပြီ ဆရာ၊ ကျွေးပါ့မယ်'

ကျွန်ုပ်တို့သည်လည်း ဌာနာပိုင် ကဲ့သို့ပင် အနည်းနှင့် အများ အယူရှိသည်။ သို့ဖြစ်၍ တိုက်ပိုင်မင်း စားပွဲထုလိုက်သည်ကို မနှစ်မြို့ကြပါ။

အဘယ်ကြောင့်ဆိုသော် အလုပ်များများ လုပ်ရသည်ထက် ဓားပြမှု





ဆိုလျှင် အလွန်မုန်းသည်။ အလွန် မဖြစ်စေလိုသော မှုခင်းတစ်ခု ဖြစ်၏။ ကျွန်ုပ်တို့ မလိုလားသော အမှုတစ်ခု ဖြစ် မဖြစ်ကို စားပွဲထု၍ စမ်းရမည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် မစမ်းလိုကြပါ။ စားပွဲကို ထုလိုက်ခြင်းအားဖြင့် အမှုဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ စမ်းသပ်၍ကား မကြည့်လိုကြ။ "ဤသို့ ဖြစ်တတ်သတဲ့" ဆိုသော စကားကို ပြောနေရသည်ကိုပင် အရသာ ရှိလှသည်ဟု အထင်ရှိကြ၏။

*

အထက်ပါ ကိစ္စဖြစ်ပြီးနောက် ၃ ရက်မျှအကြာတွင် ဌာနာပိုင် မရှိသဖြင့် ကျွန်ုပ်အား ဌာနာ လွှဲထားခြင်းခံရသော နံနက် ၅ နာရီ အချိန်တွင်–

'ဆရာ ဆရာ၊ ဌာနာကို ခဏကြွပါဦးတဲ့ ဆရာ။ ဌာနာ စာရေးကြီးက အခေါ်ခိုင်းလိုက်ပါတယ်' ဟု အမှုထမ်း တစ်ယောက် ရောက်လာ၍ ကျွန်ုပ်အား ခေါ်လေ၏။

ကျွန်ုပ်။ ။ 'ဘာလဲကွ၊ ဘာကိစ္စများ ရှိလို့တဲ့လဲ'

အမှုထမ်း။ ။ 'အမှုကြီး လာတိုင်နေတယ် ဆရာ'

ကျွန်ုပ်။ ။ 'ဟေ ဟုတ်လား၊ ငါ လာခဲ့မယ်ဟေ့'

ပြောပြောဆိုဆိုပင် အင်္ကျီအဝတ်အစားများလဲ၍ ဌာနာသို့ အမြန်ထွက်ခဲ့၏။ ဌာနာ စာရေးသည် ညှိုးငယ်သော မျက်နှာနှင့် 'တိုက်ပိုင်ကြီးကို အပြောသားပဲ ဆရာ။ ဒီစားပွဲကို မထုပါနဲ့လို့ ဆိုတာ၊ ခုတော့ ကောင်းနိုင်ကြသေးလား။ ဓားပြတိုက်မှုတဲ့။ ကဲ လာတိုင်နေပြီ'

ကျွန်ုပ်။ ။ 'အေးဟေ့၊ မင်းစားပွဲကလည်း တော်တော် အမှုခေါ်ကောင်းတဲ့ စားပွဲပဲကွ ဟင်၊ ပြောတာမှ ၃ ရက်လောက် ရှိဦးမယ်'

ဌာနာစာရေး။ ။ 'ကျွန်တော်တို့က ဓာတ်သိပါ ဆရာ။ ဟုတ်ကို ဟုတ်တယ်။ ကဲ အခုဆို ကြည့်စမ်းပါဦး ဆရာရယ်၊ ဓားပြရွာကို ဓားပြ အတိုက်ခံရတာ မဆန်းဘူးလား'

ကျွန်ုပ်။ ။ 'ဆိုစမ်းပါဦးဟ၊ ဘယ်လိုလဲ'

ဌာနာစာရေး။ ။ 'ဇလုပ် ဆိုတဲ့ရွာ ဆရာ အသိသားပဲ။ အဲဒီရွာက ရာဇဝင် ဓားပြလူဆိုးပေါင်း ၂၀ လောက် ရှိတဲ့ ရွာပဲ။ အဲဒီရွာ ဓားပြတိုက်ခံရတယ်၊ ကဲ မှတ်ကရောပဲ'

ကျွန်ုပ်။ ။ 'ထန်းသီးကြွေခိုက် ထင်ပါရဲ့ကွာ'

ဌာနာစာရေး။ ။ 'မဟုတ်ဘူးဆရာ .... မဟုတ်ဘူး။ ဆရာ မှတ်ထားပါ၊ လုပ်ကြည့်ပါ၊ မှန်တာ တွေ့ရလိမ့်မယ်။ ဂတ်ထဲ အရူးဝင်လာရင်တော့ ဆရာ့နယ် လူသတ်မှု သေချာတယ်'

ကျွန်ုပ်။ ။ 'အင်း တယ်ကောင်းကွာ၊ အရူးဝင်ရင် လူသတ်မှု၊ စားပွဲထုရင် ဓားပြမှု၊ တယ်ကောင်းကွာ၊ ကဲ ကဲ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်သတဲ့လဲ'

ဌာနာစာရေး။ ။ 'ဗျို့ ဆရာကြီးတွေ လာကြစမ်းပါဦး။ မြွေပွေး ပိုးထိခံရတာ နာသဗျာ'

ကျွန်ုပ်တို့ ပုလိပ်များသည် မခံချိမခံသာ စကားကလေးများ ပြောတတ်ကြသည်။ ထိုသို့ ပြောတတ်ကြသော အလေ့အထသည်ပင် လျှင် လူမုန်းစရာ ဖြစ်လာသောအကြောင်း ဖြစ်၏။

စကားစပ်မိ၍ ပြောလိုသေး၏။ ကျွန်ုပ်ကိုယ်တိုင် ပုလိပ်အဖွဲ့သို့ ဝင်ရန် တစ်နှစ် နောက်ကျသွားရခြင်းမှာ ဤကဲ့သို့ပင် မဖွယ်မရာ ပြောဆိုမှုကို ခံရခြင်းကြောင့် ဖြစ်၏။

ကျွန်ုပ်သည် ရန်ကုန်မြို့ အတွင်းဝန်များရုံးရှိ ပဲခူးတိုင်းမင်းကြီးရုံးတွင် အကူစာရေး လုပ်နေချိန်ဖြစ်၏။ အကူစာရေး ဆိုသည်မှာ ဘယ်နနှစ်ကြာမှ လခရမည်ကို မပြောနိုင်သဖြင့် ကျွန်ုပ်သည် တခြားအလုပ်လုပ်ရန် အလုပ်မှ ထွက်လိုက်၏။ အလုပ်မှ ထွက်သော အချိန်တွင် ပုလိပ်ဘက်မှ ရာဇဝတ်အုပ် ကျောင်းတက်ရန် ကျောင်းသားခေါ်နေချိန် ဖြစ်၏။

သို့နှင့် လျှောက်လွှာရေးပြီးလျှင် တင်ရန် အတွင်းဝန်များရုံးရှိ





စီအိုင်ဒီ ရုံးခန်းသို့ သွားရ၏။ လျှောက်လွှာ လက်ခံသော အင်စပိတ်တော်က လျှောက်လွှာများကို စစ်ဆေးပြီးလျှင်–

'ခင်ဗျား မုံရွာသားလား'

'ဟုတ်ပါတယ်'

'နို့ ဘာဖြစ်လို့ မုံရွာက မလျှောက်သလဲ'

'ကျွန်တော်က ရန်ကုန်ကို ရောက်နေတာနဲ့' ဟု ပြောလျှင် စကားမှ မဆုံးမီ –

'သြော်၊ ခင်ဗျားက ရန်ကုန် ဘုရားဖူးလာရင်း အလုပ်ဝင်လျှောက်နေတာကိုး' ဟု မခိုးမခန့် ပြောလိုက်၏။

ကျွန်ုပ်မှာ ငယ်စဉ်က အလွန် ပြင်းထန်သော စိတ်ရှိသည်နှင့် အမျှ ဤသို့ မခိုးမခန့် ပြောသည်ကို အလွန် ရွံမုန်းသဖြင့် 'ခင်ဗျားတို့ ပုလိပ်ဟာ ဒီလိုပဲ ဆိုရင်တော့ ကျုပ် ပုလိပ်အဖွဲ့ထဲ မဝင်တော့ဘူး'

ပြောပြောဆိုဆိုပင် ကျွန်ုပ်၏ လျှောက်လွှာကို ၎င်းလက်ထဲမှ ဆွဲယူလျက် ၎င်းရှေ့တွင် ဆုတ်ပစ်ခဲ့ဖူး၏။ ပုလိပ်ဇာတာ ပါသော ကျွန်ုပ်မှာ တစ်နှစ် နောက်ကျပြီးမှ ဝင်ရသဖြင့် (၁၀) တန်းအောင်သူအား ရာဇဝတ်အုပ်ချင်း အတူတူ ငွေ ၁၀ လခ ပိုပေးခြင်းကို ရပ်ဆိုင်းသော နှစ်နှင့် ကြုံတွေ့ရ၍ ထိုအခွင့်အရေး လွတ်ရခြင်းတစ်ရပ်နှင့်၊ ထိုနှစ်က ရာဇဝတ်အဖွဲ့သို့ ဝင်သောသူများသည် ယခု လွတ်လပ်သော အချိန်တွင် ရာဇဝတ်ဝန်များ ဖြစ်နေကြသည်များကို မြင်ရသောအခါ မဖွယ်မရာ ပြောတတ်သော ရှေးပုလိပ်ကြီးများအား တွေးလိုက်တိုင်း စိတ်နာမိ၏။

## အမှုတိုင်ပြီ

'မနေ့ည ၁၂ နာရီ အချိန်လောက်မှာပါ ဆရာရယ်၊ ကျွန်တော်တို့ အိမ်မှာ ဓားပြတိုက်ပါတယ်'

ကျွန်ုပ်။ ။ 'နေဦးဗျ၊ ဘယ်လို စ နိုးလာတယ်၊ လူဘယ်နှယောက် ဝင်လာတယ်က စ ပြောပါ'

အိမ်ရှင်။ ။ 'ကျွန်တော်တို့ သမီး ခင်ပွန်းက အိမ်အောက်မှာ အိပ်ပါတယ်'

ကျွန်ုပ်။ ။ 'နေပါဦး၊ အိမ်က ၂ ထပ်လား'

အိမ်ရှင်။ ။ 'ဟုတ်ကဲ့၊ အိမ်က ၂ ထပ်ပါ။ ၂ ထပ် ဆိုပေမယ်လို့ အောက်ထပ်ကတော့ အကာအရံ ရှိပေမဲ့ အိမ်ရှေ့ကတော့ တံခါးတို့၊ ပိတ်စရာတို့ မရှိပါဘူး။ ခုတင်တစ်လုံးပေါ်မှာပဲ အိပ်ကြပါတယ်။ အပေါ်ထပ်မှာတော့ သမီးအပျို တစ်ယောက် အိပ်တယ်။ ခွေးဟောင်သံတွေ ကြားတော့ အိပ်ရာက လန့်နိုးလို့ မျက်စိလည်း ဖွင့်ကြည့်လိုက်ရော ကျွန်တော်တို့ သမီး ခင်ပွန်းဘေးမှာ "မထနဲ့" ဆိုပြီး လက်နှိပ်မီးနဲ့ ထိုးထားပါတယ်။ အထက်ထပ် တက်တဲ့ လှေကား တံခါးကိုလည်း ရိုက်ချိုး ဖွင့်နေတာ မြင်ရပါတယ်။ နောက် ကျွန်တော်တို့ ၂ ယောက်ကို စောင်နဲ့ အုပ်လိုက်တယ်။ ကျွန်တော်တို့ အနားမှာ လူ ၂ ယောက် ပထမ တွေ့ရတယ်။ အိမ်တံခါးပေါက် ရိုက်ချိုးနေတာကတော့ ရုတ်တရက် ကြည့်လိုက်ရလို့ ၂ ယောက်လား၊ သုံးယောက်လား မပြောတတ်ဘူး'

ကျွန်ုပ်။ ။ 'အင်း ပြောပါဦး'

'နောက် တံခါးမဖွင့်ခင်ပင် သမီးက "လူပါတော်၊ လူပါတော်" နဲ့ အော်သံကြားရတယ်။ "ဟ ငါတို့ ဓားပြဟ" တဲ့၊ "မအော်နဲ့" တဲ့။ "သေနတ်နဲ့ ပစ်ရမလား" တဲ့။ "ဟ ရဲခေါင် ပစ်ပါတော့လား" တဲ့။ ဒိုင်း ဆိုတဲ့ အသံတစ်ချက် အိမ်ရှေ့က ကြားရတယ်။

'ကျွန်တော်တို့ကိုလည်း ဓားပြားနဲ့ ရိုက်ပြီး "သော့ပေး၊ သော့ပေး" ဆိုပြီး သော့တောင်းတယ်။ တံခါးပွင့်သွားပြီး အိမ်ပေါ်က သမီးကို ဆွဲချလာတယ်။ ကျွန်တော်တို့ /အားလုံးကိုလည်း ခုတင်ပေါ်မှာ





အထိုင်ခိုင်းပြီး စောင်နဲ့ ဖုံးထားတယ်။ ပစ္စည်းတောင်းချင်မှ စောင်ကို မ ပြီး ဓားပြားနဲ့ ရိုက် ရိုက် တောင်းတယ်'

ကျွန်ုပ်။ ။ 'အထိုင် ခိုင်းထားတော့ လူတွေ ဘယ်လောက် မြင်ရသေးလဲ'

အိမ်ရှင်။ ။ 'ကျွန်တော်တို့ စောင်က ချည်ကလည်း ကျဲ၊ အစုတ်အပြဲတွေကလည်းရှိ ဆိုတော့ မြင်ရပါတယ်။ သေသေချာချာ ပြောနိုင်ပါတယ်။ သေနတ်ထမ်း လျှောက်နေတဲ့ လူက တစ်ယောက်၊ ကျွန်တော်တို့ကို စောင့်တဲ့ လူက တစ်ယောက်၊ အိမ်ပေါ်မှာ ရှာတဲ့ လူက ၂ ယောက်၊ အိမ်အောက်မှာ ပစ္စည်းရှာတဲ့ လူက တစ်ယောက်၊ ပေါင်း ၅ ယောက်ပါပဲ။ ဓားကတော့ ၄ ယောက်မှာ ပါတယ်။ သေနတ်သမားကတော့ သေနတ်နဲ့ လက်နှိပ်မီး ပါတယ်။ သေနတ်ကတော့ လုပ်သေနတ်လို့ ထင်တာပါပဲ'

ကျွန်ုပ်။ ။ 'လူပုံသဏ္ဌာန် မပြောနိုင်ဘူးလား'

အိမ်ရှင်။ ။ 'ပြောနိုင်ပါတယ်'

ကျွန်ုပ်။ ။ 'ဒါဖြင့် ပြောစမ်းဗျာ'

အိမ်ရှင်က ပုံသဏ္ဌာန်များကို ပြောကြား၏။ သူပြောသော ပုံသဏ္ဌာန်ထဲ၌ ကျွန်ုပ် စိတ်တွင် မသင်္ကာဖြစ်နေသော လူဆိုးနှင့် အလွန်တူသော ပုံသဏ္ဌာန်တစ်ခု ပါနေ၏။ သို့သော် ဟုတ်နိုင်မည် မထင်လှပါ။

ကျွန်ုပ်တို့သည် နီးစပ်ရာ ရွာများမှ ရာဇဝင် လူဆိုးများကိုမူ မကြာခဏ သွားရောက် စစ်ဆေး ကြည့်ရှုရသဖြင့် မှတ်မိနေ၏။ မျက်နှာ နီနီ၊ အရပ် ထောင်ထောင်မောင်းမောင်းဟု ဆိုလျှင်ပင် ရှောက်ခါးရွာမှ "ဘိုးဟန်" ကို အမှတ်ပြုမိ၏။ သို့သော် ဇလုပ်ရွာ ဆိုသည်မှာ ရှောက်ခါးရွာနှင့် နီးလွန်းသဖြင့် ဘိုးဟန် ဓားပြတိုက်ဝံ့မည် မဟုတ်ဟုလည်း တွေးထင်မိ၏။ အဘယ်ကြောင့် မတိုက်ဝံ့သနည်းဟူမူ သူ့အား လူသိ

များနေသူဖြစ်၍ သူသာဆိုလျှင် အိမ်ရှင်ကိုယ်တိုင်က သိမည်ဖြစ်ရာ ပေါ်မည်မှာ သေချာလှ၏။

ကိုယ့်အတွေး အထင်ဖြင့်သာ ကျွန်ုပ် ဆိတ်ဆိတ်နေလိုက်ပါမူ အိမ်ရှင်သည်လည်း ပုံသဏ္ဌာန် ပြောပြီးလျှင် မိမိတာဝန် ကုန်ပြီဟု ထင်ပေမည်။ သို့သော် ပုလိပ်သည် ပထမသတင်း ရေးယူရာ၌ အလွန် စေ့စေ့စပ်စပ် မေးရသည်။ လိုမနေစေရန် စဉ်းစား၍ ရှိသမျှ အချက်အလက်တို့ကို မေးထားမှသာ တရားရုံးတော်တွင်လည်း အရေးပါ အရာရောက်သော ပထမ သတင်းချက် ဖြစ်နိုင်သည်။

ကျွန်ုပ်။ ။ 'နေပါဦးဗျ၊ ခင်ဗျား ပြောတဲ့ လူဆိုးရဲ့ ပုံသဏ္ဌာန်တွေထဲမှာ လူတစ်ယောက်ဟာဖြင့် ရောက်ခါး ဘိုးဟန်ကြီးနဲ့ တူလိုက်တာ ဗျာ။ ဘိုးဟန်ကြီး ဆိုရင် ခင်ဗျား မသိပေဘူးလား'

အိမ်ရှင်။ ။ 'ဟာ သိတာပေါ့။ သူလည်း ပါတာပေါ့'

ကျွန်ုပ်။ ။ 'ဟာ ခင်ဗျားကလည်း တစ်ခါတည်း ပြောရောပေါ့ဗျာ။ တကတဲ မေးလိုက်ရတာ'

အိမ်ရှင်။ ။ 'ဆရာက ပုံသဏ္ဌာန်သာ ပြောပါဆိုလို့ ပုံသဏ္ဌာန်သာ ပြောရတာပါ'

ကျွန်ုပ်။ ။ 'နို့ ဒီပြင် လူဆိုးတွေကော နာမည်နာမနဲ့ သိသေးသလား'

အိမ်ရှင်။ ။ 'မသိဘူး ဆရာ'

ကျွန်ုပ်။ ။ 'နို့ မြင်ရင် မှတ်မိပါ့မလား'

အိမ်ရှင်။ ။ 'ကျွန်တော်ကတော့ ၃၊ ၄ ယောက်တော့ ကောင်းကောင်း မှတ်မိမယ် ထင်ပါတယ်။ သေနတ်နဲ့ အကောင်ပဲ နည်းနည်းဝေးနေလို့ မသဲကွဲလှဘူး'

ကျွန်ုပ်။ ။ 'ဘိုးဟန်ကကော ဘယ်နေရာမှာလဲ'

အိမ်ရှင်။ ။ 'ဘိုးဟန်က ကျွန်တော်တို့ကို ဖမ်းတဲ့ အကောင်





ပေါ့၊ သူ့အသံကို ဖျက်ပြီး ပြောပေမဲ့ ပထမကပဲ ဘိုးဟန်ပဲလို့ သိလိုက်ပါတယ်'

ကျွန်ုပ်။ ။ 'ကဲ ကဲ ဘာပစ္စည်းတွေ ပါသွားသလဲ'

အိမ်ရှင်အား ပစ္စည်းစာရင်းများနှင့် ပုံသဏ္ဌာန်များကိုပါ စေ့စေ့စပ်စပ် မေးလျှင် အချို့ကို သူ ပြောနိုင်သည်။ အချို့ကို မိန်းမနှင့် သမီးသာ သိသည်ဟု ပြောပြ အစစ်ခံ၏။ ထိုနောက် 'မေးတာကလည်း တယ်စုံကို' ဟု မကြားတကြား ပြောလိုက်သေး၏။

သူ ပြောမည်ဆိုလည်း ပြောသင့်ပါသည်။ နံနက် ၅ နာရီလောက်မှ ဌာနသို့ ရောက်လာပါသော်လည်း ၁၁ နာရီ အချိန်ရှိသည့်တိုင်အောင် ထမင်းမစားရ၊ လက်ဖက်ရည်ကြမ်းမျှ မသောက်ရဘဲ မေးသမျှ ပြောနေရသဖြင့် စိတ်ပင် မရှည်နိုင်တော့ပြီ။

ကျွန်ုပ်တို့မှာမူ အိမ်အနီးတွင်ရှိ၍ လက်ဖက်ရည် သောက်လိုက်၊ မုန့်စားလိုက်နှင့် မိမိအလုပ်လည်း ဖြစ်သဖြင့် မညည်းညူနိုင်ပေ။

ရေးထားသော အကြမ်းစာရွက်ကို အချောရေး၊ အချောရေးပြီးမှ လက်မှတ်ထိုးရဦးမည် ဖြစ်၍ ၁၂ နာရီ၊ တစ်နာရီထိုးအထိ ထမင်းဆာဆာနှင့် နေရရှာပေဦးမည်။ ဌာနအနီးတွင်လည်း ဝယ်စားရန် ဆိုင်ကနား မရှိသဖြင့် အမှုတိုင်လာသူတိုင်း စိတ်တွင် အလွန်ထိခိုက် စိတ်ဆိုးလျက် ပုလိပ်ကို မုန်းတီးပေမည်။

ဤသို့ ညည်းညူ ပြောဆိုသံကို ကြားရလျှင် ကျွန်ုပ်သည် အခွင့်ကောင်း ယူ၍ ရှင်းပြပါက ကျွန်ုပ်တို့အား မုန်းတီးရှုံ့ရာမှ လျော့ပါးသွားပေမည်ကို လိုလားတောင့်တ၍-

ကျွန်ုပ်။ ။ 'ဒီလိုပါဗျာ၊ စေ့စေ့စပ်စပ် မေးမထားရင် ခင်ဗျားပစ္စည်းကို ကျွန်တော်တို့ ရှာရမယ် မဟုတ်လား။ ဒီတော့ အလားတူ ပစ္စည်းတွေကလည်းရှိတော့ ဘယ်နားမှာ မီးလောင်ပေါက် ပါတယ်၊ ဘယ်နားမှာ ဆီစွန်းရှိတယ် ဆိုတာ သိထားတော့ အလားတူ ပစ္စည်းထဲက

ကျွန်တော်တို့က ရှာဖွေရာမှာ လွယ်ကူတဲ့အပြင် တရားရုံးတော်မှာလည်း သက်သေခံ ဝင်ညီတယ်ဗျ။ လူပုံသဏ္ဌာန်တွေကို မေးထားရတာက ဥပမာ ခင်ဗျားကို လူစီတန်းပြတော့ ဓားပြကို ဆွဲပြရလိမ့်မယ်။ ဆွဲပြနိုင်တဲ့ အကြောင်းရင်းက ခင်ဗျားတို့အိမ်မယ် ဓားပြတိုက်တုန်းက မြင်လို့ မှတ်မိတဲ့လူ ဆိုတာ ရုံးမင်းကို ယုံကြည်အောင် ပထမတုန်းက မေးထားပါတယ်။ ပုံသဏ္ဌာန် ပြောထားတယ်။ ဒါကြောင့် ဆွဲနိုင်တယ် ဆိုတာ သက်သေခံ အခိုင်အလုံ ဖြစ်စေရတယ်ဗျ'

ခေတ်ပညာတတ် မိတ်ဆွေတစ်ဦးကပင် ကျွန်ုပ်အား 'ခင်ဗျားတို့ ပုလိပ်တွေဟာဗျာ ပိုက်ဆံမရ မရသလို၊ ရ ရသလို သိပ်လုပ်တာပဲ။ တစ်နေ့က အိမ်သူခိုး ခိုးသွားလို့ ဌာနသွားတိုင်ပါတယ်။ တကတဲ မေးလိုက်တာ ပစ္စည်းပုံသဏ္ဌာန်တွေ၊ ချက်ချင်းပဲ ပြန်ရတော့မယ့် အတိုင်းပဲ။ ခင်ဗျားတို့ လူထုရဲဆိုပြီး ဘယ်လောက်ပြောပြော ညှဦးပေါက် ကတော့ လုပ်တုန်းပဲဗျ။ ဒါတွေလည်း ကြည့်လုပ်ပါဦး' တဲ့။

ကျွန်ုပ်။ ။ 'ဘယ်လို ဖြစ်တာလဲဗျ'

မိတ်ဆွေ။ ။ 'ဟာ မဖြစ်နိုင်တာပဲဗျာ။ ကျုပ်အိမ်က ပစ္စည်းပါသွားတာဟာ ယူနီဖောင်း သေတ္တာအကြီးစား သုံးလုံးဗျ။ ကျွန်တော့်ရဲ့ အင်္ကျီ၊ လုံချည်၊ ရှပ်အင်္ကျီပါတဲ့ သေတ္တာတစ်လုံး။ မိန်းမ သေတ္တာ တစ်လုံးအပြည့်။ ကလေး သုံးယောက်အတွက် သေတ္တာတစ်လုံး။ အကုန်စုစုပေါင်း ၂၀၀ ကျော် ၃၀၀ လောက် ရှိလိမ့်မယ်။ ဒါတွေကို စေ့စေ့စပ်စပ် မီးလောင်ပေါက် ပါသလား၊ ဆီစွန်း ပါသလား၊ ထူးခြားတဲ့ အမှတ်အသား ဘာများ ပါသေးသလဲ၊ အကုန်ပြောရမတဲ့။ ဘယ် ဒါတွေ သိမလဲဗျ'

ကျွန်ုပ်။ ။ 'ဟုတ်တော့ ဟုတ်ပါတယ်။ ဒီလိုမှ မေးမထားရင် တရားရုံးတော်မှာလည်း အဝတ်အထည် ပြန်ရတော့ သက်သေခံရာမှာ ထင်ယောင်ထင်မှား ဖြစ်စေနိုင်တယ်။ ပုလိပ်မလဲ သွားရှာရင် ချက်ချင်း ဒါတော့ ဒီအမှုက ပစ္စည်းလို့ သိနိုင်တယ်။ သိမ်းလာမယ် ဆိုလျှင်လည်း





သိမ်းဆည်းနိုင်တဲ့ အခွင့်အရေးရှိလာတယ် မဟုတ်လား။ ဒီတော့ ပစ္စည်း ပျောက်ပါတယ်ဆိုရင် ပစ္စည်းပုံသဏ္ဌာန် အကုန်လုံးပဲ သိသမျှ ပြောရမှာပဲ'

မိတ်ဆွေ။ ။ 'ဟာ ဘယ်မှတ်မိမလဲဗျ'

ကျွန်ုပ်။ ။ 'ခင်ဗျားမှ မမှတ်မိနိုင်ဘူး ဆိုရင်တော့ ပုလိပ်မှာ သာမမှတ်မိဦးမှာပေါ့ဗျ။ ဒါလည်း စဉ်းစားပါဦး'

ကျွန်ုပ်၏ မိတ်ဆွေသည် ဘယ်မျှ ကျွန်ုပ် နားလည်အောင် ပြောသော်လည်း ပုလိပ်ကို မုန်းတီးသောစိတ်ထား ရှိနေပြီး ဖြစ်၍၊ ကျွန်ုပ် ပေးသမျှသော ဆင်ခြေကို လက်မခံနိုင်ပါ။

ယခု အမှုတိုင်သော အိမ်ရှင်အဘိုးကြီးသည်လည်း မလွဲသာ၍ သာ ပြောနေသည်။ ပြောချင်လိမ့်မည် မဟုတ်ပါ။ (ဩော် ပုလိပ် ပုလိပ်၊ သူ့အကျိုးအတွက် မေးမြန်းကြည့်သည်ကိုပင် သူ မကြိုက်သဖြင့် အမုန်း ခံရသော ပုလိပ်ပါတကား။)

**အမှု စစ်ပြီ**

ဌာနပိုင်သည် အမှုလက်ခံပြီးသည့် ညနေမှာပင် ဌာနသို့ ပြန်ရောက်လာ၏။ ၎င်းနှင့်အတူ တိုက်ပိုင်လည်း ပြန်လာပြီ ဖြစ်၏။

ကျွန်ုပ်က ခရီးရောက်မဆိုက်မှာပင် 'အမှုကြီးတစ်ခု တိုင်လာတယ် ဌာနပိုင်ကြီး'

ဌာနပိုင်။ ။ 'ဗျို့ ... ဟုတ်လား၊ ဒါကြောင့် ကျွန်တော် မပြောဘူးလားဗျာ၊ စားပွဲမထုပါနဲ့လို့ဆို။ ခုတော့ လာတာပဲ မဟုတ်လား။ လာ လာ တိုက်ပိုင်မင်း သွားပြောရအောင်'

ကျွန်ုပ်တို့ ၂ ယောက်သည် တိုက်ပိုင်မင်းအား ရန်တွေ့ရန် သွားကြ၏။

တိုက်ပိုင်။ ။ 'လာကြဗျို့၊ ဘာမှုများ လာသေးသလဲ'

ကျွန်ုပ်။ ။ 'ဘာမှုရမလဲ ဆရာ၊ ဓားပြမှုပေါ့။ ဆရာပဲ စားပွဲ လက်သီးနဲ့ ထုခေါ်ထားတာပဲဟာ'

တိုက်ပိုင်။ ။ 'ဟင် ... ဟုတ်လား'

ဌာနာပိုင်။ ။ 'ဟင် ... ဟုတ်လား မလုပ်နေနဲ့၊ ဒါတော့ ဆရာ့ ဘာသာ ဆရာပဲ ကြိုးစားလိုက်ပေတော့'

ကျွန်ုပ်။ ။ 'သိပ် ကြိုးစားစရာ မလိုပါဘူးဗျာ။ ဓားပြ တစ်ယောက်ကို တရားလိုက သိလိုက်တာပဲ'

ဌာနာပိုင်။ ။ 'ဒါဖြင့် တော်ပါသေးရဲ့၊ နို့ ဘယ်လိုဖြစ်တာလဲ။ ပြောပါဦး'

ကျွန်ုပ်သည် ခရေစေ့တွင်းကျ ပြောပြလိုက်၏။ တိုက်ပိုင်နှင့် ဌာနာပိုင်များ ငိုင်သွားကြသည်။ ဟုတ်နိုင်၊ မဟုတ်နိုင် စဉ်းစားကြဟန်တူ၏။

သူတို့ စဉ်းစားနေသော အကြောင်းကို ကျွန်ုပ် ရိပ်မိသဖြင့် 'လူမိုက်ဆိုတာ ဆေးရှိတာ မဟုတ်ဘူးလေ။ အတိုက်ခံရတဲ့ လူက သိပါတယ်၊ သူပါပဲ ဆိုမှဖြင့် ဘာစဉ်းစားစရာ ရှိသလဲ'

တိုက်ပိုင်။ ။ 'ဒါဖြင့်ဗျာ၊ အိုးမဲတွေ ဘာတွေ သုတ်ပြီး ရုပ်ဖျက်တိုက်သတဲ့လား'

ကျွန်ုပ်။ ။ 'ရုပ်လည်း မဖျက်ဘူးတဲ့ ဆရာ'

ဌာနာပိုင်။ ။ 'ဖြစ်စဉ်ထက်တော့ ထူးတယ် ဆရာ'

တိုက်ပိုင်။ ။ 'နို့ ခင်ဗျား ဘာလုပ်ထားသလဲ'

ကျွန်ုပ်။ ။ ဆရာတို့ လာမယ်ဆိုတာ သိထားလို့ ဘာမှတော့ ထူးထူးထွေထွေ မလုပ်ရသေးပါဘူး။ နို့ပေမဲ့ ဘိုးဟန်တော့ အဖမ်းခိုင်းလိုက်ပြီ။ လူဆိုးစစ်စာသင် ၁ နာရီ၊ ၂ နာရီလောက်က ထွက်သွားလေရဲ့'

တိုက်ပိုင်။ ။ 'အင်း၊ ဖမ်းတော့ ဖမ်းထားရမှာပေါ့ဗျာ'

ဌာနာပိုင်။ ။ 'ဖမ်းတာကတော့ မမှားပါဘူး။ နို့ပေမဲ့ အခြားအထောက်အထား အကြောင်းအချက် ရှိဦးမှ ကောင်းမယ်'





ကျွန်ုပ်မှာ ထိုစဉ်က တိုက်ပိုင်နှင့် ဌာနာပိုင်တို့လောက် လုပ်သက်မရှိသေး။ အမှု၏ အတွေးအခေါ်တွင် မပြည့်စုံလှသေးပေ။

ကျွန်ုပ်။ ။ 'ကဲ ... ကဲ ... ကျွန်တော်တော့ အခင်းဖြစ်နေရာ သွားဖို့အတွက် ရေးထားပြီးပြီ။ လိုက်ကြဦးမှာလား၊ လိုက်ရင် သွားမယ်'

တိုက်ပိုင်။ ။ 'လာ လာ ... သွားမယ်။ ကျုပ် မော်တော်ကားနဲ့ပဲ သွားစို့'

"ဇလုပ်" ဆိုသောရွာမှာ မုံရွာမှ ၄ မိုင်သာသာ ၅ မိုင်လောက်တွင် ရှိပါသည်။ ရာဇဝင်လူဆိုး အများဆုံးရှိသော နေရာတစ်ခုဖြစ်၍ ပုလိပ်များ ဥဒဟို သွားရာလမ်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ခေတ်တွင် ဤမျှဆိုးသွမ်းသည်ဟု မသိရသေးသော်လည်း ထိုအရပ်ရှိ လူဆိုးများမှာ ရှေးအခါက ပုလိပ်အား အတော် ဒုက္ခပေးခဲ့သူများ ဖြစ်၏။ လူဆိုးများများ နေထိုင်သော အရပ်သည်လည်း လူဆိုးထွက်ရာ အရပ်တစ်ခုဟု ဆိုလျှင် မမှားပါ။ ငကန်းသေလျှင် ငစွေပေါ်စမြဲ ဆိုသည့်အတိုင်းပင် ငကန်းများ အလုပ်မလုပ်နိုင်ချိန်ဝယ် မိမွေဘမွေ အဖြစ်ဖြင့် ထိုရွာရှိ လူငယ်များအား ၎င်းတို့ သွန်သင်ဆုံးမ ဩဝါဒပေးခြင်းအားဖြင့် ယခုအချိန်တိုင်အောင်ပင် လူဆိုးအမွေ မပြတ်သေးသော ရွာကြီးတစ်ရွာဖြစ်၏။

*

အိမ်ရှင် ဦးဘိုးအောင်၊ ရွာခေါင်းဦးသာဝ အစရှိသော လူကြီးများနှင့် အတူ အတိုက်ခံရသော အိမ်သို့ စစ်ဆေး ကြည့်ရှုကြသည်။ ဘယ်သို့ပင် စေ့စေ့စပ်စပ် ကြည့်စေကာမူ ခြေရာလက်ရာ ဟူ၍ မတွေ့ရ။ သဲလွန်စ အဖြစ် တွေ့နိုင်သော ပစ္စည်းများ မတွေ့ရ။ ထပ်မံ၍ အိမ်ရှင်နှင့်တကွ အိမ်ရှင် ဦးဘိုးအောင်၏ ဇနီး ဒေါ်ဘွား၊ သမီး မယ်လှတို့ကို စစ်ဆေးကြသည်။ မယ်လှကလည်း အိမ်ပေါ်တွင် ပစ္စည်းရှာ၊ မိမိအား ခေါ်ဆောင်လာသူ လူဆိုး ၂ ဦးအား မြင်လျှင် မှတ်မိနိုင်ပါသည်ဟု ပြောဆိုသိရ၏။

ဒေါ်ဘွားကလည်း အနီးရှိ လူဆိုးတစ်ယောက်အား မြင်လျှင် မှတ်မိကြောင်းနှင့် သူ၏ယောကျ်ားက ဘိုးဟန် ဖြစ်ကြောင်း ပြောဆို သိရှိရသည်ဟု အစစ်ခံ၏။

တိုက်ရာပါ ပစ္စည်းများမှာ ရွှေလက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်အစရှိသော ရွှေထည် ၃၀ သားခန့်၊ ပိုးလုံချည်၊ ချည်လုံချည်၊ ထဘီအစစ တန်ဖိုး ၅၀၀ နှင့် ငွေသား ၂၀၀ ကျော် ပါသွားသည်ဟု သိရ၏။

အခင်းဖြစ် နေရာတွင် သဲလွန်စရှာရန် များစွာ မလိုလှပါ။ "ဘိုးဟန်" ကို သိနေပြီ ဖြစ်၍ ဘိုးဟန်၏ ဂိုဏ်းသားများကို စစ်ဆေးခြင်းအားဖြင့် သိနိုင်ပေမည်ဟု ထင်ရ၏။ သို့ဖြင့် အချိန်ကုန်မခံဘဲ ဘိုးဟန်ရှိရာ ရောက်ခါးသို့ လိုက်သွားကြ၏။

ဘိုးဟန်ကို ဖမ်းရန် စေလွှတ်လိုက်သော စာသင်သည်လည်း ဘိုးဟန် နေအိမ်တွင် မရှိသေး၍ စောင့်နေသည်ကို တွေ့ရ၏။ "ဘိုးဟန်" ထွက်ပြေးလေပြီလော ဟုလည်း စိုးရိမ်မကင်း ဖြစ်နေမိ၏။

ရောက်ခါးရွာတွင်ရှိသော ဘိုးဟန်၏အိမ်၊ ဘိုးဟန်နှင့် အဆက်အသွယ်ရှိသော အိမ်များကို ကျွန်ုပ်တို့ ပစ္စည်းရှာဖွေကြပါသော်လည်း ဘာမျှ မတွေ့ပေ။ ညနေ (၆) နာရီလောက် အချိန်တွင် ဘိုးဟန်ကို ကျွန်ုပ်တို့ ရောက်ခါးတွင်ပင် ဖမ်းဆီးရမိ၏။

ဘိုးဟန်မှာ အဖမ်းခံနေကျဖြစ်၍ မုံရွာဌာနာတွင် ရှိသော လူဆိုးစစ်များမှ အစ ရာဇဝတ်အုပ်တိုင်းနှင့်လိုလိုပင် သိနေသူ ဖြစ်ပါသည်။

တိုက်ပိုင်။ ။ 'ဘိုးဟန်ဆိုတဲ့ အကောင်က တယ်ဆိုးတဲ့ အကောင်ပဲ'

ဘိုးဟန်။ ။ 'ကျွန်တော်မျိုး မဆိုးပါဘူး ဘုရား၊ ငယ်စဉ်ကသာ အပေါင်းအဖော် မကောင်းလို့ မှားမိတာပါ။ အခုတော့ ကျွန်တော်မျိုး အကြောင်းကို ရပ်ရွာသာ မေးကြည့်ပါတော့။ ထန်းရည်တောင် မသောက်တော့ပါဘူး။ ဘုန်းကြီးကျောင်းသွား၊ ဘုန်းကြီးကို ဝတ်ဖြည့်၊ တရားနာနဲ့ သခင့်တပည့် အလွန် လိမ်လိမ်မာမာ နေပါတယ်'





တိုက်ပိုင်။ ။ 'အေး ... အေး ပြောပေါ့ကွာ၊ မဟုတ်တာတွေ လျှောက်ပြီး ...'

ဘိုးဟန်။ ။ 'ဟုတ်ပါတယ် သခင်၊ အရပ်ကို မေးကြည့်ပါ။ အခု ဘယ်မှာ ဘာမှုဖြစ်ပြန်ပလဲ ဘုရား'

တိုက်ပိုင်။ ။ 'ဘယ်မှာ ဘာမှုဖြစ်လို့ ဖမ်းတယ်ဆိုတာ မင်း မသိသေးဘူးပေါ့'

ဘိုးဟန်။ ။ 'မသိသေးဘူး ဘုရား'

တိုက်ပိုင်။ ။ 'ဌာနာပိုင်ကြီး ပြောလိုက်စမ်းပါဦးဗျာ'

ဘိုးဟန်။ ။ 'ဘယ်မှာပဲ ဓားပြတိုက်မှုဖြစ်ဖြစ် အညီရှိ ယင်အုံဆိုသလိုပါပဲ။ ဒိုင်းဆို ဘိုးဟန်ကို လာဖမ်းတာကတော့ ထုံးစံကို ဖြစ်နေတာပါပဲ ကိုယ်တော်' ဟု ညိုးငယ်သော မျက်နှာနှင့် ပြောနေရှာသည်။

ဟုတ်လည်း ဟုတ်သလောက် ဟုတ်ပါသည်။ ဓားပြမှု၊ လုယက်မှု ဆိုလျှင် ဘိုးဟန်တို့လို ရာဇဝင် လူဆိုးများကို ဖမ်းရ၊ မေးရ၊ ပစ္စည်းရှာရ၊ ခဏခဏ လုပ်ကြရပါသည်။ ကျွန်ုပ်တို့ မုံရွာ ဌာနာမှာသာ မဟုတ်သေး။ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်များကပင် ဘိုးဟန် အိမ်ကို ရှာပါဟု ဆိုသော အမှာစာများ၊ ကြေးနန်းများ မကြာခဏ ရတတ်၏။ ဘိုးဟန်တို့ စိတ်ပျက်မည် ဆိုလျှင်လည်း စိတ်ပျက်ပေမည်။

ဌာနာပိုင်။ ။ 'မင်းတို့လို သံမဏိလူဆိုး ဆိုတာကတော့ကွာ အတော် မှင်သေပါတယ်။ လူကဲခတ်တော့ အတော် ခက်တယ်ဟေ့၊ တကယ်ပဲ'

ဘိုးဟန်။ ။ 'အရှင်ဘုရားများ သဘောတော် အတိုင်းပါပဲ ဘုရား။ ကိုယ့်ကံပဲလို့သာ အောက်မေ့ရတာပါပဲ'

ဌာနာပိုင်။ ။ 'မင်း ဦးဘိုးအောင်တို့အိမ်ကို ဓားပြတိုက်တယ် မဟုတ်လားကွ'

ဘိုးဟန်။ ။ 'ဇလုပ်ရွာက ဦးဘိုးအောင် အိမ်ကိုလား ကိုယ်တော်'

ဥာနာပိုင်။ ။ 'အေး ဟုတ်တယ်'

ဘိုးဟန်။ ။ 'ဩော် ... ကိုယ်တော်တို့မလဲ ... အထင်ကြီးချင်တော့လည်း ဘိုးဟန်တို့ ပါးတယ်၊ နပ်တယ်၊ ပိပိရိရိ ရှိတယ်နဲ့ ချီးမွမ်းကြတယ်။ အလျော်စားထားပြန်တော့လည်း ၂ ပြားမှ မတန်အောင်ဘဲထားလိုက်တာပဲ'

ကျွန်ုပ်မှာ ဤသို့ ဘိုးဟန် ပြန်ပြောသည်ကို နားမလည်လိုက်သဖြင့် ဘိုးဟန်အား 'ရှင်းပြစမ်းပါဦး' ဟု ခိုင်းရ၏။

ဘိုးဟန်။ ။ 'ကိုယ်တော်ပဲ စဉ်းစားကြည့်ပါ။ ရှောက်ခါးနဲ့ ဇလုပ် ဆိုတာ နှစ်ရွာတစ်ရွာ နေတာပါ။ ရှောက်ခါး ဘိုးဟန်က ဇလုပ်က ဦးဘိုးအောင်တို့အိမ် ဓားပြတိုက်ရင် ဂါတ်အတိုင် စောင့်မနေနဲ့၊ ဂါတ်သွားအချုပ်ခံချေတော့ပေါ့။ လူဆိုး လုပ်နေပြီးမှ ကိုယ်တော် ဒီလောက်တော့ ဉာဏ်ရှိဦးမှပေါ့'

ခပ်တည်တည်နှင့်ပင် ဘိုးဟန်က ပြောလိုက်၏။

ကျွန်ုပ်။ ။ 'လူမိုက် ဆိုတာ ဆေးရှိတာ မဟုတ်ပါဘူးကွာ၊ ပြောမဖြစ်ပါဘူး'

ဘိုးဟန်။ ။ 'တခြားနေရာ မိုက်ရင် မိုက်မယ်၊ ကိုယ် ချောက်ချမယ့် နေရာတော့ ဘယ်တော့မှ ဘယ်လိုလူမျိုးမှ မမိုက်ပါဘူး။ ပြီးတော့ ဦးဘိုးအောင် ဆိုတာက ကျွန်တော်မျိုးတို့ မရှိရင် ၅ ကျပ် ၁၀ ချေးပါဆိုရင် မအောင့်မအည်း ချေးရှာသေးတယ်။ ဒီလို ကျေးဇူးတွေလည်း ရှိပါသေးတယ်'

ကျွန်ုပ်။ ။ 'ဒါဖြင့် ဦးဘိုးအောင်က မင်းကို ဘာဖြစ်လို့ "ဘိုးဟန်" ပါပါတယ်လို့ စွပ်စွဲသလဲကွ၊ ပြောပါဦး'

ဘိုးဟန်။ ။ 'လူတူမရှား၊ နာမည်တူ မရှားပါ ဘုရား၊ ညအိပ်မှုန်စုံမွှားနဲ့ ကျွန်တော်မျိုးနဲ့ တူတဲ့လူက တိုက်ရင် ကျွန်တော်မျိုးကို ထင်ချင်လည်း ထင်ပေမပေါ့'





ကျွန်ုပ်။ ။ 'ဒါတော့ ဟုတ်ပါတယ်။ နို့ပေမဲ့ သူက စွပ်စွဲထားတော့ တို့မှာတော့ ဖမ်းရမှာပဲ။ သူ့ကြိုး သူဖြေမှပဲ ဖြစ်မှာပဲ။ သူကတော့ ဘိုးဟန်မှ အစစ်၊ ရေမရောဘူးလို့ ပြောတာပဲကွ'

ဘိုးဟန်။ ။ 'ဒီလိုဆိုလည်း ပြီးပါရော ဘုရား။ ရှိပါစေ၊ ကိုယ်ကံကိုယ့်အကြောင်းတရားပေါ့'

ဥာနာပိုင်။ ။ 'အေးအေး မင်း အကြောင်းတရားပဲပေါ့ကွာ'

ဘိုးဟန်။ ။ 'ဟုတ်ပါတယ် ဘုရား၊ ကျွန်တော်မျိုးဟာ ဟောဒီ တိုက်ပိုင်မင်း အရှင်ဘုရား၊ ဥာနာပိုင် အရှင်ဘုရားတို့ရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုး အရင်းပါ။ ကျွန်တော်မျိုးမှာ ပုလိပ်နဲ့ ပေါင်းရမလားဆိုပြီး ဘယ်လူဆိုးကမှ အခု မပေါင်းမသင်းကြတော့ပါဘူး။ ယုံလည်း မယုံပါဘူး။ ဟိုအမှုတုန်းကလည်း ကျွန်တော်မျိုး သတင်းပေးတဲ့ဟာ လူဆိုးတိုင်းက သိသွားတယ် မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်မျိုးက လူဆိုးနဲ့လည်း မပေါင်းချင်တော့ပါဘူး။ သူတို့လည်း ဂရုမစိုက်တော့ပါဘူး။ ကျွန်တော်မျိုး စားစရာမရှိရင် အရှင်ဘုရားများဆီ တောင်းစားရတာပဲ'

ဟု သနားစဖွယ် ဘိုးဟန် ပြောနေ၏။ သို့သော် ကျွန်ုပ်တို့ ကဲ့သို့သော ပုလိပ် အရာရှိများမှာ ဤစကားမျိုးပေါင်း သောင်းခြောက်ထောင် ကြားခဲ့ဖူးပေပြီ။ ဘိုးဟန်ကလည်း ကျွန်ုပ်တို့ကဲ့သို့သော ပုလိပ် အရာရှိများ တွေ့ဖူးခဲ့လှချေပြီ။ ကျားနှင့် ဆင်တို့သည် လယ်ပြင်၌ တွေ့နေသည့် အလားပင်။

ကျွန်ုပ်တို့သည် ဘိုးဟန်ကို ဖမ်းဆီး ခေါ်ငင်ပြီးလျှင် အချုပ်ခန်း၌ ထည့်ထားလိုက်၏။

တရားခံတစ်ယောက်ကို ဖမ်းပြီးနောက် ၂၄ နာရီသာ ချုပ်ထားနိုင်ရာ နောက်တစ်နေ့တွင် "ရမန်" ဟု ခေါ်ဆိုသော တရားသူကြီး၏ အခွင့်အမိန့် ၇ ရက်တာမျှ ချုပ်ထားနိုင်ရန် တောင်းခံရမည်။ ဤသို့

အခွင့်အမိန့်မှာ တရားသူကြီးက တစ်ခါလျှင် ၇ ရက်သာ ပေးလေ့ရှိ၍ ၂ ခါယူလျှင် ၁၄ ရက်မျှသာ ချုပ်ထားခွင့် ရနိုင်ပေမည်။

၁၅ ရက်ကြာလျှင် ဤအမှုကို ရုံးတော်တွင် တရားစွဲတင်ရမည်။ သို့မဟုတ် တရားခံကို လွှတ်ပစ်၍၊ အမှုကို ဆက်လက် တရားခံ ရှာရမည်သာ ဖြစ်၏။ တစ်လ၊ နှစ်လ စစ်ဆေး၍ မပေါ်ပေါက်လျှင် အမှုကို ပိတ်ပစ်ရ၏။ နောင် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်မှသာ ပြန်လည် စစ်ဆေး၍ တရားရုံးသို့ တရားစွဲတင်နိုင်၏။

အမှုမှာ တရားလိုက စွဲထားသဖြင့် အလွန် လွယ်နေပေပြီ။ တရားခံ တစ်ယောက်ပင် ရှိလင့်ကစား တစ်ယောက်ကို စွဲတင်၍ အပြစ်ကျလျှင်ပင် ကျွန်ုပ်တို့၏ အမှုစာရင်း၌ "အပြစ်ကျ" ဟု ရေးမှတ်နိုင်သဖြင့် အထက်လူကြီးများ၏ ကြိမ်းမောင်းခြင်း လွတ်ကင်းနိုင်ပေမည်။ နောက်ထပ် တရားခံ မရလျှင်ပင် ပုလိပ် အရာရှိတို့ ပူပူပင်ပင် မရှိတတ်လှပါ။

အမှုနေ့တွင် တရားသူကြီးထံ "ရမန်" ရယူရန် စာမူ အစရှိသည်တို့ကို ညတွင်းချင်းပြီးအောင် ရေးရ၏။ လက်နှိပ်စက်ရှိသော ခေတ်ဖြစ်၍ တော်ပါသေးသည်။

ဘိုးဟာန်ကို စစ်နေသော်လည်း ငြင်းကွယ်မည်သာ ဖြစ်၍ ထိုနေ့ညတွင် ဘိုးဟာန်ကို ထူးထူးထွေထွေ မစစ်ဆေးတော့ပါ။ ဘိုးဟာန်လို လူဆိုးကြီး တစ်ယောက်က ဖြောင့်ချက်ပေးမည့် အစအန ပေါ်လိမ့်မည်ဟု ယုံကြည်ရန် ခဲယဉ်းပါသည်။ ရိုက်လျှင်လည်း ရိုက်၊ ရိုက် ဖြစ်မည်။ ချော့လျှင်လည်း ချော့ ချော့ပင် ဖြစ်မည်ကို သိပြီးဖြစ်၍ ချော့လည်း မချော့၊ ခြောက်လည်း မခြောက်၊ ရိုက်လည်း မရိုက်တော့ပါ။ သူ၏ အသွားအလာ အနေအထိုင်များကိုသာ မေးသင့်၊ မေးထိုက်သလောက် မေး၍ ထိုညတွက် ပြီးစေပါသည်။

အချုပ်ခန်းတွင် တရားခံ ၂ ဦး ရှိပါသည်။ များစွာ အရေးကြီးလှ





သော တရားခံများ မဟုတ်သည့်အပြင် တရားခံ တစ်ဦးမှာ ကျွန်ုပ်တို့က ကျွေးမွေးပြီးနောက် တရားခံချင်းချင်း အမှုအကျိုးအကြောင်း ပြောတတ်ကြရာ ကျွန်ုပ်တို့၏ သူလျှိုပင် အလုပ်ခိုင်းထား၏။ အချုပ်တွင် ရှိသော တရားခံသည် ကျွန်ုပ်တို့ ပေးကျွေးသော အစာများကို စားရသဖြင့် ကျွန်ုပ်တို့အား ညတွင် ဘိုးဟာန်အား ဟုတ် မဟုတ် မေးပြီး ပြောပါမည်ဟု ကတိပြုထား၏။

**ရမန် ခံပြီ**

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် ဘိုးဟာန် ဘာပြောမည်ကို အလွန် သိလိုလှသဖြင့် နံနက်စောစောပင် အချုပ်တရားခံ ကျွန်ုပ်တို့၏ သူလျှိုကို ခေါ်ယူမေးမြန်း၏။

အချုပ်တရားခံ။ ။ 'ဘာမှ မေးလို့ မရပါဘူး ဆရာ၊ ဆရာတို့ လူဆိုးက အဓိပတိနဲ့ တူတယ်'

ကျွန်ုပ်။ ။ 'အင်း အဓိပတိ ဆိုတာတော့ ဟုတ်ပါတယ်ကွာ၊ ဘာမှ မပြောလည်း နေပေစေ၊ နို့ပေမဲ့ ပော့ ထောင်အတွင်းရောက်တော့ ပြောချင် ပြောဦးမယ်။ မင်းလည်း ဒီကနေ့ ထောင်မှာ ချုပ်မှာပဲ။ မင်း ကပ်မေးစမ်းပါဦးကွာ တပည့်။ မင့်အမှုတော့ ငါ ကြည့်လုပ်ပါ့မယ်'

အချုပ်တရားခံ။ ။ 'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်အမှုလေးလည်း ဆရာ သနားသဖြင့် ကြည့်လုပ်ပေးပါဦး'

ကျွန်ုပ်။ ။ 'အေးပါကွာ၊ စိတ်သာချပါ'

စိတ်သာချပါဟုသာ ပြောရသည်။ ထိုတရားခံမှာ ကျွန်ုပ် အမှုကလည်း မဟုတ်၊ မည်သူ အမှုက ဖြစ်၍ ဘာမှုနှင့် ဖြစ်သည်ကိုပင် ကျွန်ုပ် မစုံစမ်းမိခဲ့ပေ။

တစ်နေ့တာ အလုပ် စသည်ဆိုလျှင် နံနက်ခင်း၌ ဌာနာ အောက်ထပ်ဝယ် ရာဇဝတ်အုပ်များ၊ ဌာနာပိုင်၊ စာသင်များ၊ ဌာနာ စာရေးများ

သည် ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေကြ၏။ ရုံးသွားရန်ရှိသော လူများလည်း ရုံးသွားရန် ပြင်ဆင်နေကြ၏။ မည်သူကမျှ မည်သူကို ကူညီနိုင်သည် မရှိလှပေ။

ကျွန်ုပ်မှာ အမှုစစ် မဟုတ်၍ ဌာနာပိုင်ကို ကူညီရန်သာရှိ၍ ဌာနာပိုင် ကိုင်သော ဖလုပ်အမှုကို ဌာနာပိုင်နှင့်အတူ ပူးတွဲ ဆောင်ရွက်ရ သဖြင့် တစ်ထောင့် တစ်လမ်းမှ အကူပေးနေခြင်းသာ ဖြစ်၏။

၉ နာရီခွဲ ၁၀ နာရီဆိုလျှင် တရားခံများကို ထုတ်၍ ရုံးသို့ ယူဆောင်သွားကြ၏။ တရားခံ၏ လက်ထိတ် သံကြိုးများ ကောင်း မကောင်းကို ကျွန်ုပ် ကြည့်ရှု စစ်ဆေးလိုက်သေး၏။ ဘိုးဟန်ကိုလည်း နှုတ်ခွန်းဆက်လိုက်သေး၏။

ဘိုးဟန်။ ။ 'ဆရာ၊ ဆေးလိပ်ကလေးတော့ သောက်စမ်းပါရစေ ဆရာ။ ထောင်ထဲ မရောက်ခင်'

ကျွန်ုပ်။ ။ 'အေး အေး ... သောက် သောက်။ ရော့၊ ဆေးလိပ်' ဟု မိမိတွင် ပါသော ဆေးလိပ် တစ်လိပ်ကိုပင် ပေးလိုက်ရသေး၏။

ဌာနာပိုင်သည်လည်း ရုံးသို့ပို့ရန်စာ၊ လက်အောက် ရာဇဝတ်အုပ်များ၏ အမှုနေ့စဉ်တို့ကို ဖတ်၍ မှတ်ချက်ရေးနေခြင်းဖြင့် ၁၁ နာရီ ကျော်ကျော် ၁၂ နာရီလောက်တွင်မှ ပြီးဆုံးသွား၏။ ကျွန်ုပ်နှင့်အတူပင် တစ်နံနက်လုံး ရေးရမှတ်ရ၊ ပြောရဆိုရ၊ အမိန့်ပေးရနှင့် အလုပ်ရှုပ်နေပြီးနောက် ထမင်းစားကာ အပန်းဖြေရန် ဌာနာမှ အတူထွက်ခဲ့ကြ၏။

ကျွန်ုပ်။ ။ 'ဌာနာပိုင်ကြီး၊ ဒီတစ်ယောက်တည်း ဆွဲတင်လို့တော့ မဖြစ်ဘူး။ နောက်ထပ် တရားခံ ရအောင် ဘယ်လိုရှာဦးမလဲ'

ဌာနာပိုင်။ ။ 'ဒီကောင့် အပေါင်းအသင်းတွေကို စိစစ်ရမယ်။ သူ့အသွားအလာတွေကို စစ်ရမယ်။ ပြီးတော့ ပုံသဏ္ဍာန်တူတဲ့ ဘိုးဟန် အပေါင်းအသင်းကို ဖမ်းပြီးဖြစ်ဖြစ်၊ မဖမ်းဘဲနဲ့ပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ လူစီတန်းပြ၊ စွဲရင် ဖမ်း၊ မစွဲရင် လွှတ်ပစ်၊ သက်သေခံ ပစ္စည်းလည်း





ရှာရမပေါ့ဗျာ။ နို့ပေမဲ့ သက်သေခံပစ္စည်း ပျောက်ဖျက်တာတော့ ဘိုးဟန်တို့က စွမ်းတယ်။ သိပ်ပြီး မျှော်လင့်ချက် မရှိဘူး'

ကျွန်ုပ်။ ။ 'မနေ့ညက အချုပ်တရားခံ တစ်ယောက်တောင် "သူလျှို" အလုပ် ခိုင်းထားသေးတယ်။ မနက်က မေးတော့ ဒီအမှုအကြောင်း ဘိုးဟန်က ဘာမှ မပြောဘူးတဲ့။ ဟုတ်မှ ဟုတ်ပါလေလားဗျာ ... နော်'

ဌာနာပိုင်။ ။ 'ဘိုးဟန်လို အကောင်ကတော့ နှုတ်လုံတယ်ဗျ၊ ထောင်ထဲကျရင်တော့ ပြောကောင်း ပြောလိမ့်မယ်'

ကျွန်ုပ်။ ။ 'ကျွန်တော် မှာလိုက်သေးတယ်ဗျ'

ဌာနာပိုင်။ ။ 'အင်း ... ကောင်းသားပဲ'

**အမှုလိုက် တိုက်ပိုင်**

ထမင်းစားရန် အိမ်သို့ရောက်မှ ပုလိပ်သားတစ်ယောက် ပေါက်လာသည်။

'ဆရာ၊ ဌာနာပိုင်ကြီးက ရုံးလိုက်ခဲ့ပါတဲ့'

'ဟ ... အခုတင် ဌာနာပိုင် အိမ် ထမင်းပြန်စားပါတယ်။ အခု ရုံးရောက်သွားပလား'

'မဟုတ်ဘူး ဆရာ။ ကျွန်တော့်လာခေါ်ပြီး သူသွားနှင့်မယ်တဲ့၊ ဆရာ့ဆီ သွားပြီး ရုံးလိုက်ခဲ့လို့ ပြောပါဆိုလို့'

'ဟင် ဘာဖြစ်ပြန်ပလဲ၊ ရမန် မရလို့လား'

'မဟုတ်ဘူး ဆရာ၊ အမှုလိုက် တိုက်ပိုင်က ရုံးကို အမြန်လာခဲ့ပါလို့ အခေါ်လွှတ်လိုက်တယ်'

'ဘာဖြစ်လို့လဲကွ၊ မသိခဲ့ဘူးလား'

'မသိခဲ့ဘူး ဆရာ'

'မင်းကလည်း ပုလိပ်သားပိပိ ဘာမှ မသိခဲ့ဘူးကိုးကွ' ဟု ကြိမ်းမောင်းရင်းပင် ကျွန်ုပ်လည်း ထမင်းပင် မစားတော့ဘဲ ရုံးသို့ လိုက်သွားပါသည်။

ဌာနာပိုင်နှင့် ရုံးအမှုလိုက် အင်စပိတ်တော်ကို ရုံးအမှုလိုက် အခန်းတွင် တွေ့သည်။

ကျွန်ုပ်။ ။ 'ဘာကိစ္စပါလဲ' ဟု အရိအသေပြုပြီးနောက် မေးလိုက်၏။

အမှုလိုက်။ ။ 'ဘိုးဟန်က ဖြောင့်ချက်ပေးမလို့ တဲ့'

ကျွန်ုပ်။ ။ 'ဟင် ... ဟုတ်လား'

ကျွန်ုပ်မှာ အလွန် အံ့သြသွားသည်။ ဌာနာပိုင်သည်လည်း ထို နည်း နှင်နှင်ပင်။

အမှုလိုက်။ ။ 'ဒါနဲ့ ရုံးမင်းက လက်ထိတ် ဖြုတ်ခိုင်းလို့ လက်ထိတ် ဖြုတ်ထားခဲ့ရတယ်'

ကျွန်ုပ်က စိုးရိမ်တကြီးနှင့် 'ထွက်များ ပြေးပါဦးမယ် ဆရာ'

အမှုလိုက်။ ။ 'ဘေးနား ကွယ်ရာမှာ စာသင်တစ်ယောက်နဲ့ အမှုထမ်း တစ်ယောက်တော့ "ဂျူတီ" ချထားပါတယ်'

'ဘိုးဟန်ကတော့ လူလည်ပဲ ဆရာ၊ ဘာတွေများ ဖြောင့်ချက် ဆိုပြီး ပေးနေဦးမလဲ မသိဘူး' ဟု ဌာနာပိုင်က ညည်းညူလိုက်၏။

ကျွန်ုပ်။ ။ 'ဘာပဲ ပေးပေးဗျာ၊ ကျွန်တော်တို့က အရှုံးမရှိပါဘူး'

ဌာနာပိုင်။ ။ 'ခင်ဗျား မသိဘူးနော်၊ လူဆိုးများဟာ အင်မတန် ဉာဏ်များတယ်။ ဘယ်လို အကွက်ဆင်ဦးမလဲ မပြောတတ်ဘူး'

ကျွန်ုပ်။ ။ 'ကဲ ... ဒီသတင်း ကြားရတာတော့ ဝမ်းသာစရာ မရှိတောင် ဝမ်းနည်းစရာ ရှိမထင်ပါဘူးဗျာ။ ထမင်းပြန်စားဦးမယ်'

ဌာနာပိုင်။ ။ 'နေဦးဗျ၊ အလုပ် ဆက်လုပ်ရလိမ့်မယ် ထင်တယ်။ ဒီကောင်က မဟုတ်တဲ့ လူတွေများ ထည့်ထွက်ဦးမလား မသိဘူး။ ဖြောင့်ချက်တိုင်း ဖြောင့်တာ မဟုတ်ဘူးနော်။ ကျွန်တော့်တစ်သက်မှာ ပုလိပ်က မရိုက်ဘဲ၊ မချော့ဘဲ၊ မခြောက်ဘဲ၊ ကတိမပေးဘဲ၊ သက်သေခံ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အလုပ်တွေ မလုပ်ဘဲနဲ့ ဖြောင့်ချက်ပေးတယ်လို့





ဘယ်တုန်းကမှ မကြားခဲ့၊ မမြင်ခဲ့၊ မသိခဲ့၊ မသင်ခဲ့ရဖူးဘူး။ အခုမှ ထူးထူးခြားခြား တရားခံ ရမန်ခံ သွားရာမှာ တရားသူကြီးကို အလိုလို ဖြောင့်ချက် ပေးချင်ပါတယ် ဆိုတာကတော့ဗျာ ဆန်းသမှ လွန်ရောပဲ'

ကျွန်ုပ်တို့မှာ ထမင်း အလွန်ဆာနေပြီက တစ်ကြောင်း၊ အလကား သက်သက် တစ်နာရီ စဉ်းစားချိန် တရားခံအား ပေးဦးမည့်အပြင် တရားသူကြီးကလည်း ရေးမှတ်နေဦးမည် ဖြစ်သဖြင့် ၂ နာရီ၊ ၃ နာရီ ကြာ ရှိနေဦးမည် ဖြစ်၍ ထမင်းစား ပြန်ခဲ့ကြတော့၏။

ထမင်းဆာလှ၍သာ စားရသည်။ ဘိုးဟန် ဖြောင့်ချက်ပေးသည် ဆိုသော အချက်နှင့်ပင် အတွေးလွန်နေ၍ စားရကောင်းမှန်းပင် မသိလိုက် ဖြစ်သွား၏။

ထမင်းစားပြီးလျှင် ပြီးချင်းပင် ရုံးသို့တစ်ဖန် သွားရပြန်၏။ ဌာနာပိုင်သည်လည်း ကျွန်ုပ်နှင့် မရှေးမနှောင်းပင် ရောက်လာ၏။

ညနေ (၄) နာရီအချိန်ကျမှပင် တရားခံ ဖြောင့်ချက် ပေးပြီးပြီ ဟု သိရပြီးနောက် တရားခံကို ကျွန်ုပ်တို့ အမှုလိုက်ရုံးသို့ လက်ထိတ် ခတ်လျက် ယူလာကြ၏။ ကျွန်ုပ်တို့သည်လည်း မချင့်မရဲ စောင့်နေရာမှ ဘိုးဟန် ရောက်လာသည်နှင့် 'ဟေ့ ဘိုးဟန်၊ မင်း ဘယ်လို ဖြောင့်ချက် ပေးခဲ့သလဲကွ' ဟု ဆီးမေးကြလေသည်။

ဘိုးဟန်။ ။ 'ကျွန်တော်ကတော့ ဟုတ်တာ အကုန် ပြောချခဲ့တာပါပဲ'

ကျွန်ုပ်။ ။ 'နို့ မင်း တို့ စစ်တုန်းကတော့ မဟုတ်ရပါဘူးဆို။ ဦးဘိုးအောင်ဟာ အသိအကျွမ်းတင်မက ကျေးဇူးရှင် ဖြစ်ပါတယ်ဆို။ အခုတော့ ဘယ်လိုလဲ'

ဘိုးဟန်။ ။ 'ဟုတ်ပါတယ် ဆရာ၊ ဦးဘိုးအောင်ဟာ ကျွန်တော်ရဲ့ ကျေးဇူးရှင်အစစ်ပါ။ ကျွန်တော် သူ့အိမ်ကို ဓားပြတိုက်ရင် ကံကြီး အထိုက်ခံရမှာ မလွဲပါဘူး'

ကျွန်ုပ်တို့မှာ ဘိုးဟန် ပြောသည်ကို နားမလည်နိုင်အောင် ရှိလှ၏။ သို့နှင့် ဌာနာပိုင်နှင့် ကျွန်ုပ်မှာ တစ်ပြိုင်တည်းပင် 'ဟော့ ... ဒါဖြင့် မင်း ဘာဖြောင့်ချက် ပေးခဲ့သလဲ။ ပြောစမ်းပါဦး'

ဘိုးဟန်။ ။ 'ကျွန်တော် ကျူးလွန်တဲ့ အမှုကို ကျွန်တော် ဖြောင့်ချက် ပေးတာပေါ့'

ကျွန်ုပ်။ ။ 'နို့ ... မင်း ဦးဘိုးအောင်အိမ် ဓားပြတိုက်တာ မဟုတ်ဘူးလား'

ဘိုးဟန်။ ။ 'မဟုတ်ဘူး ဆရာ'

ကျွန်ုပ်တို့မှာ စိတ်မရှည်နိုင်တော့ပြီ။

'ဒီကောင် ရူးများနေသလား။ အခု ဟုတ်တယ်၊ အခု မဟုတ်ဘူးနဲ့'

ဘိုးဟန်။ ။ 'ကျွန်တော် ရှင်းပြပါ့မယ် ဆရာ' (အရင်က ကိုယ်တော်၊ အရှင်ဘုရားဟု ခေါ်ဆိုခဲ့သော်လည်း ကျွန်ုပ်တို့လက်မှ လွတ်သွားပြီဖြစ်၍ "ဆရာ" ဖြစ်သွားပြီကို သတိပြုသင့်၏။)

ကျွန်ုပ်။ ။ 'ကဲ၊ ရှင်းစမ်းကွာ'

ဘိုးဟန်။ ။ 'ဆရာတို့ ဇလုပ်မှာ ဓားပြတိုက်တယ် ဆိုတဲ့ညက ကျွန်တော် ကျောက်ကာရွာမှာ သွားခိုးနေတယ်။ ခိုးရာပါ ပစ္စည်းတွေ တောင် အခု မြှုပ်ထားတဲ့ နေရာကို တရားသူကြီးကို လိုက်ပြပါမယ်လို့ အစစ်ခံခဲ့တယ်။ ဒါပါပဲ'

'ဟေ ...' ကျွန်ုပ်နှင့် ဌာနာပိုင်တွင်သာမက တစ်ရုံးလုံး အံ့အားသင့်သွား၏။

တရားသူကြီးထံမှ မင်းစေတစ်ယောက် ကျွန်ုပ်တို့ထံသို့ ရောက်လာ၏။

'ဟောဒီမှာ ဆရာ၊ စာ ....'

ဌာနာပိုင်သည် စာကိုယူ၍ ကြည့်ရှုလျှင် ယခုပင် ရောက်ခါး





တောင်ရွာ၊ ကောက်ရိုးပုံအနီးတွင် လူဆိုး ဘိုးဟန် ကျောက်ကာရွာမှ ခိုးယူ ဝှက်ထားသော ပစ္စည်းများ သိမ်းရန်သွားမည်ဖြစ်၍ ဌာနာပိုင်က ဘိုးဟန်နှင့်အတူ အခုပင် ရုံးသို့လာရန် ညွှန်ကြားလွှာ ဖြစ်နေ၏။

ဘိုးဟန်ကို ခေါ်၍ ကျွန်ုပ်တို့ သွားကြရ၏။ ရောက်ခါး တောင်ရွာနှင့် လယ်နှစ်ကွက်လောက် ဝေးသော ကောက်ရိုးပုံထဲတွင် သိုဝှက်ထားသော ပစ္စည်းထုပ် တစ်ထုပ်ကို တွေ့ရလေသည်။

ထိုပစ္စည်းထုပ်ထဲတွင် လက်ပတ်နာရီ၊ ဖောင်တိန်မှ အစ ကလေး၊ လူကြီးဝတ် လုံချည်၊ အင်္ကျီများကို တွေ့ရပေသည်။

စာရင်းအင်းများ ကျကျနနလုပ်၍ သိမ်းဆည်းကာ ပြန်ခဲ့ကြ၏။

အံ့သြဖွယ် ကောင်းလေစွ တကား။

## ဌာနာ၌

ဌာနာသို့ ပြန်ရောက်လျှင် ဘိုးဟန်အား ထောင်ကြီးချုပ်သို့ ပို့စေ၏။ ကြားရသူတိုင်းပင် တအံ့တသြ ဖြစ်နေကြ၏။

ဌာနာပိုင်။ ။ 'ဟေ့ ဌာနာ စာရေးကြီး၊ လာစမ်းပါဦး၊ မင်း တိုင်ချက်နဲ့ ပစ္စည်းပျောက် ကြော်ငြာဖိုင် ယူခဲ့စမ်း'

ဌာနာစာရေး။ ။ 'ဟုတ်ကဲ့ ဆရာ'

ပထမ သတင်းတိုင်ချက်စာအုပ်၊ ကြော်ငြာ ဖိုင်တွဲများ ယူလာပြီးလျှင် ကျွန်ုပ်တို့ရှေ့သို့ ချပေး၏။

ကျွန်ုပ်က ဌာနာ တိုင်ချက်စာအုပ်ကို ကြည့်ရှု စစ်ဆေး၏။ ဌာနာပိုင်မှာ ပစ္စည်းပျောက် ကြော်ငြာကို တစ်ရွက်မကျန် လှန်လှော ကြည့်ရှု ရှာဖွေနေ၏။

ကျွန်ုပ်။ ။ 'ဌာနာပိုင်ကြီး၊ ဒီပစ္စည်းမျိုး ပျောက်တာ ကျောက်ကာက လာမတိုင်ပါလား။ တိုင်တဲ့ သတင်းချက် မတွေ့ဘူး'

ဌာနာပိုင်။ ။ 'ပစ္စည်းပျောက် ကြော်ငြာလည်း အခုတွေ့တဲ့ ပစ္စည်းစာရင်းထဲမှာ မပါဘူးဗျ'

'မတိုင်တဲ့အမှုက ဖြစ်လိမ့်မယ်၊ တယ်ညဏ်များတဲ့ အကောင်ပဲ။ ဒါပေမဲ့ဗျာ ဓားပြတိုက်တဲ့ ညက ခိုးပါတယ်လို့ တိုင်တဲ့လူ ရှိဦးမှ၊ သူ ဓားပြမှုမှာ မပါဘူး ဆိုတာ ဖြစ်နိုင်တာပါ'

ကျွန်ုပ်။ ။ 'အင်း ... ဘိုးဟန်ကတော့ ဓားပြမှုကို သူ မကျူးလွန်ဘူး။ သူ ကျူးလွန်တာက တခြားရွာမှာ ဖောက်ထွင်း ခိုးယူမှုသာ ကျူးလွန်တယ်လို့ ဆိုချင်တာပေါ့။ ဒီတော့ ဘိုးဟန် အစစ်ခံချက် မှန် မမှန် စစ်ရလိမ့်ဦးမယ်'

ဌာနာပိုင်။ ။ 'ဟုတ်တယ်ဗျ၊ မနက်ဖြန် ကျောက်ကာမှာ သွား စုံစမ်းရအောင်'

**ကျောက်ကာရွာ**

"ကျောက်ကာ" ဆိုသော ရွာသည် မုံရွာမြို့မှ ၁၀ မိုင် ဝေးပါသည်။ မော်တော်ဘတ်(စ်) ကားများဖြင့် နေ့စဉ် မုံရွာသို့ လာနိုင်၊ သွားနိုင်ကြပါသည်။ ကျောက်ကာမှာ ကျောက်ကာ အစ်ခွက်များ လုပ်ကိုင်သော အရပ်ဒေသ ဖြစ်၍ မြန်မာပြည်တွင် ကျောက်ကာကို လူသိများပါသည်။ အင်္ဂလိပ် ဘုရင်ခံများပင် မုံရွာမြို့သို့ တိုင်းခန်းလှည့်လာလျှင် ကျောက်ကာ အစ်ခွက် လုပ်ပုံကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေဂူနီ ဘုရားကြီး ရှိ၏။ ထိုဘုရား၏ ရာဇဝင်ကို ကျွန်ုပ် မလေ့လာခဲ့ဖူးသဖြင့် ယခုအချိန်မှာ ဝမ်းနည်းရ၏။ နှစ်စဉ် ပွဲတော်ကြီးတစ်ခု ပြုလုပ်၍ အထက်အောက် မြန်မာပြည်မှ ကုန်သည်များ လာရောက် ရောင်းဝယ် ဖောက်ကားကြ၏။

ဦးဘခင်၊ ဦးဘဆယ်၊ ဦးမောင်ကြီး ဆိုသော ကျောက်ကာ ရွာ





လူကြီးများသည် မျက်နှာဖုံး လူကြီးများ ဖြစ်သဖြင့် သူတို့အားကိုးနှင့် ကျွန်ုပ်တို့သည် အမှုမှန် သိရမည်ဟုလည်း အားတက်မိ၏။

ကျောက်ကာတွင် ကျွန်ုပ်တို့ စုံစမ်းကြသည်။ အိမ်ကို ဖောက်၍ ပစ္စည်းများ ခိုးယူခြင်း ခံရသူ ဦးကျော်ဝကို တွေ့ရှိရ၏။ သူကြီးကို တိုင်ထားသည်။ ပစ္စည်းများမှာ အဖိုးအနည်းငယ် တန်သော်လည်း ပြန်ရလှမည် မထင်သဖြင့် တစ်ကြောင်း၊ ဌာနာကို ဒုက္ခမပေးချင်သောကြောင့် တစ်ကြောင်း မတိုင်တန်းတော့ဟု သိရှိရ၏။

"ဌာနာကို ဒုက္ခမပေးချင်" ဆိုသောစကားမှာ ကျွန်ုပ်တို့ကို အားနာ၍ ပြောသောစကားမျှသာ ဖြစ်ပါသည်။ ဌာနာ တိုင်သော်လည်း မိမိ ပစ္စည်း ပြန်ရမည်မဟုတ်ဟု အထင်ရှိ၍ တစ်ကြောင်း၊ ဌာနာမှ စစ်လိုက်၊ ဆေးလိုက်၊ ဟိုခေါ်လိုက်၊ သည်ခေါ်လိုက် လုပ်နေလျှင် မိမိအိမ်က အလုပ်ပျက်မည် ဖြစ်သောကြောင့်သာ မတိုင်ခြင်း ဖြစ်ပါသည်။

ခိုးသောအချိန်ကို သူ မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ည ၉ နာရီအချိန်တွင် အိပ်ရာဝင်ကြရာ၊ နံနက်မိုးလင်းမှသာ အိမ်တံခါးကို လွန်ပူနှင့်ပူ၍ တံခါးဖွင့်ပြီး ဝင်ရောက် ခိုးသွားသည် ဟုသာ သိ၏။ ပစ္စည်းစာရင်းကို ပြောပြရာ အားလုံးလိုလိုပင် ကျွန်ုပ်တို့ သိမ်းဆည်းရမိထားသော ပစ္စည်းများ ဖြစ်နေသည်ကို တွေ့ရ၏။

ထိုကြောင့် ဦးကျော်ဝအား ဌာနာသို့ တိုင်စေပြီးလျှင် အမှုဖွင့်၍ စစ်ဆေးရ၏။ စစ်ဆေးရသည်ဟု ဆိုသော်လည်း ပစ္စည်းများကို တရားသူကြီးတစ်ဦး ရှေ့ဝယ် အလားတူ ပစ္စည်းများနှင့် ရောနှော ပြသရ၏။ မိန်းမနှင့် အခြား အိမ်နီးနားချင်း သက်သေများက ဆွဲပြ၏။

ခိုးရာပါ ပစ္စည်းနှင့် တွေ့သူသည် သူခိုးသော် ဖြစ်ရမည်၊ သို့မဟုတ် ခိုးရာပါပစ္စည်း လက်သင့်ခံသူ ဖြစ်ရမည်သာ ဖြစ်၍ ဘိုးဟန်က သူ ခိုးပါသည်ဆိုလျှင် သူသာ သူခိုး ဖြစ်သင့်သောကြောင့် သူ၏

ဖြောင့်ချက်ဖြင့် တရားခံတင်ရန် ဖြစ်နေ၏။ သို့သော် သူ့အပေါ်တွင် ဓားပြတိုက်ပါသည် ဟုလည်း စွပ်စွဲချက် ရှိသေး၏။

ဘိုးဟန် ဓားပြတိုက်သလော၊ ခိုးသလော။ ဓားပြတိုက်ပါသည် ဟုဆိုလျှင် ဓားပြတိုက်ကြောင်း ကျွန်ုပ်တို့ သက်သေခံ အထောက်အထား ပြရပေမည်။ ခိုးပါသည်ဟု ဆိုလျှင်ကား အထူး သက်သေရှာရန် မလိုပေ။ သူကိုယ်တိုင်ကပင်လျှင် ခိုးပါသည်၊ ခိုးတဲ့ပစ္စည်းမှာ ဤပစ္စည်းများ ဖြစ်ပါသည်ဟု ဆိုလျှင်ပင် တရားသူကြီးတစ်ဦးရှေ့ဝယ် ခိုးရာပါ ပစ္စည်းများ ရောနှော ပြသရာတွင် တရားလိုက မိမိပစ္စည်းကို ရွေး၍ ပြနိုင်လျှင်ပင် လုံလောက်နေချေပြီ။

တစ်ဖက်တွင်လည်း အတိုက်ခံရသော အိမ်က ဓားပြတိုက်သော လူဆိုးများတွင် ယခင်က သိကျွမ်းဖူးသော "ဘိုးဟန်" ပါ ပါသည်။ လက်နှိပ်မီးရောင်နှင့် သေသေချာချာ မြင်ရပါသည်ဟု ဆိုနေပြန်သည်။

ကျွန်ုပ်ထက် လုပ်သက်ဝါရင့်နေသော ဌာနာပိုင်က "လူဆိုးများ မယုံနဲ့နော်၊ အလွန် ဉာဏ်များတယ်" ဟု သတိပေး မှတ်ချက်ချထားရာ၊ ဤကိစ္စတွင် အလွန်မှန်နေပေသည်။

*

ဌာနာပိုင်။ ။ 'ကဲ ... ကဲ ဘယ်သူ ဘာပြောပြော ဓားပြတိုက်မှုကို ဆက်လုပ်ရဦးမယ်။ ခင်ဗျား သစ်ညိုပင် ဆယ်ကြီးတောသွား၊ ကျုပ်က ဒီကနေ့တော့ အလုံဘက်သွားပြီး ဖန်ခါးကျင်းရွာက ကျားကြီးတို့ တစ်သိုက် လှုပ်ရှားမှုကို ဆက်စပ်ကြည့်ရအောင် သတင်းပေးများနဲ့ တွေ့လိုက်ဦးမယ်'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့'

ယနေ့အဖို့ အစီအစဉ်များ ခွဲဝေချထားကြပြီးလျှင် ကျွန်ုပ်သည် သစ်ညိုပင်၊ ဆယ်ကြီးတော၊ တောင်ကြား အစရှိသော ရွာများသို့ သတင်းစုဆောင်းရန် လှည့်လည်လာခဲ့၏။





ဘိုးဟန်၏ အပေါင်းအသင်းများ လှုပ်ရှားမှုများကို စုံစမ်းရ၏။ ပုလိပ်အား သတင်းပေးနေကျ ဖြစ်သော လူတစ်စုနှင့်လည်း တွေ့ဆုံ နှီးနှောနေရ၏။ တရားလိုများ ပြောထားသော ပုံသဏ္ဌာန်နှင့် ဆင်ဆင် တူသော လူဆိုးများကို ရှာဖွေရ၏။

ဘိုးဟန်၏ ထွက်ချက်အရ သူသည် အခင်းမဖြစ်မီ ၃-၄ ရက်က သစ်ညိုပင်သို့ လည်းကောင်း၊ ဆယ်ကြီးတောသို့ လည်းကောင်း သွားသေးသည် ဆို၏။ ထိုသတင်းကို စုံစမ်းသော်လည်း မရပေ။ သူသွားသော အိမ်များကပင် မလာပါ၊ မသိပါဟု ထွက်ဆိုကြခြင်းသည်ပင်လျှင် မသင်္ကာရန် ဖြစ်နေ၏။

သို့ဖြစ်၍ ထိုသူများ၏ အစစ်ခံချက်များကို ရယူလျှင် ကွဲကွဲပြားပြား အစစ်ခံနေကြသည်ကို တွေ့ရပြန်၏။

လူဆိုးပေါက်စများ ဖြစ်သော ထင်ကြီး၊ တင်စိုး၊ သန်းရွှေတို့ အပေါ်တွင် နေမှုထိုင်မှု၊ ပြောဆိုမှုတို့သည် ပုလိပ်၏ မျက်စိတွင် မသင်္ကာရန် အကြောင်းအချက်များ မြင်လာ၏။ ထို့ပြင် ကျွန်ုပ်တို့၏ လျှို့ဝှက်စုံထောက်ချက်၊ သတင်းပေး၏ စကားများအရ သိရှိရသည်မှာ ထိုလူဆိုးပေါက်စ ၃ ယောက်တို့သည် အသုံးအဖြုန်းနှင့် ဖဲကစားခြင်းများမှာ မမျှော်လင့် ဝင်ငွေနှင့် မမျှတန် ဖြစ်နေပြန်၏။

ကျွန်ုပ်သည် ဤအချက်၊ ထိုအချက်အလက်တို့ကြောင့် အရပ်လူကြီးနှင့် သူကြီးများပါ ခေါ်ယူပြီးလျှင် ၎င်းတို့၏ နေအိမ်များတွင် ရှာဖွေ၏။ တိုက်ရာပါပစ္စည်း မဟုတ်သော်လည်း မသင်္ကာဖွယ်ကောင်းသော မိန်းမလုံချည်၊ ယောကျာ်းအင်္ကျီ အစရှိသည်တို့ကို သိမ်းဆည်းခဲ့၏။ ထိုလုံချည်၊ အင်္ကျီများမှာ တိုက်၍ရသော ပစ္စည်းမှ ထုခွဲ သုံးစွဲဝယ်ယူထားသော ပစ္စည်းများဟု အထင်ရှိ၏။

ထိုပစ္စည်းများ အမှန်အကန် မိမိလုပ်စာနှင့် ဝယ်ယူပါသည် ဆိုလျှင် ဘယ်က ဝင်ငွေရသည်ကို စုံစမ်းစစ်ဆေးရန် ဖြစ်၏။

ကျွန်ုပ်တို့သည် လူဆိုးဟုထင်ရသော သူများအား မုန်းသူ၊ ချစ်သူဟု ရှိစမြဲဖြစ်၍ ၎င်းတို့ နေရင်းဌာနတွင် ရနိုင်သမျှသော ၎င်းတို့၏ သတင်းကို စုံစမ်းရ၏။

ထိုသူငယ်များကား ဇလုပ်တိုက်မှုတွင် မပါဝင်စေကာမူ လူဆိုးပေါက်စ၊ ကျွန်ုပ်တို့ ပုလိပ်အခေါ်အားဖြင့် "ရွက်ပုန်းသီး" များ ဖြစ်ပေမည် ဆိုသည်ကိုကား ယုံမှားသံသယ မရှိနိုင်တော့ပြီ။

ကိုယ့်ရွာတွင် ကြက်ဖ၊ တခြား အရပ်တွင် ကြက်မ ဖြစ်သောထုံးကို နှလုံးပြု၍ ကျွန်ုပ်တို့သည် ၂ ရက်ကြာမျှ လှည့်လည် စုံစမ်းပြီးနောက် ထင်ကြီး၊ တင်စိုးနှင့် သန်းရွှေကို စစ်ဆေးရန်ဟု အကြောင်းပြလျက် မုံရွာသို့ ခေါ်လာခဲ့ကြသည်။

ဌာနာပိုင်သည်လည်း အလုံ၊ ခဝဲချင်း၊ ဖန်းခါးကျင်း အစရှိသော ရွာများမှ လူဆိုးများ၏ လှုပ်ရှားမှုများကို စစ်ဆေးပြီး ဌာနာသို့ ပြန်ရောက်ရှိလာပြီ။

ကျွန်ုပ်သည် ခေါ်ဆောင်လာခဲ့သော လူဆိုးများအား ဌာနာပိုင်အိမ်ရှေ့သို့ ယူဆောင်လာခဲ့၏။ ဌာနာပိုင်သည် ကျွန်ုပ်နှင့် လူဆိုးများကို မြင်လျှင် ဝမ်းသာအယ်လဲနှင့် –

'ဘယ်လိုလဲဗျ၊ ဖမ်းလာခဲ့ပြီလား'

ကျွန်ုပ်။ ။ 'စဉ်းစားသာ ကြည့်ပါတော့လေ'

မတင်မကျ စကားကို ဌာနာပိုင်အား မပြောလိုသော်လည်း "မင်းတို့ကို စစ်ဆေး မေးမြန်းစရာရှိလို့" ဟု ပြော၍ခေါ်လာသော လူတစ်စုအား အားငယ် အားယုတ် ဖြစ်သွားစေရန် ရည်သန်၍သာ ပြောခြင်းဖြစ်၏။ ကျွန်ုပ်က လူဆိုးများကို စောင့်ကြပ် ခေါ်ဆောင်လာသော ပုလိပ်သားအား 'ဟေ့ စာသင်ကြီး ကိုပု အိမ်မှာ ခဏထားလိုက်ပါဦးကွာ' ဟု အမိန့်ပေးလိုက်၏။

ဌာနာကြီး တစ်ခုလုံးသည် လူဆိုးများ၊ သို့မဟုတ် အချုပ်အနှောင်





ခံရမည့်လူများက အမင်္ဂလာ အုတ်တိုက်ကြီးဟု ဆိုကြမည် ဖြစ်သော်လည်း ဤအရပ်ကား ကျွန်ုပ်တို့အဖို့ အလွန် သာယာစိုပြည်၍ ဘူမိနက်သန်မှန်ကန်သောအရပ်ဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရင်တွင်း၌ သင်္ကာမကင်းသော မကောင်းမှုကို ပြုမိသူတို့သည် ဤဌာနာကြီးကို မြင်ရုံနှင့်ပင် အတွင်း သွေးသားတို့ မူမမှန် ဖောက်ပြန်လာတတ်၏။ ကျွန်ုပ်တို့အား ဖွင့်၍ ဝန်ခံ မပြောငြားသော်လည်း ၎င်းတို့၏ ရင်ခုန်သံများက မှုမှန်သည်၊ မမှန်သည်ကို သက်သေခံနေ၏။

*

ကျွန်ုပ်သည် ဌာနာပိုင်ကြီးအား မိမိ စစ်ဆေး စုံစမ်းခဲ့သမျှကို ခရေစေ့တွင်းကျ ပြောပြ၏။ မသင်္ကာရန် အချက်အလက်တို့ကို တင်ပြ ဆွေးနွေး၏။ ထိုနောက် ကျွန်ုပ်၏ ယူဆချက်၊ ရှေ့လုပ်ငန်းစဉ်တို့ကို တင်ပြ၏။

ဌာနာပိုင်ကြီးကလည်း ကျွန်ုပ်၏ ဆောင်ရွက်ချက်တို့ကို သဘောတူလက်ခံပြီးလျှင် တရားခံများကို မိမိကိုယ်တိုင် စစ်ဆေးမည်၊ ကျွန်ုပ်အားတောက ပြန်လာသဖြင့် မောပန်းနေမည်၊ အိမ်တွင် ယနေ့ နားပါတော့ဟု ခွင့်ပြုသဖြင့် အိမ်သို့ ပြန်လာခဲ့၏။

*

ကျွန်ုပ် အိမ်သို့ ပြန်လာလျှင် ဌာနာပိုင်ကြီး အိမ်သို့ မသင်္ကာသူ တစ်စုကို ရဲကြပ်ကြီး ခေါ်သွားသည်ကို မြင်ရ၏။ ထိုမသင်္ကာသူ တစ်စုထဲမှ နှစ်ယောက်ကို ပြန်ခေါ်သွားသည်ကိုလည်း မြင်လိုက်ရ၏။

ဤသို့ မြင်ရခြင်းအားဖြင့် ကျွန်ုပ်တို့၏ ဌာနာပိုင်သည် မသင်္ကာရန် ရှိသူတစ်ဦးအား စစ်ဆေးတော့မည်ဟု သိရ၏။

ကျွန်ုပ်မှာ တောရွာများတွင် ခြင်၊ မှက်တို့ အကိုက်ခံကာ ကောင်းကောင်း မအိပ်ရ၊ အစား ကောင်းကောင်း မစားခဲ့ရသော ဒဏ်ချက်တို့

ကြောင့် အနားယူနေ၏။ သို့သော် စစ်ဆေးနေသည်ကိုလည်း အလွန်ကြားလို၏။ အတုယူလို၏။ အနားယူနေရာမှပင် ခေါင်းထောင်ကာထောင်ကာ ကြည့်ရခြင်းအားဖြင့် တစ်ယောက် ခေါ်လာလိုက်၊ တစ်ယောက်ပြန်လွှတ်လိုက်နှင့် လုပ်နေရာ အကြောင်းမထူးလှသေးဟု သိရ၏။

အမောအပန်းပြေလှသည့် မဟုတ်သော်လည်း အလုပ်ကို စိတ်ဝင်စားနေသဖြင့် အိမ်တွင် နေ၍မရတော့သဖြင့် ဌာနာပိုင်၏ အိမ်သို့ ရှေးရှုလာခဲ့၏။

နံပါတ် (၃) မသင်္ကာသူ သန်းရွှေအား စစ်ဆေးနေချိန် ဖြစ်သည်။ သန်းရွှေ၏ ထွက်ဆိုချက်များမှာ ၁ နှင့် ၂ တို့ ထွက်ဆိုချက်များနှင့် မကိုက်မညီ ဖြစ်နေရာ၊ သန်းရွှေအား တစ်နေရာတွင် ထိုင်စေလျက် စဉ်းစားခိုင်းထားသည်ဟု သိရ၏။

ကျွန်ုပ်အား မသင်္ကာရန်ရှိသူ တင်စိုးအား ထပ်မံ မေးခွန်းများ ထုတ်၍ မေးရန် သူ၏ စစ်ဆေးချက် စာရွက်ကိုပေးသည်။

တင်စိုးကို ကျွန်ုပ်သည် မိမိ ယုံကြည်စိတ်ချရသော အမှုထမ်းတစ်ဦးအိမ်သို့ ခေါ်သွား၏။ အပြန်အလှန် သူ၏ လုပ်ကိုင် ဆောင်ရွက်ချက်တို့ကို မေးမြန်းရ၏။ ကွဲလွဲနေသော အချက်တို့ကို ပြန်လည် စိစစ်ရ၏။

ရဲကြပ်ကြီးကလည်း ထင်ကြီးကို မသိမသာ မေးလျက်နေ၏။ တစ်ဦးကိုတစ်ဦး လှမ်းကြည့်လျှင်လည်း မြင်နိုင်၏။

ဤကဲ့သို့ ပြုလုပ် စီမံထားခြင်းမှာ မသင်္ကာသူများ စိတ်ကို ပြုပြင်ပေးရန်ပင် ဖြစ်၏။

ညနေပင် စောင်းသော်လည်း အကြောင်းမထူးလှပေ။ သို့နှင့် ကျွန်ုပ်တို့သည် ညနေအချိန်တွင် ဌာနာပိုင်၊ ကျွန်ုပ်နှင့် ရဲကြပ်ကြီးတို့ ပြန်လည်စုရုံး၍ မိမိ ထင်မြင်ယူဆချက်တို့ကို ပြောကြ၊ တိုင်ပင်ကြရပြန်၏။





## ည၌အချိန်

ကျွန်ုပ်တို့ ၃ ဦးသည် တစ်ယောက်လျှင် မသင်္ကာသူ တစ်ယောက်ကျစစ်ဆေး မေးမြန်းနေကြရာ၊ ည၌သန်းခေါင်ယံတွင် မောင်သန်းရွှေက ဖြောင့်ချက်ပေးပြီ ဆိုသော သတင်းကောင်းတစ်ရပ်ကို ကြားရ၏။

ကျွန်ုပ်နှင့် ရဲကြပ်ကြီးတို့ စစ်ဆေးသော ထင်ကြီးနှင့် တင်စိုးတို့ကား ဖြောင့်ချက် မပေးကြချေ။ သို့သော် သန်းရွှေ ဖြောင့်ချက်ပေးပြီဟု ဆိုလျှင် သိသိသာသာကြီး မျက်နှာပျက်နေကြ၏။

ဖြောင့်ချက်ပေးသူ တရားခံ သန်းရွှေ၏ အစစ်ခံချက် အတိုချုပ်မှာ–

"ကျွန်တော်၊ ဘိုးဟန်၊ ထင်ကြီး၊ တင်စိုးနှင့် စိန်ဖေ (ဇလုပ်ရွာ) တို့သည် ညသန်းခေါင်ကျော် အချိန်လောက်တွင် တရားလို ဦးဘိုးအောင်၏ နေအိမ်တွင် ဓားပြတိုက်ကြပါသည်။ စိန်ဖေမှာ လက်ထောက်ချသူဖြစ်ပါသည်။ လုပ်သေနတ်တစ်လက် သူ ယူလာပါသည်။ ဘိုးဟန်က တရားလိုနှင့် အိမ်သားများ စောင့်ပါသည်။ ကျွန်တော်နှင့် တင်စိုးက ပစ္စည်းရှာပါသည်။ စိန်ဖေက သေနတ်ထမ်း၍ အိမ်ကို ကာကွယ်ရပါသည်။ ရသမျှ ပစ္စည်းများကိုယူ၍ ဘိုးဟန်ကို အပ်ရပါသည်။ နောက်ကိစ္စငြိမ်းမှ ဝေပေးမည် ပြောပါသည်။ ဓားတစ်ချောင်းစီ ပါကြပါသည်။ ကျွန်တော်ပင် ဓားပြားနှင့် ရိုက်၍ ငွေတောင်းရပါသည်" အစရှိသော ထွက်ချက်ဖြစ်၏။

ကျွန်ုပ်သည် ထိုထွက်ချက်ကို ဖတ်ကြည့်လျှင် မရိုက်မနှက်ရသော်လည်း သက်သာစေမည်ဟူသော ချော့လုံးတို့ဖြင့် ရယူခြင်းဖြစ်၍ သက်သေခံ ဥပဒေနှင့် ညီညွတ်လှသည်မဟုတ်ဟု သိရပါသည်။ သို့သော် အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့ဖူးသကဲ့သို့ပင် ခြောက်လုံး၊ ချော့လုံး၊ ကတိပေးမှုများ မပါလျှင် ဘယ်တော့မျှ ဖြောင့်ချက်ရမည် မဟုတ်ပေ။

သူ၏ ထွက်ချက်တစ်ခုလုံးကို ကျွန်ုပ်တို့ ဆန်းစစ်ကြည့်လျှင်

သူ၏ထွက်ချက်ကို ထောက်ခံမည့် သက်သေခံချက် ဟူ၍ အနည်းငယ်မျှသာ ရှိ၏။ သက်သေခံပစ္စည်း တစ်စုံတစ်ခုကိုမျှ မရသဖြင့် ကောင်းလှသော သက်သေခံချက် ဟူ၍ကား မယူဆနိုင်ပါ။

သို့ပါသော်လည်း ဘိုးဟန်ကို အတိအလင်း ချက်ချင်း စွပ်စွဲချက်တို့နှင့် ပေါင်းစပ်ယူခဲ့သော် ဖြောင့်ချက်မရှိသည်ထက် ကောင်းသော သက်သေခံမှု တစ်ခု ဖြစ်၏။

တရားသူကြီးထံ ဖြောင့်ချက်ပေးရန် တိုက်တိုက်တွန်းတွန်း ပြောဆို ဆုံးမပြီးလျှင် ထိုညမှာ ထိုမျှနှင့် စခန်းသိမ်းလိုက်ရ၏။

**လူစီတန်းပြခြင်း**

လူမြင်လျှင် မှတ်မိပါသည်ဟုဆိုလျှင် မသင်္ကာသူများကို တရားသူကြီး တစ်ဦးနှင့် သက်သေများ ရှေ့တွင် အခြား အလားတူ၊ အရပ်အမောင်းတူ လူများနှင့် ရောနှော ပြသရ၏။ ထိုစဉ်က မသင်္ကာသူကို စွဲဆိုနိုင်ပါမူ ထိုစွပ်စွဲချက်သည် သက်သေအထောက်အထား ဖြစ်၏။

ညဉ့်အချိန်တွင် လက်နှိပ်မီးရောင် တစ်ခါလက်မှ တစ်ခါနှစ်ခါသာ ခဏတာမျှ မြင်ရသော လူဆိုးကို မှတ်မိနိုင်စွမ်းကြသည်ကိုလည်း အံ့ဩမိ၏။ ပုလိပ်တို့၏ အကူမရှိဘဲ အကယ်ပင် မှတ်မိနိုင်ပေမည်လားဟုလည်း ယနေ့တိုင် ကျွန်ုပ် မဆုံးဖြတ်နိုင်ပါပေ။ သို့သော် မှတ်ဉာဏ်ကောင်းသော သူများတွင် ဖြစ်ဖွယ်ရာရှိသည်ဟု ထင်မိ၏။ မည်သို့ပင်ဆိုစေ ပုလိပ်များကား တတ်နိုင်သမျှ မိမိ အကူအညီ ရနိုင်သော ဉာဏ်များ ထုတ်၍ လက်ကုတ်တတ်ကြ၏။

ဘိုးဟန်မှာ တရားလိုကိုယ်တိုင် ယခင်က ပြသပြီးဖြစ်၍ ပြသရန်မလို။ တင်စိုး၊ ထင်ကြီး၊ သန်းရွှေနှင့် စိန်ဖေတို့ကိုကား လူစီတန်းပြရမည်။ သို့သော် စိန်ဖေကို စွဲနိုင်မည့်သူလည်း မရှိပါ။ စွဲလျှင်လည်း အမှုမှာ များစွာ မကောင်းလှပါ။ အဘယ်ကြောင့်ဆိုသော် စိန်ဖေမှာ





ဇလုပ်ရှာသား ဖြစ်၍ ဘိုးဟန်ကဲ့သို့ပင် သိနေသောကြောင့် ချက်ချင်း ဖော်ပြမှသာ ခိုင်လုံမည် ဖြစ်ပါသည်။ သန်းရွှေ၏ ဖြောင့်ချက် အလိုအရဆိုလျှင် တရားလိုများ အနီးသို့ ကပ်သူမဟုတ်၍ စိန်ဖေ ဖြစ်နိုင်၏။ သက်သေ အထောက်အထားရရန် ခက်လှ၏။ သို့သော် သန်းရွှေ၏ ဖြောင့်ချက်အရ စိန်ဖေကိုလည်း ဖမ်းလိုက်ကြသေး၏။

ကျွန်ုပ်တို့တွင် လူစီတန်းပြနိုင်ရန် ခရိုင် ရာဇဝတ် တရားသူကြီးအား တရားသူကြီး တစ်ယောက် ပေးပါရန် လျှောက်ထားရ၏။ ခရိုင်ရာဇဝတ် တရားသူကြီးက တစ်ဖန် တရားသူကြီး တစ်ဦးအား လွှဲပြန်၏။ တရားသူကြီးက တစ်ဖန် ရက်ချိန်းပေး၍ ဘယ်နေရာ၊ ဘယ်အရပ်တွင် လူစီတန်းပြခြင်းကို အုပ်ချုပ်မည်ဟု အမိန့်ပေးပြန်၏။ ထိုကိစ္စမှာ နှစ်ရက်လောက် ကြာတတ်၏။ မသင်္ကာသူများမှာ ထောင်အတွင်းကို ရောက်နေပြီဖြစ်၍ ထောင်ထဲတွင်ပင် လူစီတန်းခြင်းကိစ္စကို လွယ်လွယ်နှင့် ပြီးနိုင်ပါသည်။ ထောင်ထဲတွင် လူစီတန်းပြရန် ပုံသဏ္ဍာန်တူလူများ ရနိုင်ပါသည်။

အကယ်၍သာ ဌာနာတွင် လုပ်ချင်ပါသည်ဆိုလျှင် ဘိန်းစား၊ တေလေကြမ်းပိုးတို့ကို ပုလိပ်က အနိုင်အထက် ဌာနာသို့ ခေါ်ယူ၍ မသင်္ကာသူများနှင့် ရောပြနိုင်ရန် စီမံရ၏။

ထောင်ထဲတွင် လူစီတန်းမှုသည် ကောင်းပင် ကောင်းငြား၍ ပုလိပ်တွင် သက်သာသော်လည်း ထောင်သားအချို့သည် သက်သေများအား ခြိမ်းခြောက်တတ်ကြ၏။ မသင်္ကာသူကို မစွဲနိုင်ရန် အမျိုးမျိုးကြံဖန်၍ အနှောင့်အယှက် မကြာခဏ ပေးသည်ကို ကိုယ်တိုင် တွေ့ဖူး၏။ မိန်းကလေး တရားလိုများပါလျှင် မျက်နှာပင် မော်မကြည့်ဝံ့လောက်အောင် ၎င်းတို့ လုပ်ဆောင်နိုင်၏။

လူစီတန်းပြလျှင် သက်သေဖြစ်သော တရားလို ဦးဘိုးအောင်၊

ဒေါ်ဖွားနှင့် သမီးမလှတို့သာ ဖြစ်၍ သက်သေဆင့်ရန်၊ လာရန် လွယ်ကူပါသည်။

ဌာနာပိုင်။ ။ 'ခင်ဗျားပဲ ကြည့်စီမံလိုက်တော့ဗျာ၊ လူစီတန်းပြပြီးရင် ကျွန်တော့်ကို ဘယ်သူ့ကို စွဲတယ်၊ ဘယ်သူ့ကို မစွဲဘူးလို့ တယ်လီဖုန်းနဲ့သာ ပြောလိုက်ပါတော့'

ကျွန်ုပ်။ ။ 'ဟုတ်ကဲ့'

ကျွန်ုပ်သည် ထောင်ဝတွင် စောင့်၍ တရားသူကြီးအားလည်း ကူညီရန်၊ တရားလိုနှင့် သက်သေများကိုလည်း စောင့်ရှောက် အားပေးရန်နှင့် မည်သူက မည်သူ့ကို စွဲနိုင်သည်ကိုသိရန် စောင့်နေရ၏။

လူစီတန်းပြပြီးလျှင် တရားသူကြီးသည် သက်သေများနှင့် ထွက်လာ၏။ တရားခံ လူစီတန်းပြသော ပုံစံများကို ကျွန်ုပ်အား ပေးအပ်လျှင် တရားလို အိမ်ရှင် ဦးဘိုးအောင်က မောင်သန်းရွှေ တစ်ယောက်ကိုသာ စွဲနိုင်၏။ ဒေါ်ဖွားက မည်သူ့ကိုမျှ မစွဲနိုင်၊ မလှကမူ တင်စိုးအား စွဲဆိုနိုင်၏။ ထင်ကြီးနှင့် စိန်ဖေကို သက်သေ တစ်ဦးတစ်ယောက်ကမျှ မစွဲနိုင်ပေ။

ထိုသတင်းကို စောင့်မျှော်နေသော ဌာနာပိုင်အား အထက်ပါအတိုင်း ပြောပြပြီးလျှင် 'ဒေါ်ဖွားက ဘိုးဟန်ကို စွဲနိုင်မယ်။ မယ်လှကလည်း စွဲနိုင်ရင် ဘယ်လောက် ကောင်းမလဲဗျာ' ဟု ပြောမိ၏။

တစ်မှုလုံးကို ခြုံ၍ တွက်ကြည့်ရန် လိုလာပြီ။ အစိုးရ ရှေ့နေနှင့် တိုင်ပင်ရမည်။ ကျွန်ုပ်တို့ အမှုကား လွယ်မယောင်ယောင်နှင့် ခက်နေပြီ။

**သက်သေခံချက်များ**

ဇလုပ်ရွာ ဓားပြမှုအတွက် သက်သေခံချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။





၁။ (က) တရားလို ဦးဘိုးအောင်က မောင်သန်းရွှေကို လူစီတန်းပြရာတွင် စွဲသည်။ ဘိုးဟန်ကို သိသည်။ ဓားပြတိုက်သော လူတစ်စုထဲတွင် ပါဝင်သည်။ မိမိနှင့် မယား၊ သမီးတို့ကို စောင်အုပ်၍ စောင့်နေသူ ဖြစ်သည်ဟု ကိုင်တန်းသည်။

(ခ) မိမိမယား မဖွားအား လည်းကောင်း၊ သမီးအား လည်းကောင်း၊ ရွာခေါင်း ဦးသာဝအား လည်းကောင်း၊ ဌာနာတွင် လည်းကောင်း ချက်ချင်း ဖွင့်ဟ ပြောဆို တိုင်တန်းသည်။ ဘိုးဟန်အား မလိုမုန်းထားမှု ရှိကြသည်ဟု ဘိုးဟန်ကပင် မထွက်ဆို။

၂။ မောင်သန်းရွှေကလည်း ဖြောင့်ချက်ပေးရာတွင် ဘိုးဟန်ပါသည်၊ စီစဉ်သည်ဟု ပြောသည့် ၎င်း၏ ထွက်ချက်အရ ဘိုးဟန်ဆယ်ကြီးတောသို့ အခင်းမဖြစ်မီက လာခဲ့ပုံ၊ ဘိုးဟန်နှင့် အပေါင်းအသင်းဖြစ်ပုံများတွင် သက်သေအထောက်အထား ရှိသည်။

၃။ ဓားပြ တိုက်မည့် ညနေတွင် ဘိုးဟန်၊ သန်းရွှေ၊ တင်စိုး၊ ထင်ကြီးတို့ကို တစ်စုတည်း ရှောက်ခါးရွာတွင် တွေ့မြင်ကြောင်း သက်သေရှိသည်။

၄။ ဒေါ်ဖွား–တရားလိုအား "ဘိုးဟန်" ဓားပြတိုက်ရာတွင် ပါကြောင်း ချက်ချင်း ပြော၍ သိမှတ်မိမှု။

၅။ မယ်လှ–ဘိုးဟန် ပါကြောင်း ၎င်း၏ အဖေ တရားလိုက ပြော၍ သိသည်။ လူစီတန်း ပြရာတွင် တင်စိုးအား ဆွဲပြနိုင်၏။

၆။ သန်းရွှေ၏ ဖြောင့်ချက်မှလွဲ၍ အိမ်ရှင်များက ထင်ကြီးနှင့် စိန်ဖေကို မည်သူ တစ်ဦးတစ်ယောက်မျှ မစွဲနိုင်ပါ။

တိုက်ရာပါ ပစ္စည်းလည်း မည်သူ့ထံကမှ မရရှိပါ။ သန်းရွှေ၏ ဖြောင့်ဆိုချက်ကို တင်စိုးနှင့် သန်းရွှေကို လူစီတန်းပြရာတွင် တရားလိုနှင့် မလှတို့က စွဲနိုင်သဖြင့် ထောက်ခံမှု အနည်းငယ်ရှိသည်ဟု ဆိုနိုင်

၏။ သက်သေခံပစ္စည်း တစ်စုံတစ်ရာ မရခြင်းသည် ဤအမှုက တရားခံများ အပြစ်ကျရန် ရာခိုင်နှုန်း လျော့စေ၏။

သို့သော် ဖြောင့်ချက်လည်းရှိ၊ ချက်ချင်း တိုင်ပြောချက်လည်းရှိ၊ လူစီတန်းပြရာတွင်လည်း စွပ်စွဲနိုင်ခြင်းများ ရှိသဖြင့် ဘိုးဟန်၊ သန်းရွှေနှင့် တင်စိုးတို့ကို အပြစ်ပေးမည်ဆိုက တရားသူကြီးက အပြစ်ပေးနိုင်၏။

တရားခံ တစ်ဦးဖြစ်သော ဘိုးဟန်က တစ်ဖန် မိမိသည် ဓားပြတိုက်မှုကို ကျူးလွန်သူ မဟုတ်ပါ။ ထိုနေ့ညက ကျောက်ကာရွာတွင် အိမ်ဖောက်ထွင်းမှု တစ်ယောက်တည်း ကျူးလွန်မိပါသည်။ ပစ္စည်းများကိုပင် ထုတ်၍ပေးသည်။ တရားလိုက ပစ္စည်းပြသရာ စွဲဆိုနိုင်သည်။

ဤအမှု ၂ မှုကို စံထိုး၍ ကြည့်ရမည်။ ကျွန်ုပ် အထက်တွင် ပြဆိုခဲ့သည့်အတိုင်းပင် ကျောက်ကာရွာသည် မုံရွာမြို့နှင့် ၁၀ မိုင်ဝေး၏။ ဇလုပ်သည် ထိုကျောက်ကာသွား ပေတစ်ရာ လမ်းပေါ်တွင်ရှိ၍ မုံရွာမှ ၅ မိုင်ဝေး၏။ ရောက်ခါးရွာမှဆိုလျှင် ကျောက်ကာသို့ ၈ မိုင်၊ ဇလုပ်သို့ ၃ မိုင် နီးနီးသာ ဝေး၏။

ဇလုပ်ရွာတွင် ဓားပြတိုက်သော အချိန်သည် သန်းခေါင်ကျော် ၂ ချက်တီးဟု ဆိုသော်လည်း ၁၂ နာရီနှင့် ၂ နာရီကြားလောက် ဖြစ်နိုင်သည်။

ကျောက်ကာရွာတွင် ဖောက်ထွင်း ခိုးယူမှု၏ အချိန်ကို မပြောနိုင်ပါ။

အမှု ၂ မှု ကျူးလွန်နိုင်သည် ဟုလည်း ဆိုနိုင်၏။

ဘိုးဟန်က တစ်ယောက်တည်း ခိုးပါသည် ဆိုသည်မှာလည်း တွေ့ရှိသော အဝတ်ထုပ်နှင့်စာလျှင် မဖြစ်နိုင်ပေ။ တစ်ယောက်ထီးတည်း မိမိနေရပ်နှင့် ၈ မိုင် ဝေးသောအရပ်ကို တစ်ယောက်တည်း သွားခိုးမည် မဟုတ်ပါ။ ဆယ်ကြီးတောနှင့် ဆိုလျှင်လည်း ကျောက်ကာရွာနှင့် တော





လမ်းခရီးဆိုလျှင် ၄ မိုင်လောက်သာ သွားရမည်ဖြစ်၍ ကျောက်ကာတွင် ခိုးပြီးမှလည်း ဓားပြတိုက်နိုင်စွမ်းပေမည်။

ကျွန်ုပ်တို့ ဆုံးဖြတ်၍ကား မဖြစ်ပြီ။ ကျွန်ုပ်တို့ထက် ကြီးသော အရာရှိများ ဖြစ်သော တိုက်ပိုင် အင်စပိတ်တော်နှင့် အမှုလိုက် အင်စပိတ်တော်များကို တိုင်ပင်ရမည်။

သို့နှင့် ပထမဆုံး အဆင့်ဖြစ်သော တိုက်ပိုင်အား ကျွန်ုပ်နှင့် ဌာနာပိုင်တို့ အစီရင်ခံရန် သွားကြသည်။

'ဘယ်လိုလဲဗျို့၊ ဇလုပ်မှု ပြီးပြီလား' ဟု တိုက်ပိုင်မင်းက ခရီးရောက်မဆိုက်ပင် မေးလိုက်ပါသည်။

ဌာနာပိုင်။ ။ 'ဟုတ်ကဲ့ ဆရာ၊ ပြီးပြီဆိုပါတော့၊ ရမန်က ၃ ရက်ပဲ လိုတော့တယ်။ နောက်ထပ်လည်း ဘာမှ သိပ်လုပ်စရာ မလိုတော့ပါဘူး။ သက်သေခံ ပစ္စည်းလည်း မရဘူး'

တိုက်ပိုင်။ ။ 'ပြောစမ်းပါဦးဗျ၊ ဘယ်လို သက်သေခံချက်တွေ ရှိလဲ'

ဌာနာပိုင်။ ။ 'ဆရာ့ လက်ချက် (စားပွဲခုံကို ထုသော အဖြစ်အပျက်ကို ရည်မှန်း၍ ပြောသည်) ကတော့ တော်တော် ဦးနှောက်ခြောက်သွားတယ် ဆရာ'

တိုက်ပိုင်သည် တဟားဟားနှင့် ရယ်နေသည်။

ဌာနာပိုင်။ ။ 'မရယ်နဲ့ ဆရာ၊ ကျွန်တော်နဲ့ ဟောဒီက (.....) မှာတော့ သေချင်ပြီ'

'တရားလိုကလည်း ဘိုးဟန် ပါတယ်တဲ့။ ဘိုးဟန်ကလည်း သူ အဲဒီညက အိမ်ဖောက်ထွင်းမှု ကျူးလွန်နေလို့ သူ ဓားပြမတိုက်ပါဘူးတဲ့' ဟု အစချီ၍ ဖြစ်သမျှ အကြောင်းစုံကို ပြောပြ၏။

တိုက်ပိုင်ဆိုသည်မှာ အထက်အရာရှိ တစ်ယောက် ဖြစ်သည်။

ကျွန်ုပ်လို ရာဇဝတ်အုပ်များက အလွန်လျှင် ယုံကြည်ကိုးစား၍ သူ၏ အမိန့်ကို အလွန် နာခံရ၏။

တိုက်ပိုင်။ ။ '၂ မှုစလုံး စွဲတင်ဗျာ'

ဌာနာပိုင်။ ။ '၂ မှုစလုံး စွဲတင်ဖို့တော့ ကောင်းတာပါပဲ။ နို့ပေမဲ့ ကျွန်တော်တို့က ဘယ်အမှု မှန်လိမ့်မယ်ဆိုတာတော့ ဖော်ပြသင့်တယ် ထင်ပါတယ်။ ဓားပြတိုက်မှုကလည်း မကောင်းဘူး မဟုတ်ဘူး။ အပြစ်ကျနိုင်တဲ့ သက်သေခံချက်ရှိတယ်။ ဘိုးဟန် ဖြောင့်ချက်၊ ဖောက်ထွင်းမှုကလည်း အလွန်ကောင်းပဲ'

'အမှုလိုက် တိုက်ပိုင်ဆီ သွားချေကြဦးဗျာ'

ကျွန်ုပ်တို့သည် အမှုလိုက် တိုက်ပိုင်အား တိုင်ပင်ရန် သွားကြ၏။

အမှုလိုက် တိုက်ပိုင်ကလည်း မိမိ တစ်ယောက်တည်း တာဝန်မခံလို။ ရာဇဝတ်ဝန်မင်းထံသို့ ၎င်း၏ ယူဆချက်တွင် အစိုးရ ရှေ့နေနှင့် တိုင်ပင်ရန် သင့်ကြောင်းဟု အစီရင်ခံသဖြင့် ရာဇဝတ်ဝန်အား တွေ့ဆုံရပြန်၏။

ရာဇဝတ်ဝန်ဆိုသည်မှာ အုပ်ချုပ်ရေး ကိစ္စတွင်သာ ပိုမိုနားလည်သူ ဖြစ်၍ အမှု၏ အချက်အလက်ကို များစွာ စိတ်ဝင်စားသူ နည်းလှပါသည်။ သူ့တွင် လေ့လာရန် အချိန်လည်း မရရှာပါ။ ဆပ်ကျောင်းတွင် နေခဲ့ရစဉ်ကလည်း ကျွန်ုပ်တို့ကဲ့သို့ပင် သင်အံ လေ့ကျက်ခဲ့ပါသော်လည်း၊ လက်တွေ့လုပ်ငန်း ဟူ၍ ကျွန်ုပ်တို့ကဲ့သို့လောက်ပင် အမှုမစစ်ဆေးဖူးကြပါ။ သို့ဖြစ်၍ သူလည်း ခေါင်းရှုပ်မခံလိုပါ။ ၂ ရက်၊ ၃ ရက်မှာ အရာရှိ တစ်ဦးမှ တစ်ဦးသို့လွှဲ၍ အကြံဉာဏ်ပေးကြခြင်းအားဖြင့်သာ ကုန်လွန်စေပြီးနောက် အစိုးရ ရှေ့နေအား ကျွန်ုပ်တို့ အမှုကို ပြောပြပါသည်။

အစိုးရ ရှေ့နေသည် စေ့စေ့စပ်စပ်ပင် ကျွန်ုပ်တို့ ရေးမှတ်အပ်





သော ဒိုင်ယာရီ၊ သက်သေထွက်ချက်၊ ကျွန်ုပ်တို့၏ ယူဆချက်များကို ဥပဒေနှင့် ကိုက်ညီ မကိုက်ညီများကို စိစစ် ရှာဖွေ၏။ သို့သော်လည်း သူလည်း ဘယ်အမှုသည် မှန်သည်၊ ဘယ်အမှုသည် မှားသည်ဟု မပြောနိုင်။ ၂ မှုစလုံးပင် စွဲတင်ရန် ကျွန်ုပ်တို့အား မှတ်ချက်ရေး၍ ပေးပါသည်။

ရာဇဝတ်ဝန်မင်းအား ပြလျက် စွဲတင်စေ ဆိုသော အမိန့်မှတ်ချက်ကို ရယူပြီးလျှင် တရားစွဲတင်ရ၏။

အထူး အာဏာရ၊ ၂–ရာဘက် ရာဇဝတ် တရားသူကြီးအား စစ်ဆေးစေ၏။

(သင်သာ ၂–ရာဘက် ရာဇဝတ် တရားသူကြီး ဖြစ်ပါလျှင် အထက်တွင် ဖော်ပြသော သက်သေခံချက်များအရ ဘယ်အမှုကို အပြစ်ပေးမည်နည်း)

အဖြေကို နောက်လထုတ်တွင် စောင့်မျှော် ဖတ်ရှုစေလိုပါသည်။

[ ရှုမဝ မဂ္ဂဇင်း၊ စက်တင်ဘာ ၁၉၅၅ ]

# ဓားပြမှုလော

## အပိုင်း (၈)

ပြီးခဲ့သောလ ရာပြည့်ရှုမဝတွင် ဤ**ဓားပြမှုလော** ဝတ္ထုကို တင်ပြခဲ့ရာ၌ ဇလုပ်ရွာ ဦးဘိုးအောင်၏ နေအိမ်တွင် ဓားပြတိုက်ရာ၌ တရားခံ ဘိုးဟန် ပါဝင် တိုက်ခိုက်ကြောင်း အိမ်ရှင် တရားလို ဦးဘိုးအောင်က အသေအချာ စွပ်စွဲခဲ့၏။

တရားခံ တစ်ဦးဖြစ်သော သန်းရွှေကလည်း ဘိုးဟန် တိုက်ရာ၌ ပါရှိကြောင်း ဖြောင့်ချက်ပေးခဲ့၏။

သို့သော် တရားခံ ဘိုးဟန်က ၎င်းသည် ထိုနေ့ညက ကျောက်ကာတွင် အိမ်ဖောက်ထွင်းမှုကို မိမိတစ်ယောက်တည်း ကျူးလွန်နေခဲ့ပါသည်ဟု ဖွင့်ဟ၍ ခိုးရာပါ ပစ္စည်းများပါ ထုတ်ဖော် ပြသလျက် ဖြောင့်ချက်ပေးပြီးလျှင် ဓားပြတိုက်မှု၌ မပါကြောင်း ငြင်းကွယ်နေ၏။

ဓားပြမှုနှင့် ဖောက်ထွင်းမှု ၂ မှုစလုံး၌ပင် သက်သေ အထောက်အထား ခိုင်လုံစွာ ရှိနေ၏။ သင်သည် တရားသူကြီး ဖြစ်ပါမူ ဘယ်ကဲ့သို့ ဆုံးဖြတ်မည်နည်း။

ထိုစဉ်က ၂ ရာဘက် ရာဇဝတ် အထူးအာဏာရ တရားသူကြီးက ထိုအမှု ၂ မှုကို စစ်ဆေးပါသည်။





ကျွန်ုပ်တို့ ပုလိပ်ဘက်မှ ရုံးအမှုလိုက် အင်စပိတ်တော်နှင့် အစိုးရ ရှေ့နေတို့ လိုက်ပါ ဆောင်ရွက်၍ တရားခံဘက်မှ တတိယတန်း ရှေ့နေ တစ်ဦးက လိုက်ပါဆောင်ရွက်သည်။

ဤအမှုမျိုးမှာ ရှာမှရှားဆိုသော အမှုမျိုး ဖြစ်သည့်အပြင် တရားခံ တစ်ဦးက မိမိအလိုလို ပုလိပ်၏ ဖျောင်းဖျပြောဆိုမှု မရှိဘဲ သက်သေခံ ပစ္စည်းနှင့်တကွ ဖြောင့်ချက်ပေးသည်ဆိုသော သတင်းမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား၏။ ရှေ့နေရှေ့ရပ်များ၊ ပုလိပ်ဘက် အရာရှိများ အများအပြား လာရောက် နားထောင်ကြသည်ကို တွေ့ရ၏။

ဘိုးဟန်၏ ရာဇဝင်ကို အနည်းငယ် ဖော်ပြရန် လိုပေသည်။

ဘိုးဟန်မှာ ရာဇဝင်လူဆိုး ဖြစ်၏။ သူ၏ ပြစ်ချက်စာကတ်တွင် ဓားပြမှု ၂ မှုအတွက် ထောင် ၇ နှစ် ကျခံထားသော ပြစ်ချက်နှင့် နွားခိုးမှု ၁ မှု၊ ဖောက်ထွင်း ခိုးယူမှု ၃ မှု ဖြစ်ဖူး၏။ ဖောက်ထွင်း ခိုးယူမှုတွင် နောက်ဆုံးအမှု၌ ၂ နှစ်တိတိ အပြစ်ကျခံထား၏။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ (၇၅) တွင် တရားခံ တစ်ဦးသည် ရာဇသတ် ဥပဒေ အခန်း ၁၂ နှင့် ၁၇ မှ အပြစ်တစ်စုံတစ်ရာကို ကျူးလွန်၍ အပြစ်ခံခဲ့ရဖူးသူ ဖြစ်ကာ၊ ယခုတစ်ဖန်လည်း အခန်း ၁၂ နှင့် ၁၇ တွင် ပါသော အမှုတစ်မှု ဖြစ်ခဲ့ပါမူ တရားခံအား အပြစ်များများ ပေးပါရန် တောင်းခံနိုင်ပေသည်။

ဘိုးဟန်မှာ ဓားပြမှု ကျူးလွန်၍ အပြစ်ဒဏ်ခံခဲ့ရဖူးသူ ဖြစ်၍ ဖောက်ထွင်းခိုးယူသည့် ပြစ်ချက်လည်း ရှိပြန်ရာ ဓားပြမှု၌ အပြစ်ကျပါလျှင် ခုနစ်နှစ်ထက် အပြစ်ဒဏ်ပို၍ ပေးရပေမည်။ ဖောက်ထွင်းမှုတွင် အပြစ်ပေး ခံရမည်ဆိုလျှင်လည်း ထိုသို့ပင် အခန်း ၁၂ နှင့် ၁၇ မှ ဖြစ်၍ အပြစ်ပိုပေးရမည်သာ ဖြစ်၏။

သက်သေထွက်ချက်နှင့် အမှုသွား၊ အမှုလာကို ဆက်စပ်ကြည့်လျှင် ဘိုးဟန်သည် ဓားပြမှုကိုသာ ကျူးလွန်သည်။ သို့မဟုတ် အိမ်

ဖောက်ထွင်းမှုသာ ကျူးလွန်သည်။ သို့မဟုတ် ၂ မှုစလုံး ကျူးလွန်သည် ဆိုသည်မှာ တရားသူကြီး၏ ယူဆမှုပေါ်တွင်သာ တည်နေသည်ဟု ဆိုရပေမည်။

သက်သေခံချက်များကား ဓားပြမှုတွင်လည်း ဘိုးဟာန်အပေါ်တွင် အပြစ်ပေးနိုင်လောက်သော သက်သေခံချက်များ ဖြစ်နေပေသည်။ အိမ်ဖောက်ထွင်း ခိုးယူမှု ဆိုသည်မှာကား မိမိကိုယ်တိုင် သက်သေခံ ဥပဒေနှင့် အလွန် ညီညွတ်သော အချက်အလက်တို့ဖြင့် ခိုးသူဟုပင် ဆိုနိုင်၍ အပြစ်ပေးနိုင်ပါသည်။

ခိုးရာပါ လက်သင့်ခံမှုလည်း ဖြစ်နိုင်ပေသည်။ ခိုးရာပါ ပစ္စည်း လက်သင့်ခံမှု ဆိုပြန်လျှင် ဓားပြမှု ကျူးလွန်နိုင်သည်ဟု ဆိုရပေမည်။

၂ မှုစလုံး ကျူးလွန်သည်ဟု သက်သေပြရန်ကား ဖောက်ထွင်း ခိုးယူပါသည်ဟု တိုင်တန်းသော တရားလိုက အချိန်ကို မကန့်သတ်နိုင်၍ ပြောရန်ခက်လှ၏။ သို့သော် အခြေအနေအရ ဘိုးဟာန်လို လူစားကား ၂ မှုစလုံးလည်း ကျူးလွန်နိုင်စွမ်း၏။

ဇလုပ်ရွာနှင့် ကျောက်ကာရွာ ဆိုသည်မှာ ၆ မိုင်လောက်သာ ဝေး၍ ခရီးပြင်း သွားပါမူ ၂ နာရီကျော်ကျော်ကလေးဖြင့် ရောက်နိုင်၏။

ထိုအမှု ၂ မှုပေါ်တွင် ကျွန်ုပ်တို့ ပုလိပ်အဖွဲ့ အမြင်အားဖြင့် ပြောရပါမူ ဘိုးဟာန် ကလိမ်ကျသည်ဟုပင် တွေးထင်မိကြ၏။

သို့သော် မည်သူမှ အထောက်အထားနှင့် မပြနိုင်ကြ။ အိမ်ဖောက်ထွင်းမှုတစ်ခု ကျူးလွန်ပါသည်ဟု ပြောရမည် ဆိုသည်မှာလည်း သက်သေခံပစ္စည်း တစ်စုံတစ်ရာ မပြနိုင်လျှင် ယုံနိုင်ရန် ခဲယဉ်းပေစွ။ သက်သေခံပစ္စည်း သိုဝှက်ရာကို ပြရန် ခက်ဘိတောင်း။

ဓားပြမှုတွင် တရားလိုလုပ်သူက မြင်လိုက်ပါသည် ဆိုရာတွင်လည်း ဘိုးဟာန်မှာ သိဟောင်းကျွမ်းဟောင်း ဖြစ်နေသည်။ ဓားပြတိုက်နေစဉ်တွင်ပင် မိမိမယားအား ဘိုးဟာန်ပါဟု ပြောခြင်း၊ ရွာခေါင်းအား





ချက်ချင်း ပြောပြခြင်း၊ ဌာနာ၌ ဘိုးဟာန်ကို သိမြင်လိုက်ကြောင်း တိုင်တန်းခြင်းတို့သည် ဥပဒေအရ အလွန် ထောက်ခံချက်ရ၍ အပြစ်ပေးလျှင် ပေးနိုင်စွမ်းသော သက်သေခံချက်များ ဖြစ်၏။ ထို့အပြင် တရားခံ တစ်ဦးက ဖြောင့်ချက်ပေးရာတွင် ဘိုးဟာန် ပါသည်ဟု ဆိုပြန်၏။ ဖြောင့်ချက်ပေးသော တရားခံနှင့် အခြား တရားခံတစ်ဦးကိုလည်း လူစီတန်းပြရာတွင် တရားလိုက ခွဲဆိုနိုင်၏။ ဤအချက်များကို စုပေါင်းကြည့်မည်ဆိုလျှင်လည်း ဓားပြမှုတွင် အပြစ်ကျခံစေနိုင်လောက်သော သက်သေခံချက်များ ဖြစ်၏။ တရားလွှတ်တော် စီရင်ထုံးများတွင်လည်း ဤမျှလောက် ထောက်ခံချက် မကောင်းလှသော အမှုများကိုပင် အပြစ်ပေးခဲ့၏။

အိမ်ဖောက်ထွင်းမှုမှာလည်း ရေပက် မဝင်လောက်အောင် ကောင်းနေ၏။

**အမှုစစ်ပြီ**

ဓားပြမှုမှ တရားလိုပြ သက်သေများကို စစ်ဆေးသည်။ ပုလိပ်ရှေ့တွင် ထွက်ဆိုသော ထွက်ချက်အတိုင်းပင် တစ်သဝေမတိမ်း ထွက်ဆိုကြ၏။ တရားခံ ရှေ့နေက တရားခံသည် ဓားပြမှုကို မကျူးလွန်ပါ။ အိမ်ဖောက်ထွင်း ခိုးယူမှုကိုသာ ကျူးလွန်ပါသည်ဟု ချေပ၏။

တရားခံပြ သက်သေ အဖြစ်ဖြင့် ဓားပြမှုတွင် ဖြောင့်ချက်ယူသော တရားသူကြီး၊ အမှုစစ်ဆေးသော အရာရှိ၊ အိမ်ဖောက်ထွင်း အခိုးခံရသူ တရားလို၊ တရားလို၏ မိန်းမနှင့် သက်သေများကို ပြ၏။

တစ်မှု အပြစ်ပေးလျှင် တစ်မှု လွတ်ရမည့် အခြေအနေတွင် ရှိနေ၏။ ၂ မှုစလုံး အပြစ်ပေးမည် ဆိုလျှင်လည်း ကျွန်ုပ်တို့က အမှုဖြစ်ပွားကြရာ ရွာများဖြစ်သော ဇလုပ်နှင့် ကျောက်ကာ (၆) မိုင်မျှ ဝေးပုံ၊ တစ်မှုကို ကျူးလွန်ပြီး တစ်မှုကို ထပ်မံ မကျူးလွန်နိုင်ပုံ၊ တစ်

ယောက်တည်း အိမ်ဖောက်ထွင်း ခိုးယူပါသည် ဆိုသည်မှာ မယုံကြည်သင့်ပုံ၊ ၂ ယောက် ၃ ယောက် ခိုးယူထမ်းလာမှသာ တွေ့ရှိသော ပစ္စည်းများကို သယ်လာနိုင်ပုံတို့ကို ထည့်သွင်း သက်သေပြသည့်အပြင် အစိုးရရှေ့နေကလည်း ဘိုးဟန်မှာ လူဆိုး အဓိပတိ တစ်ယောက်ဖြစ်၍ စားပြမှုတွင် အပြစ်ခံရပါမူ ကျင့်ထုံးပုဒ်မ (၇၅) အတွဲခံရမည်ဖြစ်၍ ၁၀ နှစ်မှ ၁၂ နှစ်အထိ အပြစ်ပေးခံရမည်ကို သိသဖြင့် ဖောက်ထွင်းမှု ကျူးလွန်ပါသည်ဟု အကြောင်းပြချက်သာ ဖြစ်ပေမည်။ ထို ၂ မှုတွင်ပင် ၎င်းသည် ကျူးလွန်နိုင်စွမ်းပေမည်။ ဖောက်ထွင်းမှုကို ဖြောင့်ချက်ပေးခြင်းအားဖြင့် ကျင့်ထုံးပုဒ်မ (၇၅) ပင် အတွဲခံရပါမူ ၃ နှစ်၊ ၃ နှစ် ၆ လသာ ခံရပေမည်။ သို့ဖြစ်၍ နှစ်မှုစလုံး ကျူးလွန်သည်ဟု ယူဆရန် အကြောင်းရှိပေသည်ဟု လျှောက်လဲ၏။

ထိုသို့ လျှောက်လဲသော်လည်း အစဉ်အလာအားဖြင့် သက်သေအထောက်အထား ပြနိုင်ရမည်။ ယခုမှု စားပြတိုက်ပါသည်ဟု လုံးချင်းသာ ထင်ရှားစေနိုင်၏။ အိမ်ဖောက်ထွင်း ခိုးယူပါသည်ဟုလည်း လုံးချင်းမျှသာ သက်သေ တင်ပြနိုင်၏။ ၂ မှုစလုံး ကျူးလွန်သည် ဟူသော ကွင်းဆက် သက်သေခံချက်ကိုမူ မတင်ပြနိုင်ချေ။

၂–ရာဘက် ရာဇဝတ် အထူးအာဏာရ တရားသူကြီး ဆိုသူမှာ စက်ရှင် တရားသူကြီး ဖြစ်လုနီးနီး ရှိနေသူဖြစ်၍ လုပ်သက် အလွန်ဝနေသူ ဖြစ်သည်။

သို့ပါသော်လည်း တရားလို၊ တရားခံပြ သက်သေများ၊ ရှေ့နေရှေ့ရပ်တို့၏ လျှောက်လဲချက်များ၊ ပုလိပ် အမှုတွဲများကို လေ့လာနိုင်ရန် ၁၀ ရက်ကြာမျှ အချိန်ယူ စဉ်းစား၏။

**စီရင်ချက်**

ကျွန်ုပ် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ပင် ၂ မှု ကျူးလွန်ပါသည်ဟု





ပုလိပ်က ကွင်းဆက်၍ မပေးနိုင်ခြင်းကြောင့် ဘိုးဟန်သည် တစ်မှုသာ ကျူးလွန်ပေလိမ့်မည်ဟု မိမိ အထင်ရှိကြောင်းဟု ဖော်ပြလျက် စားပြမှု၏ ရာဇဝင်၊ သက်သေ အထောက်အထားများကို ပြသည်။

ထို့ပြင် ဖောက်ထွင်း ခိုးယူပါသည်ဟူသော ဖြောင့်ချက်နှင့်တကွ တင်ပြသော သက်သေခံချက်တို့မှာ ရေပက် မဝင်နိုင်လောက်အောင် ထင်ရှားနေသည်ဟု ဖော်ပြပြီးလျှင်၊ စားပြမှုတွင် ဖြောင့်ချက်ပေးသော တရားခံ၏ ဖြောင့်ဆိုချက်မှာ သက်သေခံပစ္စည်း အထောက်အခံ မပေးနိုင်၍ တစ်ကြောင်း၊ အိမ်ရှင်များက ဘိုးဟန်ပါ ပါသည်ဟု ဆိုရာ၌လည်း လူတူမရှား ဖြစ်၍ ရုတ်တရက် မြင်ရသော လက်နှိပ်ဓာတ်မီးရောင်ကြောင့် သိသည်ဆိုရာ၌လည်း လက်နှိပ်မီးကို ရုံးတော်တွင် တင်ပြနိုင်ခြင်းမရှိ၍ လက်နှိပ်မီးရောင်သည် ဘယ်မျှ ကောင်း၍ လူတစ်ယောက်ကို သိသိသာသာကြီး မြင်နိုင်သော ဓာတ်ခဲအား ရှိပါသည်ဟု မတင်ပြနိုင်သဖြင့် တရားလိုက ဘိုးဟန်အပေါ် စွပ်စွဲချက်တွင် သံသယဖြစ်ဖွယ် ရှိ၏။ သို့ဖြစ်၍ ဘိုးဟန်ကို အိမ်ဖောက်ထွင်း ခိုးယူမှု ပုဒ်မ ၄၅၇–၇၅ အရ ထောင်ဒဏ် ၃ နှစ်နှင့် ၆ လ ကျခံစေ၍၊ ပုဒ်မ (၃၉၅) စားပြတိုက်မှုတွင် တရားသေ လွတ်စေဟု အမိန့်ချမှတ်၏။

ဘိုးဟန်အား လွှတ်ပစ်သော်လည်း ဖြောင့်ချက်ပေးသူ တရားခံမှာ ရုံးတော်တွင် ဆက်လက်၍ ဖြောင့်ဆိုချက် မပေးဘဲ ပုလိပ်က ညှဉ်းပန်းနှိပ်စက်၍ ဖြောင့်ချက်ပေးရပါသည်ဟု ဆိုစေကာမူ ပုလိပ်က ရိုက်နှက်ကြောင်း ဖြောင့်ချက်ယူသူ တရားသူကြီးအား လည်းကောင်း၊ မိမိနှင့် အချုပ်ခံရသူ တစ်စုံတစ်ယောက်အား လည်းကောင်း ပြောကြားခြင်း မရှိ။ သက်သေခံချက် မရှိသောကြောင့် အခြားတရားခံများအား အမှုမှ လုံးဝ လွှတ်ပစ်သော်လည်း ထိုတရားခံကို (၅) နှစ်တိတိ အပြစ်ပေးလိုက်၏။

အထက်ပါအမှုမှာ ဤသို့ဖြင့် ပြီးဆုံးသွားပါသည်။

မှန်သည်၊ မမှန်သည်ကို အကြောင်းအချက်ပြ၍ ဝေဖန်နိုင်သူများ ရှိပေလိမ့်မည်။

မှားသည်၊ မှန်သည်ကိုမူ ကာယကံရှင်သာလျှင် သိပေလိမ့်မည်။ တရားသူကြီး အဆုံးအဖြတ်ကို သဘောမကျသူ၊ သဘောကျသူ ဟူ၍ ရှိပေလိမ့်မည်။

တရားသူကြီးတစ်ဦး ဆုံးဖြတ်လျှင် မှန်သည်က များပေမည်။ သို့သော် မမှန်သော အမှုကား မရှိတော့ပြီလောဟု မေးလျှင် မရှိတော့ပြီ ဟူ၍ကား ဖြေနိုင်မည် မဟုတ်ပါပေ။

သို့ဖြစ်၍ ဤထူးဆန်းသော ဖြစ်စဉ် ကိစ္စတစ်ရပ်ကို ကျွန်ုပ်သည် ရှုမဝ စာဖတ်ပရိသတ်အား ဖော်ပြလိုပေသည်။

စက်တင်ဘာလထုတ် ရှုမဝတွင် ကျွန်ုပ် တင်ဆက်ခဲ့သော "ဓားပြမှုလော" ဝတ္ထုကို တစ်ပိုင်း၌ ရပ်ထားပြီး စာဖတ်သူအား ညဏ်ဝင်စားစေခဲ့၏။

ယခုမူ ဖော်ပြခဲ့သည့်အတိုင်း ဘိုးဟန်ကိုကား အပြစ်ပေးပြီးပြီ။ ၃ နှစ် ၃ မိုးမျှ လျှော့ရက်နှင့် တွက်ချက်၍ လွတ်လာပေပြီ။ ဘိုးဟန် လွတ်လာပြီး မကြာမီပင် ဂျပန်ဝင်လာသဖြင့် ဘိုးဟန်နှင့် ကျွန်ုပ်တို့ အဆက်ပြတ်နေ၏။

**ဂျပန်ခေတ်**

ဂျပန်ခေတ် စောစောပိုင်းတွင် ကျွန်ုပ်သည်လည်း အမှုထမ်း မဟုတ်၍ ဘိုးဟန်တို့လူစု ဘယ်လို နေထိုင်စားသောက်နေကြသည်ကို ပထမပိုင်းတွင် မသိပေ။

ထိုနောက် ဒုတိယပိုင်းဟု ခေါ်ရမည့် ဂျပန်စိုးမိုးချိန်၊ ဂျပန်ပေးသော လွတ်လပ်ရေးအချိန် နောက်ပိုင်းတွင် ကျွန်ုပ်သည် အလုပ်လက်မဲ့ ဘဝတွင်သာမက ကုန်ရောင်းကုန်ဝယ် ကုန်သွယ်သော နည်းတို့ကို





လည်း မဆည်းပူးခဲ့။ သားမယား လုပ်သူတို့မှာလည်း ကုန်သွယ် လယ်လုပ်မျိုး မဟုတ်သဖြင့် ရှိသမျှ ရောင်းချ စားသောက်၍ ကုန်နေရချိန်ဝယ်၊ အလုပ်မလုပ်လျှင် ဂျပန် ဖမ်းမည်စိုးသောကြောင့် ဆွေမျိုး ခရိုင်ရဲဗိုလ်မှူးက ဂျပန် ဖမ်းဆီး နှိပ်စက်ခြင်းမှ လွတ်ကင်းရန် ရဲအုပ်ရာထူးပေး၍ အလုပ်ဝင်ရပြန်၏။

ကျွန်ုပ် အလုပ်ဝင်မလုပ်မီအချိန် ၆ လ ဆယ်လလောက်ကပင် အင်္ဂလိပ် လက်ထက်က ရာဇဝင်လူဆိုး ဟူသမျှကို ဖမ်းဆီးထားသည်ကို တွေ့ရ၏။

ထိုသို့ ဖမ်းဆီး ချုပ်နှောင်ထားရခြင်း၏ အကြောင်းရင်း တစ်ရပ်ကား ဂျပန်ကင်ပေတိုင်များ၏ လှုံ့ဆော်မှုတစ်ရပ်ပင် ဖြစ်သည်ဟု သိရ၏။

၎င်းတို့ကို ဖမ်းထားသော ပုဒ်မမှာ မြန်မာပြည် ကာကွယ်ရေး ဥပဒေပုဒ်မ (၂၆) (ယခုအခေါ် ဆိုလျှင် ပုဒ်မ ၅) ဖြစ်၏။

ဂျပန်ကင်ပေတိုင်များ၏ အမိန့်မှာ အလွန် မထင်ရှားလှပါ။ စစ်ရေးစစ်ရာနှင့် ပတ်သက်၍ အနှောင့်အယှက်ဖြစ်မည့် လူဆိုးများကို ဖမ်းထားရန် ဖြစ်သည်ဟု သိရ၏။

ထိုအမိန့်အရပင် ရာဇဝင် လူဆိုးများကို ဖမ်းထားခြင်း ဖြစ်၏။

ဤအမိန့်ကို လိုက်နာသူသည် မှန်ကန်သည်၊ မှားသည် ဆိုသည်ကိုကား စာဖတ်သူတို့ ဝေဖန်ကြရန်သာ ဖြစ်ပါသည်။

သို့သော် လူဆိုး ဆိုသည်မှာ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသော ဓားပြမှု၊ လုယက်မှု၊ လူသတ်မှု၊ လူပြန်ပေးမှု အစရှိသော ရာဇဝတ်မှုများကိုကား ကျူးလွန်သည် မှန်ပေမည်။ သို့သော် စစ်အောင်နိုင်ရေးကို ဘယ်မျှ ထိရောက်အောင် ပိတ်ပင် ဟန့်တားနိုင်အံ့သည်ကိုကား စဉ်းစားဖွယ် ကောင်း၏။

ဂျပန် ဆိုလိုသော စစ်အောင်နိုင်ရေး ဟန့်တားသူ လူဆိုး ဆိုသည်မှာ "အင်္ဂလိပ်သူလျှို" လုပ်နေသူများကို ဆိုလိုပေမည်။

ထိုနောက် ထိုသည့်အချိန်တွင် စစ်ဝင်စ၊ ကနဦးက ဗိုလ်ဘဖေ ဦးစီးသော တပ်မတော်သားများသည် ဓားပြများကို ဖမ်း၍ ကားစင်တင်ပြီးလျှင် လုံစွပ်နှင့် ထိုးသတ်၍ ပြခဲ့၏။ ဓားပြတိုက်လျှင် သေဒဏ် အပြစ်ပေးမည်ဟုလည်း ကြေညာထားရာ ဂျပန်ခေတ် တစ်ခေတ်လုံးတွင် ဓားပြမှု၊ လုယက်မှု ဟူ၍ကား ရှာမှရှားလှ၏။ ဗုံး၊ စစ်သေနတ်များ ကြောက်ကြရသဖြင့် ညဥ့်အချိန်မတော်တွင် ငွေထုပ်ပိုက်၍ ဥဒဟို သွားနေသူများ အမြောက်အမြားရှိ၏။ သို့သော် ဓားပြတိုက်သည်ဟု မကြားဖူး၊ မမြင်ဖူးပေ။ အဓိပတိ ရာဇဝင်လူဆိုး ဟူသည် ရာဇဝင် မရှိသော လူဆိုးကဲ့သို့ မဟုတ်ပေ။ သူတို့သည် ကျွမ်းကျင်ရာ လိမ္မာ ဆိုသည့် အလားပင် ရှေ့ရေး၊ နောက်ရေးကို တွေးတွေးဆဆ လုပ်တတ်၏။ ကမူးရှူးထိုး လူမိုက်ပေါက်စများကဲ့သို့ မလုပ်ဝံ့၊ မလုပ်တတ်ကြပေ။

ကျွန်ုပ် ယခုကဲ့သို့ ပြောဆိုနိုင်ခြင်းမှာ လူဆိုးများနှင့် အများဆုံး ဆက်ဆံခဲ့ရသည့်အပြင် လူဆိုးတို့၏ သဘာဝကို လေ့လာထားရှိခြင်းကြောင့် ဖြစ်၏။

ဥပမာ သာဓကအဖြစ် ပြရမည်ဆိုလျှင် အင်္ဂလိပ်များ ဆုတ်ခွာသွားရမည့်အချိန်တွင် ဓားပြများ ထကြွ သောင်းကျန်းကြ၏။ ဂျပန်ဝင်စ အချိန်တွင် အုပ်ချုပ်မှု ကောင်းစွာ မရှိချိန် ဖြစ်၏။ "ဓားပြများ မိလျှင် သတ်ပစ်သတဲ့" ဆိုလျှင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတော့၏။ ဂျပန်တစ်ခေတ်လုံးတွင် ဓားပြမှုကား ရှားလှ၏။

ဂျပန် ဆုတ်ခွာသွားချိန်တွင်လည်း ဓားပြများ ထကြွ သောင်းကျန်းကြပြန်သေးသည်ကို တွေ့ရ၏။ ထိုနောက် "စစ်အုပ်ချုပ်ရေး" တဲ့ဟု ဆိုလျှင် နယ်ငြိမ်သွားပြန်၏။ တစ်ဖန် ခေတ်ဟောင်း ဥပဒေနှင့် အုပ်ချုပ်တော့မည်ဟု ဆိုလျှင် ဓားပြများ စတင် တိုက်ခိုက်၊ လုယက်ကြသည်ကို တွေ့ရပြန်၏။

သို့ဖြစ်၍ ကင်ပေတိုင် ဆိုလိုသော ကာကွယ်ရေး ဥပဒေအရ





ဖမ်းထားရန်သင့်သော လူဆိုးများထဲတွင် ရာဇဝတ်မှုကို အဓိအားဖြင့် ကျူးလွန်တတ်သော လူဆိုးများ ပါဝင်သည်ဟု မထင်မိပေ။

*

ကျွန်ုပ်အား အလုပ်ပြန်ခန့်ပြီး များမကြာမီပင် လူဟောင်း တစ်ယောက်ဖြစ်သည့် အားလျော်စွာ မုံရွာဌာနာဟု အမည်ပေး၍ ရွာထောင်ရွာ၊ ဆီဆုံ တဲဟောင်းကြီးတစ်ခုတွင် ဖွင့်လှစ်ထားသော ရဲဌာနာကို အုပ်ချုပ်ရလေသည်။

ဟက်ကွာတာလိုင်းခေါ် သီးသန့် ရဲဌာနာနှင့် အချုပ်ခန်းမှာ မုံရွေး၊ ကြေးမုံရွာ ခရိုင်ရဲဗိုလ်မှူး ရုံးစိုက်ရာတွင် ထားရှိ၏။ ထိုအချုပ်ခန်းနှင့် သီးသန့် ရဲများကို အုပ်ချုပ်ရန်မှာ သခင်အသင်း ကောင်းမှုဖြင့် ရဲအုပ်ဖြစ်နေသော အရာရှိတစ်ယောက်က အုပ်ချုပ်၏။

တစ်နေ့သော နံနက်တွင် ကျွန်ုပ်၌ တာဝန်ရှိသည့်အလျောက် အချုပ်ခန်းသို့ စစ်ဆေးရန် ရောက်ရှိသွား၏။ အချုပ်ခန်းမှာ လူ တစ်ယောက်၏ အုတ်တိုက်ကို သိမ်းဆည်းထားပြီးလျှင် အချုပ်ခန်းသဖွယ် ပြင်ဆင်ထားသော အုတ်တိုက်အိုကြီး ဖြစ်၏။ ကျွန်ုပ် မှတ်မိသမျှ ပြောရလျှင် ၁၀ ယောက် အများဆုံး နေသင့်သော အချုပ်ခန်းတွင် လူပေါင်း ၄၀ လောက် ချုပ်ထားသည်ကို တွေ့ရ၏။

ကျွန်ုပ်။ ။ 'ရဲအုပ်ကြီး၊ အချုပ်ခန်းထဲ လူတွေ များလှချည်ကလား'

ရဲအုပ်။ ။ 'ဟုတ်ကဲ့၊ နည်းနည်းတော့ များတယ်'

ကျွန်ုပ်။ ။ 'ရမန်တို့ ဘာတို့ကော ရှိရဲ့လားဗျ'

ရဲအုပ်။ ။ 'ရှိမှာပါပဲ'

ရမန် ဆိုသည်ကို သူ သိချင်မှပင် သိမည်။ "ရှိမှာပါပဲ" ဟု ဖြေခြင်းအားဖြင့် သူ ဘာမျှ မသိသည်မှာ ထင်ရှားလှသည်။ သို့သော် သူ့ခေတ်နှင့်သူ ဖြစ်သလို လုပ်နေကြ၏။ မည်သူကမှလည်း ရမန် ရှိ

မရှိ၊ အကြောင်းလုံလောက်သည် မလုံလောက်သည်ကို စစ်ဆေးကြမည် မဟုတ်ပါ။

ကျွန်ုပ်မှာ အလွန် ခေတ်နောက်ကျနေပြီလား မသိ ဖြစ်နေ၏။ သို့သော် ဝတ္တရားရှိသည်ကို မမေ့လိုသဖြင့် ကျွန်ုပ် ကြည့်ရှု စစ်ဆေးရန် လာခဲ့ခြင်း ဖြစ်၏။

ကာကွယ်ရေး ဥပဒေပုဒ်မ (၂၆) ဖြင့် ချုပ်ထားသူများမှာ အချုပ်တွင် ထားရန် ရမန် မရှိပါ။ တောဌာနာများမှ အမှုနှင့် လာရောက်အပ်ထားသော အချုပ်တရားခံများတွင် နယ်မှ ရမန်များ ရှိပါသည်။ ရာဇဝတ်ကျင့်ထုံး (၁၅၁) အရ ဖမ်းဆီး ချုပ်နှောင်ထားသူ ၃-၄ ယောက်မျှ တွေ့ရသည်။ ချုပ်ထားသည်မှာလည်း ၃-၄ ရက် ရှိပြီဖြစ်၍ ကျွန်ုပ်က -

'ရဲအုပ်ကြီး၊ ဒီလူတွေ ဒီပုဒ်မနဲ့ ဖမ်းထားတာဆိုရင် လွှတ်ပစ်သင့်ပြီဗျ'

ရဲအုပ်။ ။ 'လွှတ်ပစ်ဆိုလည်း လွှတ်ပစ်တာပေါ့။ နို့ပေမဲ့ စပိုင်လုပ်တယ်ထင်လို့ ဖမ်းထားတာ'

ကျွန်ုပ်။ ။ ' "စပိုင်" ဆိုပြီး ဖမ်းရင်လည်း အမှုတွဲ လုပ်ပြီး ကာကွယ်ရေးပုဒ်မနဲ့ ချုပ်ရအောင် ရမန် ခံထားမှပေါ့'

ရဲအုပ်။ ။ 'ဒါတွေ ပိုနေတာပါဗျာ။ ကြိုးနီစနစ်တွေ သိပ်သုံးနေလို့ ဖြစ်တာ မဟုတ်ပါဘူး'

ကျွန်ုပ်။ ။ 'ဒါတော့ ဥပဒေမရှိလို့ သဘောမတူဘူးဗျာ။ မလွှတ်ရင်တော့ ခင်ဗျား တာဝန်ပဲ၊ ကျုပ်ကတော့ နေ့စဉ် ရေးသွားရမှာပဲ'

ကျွန်ုပ် ဤသို့ပြောသည်ကို သူ မကြိုက်ပေ။ သူ မကြိုက်လျှင် ရှိစေ။ ကျွန်ုပ်မှာ ဥပဒေကို နားလည်သူဖြစ်၍ ဆင်ကန်းတောတိုး မပြုဝံ့ပါ။

အချုပ်ခန်းသို့ လှည့်လည် စစ်ဆေးရာ "သခင် သခင်" ခေါ်သူ၊





"ဆရာ၊ ဆရာ" ခေါ်သူ၊ "ကိုယ်တော်ကြီး၊ ကိုယ်တော်ကြီး" ခေါ်သူတို့ဖြင့် မရှား ဖြစ်နေ၏။ ကြည့်ရှုစစ်ဆေးလျှင် ကာကွယ်ရေး ပုဒ်မ ၂၆ အရ ဖမ်းဆီးခြင်း ခံနေကြရရှာသော ရာဇဝင်လူဆိုး၊ ကျွန်ုပ်၏တပည့် ဘိုးဟန်၊ စိန်ဖေတို့ လူသိုက် ဖြစ်နေသည်ကို တွေ့ရ၏။ အားလုံးလိုလိုကို ကျွန်ုပ် သိသူများ ဖြစ်၏။

ရှေးအင်္ဂလိပ်ခေတ်က ကောင်းတိုင်းပင်၊ ဆိုးတိုင်ပင် ဆိုသည့် အလားပင် လူဆိုးနှင့် ပုလိပ်သည် ရင်းနှီးမှု ရှိလှ၏။

ဘိုးဟန်။ ။ 'သခင် ကြည့်လုပ်ပါဦး'

ကျွန်ုပ်။ ။ 'ငါဘာလုပ်နိုင်မှာလဲကွာ ဘိုးဟန်ရာ၊ မင်းလည်း စဉ်းစားဦးပေါ့'

ဤသို့သာ ပြောလိုက်ရသည်။ ကျွန်ုပ် စိတ်တွင် ဘိုးဟန်တို့ လူတစ်သိုက်ကို ကြည့်ရခြင်းအားဖြင့် သူတို့ လွတ်မြောက်ရေးကို ကျွန်ုပ် ဖန်တီး၍ ပေးလိုလှ၏။

အဘယ်ကြောင့်ဆိုသော် ဘိုးဟန်တို့ လူတစ်စုကို ဖမ်းထားသည်မှာ ၁ နှစ်နှင့် ၆ လရှိပြီ ဖြစ်၍ သမံတလင်းပေါ်တွင် အိပ်ရ စားရကာ လမ်းလျှောက်ခြင်း၊ ရေချိုးခြင်းများ မှန်မှန် မပြုလုပ်ရသည့်အပြင် သူတို့ အနီးမှာပင် ထိုင်၍ မနေနိုင်လောက်အောင် ညှီစို့စို့ အနံ့ကြီးများဖြင့် သင်းကြိုင်နေ၏။ အသားများမှာလည်း ဖြူဖပ်ဖြူရော် ရှိနေကြပြီး ကိုယ်ဖော ကိုယ်ရောင်ဖြစ်ခြင်း၊ ဖျားခြင်း၊ နာခြင်းတို့မှာ နေ့စဉ်နှင့်အမျှ ခံစားနေကြရသည်ဟု သိရ၏။ မြင်ခဲ့ရ၏။

ဘိုးဟန်။ ။ 'သခင်သာ မကယ်ရင်တော့ ကျွန်တော်မျိုးများ သိပ်ကြာမှာ မဟုတ်ပါဘူး ဘုရား။ သေရပါတော့မယ်။ အသားအရေသာ ကြည့်ပါတော့'

ဘယ်မျှပင် မိုက်သည်၊ ဆိုးသည် ဟူ၍ပင် ဆိုစေ အမှုတစ်ခုခုနှင့် အကျဉ်းထောင်၌ ကျခံနေရပါက လွတ်ရက်ဟု မျှော်လင့်ဖွယ် ရှိသေး

သဖြင့် ကြွံကြွံခံနိုင်စွမ်းပေမည်။ စစ်ပြီး (၆) နှစ် ချုပ်ထားခြင်းကို ခံရမည်ဆိုလျှင်လည်း နေရာ ကျယ်ကျယ်ပြန့်ပြန့်နှင့် အစားအသောက် သင့်တင့်စေ၍ ကိုယ်လက် လှုပ်ရှားနိုင်မည်ဆိုလျှင် ခံသာပါသေး၏။ ယခုမူ ကျဉ်းကျပ်လှသော ဤအချုပ်ခန်း၌ ၁ နှစ်၊ ၂ နှစ် နေဖို့ရာမှာ အလွန်ခက်လှ၏။

'ကျွန်တော်မျိုးတို့ကို မန္တလေးထောင် ပို့ပေးဖို့ဖြစ်ဖြစ် ပြောပေးပါ ဘုရား'

အချုပ်ခန်း ဆိုသည်မှာ ယာယီ တစ်ည နှစ်ညသာ အိပ်ရန်၊ နေရန် သင့်သောနေရာ ဖြစ်ပေသည်။ ထောင်ထဲမှာမူ များစွာ ချောင်ချောင်လည်လည် နေနိုင်ကြပေလိမ့်မည်။ အိပ်ခန်းတွင် ကျပ်တည်းသည်ဆိုစေကာမူ လမ်းလျှောက်ရန်၊ ရေချိုးရန်တို့ဖြင့် ကိုယ်လက် လှုပ်ရှားနိုင်၍ များစွာ သက်သာပေမည်။

ကျွန်ုပ်။ ။ 'အေး၊ အေး မင်းတို့ကို ဆက်လက် ထားဦးမယ်ဆိုရင် မန္တလေးပို့ဖို့ ငါ ပြောမယ်။ ဖြစ်လောက်စရာ ရှိပါရဲ့ကွာ'

ကျွန်ုပ်က ဤသို့ပြောလျှင် အားလုံး နှစ်ခြိုက် ဝမ်းသာကြသည်။ ကျွန်ုပ်အား ဝိုင်း၍ ဒူးတုပ်လျက် ထိခြင်းငါးပါးဖြင့် ရှိခိုးကြ၏။

**ရဲဗိုလ်မှူးရုံး**

ရဲဗိုလ်မှူး ရုံးသို့ ကျွန်ုပ် ချက်ချင်း သွားရောက်၍ ထိုလူဆိုးများနှင့် ပတ်သက်သော စာများကို ရှာပါသည်။ သို့သော် ဘာမျှ မည်မည်ရရ မတွေ့ရပါ။ အချုပ်ခန်းတွင်လည်း ကင်ပေတိုင် အမိန့်အရဟု စာဆွဲထားခြင်းကိုသာ တွေ့ခဲ့ရသဖြင့် အခက်ကြုံနေ၏။

သို့သော် ရုံးချုပ် စာရေးကြီး ပြောပြချက်အရ သိရသည်မှာ ကင်ပေတိုင်က အမိန့်ပေးသည်ဟု သာမန်အားဖြင့်သာ သိရ၍၊ ရဲဗိုလ်မှူးရုံးက ခရိုင်အတွင်းရှိ ဌာနာအားလုံးအား ညွှန်ကြားစာ တစ်စောင် ရေးထားသည်ကို တွေ့ရ၏။





ဤညွှန်ကြားစာမှာလည်း ကင်ပေတိုင် ဗိုလ်ကြီး၏ ညွှန်ကြားချက်အရ "ရာဇဝင်လူဆိုးများအား စစ်အောင်နိုင်ရေး အနှောင့်အယှက် မပေးစေရန် ဖမ်းဆီး ချုပ်နှောင်ထားရန် လိုအပ်သည်ဟု ယူဆရပါသဖြင့် ကာကွယ်ရေး ဥပဒေပုဒ်မ ၂၆ အရ ဖမ်းထားစေ" ဟု ရဲဗိုလ်မှူးရုံးတွင် တွေ့ရ၏။

ထိုအမိန့်ကို မည်သို့မည်ပုံ လုပ်ကိုင် ဆောင်ရွက်ကြသည်၊ မည်သူ မည်ဝါကို ဖမ်းထားပါသည်ဟု ဆိုသော အစီရင်ခံချက် မရှိ။ ချုပ်နိုင်ရန် အမိန့်ပေးနိုင်သူ ခရိုင်ရာဇဝတ် တရားသူကြီး အမိန့် နတ္ထိဖြင့် (၁) နှစ်နှင့် (၆) လတာမျှ "ကင်ပေတိုင်" ဆိုလျှင် "မီးသေ" သည် ဆိုသော ကာလစကားအရ "မီးသေ" နေကြသည် ထင်၏။

ထိုမျှ များပြားလှသော လူတစ်စုကို (၁) နှစ်နှင့် (၆) လတိုင်တိုင် ချုပ်ထားသည်ကို ခရိုင် ရဲဗိုလ်မှူးသည် လည်းကောင်း၊ မြို့မ ရဲဗိုလ်မှူးသည် လည်းကောင်း၊ ခရိုင်ဝန်သည် လည်းကောင်း၊ ကင်ပေတိုင်သည် လည်းကောင်း၊ ရန်ကုန် ရဲဌာနာချုပ်သည် လည်းကောင်း၊ ပြည်ထဲရေးသည် လည်းကောင်း၊ အဓိပတိသည် လည်းကောင်း သိကြမည် မဟုတ်ပေ။

ကျွန်ုပ်သာ လျှာရှည်ပြီး ဌာနာအချုပ် ကြည့်ရှု စစ်ဆေး၍သာ ထိုကိစ္စကို သိရသည်။ ကြိုးနီစနစ် မရှိခြင်းသည်သာလျှင် ကျွန်ုပ်လည်း လုပ်ချင်ရာ 'လုပ်နိုင်သည်ဟု ဉာဏ်ဝင်လာ၏။

သို့သော် ရတ်တရက် အားလုံး လွှတ်ပစ်မည်ဆိုလျှင်၊ ပထမဆုံး ငွေတစ်ပြား တစ်ချပ်မှ မရရှိဘဲ အချုပ်က လွှတ်ရမည်ဆိုလျှင် ပွက်မည့်သူမှာ အချုပ်ထောင်အုပ်ချုပ်သော သခင်ရဲအုပ်ပင် ဖြစ်မည်။

**သီးသန့်ရဲဌာနာအုပ်**

"အမှုတစ်ခုတွင် ဘိုးဟန်နှင့် စိန်ဖေကို အလွန် အရေးတကြီး စစ်မေးရန်

ရှိ၍ ကျွန်ုပ်ထံ လုံလောက်သော အစောင့်အရှောက်တို့နှင့် ပို့ပါ" ဟူ၍ ကျွန်ုပ်သည် သီးသန့်ရဲဌာနာအုပ်ဆီသို့ စာတစ်စောင် ရေးလိုက်၏။

ထိုစာအရ ဘိုးဟာန်နှင့် စိန်ဖေတို့ ကျွန်ုပ် အုပ်ချုပ်ရာ ရွာထောင် (မုံရွာ) ဌာနာသို့ ရောက်လာလေသည်။

ဘိုးဟာန်။ ။ 'ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ပြောစရာ မရှိတော့ပါဘူး။ ကျွန်တော်မျိုးတော့ ကြေးမုံ အချုပ်မှာ သေရမယ်လို့ပဲ ထင်နေတာ။ ဘုရား သိကြား မ ပေလို့ သခင် အလုပ်ပြန်ဝင်တာနဲ့ ကြုံတာပဲ။ ဒါကြောင့်လည်း ကျွန်တော်မျိုးတော့ မသေနိုင်သေးဘူးဟဲ့ လို့ပဲ အားတက်မိပါတယ်'

စိန်ဖေကလည်း ဤနည်းနှင်နှင်ပင် ကျွန်ုပ်အား ကျေးဇူးတင်စကား ပြော၏။ ကျွန်ုပ် ဘာမဆို လိုချင်လျှင် မိုးပေါ်က ကြယ်ကိုပင် ဆွတ်ပေးနိုင်းက ဆွတ်ပေးမည်ဟု ဝန်ခံကြ၏။

ကျွန်ုပ်။ ။ 'နေဦး၊ နေဦး။ မင်းတို့ကို လွှတ်တယ်လို့လည်း မဟုတ်သေးဘူး။ ငါ ကြည့်စီမံမယ်။ ဒါပေမဲ့ မင်းတို့ကို ကြေးမုံရွာကို တော့ ပြန်မလွှတ်ဘူး။ ဒီမှာပဲ ဟောဟိုက ရဲကြပ်ကြီးအိမ်မှာနေ။ သိ လား'

ဘိုးဟာန်နှင့် စိန်ဖေ။ ။ 'သခင်ထားရာမှာ နေပါမယ် ဘုရား။ နေပါ့မယ်'

သူတို့အား ဌာနာခေါ်သော ဆီဆုံတဲ ပတ်ဝန်းကျင်၌ မြက်နုတ် ခိုင်းခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်းများကို ခိုင်း၍ထားရသည်။ ထို အချိန်တွင် မည်သူက မည်သို့ ပြောမည်ကိုလည်း အကဲခတ်နေရ၏။

ဤကဲ့သို့ပင် ရက်အတော် ညောင်းသွားလျှင် နောက် ၂ ယောက် ကို ကျွန်ုပ် ခေါ်ပြန်သည်။ ထို ၂ ယောက်ကိုလည်း အထက်ပါ နည်း အတိုင်း ကျွန်ုပ်၏ ဌာနာ၌ အကျယ်ချုပ်သဘောဖြင့် ထား၏။

ဤနည်းနှင့် လူပေါင်း (၈) ယောက်အထိ ထုတ်ပြီးသောအခါ





ကျွန်ုပ်အား မုံရွာမှ ဘုတလင် ဌာနာသို့ ပြောင်းရွှေ့စေသဖြင့် နောက်ထပ် ကျန်ရှိနေသေးသော လူဆိုးများကို မထုတ်ယူနိုင်တော့ပေ။

ဘုတလင်တွင်လည်း ဤနည်းဖြင့် ချုပ်ထားသူ ၂ ဦးကို တွေ့ရ သေး၏။ ထိုသူများအား အချုပ်တွင် မထားဘဲ ဌာနာဝင်း အတွင်း၌ပင် နေစေရာ ဂျပန်ဆုတ်ပြေး၍ ကျွန်ုပ်တို့ ဌာနာ ပျက်သော အချိန်အထိ ပင် ကျွန်ုပ်အား ရိုသေကျိုးနွံစွာ ကျွန်ုပ်၏ အစေအပါးကို ခံနေကြ၏။

ကျွန်ုပ်၏ အကြောင်းကို ဆက်ဦးအံ့။ နေ့စဉ်နေ့တိုင်းပင် ကျွန်ုပ် သည် ဘိုးဟာန်၊ စိန်ဖေ၊ ထင်ကြီး၊ သန်းဆွေ၊ တင်ဦးတို့နှင့် တွေ့ကြ လျှင် ရှေးက ဖြစ်ခဲ့ဖူးသော အမှုအကြောင်းများကို ပြောဆိုကြရ၏။ မှန်သည်၊ မှားသည် ဝေဖန်ကြ၏။

ကျွန်ုပ်သည် ဟိုစဉ်က ဘိုးဟာန်တို့ ကျူးလွန်ခဲ့သော အမှု၌ စားပြတိုက်သလော၊ အိမ်ဖောက်ထွင်းမှုပင် အကယ် ကျူးလွန်သလော ဟူသော ပြဿနာကို ရှင်းလိုလှ၏။ သို့နှင့် –

'ဟေ့ ဘိုးဟာန်၊ ပြီးတာလည်း ပြီးပါပြီ။ မင်းလည်း ငါ ဘယ် လောက် ကယ်ခဲ့သလဲ၊ မင်း အသိသားပဲ။ ဒီတော့ မင်းဟာ တစ်သက် လုံး လူတိုင်းကို လိမ်ခဲ့ပေမဲ့ ငါ့ကိုတော့ ဒီတစ်ခါ မင်း မလိမ်ပါနဲ့ကွာ။ ငါ တစ်ခု မေးစမ်းပါရစေ'

ဘိုးဟာန်။ ။ 'မေးပါ ဆရာ၊ မလိမ်ပါဘူး။ မှန်တာဆို မှန်တာ ချည်း ပြောပါ့မယ်။ ဆရာ့ကို ကန်တော့ချင်တာမတော့ မပြောပါနဲ့တော့ ဆရာ။ သမီးများ ရှိရင် ဆရာ့ကို သမီးနဲ့ ကန်တော့ပါရဲ့'

ကျွန်ုပ်။ ။ 'အင်း တယ်ဆိုတဲ့ စာပဲကွာ'

ဘိုးဟာန်။ ။ 'ဟုတ်ပါတယ် သခင်၊ အဟုတ်ပြောတာပါ'

ဘိုးဟာန်က ဤသို့ ပြောလိုက်သောအခါ သန်းဆွေ မျက်နှာပျက် သွား၏။ သန်းဆွေသည် သမီးချောချော တစ်ယောက် ရှိသူဖြစ်၍ မျက်နှာ ပူသွားဟန် တူ၏။

ကျွန်ုပ်။ ။ 'ကဲ၊ ကဲ ငါမေးမယ်။ ဒီအထဲမှာ ဟိုတုန်းက ဓားပြတိုက်မှုထဲမှာ ပါတဲ့လူတွေလည်း ပါတယ်။ လွတ်ခဲ့တဲ့ လူတွေလည်း ပါတယ်။ အဲဟို ဇလုပ်ရွာ ဓားပြတိုက်မှုတုန်းက ဘိုးဟန်ကို အိမ်ရှင်အဘိုးကြီးက သူကိုယ်တိုင် မြင်လိုက်ပါတယ်လို့ စွဲတယ်။ ဘိုးဟန်က သူမဟုတ်ရပါဘူး၊ အဲဒီညက ကျောက်ကာရွာမှာ သူအိမ်ဖောက်ထွင်းမှု ကျူးလွန်ပါတယ်ဆိုပြီး သက်သေခံပစ္စည်းတောင် ထုတ်ပေးလိုက်သေးတယ်။ တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေးတယ်။ ဒါနဲ့ ၂ ရာဘက်က ဘိုးဟန်ကို အိမ်ဖောက်ထွင်းမှုနဲ့ အပြစ်ပေးလိုက်တယ်။ အဲဒါ ငါ့ကို မှန်မှန် ပြောစမ်း၊ ဘယ်ဟာ မှန်သလဲလို့'

ဘိုးဟန်။ ။ 'ဟား ဟား ဟား၊ ကျွန်တော်မျိုး မှန်တာကို ပြောပါ့မယ်။ ကျွန်တော်မျိုးဟာ ပုလိပ်ကို ညာရမယ်ဆိုရင် ရင်တုန်မိတယ်။ ညာလို့ ရလိမ့်မယ်လို့လည်း ဘယ်တော့မှ မထင်မိဘူး။ ဒါကြောင့် အေးအေးပဲ မတတ်နိုင်ဘူးလေ၊ ဖြစ်ချင်ရာ ဖြစ်တော့လို့ပဲ အချုပ်ခန်းထဲ ဝင်ခဲ့တယ်။

'အချုပ်ခန်းထဲရောက်တော့ ပုလိပ်က မသင်္ကာလို့ ဖမ်းထားတဲ့ ရွှေရနဲ့ သွားတွေ့တယ်။ ရွှေရ ဆိုတဲ့ အကောင်ကလည်း နှယ်နှယ်ရရ အကောင် မဟုတ်ဘူး။ သူခိုးကောင်း တစ်ယောက်ပဲ'

ရွှေရက 'ကိုဘိုးဟန် ဘာဖြစ်လာလဲဗျို့' လို့ ဆီးမေးတော့ 'ဘာဖြစ်ရမလဲကွာ၊ ဓားပြတိုက်မှုပေါ့' လို့ ကျွန်တော်မျိုးက ဖြေလိုက်တယ်။

ရွှေရက 'ခင်ဗျား ဒီတစ်ခါ ထောင်ကျရင်တော့ နည်းမှာ မဟုတ်ဘူးဗျို့' လို့ ဆက်ပြန်တော့ 'မနည်းဘူး မောင်၊ ၁၀ နှစ်တော့ ခံရောပဲ။ မိန်းမကလည်း ရတာ မကြာသေးတော့ ဒီတစ်ခါ ငါ့မှာ တော်တော်ထိခိုက်တယ်ကွာ။ တတ်နိုင်ရင် ကူစမ်းပါဦး' လို့ သူ့ဆီ အကူအညီ တောင်းလိုက်မိတယ်။





'ဖြစ်နိုင်မလားတော့ မသိဘူးလေ' လို့ ရွှေရက ပြောပြီး မေးခွန်းထုတ်တော့တာပဲ။

ရွှေရ။ ။ 'ဘယ်နေ့က ဓားပြတိုက်တာလဲ'

ဘိုးဟန်။ ။ 'မနေ့ညကပေါ့ကွာ၊ တရားလိုကလည်း ငါနဲ့ သိတယ် ကွ၊ အကောင်ကြီး၊ မနိုပ်လွန်းလို့ သွားတိုက်ကြတာ'

ရွှေရ။ ။ 'ဘာမနိုပ်တာလဲဗျ'

ဘိုးဟန်။ ။ 'တို့ ရသမျှ ရွှေ၊ အထည်အလိပ် ဆိုရင် သူ့ကိုပဲ ဖျောက်ဖျက်ခိုင်းရတယ်ကွာ။ မင်းလည်း အသိသားပဲ။ ငါးရာလောက်တန်မှာ ၁၀၀ လောက်ရ၊ ၅၀ လောက် ရနဲ့ ဒီလိုနဲ့ ကျေနပ်နေရတာ ကြာပကောကွ။ ဒါနဲ့ ငါက မိန်းမ တင်တောင်းချင်လို့ ရွှေလက်ကောက်ကလေး တစ်ရန် အဖိုးထားပြီး ပေးပါဆိုတာ မပေးဘူးကွ။ ဒါကို "ချဉ်" တာနဲ့ တိုက်တာပါပဲကွာ'

ရွှေရ။ ။ 'ကျွန်တော့်ကိုလည်း နွားခိုးမှု တစ်မှုနဲ့ မသင်္ကာလို့ ဖမ်းထားတာပဲ။ နွားတော့ မခိုးရပါဘူးဗျာ။ ဟိုနေ့ညက (ခင်ဗျားတို့ ဓားပြတိုက်တဲ့ညက) ပေါ့၊ ကျောက်ကာမှာ ကျွန်တော် အိမ်ဖောက်ထွင်းပြီး ပစ္စည်းတွေ ခိုးခဲ့တယ်။ ဒါလည်း တစ်ယောက်ဟည်းတော့ မဟုတ်ဘူးပေါ့ဗျာ။ ဘိုတောနဲ့ ကောင်လေး တစ်ယောက်လည်း ပါသေးတယ်။ ပစ္စည်းတွေကတော့ မခွဲရသေးဘူး။ အားလုံးစုပြီး ဝှက်ထားခဲ့ရတယ်။ ဒီတော့ ခင်ဗျားက အဲဒီ ခိုးမှုကိုဖော်ရင် မဖြစ်ပေဘူးလား'

ဘိုးဟန်။ ။ 'ဟော နိပ်ဟ။ နေဦး၊ နေဦး၊ စဉ်းစားကြည့်ဦးမယ်'

ရွှေရ ဆိုသူမှာ အခုမှပင် ငါ့လူ သူ့ဘက်သား ဖြစ်နေသည်ကို သိရသည်။ ရွှေရအား အချုပ်ခန်းတွင် ဘိုးဟန်နှင့် အတူနေရမည်ဖြစ်၍ အချုပ်ခန်း အတွင်းတွင် ဘိုးဟန်အား တီးခေါက်ကြည့်ရန် ကျွန်ုပ် စေခိုင်းထားသူ ဖြစ်နေသည်ကို ကျွန်ုပ် တွေ့ရသည်။

ကျွန်ုပ်မှာ ထိုစဉ်က ပုလိပ်သက်တမ်း နုသေးသူ တစ်ဦးဖြစ်၍ ရှေးပုလိပ်ကြီးများ ဤသို့ စုံထောက်ကြသည်ကို ကြားဖူးနားဝသာ ရှိ၏။ ကိုယ်တွေ့ မစမ်းသပ်ခဲ့ဖူးပါ။ ထိုအမှုတွင် ကျွန်ုပ် စမ်းသပ်ကြည့်ရာ ခင်မင်ရင်းနှီးမှု မရှိသူ လူဆိုး တစ်ယောက်သည် ပုလိပ်အား ဘယ်သော အခါမျှ ကူညီမည် မဟုတ် ဟူသော ဥပဒေသကို ထိုစဉ်က ကျွန်ုပ် ရလိုက်၏။

စာဖတ်သူ မိတ်ဆွေ၊ ဘိုးဟန်သည် ဓားပြမှု ကျူးလွန်သည်မှာ အမှန်ဖြစ်သည်။ သို့သော် လူဆိုးတို့၏ ဉာဏ်၊ လူဆိုးအချင်းချင်းသည် လူကောင်းအချင်းချင်းထက် သာသော ကူညီမှုတို့ဖြင့် ကျွန်ုပ်တို့အား လည်းကောင်း၊ တရားသူကြီးအား လည်းကောင်း ပိပိရိရိနှင့် ၁၀ နှစ်၊ ၁၂ နှစ် ထောင်ဒဏ်ကျခံရမည်ကို ၃ နှစ်မျှဖြင့် ကျေနပ်ကြစေရန် စွမ်းဆောင်နိုင်သူများ ဖြစ်၍ ပုလိပ် လုပ်ရသူများမှာ အလွန် မသေးငယ်လှသော လူတစ်စုကို စိုးမိုးအုပ်ချုပ်၊ လူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရခြင်း တာဝန်သည် အလွန်လျှင် ကြီးလေးလှပါတကား။

[ရှမဝ မဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၅၁]



# ကိုယ်တွေ့ စုံထောက်မှု

( လက်ပံတောင်ရွာ ဓားပြမှုကိုရာတွင် လူသေဆုံးမှု )

**ပုလိပ်အရာရှိတစ်ဦး**

"ရာဇဝတ်မှု တစ်ခုနှင့် စပ်လျဉ်း၍ ကျေးရွာသားတို့၏ စိတ်ထား၊ သဘောထားနှင့် ရဲအရာရှိတို့၏ လုပ်ငန်းဆိုင်ရာ အစက်အခဲတို့ကို ထင်ရှားစွာ ဖော်ပြနိုင်သော ဝတ္ထု ဖြစ်၏။ စာရေးသူသည် မိမိရေးသားသော အကြောင်းအရာကို သေချာစွာ သိနားလည်၍ မိမိ နားလည်သမျှကို ဖတ်လမ်းဖတ်ကွက် ဆင်ရာ၌ ကောင်းသည်။"

– ဒဂုန်ရွှေမျှား ၏ *မြန်မာနိုင်ငံ စာပေဆုများ (၁၉၇၂)*။ စာ ၅၅ ... မှ။

"...ဦးဘသော် (ပုလိပ်အရာရှိတစ်ဦး) ၏ လက်ရာမှာ ချောမွေ့သည်။ ရေးသားရာတွင် သွက်လက်ပြီး အချက်အလက်များကို ဒိုးဒိုးဒေါက်ဒေါက် ရေးချနိုင်သည်။ သူ့စာများကို ဖတ်ရသည်မှာ ဆရာသော်တာဆွေ၏ လက်ရာများကို ဖတ်ရသည်နှင့် ဆင်ဆင်တူသည်။"

– မောင်ဆုရှင် ၏ 'ဦးဘသော်၏ ရဲအမြင်၊ ရဲဘဝ၊ ရဲတာဝန်'၊ *ငွေတာရီ ( ဖေဖော်ဝါရီ ၁၉၉၉)*။ စာ ၄၅ ... မှ။